http://www.dhammadownload.com

၃၇၇

# ပဋ္ဌာန်း
# အခြေခံသင်တန်းကျမ်း

ဂဏဝါစက ဂန္ထကာရက
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
**သီတဂူဆရာတော်**
ရတနာသီခ ဘဒ္ဒန္တပဏ္ဍဝ မဟာထေရ်

ပဋ္ဌာန်း အခြေခံသင်တန်းကျမ်း

http://www.dhammadownload.com

# ပဋ္ဌာန်း

# အခြေခံသင်တန်းကျမ်း

ဂဏဝါစက ဂန္ထကာရက

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

**သီတဂူဆရာတော်**

ရတနာသိခ ဘဒ္ဒန္တပဏ္ဍဝ မဟာထေရ်

http://www.dhammadownload.com

# ပင်မ–ဖြန့်ချိရေးဌာနများ

ပညာရောင်ခြည်စာအုပ်ဆိုင်

ဦးမြတ်ဟန်-ဒေါ်ခင်ပု

အမှတ် ၂၆၊ ရွှေတိဂုံဘုရားဈေးတော်ရှဲ၊ ရန်ကုန်မြို့။

ပညာရောင်ခြည်စာပေဌာန

ဦးတင်အောင်-ဒေါ်ခင်နု

ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။

အောင်ဇမ္ဗူ–စာပေ

အမှတ် (၃) တောင်မုခ်၊ ဈေးတော်ရှဲ

ရွှေတိဂုံဘုရား-ဒဂုံစာတိုက်၊

ရန်ကုန်မြို့။

- ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားဈေး၊ ပိဋကတ်စာအုပ်ဆိုင်များ။
- မန္တလေးမြို့၊ ဈေးချိုတော် (စီ)ရှဲ၊ ပိဋကတ်စာအုပ်ဆိုင်များတွင်လည်း လက်လီလက်ကား ရရှိနိုင်ပါသည်။

http://www.dhammadownload.com

ရွှေဘိုမြို့

သီဟဂူကျောင်းတိုက်ကြီး၏ ပဓာန နာယက

ဂဏဝါစက၊ ဂန္ထကာရက

(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)

ဘွဲ့ရ

ရတနာသိခ ဘဒ္ဒန္တပဏ္ဍဝမဟာထေရ်

(သီဟဂူ ဆရာတော်)

၏

# ပဋ္ဌာန်း

# အရှေ့ဝေခံသင်ခန်းစာများ

(တတိယကျမ်းစာ)

မြန့် ချီရေး

ပညာလောကစာအုပ်ဆိုင်
အမှတ်-၃၄၊ ရွှေတိဂုံဘုရားဈေး၊
တောင်ဘက်မုခ်၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၃၊ ကောဇာ-၁၃၆၁၊ ခရစ်-၁၉၉၉။

A

http://www.dhammadownload.com

ပုံနှိပ် ခြင်း မှတ် တမ်း

ဘာသာရေး စာမူခွင့်ပြုချက် အမှတ်(၄၁၂/၉၉) (၇)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၄၀၈/၉၉) (၈)

ထုတ်ဝေသည့်လ...၁၃၆၁-ခု၊ သီတင်းကျွတ်လ
၁၉၉၉-ခု၊ အောက်တိုဘာလ

အကြိမ်...(ပထမအကြိမ်)

အုပ်ရေ...၁၀၀၀


စျေးနှုန်း...တစ်အုပ် (      )

အဖုံးကွန်ပျူတာဒီဇိုင်း...ကိုနေအောင်၊ ၃၂-လမ်း။

ထုတ်ဝေသူ .... ဦးတင်အောင်(မြ-၇၀၂၆)
တင်အောင်စာပေ
၂၁၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် .... ဒေါ်ခင်ကြွေ(မြ-၀၄၇၈၀)
အတွင်းစာသား ရတနာ့မဥ္ဇူပုံနှိပ်တိုက်
အမှတ် ၂၀၇၊ ဝေဇယန္တာလမ်း၊
၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com



ပဌာန်းအခြေခံသင်တန်းကျမ်းပြု
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဘွဲ့ရ
သိတဂူဆရာတော်
ရတနာသိခ ဘဒ္ဒန္တပဏ္ဍာဝမဟာထေရ်

http://www.dhammadownload.com

http://www.dhammadownload.com

# ကျေးဇူးတင်လွှာ

ဤ ပဋ္ဌာန်းအခြေခံ သင်တန်းကျမ်းကို ပြုစုရာ၌ လက်ရေးမူမှ လက်နှိပ်စက်မူ အဖြစ်သို့ ရောက်အောင် အကူအညီပေးကြသော ဒဂုံပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက နိုင်ငံတော် ဗဟိုဝန်ဆောင် ဆရာတော် ဦးဂုဏာနန္ဒနှင့် တပည့် ကိုမြူး၊ မောင်ကျော်မင်းဦး တို့အား လည်းကောင်း၊ လက်နှိပ်စက်ရိုက်ပြီး စာမူကို လက်ရေး ကော်ပီမူနှင့် ကြည့်ရှု တိုက်ဆိုင် ပြင်ဆင် ပေးကြသော တောင်ဥက္ကလာပ ၆-ဝိုင်း၊ ဝိဇ္ဇာမရ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးဇောတိကနှင့် တပည့် ဦးပဋ္ဌင်း များအား လည်းကောင်း၊ ကျမ်းစာ နိဒါန်းရေးသားပေးသော စာရေးဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်အား လည်းကောင်း၊ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် ဆောင်ရွက်ပေးကြသော ဒေါ်ရောင်ခြည်စာပေဌာန မိသားစု တို့အား လည်းကောင်း အထူးအားဖြင့် ဝမ်းသာကြည်နူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# ဓမ္မာစရိယ-ဦးဌေးလှိုင်

## မိတ်ဆက်-အမှာစာ-နိဒါန်း

ဆရာကြီးဟော် နှင့် ပဋ္ဌာန်း—ပေါင်းကူးပေးသောကျမ်း

ရတနာသိခ အရှင်ပဏ္ဍိတ ဟူသော အမည်ဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၄၀-ကျော်က မန္တလေးမြို့၊ မစိုးရိမ် ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီး၌ အတူတကွ စာပေဆည်းပူး၊ စာပေပို့ချခဲ့ဖူးသော (ယခု)သီတဂူ ဆရာတော်ကြီးနှင့် ထပ်မံ၍ စာရော လူပါ ဆုံစည်းခွင့် ရပြန်ပါ၏။

မသေသေး၍ ပြန်လည်ဆုံတွေ့ကြရသဖြင့် ဝမ်းမြောက်ရသည် သာ်မက သီတဂူ ဆရာတော်ကြီးသန္တာန်၌ ပဋ္ဌာန်း အဘိဓမ္မာသံတွေ ယခုတိုင် ဆူညံနေတုန်း ရှိသည်ကို တွေ့ရပါသဖြင့် အလွန်အမင်း ဝမ်းမြောက်၍ မဆုံးနိုင်တော့ပါ။

သီတဂူ ဆရာတော်ကြီးကား ငယ်စဉ်ကပင် စိတ်မြန်ကိုယ်မြန် လုံ့လဥဿာဟ်နှင့် ပြည့်စုံသူဖြစ်၏။ ဘာကိစ္စမှ နောက်က လိုက်ချင်သူ မဟုတ်၊ မတတ်သာ၍သာ နောက်ကလိုက်ရစေဦး ခေါင်းငုံ့၍ မလိုက်၊ ရှေ့က ခေါင်းဆောင်၏ ရှေ့သို့ လှမ်းမျှော်ပြီး ကြည့်မိအောင် ကြည့်ရမှ ကျေနပ်သူဖြစ်သည်။

ငယ်ရွယ်စဉ်က မစိုးရိမ်တိုက်၌ စာအတူတူ သင်ခဲ့ကြသည်။ စာမေးပွဲ အတူတူ ဖြေဆိုခဲ့ကြသည်။ တိုက်တာကို ကျေးဇူးဆပ်သော အနေအားဖြင့် စာအတူတူ ပို့ချခဲ့ကြသည်။ ဆရာတော်ကြီးကား ယခု တိုင် ပို့ချဆဲ။

စာရေးသူမှာ မစိုးရိမ်ကျောင်းတိုက်ကြီးတွင် ပဋ္ဌာန်းညဝါကို အကြိမ်ကြိမ်ပို့ချခဲ့၏။ ဆင္ဂသင်္ဂါယနာတွင် မစိုးရိမ်တိုက် အဘိဓေ ဆရာတော်ကြီးရှေ့မှောက်၌ အခြားစာချဆရာတော် နှစ်ပါးနှင့်အတူ မဋ္ဌိဝီသောဓကေ အဖွဲ့တစ်ခု ဖွဲ့ကာ မာတိကာ, ယမိုက်, ပဋ္ဌာန်း အဘိဓမ္မာ ညဝါ ကျမ်းအားလုံးကို အစအဆုံး ပြင်ဆင် တည်းဖြတ်၍

http://www.dhammadownload.com



မှတ်သားဖွယ် နိဒါန်းရှည်များ ရေးသားကာ အဘိဓမ္မာသာသနာကို ပူဇော်ခဲ့ရ၏။

သီတဂူ ဆရာတော် ကြွလာပြီး အမှာစာ နိဒါန်း အရေးခိုင်းကာမှ ရှေးက ကုသိုလ်ဟောင်းများကိုလည်း ပြန်ပြောင်း သတိရ၊ အဘိဓမ္မာနှင့်စပ်သော ကုသိုလ်အသစ်များလည်း တိုးပွားရ၍ သီတဂူ ဆရာတော်ကြီး ကြွလာခြင်းသည် စာရေးသူအဖို့ "သွာဂတံ တေ မဟာထေရ" ကောင်းသော ကြွလာခြင်းပင် ဖြစ်သွားပါသည်။

မစိုးရိမ်တိုက်ကြီး၌ အဘိဓဇ ဆရာတော်ကြီးကလည်း ပဋ္ဌာန်းစာဝါ ပို့ချသည်။ပါဠိ နယူပဒေသကျောင်း ပဋ္ဌာန်းဆရာတော်(ခေါ်) ဆရာတော် ဦးစိသုဒ္ဓ(နောင်အခါ-အဘိဓဇ)ကလည်း ပဋ္ဌာန်းချသည်။ ရတနာသိခ အရှင် ပဏ္ဍဝ၊ မောင်းထောင် အရှင် ကောလိနိယ (စာရေးသူ)တို့ကလည်း ပဋ္ဌာန်းချကြသည်။

ဆရာတော်ကြီး ပဋ္ဌာန်းချသည်မှာ အစမှ အဆုံး ပလ္လင်ပေါက် ကျမ်းပေါက် ပေယျာလတွေပါ ဖော်ပြီးချ၏။ ပဋ္ဌာန်းကို တကယ် တတ်မြောက်လိုသူ, အချိန်ပေးနိုင်သူများသာ လိုက်ကြသည်။ စာမေးပွဲ ဝင်လိုသူများက ရတနာသိခ အရှင် ပဏ္ဍဝနှင့် မောင်းထောင် ယတိကောလိနိယတို့ထံ လိုက်နာကြ၏။

ဆရာတော်ကြီးကား တစ်ခါတစ်ရံ စာလိုက်မည့်သူ မရှိလျှင် နီးစပ်ရာ ဦးပဉ္ဇင်းများ၊ စာချဘုန်းကြီးများ ကိုပင် စာလိုက်ခိုင်းပြီး စာချသည်။ စာမချရ မနေနိုင်အောင် အဘိဓမ္မာ စာစိတ်ပြင်းထန်တော်မူ၏။ နောက်ကွယ်တွင် "တပည့်တော် ညီ မအားဘူး၊ ဆရာတော်ကြီးက ပဋ္ဌာန်းချောဆွဲထားလို့" ဟု ပြောစမှတ်တွင်နေသည်။

တစ်နေ့တွင် ဆရာတော်ကြီးက ရတနာသိခ အရှင်ပဏ္ဍဝအား ဦးပဉ္ဇင်း "ဘာစာဝါတွေ ချနေလဲ" မေးရာ "တပည့်တော် ပဋ္ဌာန်းချနေပါတယ် ဘုရား" ဟု လျှောက်သဖြင့် "ဘယ်လိုချသလဲ" မေးရာ "တပည့်တော် သင်္ဂြိုဟ်ကို ၂-ချက်စုဖြစ်အောင်လုပ်ပြီး ၂-ချက်စုကို ပဋ္ဌာန်း အရကောက် ဖြစ်အောင် အဓိပ္ပာယ် ပြောပြီး ချပါတယ် ဘုရား" ဟု လျှောက်သည်။

"သင်္ဂြိုဟ်ကိုသာ ကျေညက်အောင် ရလျှင် ပဋ္ဌာန်းအတွက် ဘာမျှ အခက်အခဲ မရှိစေရ" ဟူသော သူ၏ ယုံကြည်ချက်ပင် ဖြစ်သည်။

http://www.dhammadownload.com



သဂြိုဟ်နှင့် ပဋ္ဌာန်း တိုက်ရိုက် ပေါင်းကူးပေးသော နည်းတူပင် ဆိုရမည့် ထင်သည်။

ထို့ကြောင့်....

ပဋ္ဌာန်းအခြေခံသင်တန်း ဤကျမ်းသည် ပဋ္ဌာန်းစာသင် စာချတိုင်းအတွက် မည်မျှ လွယ်ကူသော ပေါင်းကူး တံတား ဖြစ်သည်ကို ကိုယ်တိုင် ခံစားရမည် ဖြစ်သည်ကို ကိုယ်ပိုင် ခံစားရမည် ဖြစ်ကြောင်း ယုံကြည်ပါသည်။

အဘိဓမ္မာ သာသနာ အဓွန့်ရှည်စွာ ထွန်းပါစေ။ ။

ဓမ္မာစရိယ-ဦးဌေးလှိုင်

၁၆-၂-၁၉၉၉

http://www.dhammadownload.com

http://www.dhammadownload.com

# ကျမ်းပြုဆရာ၏ ဆန္ဒမှန်

ဤ ပဋ္ဌာန်းအခြေခံ သင်တန်းကျမ်းသည် စင်စစ်အားဖြင့် ပဋ္ဌာန်း၏အခြေခံဟူ၍ မသတ်မှတ်လိုပါချေ။ ပဋ္ဌာန်းကျမ်းကိုမသင်ယူမီ ပဋ္ဌာန်းကျမ်း၌ သိနှင့်ထားရမည့် အချက်အလက်တို့ကို လိုအပ်သည့် အားလျော်စွာ သိရှိနားလည် သဘောပေါက်ထားစေရန် အဓိက ထား၍ ရေးသားပြုစုထားသော အရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းလာ ပစ္စယနိဒ္ဒေသအပိုင်းတကွကို အရှင်အနုရုဒ္ဓါကျမ်းဆရာ၏ ရည်ညွှန်းချက်အတိုင်း သင်ယူမှီချနိုင်စေရန်အလို့ငှာ ရေးသားပြုစု ထားပါသောကြောင့် ပဋ္ဌာန်းအခြေခံ၏ အခြေပြုဟူ၍သာ သတ်မှတ် လိုပေသည်။

ပဋ္ဌာန်းဆိုသည်...

ပဋ္ဌာန၊ ဋ္ဌ၊ ၃၄၂-၌

ကေနဋ္ဌေန ပဋ္ဌာနန္တိ နာနပ္ပကာရပစ္စယဋ္ဌေန။ ပ- ကာရော ဟိ နာနပ္ပကာရတ္ထံ ဒီပေတိ၊ ဌာနသဒ္ဒေါ ပစ္စယတ္ထံ။ ဌာနာဋ္ဌာနကုသလတာတိ အာဒီသု ဟိ ပစ္စယော ဌာနန္တိ ဝုစ္စတိ။ ဣတိ နာနပ္ပကာရာနံ ပစ္စယာနံ ဝသေန ဒေသိတတ္တာ ဣမေသံ စတုဝီသတိယာ ပဋ္ဌာနေသု ဧကေကံ ပဋ္ဌာနံ နာမ၊ ဣမေသံ ပန ပဋ္ဌာနာနံ သမူဟဘူတော သဗ္ဗမေတံ ပကရဏံ ပဋ္ဌာနန္တိ ဝေဒိတဗ္ဗံ။

ဟူ ဖွင့်ဆိုအပ်သည်နှင့်အညီ...

ပ+ဌာ...

ပ = လောဘ အစရှိသော ဟိတ်တရားသည် တစ်ခုတည်းပင် ဖြစ်လင့်ကစား ဟေတု, အာရမ္မဏ စသော။

ဌာန= အကြောင်းတရားဖြစ်ခြင်း။

ပ = ဟေတု, အညမည စသော ပစ္စည်းသည်ပင် လောဘ, ဒေါသ စသော များလှစွာသော သဘောရှိခြင်းတို့ကို အစွဲပြု၍ အထူးထူးအပြားပြားသော။

http://www.dhammadownload.com

## (ည) ကျမ်းပြုဆရာ၏ ဆန္ဒမွန်

ဌာန= အကြောင်းဖြစ်သောကြောင့် ပဋ္ဌာန်း မည်၏ ဟူ၍လည်းကောင်း။

အပရော နယော ကေနဋ္ဌေန ပဋ္ဌာနန္တိ ဝိဘာဇနဋ္ဌေန၊ ကုသလာဒီနံ ဓမ္မာနံ ဟေတုပစ္စယာဒိဝသေန ဝိဘတ္တတ္တာ။

ဟူသော အဋ္ဌကထာနှင့်အညီ ကုသိုလ် စသော တရားတို့ကို ဟေတုပစ္စည်း စသည်တို့၏အစွမ်းအားဖြင့် ဝေဖန်ရာဖြစ်သော အနက်သသောကြောင့် ပဋ္ဌာန်းမည်၏ဟူ၍လည်းကောင်း။

အပရော နယော ကေနဋ္ဌေန် ပဋ္ဌာနန္တိ ပဋ္ဌိတာဋ္ဌေန- ဂမနဋ္ဌေနာတိ အတ္ထော။

သဗ္ဗညုတညာဏဿ ဟေတုပစ္စယာဒိ ဘေဒဘိန္နေသု ကုသလာဒီသု ဝိတ္ထာရိတနယလာဘတော နိဿင်္ဂဝသေန ပဝတ္တဂမနတ္တာ။

ဟူသော အဋ္ဌကထာပါဠ်နှင့်အညီ သဗ္ဗညုတဉာဏ်၏ ဟေတုပစ္စည်း အစရှိသောအပြားတို့ဖြင့် ပြားကုန်သော ကုသိုလ် အစရှိသည်တို့၌ နည်းအမျိုးမျိုးတို့ဖြင့် ချဲ့ခြင်းကိုရသောကြောင့် ကပ်ငြိခြင်းကင်းသည်၏အစွမ်းဖြင့် ကျင်လည်ကျက်စား သွားလာရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏ဟူ၍လည်းကောင်း ဖွင့်ပြတော်မူပေသည်။

ထိုမှတစ်ပါး....

အတိဂမ္ဘီရနယမဏ္ဍိတာ ဒေသနံ ပဋ္ဌာနံ ဝဒေသသိ။

ဟူသော မူလဋီကာ ၁၆၆-နှင့်အညီ အလွန်နက်နဲသောနည်းတို့ဖြင့် တန်ဆာဆင်၍ဟောအပ်သောကြောင့်လည်း ပဋ္ဌာန်းဟု ခေါ်ဆိုရပေသည်။

ဤ၌ နက်နဲ၏ဆိုသည်....

ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပာဒေါ ဂမ္ဘီရာဝဘာသော။

ဟူသော သုတ်မဟာဝါ ပါဠိ(၄၇)အရ နက်နဲသည်ဆိုသည် ပဋိစ္စသမုပ္ပါဒ်၏ နက်နဲသည်ကို ဆိုသည်ဟု ဟောတော်မူသော်လည်း

http://www.dhammadownload.com



ပဋ္ဌာန်းကျမ်းသည် ထိုမဇ္ဈိမစွသမုပ္ပါဒ် နက်နဲသည်ထက် သာလွန်နက်နဲကြောင်းကို....

အနုဋီကာ၊ ၂၂၄-၌

တညာ စာယံ အနန္တနယပဋ္ဌာန ဒေသနာ အတိဂမ္ဘီရာဝ။

ဟု ဖွင့်ပြတော်မူသည်။

ထို့ကြောင့် ဤပဋ္ဌာန်းကျမ်းသည်...

ဇလသာဂရ သံသာရသာဂရ နယသာဂရ ဉာဏသာဂရ ဟု ဆိုအပ်သော များပြားစွာလှ အကျယ်ဆုံးဌာန လေးပါးရှိရာ တစ်ပါးသော သာဂရတို့နှင့် မဆက်ဆံ၊ တစ်ပါးသော သာဂရတို့၏ အရာမဟုတ်၊ ဗုဒ္ဓမြတ်စွာ၏အရာဌာန၊ သဗ္ဗညုတဉာဏ်တော်သာဂရ၏ ကျက်စားရာဖြစ်၍ သိန်းသန်းကုဋေ မရေမတွက်နိုင်သော နည်းနယာတို့ဖြင့် အစိတ်စိတ်အမြွာမြွာ ခွဲခြမ်းဝေဖန်၍ ဟောကြားထားတော်မူသော နယသာဂရကြီး ဖြစ်ပေသည်။

ထို့ကြောင့်လည်း ပရိယတ္တိဂဝေသီတို့လောကတွင် အခက်ဆုံးဖြစ်သောကျမ်း၊ အနက်နဲဆုံးဖြစ်သောကျမ်း ဖြစ်ရကား (ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ) ဟူ၍ပင် ရှေးရှေးကာလက စမြွာရိုးပြောစဉ် ရှိခဲ့ကြပေသည်။

ဤသို့ ခက်ခဲနက်နဲလှသောကြောင့်လည်း ပဋ္ဌာန်းကျမ်းကို ချပို့သင်ယူ ကျမ်းကျင်သူတို့ တစ်စထက်တစ်စ နည်းပါးလာပြီဟု ဆိုလျှင် လွန်အံ့ဟု မထင်မိပေ။

## သာသနာအတွက် စိုးရိမ်ချက်

သာသနာ ငါးထောင် ထားခဲ့သည်ဆိုသော စကားအရ ဆိုရပါမူ ယခုအခါ သာသနာတော်နှစ် ၂၅၄၀-ကျော်သို့ ရောက်ရှိနေပြီဖြစ်၍ သာသနာ ကွယ်ပမည့်နှစ်သို့ နီးကပ် နီးကပ်လာသော အချိန်သို့ ရောက်ရှိနေပေသည်။

http://www.dhammadownload.com

## (၅) ကျမ်းပြုဆရာ၏ ဆန္ဒမွန်

သာသနာကွယ်သည်ဆိုရာ၌လည်း တစ်ပြိုင်နက် ရုတ်တရက် ကွယ်သည်မဟုတ်၊ တဖြည်းဖြည်း တစ်စစီ တစ်စစီ ကွယ်မည်သာ ဖြစ်ပေသည်။

ထိုသို့ကွယ်ရာ၌လည်း ပရိယတ္တိမေဝ သာသနဿ ပရိမာဏံ ဟူသော စကားအတိုင်း ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာ သုံးရပ်တို့တွင် မူလဘူတဖြစ်သော ပရိယတ္တိသာသနာသာ ပထမ ရှေးဦးစွာ ကွယ်မည် ဖြစ်ပေသည်။ ထိုပရိယတ္တိသာသနာ ကွယ်ရာ၌လည်း ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋက သုံးရပ်တို့တွင် အဘိဓမ္မာပိဋက က စ၍ ကွယ်ပေမည်။

ထို အဘိဓမ္မာပိဋက၌လည်း ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း ဟူ၍ (၇)ကျမ်းရှိရာ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းက စ၍ ကွယ်ပေမည်။

သို့အတွက်ကြောင့် သာသနာမှာ အစဆုံးကွယ်မည့် ပဋ္ဌာန်းကျမ်းကြီး မကွယ်မပျောက်စိမ့်သောငှာ စိုးရိမ်မိပါသဖြင့် သာမဏေအရွယ် ကလေးသူငယ်ပင်ဖြစ်သော်လည်း ပဋ္ဌာန်းကျမ်း၏ အခြေခံကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သည်၏အဖြစ်သို့ ရောက်နိုင်စေရန် ပဋ္ဌာန်းအခြေခံသင်တန်း ဤမည်သောကျမ်းကို ကြိုးစားမယုတ် လုံ့လထုတ်၍ ရေးသားပြုစုပါသတည်း။

သို့ပြုစုရေးသားရာ၌ သင်ရိုးသင်စဉ် ပို့ချရိုးပို့ချစဉ်ဖြစ်သော ပဋ္ဌာန်း၏အခြေခံ သင်္ဂဟကျမ်း၏ အဓိပ္ပါယတ္ထ, သဒ္ဒတ္ထ သဘာဝတ္ထတို့ကို ပဋ္ဌာန်းနှင့် ကောင်းစွာ ဆက်စပ်တတ်အောင် ပေါနထား၍ ရေးသားမည်ဖြစ်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်းအခြေခံသင်တန်းကျမ်း၌....

၁။ သင်္ဂဟကျမ်းလာ ပစ္စယကဏ္ဍ၊
၂။ ပဋ္ဌာန်းကျမ်းလာ သဘာဂနှံလောမကဏ္ဍ၊
၃။ ပစ္စယသာဓိပ္ပါယကဏ္ဍ၊
၄။ ဆဝါရ နယပဒေသကဏ္ဍ၊

ဟူ၍ ၄-ကဏ္ဍ ခွဲခြားထားပါသည်။

http://www.dhammadownload.com



ထိုတွင်....

၁။ ပစ္စယကဏ္ဍဆိုသည်-

သင်္ဂဟာကျမ်းလာ ဝါကျတို့ကို သက်ဆိုင်ရာ ပဌာန်းပစ္စည်းနှင့် တစ်သားတည်းကျအောင် ခွဲခြမ်းစိတ်ဖြာ၍ ပစ္စည်း၊ ပစ္စယုပ္ပန် ၂၄-ချက်စု ပစ္စည်းအမျိုးတို့ကို သိသာပေါ်လွင်အောင်ပြထားသော အပိုင်းကဏ္ဍ ဖြစ်ပါသည်။

၂။ သဠ်ာနုလောမကဏ္ဍဆိုသည်-

ထိုသို့ သိသာပေါ်လွင်ထင်ရှားလာသော ပစ္စည်း ပစ္စယုပ္ပန် သရုပ် ၂၄-ချက်စု ပစ္စည်းအမျိုးတို့ကို မူတည်၍ ပစ္စယနိဒ္ဒေသ အရ ကောက်နည်း, ပစ္စယသတ္တိထုတ်နည်း, သဘာဂပစ္စည်း ထုတ်နည်းတို့ကို လည်းကောင်း၊ ပဥှာဝါရကိုမျှော်၍ ပဒ ပဒါဝသာန ဃဋနာ ပစ္စည်း ပြိုင် ထုတ်နည်းတို့ကိုလည်းကောင်း ညွှန်ပြသော အပိုင်းကဏ္ဍ ဖြစ်ပါ သည်။

၃။ ပစ္စယသာဓိပ္ပါယကဏ္ဍ ဆိုသည်-

၂၄-ပါးသော ပစ္စည်းတို့၏ အဓိပ္ပါယတ္ထ, ဘာဝတ္ထ, ဝါဒန္တရ ရှိသမျှတို့ကို ညွှန်ပြထားသော အပိုင်းကဏ္ဍ ဖြစ်ပါသည်။

၄။ ဆဝါရ နယမဒေသ ကဏ္ဍ ဆိုသည်-

ပဋိစ္စ စသော ခြောက်ပါးသောဝါရတို့၏ သဘောသွားကို နည်းရရုံမျှ ညွှန်ပြထားသော အပိုင်းကဏ္ဍ ဖြစ်ပါသည်။

အထူးမှာထားထိုက် ထွန်းချက်။

အဘိဓမ္မတ္ထသင်္ဂဟာကျမ်းလာ ပါဠိဝါကျတို့၏အနက်ကို ကျေပွန် စွာ လေ့လာခြင်းကိုလည်းကောင်း၊ ယင်းမှ ပေါ်ထွက်လာသော ၂၄- ချက်စုကို ကျေပွန်ခြင်းကိုလည်းကောင်း ပြုလုပ်အားထုတ်ကြပါလျှင် ပဋ္ဌာန်းသဘော မနေခဲမှာပေါက် အသိဉာဏ်ရောက်နိုင်ပါကြောင်း ဝန်ခံကတိပြုလိုပါသည်။

http://www.dhammadownload.com

## (၂) ကျမ်းပြုဆရာ၏ ဆန္ဒမွန်

သို့ပါ၍ ပဋ္ဌာန်းအခြေခံသင်တန်း ဤသည့်ကျမ်းကို လေ့လာသူတိုင်း၊ ကြည့်ရှုသူတိုင်း၊ ချပို့သူတိုင်း ထိုက်သည့်အားလျော်စွာသော ပဋ္ဌာန်းအခြေခံ ရကြပါမှု ကျမ်းစာရေးသူ၏ မွန်မြတ်သော အလိုဆန္ဒ ပြည့်ဝဖြိုးဖြစ်၍ အမြဲတစေ ဝမ်းသာကြည်လျှမ်း ပီတိမန်းတို့ ပွင့်လန်းနေမည် ဖြစ်ပါကြောင်း ထပ်လောင်း၍ အသိပေးအပ်ပါသည်။

* ခက်ခဲစွာလှ၊ ပဋ္ဌာန်း၊ ဉာဏစက္ခုလင်းစေသော်။
* ပဋ္ဌာန်းသာသနာ၊ ခွန့်ရှည်စွာ၊ ခိုင်မာတည်တံ့ ပါစေသော်။
* ကျမ်းပြုအရှင်၊ ပုထုဇဉ်မို့၊ ကျမ်းတွင်ရေးမှား၊ မြင်တွေ့ကြားက၊ စိတ်ထားဖြူစင်၊ မေတ္တာယှဉ်လျက်၊ ပြင်ဆင်ကြည့်ရှုပါကုန်လော။

ရတနာသိဒ္ဓိ-အဘိနန္ဒဗုဒ္ဓေ

(အာသနဝေ သိရိဝေခ ဟမ္မာစရိယ)

မြို့နယ်သံဃနာယက

သီတဂူကျောင်းတိုက်

ရွှေဘိုမြို့။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမ | ၁ |
| ၂။ | ဗားကရာနိဿယလာ တတိယယောဇနာ | ၆ |
| ၃။ | သင်္ဂဟလာ ပစ္စယနိဒ္ဒေသ ၂၈ ဂါထာ | ၈ |
| ၄။ | နာမ်က နာမ်အား ကျေးဇူးပြုသော (၆) ပစ္စည်း | ၉ |
| ၅။ | နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော (၅) ပစ္စည်း | ၁၂ |
| ၆။ | ဝိပါကဒွန္ဒ ၂ ချက်စုနှင့် သင်္ဂဟဝါကျ ရှင်းတမ်း | ၁၇ |
| ၇။ | နာမ်က ရုပ်အား ကျေးဇူးပြုသော (၁) ပစ္စည်း | ၁၉ |
| ၈။ | ရုပ်က နာမ်အား ကျေးဇူးပြုသော (၁) ပစ္စည်း | ၂၀ |
| ၉။ | အာရမ္မဏ ပုရေဇာတဒွန္ဒ ၂ ချက်စုနှင့် သင်္ဂဟဝါကျ ရှင်းတမ်း | ၂၀ |
| ၁၀။ | ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော (၂) ပစ္စည်း | ၂၄ |
| ၁၁။ | အာရမ္မဏူပနိဿယ အရ သေဋ္ဌဂါထာဖြင့် ပစ္စည်း ပစ္စယုပ္ပန် ခွဲပြချက် | ၂၅ |
| ၁၂။ | အနန္တရူပနိဿယအရ ပစ္စည်း ပစ္စယုပ္ပန် ညွှန်ပြချက် | ၂၇ |
| ၁၃။ | ပကတူပနိဿယအရ ပစ္စည်း ပစ္စယုပ္ပန် ညွှန်ပြချက် | ၂၇ |
| ၁၄။ | နာမ်ရုပ် နှစ်ပါးက နာမ်ရုပ် နှစ်ပါးအား ကျေးဇူးပြုသော (၉) ပစ္စည်း | ၂၈ |
| ၁၅။ | အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယော ဟုခအရ ၄ ပစ္စည်း၌ ငိုကာကျော် သွင်းပြပုံ | ၃၇ |
| ၁၆။ | သင်္ဂဟကျမ်းလာ ဇာတ်သဘောတူကို ရှု၍ ရှေးဆရာကြီးများ ပစ္စည်းမျိုး (၈) ခွဲပြပုံ | ၃၉ |
| ၁၇။ | သဟဇာတမျိုး (၁၅) | ၄၀ |
| ၁၈။ | အာရမ္မဏမျိုး (၈) | ၄၃ |
| ၁၉။ | အနန္တရမျိုး (၇) | ၄၄ |
| ၂၀။ | ဝတ္ထုမျိုး (၆) | ၄၅ |
| ၂၁။ | ပစ္ဆာဇာတမျိုး (၄) | ၄၅ |
| ၂၂။ | နာနာက္ခဏိက ကမ္မမျိုး (၆) | ၄၅ |
| ၂၃။ | ရူပအာဟာရမျိုး (၃) | ၄၆ |
| ၂၄။ | ရူပဇီဝိတိန္ဒြိယမျိုး (၃) | ၄၆ |
| ၂၅။ | ၂၄ ပစ္စည်းတို့ကို ကာလအားဖြင့် ခွဲပြခြင်း | ၄၈ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | ၂၄ ပစ္စည်းတို့ကို နာနာပကာရဘေဒအားဖြင့် ခွဲပြခြင်း | ၄၉ |
| ၂၇။ | ၂၄ ပစ္စည်းတို့ကို သဘာဂအားဖြင့် ခွဲပြခြင်း | ၅၁ |
| ၂၈။ | ၂၄ ပစ္စည်းတို့ကို ဝိသဘာဂ အားဖြင့် ခွဲပြခြင်း | ၅၂ |
| ၂၉။ | ၂၄ ပစ္စည်းတို့ကို ယုဂဠ အားဖြင့် ခွဲပြခြင်း | ၅၂ |
| ၃၀။ | ၂၄ ပစ္စည်းတို့ကို သတ္တိအားဖြင့် ခွဲပြခြင်း | ၅၃ |
| ၃၁။ | ၂၄ ပစ္စည်းတို့ကို ဘုံအားဖြင့် ခွဲပြခြင်း | ၅၃ |
| ၃၂။ | ပဋ္ဌာန်းမည်ခြင်း အကြောင်းကို ပြဆိုချက် | ၅၄ |
| ၃၃။ | သမန္တပဋ္ဌာန အမည်ရခြင်းအကြောင်းကို ပြဆိုချက် | ၅၅ |
| ၃၄။ | ဝါရ(၇)ပါး ဟောကြားတော်မူရခြင်းအကြောင်း | ၅၅ |
| ၃၅။ | ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ | ၅၈ |
| ၃၆။ | ပစ္စယ ဝိဘင်္ဂဝါရနှင့် မဟာဝါရ | ၅၉ |
| ၃၇။ | ပစ္စယနိဒ္ဒေသကို အကျယ်ပြရာ | ၅၉ |
| ၃၈။ | ဟေတုပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၅၉ |
| ၃၉။ | ပစ္စယ ၃ မျိုး | ၆၅ |
| ၄၀။ | ဟေတုနှင့် ပစ္စယ | ၆၅ |
| ၄၁။ | တံသမုဋ္ဌာနာနံ ဟု ဟောတော်မူရခြင်း အကြောင်း | ၇၃ |
| ၄၂။ | ပဋိသန္ဓေကမ္မဇရုပ်နှင့် ပဝတ္တိကမ္မဇရုပ်တို့ကို ကျေးဇူး ပြု,မပြု | ၇၆ |
| ၄၃။ | ပဋိသန္ဓေအခါ စိတ္တဇရုပ်ကို ပစ္စယုပ္ပန် မကောက်ရခြင်း | ၇၉ |
| ၄၄။ | မောဟ ဟိတ် အချင်းချင်း ကျေးဇူး မပြုနိုင်ပုံ | ၈၁ |
| ၄၅။ | နိဗ္ဗာန်နှင့် ပညတ် ပစ္စနိက် မထုတ်ရပုံ | ၈၁ |
| ၄၆။ | အာရမ္မဏပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၈၂ |
| ၄၇။ | ပစ္စယနိဒ္ဒေသ၌ ယံ ယံ ဓမ္မံ စသည်ကို ဟောရခြင်း အကြောင်း | ၈၃ |
| ၄၈။ | သင်္ဂဟကျမ်းလာ အာရမ္မဏ သင်္ဂဟကို အကျယ် ခွဲခြားပြချက် | ၈၅ |
| ၄၉။ | နိဗ္ဗာန်သည် အဘိညာဉ်ကုသိုလ်အား အာရမ္မဏပစ္စည်း တပ်,မတပ် | ၁၀၀ |
| ၅၀။ | ပဋ္ဌာနပါဠိတော်၌ အဘိညာဉ်(၇)ပါး ပြလျက် သင်္ဂဟကျမ်း၌အဘိညာဉ်(၅)ပါးသာ ပြခြင်းအကြောင်း | ၁၀၂ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁။ | သင်္ဂဟလာ ဒွါရဝိမုတ္တာနည်း ဝါကျလာ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံကို အသေးစိတ် ခွဲပြခြင်း | ၁၀၇ |
| ၅၂။ | ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့၏ အာရုံကိုပြခြင်း | ၁၁၁ |
| ၅၃။ | အဓိပတိပစ္စည်း၏ သာဓိပ္ပါယ်တ္ထ ဝိနိစ္ဆယကိုပြခြင်း | ၁၁၃ |
| ၅၄။ | အဓိပတိလေးပါးတို့၏ အသီးသီးဖြစ်ပုံကို သာဓကဆောင်၍ ပြခြင်း | ၁၁၇ |
| ၅၅။ | အာရမ္မဏာဓိပတိ ပစ္စည်းကိုပြခြင်း | ၁၂၀ |
| ၅၆။ | အနန္တရ၊ သမနန္တရ ပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယကို ပြခြင်း | ၁၂၅ |
| ၅၇။ | ထို ၂ ပါးတို့ မထူးပါဘဲချက် ၂မျိုးဟောရခြင်း | ၁၂၉ |
| ၅၈။ | ဝီထိပိုင်းလာ ဝီထိတို့ကို အကျယ်အားဖြင့်ပြခြင်း | ၁၃၂ |
| ၅၉။ | ဝသီဘော် ၅-ပါးအရကို ဝီထိနှင့်စပ်၍ပြခြင်း | ၁၄၆ |
| ၆၀။ | နိရောဓ သမာပတ္တိဝင်စားပုံ- ဝီထိစာစဉ် | ၁၅၄ |
| ၆၁။ | နိရောဓ သမာပတ္တိ ဝင်စားရခြင်းအကြောင်း | ၁၅၆ |
| ၆၂။ | အဘိညာဉ်ဝီထိ | ၁၅၈ |
| ၆၃။ | မရဏာသန္နဝီထိ | ၁၅၈ |
| ၆၄။ | ဒုက္ခပဋိပဒါနှင့် သုခပဋိပဒါ | ၁၅၉ |
| ၆၅။ | သဟဇာတပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၁၆၁ |
| ၆၆။ | သဟဇာတပစ္စည်း၌ ပစ္စနိက်မထုတ်ခြင်း | ၁၇၀ |
| ၆၇။ | အညမညပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၁၇၃ |
| ၆၈။ | သဟဇာတနှင့် အညမညအထူး | ၁၇၄ |
| ၆၉။ | နိဿယပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၁၇၇ |
| ၇၀။ | အဓိဋ္ဌာနာကာရနှင့် နိဿယာကာရ | ၁၈၀ |
| ၇၁။ | နိဿယ ၃-ပါး | ၁၈၁ |
| ၇၂။ | ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၁၈၁ |
| ၇၃။ | မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကမည်ပုံ | ၁၈၃ |
| ၇၄။ | ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်း၏ သာဓိပ္ပါယတ္ထဝိနိစ္ဆယ | ၁၈၉ |
| ၇၅။ | ယင်း၏ ခက်ခဲသော အရာဌာနများ | ၁၉၁ |
| ၇၆။ | ဆရာတို့၏ ဝါဒန္တရ | ၁၉၆ |
| ၇၇။ | အနီးဖြစ်သော မရဏာသန္နဇော | ၁၉၈ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | ဘုရားရဟန္တာတို့၏ စုတိစိတ် အာရုံ ဝိနိစ္ဆယ | ၂၀၀ |
| ၇၉။ | ပုဂံ ပေါက္ကံဆရာတော်ကြီး၏ ဝါဒ | ၂၀၁ |
| ၈၀။ | ပါဠိ အဋ္ဌကထာ ထုတ်ပြကြသော ဆရာတို့၏ဝါဒ | ၂၀၂ |
| ၈၁။ | လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒ | ၂၀၇ |
| ၈၂။ | ယင်း၏ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေ ရသင့်မရသင့် | ၂၁၂ |
| ၈၃။ | ဥပနိဿယပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၁၈ |
| ၈၄။ | ပကတူပနိဿယပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၂၀ |
| ၈၅။ | ပကတူပ-နိဿယ ပစ္စယုပ္ပန်၌ ရုပ်ကိုမဟောခြင်း | ၂၂၃ |
| ၈၆။ | ကျေးဇူးပြုပုံ အမြွက် | ၂၂၄ |
| ၈၇။ | ပုရေဇာတပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၂၄ |
| ၈၈။ | ပစ္ဆာဇာတပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၂၈ |
| ၈၉။ | ယင်း၌ ဋီကာဆိုသော ကျေးဇူးပြုခြင်း အကြောင်း | ၂၃၁ |
| ၉၀။ | ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ကြောင်း | ၂၃၆ |
| ၉၁။ | မိုင်းခိုင်ဆရာတော်၏ အဆုံးအဖြတ် | ၂၃၇ |
| ၉၂။ | ယင်းပစ္စည်း၏ ကျေးဇူးပြုပုံ သာဓက | ၂၄၂ |
| ၉၃။ | အာသေဝနပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၄၃ |
| ၉၄။ | ဒွတ္တိံသ သုခုမညာဏ ဟူသော သင်္ဂဟဝကား၌ အာသေဝနပစ္စည်းတပ်သော ဇောဟုမယူအပ်ပုံ | ၂၅၃ |
| ၉၅။ | ကမ္မပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၅၄ |
| ၉၆။ | အဋ္ဌကထာနှင့် မူလဋီကာတို့ ဝါဒမတူပုံ | ၂၅၉ |
| ၉၇။ | ဝိပါကပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၆၀ |
| ၉၈။ | ပစ္စယုပ္ပန်၌ ဝိညတ်ဒွေတို့ ကြဉ်ရခြင်းအကြောင်း | ၂၆၄ |
| ၉၉။ | ဝိညတ်အရ ယူပုံ | ၂၆၅ |
| ၁၀၀။ | အာဟာရပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၇၀ |
| ၁၀၁။ | သဲအင်း ၃-ချက်၌ ပစ္စယုပ္ပန်တရားအရ အာဟာရ သမုဋ္ဌာနိက ရုပ်မျှကိုသာ မကောက်ဘဲ စတုသမုဋ္ဌာနိက် ရုပ်ကို ကောက်ရခြင်းအကြောင်း | ၂၇၃ |
| ၁၀၂။ | အဋ္ဌကထာ၌လာသော ရုပ်များ | ၂၇၇ |
| ၁၀၃။ | နာမ်အာဟာရ လေးပါးကို ကျေးဇူးပြုပုံ | ၂၈၁ |
| ၁၀၄။ | ဣန္ဒြိယ ပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၂၈၅ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀၅။ | ကုသိုလ်စေတနာ ပုရိသိန္ဒြေတို့ ကျမ္မပထ ပစ္စည်းမထိုက်ပုံ | ၂၉၀ |
| ၁၀၆။ | လိင်နှင့်ပတ်သက်၍ ဝါဒန္တရများ | ၂၉၅ |
| ၁၀၇။ | ဈာနပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၀၀ |
| ၁၀၈။ | ပဋ္ဌိဉာဏသု ဈာနင်္ဂါနို ဟူသော သင်္ဂဟအရ ယူဆပုံ | ၃၀၂ |
| ၁၀၉။ | မဂ္ဂပစ္စည်း သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၀၅ |
| ၁၁၀။ | မိစ္ဆာမဂ္ဂင် ၈-ပါး | ၃၀၇ |
| ၁၁၁။ | အာဇီဝဋ္ဌမက သီလ | ၃၀၈ |
| ၁၁၂။ | မိစ္ဆာမဂ်ကို ပဋ္ဌာန်းပါဠိတော်၌ မဟော | ၃၁၀ |
| ၁၁၃။ | သမ္ပယုတ္တပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၁၁ |
| ၁၁၄။ | ဝိပ္ပယုတ္တပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၁၄ |
| ၁၁၅။ | ဝိပ္ပယုတ္တ ၃-ပါး၏ ထူးခြားချက် | ၃၁၇ |
| ၁၁၆။ | အတ္ထိပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၂၂ |
| ၁၁၇။ | အတ္ထိ ၃-မျိုး | ၃၂၂ |
| ၁၁၈။ | အတ္ထိ ၅-မျိုးထူး | ၃၂၇ |
| ၁၁၉။ | နတ္ထိပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၂၉ |
| ၁၂၀။ | ဝိဂတပစ္စည်း၏ သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၃၁ |
| ၁၂၁။ | အဝိဂတပစ္စည်း သာဓိပ္ပါယတ္ထ ဝိနိစ္ဆယ | ၃၃၂ |
| ၁၂၂။ | ပဋ္ဌာဝါရ | ၃၃၅ |
| ၁၂၃။ | သုဒ္ဓသင်္ချာဝါရ ထုတ်နည်း | ၃၃၅ |
| ၁၂၄။ | သဘာဂ သင်္ချာဝါရ ထုတ်နည်း | ၃၃၆ |
| ၁၂၅။ | ချောင်းဆုံဆရာတော်၏ သဘာဂသင်္ချာမှတ်ပုံ လင်္ကာ | ၃၃၇ |
| ၁၂၆။ | ဃဋနာသင်္ချာဝါရထုတ်ပုံ နယူပဒေသ | ၃၄၁ |
| ၁၂၇။ | ဃဋနာရေတွက်ရန် မာတိကာဇေားဆပ် | ၃၄၂ |
| ၁၂၈။ | ဟေတုပစ္စည်း၌ ဃဋနာသင်္ချာဝါရ ထုတ်ပုံ | ၃၄၂ |
| ၁၂၉။ | ပစ္စည်းပြိုင်နှင့် ဃဋနာ အထူး | ၃၄၅ |
| ၁၃၀။ | အာရမ္မဏပစ္စည်း၌ သုဒ္ဓသင်္ချာ၊ သဘာဂသင်္ချာ၊ ဃဋနာသင်္ချာ ထုတ်ပုံ | ၃၄၈ |
| ၁၃၁။ | အဓိပတိပစ္စည်း၌ သင်္ချာဝါရ ထုတ်ပုံ | ၃၅၂ |
| ၁၃၂။ | မိဿကပစ္စည်းများကို ပြဆိုခြင်း | ၃၅၈ |
| ၁၃၃။ | အနန္တရ သမနန္တရ၌ သင်္ချာဝါရများ ထုတ်ပုံ | ၃၆၂ |
| ၁၃၄။ | သဟဇာတ၌ သင်္ချာဝါရများ ထုတ်ပုံ | ၃၆၄ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၅။ | အညႇ႕ညည့် သင်္ချာဝါရများ ထုတ်ပုံ | ၃၇၀ |
| ၁၃၆။ | နိဿယဉ္စ ။ | ၃၇၄ |
| ၁၃၇။ | ဥပနိဿယဉ္စ ။ | ၃၇၈ |
| ၁၃၈။ | ပုရေဇာတဉ္စ ။ | ၃၈၂ |
| ၁၃၉။ | ပစ္ဆာဇာတဉ္စ ။ | ၃၈၇ |
| ၁၄၀။ | အာသေဝနဉ္စ ။ | ၃၈၈ |
| ၁၄၁။ | ကမ္မဉ္စ ။ | ၃၉၀ |
| ၁၄၂။ | ဝိပါကဉ္စ ။ | ၃၉၄ |
| ၁၄၃။ | အာဟာရဉ္စ ။ | ၃၉၇ |
| ၁၄၄။ | ဣန္ဒြိယဉ္စ ။ | ၄၀၀ |
| ၁၄၅။ | ဈာနဉ္စ ။ | ၄၀၄ |
| ၁၄၆။ | မဂ္ဂဉ္စ ။ | ၄၀၅ |
| ၁၄၇။ | သမ္ပယုတ္တဉ္စ ။ | ၄၀၉ |
| ၁၄၈။ | ဝိပ္ပယုတ္တဉ္စ ။ | ၄၁၁ |
| ၁၄၉။ | အတ္ထိ အဝိဂတဉ္စ ။ | ၄၁၄ |
| ၁၅၀။ | နတ္ထိ ဝိဂတဉ္စ ။ | ၄၁၈ |
| ၁၅၁။ | ဆဝါရ အကြောင်း သိကောင်းစရာ | ၄၂၀ |
| ၁၅၂။ | ပုစ္ဆာဝါရ ဟောတော်မူပုံ | ၄၂၃ |
| ၁၅၃။ | ပဋိစ္စနှင့် ဝိဘင်္ဂဝါရ ထူးခြားပုံ | ၄၂၄ |
| ၁၅၄။ | ခန္ဓာဝါရ (၂၀၀) ရေတွက်ပုံ | ၄၂၉ |
| ၁၅၅။ | ပဋိစ္စဝါရနှင့် တူပါလျက် သဟဇာတဝါရကို ဟောတော်မူခြင်း | ၄၃၀ |
| ၁၅၆။ | ပစ္စယနှင့် နိဿယဝါရတူပါလျက် သဟဇာတဝါရကို ဟောတော်မူခြင်း | ၄၃၁ |
| ၁၅၇။ | သံသဋ္ဌနှင့် သမ္ပယုတ္တဝါရ တူပါလျက် သဟဇာတဝါရကို ဟောတော်မူခြင်း | ၄၃၅ |
| ၁၅၈။ | နိဂ္ဂမန | ၄၃၇ |
| ၁၅၉။ | ကျမ်းပြီးခုနှစ် | ၄၃၉ |


မာတိကာ အလုံးစုံပြီး၏။

http://www.dhammadownload.com

# ပဋ္ဌာန်းအခြေခံသင်တန်းကျမ်း

## ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အနန္တဉာဏ ဂေါစရံ၊ ပဋ္ဌာနံ ဒိဗ္ဗဒေသိတံ။
ဗုဒ္ဓံ တဒ္ဓမ္မံ သံဃဉ္စ၊ သဒါ စေရေ ဝန္ဒာမဟံ။

ပါဠိမူလကသောတူနံ၊ နာနာ နယေန ဒုဒ္ဒသံ။
သုခေန တံ ဥဂ္ဂဟေတုံ၊ အာဂမံ တဒမူလကံ။

ရဋ္ဌဇေယျာဘူမျာချာတော၊ ဝိဟာရေ ပုဗ္ဗဝါစကော။
သီတဂူမဟာထေရောဟံ၊ လိခိဿာမိ ယထာဗလံ။ ။

အနန္တဉာဏဂေါစရံ .... စကြဝဠာ များစွာခပင်း၊ ကြွင်းကျန်မရှိ ပကတိစွမ်းအင် သိမြင်ပေတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်၏ ကျက်စားရာ ဖြစ်သော။

ပဋ္ဌာနံ .... ကျိုးကြောင်းဆက်ပြ နယသိန်းကုဋေ၊ များတောင်းပေပြား၊ ပဋ္ဌာန ဆိုတဲ့ ဒေသနာတော် တရားကို။

ဒိဗ္ဗဒေသိတံ .... မယ်တော်ကျေးဇူး မြင်းမိုရ်ဦးကို၊ အထူးပေးဆပ် တာဝတိံသ၏ အစဖြာ၍၊ လူ

http://www.dhammadownload.com



လာသမျှ ဒေဝါနတ်တို့အား၊ စိတ္တာချဲ့လတ် ဟောကြားတော်မူအပ်ပြီ။

ဗုဒ္ဓ .... ဟောကြား[illegible]တတ် အရပ်ရပ်သော၊ သာဝက တို့နှင့် မဆက်ဆံ၊ သဗ္ဗညုတဉာဏ် ပိုင်ရှင် ဘုရားသခင်ကိုလည်းကောင်း။

တဒ္ဓမ္မဥ္စ .... မြတ်စွာဗုဒ္ဓ စောသတ္ထု၏၊ ညွှန်ပြပေတောင်း၊ နည်းပေါင်းများစွာ ကျယ်ဝန်းလှ၍၊ သာဂရေ မည်ငြား ထို ပဋ္ဌာန်း တရားတော်မြတ်ကို လည်းကောင်း။

သံဃဉ္စ .... ကျယ်ဝန်းစွာလှ ပဋ္ဌာနကို၊ ဉာဏစွမ်းအင် သခင်ပ အကျဉ်းမြင်၍၊ အစဉ်ပို့ချ သာရိပုတ္တ စရှိများစွာ၊ အရိယာရှစ်ရပ် သံဃာတော်မြတ်ကို လည်းကောင်း။

အာစေရေစ .... ပဋ္ဌာန်းကျမ်းမှု သူမတူအောင်၊ နယ္ထပဒေသ လက်တွေ့ရစေ သင်ပြတော်မူ ပေသော၊ ရဋ္ဌဂုရု ဂုဏ်ထုကြီးမား၊ ပဌမ မစိုးရိမ်ဆရာတော် ဘုရားနှင့် ဝိနယကျောင်း ဆရာတော်၊ အာဂမကျောင်း ဆရာတော်တို့ကို လည်းကောင်း။

အဟံ .... သီတဂူဝိဟာရ၊ ဓမ္မဒူ နာယက၊ မဟာထေရ မည်တွင် ငါအရှင်သည်။

သဒါ .... နေ့ရှိသမျှ ကျေးဇူးဂုဏ်တွေကို သတိရ၍၊ ကာလမပြတ် အခါခပ်သိမ်း။

ဝန္ဒာမိ .... မနော၀ဇ္ဇီရဝီထိ မဟာကုသိုလ်ဇောကျအီ၍၊ အာရမ္မဏာဓိပတိ ပဋ္ဌယသတ္တိဖြင့်၊ ဦးရှိ ဝန္ဒနာ ရှိခိုးပါ၏။

ဝန္ဒိတွာ .... ရှိခိုးပြီး၍။

ပါဠမူလကသောတူနံ .... အခြေပါဠိ သင်ဖအရွယ် ဉာဏ်နုနယ်ငြား စာသင်သားတို့အား။ ဝါ-တို့၏။

http://www.dhammadownload.com



နာနာနယေန .... တစ်ပါးမက များပြားလှပေ၊ ထူးထွေဆန်းကြယ်၊ နည်းစုံခြယ်သဖြင့်၊ ဝါ-နည်းစုံခြယ်သောကြောင့်။

ဒုဒ္ဒသံ .... ဂမ္ဘီရတ္တ သဘာဝမို့၊ ဉာဏမသက် အသိခက်သော။

တံ ပဋ္ဌာနံ .... ပဋ္ဌာန်းကျမ်းကို အကျဉ်းညွှန်ပြ၊ သင်္ဂဟလာ ပစ္စယနိဒ္ဒေသ ဆိုတဲ့ ထိုပဋ္ဌာနကို။

သုခေန .... အချိန် ကိုယ်စိတ်မပန်းဘဲ၊ ချမ်းချမ်းသာသာ လွယ်ကူစွာဖြင့်။

ဥဂ္ဂဟေတုံ .... စနစ်တကျ နည်းကောင်းရ၍၊ ပို့ချသင်ယူနိုင် စိမ့်သောငှာ။

အာဂမံ .... အခန်းကဏ္ဍ ကိုးဌာနဖြင့် ဖွင့်ပြသည့် အတိုင်း။

တစ်နည်း-အာဂမံ-

အာဂမေန .... အရှင်အနုရုဒ္ဓ အာဘောဂနှင့်၊ တကွသေချာ မှန်ကန်လှစွာသော အဓိပ္ပာယ်ဖြင့်။

တဒ္ဒမူလကံ ဂန္ထံ .... ထိုပဋ္ဌာန်းကျမ်း၏၊ အာဒိမူလ ပစ္စယနိဒ္ဒေသ သင်္ဂဟကို၊ သင်စမြင်ရန်၊ အခြေခံသင်တန်း ဤမည်သောကျမ်းကို။

ရဋ္ဌဇေယျဘူမျာချာတေ-
ဝိဟာရေ .... တိုင်းဇေယျာရွှေ မြို့အောင်မြေဦး၊ ဓွန့်ရှည်သာသနာ၊ တည်စိမ့်ငှာဟု၊ မဟာသံဃာ့ နာယကတို့၊ ဖွင့်ကြပေတောင်း၊ ဒုတိယ မြောက် ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်း၌။

ပုဗ္ဗဝါစကော .... ဖွင့်စကာလ သမယမှ၊ ဒေးနှစ်ကျအောင်၊ ရှေးကသင်ပြ ဂဏဝါစကကြီးလည်း ဖြစ်ပေထသော။

http://www.dhammadownload.com



သီတဂူမဟာထေရော .... သီတဂူကျောင်းတိုက်ကြီးကို သိုက်မြိုက်လေအောင်တည်ထောင်ဖန်တီး အစပထမမဟာထေရ်ကြီးလည်း ဖြစ်သော။

အဟံ .... ရတနာသီခ သီရိပဝရဓမ္မာစရိယဟု တံဆိပ်မည်တွင် ငါအရှင်သည်။

ယထာဗလံ .... ဆရာသမားတို့၏ သင်ကြားမှုအခြေခံ၊ ပဋိ–ဘာနုဉာဏ် ကူသော် လည်း၊ ဝေ ဒ န္တ ဂူ မမြောက် စွမ်းနိုင်သည့်အလျောက်သာ။

လိခိဿာမိ .... ခဲဆစ်ခဲရာ နည်းနာနယ၊ ဝါဒန္တရထူပြော ကျမ်းစုံနှော၍၊ ပဋ္ဌာန်း သဘောတရား၊ ဉာဏ်အမြင်မမှားရအောင်၊ အထင်အရှား ရေးသားပါအံ့သတည်း။

http://www.dhammadownload.com

# ပဋ္ဌာန်းအခြေခံသင်တန်းကျမ်း

## (ဒုတိယကျမ်းစာ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာန်းအခြေခံသင်တန်း ဆိုသည်–

ပဋ္ဌာန်းကျမ်းကြီးကို မသင်ယူမီ ပဋ္ဌာန်းကျမ်းကြီးကို သင်ယူခါနီး၌ ထို ပဋ္ဌာန်းကျမ်းကြီးမှ လာသော ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို မတွေဝေစေဘဲ နှစ်ချက်စု၊ သုံးချက်စုကွေ့ကို ပင်ပင်ပန်းပန်းကျက်မနေရဘဲ ကြားရုံကြည့်ရုံမျှဖြင့် သဘောကျကာ သိလွယ်မြင်လွယ်နိုင်စေရန် ( ညဝါဟူက သင်္ဂဟ ဆိုသော စကားနှင့်အညီ ) ပဋ္ဌာန်းကျမ်း၏ အခြေ ပါဒဖြစ်သော အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို သင်ယူပုံ ချပို့ပေးပုံတို့ကို ပဋ္ဌာန်းအခြေခံဟု ဆိုလိုပေသည်။

သင်္ဂဟကျမ်းလာ သရုပ်, အနက်, အဓိပ္ပာယ်, အရကောက် နှင့် ပဋ္ဌာန်းကျမ်းလာ သရုပ်, အနက်, အဓိပ္ပာယ်, အရကောက် တို့ကို ဆိုင်ရာဆိုင်ရာ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဆက်စပ်တတ်အောင် သင်ယူခြင်း ပို့ချခြင်းကို သင်တန်းဟု ဆိုလိုပေသည်။

ထို့ကြောင့်ပင်....

"ပဋ္ဌာန်းအခြေခံ သင်တန်းကျမ်း"ဟု နာမည် ပညတ် သမုတ်လိုက်ရပေသည်။

http://www.dhammadownload.com



အချုပ်အားဖြင့်....

ပဋ္ဌာန်းကျမ်း၏ မူလဘူတ ဥဒ္ဒေသ ဖြစ်သော ၂၄ ပစ္စည်းတို့၏ ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဆိုင်ရာဆိုင်ရာ သင်္ဂဟ, ပါဠိ, အနက်, အဓိပ္ပာယ်တို့ဖြင့် အကွက်ကျကျ လွယ်ကူစွာသိမြင်လာအောင် သင်ယူခြင်း, ပို့ချခြင်းသည်ပင် ပဋ္ဌာန်း အခြေခံသင်တန်း ဖြစ်ပေတော့သည်။

ထို့ကြောင့်ပင်....

အယမေတ္ထ ပဋ္ဌာန နယော-ဟူသော အရှင်အနုရုဒ္ဓါ၏ စကားအရ ဥဒ္ဒေသ ဖြစ်သော ဟေတု, အာရမ္မဏ စသော ၂၄ ပါဒတို့ကို ဗားဂရာ နိဿယလာ တတိယ ယောဇနာနည်းကို ကျေပွန်စွာ ချပို့ သင်ယူကြရပါမည်။

ဗားဂရာ နိဿယ တတိယယောဇနာနည်းကား....

ဟေတုပစ္စယော....ဟိတ်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်း ကောင်း၊

အာရမ္မဏပစ္စယော....အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်း ကောင်း၊

အဓိပတိပစ္စယော....အကြီးအမှူး ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း၊

အနန္တရပစ္စယော....အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်း ကောင်း၊

သမနန္တရပစ္စယော....ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း၊

သဟဇာတပစ္စယော....တကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်း ကောင်း၊

အညမညပစ္စယော....အချင်းချင်းဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း၊

နိဿယပစ္စယော....မှီရာဖြစ်၍ ကျေးဇူး ပြုတတ် သော တရား လည်း ကောင်း၊

ဥပနိဿယပစ္စယော....အားကြီးသောအကြောင်းဖြစ်၍ကျေးဇူးပြုတတ် သောတရား လည်းကောင်း၊

ပုရေဇာတပစ္စယော....ရှေ့၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်း ကောင်း၊

http://www.dhammadownload.com



ပစ္ဆာဇာတပစ္စယော....နောက်၌ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း၊

အာသေဝနပစ္စယော....အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်းကောင်း၊

ကမ္မပစ္စယော....မျိုးစေ့ ဖြစ်၍ ကျေးဇူး ပြု တတ် သော တ ရား လည်း ကောင်း၊

ဝိပါကပစ္စယော....အကျိုးဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်း ကောင်း၊

အာဟာရပစ္စယော....ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ကျေးဇူးပြုတတ် သောတရား လည်းကောင်း၊

ဣန္ဒြိယပစ္စယော....အစိုးရသည် ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း၊

ဈာနပစ္စယော....ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်းကောင်း၊

မဂ္ဂပစ္စယော....အကြောင်းဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်း ကောင်း၊

သမ္ပယုတ္တပစ္စယော....ယှဉ်သည်ဖြစ်၍ ကျေးဇူး ပြု တတ် သော တရား လည်းကောင်း၊

ဝိပ္ပယုတ္တပစ္စယော....မယှဉ်သည် ဖြစ်၍ ကျေးဇူး ပြု တတ် သော တရား လည်းကောင်း၊

အတ္ထိပစ္စယော....ရှိသည်ဖြစ်၍ ကျေးဇူး ပြု တတ် သော တရား လည်း ကောင်း၊

နတ္ထိပစ္စယော....မရှိသည်ဖြစ်၍ ကျေးဇူး ပြု တတ် သော တရား လည်း ကောင်း၊

ဝိဂတပစ္စယော....ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်း ကောင်း၊

အဝိဂတပစ္စယော....မကင်းသည်ဖြစ်၍ ကျေးဇူး ပြု တတ် သော တရား လည်းကောင်း။ ဣတိ၊ ဤသို့။ စတုဝီသတိ ပစ္စယာ၊ ၂၄ ပါးသော ပစ္စည်းတို့သည်။ မဟာပကရဏေ-အနန္တနယ မည်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌၊ ဒွိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



ရှင်းနောက်....

ဆဓာ နာမန္တု နာမသော၊ ပဉ္စဓာ နာမရူပိနံ။
ဧကဓာ ပုနရူပဿ၊ ရူပံ နာမဿ စေကဓာ။
ပညတ္တိနာမရူပါနိ နာမဿ ဒုဝိဓာဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ။

တု၊ ဥဒ္ဒေသမှတစ်ပါး နိဒ္ဒေသကို ဆိုဦးအံ့။ ဝါ၊ ပစ္စည်းတို့၏ အသီးသီး ကျေးဇူးပြုဟတ်သည်မှတစ်ပါး သတ္တိတူကို ပေါင်း၍ပြဦးအံ့။ ဝါ၊ ပဋ္ဌာန်းနည်းကို အကျဉ်းချုံ့၍ ပြဦးအံ့။

နာမံ၊ နာမ်သည်။ နာမဿ၊ နာမ်အချင်းချင်းအား။ ဆဓာ၊ ခြောက်ပါးအပြားဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ နာမံ၊ သည်။ နာမရူပိနံ၊ နာမ်ရုပ်တို့အား။ ပဉ္စဓာ၊ ငါးပါးသော အခြင်းအရာဖြင့်။ ပစ္စယော၊ ဥပကာရကော-သည်။ ဟောတိ၏။ ပုန၊ တစ်ဖန်။ နာမံ၊ သည်။ ရူပဿ၊ ရုပ်အား။ ဧကဓာ၊ တစ်ပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ စ၊ နာမ် ပစ္စည်းတပ်သည်မှ တစ်ပါး ရုပ်ပစ္စည်း တပ်သည်ကို ဆိုဦးအံ့။ ရူပံ၊ ရုပ်သည်။ နာမဿ၊ နာမ်အား။ ဧကဓာ၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ ပညတ္တိ နာမရူပါနိ၊ ပညတ်နာမ်ရုပ်တို့သည်။ နာမဿ၊ နာမ်အား။ ဒုဝိ ဓာ၊ နှစ်ပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောန္တိ၊ ဖြစ်ကုန် ၏။ စ၊ သုဒ္ဓမှ တစ်ပါး မိဿကကို ဆိုဦးအံ့။ ဒွယံ၊ နာမ်ရုပ် နှစ်ခုပေါင်း သည်။ ဒွယဿ၊ နာမ်ရုပ် နှစ်ခုပေါင်းအား။ နဝဓာ၊ ကိုးပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပစ္စယာ၊ တို့သည်။ ဆဗ္ဗိဓာ၊ ခြောက်ပါး အပြားဖြင့်။ ဋ္ဌိတာ၊ တည်ကုန်၏။

ဤ-နိဒ္ဒေသ ၂-ဂါထာ၏ အနက်ကို ကျေပွန်ပါစေ။

၁။ ဆဓာ နာမန္တု နာမဿ-နာမ်ပစ္စည်း တရားက နာမ်ပစ္စယုပ္ပန် တရားအား ၆-ပါးသော အချင်းအရာ အားဖြင့် ကျေးဇူးပြုပေ၏။

၂။ နာမံ့ ပဉ္စဓာ နာမရူပိနံ-နာမ်ပစ္စည်း တရားက နာမ်ရုပ်ဖြစ်သော ပစ္စယုပ္ပန်တရားအား ၅-ပါးသော.... ပ....ပြုပေ၏။

http://www.dhammadownload.com



၃။ ကောဓာ ပုန္နရူပဿ -နာမ်ပစ္စည်းတရားက ရုပ်ပစ္စည်း တရားအား တစ်ပါးသော....ပ....ပြုပေ၏။

၄။ ရူပံ နာမဿ စေကဓာ -ရုပ်ပစ္စည်း တရားက နာမ် ပစ္စယုပ္ပန်တရားအား တစ်ပါးသော ....ပ....ပြုပေ၏။

၅။ ပညတ္တိနာမရူပါနိ နာမဿ ဒွိဓာ-ပညတ်နာမ်ရုပ်တရား ပစ္စည်းတရားတို့က နာမ် ပစ္စယုပ္ပန်တရားအား ၂-ပါးသော....ပ....ပြုပေ၏။

၆။ ဒွယံ ဒွယဿ နဝဓာ-နာမ် ရုပ် ပစ္စည်းတရားက နာမ် ရုပ် ပစ္စယုပ္ပန် တရားအား ၉-ပါးသော အခြင်းအရာ အားဖြင့် ကျေးဇူး ပြုပေ၏။

ဤသို့ ၂၄ပါးသော ပစ္စည်းတို့သည်။ ၆ ပါးသောအပြားဖြင့် တည်နေကြကုန်၏။ ဤသို့ နှုတ်တက်အောင် ရွတ်ဆိုကြပါလေ။

## နာမ်က နာမ်အား ကျေးဇူးပြုသော ၆ ပစ္စည်း။

၁။ အနန္တရ နိရုဒ္ဓါ...လ...,ဆဓာ နာမံ နာမဿ ပစ္စယော ဟောတိ။

ဝါကျဖြင့် ဆဓာနာမံ နာမဿ ဟူသော အကျဉ်း သခ်ေပ၏ အကျယ် စိတ္တာရကို ပြတော်မူ၏။

ထိုပါဠ်အပေါင်းတို့တွင်-

အနန္တရနိရုဒ္ဓါ-လ-နတ္ထိ ဝိဂတဝသေန ဟူသော ဝါကျဖြင့် အနန္တရ သမနန္တရ နတ္ထိ ဝိဂတတို့၏ ပစ္စည်း ပစ္စယုပ္ပန်တရားကိုပြတော်မူ၏။

ထိုတွင်-

အန္တရနိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ ဟူသော ကတ္တားပါဠ်ဖြင့် အခြားမဲ့၌ ချုပ်ကုန်ပြီးသော ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ် ၉ဝ၊ စေတသိက် ၅၂ ပညာသ၊ နာမက္ခန္ဓာ လေးပါး ပစ္စည်းတရားကို ပြတော်မူ၏။

http://www.dhammadownload.com



ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာ ဓမ္မာနံ ဟူသော သမ္ဗန္ဓပါဠိဖြင့် မိမိသို့ အတူလိုက်၍ ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့် တကွ နောက်နောက်သော စိတ်တစ်ခုယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊ နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စယေန ဟူသော ကာရိကာပါဠိဖြင့် အနန္တရ သမနန္တရ နတ္ထိ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

မှာထားချက်။ ။သင်္ဂဟ ပါဠိတို့ကို ကျယ်အံ့စိုး၍ အနက်မရေးပြီ။ ၎င်းအနက်တို့ကို ဗားကရာနိဿယအတိုင်း ကျေပွန်ပါစေ။

ဤသင်္ဂဟပါဠိကို အနက်ကျေပွန်သဖြင့် အနန္တရ စသည်တို့၏ ပစ္စည်း ပစ္စယုပ္ပန်တရားကို ၂-ချက်စု၊ ၃-ချက်စုတို့ကိုပင် ပင်ပန်းကြီးစွာ မကျက်ရဘဲနှင့် အလိုလို သိမြင်လေတော့သည်။ ဤပဋ္ဌာန်းအခြေခံ သင်တန်း၌ ကျယ်အံ့စိုး၍ ပစ္စနိက်ကို မညွှန်ပြတော့ပေ။

ပစ္စနိက် ဆိုသည်မှာ ပစ္စည်းတိုင်း ပစ္စည်းတိုင်း၏ (နိဗ္ဗာန်ကိုထား၍)ပစ္စုပ္ပန်တရားမှလွတ်သော တရားပင် ဖြစ်သည်။ ထို့ကြောင့် သိမြင်နိုင်ကြပေပြီ။

ထို့ကြောင့် အနန္တရ သမနန္တရ နတ္ထိ ဝိဂတတို့၏ ပစ္စည်းတရားကား ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခု ယုတ် ၉၀၊ စေတသိက် ဒွေပညာသတည်း။

ပစ္စုပ္ပန်တရားကား ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ်တစ်ခု ယုတ်၉၀၊ စေတသိက် ဒွေပညာသတည်း။

ဤသို့ ၂-ချက်စု ထုတ်ယူကြပါကုန် အရှင်ကောင်းတို့။

၂။ ပုရိမာနိ ဇဝနာနိ-လ-အာသေဝနပစ္စယေန ဟူသော ပါဠိဖြင့် အာသေဝန၏ ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ပြတော်မူ၏။

ထိုပါဠိအပေါင်းတို့တွင်-

ပုရိမာနံ ဇဝနာနံဟူသော ကတ္တားပါဠိဖြင့် အဆုံးဇော မဂ်ဇော ဖိုလ်ဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားတို့ကို ပြတော်မူ၏။

http://www.dhammadownload.com



ပစ္ဆိမာနံ ဇဝနာနံ - ဟူသော သမ္ဗန္ဓပါဠိဖြင့် ပထမဇော ဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇောဇောကေ ပညာသ၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

အာသေဝနဝသေန- ဟူသော ကာရိကာပါဌ်ဖြင့် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

ထို့ကြောင့် အာသေဝန၌ ပစ္စည်းတရားကား အဆုံးဇော မက် ဇော ဖိုလ်ဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာ- လီသ၊ စေတသိက် ဒွေပညာသတည်း။

ပစ္စယုပ္ပန်တရားကား ပထမဇော ဖိုလ်ဇောကြဉ်သော နောက် နောက်သောဇော ကေပညာသ၊ စေတသိက် ဒွေပညာသတည်း။

၃။ သဟဇာတာ စိတ္တစေတသိကာ ။လ။ သမ္ပယုတ္တ ဝသေန ဟူသော ဝါကျဖြင့် သမ္ပယုတ္တ၏ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။

ထိုပါဠ်အပေါင်းတို့တွင်-

သဟဇာတာ-

စိတ္တစေတသိကာဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် အချင်းချင်းအား တပ်သော စိတ်တစ်ခု ယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

အညမည - ဟူသော သမ္ဗန္ဓပါဌ်ဖြင့် အချင်းချင်း မှ ထောက်အပ်သော စိတ်တစ်ခုယုတ် ၉၀၊ စေ တသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။

သမ္ပယုတ္တ ဝသေန -ဟူသော ကာရိကာပါဌ်ဖြင့် သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

ထို့ကြောင့် သမ္ပယုတ္တ၌ ပစ္စည်းတရားကား အချင်းချင်းအား တပ်သော စိတ်တစ်ခုယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးတည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားကား အချင်းချင်းမှ ထောက်အပ်သော စိတ် တစ်ခုယုတ် ၉၀၊ စေတသိက် ဒွေပညာသီ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးတည်း။

ဣတိတေ ဆဓာ နာမံ နာမဿ ဆဓာ၏သရုပ်ကား အနန္တရ သမနန္တရ နတ္ထိ ဝိဂတ အာသေဝန သမ္ပယုတ္တတည်း။

မှာထားချက် - ဤကဲ့သို့ သင်္ဂဟပါဌ်အနက်ချပေး၍ အစိတ်အစိတ် သောပါဌ်တို့ကို ဆိုရိုးအနေဖြင့် ရွတ်ဆိုစေ၍ ချပို့ ပေးကြပါလေ။ပဋ္ဌာန်း၏ အခြေပါဒကို လွယ်လွယ် ကူကူ လက်တွေ့ သိမြင်ကြပါလိမ့်မည်။

ပဋ္ဌာန်းနည်းကို ပြဆိုသော သင်္ဂဟကျမ်း၌ ကတ္တားပါဌ်ဖြင့် ပစ္စည်းတရားကိုမြ၍ သမ္ပဒါန်ပါဌ်ဖြင့် ပစ္စယုပ္ပန်တရားကို ပြသည်ဟု မှတ်ကြပါကုန်။

ဆောင်ပုဒ်။ ။နာမ်သည် နာမ်အား၊ တပ်ကုန်ငြား၊ ၆ ပါး ပစ္စည်း တည်း။

နာမ်က နာမ်ရုပ်အားကျေးဇူးပြုသောပစ္စည်း(၅)ပစ္စည်း

ဟေတုဈာနင် မဂ္ဂင်ါနိ ။လ။ နာမရူပါနံ ပစ္စယော ဟောတိ ဟူသော ဝါကျဖြင့် ပဉ္စမ နာမံ နာမရူပါနံ ဟူသော အကျဉ်း သင်္ခေပ၏ အကျယ် ဝိတ္ထာရကို ပြတော်မူ၏။

ထိုတွင်....

ဟေတုဈာနင်မဂ္ဂင်ါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိ- ဝသေန ဟူသော ဝါကျကို....

(က) ဟေတု သဟဇာတာနံ နာမရူပါနံ၊ ဟေတုဝသေန၊

(ခ) ဈာနင်ါနိ သဟဇာတာနံ နာမရူပါနံ ဈာနဝသေန၊

(ဂ) မဂ္ဂင်ါနိ သဟဇာတာနံ နာမရူပါနံ မဂ္ဂဝသေန ဟု သုံးဝါကျ ခွဲထားပါ။

(က) ဟေတု၊ဟိတ် ၆ ပါးတို့သည်။ သဟဇာတာနံ၊စိတ္တက္ခဏ တစ်ခု၌ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ နာမ်ရုပ်တို့ အား။ ဟေတုဝသေန၊ ဟေတုသတ္တိဖြင့်။ ပစ္စယော- ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



(ခ) ဈာနင်္ဂါနို၊ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါးတို့သည်။ သဟဇာတာနံ၊ စိတ္တက္ခဏတစ်ခုခု၌ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ နာမ်ရုပ်တို့အား။ ဈာနပစ္စယေန၊ ဈာနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဂ) မဂ္ဂင်္ဂါနို၊ ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါးတို့သည်။ သဟဇာတာနံ၊ စိတ္တက္ခဏ တစ်ခု၌ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ နာမ် ရုပ်တို့အား။ မဂ္ဂပစ္စယေန၊ မဂ္ဂသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ အနက်ချပေးပါ။

ထို သုံးပါးတို့တွင်....

(က) ဟေတု ။လ။ ဟေတုပစ္စယေန ဟူသော ပါဠိကျဖြင့် ဟေတု၏ ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုပါဠိကျတွင်လည်း....

ဟေတု ဟူသော ကတ္တားပါဠ်ဖြင့် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤ ဟိတ် ၆ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ နာမရူပါနံ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သဟိတ် စိတ် စေတသိက်တို့ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေ ပညာသ, သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠ်ဖြင့်, ဟေတုသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ထို့ကြောင့် ဟေတု၌ ပစ္စည်းတရားကား လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားကား သဟိတ်စိတ် ကေသတ္တတိ မောဟမူဖွေ့ ၂ မောဟကြဉ်သောစေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

(၁) ဈာနင်္ဂါနိ– လ– ဈာနဝသေန ဟူသော ဝါကျဖြင့် ဈာန၏ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

ဈာနင်္ဂါနိ ဟူသော ကတ္တားပါဌ်ဖြင့် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင်တရား ကိုယ်ဝါးပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ နာမရူပါနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ဒွေ ပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၉ ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဈာနဝသေန ဟူသော ကရိုဏ်းပါဌ်ဖြင့် ဈာနသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ထို့ကြောင့် ဈာနပ္စ ပစ္စည်းတရားကား ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ တည်း။

ပစ္စယုပ္ပန်တရားကား။ ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၉ ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တည်း။

(၈) မဂ္ဂင်္ဂါနိ ။လ။ မဂ္ဂဝသေန ဟူသော ဝါကျဖြင့် မဂ္ဂ၏ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုဝါကျတွင်သည်း....

မဂ္ဂင်္ဂါနိ ဟူသော ကတ္တားပါဌ်ဖြင့် ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ နာမရူပါနံ ဟူသော သမ္ပဒါန် ပါဌ် ဖြင့် သဟိတ်စိတ် ကေသတ္တတိ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

မဂ္ဂဝသေန ဟူသော ကရိုဏ်းပါဌ်ဖြင့်၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

http://www.dhammadownload.com



ထို့ကြောင့် မဂ္ဂ ၌ ပစ္စည်းတရားကား ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိတည်း။

ပစ္စယုပ္ပန်တရားကား သဟိတ်စိတ်ကေသတ္တတိ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ၊ နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မပစ္စယေန ဟူသော ဝါကျကိုလည်း....

(က) သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ ကမ္မပစ္စယေန။

(ခ) နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မပစ္စယေန ဟု ၂ ဝါကျ ခွဲပြပါလေ။

ထိုတွင်....

(က) သဟဇာတာစေတနာ ။လ။ကမ္မပစ္စယေန ဝါကျဖြင့် သဟဇာတ ကမ္မ ၏ ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

သဟဇာတာ စေတနာဟူသော ကတ္တားပါဌ်ဖြင့် စိတ်တစ်ခု ယုတ် ၉၀ ၌ ရှိသော စေတနာ တစ်ခု ယုတ် ၉၀ ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ နာမရူပါနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် စိတ်တစ်ခု ယုတ် ၉၀၊ စေတနာကြဉ်သော စေတသိက် ဧကပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

**အမှာ**– စေတနာ တစ်ခု ယုတ် ၉၀ ဆိုသည်။ ဥတ္တာ ဘောဓံ ယထာ ယောဂံ၊ စိတ္တေ န သမယုဇ္ဇိသေ ဟူသော သင်္ဂဟ ပါဌ်ကို သတိ မူလေ။

ထို့ကြောင့် သဟဇာတကမ္မ၌ ပစ္စည်းတရားကား စေတနာ တည်း။

ပစ္စယုပ္ပန် တရားကား စိတ်တစ်ခု ယုတ် ၉၀၊ စေတနာကြဉ် သော စေတသိက် ဧကပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

http://www.dhammadownload.com



(ခ) နာနာက္ခဏိကာ စေတနာ ။လ။ ကမ္မဝသေန ဟူသော ဝါကျဖြင့် နာနာက္ခဏိကာ ကမ္မ၏ ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

နာနာက္ခဏိကာ စေတနာ ဟူသော ကတ္တားပါဋ်ဖြင့် အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ၃၃ ခု ပစ္စည်းတရားကို ပြတော်မူ၏။

ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ဟူသော သမ္ပဒါန်ပါဋ်ဖြင့် ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ကမ္မဝသေန ဟူသော ကရိယာပါဋ်ဖြင့် နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

ထို့ကြောင့် နာနာက္ခဏိကကမ္မ၌....

ပစ္စည်းတရားကား အတိတ်ဖြစ်သော ကုသိုလ်ကံ ၂၁၊ အကုသိုလ်ကံ ၁၂ တည်း။

ပစ္စယုပ္ပန်တရားကား ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တည်း။

ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေန ဟူသောဝါကျဖြင့် ဝိပါက၏ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ထိုဝါကျကိုလည်း....

(က) ဝိပါကက္ခန္ဓာ အညမညံ ဝိပါကဝသေန၊

(ခ) ဝိပါကက္ခန္ဓာ သဟဇာတာနံ ရူပါနံ ဝိပါကဝသေန ၂ ဝါကျခွဲ၍ ရှင်းပြပါ။

ထိုတွင်....

(က) ၌ ဝိပါကက္ခန္ဓာ ဟူသော ကတ္တားပါဋ်ဖြင့် အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ ပဝတ္တိနာမက္ခန္ဓာ ၄ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

http://www.dhammadownload.com



အညမညံဟူသော သမ္ဗဒါန်ပါဠိဖြင့် အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဝိပါကဝသေန ဟူသော ကရိဏ်းပါဠိဖြင့် ဝိပါက ။လ။ ပြတော်မူ၏။

(ခ) ၌ ဝိပါကက္ခန္ဓာ ဟူသော ကတ္တားပါဠိဖြင့် ဝိပါက် စိတ္တဇရုပ် ဝိပါက်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ ရူပါနံ ဟူသော သမ္ဗဒါန်ပါဠိဖြင့်....

ဝိပါက်နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

**ဆထူးမှာခြားချက်**

သဲအင်းသာသနာပိုင်စသော ရှေးဆရာတော်ကြီးများ ၃ ချက် စုံ၌ အချင်းချင်းအားလည်းကောင်း၊အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ ပစ္စည်း။

အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက်၊ အဋ္ဌတိံသနာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော ဝိညတ်ဒွေကြဉ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်ဟု ယထာရဟဖြင့် ချုံး၍ ဆိုရိုးပြုတော်မူကြသည်။

ဗားဏရာ နိဿယ၌လည်း....

သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ ရူပါနံ၊ ဝိညတ် ဒွေ ကြဉ် သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားဟု အနက်ယောဇနာတော် မူသည်။

http://www.dhammadownload.com



အရှင် အနုရုဒ္ဓါ ဆရာသည်လည်း....

ဘာသိသံ အဘိဓမ္မတ္ထ သင်္ဂဟံ ဟူသော ပဋိညာဉ်နှင့် အညီ ပေါင်း၍ ဖွင့်ပြသွားတော်မူပါသည်။

ဤအရာ၌.... ။

ဉာဏ်နုနယ်ပုသော စာသင်သားတို့ သဘောကျနိုင်ရန် မလွယ်ကူပေ။ ထို့ကြောင့် သိနိုင်ရန် ရှင်းပြဖို့လိုပေသည်။

ရုပ်ပိုင်း ရူပသမုဒ္ဒါနံ နယ ၌....

ဝိညတ္တိဒွိယံ စိတ္တဇမေဝ ဝိညတ်ဒွေသည် ကေန် စိတ်ကြောင့် ဖြစ်သော ရုပ်ဟုဆိုသော်လည်း ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပနဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ ဟူသော စကားအရ ဝုဋ္ဌော ကာမဇော တစ်ခုယုတ် ၃၀၊ အဘိညာဏ်ဒွေ ဟူသော စိတ်ကြောင့်သာဖြစ်သည်။ ဝိပါက်စိတ်ကြောင့် မဖြစ်။ ထို့ကြောင့် ဝိညတ်ဒွေကြဉ်သော စိတ္တဇ ရုပ် ဟု ဆိုသည်ကို သဘော သက်ဝင်နိုင်ကြပါစေ။

ပစ္စယုပ္ပန် ၌လည်း....

ထိုနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သောဟု ချုံး၍ ဆိုသည်ကို လည်းကောင်း၊ သင်္ဂဟ၌ သဟဇာတာနံ ရူပါနံ ဟု ဖွင့်ဆိုသည်ကို လည်းကောင်း စာသင်ပျိုနု အခြေပြုတို့ သိမှု ခက်ပ်လှပေသည်။

ထို့ကြောင့်....

ကျေးဇူးရှင် ရဋ္ဌဂုရု မစိုးရိမ် ပထမ ဆရာတော်ဘုရားကြီးက ဝိပါက၏ ပစ္စည်း ပစ္စယုပ္ပန်ကို ၂ စု ပြု၍ ခွဲခြားညွှန်ပြသွားတော်မူခဲ့ပေသည်။ ကျေးဇူးကြီးမားပေစွ။

ဤ၌ (ခ) ဝိပါကက္ခန္ဓာ သဟဇာတာနံ ရူပါနံ ဟူသော ဝါကျ၌ ခန္ဓေ ပဋိစ္စ ခန္ဓာဟူသော ပရိစ္စဝါရပါဠိတော်၊ ခန္ဓာဝတ္ထုသြ ဝိပါက ပစ္စယေန ပစ္စယော ဟူသော ပဉှာဝါရ ပါဠိတော်တို့အရ၊ ဝိပါကက္ခန္ဓာ ဟူသော ကတ္တားပါဌ်အရ၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာကို သဟဇာတာနံ ရူပါနံ ဟူသော သမ္ပဒါန် ပါဌ်အရ ပဋိသန္ဓေ ကမ္မဇရုပ်၌ပါဝင်သော ဟဒယ ဝတ္ထုကို သီးခြား ခွဲယူပြီးလျှင် ဝိပါကက္ခန္ဓာ ဟူသော ကတ္တားပါဌ်ဖြင့် ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ၄ ပါးပစ္စည်းကို ပြတော်မူ၏။

http://www.dhammadownload.com



သဟာဇာတာနံ ရူပါနံ ဟူသော သမ္ဗန္ဓပါဠိဖြင့် ပစ္ဆာဇာတ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယ ဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဝိပါကဝသေန ဟူသော ကာရိုက်း ပါဠိဖြင့် ဝိပါက ။ လ ။ ပြတော်မူ၏။

အမှာ။ ။ဤသို့ သင်္ဂဟပါဠိ ကို ခွဲခြမ်းစိတ်ဖြာ၍ ချပ်ပြ သင်ယူပါက စာသင်ပျိုနု အခြေပြုတို့ သိမှု လွယ်ကူပေတော့သည်။

ထို့ကြောင့် ဝိပါကဋ္ဌ ပစ္စည်းတရားကား....

၁။ အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ နာမက္ခန္ဓာ ၄ ပါး။

၂။ ဝိပါက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခု၊ ဒွေ ပဉ္စဝိညာဏ် ၁၀၊ ရဟန္တာ တို့၏ စုတိစိတ် ကြဉ်သော ဝိပါက်စိတ်–ဗာဝီသ၊ စေတသိက်–အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ပါး။

၃။ ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါးတည်း။

ပစ္စယုပ္ပန် တရားကား....

၁။ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။

၂။ ဝိပါက်နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။

၃။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယ ဝတ္ထုတည်း။

ဣတိစ ပဉ္စဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ ဝိပါက ဓ၏ သရုပ်ကား ဟေတု ဈာန မဂ္ဂ ကမ္မ ဝိပါကတည်း။

ဆောင်ပုဒ်။ ။နာမ်သည် ရုပ်အား တပ်တုံငြား ၅ ပါး ပစ္စည်းတည်း။

ခခခခခခခ

## နာမ်က ရုပ်အား ကျေးဇူးပြုသော (၁)ပစ္စည်း

ပစ္ဆာဇာတာ စိတ္တ စေတသိကာ ဓမ္မာ ပုရေဇာတဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော ဟောတိ

http://www.dhammadownload.com



ဟူသော ဝါကျဖြင့် ကောဝေ နာမ် ရူပဿ ဟူသော အကျဉ်းသခဲ့ပ ၏ အကျယ် ဝိတ္ထာရ ကို ပြတော်မူ၏။

ထိုတွင်....

ပစ္စာဇာတာ စိတ္တစေတသိကာ ဟူသောကတ္တားပါဌ်ဖြင့် ပဋိသန္ဓေ ဝေါကာရတို့၌ ဖြစ်သောအခါ အရူပ ဝိပါက် ၄ ခု ကြဉ်သော ပထမ ဘဝင် အစရှိသော နောက်နောက်၌ ဖြစ်သော စိတ် ၇၅ ခု၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ ၄ ပါး ပစ္စည်း တရားကို ပြတော်မူ၏။

ပုရေဇာတဿ ဣမဿ ကာယဿ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ပစ္ဆာဇာတဝသေန ဟူသော ကရိုဏ်း ပါဌ်ဖြင့် ပစ္ဆာဇာတ။လ။ ပြတော်မူ၏။

ထို့ကြောင့် ပစ္ဆာဇာတ၌ ပစ္စည်းတရားကား....

ပဉ္စဝေါကာရတို့၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခု ကြဉ်သော ပထမ ဘဝင် အစရှိသော နောက်နောက်၌ ဖြစ်သော စိတ် ၇၅ ခု၊ စေတသိက် ဒွေပညာသ တည်း။

ပစ္စယုပ္ပန်တရားကား....

ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယတည်း။

ဆောင်ပုဒ်။ ။နာမ်ကရုပ်မှာ တပ်တုံပါ ပစ္ဆာဇာတ တစ်ပါးတည်း။

ဆဆဆဆဆဆဆ

## ရုပ်က နာမ်အား ကျေးဇူးပြုသော (၃၁) ပစ္စည်း

ဆဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ၊ ပဉ္စာရမ္မဏာနိစ ပဉ္စဝိညာဏ ဝီထိယာ ပုရေဇာတဝသေနေတိ ဧကဓာဝရူပံ နာမဿ ပစ္စယော ဟောတိ။

ဟူသောဝါကျဖြင့် ရူပံ နာမဿ စေကဓာ ဟူသော အကျဉ်းသခဲ့ပ၏ အကျယ်ဝိတ္ထာရကို ပြတော်မူ၏။

ထိုဝါကျကိုလည်း....

http://www.dhammadownload.com



(က) ဆဝတ္ထုနို ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေဇာတ ဝသေန။

(ခ) ပဉ္စာရမ္မဏာနိ ပဉ္စဝိညာဏဓာတိယာ ပုရေဇာတဝသေန ဟု ၂ ဝါကျခွဲထားပါ။

ထိုတွင်....

(က) ဆဝတ္ထုနို ။လ။ ပုရေဇာတဝသေန ဟူသောဝါကျဖြင့် ဝတ္ထုပုရေဇာတ၏ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

ဆဝတ္ထုနို ဟူသော ကတ္တားပါဒ်ဖြင့် မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက အားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုက ဖြစ်၍ အတီတ ဘဝင်တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု ။လ။ သောတဝတ္ထု ဃာနဝတ္ထု ဇိဝှာဝတ္ထု ကာယဝတ္ထု။

ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်ဖြစ်သော ဟဒယဝတ္ထု။

နိရောဓသမာပတ်မှ ထသောအခါ ရှေး စိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ကို ပြတော်မူ၏။ပဝတ္တိယံ သတ္တန္နံ ဝိညာဏ ဓာတူနံ ဟူသော သမ္ပဒါန် ပါဒ်ဖြင့် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ အရူပဝိပါက်ကြဉ်သော စိတ် ၈၅ ခု၊ စေတသိက် ၅၂ ပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပုရေဇာတဝသေန ဟူသော ကရိုဏ်းပါဒ်ဖြင့် ဝတ္ထုပုရေဇာတ ။လ။ ပြတော်မူ၏။ ထို့ကြောင့် ဝတ္ထုပုရေဇာတ၌....

ပစ္စည်းတရားကား ပဝတ္တိ ဆဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သော်အခါ အရူပ ဝိပါက် ၄ ခုကြဉ်သော စိတ် ၈၅ ခု၊ စေတသိက် ၅၂ ပညာသတည်း။

(ခ) ပဉ္စာရမ္မဏာနိစ ပဉ္စဝိညာဏဓာတိယာ ပုရေဇာတ ဝသေဓိ ဟူသော ဝါကျဖြင့် အာရမ္မဏပုရေဇာတ၏ ပစ္စည်း ပစ္စယုပ္ပန်ကို ပြတော်မူ၏။

http://www.dhammadownload.com



ထိုဝါကျတွင်လည်း....

ပဋ္ဌာရမ္မဏာနိစ ဟူသော ကတ္တားပါဌ်ဖြင့် ပစ္စုပ္ပန် ပဋ္ဌာရုံ ပစ္စည်းတရားကို ပြတော်မူ၏။

ပဋ္ဌ ဝိညာဏ ဝီထိယာ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဋ္ဌဝိညာဏ-ဝီထိ၊ ဝါ-ပဋ္ဌဒွါရိကစိတ် ၅၄ ခု၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပုရေဇာတဝသေန ဟူသော ကရိုဏ်းပါဌ်ဖြင့် အာရမ္မဏ-ပုရေဇာတ ။လ။ ပြတော်မူ၏။

ထို့ကြောင့် အာရမ္မဏပုရေဇာတ၌....

ပစ္စည်းတရားကား ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

ပစ္စယုပ္ပန်တရားကား မဋ္ဌဝေါကာရဘုံ၌ အာရမ္မဏ ပုရေဇာတ ပစ္စည်းကို ရခိုက်ရနေ ကာမစိတ် စတုပညာသ အဘိညာဏ်ဒွေ အပ္ပမညာကြဉ်သော စေတသိက် ပညာသတည်း။

ဆောင်ပုဒ်။ ၂ရုပ်က နာမ်တွေ၊ တပ်တုံပေ၊ ပုရေဇာတတည်း။

**ရှင်းလင်းချက်။**

အထက်ပါ သင်္ဂဟလာ ပဋ္ဌာရမ္မဏာနိစ ကတ္တားပါဌ်ကို ငါး ပါးသော အာရုံတို့သည်ဟု အနက်ယောဇနာပေးသည်။ ထိုယောဇနာ ချက်အရ အာရုံငါးပါးတည်းဟူသော ဂေါစရရုပ် (၇) ပါးကိုသာ အာရမ္မဏ ပုရေဇာတ ထုတ်သင့်လျက် နိပ္ဖန္နရုပ် အဋ္ဌာရသကို ထုတ် ခြင်းသည် သင်္ဂဟ ပါဌ်နှင့် ဆန့်ကျင်၏ဆို ငြားအံ့။

အာရုံသည် ကေန္တအာရုံ၊ အနေကန္တအာရုံအားဖြင့် ၂ ပါးရှိရာ ကေန် အာရုံပြုလက်ာ၌...,

ပဋ္ဌဝိကာမ၊ ဆမဟာဂ္ဂါ၊ ရှစ်ဖြာ နိဗ္ဗာန်၊ နာမ် တစ်ဆယ့်လေး၊ တေရသရုပ်အရ ရုပ်ကို ကေန်အားဖြင့် အာရုံပြုသောတရားကား သင်္ဂဟ၌ ဒသ ဝါကျနှင့် တိ ဝါကျ ဘည်း၊ ဝါ-ဒွေပဋ္ဌဝိညာဏ် (၁၀) နှင့် မနောဓာတ် (၃)ခုတည်း။

အနေကန် အာရုံပြုလက်ာ၌....

ဟံသိမပါ၊ ဇောကာမာ၊ ဘိညာ ဒွေဝုဋ္ဌော။

ကာမ မဟာဂ္ဂုတ်၊ ဝိမုတ် ပညတ်၊ ပရမတ်၊ ငါးရပ် နေကန်တူ၊ ၃၁-ဓီယူ။

http://www.dhammadownload.com



ကာမနေကာ၊ ပေါ်တွင်သာ၊ တဒါ ဟသိန္ဓော။
ပစ္ဆိုမ် တီတာ၊ နာဂတာနှင့်၊ ဓမ္မာရုပ်နာမ်၊ ဤခြောက်တန်၊
နေကန် အတူတူ။
၄၃-စီယူ အရ-
ရုပ်နေကန်အား အာရမ္မဏ သင်္ဂဟလာ....

စိသ ဝါကျ၊ ပဋ္ဌ ဝါကျ၊ ဆ ဝါကျ၊ဒွါဒသဝါကျအရ ၄၃-ပါး တည်း။ ဝါ-အကုသိုလ်၊ ဒွါဒသ၊ သန္တီရဏ ၃-ခု၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ် ကာမာဝစရစိတ် ၂၄-ခု၊ အဘိညာဏ်ဒွေတည်း။

ထိုတွင် အရှင်အနုရုဒ္ဓါဆရာကား ကေန်အာရုံကို ပြတော်မူလို သည်ဖြစ်၍ ပဋ္ဌာရမ္မဏာနိစဟု ဖွင့်ပြတော်မူသည်။

ပဋ္ဌာန ဋ္ဌ (၃၇၁) ဆရာကား....

> ရူပါဒီနိ ပန ပဋ္ဌာ ရမ္မဏာနိ ဒွိပဥ္စ ဝိညာဏာနိ ဒွေ ဝ မနော ဓာတူန ကေန္ဒေနေဝ ပုရေဇာတ ပစ္စယာ ဟောတိ။ အဋ္ဌာရသ ဝိဓမ္မိပနေတံ ရူပရူပံ ကာမာဝစရကုသလဿ၊ ရူပါဝစရတော အဘိညာ ကုသလဿ၊ တဒါရမ္မဏာဘာဝိနော ကာမာဝစရ ဝိပါကဿ၊ ကာမာဝစရကိရိယဿ၊ ရူပါဝစရတော အဘိညာ ကိရိယဿာတိ ကုမေသံ ဆန္ဒံ ရာသီနံ ပုရေဇာတ ပစ္စယော ဟောတိ။

ဟု အနေကန်အားဖြင့် ဖွင့်ပြတော်မူသည်။

ငါးပါးသောအာရုံဟုဆိုအပ်သော ဂေါစရရုပ် (၇)ခုသာ ဖြစ် ပါလျက် ရူပါရူပရုပ် ဝါ- အနိပ္ဖန္နရုပ်(၁၈)ခုကို ယူရခြင်းအကြောင်း ကိုလည်း....

> အယံ ပန ပုရေဇာတပစ္စယော သုဒ္ဓရူပမေဝ ဟောတိ၊ တဉ္စ ခေါ ဥပ္ပါဒက္ခဏံ အတိက္ကမိတွာ ဋ္ဌိတိပ္ပတ္တံ အဋ္ဌာရသဝိမံ ရူပရူပ မေဝ။

ဟု ဖွင့်ပြတော်မူသည်။

ပန၊ အဖို့တစ်ပါးကို ဆိုဦးအံ့။ အယံ ပုရေဇာတ ပစ္စယော၊ သည်။ သုဒ္ဓရူပမေဝ၊ နာမ်နှင့်မရောသော သက်သက်သော ရုပ်သည် သာလျှင်။ ဟောတိ၊ ၏။ တဉ္စ ခေါ၊ ထို။လ။ရုပ်သည်လည်း။ ဥပ္ပါ- ဒ ္ခဏံ၊ ကို။ အတိက္ကမိတွာ၊ ကျော်လွန်၍။ ဋ္ဌိတိပ္ပတ္တံ၊ ရုပ်၏ဌီသို့ရောက်

http://www.dhammadownload.com



သော။ အဋ္ဌာရသဝိမံ၊ ၁၈-ပါး အပြားရှိသော။ ရူပ ရူပမေဝ၊ ရူပ ရုပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဋီကာ အနုဋီကာ ၂၅၆-၌လည်း....

တဿပိ ဟိ ပုရေဇာတ ဓမ္မာ ရမ္မဏာဘာဝလေ အဋ္ဌာရသသု ယံ ကိဉ္စိ အာရမ္မဏ ပုရေဇာတံ ဟောတိ၊ ပစ္စုပ္ပန္နာရမ္မဏတ္တာ တုု အကြောင်းနှင့်တကွ ဖွင့်ပြတော်မူသေး၏။

ဆိုလိုရင်းကား....

ငါးပါးသောအာရုံတို့သည် ဒွေပဉ္စဝိညာဏ်(၁၀)၊မနောဓာတ် (၃)ခုတို့အား ကေဝလပုရေဇာတပစ္စည်း ပါတဲ့။ သို့သော် ဥပါဒ် ခဏကိုလွန်၍ ခဏငယ်အားဖြင့် (၄၉) ချက်မှု ဆိုအပ်သော ဌီသို့ရောက်သောရူပရုပ် ၀ါ ပစ္စုပ္ပာန်အဋ္ဌာရသသည် အနေကန္တ အားဖြင့် ပုရေဇာတပစ္စည်း ဖြစ်ပါတော့၏ ဟူလို။

ထို့ကြောင့်....ပုရေဇာတ ပစ္စည်း အရ ပစ္စုပ္ပန္န နိပ္ဖန္နရုပ် အဋ္ဌာရသ ဟုဆိုသည်။

ဿဿဿဿဿ

## ပညတ်နာမ်ရုပ်က နာမ်အားအကျိုးပြုသော(၂)ပစ္စည်း

အာရမ္မဏ ဝသေန ဥပနိဿယ ဝသေ နေတိစ ဒုဝိဓာ ပညတ္တိ နာမရူပါနိ နာမဿေဝ ပစ္စယာ ဟောတိ ဟူသော ပါဠ်ဖြင့် ပညတ္တိနာမရူပါနိနာမဿ ဒုဝိဓာ ဟူသော သင်္ခေပ ၏ အကျယ် ဝိတ္ထာရကို ပြတော်မူ၏။

တတ္ထရူပါဒိဝသေန ဆဗ္ဗိဓံ ဟောတိ အာရမ္မဏံ ဖြင့်....

အာရမ္မဏ ၏ ပစ္စည်း ပစ္စယုပ္ပန် တရားကိုပြတော်မူ၏။

အာရမ္မဏ ၌ ပစ္စည်းတရားကား....

အာရုံ(၆)ပါးတည်း၊ (ဝါ)ပစ္စုပ္ပန်အတိတ် အနာဂတ်ဖြစ်သော စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်တည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန် တရားကား....

စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ တည်း။

ဥပနိဿယော ပန တိဝိဓော ဟောတိ အာရမ္မဏူပ နိဿယော အနန္တရူပ နိဿယော၊ ပကတူပ နိဿယော စေတိ ဟူသော ပါဠိဖြင့် ဥပနိဿယသည် အာရုံမ္မဏူပနိဿယ၊ အနန္တရူပ-နိဿယ၊ ပကတူပနိဿယ အားဖြင့်(၃)မျိုး ရှိသည်၏ အဖြစ်ကို ပြတော်မူ၏။

ထိုတွင်....တတ္ထ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော ဟူသော ပါဠိဖြင့် အာရမ္မဏူပနိဿယ ၏ ပစ္စည်း၊ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ဤ၌....အာရမ္မဏမေဝ ဂရုံကတွာ ဟူသော ပါဠိဖြင့်....

အလေးအမြတ် ပြုတတ်၊ မပြုတတ် အားဖြင့် အာရမ္မဏိက စိတ်လည်းဖြစ်ပါ၊ အလေးအမြတ် ပြုအပ်၊ မပြုအပ် အားဖြင့် အာရုံလည်း ဖြစ်ပါများသည်ကို ပြတော်မူ၏။

ထိုနှစ်ပါးတို့တွင်....

အလေးအမြတ် ပြုတတ်၊ ပြုအပ်သော ပစ္စယုပ္ပန် ပစ္စည်းတရား တို့ကို အောက်ပါ ဂါထာဖြင့် သိကြပါကုန်။

> သောဇ် တိပါကံ တိကြိယံ၊ စတုပ္ပုရဋ္ဌ သောဇိနော
> တိပုညံ ကာမပုညသ၊ သောဇဿာဓိပတိဘာဝေ။
> ဥတ္တရံ ဓိယုတ္တဋ္ဌန်း၊ နိဗ္ဗာနံ ဥတ္တရဿတု။ ။

သောဇံ၊ ဓလောဘမူစိတ် (၈)ခုသည် လည်းကောင်း။ တိပါကံ၊ ဘုံ သုံးပါး၌ ဖြစ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် သော လောကီဝိပါက် ကေတိ သ သည် လည်းကောင်း။ တိကြိယံ၊ကာမရူပ,အရူပ ကြိယာစိတ်ဝီသသည်လည်းကောင်း။ စတုရူပဋ္ဌ၊ လေးပါးသော အကြောင်းကြောင့် ဖြစ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည် လည်းကောင်း။သောဇိနော၊ လောဘမူစိတ်(၈)ခု၏။ အဓိပတိ၊ အာရမ္မဏ ဓိပတိ ပစ္စည်း သည်။ ဘဝေ၊ ဖြစ်၏။ တိပုညံ၊လောကီကုသိုလ် သတ္တရသသည်။ တာမပုညဿစ၊ ကာမကုသိုလ်၏ လည်းကောင်း။ သောဇဿစ၊

http://www.dhammadownload.com



လောဘမူစိတ်(၈)ခု၏လည်းကောင်း။ အဓိပတိ၊သည်။ ဘဝေ၊ ဖြစ်၏။ ဥတ္တရံ၊ လောကုတ္တရာ ကိုးပါးသည်။ ဓိယုတ္တဋ္ဌန္နံ၊ မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်(၈)ခုတို့၏။ အဓိပတိ၊သည်။ ဘဝေ၊ ဖြစ်၏။ တု၊ ထိုမှတစ်ပါး။ နိဗ္ဗာနံ၊သည်။ ဥတ္တရသ္မာ၊ လောကုတ္တရာ စိတ် (၈) ခု၏။ အဓိပတိ၊ သည်။ ဘဝေ၊ ဖြစ်၏။

ဤဂါထာအရ....

(၁) သေဇ တိပါက တိကြိယ စတုရူပသည် ပစ္စည်း၊ သေဇသည် ပစ္စယုပ္ပန်။

(၂) တိပုည သည် ပစ္စည်း၊ ကာမပုညသေဇသည် ပစ္စယုပ္ပန်။

(၃) ဥတ္တရ္ရ သည် ပစ္စည်း၊ ဓိယုတ္တဋ္ဌန္န သည် ပစ္စယုပ္ပန်။

(၄) နိဗ္ဗာန သည် ပစ္စည်း၊ ဥတ္တရ သည် ပစ္စယုပ္ပန်။

ဖြစ်ကြသည်ဟု ပြတော်မူသည်။

ထို့ကြောင့် အာရမ္မဏူပ နိဿယဥ္စ ပစ္စည်းတရားကား....

အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဇ္ဈတ္တရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ်(၈၄)ခု၊ ဒေါသ-ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တည်း။

ပစ္စယုပ္ပန်တရားကား....

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်ဇော (၈)ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ခု၊ လောကုတ္တရာစိတ် (၈)ခု၊ ဒေါသ၊ ဣဿာမစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာကြဉ်သော စေတသိက် ပဥ္စ စတ္တာလီသတည်း။

အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ အနန္တ ရူပနိဿယော ဟူသောပါဠိဖြင့် အနန္တရူပနိဿယ၏ပစ္စည်း ပစ္စယုပ္ပန်တရားကိုပြတော်မူ၏။

http://www.dhammadownload.com



ထိုတွင်....

အနန္တရနိဂ္ဂါ စိတ္တစေတသိကာဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

> အမှာ- ဤ၌ သမ္ပဒါန်ပါဌ် မပါသော်လည်း အနန္တရနိဂ္ဂါ စိတ္တစေတသိကာ ဓမ္မာ ဟူသော ပါဌ်၌ အနန္တရနိဂ္ဂါ ဟု ပါဌ်၏ သဒ္ဒန္တရိုက်ကို ထောက်၍ မချုပ်သေးသော စိတ် စေတသိက်တို့ကို ပစ္စယုပ္ပန်ယူကြလေဟု ပြတော်မူသည်။

ထို့ကြောင့် ပစ္စည်းတရားကား....

ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ်(၈၉)ခု စေတသိက် ဒွေပညာသတည်း။

ရဟန္တာတို့၏စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ်(၈၉) ခု၊ စေတသိက် ဒွေပညာသတည်း။

ရာဂါဒယော ပန ဓမ္မာ။လ။ဗဟုဓာဟောတိ ပကတူပနိဿယော ဟူသော ပါဌ်ဖြင့်....

ပကတူပနိဿယ၏ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုတွင်....

ရာဂါဒယော ပန ဓမ္မာ ။လ။သေနာသနံ ဟူသော ကတ္တားပါဌ် တို့ဖြင့် ရာဂါဒိ သဒ္ဓါဒိ ကာယိကသုခ ဒုက္ခ ဘောဇန ဥတု သေနာသနံ ပစ္စည်းတရားတို့ကို ပြတော်မူ၏။

အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ ကုသလာဒိဓမ္မာနံ ကမ္မံ ဝိပါကာနံ ဟူသော သမ္ပဒါန်ပါဌ်တို့ဖြင့် ကုသိုလ်စေတီသ အကုသိုလ်ဒွါဒသ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဗဟုဓာဟောတိဖြင့် ပကတူပနိဿယ ပစ္စည်းများ၏ အဖြစ်ကို ပြတော်မူ၏။

ထို့ကြောင့် ပကတူပနိဿယ၌ ပစ္စည်းတရားကား-

http://www.dhammadownload.com



ဗလဝဖြစ်သော ရှေးရှေးသော စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသရုပ် အဋ္ဌဝီသပစ္စည်းဖြစ်ထိုက်သော အချို့သော ပည်ဆွတ်တည်း။

ပစ္စယုပ္ပန်တရားကား နောက်နောက်သော စိတ်(၈၉)ခု၊ စေ တသိက် ဒွေပညာသတည်း။

ဆဆဆဆဆဆဆဆ

## နာမ်ရုပ်(၂)ပါးက နာမ်ရုပ်(၂)ပါးအား ကျေးဇူးပြုသော (၉)ပစ္စည်း

အဓိပတိ သဟဇာတ။ပ။ယထာရဟံ နဝဓာ နာမရူပါနိ နာမ ရူပါနံ ပစ္စယော ဘဝန္တိ ဟူသော ပါဠိဖြင့် နာမ်ရုပ်(၂)ပါးက နာမ် ရုပ်(၂)ပါးအား ကျေးဇူးပြုသော (၉)ပစ္စည်း၏ သရုပ်ကို ပြတော် မူ၏။

တတ္ထ ဂရုကတမာရမ္မဏံ ။လ။ ဒုဝိဓော ဟောတိ အဓိပတိ ပစ္စယော ဟူသော ဝါကျဖြင့် အဓိပတိ(၂)ပါးရှိသည်၏အဖြစ်ကိုလည်း ကောင်း၊ ထို(၂)ပါးတို့၏ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို လည်းကောင်း ပြတော်မူသည်။

ထိုတွင် ဂရုကတမာရမ္မဏံ အာရမ္မဏာဓိပတိဝသေနနာမာနံ ဖြင့် အာရမ္မဏာဓိပတိ၏ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အမှာ။ ။အာရမ္မဏာဓိပတိ၏ပစ္စည်း ပစ္စယုပ္ပန်တရားသည် အာရမ္မ- ဏူပ နိဿယ၏ပစ္စည်း ပစ္စယုပ္ပန်နှင့် တူ၏။

သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ သဟဇာတဝသေန သဟ- ဇာတာနံ နာမရူပါနံ ဟူသော ပါဠိဖြင့် သဟဇာတ၏ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုတွင်-

သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ ဟူသော ကတ္တားပါဠိဖြင့် မောဟမူဒွေ ဟသိတုပ္ပါဒ် ကြဉ်သော အဓိပတိ တပ်ခိုက် တပ်နေ သာဓိပတိဇော(၅၂)ခုဌ် ရှိသော ဆန္ဒ, ဝီရိယ, ဝိမံသ, သာဓိပတိဇော

http://www.dhammadownload.com



(၅၂)ခုဟု ဆိုအပ်သော အဓိပတိတရားကိုယ်(၄)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတာနံ နာမရူပါနံဖြင့် အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော(၅၂)ခု၊ဝိစိကိစ္ဆာကြဉ်သော စေတသိက် ကေပညာသ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထို့ကြောင့် သဟဇာတာဓိပတိ၌ ပစ္စည်းတရားကား-

အဓိပတိကိစ္စတပ်ခိုက် ဆန္ဒ,ဝီရိယ,ဝီမံသ (၃)ပါး၊ (၄)ပါးတို့တွင် တစ်ပါးပါးတည်း။

ပစ္စယုပ္ပန်တရားကား-

အဓိပတိပစ္စည်းကိုရခိုက် ရနေ မောဟမူဒွေ ဟသိတုပ္ပါဒ်ဇော ကြဉ်သော စေတသိက် ကေပညာသ သာဓိပတိ စိတ္တဇရုပ်တည်း။

စိတ္တစေတသိကာဓမ္မာ အညမညံ သဟဇာတရူပနဉ္စ၊မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ၊ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညန္တိစ တိဝိဓော ဟောတိ သဟဇာတပစ္စယောဟူသောပါဠိဖြင့် သဟဇာတ၏ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုပါဠိကို-

(၁) စိတ္တစေတသိကာဓမ္မာ အညမညံ သဟဇာတဝသေန၊
(၂) စိတ္တစေတသိကာ ဓမ္မာ သဟဇာတရူပါနံ သဟဇာတ ဝသေန၊
(၃) မဟာဘူတာ အညမညံ သဟဇာတဝသေန၊
(၄) မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတဝသေန၊
(၅) ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညံ သဟဇာတ ဝသေန။

ဟု ငါးဝါကျခွဲထားပါ။

ထို(၅)ဝါကျတို့တွင်-

(၁) စိတ္တစေတသိကာ ဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အချင်းချင်းအားတပ်သော စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် အချင်းချင်းမှ ထောက်အပ်သော စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

http://www.dhammadownload.com



(၂) စိတ္တစေတသိကာ ဓမ္မာ ပါဠိဖြင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် (၄)ခု၊ ဒွေ့ ပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် (၇၅)ခု၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတရူပါနံ ဟူသော သမ္ဘဒါနိပါဠိဖြင့် နာမက္ခန္ဓာမှ ထောက်အစ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

(၃) မဟာဘူတာ ဟူသော ကတ္တားပါဠိဖြင့် အချင်းချင်း အား တပ်သော မဟာဘုတ် (၄)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ ဟူသော သမ္ဘဒါနိပါဠိဖြင့် အချင်း ချင်းမှထောက်အပ်သော မဟာဘုတ်(၄)ပါး ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

(၄) မဟာဘူတာဖြင့် ဥပါဒါရုပ်အား တပ်သော မဟာ ဘုတ် (၄)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

ဥပါဒါရူပါနံ ဟူသော သမ္ဘဒါနိ ပါဠိ ဖြင့် မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

(၅) ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ ဟူသော ကတ္တားပါဠိ ဖြင့် အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိ သန္ဓေ နာမက္ခန္ဓာ (၄)ပါး နှင့် ဟဒယဝတ္ထု ပစ္စည်း တရားကို ပြတော်မူ၏။

အညမညံ ဟူသော သမ္ဘဒါနိပါဠိ ဖြင့်– အချင်း ချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

http://www.dhammadownload.com



ထို့ကြောင့် သဟဇာတဌ် ပစ္စည်းတရားကား....

(၁) အချင်းချင်းအား တပ်သော စိတ် (၈၉)၊ စေတသိက် ဒွေပဉ္စာသ ပဝ ၅၂ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

(၂) အချင်းချင်းအား တပ်သော မဟာဘုတ် (၄)ပါး၊

(၃) အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု၊

(၄) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏ စုတိသည် ကြဉ်အပ်သော စိတ် (၇၅)ခု၊ စေတသိက် ဒွေပဉ္စာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါး၊

(၅) ဥပါဒါရုပ်အား တပ်သော မဟာဘုတ် (၄)ပါးတည်း။

ပစ္စယုပ္ပန်တရားကား....

(၁) အချင်းချင်းမှ ထောက်အပ်သော စိတ် (၈၉) ခု၊ စေတသိက် ဒွေပဉ္စာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ (၄)ပါး၊

(၂) အချင်းချင်းမှ ထောက်အပ်သော မဟာဘုတ် (၄)ပါး၊

(၃) အချင်းချင်းမှထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု၊

(၄) နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊

(၅) မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ်တည်း။

စိတ္တစေတသိကာ ဓမ္မာ အညမညံ ။လ။ တိဝိဓော ဟောတိ အညမညပစ္စယော ဟူသော ပါဠိဖြင့် အညမည၏ ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုတွင်....

(၁) စိတ္တစေတသိကာဓမ္မာ ဖြင့် အချင်းချင်းအားတပ်သော စိတ် (၈၉)ခု၊ စေတသိက် ဒွေပဉ္စာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါး ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ ဟူသော ဖြင့် အချင်းချင်းမှ ထောက်အပ်သော စိတ် (၈၉)ခု၊ စေတသိက် ဒွေပဉ္စာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

http://www.dhammadownload.com



မဟာဘူတာ ဟူသော ကတ္တားပါဠိဖြင့်....

(၂) အချင်းချင်းအား တပ်သော မဟာဘုတ် (၄)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံဟူသော သမ္ပဒါန်ပါဠိဖြင့် အချင်းချင်းမှ ထောက်အပ်သော မဟာဘုတ် (၄)ပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

(၃) ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ.... ဖြင့် အချင်းချင်းအား တပ်သော ပဋိဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါးနှင့် ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။

ထို့ကြောင့် အညမည၌....

ပစ္စည်းတရားကား....သဟဇာတ(၁-၂-၃)တည်း။

ပစ္စယုပ္ပန်တရားကား....သဟဇာတ(၁-၂-၃)ပင်တည်း။

စိတ္တစေတသိကာဓမ္မာ ။လ။ တိဝိဓေဝ ဟောတိ ဟူသော ဝါကျဖြင့်....

နိဿယ ပစ္စည်း(၂) မျိုးရှိသည်၏ အဖြစ်ကို လည်းကောင်း၊ ထို(၂)မျိုးတို့၏ ပစ္စည်း ပစ္စယုပ္ပန် တရားတို့ကို လည်းကောင်း ပြတော်မူ၏။

ထိုတွင်....

စိတ္တစေတသိကာဓမ္မာ ဥပါဒါရူပါနဉ္စ ဟူသော ပါဠိတို့ဖြင့် သဟဇာတ နိဿယ ပစ္စည်း ပစ္စယုပ္ပန်တို့ကို ပြတော်မူ၏။

ထို့ကြောင့် သဟဇာတ နိဿယ၌....

ပစ္စည်းတရားကား....သဟဇာတ(၁၊၂၊၃၊၄၊၅)တည်း။

ပစ္စယုပ္ပန်တရားကား....သဟဇာတ(၁၊၂၊၃၊၄၊၅)တည်း။

ဆဝတ္ထူနိ သတ္တန္နံ ဝိညာဏဓာတူနံ ဟူသောပါဠိဖြင့်....

ဝတ္ထုပုရေဇာတ နိဿယ၏ ပစ္စည်း ပစ္စယုပ္ပန်တို့ကို ပြတော်မူ၏။

ဝတ္ထုပုရေဇာတ နိဿယ၏ ပစ္စည်း ပစ္စယုပ္ပန် တရားကား ဝတ္ထု ပုရေဇာတ နှင့်တူ၏။

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနဉ္စ ဒုဝိဓော ဟောတိ အာဟာရပစ္စယော ဟူသောဝါကျဖြင့်....

http://www.dhammadownload.com



အာဟာရပစ္စည်း(၂)မျိုးရှိသည်၏ အဖြစ်ကို လည်းကောင်း၊

ယင်းနှစ်မျိုးတို့၏ ပစ္စည်း ပစ္စယုပ္ပန်တို့ကိုလည်းကောင်းပြတော်မူသည်။

ထိုတွင်....

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ ဟူသော ပါဠ်ဖြင့် ရုပ်အာဟာရ ၏ ပစ္စည်း ပစ္စယုပ္ပန်ကို ပြတော်မူသည်။ ကဗဠီကာရော အာဟာရော ဟူသော ကတ္တားပါဌ်ဖြင့်....

အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ပစ္စည်းတရားကို ပြတော်မူသည်။

ဣမဿ ကာယဿ ဟူသော သမ္ပဒါန်ပါဌ်ဖြင့်....

ကလာပ်တူ ဩဇာကြွင်းသော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူသည်။

ထို့ကြောင့် ရုပအာဟာရ၌....

ပစ္စည်းတရားကား....စတုသမုဋ္ဌာနိက ဩဇာတည်း။

ပစ္စယုပ္ပန်တရားကား....ကလာပ်တူ ဩဇာကြွင်းသော ကလာပ်တူ၊ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တည်း။

အရူပိနော အာဟာရာ ဟူသော ကတ္တားပါဌ်ဖြင့်....

ဖဿ စေတနာ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ်သုံးပါး ပစ္စည်းတရားကို ပြတော်မူ၏။

သမ္ပယုတ္တကာနံ နာမရူပါနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့်....

စိတ် (၈၉) ခု၊ စေတသိက် ၅၂ ပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထို့ကြောင့် နာမ်အာဟာရ၌....

ပစ္စည်းတရားကား ဖဿ စေတနာ ဝိညာဏ်တည်း။

ပစ္စယုပ္ပန်တရားကား စိတ် (၈၉)ခု၊ စေတသိက် ၅၂ ပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ၊ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တာနံ နာမရူပါနန္တိ တိဝိဓော ဟောတိ ဣန္ဒြိယပစ္စယော ဟူသော ပါဠ်ဖြင့်....

http://www.dhammadownload.com



ဝတ္ထုပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယ သဟဇာတတိန္ဒြိယ သုံးမျိုးရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းသုံးမျိုးတို့၏ ပစ္စည်း ပစ္စယုပ္ပန်တို့ကိုလည်းကောင်း ပြတော်မူသည်။

ထိုတွင်....

(က) ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ ဝါကျဖြင့် ဝတ္ထုပုရေဇာတိန္ဒြိယ ၏ ပစ္စည်း ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

ပဉ္စ ပသာဒါ ဟူသော ကတ္တားပါဒ်ဖြင့်....

မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု သောတဝတ္ထု ။လ။ ကာယဝတ္ထု ပစ္စည်းတရားကို ပြတော်မူသည်။

ပဉ္စန္နံ ဝိညာဏာနံ ဟူသော သမ္ပဒါန်ပါဒ်ဖြင့်....

ဒွေပဉ္စဝိညာဏ်(၁၀)၊သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခု၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

(ခ) ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ ဟူသော ဝါကျဖြင့်....

ရူပဇီဝိတိန္ဒြိယ ပစ္စည်းပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

ရူပဇီဝိတိန္ဒြိယံ ဟူသော ကတ္တားပါဒ်ဖြင့် ပဝတ္တိပဋိသန္ဓေ အားဖြင့် ရုပ် ဇီဝိတိန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။

ဥပါဒိန္နရူပါနံ ဟူသော သမ္ပဒါန် ပါဒ်ဖြင့်....

ရုပ် ဇီဝိတိန္ဒြေကြွင်းသော ကလာပ်တူ ကမ္မဇရုပ်(၉)ခု၊ (၁)ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

(ဂ) အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနံ ဟူသော ဝါကျဖြင့် သဟဇာတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထိုဝါကျတွင်လည်း....

အရူပိနောဣန္ဒြိယာ ဟူသော ကတ္တားပါဒ်ဖြင့်....

ဇီဝိတ စိတ် စေတနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်(၈)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

http://www.dhammadownload.com



သဟဇာတာနံ နာမရူပါနံဟူသော သမ္ဗန္ဓါနိပါဌ်ဖြင့်....

စိတ်တစ်ခု ယုတ်(၉၀)၊ စေတသိက် ဒွေပဉ္စာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားကိုပြတော်မူ၏။

ထို့ကြောင့် ပုရေဇာတိန္ဒြိယဋ္ဌ ပစ္စည်းတရားကား....

ဒွေပဥ္စဝိညာဏ်(၁၀)၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတည်း။

ရူပဇီဝိတိန္ဒြိယဋ္ဌ ပစ္စည်းတရားကား....

ပဝတ္တိ ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေတည်း။

ပစ္စယုပ္ပန်တရားကား....

ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် (၉)ခု၊ (၈)ခု တည်း။

သဟဇာတိန္ဒြိယဋ္ဌ ပစ္စည်းတရားကား....

ဇီဝိတ စိတ် စေတနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ တည်း။

ပစ္စယုပ္ပန်တရားကား....

စိတ်တစ်ခု ယုတ်(၉၀)၊ စေတသိက် ဒွေပဉ္စာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

> ဩဠာရိကတ္တေ ဝတ္ထု ဝိပါကာနံ ။ပ။ ပုရေဇာတ ဝသေနေတိစ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော ဟူသောဝါကျဖြင့်....

ဝိပ္ပယုတ်သည် သဟဇာတ ဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်အားဖြင့် သုံးမျိုးရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းသုံးမျိုး တို့၏ ပစ္စည်း ပစ္စယုပ္ပန် တို့ကိုလည်းကောင်း ပြတော်မူသည်။

ထိုတွင်....

ဩဠာရိကတ္တေ ဝတ္ထု ဝိပါကာနံ၊ စိတ္တစေတသိကာဓမ္မာ သဟဇာတရူပါနံ သဟဇာတ ဝသေနဖြင့်....

သဟဇာတဝိပ္ပယုတ်၏ပစ္စည်း ပစ္စယုပ္ပန် တို့ကို ပြတော်မူသည်။

(၁) ဩဠာရိကတ္တေ ဝတ္ထု ဟူသောဧကတ္တားပါဌ်ဖြင့်....

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

http://www.dhammadownload.com



ဝိပါကာနံ့ သမ္ပဒါန်ပါဠ်ဖြင့်....

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကိုပြတော်မူ၏။

(၂) စိတ္တစေတသိကာ မွှာဟူသော ကတ္တားပါဠ်ဖြင့်....
စိတ္တဇရုပ် ကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏ စုတိကြဉ်သော စိတ် (၇၅) ခု၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားကို ပြတော်မူ၏။

သဟဇာတမ္ပိ ပါနံ့ ဟူသော သမ္ပဒါန်ဖြင့်....

နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထို့ကြောင့် သဟဇာတဝိပ္ပယုတ္တ၌....

ပစ္စည်းတရားကား သဟဇာတ (၃-၄) တည်း။

ပစ္စယုပ္ပန်တရားကား သဟဇာတ (၃-၄) တည်း။

ပစ္ဆာဇာတာ စိတ္တ စေတသိကာမွှာ ဟူသော ကတ္တားပါဠ်ဖြင့်....

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် (၄) ခု ကြဉ်သော ပထမ ဘဝင်အစရှိသော နောက်နောက်သော စိတ် (၈၅) ခု၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

ပုရေဇာတဿ ဣမဿ ကာယဿ ဖြင့်....

ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကေဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ထို့ကြောင့် ပစ္ဆာဇာတဝိပ္ပယုတ္တ၌....

ပစ္စည်းတရားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်၌ ဖြစ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပညာသ တည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားကား....

ပဋိသန္ဓေ အခါရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယတည်း။

သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတမိစ္စယန္တိ။
ပဉ္စဝိဓော ဟောတိ၊ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။

ဟူသောပါဠိဖြင့်....

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပအာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် အတ္ထိ ငါးမျိုး ရှိသည်၏အဖြစ်ကို ပြတော်မူသည်။

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသုံခ သဗ္ဗေပိ ပစ္စယာ သမော-ဓာနံ ဂစ္ဆန္တိ။

ဟူသောပါဠိဖြင့်....

အလုံးစုံသော (၂၄) ပစ္စည်းတို့သည် အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်း၊ အတ္ထိပစ္စည်း ဤ (၄)ပစ္စည်း တို့သည် ပေါင်းသည်၏အဖြစ်ကို ပြတော်မူသည်။

ပစ္စည်း (၄) မျိုး၌ ပေါင်းပုံကား....

(၁) အာရုံ၏အဖြစ်သို့ မရောက်သော ပစ္စည်းမည်သည် မရှိ၊ ထို့ကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏ ပစ္စည်း၌ ပေါင်းအပ်ကုန်၏။

(၂) ဥပနိဿယ အဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်း မည်သည် မရှိ၊ ထို့ကြောင့်အလုံးစုံသော ပစ္စည်း တို့သည် ဥပနိဿယပစ္စည်း၌ ပေါင်းအပ်ကုန်၏။

(၃) သင်္ခါရလောကဟု ဆိုအပ်သော အကျိုးတရား၌ ကုသိုလ်ကံ၊ အကုသိုလ်ကံဟု ဆိုအပ်သော အကြောင်းတရားကို တင်စား၍ ခေါ်ဝေါ်အပ်သည်၏ အဖြစ်ကြောင့် အလုံး စုံသော ပစ္စည်းတို့သည် ကမ္မပစ္စည်း၌ ပေါင်းအပ် ကုန်၏။

http://www.dhammadownload.com



(၄) အလုံးစုံသော ပစ္စည်းတို့သည် လောကသမ္မုတိ ပရမတ္ထ၏ အစွမ်းအားဖြင့် ထင်ရှားသည်၏အဖြစ်ကြောင့် အတ္ထိပစ္စည်း၌ ပေါင်းအပ်ကုန်၏။

ဋီကာကျော်-၂၅၂ ၌....

နဟိသော ကောစိ ပစ္စယော အတ္ထိ၊ ယော စိတ္တစေတသိကာနံ အာရမ္မဏာဘာဝံ နဂစ္ဆေယျ၊ သကသက ပစ္စယုပ္ပန္နဿစ ဥပနိဿယဘာဝံ န ဂစ္ဆတိ။ ကမ္မ ဟေတုကတ္တာစ လောက ပဝတ္တိယာ ဖလဟေတူ ပစာနုဝသေန သဗ္ဗေပိ ကမ္မသဘာဝံ နာတိဝတ္တန္တိ။ တေစပရမတ္ထတော လောကသမ္မုတိ ဝသေနစ ဝိဇ္ဇာမာန ယေဝါယိ သဗ္ဗေပိ စတူသု သမောဓာနံ ဂစ္ဆန္တိ။

ယော ပစ္စယော၊ သည်။ စိတ္တစေတသိကာနံ၊တို့၏။ အာရမ္မဏာဘာဝံ၊သို့။ နဂစ္ဆေယျ၊ မရောက်ရာ။ ကောစိ၊ တစ်စုံတစ်ခုသော။ သောပစ္စယော၊ သည်။ ဟိယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗေပစ္စယာ၊ တို့သည်။ အာရမ္မဏပစ္စယေ၊ ၌။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။

ယောပစ္စယော၊ သည်။ သကသကပစ္စယုပ္ပန္နဿ၊ မိမိ မိမိ ဟုဆိုအပ်သော ပစ္စယုပ္ပန်တရား၏။ ဥပနိဿယဘာဝံ၊ မှီရာ၏အဖြစ်သို့။ နဂစ္ဆန္တိ၊ မရောက်။ ကောစိ၊ တစ်စုံတစ်ခုသော။ သောပစ္စယော၊ သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ သဗ္ဗေပစ္စယာ၊ တို့သည်။ ဥပနိဿယပစ္စယေ၊ ၌။ သမောဓာနံ၊ သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

လောကပဝတ္တိယာ၊ သင်္ခါရလောက၏ဖြစ်ခြင်း၏။ ဖလဟေတူ-ပစာရဝသေန၊ ဖလူပစာရ ဟေတူပစာရ၏အစွမ်းအားဖြင့်။ ကမ္မဟေတုကတ္တာစ၊ ကံလျှင်အကြောင်း ရှိသည်၏ အဖြစ်ကြောင့်လည်း။ သဗ္ဗေပိဓမ္မာ၊ အလုံးစုံသောတရားတို့သည်လည်း။ ကမ္မသဘာဝံ၊ ကံဟူသော သဘောကို။ နာတိဝတ္တန္တိ၊ မလွန်နိုင်ကုန်။ တသ္မာ၊ ကြောင့်။ ကမ္မပစ္စယော၊ ၌။ သမောဓာနံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

တေစဓမ္မာ၊ တို့သည်လည်း။ ပရမတ္ထတောစ၊ အားဖြင့်လည်းကောင်း။ လောကသမ္မုတိဝသေနစ၊ အားဖြင့်လည်းကောင်း။ ဝိဇ္ဇာမာနမေဝ၊ ထင်ရှားရှိကုန်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။

http://www.dhammadownload.com



သမ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပစ္စယာ၊ တို့သည်။ စတူသု၊ ကုန်သော။ ဣမေသု- ပစ္စယေ သု၊ ဤပစ္စည်းတို့၌။ သမောဓာနံ၊ သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ပဋ္ဌာန-ဋ္ဌ၊ ၄၆၃ ၌ကား....

> သဗ္ဗေပိဟိ-ဣမေ စတုဝီသတိပစ္စယာ အဋ္ဌသု ပစ္စယေသု သင်္ဂဟံ ဂစ္ဆန္တိ။ ကတရေသု အဋ္ဌသု အာရမ္မဏေ သဟဇာတေ ဥပနိဿယေ ပုရေဇာတေ ပစ္ဆာဇာတေ ကမ္မေ အာဟာရေ ဣန္ဒြိယေတိ။

ဆဆဆဆဆဆဆ

## ရှေးဆရာကြီးများ၏နည်း ပစ္စည်းကြီး (၈) မျိုး၌ သွင်းယူပုံ

အဓိပ္ပာယ်။ ဤနည်းသည် သဘာဂပစ္စည်းတပ်ရာ၌လည်းကောင်း၊ ပစ္စည်းပြိုင်ရာ၌လည်းကောင်း၊ သန္ဓေနာထုတ်ရာစသည်၌လည်းကောင်း အလွန် ကျေးဇူးများသည်ဖြစ်၍ အလေးဂရုပြု၍ သင်ယူမှတ်သားကြကုန်ရာ၏။

ဂေါစရံ သဟဇံဥပ၊ ဝတ္ထုပုရေဇပစ္ဆိမံ။
နာနာက္ခဏံ၊ ရူပါဟာရံ၊ ရူပဇီဝိတမဋ္ဌမာ။

ဂေါစရံ၊ အာရမ္မဏမျိုး(၈) ပါးလည်းကောင်း။ သဟဇံ၊ သဟဇာတမျိုး တစ်ဆယ့်ငါးပါးလည်းကောင်း။ ဥပံ၊ အနန္တရပကတူပနိဿယ ဥပနိဿယမျိုး ခုနစ်ပါးလည်းကောင်း။ ဝတ္ထုပုရေဇံ၊ ဝတ္ထုပုရေဇာတမျိုးခြောက်ပါးလည်းကောင်း။ ပစ္ဆိမံ၊ ပစ္ဆာဇာတမျိုးလေးပါးလည်းကောင်း။ နာနာက္ခဏံ၊ နာနာက္ခဏိကမျိုး တစ်ပါးလည်းကောင်း။ ရူပါဟာရံ၊ ရုပ်အာဟာရမျိုး သုံးပါးလည်းကောင်း။ ရူပဇီဝိတံ၊ ရူပဇီဝိတိန္ဒြိယမျိုး သုံးပါးလည်းကောင်း။ ဣတိ၊ ဤသို့။ ပစ္စယဇာတံ၊ ဇာတ်သဘောတူပစ္စည်းမျိုးသည်။ အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိ၏။

မှတ်ချက်။ သင်္ဂဟပါဠိငြကြည့်၍ ရေတွက်လျှင်လည်း ဇာတ်သဘောတူ ပစ္စည်း (၈)မျိုး ရနိုင်၏။

http://www.dhammadownload.com



ဤသို့ ထိုပစ္စည်း (၈)မျိုး အားလျော်စွာ ၂ ချက်စုကို စုစည်းပြပေအံ့။

သဟဇာတမျိုး (၁၅)

သဟဇာတကြီး (၄)

သဟဇာတ နိဿယ အတ္ထိ အဝိဂတ တို့၌ ပစ္စည်းတရားကား....
(၁) အချင်းချင်းအားတပ်သော စိတ် (၈၉)ခု၊ စေတသိက် ဖွဲ့ပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး၊
(၂) အချင်းချင်းအားတပ်သော မဟာဘုတ် (၄) ပါး၊
(၃) အချင်းချင်းအား တပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါးနှင့် ဟဒယဝတ္ထု၊
(၄) စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ် (၇၅)ခု၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး။
(၅) ဥပါဒါရုပ်အား တပ်သော မဟာဘုတ် (၄)ပါးတည်း။

ပစ္စယုပ္ပန်တရားကား....
(၁) အချင်းချင်းမှထောက်အပ်သောစိတ်(၈၉)ခု၊စေတသိက် ဖွဲ့ပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊
(၂) အချင်းချင်းမှ ထောက်အပ်သော မဟာဘုတ်(၄)ပါး၊
(၃) အချင်းချင်းမှထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု၊
(၄) နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊
(၅) မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ်တည်း။

သဟဇာတလတ် (၄)

အညမည၌ ပစ္စည်းတရားကား သဟဇာတ ၁၊ ၂၊ ၃ ပစ္စည်းတရားတို့ပင်တည်း။

http://www.dhammadownload.com



ပစ္ဆယုပ္ပန်တရားကား သဟဇာတ ၁၊ ၂၊ ၃ ပစ္စယုပ္ပန် တရားတို့ ပင်တည်း။

ဝိပါကဥ္စ ပစ္စည်းတရားကား....

(၁) အချင်းချင်းအားတပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

(၂) ဝိပါက်စိတ္တဇရုပ် ဝိပါက် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာ တို့၏ စုတိ ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ စေတသိက် အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

(၃) ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးတည်း။

ပစ္စယုပ္ပန်တရားကား....

(၁) အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

(၂) ဝိပါက် နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊

(၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ် သော ဟဒယဝတ္ထုတည်း။

သမ္ပယုတ္တဥ္စ ပစ္စည်းတရားကား သဟဇာတ (၁) ပစ္စည်းတရား တည်း။

ပစ္စယုပ္ပန် တရားကား သဟဇာတ ၁ ပစ္စယုပ္ပန် တရားတို့ ပေတည်း။

ဝိပ္ပယုတ္တဥ္စ ပစ္စည်းတရားကား သဟဇာတ ၃-၄ ပစ္စည်းတို့ ပင်တည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန် တရားကား သဟဇာတ ၃-၄ ပစ္စယုပ္ပန် တရားတို့ ဖြစ်တည်း။

သဟဇာတငယ်(၇)

ဟေတုဥ္စ ပစ္စည်း တရားကား လောဘ, ဒေါသ, မောဟ၊ အလောဘ အဒေါသ အမောဟ တည်း။

ပစ္စယုပ္ပန်တရားကား သဟိတ်စိတ် ကောသတ္တတိ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

အဓိပတိဉ္စ ပစ္စည်းတရားကား အဓိပတိတပ်ခိုက် ဆန္ဒ ဝီရိယ စိတ် ဝိမံသ(၃)ပါး၊ (၄)ပါးတို့တွင် တစ်ပါးပါးတည်း။

ပစ္စယုပ္ပန်တရားကား အဓိပတိပစ္စည်းကိုရခိုက် ရနေ မောဟ-မူဒွေ ဟသိတုပ္ပါဒ် ကြဉ်သော သာဓိပတိဇော ၅၂ ခု၊ အဓိပတိ တရားကိုယ် စိစိကိစ္ဆာကြဉ်သော စေတသိက် ကေပညာသ၊ သာဓိပတိ စိတ္တဇရုပ်တည်း။

ကမ္မဥ္စ ပစ္စည်းတရားကား စေတနာတည်း။

ပစ္စယုပ္ပန် တရားကား စိတ် (၈၉) ခု၊ စေတနာကြဉ်သော စေတသိက် ကေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တည်း။

အာဟာရဥ္စ ပစ္စည်းတရားကား ဖဿ စေတနာ ဝိညာဏ် တည်း။

ပစ္စယုပ္ပန် တရားကား စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

ဣန္ဒြိယဥ္စ ပစ္စည်းတရားကား ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတည်း။

ပစ္စယုပ္ပန် တရားကား စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တည်း။

ဈာန ဥ္စ ပစ္စည်းတရားကား ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တည်း။

ပစ္စယုပ္ပန် တရားကား ဒွေပဉ္စဝိညာဏ် (၁၀) ကြဉ်သော စိတ် (၇၉) ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တည်း။

http://www.dhammadownload.com



မဂ္ဂ ၌ ပစ္စည်း တရားကား ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ တည်း။

ပစ္စယုပ္ပန် တရားကား သဟိတ်စိတ် ကေသတ္တတို့ စေတသိက် ဒွေပဉ္စာသ၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တည်း။

သတ္တစတ္တာ မျိုး ပြီး၏။

ဆဲ့ရမ္မဏ ၈–မျိုး

အာရမ္မဏ ၌ မစ္စည်းတရားကား အာရုံ(၆)ပါးတည်း(ဝါ) ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော စိတ် (၈၉)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ် တည်း။

ပစ္စယုပ္ပန် တရားကား စိတ်(၈၉)ခု၊ စေတသိက် ဒွေပညာသ တည်း။

အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ တို့၌ ပစ္စည်းတရား ကား ဇလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ ဒုက္ခသဟ ဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် တတ္တစတ္တာလီသ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် တည်း။

ပစ္စယုပ္ပန် တရားကား အလေးအမြတ် ပြုအပ်သော လောဘမူ စိတ်(၈)ခု၊ မဟာကုသိုလ်စိတ်(၈)ခု၊ မဟာကြိယာဉာဏ သမ္ပယုတ် စိတ်(၄)ခု၊ လောကုတ္တရာ စိတ် (၈)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာ ကြဉ်သော စေတသိက် ပဉ္စစတ္တာ လီသတည်း။

ဝတ္ထာရမ္မဏ ပုရေဇာတ (၆)

ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ၊

http://www.dhammadownload.com



ဝတ္ထာရမ္မဏ ပုရေဇာတ အဝိဂတတို့၌ ပစ္စည်းတရားကား မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော်(၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုတည်း။

ပစ္စယုပ္ပန် တရားကား ပဉ္စဝေါကာရ ဘုံ၌ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်းကို ရသောအခါ မနောဒွါရာဝဇ္ဇန်း ကာမဇော တစ်ခု ယုတ်(၃၀)၊ ယဓါရုံ ကောဒသ အဘိညာဏ်ဒွေ၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသတည်း။

## အာရမ္မဏ ပုရေဇာတ-၄

အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတတို့၌ ပစ္စည်းတရားကား ပစ္စယုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

ပစ္စယုပ္ပန်တရားကား ပဉ္စဝေါကာရဘုံ၌ အာရမ္မဏ ပုရေဇာတ ပစ္စည်းတို့ကို ရခိုက် ရနေ ကာမစိတ် စတုပညာသ အဘိညာဏ်ဒွေ အပ္ပမညာ ကြဉ်သော စေတသိက် ဒွေပညာသတည်း။

## အနန္တရမျိုး ၇-ပစ္စည်း

အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ တို့၌ ပစ္စည်း တရားကား ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသောစိတ် (၈၉) ခု၊ စေတသိက် ဒွေပညာသတည်း။

ပစ္စယုပ္ပန်တရားကား ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက် နောက်သော စိတ် (၈၉) ခု၊ စေတသိက် ဒွေပညာသတည်း။

အာသေဝန၌ ပစ္စည်းတရားကား အဆုံးဇောကြဉ်သော ရှေး ရှေးသော လောကီဇော ယတ္တစတ္တာလီသ စေတသိက် ဒွေပညာသ တည်း။

ပစ္စယုပ္ပန်တရားကား ပထမဇော ဖိုလ်ဇောကြဉ်သော နောက် နောက်၌ ဖြစ်သောဇော ကေပညာသ၊ စေတသိက် ဒွေပညာသတည်း။

အနန္တရ ကမ္မ၌ ပစ္စည်းတရားကား မဂ်(၄)ခု၌ရှိသော စေတနာ တည်း။

http://www.dhammadownload.com



ပစ္ဆယုပ္ပန်တရားကား မဂ္ဂါနန္တရဖိုလ်(၄)ခု၊ စေတသိက် ဆတ္တိံသတည်း။

## ဝဏ္ဏ ချိုး ၆-ပစ္စည်း

ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ အဝိဂတတို့၌ ပစ္စည်းတရားကား ပဝတ္တိအခါ ဆဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄) ခု ကြဉ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပညာသတည်း။

ဝတ္ထုပုရေဇာတိန္ဒြိယ၌ ပစ္စည်းတရားကား ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော မဇ္ဈိမာယုက စက္ခုဝတ္ထု ။လ။ ကာယဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ခုတည်း။

## ပစ္ဆာဇာတ ချိုး ၄-ပစ္စည်း

ပစ္ဆာဇာတ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ အဝိဂတတို့၌ ပစ္စည်းတရားကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော စိတ် ၈၅ ခု၊ စေတသိက် ဒွေပညာသတည်း။

ပစ္စယုပ္ပန်တရားကား ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၍ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ တိဇကာယ စတုဇကာယတည်း။

## နာနာက္ခဏိက ကမ္မချိုး-၆

နာနာက္ခဏိက ကမ္မ၌ ပစ္စည်းတရားကား အတိတ်ဖြစ်သော ကုသိုလ်ကံ ၂၁၊ အကုသိုလ်ကံ ၁၂ တည်း။

ပစ္စယုပ္ပန် တရားကား ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တည်း။

http://www.dhammadownload.com



## နာနာက္ခဏိက ကမ္မမျိုး

အနန္တရ သမနန္တရ နတ္ထိ ဝိဂတတို့၌ ပစ္စည်းတရားကား မဂ်လေးခု၌ရှိသော စေတနာတည်း။

ပစ္စယုပ္ပန် တရားကား မဂ္ဂါနန္တရ ဖိုလ် ၄ ခု၊ စေတသိက်တွေတ္တိံသတည်း။

နာနာက္ခဏိက ကမ္မမျိုး ဥပနိဿယ၌ ပစ္စည်းတရားကား အတိတ်ဖြစ်သော ကုသိုလ်ကံ ၂၁၊ အကုသိုလ်ကံ ၁၂ တည်း။

ပစ္စယုပ္ပန် တရားကား ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတည်း။

## ရူပအာဟာရမျိုး ၃-စစ်ည်း

ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတတို့၌ ပစ္စည်းတရားကား စတုသမုဋ္ဌာနိကသြဇာတည်း။

ပစ္စယုပ္ပန်တရားကား....ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တည်း။

## ရူပဇီဝိတိန္ဒြိယမျိုး-၃

ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတ တို့၌....

ပစ္စည်းတရားကား ရုပ်-ဇီဝိတိန္ဒြေတည်း။

ပစ္စယုပ္ပန်တရားကား ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခု၊ ဂ-ခု တည်း။

ပကတူပနိဿယ၌ ပစ္စည်းတရားကား....

ဗလဝ ဖြစ်သော စိတ် ဂ၉-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ်တည်း။

ပစ္စယုပ္ပန်တရားကား စိတ်ဂ၉ခု၊ စေတသိက်ဒွေပညာသတည်း။

(အမျိုး ဂ-ပါး ပြီး၏။)

http://www.dhammadownload.com



## ပကိဏ္ဏက-ဂါထာ

ဣတိ တေကာလိကာ ဓမ္မာ၊ ကာလမုတ္တာစ သမ္ဘဝါ။
အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါစ၊ သင်္ခတာ သင်္ခတ တထာ။
ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ။
ပစ္စယာနာမပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။ ။

ဣတိဝေ ယထာဝုတ္တနယေန၊ အကြင်ကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သမ္ဘဝါယထာသမ္ဘဝံ၊ ဖြစ်သင့်သည် အားလျော်သဖြင့်။ တေကာလိကာစ၊ ကာလသုံးပါးရှိသည်လည်း ဖြစ်ကုန်သော။ ကာလ-မုတ္တာစ၊ ကာလသုံးပါးမှ လွတ်သည်လည်းဖြစ်ကုန်သော။ အဇ္ဈတ္တဥ္စ၊ အဇ္ဈတ္တသန္တာန်၌လည်းဖြစ်ကုန်သော။ ဗဟိဒ္ဓါစ၊ ကုန်သော။ တထာ၊ မိဿကမှတစ်ပါး သုဒ္ဓကိုဆိုဦးအံ့။ သင်္ခတာစ၊ ပစ္စယုပ္ပန်လည်းဖြစ်ကုန် သော။ အသင်္ခတာစ၊ ပစ္စည်းလည်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ပညတ္တိနာမရူပါနံ၊ ပညတ်၊ နာမ်၊ ရုပ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ တိဝိဓာ၊ သုံးပါးအပြားဖြင့်။ ဌိတာ၊ တည်ကုန်၏။ သဗ္ဗထာ-သဗ္ဗသို့၊ အလုံးစုံ ၂၄ ပါးသော။ ပဋ္ဌာနေ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌။ စတုဝီသတိ၊ ၂၄ ပါးသော အရေအတွက်ရှိကုန်သော။ ပစ္စယာနာမ၊ ပစ္စည်းတို့ မည်ကုန်သည်။ ဌိတာ၊ တည်ကုန်၏။

ကာလ နှင့်ကာလဝိမုတ္တိ အဇ္ဈတ္တ ဗဟိဒ္ဓ သင်္ခတ အသင်္ခတ စသော တရားတို့သည် ပညတ် နာမ် ရုပ် တို့၏ အစွမ်းအား ဖြင့် သုံးပါးအပြား ရှိကုန်၏။ အလုံးစုံသော အခြင်းအရာ အားဖြင့် ၂၄ ပါးသော ပစ္စည်းတို့ တည်ကုန်၏ ဟု အရှင် အနုရုဒ္ဓါ ဖွင့်ဆိုပြပေသည်။

ပဋ္ဌာန်-ဌ ၃၅၂ ၌လည်း....

ဣမေသု ပန စတုဝီသတိယာ ပစ္စယေသု အာသမ္မောဟတ္ထံ
ဓမ္မတော ကာလတော စ၊ နာနပကာရ ဘေဒတော။
ပစ္စယုပ္ပန္နတော စေဝ၊ ဝိညာတဗ္ဗော ဝိနိစ္ဆယော။

ဟု ၂၄ ပါးသော ပစ္စည်းတို့၌ မတွေဝေစိမ့်သောငှာ ဓမ္မအားဖြင့် လည်းကောင်း၊ ကာလအားဖြင့် လည်းကောင်း၊ အထူးထူး အပြား

http://www.dhammadownload.com



ပြား အားဖြင့်လည်းကောင်း၊ ပစ္စုပ္ပန္နဓမ္မအားဖြင့် လည်းကောင်း အဆုံးအဖြတ်ကို သိအပ်၏ဟု ဖွင့်ပြတော်မူပေသည်။

ဤ၌ ဓမ္မတောအရ....

ဟေတု သဟဇာတာဓိပတိ အနန္တရ သမနန္တရ အနန္တရူပ- နိဿယ ပစ္ဆာဇာတ အာသေဝန ကမ္မ ဝိပါက နာမ် အာဟာရ သဟဇာတိန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္ဆာတတ္ထိ နတ္ထိ ဝိဂတ ပစ္ဆာဇာတ အဝိဂတ ဤ ၁၉ ပါးသော ပစ္စည်းတို့သည် နာမ်တရားဖြစ်သော ပစ္စည်း တို့ မည်ကုန်၏။ အာရမ္မဏာဓိပတိ သဟဇာတ အညမည သဟဇာတနိဿယ အာရမ္မဏူပ နိဿယ သဟဇာတဝိပ္ပယုတ္တ သဟဇာတတ္ထိ သဟဇာအဝိဂတ ဤ ၈-ပါးသော ပစ္စည်း တို့သည် နာမ် ရုပ် ၂-ပါးဖြစ်သော ပစ္စည်းတို့ မည်ကုန်၏။

အာရမ္မဏ ပကတူပနိဿယ ဤ ၂ ပါးသော ပစ္စည်းတို့သည် ပညတ် နာမ်ရုပ် ဖြစ်သော ပစ္စည်းတို့ မည်ကုန် ၏။

ကာလအားဖြင့်....

ပစ္စုပ္ပန္နာ စ ဟောန္တေတ္တ၊ ပစ္စယာ ဒသ ပဉ္စ စ။
အတီတေဝေ ပဉ္စေကော၊ တေကာလေ ဒွေဝနိဿိတော။
တတော တိကာလိကာစေဝ၊ ဝိမုတ္တာစ ာပိ ကာလတော။

ဟူသော ပဋ္ဌာန၊ ၃- ၃၅၃ အရ....

ပစ္စုပ္ပန်ကာလ....

သဟဇာတ နိဿယ အတ္ထိ အဝိဂတ အညမည ဝိဇ္ဇာက သမ္ပယုတ္တ ဝိပ္ပယုတ္တ ဟေတု အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ပုရေဇာတ ပစ္ဆာဇာတ ဤ ၁၅ ပစ္စည်း တို့သည် ပစ္စုပ္ပန် ကာလ၌ ဖြစ်ကုန်၏။

အတိတ်ကာလ....

အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဤ ၅ ပါးပစ္စည်း တို့သည် အတိတ်ကာလ၌ ဖြစ်ကုန်၏။

http://www.dhammadownload.com



ပစ္စုပ္ပန်အတိတ်....

ကမ္မပစ္စည်းသည် ပစ္စုပ္ပန် အတိတ်ကာလဌ် ဖြစ်၏။

တေကာလိက....

အာရမ္မဏ အဓိပတိ ဥပနိဿယ ဤ သုံးပစ္စည်း တို့သည် ကာလသုံးပါး၌ ဖြစ်ကုန်၏။

ကာလဝိမုတ်....

ထို သုံးပါးတို့သည်ပင် ပညတ်နှင့်အတူ နိဗ္ဗာန်ကို ပေါင်း၍ ယူအပ်သည့်၏ အဖြစ်ကြောင့် ကာလဝိမုတ် မည်၏။

နာနာပကာရအရ အဋ္ဌကထာ ၆ စုတ္တိယ ကို ချုံး၍ ဖွဲ့ဆို ထားသော ပရမတ္ထသရူပ ဒီပနီစ္တယ၊ ၃ဂဂ လာ သင်္ဂဟဂါထာ နာနပ္ပကာရတိ....

ကေနေကာစ နေကေကာ၊ ကေပစ္စယ နေကတော။
သဘာဂါ သဘာဂါယုဂါ၊ ဇနကာသဗ္ဗဌာနိကာ။
နာမံ နာမဿ ဣစ္စာဒိ၊ ဝိကပ္ပါ ဘ-အာဒိတော။
ဣစ္စေဝံ ဒဿေ ဉေယော၊ နာနပ္ပကာရနိစ္စယော။

နာနပ္ပကာရတိ....

ထူးလည်ထွေပြား များသော အဆုံးအဖြတ်ဟူသည်ကား....

၁။ ကော်နေကာစ ....လောဘစသော တရားတစ်ခု၏ ဟေတု အာရမ္မဏစသော ပစ္စည်း အများအပြား ဖြစ်သောအာ၊ဖြင့် လည်းကောင်း။

၂။ နေကေကာ ....ဟိတ်ခြောက်ပါးစသော တရားအများ၏ ဟေတုစသော တစ်ပစ္စည်း ဖြစ်သော အားဖြင့် လည်းကောင်း။

၃။ ကေပစ္စယနေကတော ....ဟိတ်ခြောက်ပါးစသော ပစ္စည်းတစ်ခု၏ ဟေတုသတ္တိစသော မိမိသဘောကို မစွန့် မူ၍ အဓိပတိ သဟဇာတ အညမည နိဿယ စသော ပစ္စည်းအများဖြစ်သော အားဖြင့် လည်းကောင်း။

http://www.dhammadownload.com



၄။ သဘာဂါ ...သဘောတူ ပစ္စည်း အားဖြင့် လည်းကောင်း။

၅။ အသဘာဂါ ...ပုရေဇာတနှင့် ပစ္ဆာဇာတ၊ သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ၊ အတ္ထိ နှင့် နတ္ထိ၊ ဝိဂတ နှင့် အဝိဂတဟူသော ပစ္စယဝိဘာဂအားဖြင့် လည်းကောင်း။

၆။ ယုဂါ ...အစုံအားဖြင့် လည်းကောင်း။

၇။ ဇနကာ ...ဇနက ဥပတ္ထမ္ဘက ဇနကောပတ္ထမ္ဘက အားဖြင့် လည်းကောင်း။

၈။ သဗ္ဗဋ္ဌာနိကာ ...သဗ္ဗဋ္ဌာနိက အသဗ္ဗဋ္ဌာနိက အားဖြင့် လည်းကောင်း။

၉။ နာမံ ...နာမ်သည်။ နာမဿ၊ နာမ် ချင်းချင်း အား။ ပစ္စယော၊ ကျေးဇူးပြု၏။ ဣစ္စာဒိဝိကပ္ပာ၊ ဤသို့ စသည် ခြောက်မည် ဝေဖန် အထူးကြံသော အားဖြင့် လည်းကောင်း။

၁၀။ ဘဝအာဒိကော ...ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ ဘဝ စသော အားဖြင့် လည်းကောင်း၊

ဝါ-ကာမရူပ၊ အရူပ လောကုတ္တရာ ဘူမိဝိမုတ် စသော အားဖြင့် လည်းကောင်း။

ဣစ္စေဝံ၊ ဤသို့။ ဒသဓာ၊ ဆယ်ပါး အပြားဖြင့်။ နာနပ္ပကာရ နိစ္ဆယော၊ ထူးလည် ထွေပြား များသော အဆုံး အဖြတ်ကို။ ဉေယျော၊ သိအပ်၏။

ဆမှာ။ ။ဘဝအာဒိကော၌ အာဒိ သဒ္ဒါဖြင့် ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ရုပ် နိဗ္ဗာန် ပညတ်ဟူသော ဇာတိဘေဒ (၇)ပါး။
ရူပါရုံ သဒ္ဒါရုံ။လ။ဓမ္မာရုံ ဟူသော ကောဋ္ဌာသဘေဒ (၆)ပါး တို့ကို ယူပါ။

http://www.dhammadownload.com



ထို(၁၈)ပါးတို့တွင်....

၁။ ကေဝမ္မ အနေက ဓမ္မ ခွဲသော်....ဟေတု ပစ္စည်း၌ အမောဟ သည် တရားတစ်ခုတည်းသာ ဖြစ်၍ ကေဝမ္မ မည်၏။

ယင်း အမောဟသည် ဟေတုစသော(ကမ္မ အာဟာရ ပုရေဇာတ ဈာန်)ကြွင်းသော ၂၀-သော ပစ္စည်း၌ ဖြစ်ရကား အနေက ပစ္စည်း မည်၏။

ထို့ကြောင့် ဟေတုစသော ၂၀ သောပစ္စည်းကို ကေဝမ္မ အနေက ပစ္စယဟု ဆိုအပ်၏။

အမှာ။ ။လောဘ ဒေါသ စသည် တို့ကိုလည်း ဤနည်းကို မှီး၍ ခွဲကြလေ။

၂။ အနေကဓမ္မ ကေပစ္စယ ခွဲသော်....

ကမ္မကြွင်းသော ဟေတုစသော ၂၃ ပစ္စည်းသည် လောဘ စသော ဟိတ် ၆ ပါးဖြစ်၍ တရားများရကား အနေကဓမ္မ မည်၏။

ထို ဟိတ် ၆-ပါးသည် ဟေတုပစ္စည်းတစ်ခုသာဖြစ်၍ ကေပစ္စယ မည်၏။

ထို့ကြောင့် ဟေတုစသော ၂၃ ပါးသောပစ္စည်းကို အနေက ဓမ္မ ကေပစ္စယဟု ဆိုအပ်၏။

၃။ ကေပစ္စယ အနေကပစ္စယ ခွဲသော်....

အမောဟ ဟု ဆိုအပ်သော ဟေတုပစ္စည်းတရား တစ်ခုသည် မိမိ၏ ဟေတုသတ္တိကို မစွန့်မူ၍ဖြစ်ရကား ကေပစ္စယ မည်၏။

ယင်း အမောဟသည် အဓိပတိ ဣန္ဒြိယ မဂ္ဂ ဟူ သဟဇာတ တစ်မျိုး (၁၁)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ရကား အနေကပစ္စယ မည်၏။

ထို့ကြောင့် ဟေတုစသော ၁၂ ပါးသော ပစ္စည်းတို့ကို ကေ ပစ္စယ အနေကပစ္စယ ဟု ဆိုအပ်၏။

၄။ သဘာဂ အားဖြင့် ခွဲသော်....

ပစ္စည်း ၈ မျိုးတို့တွင် တစ်မျိုးတစ်မျိုး၌ ပါဝင်သော ပစ္စည်း တို့သည်ပင် ယထာရဟ သဘာဂ ပစ္စည်းမည်၏။

ထို့ကြောင့် ဟေတုပစ္စည်းသည် သဟဇာတမျိုးတွင် ပါဝင် သော အဓိပတိ စသော ၁၁ ပစ္စယနှင့် သဘာဂ မည်၏။

http://www.dhammadownload.com



၅။ ဝိသဘာဂ အားဖြင့် ခွဲသော်....

(က) ပုရေဇာတနှင့် ပစ္ဆာဇာတ သည် ရှေ့နှင့်နောက်ဖြစ်၍ ဝိသဘာဂ မည်၏။

(ခ) သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တသည် ယှဉ်,မယှဉ်ဖြစ်၍ ဝိသဘာဂ မည်၏။

(ဂ) အတ္ထိနှင့် နတ္ထိသည် ရှိ,မရှိ ဖြစ်၍ ဝိသဘာဂမည်၏။

(ဃ) ဝိဂတနှင့် အဝိဂတသည် ကင်းသည်,မကင်းသည် ဖြစ်၍ ဝိသဘာဂ မည်၏။

၆။ ယုဂဠအား ခွဲသော်....

| | | |
|---|---|---|
| အနန္တရနှင့် သမနန္တရ အနက်တူ | | တစ်စုံ |
| နိဿယနှင့် ဥပနိဿယသည် သဒ္ဒါတူ | | တစ်စုံ |
| ပုရေဇာတနှင့် ပစ္ဆာဇာတသည် ကာလဆန့်ကျင်ဘက် | | တစ်စုံ |
| ကမ္မနှင့် ဝိပါကသည် အကြောင်းအကျိုး | | တစ်စုံ |
| သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ) | | |
| အတ္ထိနှင့် နတ္ထိ ) | အချင်းချင်းဆန့်ကျင်ဘက် | တစ်စုံ |
| ဝိဂတနှင့် အဝိဂတ ) | | |

ထို့ကြောင့် ပဋ္ဌာန-၃၉၂

ယုဂဠကတောတိ ဓေဝသုစ အတ္ထ သရိက္ခတာယ သဒ္ဒသရိက္ခတာ ကာလပဋိပက္ခတာယ ဟေတုဖလကာယ အညမညပဋိပက္ခ တာယာတိ က္လမေဟိ ကာရဏေဟိ ယုဂဠတော ဝိညာတဗ္ဗော ဝိနိစ္ဆယော။

အဖွာ။ အခြားသော ပစ္စယသဘာဂ အသဘာဂ ဇနက စသည်တို့၏ ဖွင့်ဆိုချက်များကို အဋ္ဌကထာ ၃၇၉ မှစ၍ ရှုကြပါလေ။

၇။ ဇနက စသည်ခွဲသော်...

ဇနကသတ္တိ....အနန္တရ သမနန္တရ အနန္တရူပနိဿယ ဖလတူပ နိဿယ အာသေဝန နာနက္ခဏိက ကမ္မ နတ္ထိ ဝိဂတ (၇) ပစ္စည်း။

ဥပတ္ထမ္ဘကသတ္တိ ပစ္ဆာဇာတ တစ်ပါးသာ၊

ဇနက ဥပတ္ထမ္ဘက ကြွင်းသော (၁၈) ပစ္စည်း။

ဋ္ဌ-၃၉၃ လာ သင်္ဂဟဂါထာ

ဇနကာ သတ္တဓာ ဟောန္တိ၊ ဧကောဝ ဥပတ္ထမ္ဘကော။
ယေသာဒွါရ ဝိညေယျာ၊ ဇနကာ စူပတ္ထမ္ဘကာ။

၈။ သဗ္ဗဋ္ဌာနိက စသည်ခွဲသော်....

သဟဇာတ နိဿယ အတ္ထိ အဝိဂတ သည် သဗ္ဗဋ္ဌာနိက ပစ္စည်း မည်၏။

ကြွင်း ၂၀ သောပစ္စည်းသည် အသဗ္ဗဋ္ဌာနိက ပစ္စည်းမည်၏။

၉။ ဝိကပ္ပနည်း ၆ မျိုးကို အကျယ်ပြဆိုခဲ့ပြီး။

၁၀။ ဘာဝ စသည်ဖြင့်ခွဲသော်....

ဧကဝေါကာရဘုံ၌....
သဟဇာတ အညမည နိဿယ ကမ္မ ဣန္ဒြိယ အတ္ထိ အဝိဂတ ခုနစ်ပစ္စည်း ရအပ်၏။

စတုဝေါကာရဘုံ၌....

ပုရေဇာတ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ဤသုံးပစ္စည်းသည် ကြဉ် အပ်သော ၂၁ ပါးသော ပစ္စည်းတို့ကို ရအပ်ကုန်၏။

ပဉ္စဝေါကာရဘုံ၌ အလုံးစုံသော ၂၄-ပစ္စည်း တို့ကို ရအပ် ကုန်၏။

ထို့ကြောင့် ပဋ္ဌာန ၃၉၄ ၌....

ဘဝဘေဒတော ပန ဣမေသု ပန စတုဝီသတိယာ ပစ္စယေသု ပဉ္စဝေါကာရ ဘဝေ တာဝ နကောစိ ပစ္စယော နလဗ္ဘတိနာမ။ စတုဝေါကာရ ဘဝေ ပန တယော ပုရေဇာတ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စယော အပနေတွာ သေသာ ဧကဝီသတိ မေဝ လဗ္ဘန္တိ။ ဧက ဝေါကာရ ဘဝေ သဟဇာတ အညမည နိဿယ ကမ္မ ဣန္ဒြိယ အတ္ထိ အဝိဂတ ဝသေန သတ္တေဝ လဗ္ဘန္တိ။

http://www.dhammadownload.com



ဆောင်ပုဒ်။ ။ပဋ္ဌဝေါဘုံ၊ ပစ္စည်းစုံ၊ အကုန်ရသည်သာ။
ပု-ပစ်-ဝိပ္ပ၊ ကြဉ်သုံးဝ၊ ကြွင်းရ အရူပါ။
ကြီးလေး အညာ၊ ဣ ဈမ္ဂ၊ ဘုံရ အသညာ။

ဣန္ဒြိယပစ္စ အနိန္ဒြိယ ပစ္စ အားဖြင့် ခွဲသော်ကား....

ဗာဟိရေ ပန အနိန္ဒြိယ ပစ္စ ရူပေ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဝသေန ပဉ္စေဝ လဗ္ဘန္တိ ဧဝ မေတ္ထ ဘဝ ဘေဒတောပိ ဝိညူာ တဗ္ဗော ဝိနိစ္ဆယောတိ။

ဟူသော ပဋ္ဌာန ၃၉၄ အရ....

သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စည်းတို့ကို အနိန္ဒြိယပစ္စည်း ရအပ်ကုန်၏။ ဣန္ဒြိယပစ္စည်းကား ၂၄ ပါးလုံး ရအပ်ကုန်၏။

********

## ပဋ္ဌာန်း ညည်ပုံ

ဋ္ဌ - ၃၄၃။

၁။ ကေနဋ္ဌေန ပဋ္ဌာနန္တိ နာနပ္ပကာရ ပစ္စယဋ္ဌေန။
အထူးထူးအပြားပြားသော ဟေတု စသော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် လည်းကောင်း။

၂။ ကေနဋ္ဌေန ပဋ္ဌာနန္တိ ဝိဘဇနဋ္ဌေန။
ကုသိုလ် စသော တရားတို့ကို ဟေတု အစရှိသော ပစ္စည်းတို့၏ အစွမ်းအားဖြင့် ဝေဖန်ရာ ဖြစ်သော အနက်ကြောင့် လည်းကောင်း။

၃။ ကေနဋ္ဌေန ပဋ္ဌာနန္တိ ပဋ္ဌိတဋ္ဌေန ဂမနဋ္ဌေနာတိ အတ္ထော။
သဗ္ဗညုတဉာဏ်၏ ဖြစ်ရာဖြစ်သော အနက်ကြောင့် လည်းကောင်း ပဋ္ဌာန်း ဟူသော အမည်ရှိပေသည်။

http://www.dhammadownload.com



## သမန္တပဋ္ဌာန်း အမည်ရခြင်းအကြောင်း

ဓမ္မအနုလုံ၊ ဓမ္မပစ္စနီက်၊ ဓမ္မအနုလောမပစ္စနီက်၊ ဓမ္မပစ္စနီယာနုလောမတို့၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း အားဖြင့် ၆ ကျမ်းစီ၊ ဒိ ကျမ်းစီ ရှိရကား ပဋ္ဌာန်း (၂၄)ကျမ်း ဖြစ်လေသောကြောင့် အဘိဓမ္မာ (၇)ကျမ်းတို့တွင် နောက်ဆုံးဖြစ်သောကျမ်းသည် သမန္တပဋ္ဌာန်း အမည်ရလေသည်။

ဋ္ဌ - ၃၄၃။

ယသ္မာပနေတာနိ အနုလောမေ ပစ္စနီယေ အနုလောမ ပစ္စနီယေ ပစ္စနီယာနုလောမေတိ သမန္တာ ဆဆ ယုတ္တာ စတုဝီသတိ စမယန္တိ၊ တသ္မာ စတုဝီသတိ သမန္တ ပဋ္ဌာနာနီတိ ဝုစ္စန္တိ။

ထိုတွင်....

၁။ ဓမ္မအနုလုံ ဆိုသည် ပဒ ပဒါဝသာန နှစ်ပါးစုံကို န-မှုဖြစ်မှု၍ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ စသည်ကဲ့သို့ ဟောခြင်းတည်း။

၂။ ဓမ္မပစ္စနီက် ဆိုသည် ပဒ-ပဒါဝသာန နှစ်ပါးစုံကို န-ဖြစ်မှု၍ သိယာ န ကုသလံ ဓမ္မံ ပဋိစ္စ န ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ စသည်ကဲ့သို့ ဆန့်ကျင်ဘက်အားဖြင့် ဟောကြားခြင်းတည်း။

၃။ ဓမ္မအနုလောမ ပစ္စနီက် ဆိုသည် ပဒ- ကို န- မဖြစ်မှု၍ ပဒါဝသာန ကိုသာ န ဖြစ်၍ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ န ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ စသည်ကဲ့သို့ ဟောကြားခြင်းတည်း။

၄။ ဓမ္မပစ္စနီယာနုလောမ ဆိုသည် ပဒ ကို န ဖြစ်၍ ပဒါဝသာနကို န မဖြစ်ဘဲ သိယာ နကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ စသည်ကဲ့သို့ ဟောကြားခြင်းတည်း။

## ဝါရ (၇)ပါး ဟောကြားရခြင်းအကြောင်း

တိကပဋ္ဌာန်း စသည်တို့ကို ၂၄ ပါးသောပစ္စည်းတို့၏ အစွမ်းဖြင့် ခွဲ၍ပြခြင်းငှာ (၇) ပါးသော ဝါရတို့ကို ဟောကြားတော်မူသည်။

http://www.dhammadownload.com



ဋီ-၃၉၅။

တေ တိကာဒယော ဣမေသံ ပစ္စယာနံ ဝသေန ဝိတ္ထာရေတွာ ဒဿေတုံ ဧကေကံ တိကဒုကံ နိဿယ သတ္တတိ မမ ဝါရေဟိ ဒေသနာကာတာ။ တေသံ ဣမာနိ နာမာနိ ပဋိစ္စဝါရော သဟဇာတဝါရော ပစ္စယဝါရော နိဿယဝါရော သံသဋ္ဌ-ဝါရော သမ္ပယုတ္တဝါရော ပဉှာဝါရောတိ။

ထိုတွင်....

၁။ ပဋိစ္စသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် ပဋိစ္စဝါရ မည်၏။

၂။ သဟဇာတသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် သဟဇာတဝါရ မည်၏။

၃။ ပစ္စယသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် ပစ္စယဝါရ မည်၏။

၄။ နိဿယသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် နိဿယဝါရ မည်၏။

၅။ သံသဋ္ဌသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် သံသဋ္ဌဝါရ မည်၏။

၆။ သမ္ပယုတ္တသဒ္ဒါ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဝါရသည် သမ္ပယုတ္တဝါရ မည်၏။

၇။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော စသည်ဖြင့် ထိုထိုဓဥ္စတို့ကို ထုတ်ဆောင်၍ ကုသလော ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေန ပစ္စယော စသည်ဖြင့် အရှုပ်အထွေးမရှိရအောင် ဝေဖန်ဟောကြားတော်မူအပ်သော ဝါရသည် ပဉှာဝါရ မည်၏။

ဋ္ဌ-၃၉၅။

သတ္တမဝါရေ ပန ယသ္မာ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယောတိ အာဒိနာနယေန တေ

http://www.dhammadownload.com



တေ ပစ္စေဥဒ္ဒရိတွာ ပုန ကုသလာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာ နန္ဒိအာဒိနာ နယေန သဗ္ဗေပိ တေပဉ္စ နိဒ္ဒေသ နိဂ္ဂမနဝါရေ စကတွာ ဝိဘတ္တာ၊ တသ္မာ သော ဝါရော သာဓုကံ ဝိဘတ္တတ္တာ ပဉ္စဝါရောတွေဝ သင်္ခ ဂစ္ဆော။

မှတ်ချက်။ ။ထို (၇) ပါးတို့တွင်....

(က) ပဋိစ္စဝါရ နှင့် သဟဇာတဝါရ တူ၏။ သဟဇာတ ဖြစ်သော ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ရအပ်၏။

ထို့ကြောင့် ထိုဝါရ ၂-ပါး၌ ပုရေဇာတပစ္စည်းနှင့် ပစ္ဆာဇာတ ပစ္စည်း ၂-ပါးတို့ကို မရအပ်ဟု မှတ်ကြပါကုန်။

နှ-၃၉၅။

တေစ ခေါ သဟဇာတာ န ပုရေဇာတ ပစ္ဆာဇာတာ လဗ္ဘန္တိ။

(ခ) ပစ္စယဝါရနှင့် နိဿယဝါရ တူ၏။ ဤ ဝါရ ၂-ပါး၌ ပုရေဇာတပစ္စည်းကို ရအပ်၏ဟုမှတ်။

နှ-၃၉၅။

ပစ္စယောပနေတ္ထ ပုရေဇာတောပိ လဗ္ဘတိ၊ အယမသ္သ ပုရိမဝါရ ဒွယတော ဝိသေသော။

(ဂ) သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ တူ၏။

သို့သော် အတိဓာန အစွမ်း ဗုဇ္ဈနက အစွမ်းဖြင့် ဟောကြား တော်မူသည်ဟူ၏။

ပဋ္ဌာန-၃၉၅။

ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မောတိ ဧဝံ သံသဋ္ဌာ ဘိဓာနဝသေန ဝုတ္တော သံသဋ္ဌဝါရောနာမ။ ကုသလံ ဓမ္မံ သမ္ပယုတ္တော ကုသလော ဓမ္မောတိ ဧဝံ သမ္ပယုတ္တာ ဘိဓာန-ဝသေန ဝုတ္တော သမ္ပယုတ္တဝါရောနာမ။ သော ပုရိမေန သံသဋ္ဌဝါရေန အတ္ထတော နိန္နာနာကရဏော။သံသဋ္ဌာဘိဓာန ဝသေန ဗုဇ္ဈနကာနံ ဝသေန ပန ပဌမော ဝုတ္တော၊ သမ္ပယုတ္တာ ဘိဓာနဝသေန ဒုတိယော။

http://www.dhammadownload.com



## ပစ္စယုဒ္ဒေသ နှင့် ပစ္စယနိဒ္ဒေသ

ပါဠိတော် နိဿယ-၅။

ဤ ဟေတုပစ္စယော အစရှိသည်ကား ယို ဝါရ (၇) မျိုးတို့တွင် ဟောရာဟောကြောင်း ပစ္စယဓမ္မသရုပ် ပစ္စယဓမ္မသတ္တိ အထူးကို အကျဉ်းပြသောနည်းဖြစ်သောကြောင့် ပစ္စယုဒ္ဒေသမည်၏။

ပစ္စယဓမ္မသရုပ် ပစ္စယဓမ္မသတ္တိ အထူးကို မကျဉ်းမကျယ် ပြဆိုသောနည်းသည် ပစ္စယနိဒ္ဒေသ မည်၏။

မှတ်ချက်။ ။ဧင်း၂ပါးတို့ကိုပင် မာတိကာ နိက္ခေပ ဝါရဟုဆိုအပ်၏။

ဋ္ဌ-၃၄၄။

> အာ ပစ္စယေ ဒေသေတုံ အာဒိတော တဿ မာတိကာ နိက္ခေပဝါရော နာမ ဝုတ္တော၊ ပစ္စယ ဝိဘင်္ဂဝါရောတိပိ တဿေဝနာမံ၊ သော ဥဒ္ဒေသ နိဒ္ဒေသတော ဒုဝိဓော။ တဿ ဟေတု ပစ္စယော အဝိဂတ ပစ္စယောတိ အယံ ဥဒ္ဒေသော။

တေ ပစ္စယေ၊ ထိုဟေတုအစရှိသောပစ္စည်းတို့ကို။ဒေသေတုံ၊ငှာ။ အာဒိတော၊ အစမှ။ တာဝ၊ ရှေးဦးစွာ။ တဿ၊ ထိုပဋ္ဌာန်းကျမ်း၏။ မာတိကာနိက္ခေပ ဝါရောနာမ၊ မာတိကာနိက္ခေပ ဝါရမည်သည်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ၏။ ပစ္စယဝိဘင်္ဂ ဝါရောတိပိ၊ ပစ္စယ ဝိဘင်္ဂဝါရဟူသည်လည်း။ တဿေဝ၊ ထိုမာတိကာ နိက္ခေပဝါရ၏ သာလျှင်။ နာမံ၊ အမည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထို မာတိကာ နိက္ခေပဝါရသည်။ ဝါ၊ ထိုပစ္စယ ဝိဘင်္ဂဝါရသည်။ ဥဒ္ဒေသနိဒ္ဒေသတော၊ ဥဒ္ဒေသ နိဒ္ဒေသအားဖြင့်။ ဝါ၊ ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသအားဖြင့်။ ဒုဝိဓော၊ ၂ပါး အပြားရှိသည်။ ဟောတိ၊ ၏။

တဿ၊ ထို မာတိကာနိက္ခေပဝါရ၏။ ဟေတုပစ္စယော ။ပ။ အဝိဂတပစ္စယောတိ၊ ဟူသော။ အယံ၊ ဤပါဠိအဖို့သည်။ ဥဒ္ဒေသော၊ ဥဒ္ဒေသမည်၏။ ဝါ၊ ပစ္စယုဒ္ဒေသမည်၏။

ဆဆဆဆဆဆဆ

http://www.dhammadownload.com



## ပစ္စယဝိဘင်္ဂဝါရနှင့် မဟာဝါရ

ဟေတုအစရှိသော ပစ္စည်းတို့ကို အကျဉ်းအားဖြင့် လည်းကောင်း၊ မကျဉ်းမကျယ်အားဖြင့်လည်းကောင်း ဝေဖန်၍ပြရာဖြစ်သော ဝါရကို ပစ္စယဝိဘင်္ဂဝါရ ဟူ၍မှတ်။

ဟေတုအစရှိသော ပစ္စည်းတို့ကို ပဋိစ္စဝါရစသော (၇)ဝါရတို့ဖြင့် အကျယ်ဝေဖန်၍ ပြရာဖြစ်သောဝါရကို မဟာဝါရ ဟူ၍မှတ်။

***********

## ပစ္စယ နိဒ္ဒေသ

### ဟေတု ပစ္စည်း

ဟေတုပစ္စယော်ဘို ဟေတုနှင့် ပစ္စယ ၂ ပုဒ်ခွဲ၍ အသီးအသီး သိအပ်၏။

ထိုတွင်....

ဟိနောတိ ဧတေနဖလန္တိ ဟေတု၊ ကရဏသာဓနေယံ ဟေတုသဒ္ဒေါ ဟူသော (သာရတ္ထဒီပနီ) အရ–

ဧတေန၊ ထိုအကြောင်း ဟိတ်တရားဖြင့်။ ဖလံ၊ အကျိုးတရားသည်။ ဟိနောတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့အကျိုးတရားဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဟေတု၊ မည်၏။ အယံ ဟေတုသဒ္ဒေါ၊ သည်။ ကရဏသာဓနော၊ ကရဏသာဓ်တည်း။

ဤသာရတ္ထဒီပနီအဖွင့် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဟိတ်ခြောက်ပါးတရား အပေါင်းသည် ဟေတုမည်၏။

မူလဋီ–၁၆၈။

ဟိနောတိဝါ ဧတေန ကမ္မနိဒါနဘူတေန ဥဒ္ဓံ ဩဇံ အဘိဟရန္တေန မူလေန ဝိယ ပါဒပေါ တပ္ပစ္စယံ ဖလံ ဂစ္ဆတိ ပဝတ္တတိ ဝုဍ္ဎိံ ဝိရူဠှိံ အာပဇ္ဇတီတိ။

http://www.dhammadownload.com



ပါဒပေါ၊ သစ်ပင်သည်။ ဥဒ္ဓံ၊ အထက်သို့။ ဩဇံ၊ ဩဇာကို။ အဘိရူဟန္တေန၊ ရှေးရှုဆောင်တတ်သော။ မူလေန၊ ရေသောက်မြစ်ဖြင့်။ ဝုဒ္ဓိံ၊ စည်ပင်ခြင်းသို့။ ဝိရူဠှိံ၊ ပြန့်ပွားခြင်းသို့။ အာပဇ္ဇတိဝိယ၊ ရောက်သကဲ့သို့။ ကမ္မနိဒါနဘူတေန၊ ကံ၏အကြောင်း ဖြစ်၍ ဖြစ်သော။ တေန၊ ထိုလောဘစသော တရားဖြင့်။ တပ္ပစ္စယံ၊ ထိုလောဘစသည်လျှင် အကြောင်းပင်းရှိသော။ ဖလံ၊ အကျိုးတရားသည်။ ဟိနောတိဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဝုဒ္ဓိံ၊သို့။ ဝိရူဠှိံ၊ သို့။ အာပဇ္ဇတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဟေတု၊ မည်၏။

အဓိပ္ပာယ်ကား....

အထက်သို့ ရှေးရှုဆောင်ပေးတတ်သော ရေသောက်မြစ်ဖြင့် သစ်ပင်သည် စည်စည်ကားကား အခက်အလက်တို့ ဝေဝေဆာဆာ ကြီးမားသကဲ့သို့ ကုသိုလ်ကံ၊ အကုသိုလ်ကံ စသည်တို့၏ အကြောင်း ဖြစ်သော လောဘစသော တရားဖြင့်၊ ထိုလောဘစသည်နှင့် သမ္ပယုတ် ဖြစ်သော တရားအပေါင်းသည် ကြီးကျယ်ပြန့်ပွား စည်ကားစွာဖြစ်ရ၏။ ဤဆိုအပ်ပြီးသောနည်းဖြင့် သစ်ပင်သည် ရေသောက်မြစ်ကိုမှီ၍ ကြီးပွားခြင်း ဖြစ်သကဲ့သို့ လောဘစသော တရားတို့ကိုမှီ၍ သမ္ပယုတ် တရားတို့သည် ကြီးပွားကြကုန်ရကား ရေသောက်မြစ်နှင့် တူသော ကြောင့် ဟိတ် (၆)ပါးကို ဟေတုမည်၏ဟူ၍ ဆိုအပ်၏ ဟူလို။

မူလဋီ-၆၈။

ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဟေတု၊ အနေကတ္ထတ္တာ ဓာတုသဒ္ဒါနံ ဟိ-သဒ္ဒေါ မူလ-သဒ္ဒေါဝိယ ပတိဋ္ဌတ္ထောတိ ဒဋ္ဌဗ္ဗောတိ။

ဧတ္ထ၊ ဤလောဘစသော အကြောင်းတရား၌။ ဖလံ၊ အကျိုး တရားသည်။ ဟိနောတိ-ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဟေတု၊ဟေတုမည်၏။ ဓာတုသဒ္ဒါနံ၊ ဓာတ် သဒ္ဒါတို့၏။ အနေကတ္ထတ္တာ၊ များသော အနက် ဖြစ်သည်၏ အဖြစ်ကြောင့်။ ဟိသဒ္ဒေါ၊ကို။ မူလသဒ္ဒေါဝိယ၊မူလသဒ္ဒါကဲ့သို့။ ပတိဋ္ဌတ္ထော၊တည်ရာ ဟူသောအနက်ကို ဟော၏ဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

http://www.dhammadownload.com



အဓိပ္ပာယ်ကား....

အကျိုး ပစ္စယုပ္ပန် တရားတို့၏ တည်ရာဖြစ်သော တိတ်ခြောက် ပါး တရားသည် ဟေတုမည်၏ ဟူလို။

အမှာ....

ဟေတုမည်ခြင်းအကြောင်း အခြားနည်း တွေ့ရှိသော် ငြား လည်း ကျယ်အံ့စိုး၍ မဖော်ပြသော့ပေ။

ဤ၌ ဋ-၃၄၄။

တတ္ထ ဟေတူတိ ဝစနာဝယဝကာရဏမူလာန မေတံအဓိဝစနံ၊ ပဋိညာဟေတူတိ အာဒီသု ဟိ လောကေ ဝစနာဝယဝေါ ဟေတူတိဝုစ္စတိ။ သာသနေပန ဧဃေဓမ္မာ ဟေတုပ္ပဘာဝါတိ အာဒီသု ကာရဏံ။ တယော ကုသလာ ဟေတူ၊ တယော အကုသလာ ဟေတူတိ အာဒီသုမူလံ ဟေတူတိ ဝုစ္စတိ။တံ ဣဓ အဓိပ္ပေတံ။

ဟေတုသည်....

၁။ လောကစကား အစိတ်အပိုင်း ဟူသော အနက်ကို ဟော သော ပဋိညာဟေတု စသည်၌

၂။ အကြောင်း ဟူသော အနက်ကို ဟောသော ဧဃေဓမ္မာ ဟေတုပ္ပဘာဝ စသည်၌ ဟေတု

၃။ အမြစ်အရင်းဟူသော မူလအနက်ကို ဟောသော တယော ကုသလာ ဟေတုစသည်၌ ဟေတု-ဟူ၍ သုံးမျိုးရှိရာ....

ဤ ဟေတုပစ္စယော ဟူသောပါဠိ၌ မူလ အနက်ကို ဟေတုကို ယူကြပါဟု ဆိုလိုပေသည်။

နေတ္တိအဋ္ဌကထာ-

ဟေတု ဟေတု ပစ္စယဟေတု ဥတ္တမဟေတု သာဓာရဏဟေတူတိ စတုဗ္ဗိဓော၊ ဟု ဟေတု လေးမျိုး လာရှိသေး၏။ အလိုရှိက ၎င်း၌ ရှုကြပါကုန်။

မူလဋ္ဌေနဟေတု ဥပကာရဋ္ဌေန ပစ္စယော ဟူသော အဋ္ဌကထာ ပါဠိဖြင့်-

ဥတ္တမဟေတု သာဓာရဏဟေတု ၂-ပါး နစ်စေသည်ဟူ၏။

http://www.dhammadownload.com



ဝုဋ္ဌာ-ဋီ။ မူလဋ္ဌေနာတိ ဧတေန အဋ္ဌကထာပါဠိဋ္ဌေန ဥတ္တမ ဟေတု ဿာဓာရဏဟေတု ယော နိဝတ္တော ဟောန္တိ- ဟု ဂဏ္ဌိဆရာတို့ ထုတ်ပြကြသေးသည်။

* * * * * * * *

## ပစ္စယောမည်ပုံ

ဋ္ဌ-၃၄၄။

ပစ္စယောတိ ဧတ္ထ ပန အယံ ဝစနတ္ထော ပဋိစ္စ ဧတသ္မာ ဧတီတိ ပစ္စယော အပစ္စက္ခာယ နံ ဝတ္တတီတိ အတ္ထော၊ ယော ဟိ ဓမ္မော ယံ ဓမ္မံ အပစ္စက္ခာယ တိဋ္ဌတိ ဝါ ဥပ္ပဇ္ဇတိ ဝါ၊ သော တဿ ပစ္စယောတိ ဝုတ္တံ ဟောတိ၊ လက္ခဏတော ပန ဥပကာရက လက္ခဏော ပစ္စယော။

ပစ္စယောတိ ဧတ္ထ၊ ပစ္စယော ဟူသောပုဒ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝစနတ္ထော၊ တည်း။ ဝါ၊ ဝိဂ္ဂြိုဟ်အနက်တည်း။ ဧတသ္မာ၊ ထိုအကြောင်းကြောင့်။ ပဋိစ္စ၊ စွဲ၍။ ဧတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ နံ၊ ထိုအကြောင်းကို။ အပစ္စက္ခာယ၊ မစွန့်မူ၍။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ အတ္ထော၊ ဤကားအနက်။ ဟိ တံပါကဋီကရောမိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ယော ဓမ္မော၊ အကြင်သဟိတ်စိတ္တုပ္ပါဒ် အစရှိသော တရားသည်။ ယံ ဓမ္မံ၊ အကြင်ဟိတ်အစရှိသော တရားကို။ အပစ္စက္ခာယ၊ မစွန့်မူ၍။ တိဋ္ဌတိ ဝါ၊ တည်မူလည်း တည်၏။ ဥပ္ပဇ္ဇတိ ဝါ၊ ဖြစ်မူလည်း ဖြစ်၏။ သော၊ ဟိတ်အစရှိသော တရားသည်။ တဿ၊ ထိုသဟိတ်စိတ္တုပ္ပါဒ် အစရှိသော တရား၏။ ပစ္စယော၊ ပစ္စည်း မည်၏။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့သောအနက် သဘောကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏။ လက္ခဏတော ပန၊ ဖြင့်ကား။ ဥပကာရက လက္ခဏော၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော လက္ခဏာ ရှိသော တရားသည်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဤအဋ္ဌကထာပါဌ်၌ အတ္ထောတိုင်အောင်သောပါဌ်ဖြင့်-

http://www.dhammadownload.com



ပဋိစ္စ ဖလံ ဧတသ္မာတိ ပစ္စယော ဟု ဝစနတ္ထပြု၍ အကြောင်းတရားတို့ကို မစွန့်မူ၍ ဖြစ်သော အကျိုးတရားတို့၏ အကြောင်း၊တရားဟူသမျှသည် ပစ္စည်းမည်၏ဟုဆိုလိုသည်။

ယောတိ ဓမ္မော။ပ။ဝုတ္တံ ဟောတိ ဟူသော ပါဠ်ဖြင့်....

အကျိုးပစ္စယုပ္ပန်တရားသည် အကြောင်းပစ္စည်းတရားကို အစွဲပြု၍ အကြောင်းပစ္စည်းတရားနှင့် မကင်းမူ၍ တည်တံ့စွာဖြစ်ပေါ်ပြီး နေနိုင်၏။ ထိုအကျိုးပစ္စယုပ္ပန်တရား၏ တည်တံ့ကြောင်း ဖြစ်ပေါ်လာကြောင်းဖြစ်သော အကြောင်းတရားဟူသမျှကို ပစ္စယဆိုအပ်၏ဟု ဆိုလိုပေသည်။

လက္ခဏတော ပန။ပ။ပစ္စယော ဟူသောပါဠ်ဖြင့်....

အကျိုးပစ္စယုပ္ပန်တရား တည်တံ့ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော အကြောင်းဟူသမျှသည် ပစ္စယ မည်၏ဟု ဆိုလိုပေသည်။

ဝိသုဒ္ဓိမဂ် ဋ္ဌ၊ ဒု-၁၆၄ ၌ကား....

ဥပါဒ်ခဏ ဌီခဏတို့၌ မိမိ၏အကျိုး ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သော အကြောင်းတရားကို ပစ္စယမည်၏ဟု....

> ယော ဟိ ဓမ္မော ယဿ ဓမ္မဿ ဌိတိယာဝါ ဥပ္ပတ္တိယာဝါ ဥပကာရကော ဟောတိ၊ သော တဿ ပစ္စယောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ပြသေး၏။

ဋ္ဌ-၃၄၄ ၌လည်း....

> ယော ဟိ ဓမ္မော ယဿ ဓမ္မဿ ဌိတိယာ ဝါ ဥပ္ပတ္တိယာဝါ ဥပကာရကော ဟောတိ၊ သော တဿ ပစ္စယောတိ ဝုစ္စတိ။

ဟု ဖွင့်ပြပါ၏။

ဟိတံ ပါကဋံ ကရောမိ၊ ထင်စွာပြုဦးအံ့။ ယော ဓမ္မော၊ အကြင်ဟိတ်စသောတရားသည်။ယဿဓမ္မဿ၊အကြင်သဟိတ်စိတ္တုပ္ပါဒ်စသော

http://www.dhammadownload.com



တရား၏။ ဝါ၊ အသား။ ဋ္ဌိတိယာ ဝါ၊ တည်ခြင်းငှာ လည်းကောင်း။ ဥပ္ပတ္တိယာ ဝါ၊ ဖြစ်ခြင်းငှာလည်းကောင်း။ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထို ဟိတ် အစရှိသောတရားကို။ တဿ၊ ထိုသဟိတ်စိတ္တုပ္ပါဒ် အစရှိသောတရား၏။ ပစ္စယော တိ၊ ပစ္စည်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤ၌ ဋ္ဌိတိယာ ဝါ ဥပ္ပတ္တိယာ ဝါ ဟူသော စကားသည်....

ဝါ-သဒ္ဒါဖြင့် ဖွင့်ထားသောကြောင့် အမျှားနှင့်ဆက်ဆံသော သာဓာရဏ စကားတည်း။

ထို့ကြောင့်....

အချို့သောပစ္စည်းသည် ဋ္ဌိခဏ၌ ကျေးဇူးပြု၏။ ပစ္ဆာဇာတ ပစ္စည်းတည်း။ အချို့သောပစ္စည်းသည် ဥပါဒ်ခဏ၌ ကျေးဇူးပြု၏။ အနန္တရာဒိပစ္စည်းတို့တည်း။ အချို့သောပစ္စည်းသည် ၂-ပါးစုံ၌ ကျေးဇူးပြု၏။ ဟေတုစသော ပစ္စည်းတို့တည်း။

မူလဋီ-၁၆၈။

တတ္ထ ဥပ္ပတ္တိဋ္ဌိတီနံ သာဓာရဏဝစနံ တေနေဝ ါပစ္စတီတိဋ္ဌ ဝါ ဥပ္ပဇ္ဇတိ ဝါတိ ကောစိဟိ ပစ္စယော ဋ္ဌိတိယာ ဧဝ ဟောတိ ယထာ ပစ္ဆာဇာတပစ္စယော၊ ကောစိ ဥပ္ပတ္တိယာယေဝ ယထာ အနန္တရာဒယော၊ ကောစိ ဥဘယဿ ယထာ ဟေတု အာဒယော တိ။

ယင်းဋ္ဌိတိယာ ဝါ ဥပ္ပတ္တိယာ ဝါ ဟူသော ပါဠ်အရ....

ပစ္စည်းတရားတို့၏ဥပါဒ်ခဏဋ္ဌိခဏလော၊ ပစ္စယုပ္ပန်တရားတို့၏ ဥပါဒ်ခဏ ဋ္ဌိခဏလော ဟူမူ....

အကျိုးပစ္စယုပ္ပန်တရားတို့မည်သည်....

ဋ္ဌိခဏ၊ ဥပါဒ်ခဏတို့၌သာ အကြောင်းပစ္စည်းတရားတို့၏ ကျေးဇူးအပြုကိုခံနိုင်ပေသည်။ ဘင်ခဏ၌မူကား ပျက်ဆဲဖြစ်၍ ဒုဗ္ဗလ ဖြစ်သောကြောင့် မည်သည့် ပစ္စည်းတရား၏ ကျေးဇူးအပြုကိုမျှ မခံနိုင် ရကား ပစ္စယုပ္ပန်တရား၏ ဥပါဒ်ခဏ၊ ဋ္ဌိခဏသာဖြစ်သည်ဟု မှတ်ယူ ကြပါကုန် အရှင်ယောင်းတို့။

ꩩꩩꩩꩩꩩꩩꩩꩩꩩ

http://www.dhammadownload.com



## ရှေးဆရာကြီးတို့၏အလို
## ပစ္စယ ၃-မျိုး အထူး

ပစ္စယသည်....

၁။ ပဋ္ဌာန်းပစ္စည်းကိုဟောသော ပစ္စယ၊
၂။ ဆွမ်း စသော ပစ္စည်းကိုဟောသော ပစ္စယ၊
၃။ ဏ၊ အ စသောပစ္စည်းကိုဟောသော ပစ္စယဟူ၍ သုံးမျိုးရှိ၏။

ထိုတွင်....

၁။ အရ ပဋိစ္စ ဖလံ ဧတိ ဧကေသ္မာတိ ပစ္စယောဟု ပြု၍ အကျိုးပစ္စယုပ္ပန်တရားသည် အကြောင်းပစ္စည်းတရားကို စွဲ၍ ဖြစ်ရ ဖြစ်ကြောင်း လောဘ စသော တရားကို ပစ္စယဟု ခေါ်သည်။

၂။ အရ ပိဘိ ဧတိ ကရောတိ ဧကေနာတိ ပစ္စယောဟုပြု၍ နှစ်သက်ခြင်းကိုပြုကြောင်းဖြစ်သော ဆွမ်း၊ သင်္ကန်း အစရှိသော ဝတ္ထုတို့ကို ပစ္စည်းဟု ခေါ်သည်။

၃။ အရ ပတိဝိသုံဝိသုံ အယတိ ဂစ္ဆတိ ပဝတ္တတီတိပစ္စယော ဟု ပြု၍ အသီးသီး ဂတိ အစရှိသော အနက်တို့၌ ဖြစ်တတ်သောကြောင့် ဏ၊ အ စသည်တို့ကို ပစ္စယဟုခေါ် သည်။

*******

## ဟေတု နှင့် ပစ္စယ

ဠ-၃၄၄။

တတ္ထ ဟေတုစ သော ပစ္စယောတတိ ဟေတုပစ္စယော။ ဟေတု ဟုတွာ ပစ္စယော။ ဟေတုဘာဝေန ပစ္စယောတိ ဝုတံ ဟောတိ။ အာရမ္မဏ ပစ္စယော ဒိသုပိ ဧသေဝနယော။

http://www.dhammadownload.com



ဤအဋ္ဌကထာဖြင့် ပထမ ဝါကျအရ....

ဟေတုစ သောပစ္စယောတိ ဟေတုပစ္စယော ဟူ ဝိသိသေသနာ-ဘယပဒ ကမ္မဓာရည်းသမာသ် တွဲစပ်ရမည်။ ဟိတ်လည်းဟုတ်၊ ပစ္စည်းလည်း ဟုတ်သောကြောင့် ဟေတုပစ္စည်းမည်၏ ဟူလို။

ဤ ပထမဝါကျအလို....

ဟေတုနှင့် ပစ္စယသည် အကြောင်း၏ အဖြစ်အားဖြင့် မကွဲမပြား တစ်သားတည်းဟု မှတ်။

ထို့ကြောင့် နွ-၃၄၄ ၌....

ပစ္စယော ဟေတု ကာရဏံ နိဒါနံ သမ္ဘဝေါ ပဘဝေါတိ အတ္ထတော ဧကံ၊ ဗျဉ္ဇနတော နာနံ။

ဟု ဖွင့်ဆိုအပ်ပြီ။

ထိုသို့ပင် တစ်၏ဟုဆိုသော်လည်း အဋ္ဌကထာဆရာကိုယ်တိုင်ပင်....

မူလဋ္ဌေန ဟေတု ဥပကာရဋ္ဌေန ပစ္စယောတိ သင်္ခေပတော မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယော။

ဟု ဖွင့်ပြလေသောကြောင့် မူလဋ္ဌသတ္တိသည် ဟေတု၊ ဥပကာရဋ္ဌသတ္တိသည် ပစ္စယ မည်၏ဟု ယူဆဖွယ်ရှိသေး၏။

လိုရင်းကား ထူးသောအကြောင်းသည် ဟေတု၊ သာမည အကြောင်းသည် ပစ္စယမည်၏ဟု ထူးပုံကို သိစေတော်မူ၏။

မဟာဋီကာ၊ ဒု-၂၆၈။

ဧဝံ သန္တေပိ ကာရဏဝိသေသဝိသယော၊ ဟေတုသဒ္ဒေါ ကာရဏ သာမညဝိသယော ပစ္စယသဒ္ဒေါ။

ဧဝံသန္တေပိ၊ ဤသို့ပင် အကြောင်းအဖြစ်အားဖြင့် တူခြားသော်လည်း။ ဟေတုသဒ္ဒေါ၊ သည်။ ကာရဏဝိသေသဝိသယော၊ ထူးသော အကြောင်းလျှင် အရာရှိ၏။ ပစ္စယသဒ္ဒေါ၊ သည်။ ကာရဏသာမည-ဝိသယော၊ သာမညအကြောင်းလျှင် အရာရှိ၏။

ဤအရာ၌ ခန္ဓာဟူသောပုဒ်၊ အာယတနဟူသော ပုဒ်တို့သည် ပဋ္ဌာကတ်တော်၌ သာမည ဝါစကပုဒ် ဖြစ်သောကြောင့် ရုပ်, ဝေဒနာ, သညာ စသော ပဒဝိသေသတို့နှင့် သမ္ဗန္ဓ ဖြစ်ကြမှ ရူပက္ခန္ဓ သညာက္ခန္ဓ စသော ဝိသေသတ္ထ ဝါစကပုဒ်။

http://www.dhammadownload.com



အာယတန ဟူသော ပုဒ်သည်လည်း စက္ခု၊ သောတ စသော ပဒဝိသေသတို့နှင့် သမ္ဗန္ဓ ဖြစ်ကြမှ စက္ခာယတန သောတာယတန စသော ဝိသေသတ္ထဝါစကပုဒ် ဖြစ်သကဲ့သို့ ပစ္စယဟူသော သာမည ဝါစကပုဒ်သည် ဟေတု အာရမ္မဏ စသော ပဒဝိသေသတို့နှင့် သမ္ဗန္ဓ ဖြစ်ကြမှ ဟေတုပစ္စယ အာရမ္မဏပစ္စယ ဝိသေသတ္ထဝါစကပုဒ် ဖြစ်သောကြောင့် ပစ္စယ သာမညပုဒ်၌ ဟေတုနှင့်တစ်ပါး နိမိတ္တ သမ္ဘာ စသော သဒ္ဒါတို့နှင့် သမ္ဗန္ဓ မထားမူ၍ ဝိသေသတ္ထကို သိစေခြင်းငှာ ဟေတုပစ္စယောဟု ဟောတော်မူကြောင်း ဂဏ္ဍိဆရာ မိန့်မှာတော်မူသည်။

အဋ္ဌကထာ-၃၄၄ ၌ လာသော ဟေတု စ သော ပစ္စယော-စာတိ ဟေတုပစ္စယော စသော ၃-ဝါကျတို့တွင် ပထမဝါကျဖြင့်....

ဟေတုပစ္စည်းနှင့် သဘာဝဖြစ်ကုန်သော အဓိပတိ သဟဇာတ စသော ပစ္စည်းတို့၌ တည်ရှိကုန်သော အမောဟစသော ဟိတ်တို့သည် ဟိတ်လည်းဟုတ်၊ ပစ္စည်းလည်းဟုတ်ကုန်သောကြောင့် ဟေတုပစ္စည်းဖြစ်သော ဟိတ်ကိုသာမက အဓိပတိစသော ပစ္စည်းတို့၌ တည်ရှိသော ဟိတ်တို့ကိုလည်း ယူနိုင်ရကား ပြထမဝါကျသည် စကားလွန်သော အတိဗျာပိတ ဒေါသ ထင်၏။

ထိုအဓိပတိစသော ပစ္စည်းတို့၌တည်ရှိသော အမောဟ စသော ဟိတ်တို့ကို မယူရ၊ ဟေတုပစ္စည်းဖြစ်သော ဟိတ်တို့ကိုသာ ယူရမည်ဟု အတိဗျာပိတ ဒေါသကို ပယ်မြစ်ခြင်းအကျိုးငှာ ဟေတုဟုတွာပစ္စယော ဟူသော ဒုတိယဝါကျကို မိန့်ဆိုသည်ဟု မှတ်ရမည်။

ထို့ကြောင့် မူလဋီ-၁၆၇။

ဟေတု စ သော ပစ္စယော စာတိ ဣမိနာဝစနေန ဟေတုနော အဓိပတိ ပစ္စယာဒိ ဘူတဿာပိ ဂဟဏံ သိယာတိတံ နိဝါ-ရေတုံ ဟေတွာ ပစ္စယောတိ။

ဟေတုစ ။လ။ ဣမိနာဝစနေန၊ ပစ္စယောစ ဟူသော ဤစကားရပ်ဖြင့်။ အဓိပတိ ပစ္စယာဒိ ဘူတဿ၊ အဓိပတိပစ္စည်း စသည်ဖြစ်၍လည်း ဖြစ်သော။ ဟေတုနော၊ အမောဟစသောဟိတ်ကို။ ဂဟဏံ၊ ယူခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထို

http://www.dhammadownload.com



အဓိပတိပစ္စည်း၊ စသည်ဖြစ်၍လည်း ဖြစ်သောအမောဟစသောဟိတ်ကို။ နိဝါရေန္တော၊ တားမြစ်လိုသည်ဖြစ်၍။ ဟေတု ဟုတွာ ပစ္စယောတိ၊ ပစ္စယောယှဉ်၍။ အာဟ၊ မိန့်ဆိုတော်မူပြီး။

ဟေတု ဟုတွာ ပစ္စယော ဟူသော ဒုတိယဝါကျအရ- ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော ဟူသော သမ္ဗာဝနာ ကမ္မဓာရည်သမာသ် အရ၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော ဟူသော အနက်သာမည်ကို ယူခဲ့သော ဟိတ် ၆ ပါးကိုပင်ရသည်ဖြစ်၍ လောဘစသော ဟိတ်တရားတို့၏ ဟေတုဘာဝဟုဆိုအပ်သော ဟေတု သတ္တိထူးကို မယူနိုင်ရကား ဤဒုတိယဝါကျအရ ဟိတ် ၆ ပါးဟု ဆိုအပ်သော ဒြပ်ကို မယူရ၊ ဟေတုဘာဝဟု ဆိုအပ်သော ဟေတုသတ္တိထူးကိုသာ ယူစေခြင်းငှာ ဖွင့်ဆိုတော်မူသည်ဟုမှတ်။

မူလဋီ-၁၆၇။

တေန ဣဓ ဟေတုသဒ္ဒေန ဓမ္မဂ္ဂဟဏံ နကတံ၊ အထခေါ ဓမ္မသတ္တိ ဝိသေသော ဂဟိတောတိ ဒဿေတိ။

တေန၊ ထိုဟေတုဘာဝေန ပစ္စယော ဟူသောပါဌ်ဖြင့်။ ဣဓ၊ ဤ ဟေတုပစ္စယော ဟူသော ပါဌ်၌ ဟေတုသဒ္ဒေနဖြင့်။ ဓမ္မဂ္ဂဟဏံ၊ လောဘစသော ဓမ္မကို ယူခြင်းကို။ နကတံ၊ မပြုအပ်။ အထခေါ၊ စင်စစ်သော်ကား။ ဓမ္မသတ္တိဝိသေသော၊ လောဘစသော ဓမ္မတို့၏ ဟေတုဘာဝ ဟု ဆိုအပ်သောသတ္တိအထူးကို။ ဂဟိတော၊ ယူအပ်၏။ ဣတိ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ပြ၏။

ဟေတု စ သော ပစ္စယော စာတိ ဟူသော ပထမဝါကျအရ သတ္တိကို ယူရမည်ဟုဆိုသော စကားတည်း။

ဓမ္မပြဋ္ဌာန်းသောအားဖြင့် ဖွင့်ဆိုအပ်သော ယောဇတိ ဓမ္မော ယံဓမ္မံ အပစ္စက္ခာယ ဥပ္ပဇ္ဇတိဝါ၊ တိဋ္ဌတိဝါသော ယဿ ပစ္စယော ဟူသော အဋ္ဌကထာ၊ မူလဋီကာ ဥပကာရကော ဓမ္မော ဟေတုပစ္စယော ပါဌ်တော်တို့နှင့် ဆန့်ကျင်သည်ဟု ယူဆဖွယ်ရှိ၏။

ဓမ္မပြဋ္ဌာန်းသော အားဖြင့် ဖွင့်ဆိုအပ်သော ယောဟိဓမ္မော ယံဓမ္မံ အပစ္စက္ခာယ ဥပ္ပဇ္ဇတိဝါ တိဋ္ဌတိဝါ သောယဿ ပစ္စယော ဟူသော အဋ္ဌကထာ၊ မူလဋီကာ ဥပကာရကော ဓမ္မော ဟေတုပစ္စယော ပါဌ်တော်တို့နှင့် ဆန့်ကျင်သည်ဟု ယူဆဖွယ်ရှိ၏။

http://www.dhammadownload.com



ငှင်းပါဠိတော်-အဋ္ဌကထာ တို့သည် ပြဋ္ဌာန်းသော ဓမ္မကို ညွှန်ပြခြင်းဖြင့် သတ္တိဆိုသည် သတ္တိမန္တမှတစ်ပါး မဟုတ်သောကြောင့် သတ္တိမန္တဓမ္မဖြင့် သတ္တိကိုသာ ယူရမည်၊ ဓမ္မကိုမယူရ ဟု အဓိပ္ပာယ် သက်ရောက်လေသောကြောင့် ဆန့်ကျင်သည်ဟု ယူဆဖွယ်မရှိဟူ၍ မှတ်ကြပါလေ အရှင်လောင်းတို့။

မူလဋီ-၁၆၈။

အဋ္ဌကထာ ယံ ပန ယော ဟိ ဓမ္မော ယံ ဓမ္မံ အပစ္စက္ခာယ တိဋ္ဌတိ ဝါ ဥပ္ပဇ္ဇတိ ဝါ သော တဿ ပစ္စယောတိ မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယော တိစ္စေဝ မာဒိနာ ဓမ္မပ္ပဓာန နိဒ္ဒေသေန ဓမ္မတော အညာ ဓမ္မသတ္တိနာမ နတ္ထီတိ ဓမ္မဟေဝ ဓမ္မသတ္တိ ဝိဘာဝနံ ကတန္တိ ဒဋ္ဌဗ္ဗံ။

ပန၊ အဖွင့်တစ်ပါးကို ဆိုဦးအံ့။ အဋ္ဌကထာယံ၊ ၌။ ယောဟိ ဓမ္မော ။လ။ ဝေမာဒိနာ၊ အစရှိသောပါဠိဖြင့်။ ဓမ္မပ္ပဓာန နိဒ္ဒေသေန၊ ဓမ္မပြဋ္ဌာန်းသည်ကို ညွှန်ပြခြင်းဖြင့်။ ဓမ္မတော၊ သတ္တိ မန္တ ဓမ္မမှ။ ဓမ္မသတ္တိနာမ၊ ပရပစ္စတို့၏ သတ္တိမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ဓမ္မဟေဝ၊ ဓမ္မတို့ဖြင့်သာလျှင်။ ဓမ္မသတ္တိ ဝိဘာဝနံ၊ ဓမ္မတို့ ၏သတ္တိကို ထင်စွာပြခြင်းကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ သိအပ်၏။

တစ်နည်းအားဖြင့်-

ကုသလာဓမ္မာ စသော ဥဒ္ဒေသသည် ဓမ္မပြဋ္ဌာန်း သကဲ့သို့ ဟေတုပစ္စယော ဟူသော ဥဒ္ဒေသသည် ဓမ္မပြဋ္ဌာန်းသည် မဟုတ်ပေ။ စင်စစ်မှာမူ ပစ္စယဟူသော နောက်ပုဒ်၏အရ ဓမ္မတို့၏ ကျေးဇူးပြု တတ်သည်၏ အဖြစ်တည်းဟူသော သတ္တိသည်သာ ပြဋ္ဌာန်း၏ဟုမှတ်ယူ ကြပါကုန် အရှင်လောင်းတို့။

ထို့ကြောင့် မူလဋီ-၁၆၈ ၌-

နဟိ ဟေတုပစ္စယောတိ အာဒိကော ဥဒ္ဒေသော ကုသလာဒိ ဥဒ္ဒေသော ဝိယ ဓမ္မပ္ပဓာနော၊ အထခေါ ဓမ္မာနံ ဥပကာရ ပဓာနော တိ။

http://www.dhammadownload.com



ဟိသစ္စံ၊ ၏။ ကုသလာဒိဥဒ္ဓေသော၊ သည်။ဓမ္မပ္ပစ္စနော၊ သည်။ နု၊ မဟုတ်။ အထခေါ်၊ စင်စစ်သော်ကား။ ဓမ္မာနံ၊ တို့၏။ ဥပကာရပစ္စနော၊ ကျေးဇူးပြုခြင်းဟူသော သတ္တိပြဋ္ဌာန်းသည်။ ဟောတို၊ ၏။ ဋ္ဌာတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

မှာထားချက်။ ။နောက်နောက်သော အာရမ္မဏ စသော ပစ္စည်းတို့၌လည်း နည်းတူပင် သိကြကုန်ရာ၏။

အဋ္ဌကထာ-မူလဋီကာတို့၌ ဟေတုနှင့် ပစ္စယကို အရတူကမ္မဓာရည် သမာသ်ပြု၍ပြခြင်းသည် ဟေတု ဟေတု သမ္ပယုတ္တကာနံ ။လ။ ဟေတုပစ္စယေန ပစ္စယော ဟူသော ပါဠိတော်ကို မြင်သောကြောင့် ပြုလုပ်ကြသည် (အာစရိယဝါဒ)ဟု ညဝါတံခွန်ဆရာ ညွှန်ပြထား၏။

ဤ၌ ဟေတုဘာဝ ဆိုသည် သမ္ပယုတ်တရားတို့၏ မြဲမြံခိုင်ခံ့တည်တံ့ကြီးပွားခြင်းကို ဖြစ်စေတတ်သော ဟိတ်(၆)ပါးတို့၏ မူလအဖြစ်ပင်တည်း။

ဝိဘာဝနီဋီ-၁၂၄။

ဟေတုဘာဝေါ ပန နေသံ သမ္ပယုတ္တကာနံ သုပ္ပတိဋ္ဌိတဘာဝသာဓနသင်္ခါတော မူလဘာဝေါ။

နေသံ၊ ထိုဟိတ်(၆)ပါးတို့၏။ ဟေတုဘာဝေါပန၊ မည်သည်ကား။ သုပ္ပတိဋ္ဌိတဘာဝသာဓနသင်္ခါတော၊ ကောင်းစွာ တည်ရာ၏ အဖြစ်ကို ပြီးစေတတ်သည်ဟု ဆိုအပ်သော။ မူလဘာဝေါ၊ မူလ၏ အဖြစ်တည်း။

မဏိမဉ္ဇူ၊ ပ-၃၄၉ ၌လည်း....

သမ္ပယုတ္တဓမ္မာ မူလယန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိမူလာနိ တဿာဝေါ မူလတာဝေါ၊ ဟေတုဘာဝသင်္ခါတောဂုဏော။သောစ ပစ္စယ သင်္ခါတာသတ္တိ။

ဟု ဖွင့်ဆိုထားပေသည်။

ဤ၌ သမ္ပယုတ်တရားတို့၏ ကောင်းစွာတည်ရာ၏ အဖြစ်ကို ပြီးစေတတ်သော မူလ အဖြစ်သည် ဟေတုဘာဝ ဟု ဆိုငြားသော်လည်း....

http://www.dhammadownload.com



သမ္မယုတ်ကရား တို့ကိုသာ ဖြီးစေဟတ်သည်ဟူ မမှတ်အပ်၊ သဟဇာတ်ဖြစ်သော ရုပ်တရားတို့သည်လည်း ဟိတ်(၆)ပါး တရားတို့ကြောင့်ပင် ဖြစ်ပေါ်လာရ သည်ကား ၎င်း ရုပ်တရား တို့၏လည်း တည်ရာအဖြစ်ကို ဖြီးစေနိုင်သည်ဟူ မှတ်ကြပါကုန် အရှင်လောင်းတို့။

မှန်၏။ အဟိတ် ပဋိသန္ဓေ စိတ်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား စက္ခုစသော ဣန္ဒြေတို့ ချို့တဲ့၍ သဟိတ် ပဋိသန္ဓေ စိတ်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်တို့အား စက္ခုစသော ဣန္ဒြေတို့ မချို့သည်တို့ကို အထောက်အထားပြုသော် သဟိတ်ရုပ်တို့၏ သုပ္ပတိဋ္ဌိတဘာဝအဖြစ်ဖြင့် ကျေးဇူးပြုခံရသည်၏ အဖြစ်သည် ထင်ရှားလှပေ တော့သည်။

အဋ္ဌကထာ-၃၄၅ ၌လည်း....

လဒ္ဓ ဟေတုပစ္စယာ ဟိ ဓမ္မာ ဝိရုဠ္ဟမူလာ ဝိယ ပါဒပါ ထိရာ ဟောန္တိ သုပ္ပတိဋ္ဌိတာ၊ အဟေတုကာ ပန တိလဗီဇကာဒိသေဝါလာ ဝိယ န သုပ္ပတိဋ္ဌိတာ။

တိယသ္မာ၊ အကြင်ကြောင့်။ လဒ္ဓဟေတုပစ္စယာ၊ ရအပ်သော ဟေတုပစ္စည်းရှိကုန်သော။ ဝါ၊ ဟေတုပစ္စည်းကို ရကုန်သော။ ဓမ္မာ၊ သဟိတ်နာမက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တရားတို့သည်။ ဝိရုဠ္ဟမူလာ၊ ပေါက်ပွားသောအမြစ် ရှိကုန်သော။ ပါဒပါ၊ သစ်ပင်တို့သည်။ ထိရာ၊ မြဲမြံကုန်သည်။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတည်ကုန်သည်။ ဟောန္တိဝိယ၊ ဖြစ်ကုန်သကဲ့သို့။ အဟေတုကာ ပန၊ အဟိတ်တရားတို့သည်လည်း။ တိလဗီဇကာဒိ သေဝါလာ၊ တိလဗီဇက အစရှိသော မှော်တို့သည်။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ နဟောန္တိဝိယ၊ မဖြစ်ကုန်သကဲ့သို့။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ န ဟောန္တိ၊ ကုန်။ တသ္မာ၊ ထို့ကြောင့်။ ကိမ္ပိ၊ သည်။ နဝိရုဠှတိ၊ မဆန့်ကျင်။

(ဣတိသဒ္ဒါ-လုတ္တနိဒ္ဒေသ)

ဝါ၊ ဟေတု ပစ္စည်းကြောင့် မဖြစ်ကုန်သော ပစ္စနိက် တရားတို့သည်။

ဗျတိရေက ဝါကျ၌ ဆိုလိုရင်းကား မှော်နှမ်း၊ မှော်သေးစသည်ကဲ့သို့၊ ဝါ-ဗေဒါပင်၊ မှော်ဆံတောက်ကဲ့သို့ ရေပြင်၌ တွယ်တာ

http://www.dhammadownload.com



တပ်ငြိရန် တည်ရာဌာန သုပ္ပတိဋ္ဌိတ မဖြစ်သောကြောင့် မြဲမြံခိုင်ခံ့ တည်တံ့ခြင်းမရှိသလို အဟိတ် စိတ် စေတသိက်ရုပ် တရား တို့သည် လည်း သုပ္ပတိဋ္ဌိတအားဖြင့် မြဲမြံခိုင်ခံ့ တည်တံ့ခြင်းမရှိပါ။ သို့ဖြစ်၍ ပစ္စနိက်တရား ဖြစ်လေသည်ဟု ဆိုလိုပေသည်။

ဤပဋ္ဌာန်းကျမ်း၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့်(၃)ပါး ရှိရာ...

**ပစ္စည်း ဆိုသည်**

မိမိအကျိုး ပစ္စယုပ္ပန် တရားတို့အား ကျေးဇူး ပြုတတ်သော အကြောင်းတရားတည်း။

**ပစ္စယုပ္ပန် ဆိုသည်**

အကြောင်း ပစ္စည်း တရားကြောင့် ဖြစ်ပေါ်လာသော ဝါ- (ဆိုင်ရာ-ဆိုင်ရာ)အကြောင်းပစ္စည်းတရား၏ ကျေးဇူးအပြု ခံရသော အကျိုးတရားတည်း။

**ပစ္စနိက် ဆိုသည်**

အနုလုံနှင့် တူသော ပစ္စည်းမှ လွတ်သည်ဖြစ်စေ၊ မလွတ်သည် ဖြစ်စေ ပစ္စယုပ္ပန်မှ လွတ်သောတရားတည်း။

**အထူး။** ။ယမိုက်ကျမ်း၌ကား အနုလုံ ပဋိလုံမှ လွတ်သော တရားကို ပစ္စနိက် ထုတ်၏။

ဟေတုဝ်၌ ဟိတ် ၆ ပါး ပစ္စည်း....

သဟိတ်စိတ် ကောသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ် စေ တသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။

ထိုတွင် သဟိတ် စိတ္တဇရုပ် မည်ပုံ၊

သဗ္ဗတ္ထ ပနေတံ ရူပံ အဟေတုကံ။ ဋီကာ-၂၀၃ ၌ သမ္ပယုတ္တာသံ အလောဘာဒိ ဟေတုနော့ အဘာဝါ အဟေတုကံ ဟု ဆိုရကား ရုပ်မှန်သမျှ သမ္ပယုတ်မရှိသောကြောင့် အဟိတ်ချည်းသာ ဖြစ်ကြောင်း ကို ဆိုသော်လည်း သဟိတ်နာမက္ခန္ဓာတို့သည် ဖြစ်စေအပ်သော စိတ္တဇ ရုပ်တို့၌ ဇနကဟိတ် ရှိကြပါသောကြောင့် သဟိတ်စိတ္တဇရုပ်ဟု ဆိုရ ပေသည်။

http://www.dhammadownload.com



မဏိမဉ္ဇူ ဒု-၁၆၀။

တာနိ ဟိ တေဟိ သဟဇာတာနေဝ ဟောန္တိ၊ န သမ္ပယုတ္တာနိ ကေျပ္ပါဒတာဒိ စတုဗ္ဗိဓ သမ္ဘဝေယာပ လက္ခဏာဘာဝတော။ သမာသဇ္ဇေါ ဝိဇ္ဇာ မာနတ္တော နတုလျ ယောဂဇ္ဇော၊ ယဒိ သော သိယာ စိတ္တဇရူပမေဝ သမ္ပတ္တိယာ သိယာ စိတ္တေန သဟာမ္ပန္နတ္တာ။

စေတသိကဇရုပ်ဟု မဆိုခြင်း၊ ဋ္ဌ-၃၅၅ ဋ္ဌီ…

သဗ္ဗေပိတိ စိတ္တစေတသိကာ ကေဝလာ ဟုတွာ ရူပံသမုဋ္ဌာပေန္တိ။

ဟုဖွင့်ဆိုရကား စေတသိက်တို့သည်လည်း ရုပ်ကိုဖြစ်စေတတ်ပါသောကြောင့် စေတသိက်ကရုပ် ဟူ၍လည်း ဆိုသင့်ပါလျက် ဆိုခြင်းကား လောကီဒေသနာ၌ စိတ်သည်သာ လွန်လွန်ကဲကဲပြဋ္ဌာန်းသောကြောင့် စေတသိကရုပ်ဟု မဆိုဘဲ စိတ္တဇရုပ်ဟု ဆိုပေသည်။

ဋ္ဌ-၃၅၇။

လောကိယ ဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိမံ ရူပံစိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ။

ဤအဖြေကိုမေး

## တံ သမုဋ္ဌာနာနံဟု ဟောတော်မူရခြင်း

စိတ္တသမုဋ္ဌာနာနံ ဟု ဟောတော်မမူဘဲ တံ သမုဋ္ဌာနာနံ ဟု ဟောတော်မူခြင်းသည် စိတ်ကြောင့် ဖြစ်သော ရုပ်တို့သည် အလုံးစုံသော စိတ်စေတသိက် တို့ကြောင့် ဖြစ်သည်၏ အဖြစ်ကို ပြခြင်းငှာ ဟောတော်မူသည်။

ဋ္ဌ-၃၅၄။

တံ သမုဋ္ဌာနန္တိ ဧတ္ထပန နိဒ္ဒိဿိဿမာန ပါကဋ္ဌတ္တာ တံ ဂဟဏံ ကတံ၊ အယဥ္စေတ္ထ အတ္ထော တေ ဟေတုဧဝ ဟေတု သမ္ပယုတ္တကာဝ ဓမ္မာ သမုဋ္ဌာနာနံ ဧတေသန္တိ တံသမုဋ္ဌာ-

http://www.dhammadownload.com



နာနိ။ တေဟိ တံသမုဋ္ဌာနာနံ ဟေတုတောစေဝ ဟေတုသမ္ပယုတ္တကဓမ္မေဟိစ နိဗ္ဗတ္တာနန္တိ အတ္ထော၊ ဣမိနာ စိတ္တသမုဋ္ဌာနရူပံ ဂဏှာတိ။

ပန၊ ထိုမှတစ်ပါး။ တံသမုဋ္ဌာနန္တိ ဧတ္ထ၊ ဤ၌။ နိဒ္ဒိဋ္ဌသိသမ္ဗန္ဓသ၊ တဒ္ဓါဖြင့် ညွှန်ပြအပ်သောအနက်၏။ ပါကဋတ္တာ၊ ထင်ရှားသည်၏ အဖြစ်ကြောင့်။ တံ ဂဟဏံ၊ တသဒ္ဒါယူခြင်းကို။ ဘဂဝတာ၊ သည်။ ကတံ၊ ပြုအပ်၏။ ဟိပါကဋ္ဌကရောမိ၊ အံ့။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ ဧတ္ထ၊ ဤတံသမုဋ္ဌာနာနံ ဟူသော ပါဠိ၌။ အတ္ထော၊ တည်း။

ဧတေသံ၊ ဤ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့၏။ ယောတုစေဝ၊ ဟိတ်လည်းဖြစ်ကုန်သော။ ဟေတုသမ္ပယုတ္တကာစ၊ ဟိတ်နှင့်ယှဉ်သည်လည်းဖြစ်ကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ သမုဋ္ဌာနာ၊ ဖြစ်ကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တံ သမုဋ္ဌာနာနိ၊ မည်ကုန်၏။

တေသံ၊ ထိုသို့ဆိုအပ်ပြီးသော အနက်သဘော ရှိကုန်သော။ တံ သမုဋ္ဌာနာနံ၊ ထိုဟိတ်နှင့်သမ္ပယုတ်ဖြစ်သောတရားလျှင်ဖြစ်ကြောင်း ရှိကုန်သော။ ဟေတုတောစေဝ၊ ဟိတ်ကြောင့်လည်းကောင်း။ ဟေတုသမ္ပယုတ္တကဓမ္မေဟိစ၊ ဟိတ်နှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကြောင့်လည်းကောင်း။ နိဗ္ဗတ္တာနံ၊ ဖြစ်ကုန်သော။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။

ဣမိနာ၊ ဤ တံသမုဋ္ဌာနာနံ ဟူသောပါဌ်ဖြင့်။ စိတ္တသမုဋ္ဌာနရူပံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသောရုပ်ကို။ ဘဂဝါ၊ သည်။ ဂဏှာတိ၊ ယူ၏။

ၜၜၜၜၜၜၜၜၜၜ

## သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်၌သွင်း၍ ကောက်ရခြင်း

ဣမိနာ စိတ္တသမုဋ္ဌာနရူပံ ဂဏှာတိ ဟူသော နောက်ဆုံးဝါကျအရ ကမ္မဇရုပ်ကို မဆိုရကား ပစ္စယုပ္ပန် မဖြစ်သင့်ဟု ယူဆဖွယ် ရှိသော်လည်း စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟု ဟောတော်မမူဘဲ စိတ္တဇ

http://www.dhammadownload.com



ရုပ်မှ တစ်ပါးသော ရုပ်တရားတို့ကိုလည်း ပဟေတုပစ္စယုပ္ပန် အဖြစ်ဖြင့် ယူစေလိုသောကြောင့် တ-သဒ္ဒါအလွန်နှုတ် တကွ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟု ဟောကြားတော်မူရကား ပဋိသန္ဓေ ကမ္မဇ ရုပ်ကို ပဟေတု ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သင့်သည်ဟူ၍မှတ်။

ဋ္ဌ-၃၅၅။

ယဒိဝေ ကုသာပိ တံသမုဋ္ဌာနာနန္တိ အာဟ္ဂ၁ စိတ္တသမုဋ္ဌာနာနန္တိ ကသ္မာ နဝုတ္တန္တိ အစိတ္တသမုဋ္ဌာနာနန္တိ သင်္ဂဏှနတော။

ယဒိ၊ အကယ်၍ စိတ်စေတသိက်တို့သည် တကွနက်ဖြစ်၍ ရုပ်တို့ ဖြစ်စေကုန်သည်ဖြစ်အံ့။ ဝေသန္တေသု၊ ကုန်သည်ရှိသော်။ ကုသာပိ၊ ၎င်းဟေတုပစ္စယနိဒ္ဒေသ၌လည်း။ တံသမုဋ္ဌာနာနန္တိ၊ ဟူ၍။ အဇ္ဈာ၊ မဟောမူ၍။ စိတ္တသမုဋ္ဌာနာနန္တိ၊ ဟူ၍။ ကသ္မာ၊ ကြောင့်။ ဘာဂဝတာ၊ သည်။ နဝုတ္တံ၊ နည်း။ ကုတီဝေ၊ အံ့။ အစိတ္တသမုဋ္ဌာနမ္ပိ၊ မူချ စိတ္တဇ သမုဋ္ဌာန်မဟုတ်သော ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်း။ သင်္ဂဏှနတော၊ ပေါင်း၍ ယူတော်မူလိုသောကြောင့်။ န ဝုတ္တံ၊ မဟောအပ်။

အဓိပ္ပာယ်စကားကျကား...

တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟု မဟော မူ၍ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟု အဘယ်ကြောင့် မဟောသလဲ။

ပဋိသန္ဓေကမ္မဇရုပ်ကို ယူတော်မူလိုသောကြောင့် တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟောတော်မူသည် ဟူလို။

အရှာ။ ။တံ သမုဋ္ဌာနာနဉ္စ ရူပါနံ တွေ့တိုင်း စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ကို့ကို ယူမှတ်ရမည်။

ဋ္ဌ-၃၅၅။

ကုသိနာ ဥပါယေန အညေသုပိ တံသမုဋ္ဌာနာနန္တိ အာဂတ-ဋ္ဌာနေသု အတ္ထော ဝေဒိတဗ္ဗော။

*******

http://www.dhammadownload.com



## ပဋိသန္ဓေကမ္မဇ ပဝတ္တိကမ္မဇ

ပဋိသန္ဓေအခါ ကမ္မဇရုပ်သည် စိတ်နှင့် စပ်၍ ဖြစ်ခြင်းကြောင့် ဟေတု ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။

ပဝတ္တိ အခါ ကမ္မဇရုပ်သည် စိတ်နှင့်မစပ် ကံနှင့်စပ်၍ ဖြစ်သောကြောင့် ဟေတု သတ္တိဖြင့် ကျေးဇူး မပြုနိုင်ပေ။ ထို့ကြောင့် မကောက်ရသည်ဟူ၍မှတ်။

နှ-၃၅၅။

ကသ္မာ ပန ဂုယံ ဟေတု ပဋိသန္ဓိယမေဝ ကဋတ္တာရူပါနံ ဟေတု ပစ္စယော ဟောတိ၊ န ပဝတ္တေတိ ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တ ပဋိဗဒ္ဓ ဝုတ္တိတာယ။

ပဝတ္တိယံ ပန ဧတသံ စိတ္တေ ဝိဇ္ဇမာနေပိ ကမ္မပဋိဗဒ္ဓါဝ ပဝတ္တိ န စိတ္တပဋိဗဒ္ဓါ၊ အဝိဇ္ဇမာနေ စာပိ စိတ္တေ နိရောဓ သမာပန္နာနံ ဥပ္ပဇ္ဇန္တိယေဝ။

အဓိပ္ပာယ်ကား.... နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့အား စိတ်ပင် မရှိသော်လည်း ကမ္မဇ ရုပ်တို့ ဖြစ်ပေါ်နေသည်ဟူ၏။

တစ်နည်း....

သင်္ဂဟာ ခဏေခဏေ သမုဋ္ဌာပေတိ။

ဋီကာကျော်

ခဏေ ခဏေတိ ဧကေကဿ စိတ္တဿ ကီသု တီသု ခဏေသု နိရန္တရ မေဝ ဥပ္ပတ္တိ ဟောတိ။

ကမ္မဇရုပ်သည် တစ်ခု တစ်ခုံ စိတ် သုံးပါး သုံးပါးကုန်သော ဥပါဒ်၊ ဌီ၊ ဘင် ခဏတို့၌ မပြတ်မစဲ အမြဲသာလျှင် ဖြစ်၏။ သို့ဖြစ်၍ ဟေတု ပစ္စည်းသည် ပဋိသန္ဓေ၏ ဥပါဒ်ဆဲ၌ရှိသော ကမ္မဇရုပ်အား သာ ကျေးဇူး ပြု၏။ ၎င်း ဌီ၊ ဘင်၊ ပဝတ္တိအခါ အစဉ် ဖြစ်သော ကမ္မဇရုပ်အား ကျေးဇူး မပြုပေ။ ထို့ကြောင့် ပဝတ္တိ ကမ္မဇရုပ်ကို မကောက်ဟူ၍ မှတ်ပါဦး။

http://www.dhammadownload.com



ဤ၌ စိတ်နှင့်စပ်၍ မဖြစ်ဆိုသည်။
သဟိတ်စိတ်သည် ကမ္မဇရုပ်အား ဟေတု သဟဇာတပစ္စည်း မတပ်ဟု ဆိုလိုသည်။

မဏိမဥ္ဇူ-၃၄၀။
တတ္ထ ပဝတ္တေ စိတ္တဇရူပါနိ ယေဝ စိတ္တပဋိဗဒ္ဓါနိ၊ န ကမ္မဇရူပါနိ တေန သဟုပ္ပဇ္ဇမာနာနိပီတိ။ တတ္ထ တေသံ သဟဇာတပစ္စယတ္တာ ဘာဝတော တံသမ္ပယုတ္တောပိ ဟေတုမေဝ စိတ္တဇရူပါနံ ဧဝ ဟေတုပစ္စယော ဟောတိ။ န ကမ္မဇ ရူပါနံ။

မှာထားချက်။ ။ပဝတ္တိ အခါ ကမ္မဇရုပ်ကိုသာ မကောက်ရသည်မဟုတ်သေး။ ဥတုဇ အာဟာရ ရုပ်တို့၏ တစ်ပြိုင်နက်သော ခဏ၌ ဖြစ်ကြ ရှိကြသော်လည်း ၎င်းရုပ်တို့ကို ဟေတုပစ္စယုပ္ပန်အဖြစ် တားမြစ်သောကြောင့် မကောက်ရဟုမှတ်။

ဋီ-၃၅၆။
ပဝတ္တိယံ ကဋတ္တာရူပါဒီနံ ပစ္စယာဘာဝ ပဋိဗာ ဟနတော စေဋ္ဌိသ တိယာနိ ပဝတ္တိယံ ဟေတုနာ သဟ ဧကက္ခဏေ၊ ကဋတ္တာ ရူပါနိ မေဝ ဥတု အာဟာရ သမုဋ္ဌာနာနိစ ဇာယန္တိ။

တေသမ္ပိ ဧဟေတု ဟေတု ပစ္စယောတိ အာပဇ္ဇေယျ။ န စ ယော တေသံ ပစ္စယော၊ တသ္မာ တေသံ ပစ္စယာ ဘာဝဿ ပဋိဗာဟနတ္ထ မေတံ ဂတိကန္တိ ဝေဒိတဗ္ဗံ။
ပဝတ္တိယံ၊ ၌။ ကဋတ္တာရူပါဒီနံ၊ ကဋတ္တာရုပ် အစရှိသည်တို့၏။ ဝါ၊ ကဋတ္တာရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့၏။ ဝါ၊ တို့အား။ ပစ္စယာ ဘာဝဋိဗာဟနတော၊ ပစ္စည်း၏အဖြစ်ကို တားမြစ်လိုသောကြောင့်။ ဂတိကံ၊ ယူအပ်၏။ (ပြန်စပ်)
တိကံပါဠိကဋ္ဌကရောမိ၊ အံ့။ ဝံ၊ ဤသို့။ ဟေတုသဟဇာတာနံ၊ ဟေတုပစ္စယေန ပစ္စယောဟူ၍ ဟောတော်မူအပ်သည်။ သတိ၊ ရှိသော်။ ပဝတ္တိယံ၊ ၌။ ဟေတုနာ၊ နှင့်။ သဟ၊ တကွ။ ဧကက္ခဏေ၊ တစ်ပြိုင်တည်းသော ခဏ၌။ ယာနိကဋတ္တာ ရူပါနိစ၊ တို့သည်လည်းကောင်း။ယာနိဥတု အာဟာရသမုဋ္ဌာနိ၊ အကြောင်းဥတုကြောင့် ဖြစ်သော

http://www.dhammadownload.com



ရုပ် အာဟာရကြောင့် ဖြစ်သောရုပ်တို့သည်လည်းကောင်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

တေသမ္ပိ၊ ထိုပဝတ္တိ အခါ၌ ဟိတ်နှင့် တစ်ပြိုင်နက်ဖြစ်သော ကမ္မဇ္ဇာရုပ် ဥတုဇရုပ် အာဟာရဇရုပ် တို့၏လည်း။ ဟေတု၊ ဟိတ်သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံအတ္ထော၊ ဤသို့သော အနက်သည် အာပဇ္ဇေယျ ဖြစ်ရသည်။ စ၊ ဆက်၍ ဆိုဦးအံ့။ သော၊ ထိုဟိတ်သည်။ တေသံ၊ ထိုပဝတ္တိအခါ၌ ကမ္မဇ္ဇာရုပ်၊ ဥတုဇရုပ် အာဟာရဇရုပ်တို့၏။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့ ဟေတုသဟဇာတာနံ ဟေတုပစ္စယေန ပစ္စယောဟူ၍ ဟောတော်မူအပ်သည်ရှိသော် ပဝတ္တိအခါ၌ ဟိတ်နှင့် တစ်ပြိုင်နက် ဖြစ်သော ကမ္မဇ္ဇာရုပ် ဥတုဇရုပ်တို့အား ဟိတ်၏ ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ် ရှေးရှုရောက်ရာသောကြောင့်။ တေသံ၊ ထိုပဝတ္တိအခါ၌ ဟိတ်နှင့်တစ်ပြိုင်နက်ဖြစ်သော ကမ္မဇ္ဇာရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့၏။ ဝါ၊ တို့အား။ ပစ္စယဘာဝဿ၊ ပစ္စည်း၏ အဖြစ်ကို။ ပဋိဗာဟနတ္ထံ၊ တားမြစ်ခြင်း အကျိုးငှာ။ တေ၊ ဤဟေတု သမ္ပယုတ္တကာနံ ။လ။ရူပါနံ ဟူသောစကားကို။ ဘဂဝတာ၊ သည်။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အဓိပ္ပာယ်လိုရင်းကား-

ဟေတုသဟဇာတာနံ တံသမုဋ္ဌာနာနံ ရူပါနံ ဟူ၍ ဟောတော် မမူဘဲ ဟေတုသမ္ပယုတ္တကာနံ တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဟောရခြင်း အကြောင်းကို ဖွင့်ပြတော်မူသည်။

ရှင်းပါဦးအံ့။

ဟေတုသဟဇာတာနံ တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဟောခဲ့ချေသော်၊ ပဝတ္တိအခါဟိတ်နှင့် တစ်ပြိုင်နက်သော ခဏဌီ ဖြစ်ကုန်သော ကမ္မဇ္ဇာရုပ် ဥတုဇရုပ် အာဟာရဇရုပ် တို့အားလည်း ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။

ထို့ကြောင့် ထိုအနက်ကို တားမြစ်ခြင်းငှာ ဟေတု သမ္ပယုတ္တကာနံ တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဟောတော်မူပါသည် ဟူလို။

ၕၕၕၕၕၕၕၕၕ

http://www.dhammadownload.com



## ပဋိသန္ဓေအခါ စိတ္တဇရုပ်

ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သော်လည်း

(က) ပစ္ဆာဇာတ ပစ္စည်းမှ ကင်းသောကြောင့်လည်းကောင်း၊
(ခ) အာဟာရ ပစ္စည်းစသည်တို့ မထောက်ပံ့၊ မနိုင်မာ စေသည်၏ အဖြစ်ကြောင့်လည်းကောင်း၊
(ဂ) မိမိ၏ အာဂန္တုက အဖြစ်ကြောင့်လည်းကောင်း၊
(ဃ) အားနည်းသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရသောကြောင့် လည်းကောင်း၊
(င) ကမ္မဇရုပ်တို့၏ စိတ္တဇရုပ်တို့၏ တည်ရာကိုယူ၍ တည်သည် ၏ အဖြစ်ကြောင့်လည်းကောင်း ရုပ်ကို မဖြစ်စေနိုင်။

ထို့ကြောင့်-
ပဋိသန္ဓေအခါ စိတ္တဇရုပ်ကို မကောက်ရခြင်း ဖြစ်သည်။

ဋီကာကျော် ၂၀၈။

ပစ္ဆာဇာတ ပစ္စယ ရဟိတံ ပန အာဟာရာဒိဟိစ အနုပတ္ထဒ္ဓံ ဒုဗ္ဗလဝတ္ထုံ နိဿယ ပဝတ္တတ္တာ အတ္တနော စ၊ အာဂန္တုကတာယ ကမ္မဇရူပေဟိ စိတ္တသမုဋ္ဌာန ရူပါနံ ဌာနံ ဂဟေတွာ ဌိတတ္တာ စ ပဋိသန္ဓိကံ ရူပသမုဋ္ဌာနဖလံ န ဟောတိ။

ဝိဘာဝိနီ၊ ၂၂

သဗ္ဗသတ္တာနဉ္စ ပဋိသန္ဓိစိတ္တံ ။ပ။ ရူပံ န သမုဋ္ဌာပေန္တိ။

မူ-၃၅၅ ဋီကာ၊....

တသ္မိဉ္စ ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ နသက္ကောတိ။
ကသ္မာ ပန ပဋိသန္ဓိက္ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ နသက္ကော တီတိ ကမ္မဝေဂက္ခိတ္တတာယ စေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယ စ ဒုဗ္ဗလတ္တာ ဟုတွင်၏။

ပဋိသန္ဓေစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်ခြင်းကား-

၁။ ပဋိသန္ဓေ အခါ ကံ၏ အဟုန်ဖြင့် ပစ်ချအပ်သောကြောင့် လည်းကောင်း

http://www.dhammadownload.com



၂။ မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီရသော ကြောင့်လည်းကောင်း

၃။ အားနည်းသည် ဖြစ်၍ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သော ကြောင်းတည်း။

ဝိဘင်း ဋ္ဌ-၂၂ ၌ကား....

တတ္ထပဋိသန္ဓိယံစိတ္တံတာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယစ ရူပံ နသမုဋ္ဌာပေတိ။

ဟု ဖွင့်ပြသေး၏။

၁။ ပဋိသန္ဓေစိတ်သည် ဝတ္ထုရုပ် အားနည်းသည်၏ အဖြစ်ကြောင့် လည်းကောင်း။

၂။ ထောက်ရာ တည်ရာ မရှိသည်အဖြစ်ကြောင့်လည်းကောင်း။

၃။ ပစ္စည်းချို့တဲ့သည်၏ အဖြစ်ကြောင့်လည်းကောင်း။

၄။ အာဂန္တုက ဖြစ်သောကြောင့်လည်းကောင်း။

ဤသို့ ၄ ပါးသော အကြောင်းကြောင့် ရုပ်ကို မဖြစ်စေနိုင်ဟူ၏။ ပစ္စယုပ္ပန်၌ မောဟမူဒွေ ဝယ် မောဟကို ကြဉ်ရခြင်း။

မူလတစ်ပါး ကင်းသောကြောင့် ကျေးဇူးသာပြုနိုင်၍ ဝါ၊ ပစ္စည်းသာဖြစ်၍ ကျေးဇူးပြုမခံနိုင်၊ ဝါ၊ ပစ္စယုပ္ပန် မဖြစ်ထိုက်။ ထို့ကြောင့် ကြဉ်ရသည်။

ဋီ-၈၁

မူလန္တရဝိရဟတော။

ကြဉ်သော်လည်း စေတသိက် မလျော့ခြင်းကား လွှာဘမူဒေါသမူ စိတ်တို့၌ယှဉ်သော မောဟစေတသိက် ရှိသေးသောကြောင့် တည်း။

ပစ္စယုပ္ပန်၌ အဟိတ်စိတ်ကို မကောက်ခြင်း၊

အဟိတ်စိတ်၌ ဟိတ်ကင်းသောကြောင့် မကောက်ခြင်းဖြစ်သည်။

http://www.dhammadownload.com



ဋီ...

အဋ္ဌာရသာ ဟေတု ကေသု စော ဝိရဟတော॥

ဟိတ်သည် ဇနကဟိတ် သမ္ပယုတ္တဟု နှစ်ပါးရှိရာ အဘယ်ဟိတ်ကင်းသနည်းဟူမူ သမ္ပယုတ္တကင်း၏ ဟူလို။

ဋီ....

ဟေတု သမ္ပယောဂါဘာဝတော॥

ဆဆဆဆဆဆဆ

## မောဟအချင်းချင်း ကျေးဇူးမပြုနိုင်ခြင်း

မောဟကြွင်သော ဟိတ်တို့ အချင်းချင်း ကျေးဇူးပြုသကဲ့သို့ မောဟမူဋ္ဌ၌ ရှိသော မောဟသည် အဘယ်ကြောင့် အချင်းချင်း ကျေးဇူးမပြုသနည်းဟူမူ တစ်ပါးသော သမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ်ကြောင့် မိမိကသာ သမ္ပယုတ်တရားတို့အား လည်းကောင်း၊ စိတ္တဇရုပ်အားလည်းကောင်း ကျေးဇူးပြုနိုင်ပေတော့သည်။ မိမိ အချင်းချင်းအား ကျေးဇူးမပြုနိုင်ဟူ၏။

ထို့ကြောင့် ဋ္ဌ....
ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟောတိ အယံ ဟိ သမ္ပယုတ္တမောန်စေဝ စိတ္တသမုဋ္ဌာနရူပဿစ သယံ ဟေတု-ပစ္စယော ဟောတိ အညဿ၊ ပန သမ္ပယုတ္တ ဟေတုနော အဘာဝ ါ॥

## အဟိတ်စိတ္တရွှေ

အဟိတ်စိတ္တဇရုပ် စသည်တို့သည်လည်း သမ္ပယုတ် ကင်းသောကြောင့် ပစ္စနိက် ထုတ်ရလေသည်။

## နိဗ္ဗာန်နှင့်ညောဏ်

၎င်းတို့သည် အဝစ္စယ တရားများဖြစ်ကြ၍ အခါခပ်သိမ်း ၂၄ ပစ္စည်းတို့၏ ပစ္စယုပ္ပန်မှ လွတ်သောကြောင့် ပစ္စည်း၏ ကျေးဇူး

http://www.dhammadownload.com



အမြုက်ကို ခံရလေသလော၊ မခံရလေသလော ယုံမှားသံသယ မရှိသည်ဖြစ်၍ ကျေးဇူးအပြုမခံရသော တရားဟု အယူးပြု၍ ပစ္စနိက်သို့ သွင်း၍ မကောက်ရတော့ပေ။

ဿဿဿဿဿဿဿဿဿ

## အာရမ္မဏ

ဒုဗ္ဗလပုရိသေန ဗဏ္ဍာဒိကံ အာလမ္ဗိယတိ ဂယှတီတိ အာလမ္ဗဏံ။ ပကတိ ဒုဗ္ဗလ လူနုံကန် ရဧ။
စိတ္တစေတသိကေဟိ အာလမ္ဗိယတိ ဂယှတိ ဝိယာတိ အာလမ္ဗဏံ၊
အာ-ရှေး၊ လမ္ဗဓာတ် ယု-ပစ္စည်း။

တစ်နည်း....

စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊
အာ-ရှေး၊ ရမု ဓာတ် ပစ္စည်း။

ရမုဓာတ်၏ အရကား —
အဓိပတိနိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။

ဤ (၇) ပစ္စယသတ္တိ ရ၏။ ယု ပစ္စည်း၏ အရကား ထို ပစ္စယသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော အာရုံ ၆ ပါးဟု ဆိုအပ်သော သတ္တိမန္တ ရ၏။

သင်္ဂဟ၌ ရူပါဒိဝသေန ဆဗ္ဗိဓံ အာရမ္မဏံ ဟူ ဖွင့်၏။

သင်္ခေပဋီကာ၌ အာရမ္မဏ ပစ္စယောတိ ဆဗ္ဗိဓာရမ္မဏံ စတုဘုမ္မိက နာမဿေဝ အာရမ္မဏပစ္စယော ဟု ဖွင့်ပြ၏။

အာရုံ ၆ ပါးသည် ဘုံ ၄ ပါး၌ ဖြစ်သော နာမ်တရားအားသာလျှင် ကျေးဇူးပြုသည် ဟူလို။

ဋီကာကျော် ၂၄၁ ၌လည်း....

အာလမ္ဗိယတိ ဒုဗ္ဗလေန ဝိယ ဗဏ္ဍာဒိကံ စိတ္တစေတသိကေဟိ ဂယှတီတိ အာရမ္မဏံ၊ စိတ္တစေတသိကာဟိ ယံယံ ဓမ္မံ အာရဗ္ဘ

http://www.dhammadownload.com



ပစ္စတ္တန္တိ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ
ပစ္စယေန။

ဟူ၍ ဖွင့်၏။

အမှာ။ ။ဆင့်မှု၌ ယံယံဓမ္မံ အာရမ္မဏ ပစ္စယေနာမ ဟု တွေ့ရ၏။ မဏိမဥ္ဇူ အဖွင့်နှင့် မညီ။

ဤ၌ ယံ ယံ ဟူသော ပါဠိ၊ တေသံ တေသံ ဟူသော ပါဠိတို့ဖြင့် ဇာရုံ အာရမ္မဏိက တရားတို့သည် ဖြစ်ဆဲသော ခဏ၌ပင်လျှင် ပစ္စည်း တပ်သည်ဟု ဆိုလိုပေသည်။

ထို့ကြောင့် မဏိမဥ္ဇူ ဋီ- ဒု။ ၃၇၂ ၌...

တတ္ထ ယံယံ ဓမ္မံ အာရဗ္ဘာတိ ဣမိနာ ယေ ယေ စိတ္တ စေတသိကာနံ အာရမ္မဏဓမ္မာ ဝုတ္တာ၊ တေ တေသံ အာရမ္မဏိ ကတ္တာ ဥပ္ပဇ္ဇမာနက္ခဏေယေဝ အာရမ္မဏပစ္စယာ ဟောန္တီတိ ဒီပေတိ။

ဟု ဖွင့်ပြတော်မူ၏။

တတ္ထဝစနေ၊ ထိုစကားရပ်၌။ ယံ ယံ အာရဗ္ဘာတိ ဣမိနာ၊ ဖြင့်။ စိတ္တစေတသိကာနံ၊ တို့၏။ ယေ တေ အာရမ္မဏဓမ္မာ၊ အကြင်အာရုံတရားတို့ကို။ ဝုတ္တာ၊ ကုန်၏။ တေ၊ အာရမ္မဏ ဓမ္မာ တို့သည်။ တေသံ၊ ထိုထို အာရမ္မဏိက တရားတို့ အား။ အာရမ္မဏိကတ္တာ၊ ပြု၍။ ဥပ္ပဇ္ဇမာနက္ခဏေယေဝ၊ ဖြစ်ဆဲသောခဏ၌ ပင်လျှင်။ အာရမ္မဏပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဒီပေတိ၊ ပြ၏။

ဤ ပစ္စယနိဒ္ဒေသ၌ ပစ္စည်းတရား၌ ယံယံ ဓမ္မံ ဟု ဒုတိယာ ကေဝုစ် ဖြင့်၊ ပစ္စယုပ္ပန်တရား၌ ယေယေဓမ္မာ ဟု ပဌမာဗဟုဝုစ် ဖြင့် ဟောရခြင်းမှာ အညို အရွှေ အဖြူ စသော ရူပါရုံတို့သည် တကွ ဖြစ်၍ စက္ခုဝိညာဏ်ဖြင့် မြင်ရာ၌ တစ်ခုစီ၊ တစ်ခုစီသာ မြင်ရ၍ ကေဝုစ်။ အာရမ္မဏိက တရားတို့သည်ကား၊ စက္ခုဝိညာဏ်နှင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် (၇) ခု စသည်ဖြင့် များသောတရား ဖြစ်သော ကြောင့် ဗဟုဝုစ် ဖြစ်သောကြောင့်တည်း။

http://www.dhammadownload.com



ဌာနပူလဋီ- ၁၈၀

တတ္ထဝ ယံယံ ဓမ္မံ အာရဗ္ဘာတိ ဧကဝစနေနိဒ္ဒေသံ ကတွာ ပုန တေ တေ ဓမ္မာတိ ဗဟုဝစနနိဒ္ဒေသော ယံယန္တိဝုတ္တာသ အာရမ္မဏဓမ္မဿ အနေကဘာဝေ ပိ အတ္ထီတိ ဒဿနတ္ထော။

အမှာ။ ။ဖြစ်ဆဲသော ခဏ၌ ပစ္စည်း တပ်၏ဟု ဆိုသော်လည်း တပေါင်းတည်း တစ်ပြိုင်နက်တည်း တပ်သည်ဟု မမှတ်အပ်။ ထိုထိုသို့သော အာရုံ တရားတို့သည် ထိုထိုသို့သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့အား အသီးအသီးသော ကျေးဇူးပြုသည် ဟု မှတ်ကြပါကုန် အရှင်လောင်းတို့။

ထို့ကြောင့် မဏိမဉ္ဇူဋီ- ဒု၊ ၃၇၂

ဇဝံ ဟောန္တာပိစန ဧကေကာ ဟောန္တိ၊ ယံယံ အာရဗ္ဘ ယေ ယေ ဥပ္ပဇ္ဇန္တိ၊ တေသံ တေသံ တေ တေ ဝိသုံ ဝိသုံ အာရမ္မဏ ပစ္စယော ဟောန္တီတိပိ ဒီပေတိ။

လိုရင်းကား ပရမတ္ထ သဘော အားဖြင့် အစိတ် အစိတ် မှ လွတ်သော အပေါင်းမည်သော အသီးအခြား မရှိဟု မှတ်။

ထို့ကြောင့် အနုဋီ ၌ န ဟိ ပရမတ္ထတော သမုဒါယောနာမ ကောစိ အတ္ထိ ဟု ဖွင့်ပြ၏။

ဤ အာရမ္မဏ ပစ္စည်းသည် အလွန် ကျယ်ဝန်းလှ၏။ အလွန် လည်း ခက်ခဲနက်နဲလှ၏။ ဋီကာကျော်ဆရာလည်း န ဟိ သော ကောစိ ပစ္စယော အတ္ထိ။ ယော စိတ္တ စေတသိကာနံ အာရမ္မဏဘာဝံ နဂစ္ဆေယျဟု မိန့်အပ်သည် မဟုတ်ပါလော။

ထို့ကြောင့် စွယ်စုံကျော်ထင်ကျမ်း၌ ၂၄ သွယ်၊ ပစ္စည်းချယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း ဟူသောအမေးကို ၂၄ သွယ်၊ ပစ္စည်း ချယ်၊ ပကတူပ ကျယ်သတည်း ဟူသော ကျီးသဲ့လေးထပ် ဆရာတော် ၏ အဖြေကို ၂၄ သွယ်၊ ပစ္စည်းဝယ်၊ အာရမ္မဏကျယ်သတည်း ဟူ၍ သာ ဖြေသင့်ကြောင်းကို ပဋ္ဌာန်၊ ၄-၃၅၈ လာ....

သဗ္ဗေ ဓမ္မာတိ တေဘူမိက ရူပါယတနာဒီနိ ပဥ္စအဝသေသာစ သဗ္ဗေပိ ဓမ္မေ ယျဓမ္မာကို ကိုးကား၍ ချောင်းဆုံ ဂန္ထိဆရာ သုံးသပ်တော် မူသည်။

http://www.dhammadownload.com



မှတ်ထားချက်....

ထိုသို့ အာရမ္မဏပစ္စည်း အလွန်ကျယ်သည်ဖြစ်ပါသောကြောင့် ပဋ္ဌာန်း၏အခြေပါဠိ ဖြစ်နိုင်သမျှဖြစ်ကြပါစေရန် အာရုံ-အာရမ္မဏိက တရားကို ဝါ၊ ပစ္စည်း ပစ္စယုပ္ပန်တရားကို သင်္ဂဟကျမ်း၌ လာသည့်အတိုင်း အစိတ်စိတ်ခွဲခြား၍ ပြဆိုရေးသားပါမည်။

ထိုသို့ ခွဲခြား၍ ကွဲကွဲပြားပြား ရေးသားသည်တို့ကို ကြည့်ရှုလေ့လာကြပါလျှင် ပဋ္ဌာန်း၏အခြေခံကို ကောင်းစွာ ပြည့်စုံလာမည်ဖြစ်ကြောင်း လေ့လာသူတိုင်း ဝန်ခံပြီးသားဖြစ်ကြပါလိမ့်မည်။

ဤ အာရမ္မဏ၏ ပစ္စည်း ပစ္စယုပ္ပန်အရတို့ကို ပကိဏ်းပိုင်း၊ အာရမ္မဏသင်္ဂဟကို လေ့လာသုံးသပ် ခွဲခြား ဝေဖန်ကြမှသာလျှင် ပြည့်ပြည့်စုံစုံသိကြ၍ အာရမ္မဏပစ္စည်းတရား လိုမှာကျွမ်းကျင်ကြပေသည်။

ထို့ကြောင့် အာရမ္မဏသင်္ဂဟကို လေ့လာ သုံးသပ်ဝေဖန်လိုက်သော်....

ရှင်အနုရုဒ္ဓါဆရာသည် ဤ အာရမ္မဏသင်္ဂဟ၌....

၁။ ကာမအာရုံ

၂။ မဟဂ္ဂုတ်အာရုံ

၃။ ပညတ်အာရုံ

၄။ နိဗ္ဗာန်အာရုံ ဟူ၍ လေးမျိုးဖြင့်သာ အကျဉ်းချုံး၍ ကောင်းအာရုံ၊ အနေကောင်းအာရုံအားဖြင့် အာရုံအာရမ္မဏိက တရားတို့....

ပဉ္စဝီသပရိတ္တမှိ၊ ဆစိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌနိဗ္ဗာန ဂေါစရေ။
ဝီသာနုတ္တရမုတ္တမှိ၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ။
ပဉ္စသဗ္ဗတ္ထဆစ္စေတိ၊ သတ္တဓာ တတ္ထသင်္ဂဟော။

ဟူ၍ ပြတော်မူခဲ့သည်။

ထိုအာရုံလေးပါးတို့ကိုသိရှိနိုင်ရန်ကိုလည်း ၄-ပါးသောဝါကျတို့ဖြင့် အကျဉ်းချုံး၍ ပြထားပေသည်။

http://www.dhammadownload.com



၉-ပါးသော ဝါကျတို့ကား....

(၁) စေသုံ စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ဧကေ ကာရမ္မဏာနေဝ။ စက္ခုဝိညာဏ်ငွေသည် ပစ္စုပ္ပန်ရူပါရုံကို။ သောတဝိညာဏ်ငွေသည် ပစ္စုပ္ပန်သဒ္ဒါရုံကို ။လ။ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အစဉ်အတိုင်း အာရုံပြုကြသည် ဟု ပြတော်မူသည်။

အမှာ - စက္ခုဝိညာဏာဒီနိ၌ အာဒိသဒ္ဒါဖြင့် သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ်တို့ကို ယူပါ။
ရူပါဒိ ၌ အာဒိသဒ္ဒါဖြင့် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ယူပါ။

ဤဝါကျ၌ အာရုံပြုတတ်သော အာရမ္မဏိကတရား (ဝါ) အာရမ္မဏ ပစ္စုပ္ပန်တရား(၁၀)ပါး ဖြစ်သောကြောင့် (ဒသ)ဝါကျ ဟု မှတ်ပါ။

(၂) မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ၊ မနောဓာတ်သုံးခုတို့သည် ရူပါရုံ စသော အာရုံ ၅ ပါးပါးတို့ကို အာရုံ ပြုသည်ဟု ပြတော်မူသည်။

ဤဝါကျ၌ အာရုံပြုတတ်သောတရား အာရမ္မဏိက တရား (ဝါ) ပစ္စုပ္ပန်တရားသုံးပါး ဖြစ်သောကြောင့် (တိ) ဝါကျဟု မှတ်ယူပါ။

(၃) သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ၊ သဗ္ဗထာပိ ကာမာဝစရ ရမ္မဏာနေဝ။
မဟာဝိပါက်စိတ် ၈-ခု၊ သန္တီရဏစိတ် ၃-ခု၊ ဟသိ-တုပ္ပါဒ် ဤ ၁၂-ပါးသော စိတ်တို့သည် ကာမစိတ် ၅၄-ခု၊ စေတသိက် ငွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆို အပ်သော ကာမအာရုံ ၆-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်၏အဖြစ်ကို ပြတော်မူသည်။

ဤဝါကျ၌အာရုံပြုတတ်သောတရား ၁၂-ပါးဖြစ်သောကြောင့် (ဒွါဒသ)ဝါကျဟု မှတ်ပါ။

http://www.dhammadownload.com



(၄) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝိဇ္ဇိတ သဗ္ဗာရမ္မဏာနိ။

အကုသိုလ်စိတ် ၁၂-ခု၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ခု၊ ဤ ၂၀-သော စိတ်တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဖြစ်သော လောကီစိတ် ကေသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်၊ ဤ အာရုံ ၆-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်၏အဖြစ်ကို ပြတော်မူသည်။

ဤဝါကျ၌ အာရုံပြုတတ်သောတရား (၂၀) ဖြစ်သောကြောင့် (ဝီသ)ဝါကျဟူ မှတ်ပါ။

(၅) ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ ပဉ္စမဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ကုသိုလ် အဘိညာဏ် ဤငါးပါးသော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ် ဤ အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြုသည်၏ အဖြစ်ကို ပြတော်မူသည်။

ဤဝါကျ၌ အာရုံပြုတတ်သောတရားငါးပါး ဖြစ်သောကြောင့် (ပဉ္စ) ဝါကျဟူ မှတ်ပါ။

(၆) ဉာဏသမ္ပယုတ္တကာမာဝစရ ကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗန ပဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

မနောဒွါရာဝဇ္ဇန်း မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ကြိယာအဘိညာဏ် ဤ ၆ ပါးသောစိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉ ခု၊ စေ

http://www.dhammadownload.com



တသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ် ဤအာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်၏ အဖြစ်ကို ပြတော်မူ၏။

ဤဝါကျ၌ အာရုံပြုတတ်သောတရား ၆ ပါး ဖြစ်သောကြောင့် (ဆ) ဝါကျဟု မှတ်ပါ။

(၇) အရူပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာ ရမ္မဏာနိ၊ ဝိညာဏဉ္စာယတနကုသိုလ် ဝိပါက်သည် အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၏။

ဝိညာဏဉ္စာယတန ကြိယာသည် အာကာသာနဉ္စာယတနကုသိုလ် ကြိယာ ၂ ပါးကို အာရုံပြု၏။

နေဝသညာနာသညာယတန ကုသိုလ် ဝိပါက်သည် အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၏။

နေဝသညာနာသညာယတန ကြိယာသည် အာကိဉ္စညာယတန ကုသိုလ် ကြိယာ ၂ ပါးကို အာရုံပြုသည်၏ အဖြစ်ကို ပြတော်မူ၏။

ဤဝါကျ၌ အာရုံပြုတတ်သော တရား ၆ ပါး ဖြစ်သောကြောင့် (ဆ)ဝါကျဟု မှတ်ပါ။

(၈) သေသာနိ မဟဂ္ဂတစိတ္တာနိ ပညတ္တာရမ္မဏာနိ။

ရူပ ပထမဈာန်စိတ် ၃ ခုသည် ကသိုဏ်းပညတ်(၁၀) ပါး၊ အသုဘပညတ် (၁၀)ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသောကာယကောဋ္ဌာသပညတ်၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော အတိုင်းမသိသော သုခိတ, ဗုဂ္ဂိတ သတ္တဝါပညတ်၊ ကရုဏာ၏အာရုံဖြစ်သော အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော အတိုင်းမသိသော သုခိတ သတ္တဝါ ပညတ်၊ ဤ ၂၅ ပါးသောပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုသည်ကို ပြတော်မူ၏။

ရူပ ဒုတိယဈာန်စိတ် ၃ ခု၊ တတိယ ဈာန်စိတ် ၃ ခု၊ စတုတ္ထ ဈာန်စိတ် ၃ခု သည် ကသိုဏ်းပညတ် (၁၀)ပါး၊

http://www.dharhmadownload.com



အာနာပါနသတိ၏အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်၊ မုဒိတာ၏ အာရုံ ဖြစ်သော အတိုင်းမသိသော သုခိတ သတ္တဝါပညတ်၊ ဤ ၁၄ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါးသော အာရုံပြုသည်၏အဖြစ်ကို ပြတော်မူ၏။

ရူပ ပဉ္စမဈာန် ၃ ခုသည် ကသိုဏ်းပညတ် (၁၀) ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ ဥပေက္ခာ၏ အာရုံဖြစ်သော အတိုင်း မသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်၊ ဤ (၁၂) ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံ ပြုသည်၏ အဖြစ်ကို ပြတော်မူ၏။

အာကာသာနဉ္စာယတန စိတ် ၃ ခုသည် အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုသည်၏ အဖြစ်ကို ပြတော်မူ၏။

အာကိဉ္စညာယတန စိတ် ၃ ခုသည် အာကာသာ နဉ္စာယတန ဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝ ပညတ်ကို အာရုံပြုသည်၏ အဖြစ်ကို ပြတော်မူ၏။

ဤဝါကျ၌ အာရုံပြုတတ်သောတရား (၂၁) ပါး ဖြစ်သော ကြောင့် (ကေဝီသ) ဝါကျဟု မှတ်ပါ။

မှတ်သားချက်။

ဤ ရူပ အရူပဈာန်တို့၏ အာရုံတို့ကို ကမ္မဋ္ဌာန်းပိုင်း ဘာဝနာ သင်္ဂဟ လာ အောက်ပါဂါထာရပ်တို့ဖြင့် သဘောကျနိုင်ပါစေ။
သတ္တာပိ ဒသကသိဏာနိ၊ အာနာပါနဉ္စ ပဉ္စကဈာနိကာနိ၊
ဒသအသုဘာ ကာယဂတာသတိ စ ပဌမဈာနိကာ။
မေတ္တာဒယော တယော စတုက္ကဈာနိကာ။
ဥပေက္ခာ ပဉ္စမ ဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရ ဈာနိကာနိ
ကမ္မဋ္ဌာနာနိ။
စတ္တာရော ပန အာရုပ္ပာ အာရုပ္ပဈာနိကာတိ။

http://www.dhammadownload.com



(၉) - လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။

လောကုတ္တရာစိတ် ၈-ခုသည် နိဗ္ဗာန်ကို အာရုံပြုသည်၏အဖြစ်ကို ပြတော်မူ၏။ ဤ၀ါကျ၌ အာရုံပြုတတ်သောတရား ၈ ပါးဖြစ်သောကြောင့် (အဋ္ဌ) ၀ါကျဟုမှတ်ပါ။

ဤ၉-၀ါကျလာ ပစ္စယုပ္ပန်တရားအရ-

ဒသ-တိ-ဒွါဒသ၊ ဝီသ-ပဉ္စ-ဆ၊ ဆ-ကေဝီသ-အဋ္ဌ ဟု ကျေညက်နေအောင် ရွတ်ဆိုထားကြပါလေ။

ထိုသို့ရွတ်ဆိုထားကြပါက-

အာရုံ၊ အာရမ္မဏိက ခွဲခြားဝေဖန်ရာ၌ လည်းကောင်း၊ အာရမ္မဏ ဆိုင်ရာပစ္စည်း ပစ္စယုပ္ပန် ခွဲခြားဝေဖန်ရာ၌လည်းကောင်း အလျင်အမြန် သဘောပေါက်၍ အလွန်ကျေးဇူးများကြောင်း လက်တွေ့သိရပါလိမ့်မည်။ ဆိုခဲ့ပြီး ပဉ္စဝီသပရိတ္တမ္ဗိ ဟူသော သင်္ဂဟလာ ၂ ဂါထာတို့တွင် ပဉ္စဝီသပရိတ္တမ္ဗိ ဂါထာဖြင့်-

ကေနံ အာရုံပြုသော တရားတို့ကို ပြတော်မူသည်။

ဝီသာနုတ္တရမုတ္တမ္ဗိ ဂါထာဖြင့်-

အနေကာနံ အာရုံပြုသော တရားတို့ကို ပြတော်မူသည်။

ယင်း ၂ ဂါထာကို ပစ္စည်း ပစ္စယုပ္ပန် ခွဲပါမူ....

ပဉ္စဝီသပရိတ္တမ္ဗိ ၌-

ပဉ္စဝီသ-သည် ပစ္စယုပ္ပန်၊ ဝါ-အာရုံပြုတတ်သော တရား။

ပရိတ္တမ္ဗိ-သည် ပစ္စည်းတရား၊ ဝါ-ကာမအာရုံ။

ပဉ္စဝီသ အရကား ဒသ-တိ-ဒွါဒသဝါကျဖြင့် ပြအပ်သော မနောဒွါရာဝဇ္ဇန်းကြဉ်သော အဟိတ်စိတ် ၁၇ ခု၊ မဟာဝိပါက်စိတ် ၈ ပါးတည်း(ဝါ) ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ခု၊ တဒါရုံ ကောဒသ ဟုသိရှုပ္ပာဒ်တည်း။ ဝီသအရကား ကာမစိတ် ၅၄ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ဟုဆိုအပ်သော ကာမအာရုံ ၆ ပါးတည်း။

ဆဝီတ္တာနိ မဟဂ္ဂတေ ၌-

ဆ-သည် ပစ္စယုပ္ပန်၊ ဝါ-အာရုံပြုတတ်သော တရား။

မဟဂ္ဂတေ-သည် ပစ္စည်းတရား၊ ဝါ-အာရုံ တရားတည်း။

http://www.dhammadownload.com



ဆ-အရကား ဝိညာဏဉ္စာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ ခုတည်း။

မဟဂ္ဂတေ-အရကား အာကာသနဉ္စာယတန ကုသိုလ်ကြိယာ၊ အာကိဉ္စညာယတန ကုသိုလ်ကြိယာတည်း။

ကေစိသတိဝေါဟာရေ ဥဒ္ဓ-

ကေစိသတိသည် ပစ္စယုပ္ပန်၊ ဝါ-အာရုံပြုတတ်သော တရား။
ဝေါဟာရေ-သည် ပစ္စည်းတရား၊ ဝါ-အာရုံ တရား။

ကေစိသတိ-အရကား အဘိညာဏ်ဒွေမှ တစ်ပါး ရူပစိတ် ၁၅ ခု၊ အာကာသာနဉ္စာယတနစိတ် ၃ ခု၊ အာကိဉ္စညာယတနစိတ် ၃ ခုတည်း။

ဝေါဟာရေ-အရကား ဆိုခဲ့ပြီး ၂၈ ပါးသော ပညတ်အာရုံတည်း။

အဋ္ဌနိဗ္ဗာနဂေါစရေ ဥဒ္ဓ-

အဋ္ဌ-သည် ပစ္စယုပ္ပန်တရား၊ ဝါ-အာရုံပြုတတ်သော တရား။
နိဗ္ဗာနဂေါစရေ-သည် ပစ္စည်းတရား၊ ဝါ-အာရုံ တရား။

အဋ္ဌ-အရကား လောကုတ္တရာစိတ် ၈ ခုတည်း။
နိဗ္ဗာန-ဂေါစရေ အရကား နိဗ္ဗာန်တည်း။

ဝီသာနုတ္တရမုတ္တမှိ ဥဒ္ဓ-

ဝီသသည် ပစ္စယုပ္ပန်၊ ဝါ-အနေကန် အာရုံပြုတတ်သော တရား။

အနုတ္တရမုတ္တမှိ-သည် ပစ္စည်းတရား၊ ဝါ-အာရုံတရား။

ဝီသအရကား-အကုသိုလ်စိတ် ၁၂ ပါ၊ ဉာဏဝိပ္ပယုတ် မဟာကုသိုလ် ကြိယာ ၈ ခုတည်း။

အနုတ္တရမုတ္တမှိ-အရကား လောကီစိတ် စေတသိက် ရုပ်၊ ပညတ်၊ ကာလဝိမုတ်ဖြစ်သော ပညတ်တည်း။

ရံခါ သာမန်အားဖြင့် လောကီစိတ် စေတသိက် ရုပ်၊ ပညတ်၊ အတိတ်အနာဂတ်ဖြစ်သော နိဗ္ဗာန်ရုပ် တိကာလိက်ဖြစ်သော အနိဗ္ဗာန်ရုပ် ပညတ်တရားတို့ကို အာရုံပြုသည်ဟု ပြတော်မူ၏။

http://www.dhammadownload.com



ပဋ္ဌာန်းအလိုအားဖြင့်–

ယင်းအာရုံပစ္စည်း တရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။ ရုံခါ အလေးအမြတ်အားဖြင့် ဒေါသမူ ဒွေး မောဟမူ ဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော လောကီစိတ် ၇၆ ခု၊ ဒေါသ ကုက္ကုစ္စ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇ ခု၊ အတိတ် အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ် တရားတို့ကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်း တရားတို့က–အာ–ဓိ ဥ–သုံးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ သာမန်အားဖြင့် ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဇ္ဈာရသကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံ ပစ္စည်းဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်က အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ လေးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ အလေးအမြတ်အားဖြင့် ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဇ္ဈာရသကို အာရုံပြုသည်ဟု ပြတော်မူ၏။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာ–ဓိ–ဥ–ပု–ထ္ထိ–အဝိ (၆) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ မရဏာသန္နအခါ သာမန်အားဖြင့် စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ် နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့်ယင်းအာရုံပစ္စည်းဖြစ်သောဟဒယဝတ္ထုက အာ–နိ–မူ–ဝိပ်–နတ္ထိ–ဝိဂတ ဤ ၆ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေသည်။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ခုသည်....

ရုံခါ သာမန်အားဖြင့် လောကီစိတ်ကေသိတ်၊ စေတသိက် ဓွေပညာသ၊ အတိတ်အနာဂတ် နိပ္ဖန္နရုပ်၊ တိကာလိက အနိပ္ဖန္နရုပ် ပညတ်တရားတို့ကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေသည်။

http://www.dhammadownload.com



ရုံခါ အလေးအမြတ်အားဖြင့် လောကီကုသိုလ်သတ္တရသ တရားတို့ကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာ-ဓိ-ဥ ဤပစ္စယသတ္တိ ၃ မျိုးဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ သာမန်အားဖြင့် ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့်ယင်းအာရုံပစ္စည်းတရားတို့က အာ-ပု-တ္ထိ-အဝိ ဤပစ္စယသတ္တိ ၄ မျိုးဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ မရဏာသန္န အခါ သာမန်အားဖြင့် စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် ။လ။ ဟဒယဝတ္ထုကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာ-နိ-ပု-ဝိပ်-နတ္ထိ-ဝိဂတ ဤပစ္စယသတ္တိ ၆ မျိုးဖြင့် ကျေးဇူးပြုပေသည်။

ဒေါသမူဒွေး မောဟမူဒွေး မဟာဇကြိုယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုတို့သည်....

ရုံခါ လောကီစိတ်စေတသိက်၊ စေတသိက် ဒွေပညာသ၊ အတိတ် အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ်၊ တိကာလိကဖြစ်သော အနိပ္ဖန္နရုပ် ပညတ်တို့ကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။

ရုံခါ သာမန်အားဖြင့် ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ တို့ကို အာရုံပြုသည်ဟု ပြတော်မူသည်။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာ-ပု-တ္ထိ-အဝိ ဤ ပစ္စယသတ္တိ ၄ မျိုးဖြင့် ကျေးဇူးပြုပေ၏။

ရုံခါ မရဏာသန္န အခါ သာမန်အားဖြင့် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ။လ။ ဟဒယဝတ္ထုကို အာရုံပြုသည်ကို ပြတော်မူ၏။

ပဋ္ဌာန်းအလိုအားဖြင့် ယင်းအာရုံပစ္စည်းတရားတို့က အာ-နိ-ပု-ဝိပ်-နတ္ထိ-ဝိဂတ ဤပစ္စယသတ္တိ ၆ မျိုးတို့ဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com



မှာထားချက်။ ။ပြဆိုပြီးသည်များကို သင်္ဂဟစာအုပ်ကြည့်၊ နှုတ်တက်ရရှိဖြစ်အောင် (ဝါ) နှုတ်လိုက်အောင် ရွတ်ကြရပါမည်။ သို့မှ ပဋ္ဌာန်း ညဝါဆိုသောအခါ မိမိတို့၏ မနောဒွါရမှာ ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိ သဘာဂ ပစ္စည်း ယဥ်နာတို့ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင်လင်း၍ "ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ" ဆိုသည့်အတိုင်း အခက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို အလွယ်တကူ မပင်မပန်း ချမ်းချမ်းသာသာဖြင့် သင်ကြားပို့ချနိုင်ကြပေမည်။

ဝီသာနုတ္တရ မုတ္တမိုဒ္ဓ....

ဝီသ ပစ္စယုပ္ပန်တရားသည် အနုတ္တရ မုတ္တ တရားကို အနေကန် အားဖြင့် အာရုံပြုပေသည်။ ထို့ကြောင့် ဥတ္တရ အရ လောကုတ္တရာ ပစ္စည်းတရားက အာရမ္မဏသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ။

အကြောင်းကား ဝီသ တရားဟု ဆိုအပ်သော မိမိ၏ မိုက်မဲလှစွာ မလိမ္မာသောကြောင့်တည်း။

ဋီ-၁၃၃။

ဒွါဒသာကုသလ အဋ္ဌ ဉာဏဝိပ္ပယုတ္တ ဇဝနဝသေန ဝီသတိ စိတ္တာနိ အတ္တနော ဇန္ဒဘာဝတော လောကုတ္တရဓမ္မေ အာရဗ္ဘ ပဝတ္တိတုံ န သက္ကောန္တိတိ နဝဝိဓလောကုတ္တရဓမ္မေ ဝဇ္ဇေတွာ တေဘူမကာနိ ပညတ္တိ စ အာရဗ္ဘ ပဝတ္တန္တိ။

တစ်နည်း....

ထို ၂၀ သော စိတ်တို့သည် ပစ္စဝေက္ခဏာ ဝိပဿနာ၏ အဖြစ်ဖြင့် မဖြစ်သောကြောင့် ထို ၂၀ သော စိတ်တို့၏ အာရုံ၌ လောကုတ္တရာတရား (၉)ပါးကို ကြဉ်၍ အလုံးစုံသော တရားအား အာရမ္မဏ ပစ္စည်း တပ်လေသည်။

အဘိဓမ္မတ္ထဒီပနီ....

အထဝါ တာနိ ဝီသတိစိတ္တာနိ ပစ္စဝေက္ခဏ ဝိပဿနာ ဘာဝေန အပဝတ္တနတော တေသံ အာရမ္မဏေ လောကုတ္တရ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနီတိ အာစရိယာနံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

http://www.dhammadownload.com



အဂ္ဂမဂ္ဂဖလုဗ္ဗိတော ပဋ္ဌ ၌....

အဂ္ဂမဂ္ဂဖလုဗ္ဗိတသည် ပစ္စည်း။ ဝါ-အာရုံတရား။ ပဋ္ဌအရကား မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၄)ခု၊ ကုသိုလ်အဘိညာဉ်တည်း။

အဂ္ဂမဂ္ဂဖလုဗ္ဗိတ အရကား....အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ္တဖြစ်သော နိဗ္ဗာန် ပညတ် ဤအာရုံ (၆) ပါးတို့တွင် တစ်ပါးပါးတည်း။

ထို့ကြောင့်....

အရဟတ္တမဂ် အရဟတ္တဖိုလ် ပစ္စည်းတရားကား မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခု၊ ကုသိုလ်အဘိညာဉ်အား အာရမ္မဏ ပစ္စည်း မတပ်ဟုမှတ်။

အကြောင်းကား....

ထိုမဟာကုသိုလ် ဉာဏသမ္ပယုတ် ကုသိုလ်အဘိညာဉ် တို့၏ သေက္ခ ပုထုဇဉ် သန္တာန်တို့၌သာလျှင်ဖြစ်သော ကြောင့်တည်း။

ဋီ-၁၃၅။

သေက္ခပုထုဇ္ဇနသန္တာနေတွေဝ ပဝတ္တနတော။

ဤ၌ အချို့သောဆရာတို့ကား သင်္ဂဟအဋ္ဌကထာ၌ လာတိုင်း ပစ္စည်းတပ်ကြ၏။ သင်္ဂဟဆရာကား ယထာလာဘနယ သာမညနယ မျှသာ ပြပါသောကြောင့် မသင့်ဟု ချောင်းဆုံ ဂန္ထိဆရာ မှာတော် မူသည်။

ထို့ကြောင့်....

၁။ သောတာပတ္တိ မဂ် ဖိုလ် နိဗ္ဗာန် ပစ္စည်း၊ သောတာပတ္တိ မဂ် သန္တာန်၌ရှိသော မှဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ပစ္စယုပ္ပန်။

၂။ သောတာပတ္တိမဂ် ဖိုလ် သကဒါဂါမိမဂ် ဖိုလ် နိဗ္ဗာန် ပစ္စည်း။ သကဒါဂါမိမဂ် သန္တာန်၌ရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပစ္စယုပ္ပန်။

http://www.dhammadownload.com



၃။ သောတာပတ္တိမဂ် ဖိုလ် သကဒါဂါမိမဂ်ဖိုလ် အနာဂါမိ မဂ် ဖိုလ် နိဗ္ဗာန် ပစ္စည်း။ အနာဂါမိမဂ်သန္တာန်၌ ရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပစ္စယုပ္ပန်။

၄။ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် ပစ္စည်း၊ အရဟတ္တမဂ် သန္တာန်၌ရှိသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပစ္စယုပ္ပန်။

ဤသို့ စသည်ဖြင့် ပစ္စည်းတပ်သင့်၏ဟု ချောင်းဆုံဂူကျွိဆရာ မိန့်မှာတော်မူသည်။

လောကုတ္တရာတရားသည် ပုထုဇဉ် သန္တာန်၌ ရှိသော မဟာကုသိုလ် ၄-ခုအား အာရမ္မဏပစ္စည်း မတပ်ပေ။

ဋီ-၁၃၄။

သေက္ခာပိ ဟိ ဌပေတွာ လောကိယစိတ္တံ အရဟတော မဂ္ဂဖလသင်္ခါတံ ပါဋိပုဂ္ဂလိကစိတ္တံ ဇာနိတုံ န သက္ကောန္တိ အနဓိဂတတ္တာ၊ တထာ ပုထုဇ္ဇနာဒယောပိ သောတာပန္နာဒီနံ။

သေက္ခာနံ ပန အတ္တနော အတ္တနော မဂ္ဂဖလပစ္စဝေက္ခဏော-သု ပရသန္တာန ဂတ မဂ္ဂဖလာရမ္မဏာယ အတီတာယ ပရိကမ္မ ကာလေ အတီတာ စိတ္တေနေဝ မဂ္ဂဖလာနံ ပရိစ္ဆိန္နကာလေ စ အတ္တနော အတ္တနော သမာနာနံ ဟေဋ္ဌိမာနဉ္စ မဂ္ဂဖလ ဓမ္မေ အာရဗ္ဘ ကုသလဇဝနာနံ ပဝတ္တိအတ္ထိတာ အရဟတ္တ ဖလဿေဝ ပဋိက္ခေပေါ ကတော။

ဟိသဒ္ဒါ၊ ၏။ သေက္ခာပိ၊ တို့သည်လည်း။ လောကိယစိတ္တံ၊ ကို။ ဌပေတွာ၊ ထား၍။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏။ မဂ္ဂဖလသင်္ခါတံ၊ မဂ်ဖိုလ်ဟု ဆိုအပ်သော။ ပါဋိပုဂ္ဂလိကံ၊ အသီးဖြစ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော။ စိတ္တံ၊ ကို။ ဇာနိတုံ၊ သိခြင်းငှာ။ န သက္ကောန္တိ၊ မစွမ်းနိုင်။ ကသ္မာ၊ အဘယ်ကြောင့်။ န သက္ကောန္တိ၊ သနည်း။ အနဓိဂတတ္တာ၊ မရသေးသည်၏အဖြစ်ကြောင့်။ န သက္ကောန္တိ၊ နိုင်ကုန်။

http://www.dhammadownload.com



တထာ၊ တူ။ ပုထုဇ္ဇနာဒယောပိ၊ တို့သည်လည်း။ သောတာ-ပန္နာဒီနံ၊ အစရှိသည်တို့၏။ ပါဠိပုဂ္ဂလိကာနံ၊သော။စိတ္တံ၊ ကို။ ဇာနိတုံ၊ ငှာ။ န သက္ကောန္တိ၊ နိုင်ကုန်။

သေက္ခာနံ ပန၊ တို့အားကား။ အတ္တနော၊ မိမိတို့၏။ မဂ္ဂဖလ-ပစ္စဝေက္ခဏေသု၊ မဂ်ဖိုလ်ကို ဆင်ခြင်သောကာလတို့၌ လည်းကောင်း။ ပရသန္တာနေ ဂတ မဂ္ဂ ဖလ ရမ္မဏာယ၊ သူတစ်ပါး၏သန္တာန်၌ဖြစ်သော မဂ်ဖိုလ်လျှင် အာရုံရှိသော။ အဘိညာယ၊ စေတော ပရိယအဘိညာဏ်၏။ ပရိကမ္မကာလေစ၊ ပရိကံကို ပြုသောအခါ၌ လည်းကောင်း။ အဘိညာစိတ္တေနေဝ၊ စေတော ပရိယ အဘိညာဏ်စိတ်ဖြင့်သာလျှင်။ မဂ္ဂဖလာနံ၊ သူတစ်ပါးတို့၏သန္တာန်၌ဖြစ်သော မဂ်ဖိုလ်တို့ကို။ပရိစ္ဆိန္ဒ-န ကာလေစ၊ ပိုင်းခြား၍သိသောကာလ၌ လည်းကောင်း။ အတ္တနော အတ္တနော၊ မိမိ၏လည်းကောင်း။ သမာနံ၊ မိမိနှင့်တူကုန်သော။ ပုဂ္ဂလာနဥ္စ၊ ပုဂ္ဂိုလ်တို့၏လည်းကောင်း။ ဟေဋ္ဌိမာနံ၊ အောက်၌ ဖြစ်ကုန်သော။ ပုဂ္ဂလာနဥ္စ၊ တို့၏လည်းကောင်း။ မဂ္ဂဖလေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ကုသလဇ္ဇဝနာနံ၊ တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။အတ္ထိ၊၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အရဟတ္တမဂ္ဂဖလသေဝ၊ ကိုသာလျှင်။ မဋ္ဌိကေဝွပေါ၊ ဖယ်ခြင်းကို။ ကတော၊ ပြုအပ်၏။

ဆိုလိုရင်းကား - သေက္ခပုဂ္ဂိုလ် (၃) ယောက်တို့သည် လောကီစိတ်ကို ထား၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော အသီးအခြားဖြစ်သောစိတ်ကို မရသေးသောကြောင့် သိခြင်းငှာ မစွမ်းနိုင်။

ပုထုဇဉ်သည် မဂ်ပုဂ္ဂိုလ် ၄- ပါးတို့၏စိတ်ကို။ သောတာပန် ပုဂ္ဂိုလ်သည် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ စိတ်ကို။

သကဒါဂါမ်သည် အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်ကို။ အနာဂါမ်သည် ရဟန္တာပုဂ္ဂိုလ်၏စိတ်ကို သိခြင်းငှာ မစွမ်းနိုင်။

အမှာ- မစွမ်းနိုင်ဆိုသည်ကား အာရမ္မဏပစ္စည်း မတပ်သည်ကို ဆိုသည်ဟုမှတ်။

http://www.dhammadownload.com



(က) သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့၏ မိမိ၏ မဂ်ဖိုလ်ကို ဆင်ခြင်သော ကာလတို့၌ မိမိ၏လည်းကောင်း၊ မိမိနှင့် တူကုန်သော သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ တို့၏ လည်းကောင်း၊ မိမိ၏အောက်ဖြစ်သော မဂ် ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ မဂ်ဖိုလ်တို့ကို အာရုံပြု၍ ကုသိုလ်ဇောဖြစ်ခြင်း ရှိ၏။

(ခ) သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ သူတစ်ပါး သန္တာန်၌ ဖြစ်သော မဂ်ဖိုလ်လျှင် အာရုံရှိသော စေတောပရိယ အဘိညာဏ်၏ ပရိကမ်ကာလ၌ မိမိ၏လည်းကောင်း၊ မိမိနှင့်တူသော မဂ်တို့၏လည်းကောင်း၊ မိမိအောက် ဖြစ်သော မဂ်ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ မဂ်ဖိုလ်ကို အာရုံပြု၍ ကုသိုလ်ဇောဖြစ်ခြင်း ရှိ၏။

(ဂ) သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့၏ စေတောပရိယ အဘိညာဏ်နှင့် ယှဉ်သောစိတ်ဖြင့်သာလျှင် သူတစ်ပါး တို့၏ မဂ်ဖိုလ်ကို ပိုင်းခြား၍သိသော ကာလ၌ မိမိ၏ လည်းကောင်း၊ မိမိနှင့်တူသော မဂ်ပုဂ္ဂိုလ်တို့၏ လည်း ကောင်း၊ မိမိအောက်ဖြစ်သော မဂ်ပုဂ္ဂိုလ်တို့၏ လည်း ကောင်း မဂ်ဖိုလ်ကိုအာရုံပြု၍ ကုသိုလ်ဇောဖြစ်ခြင်း ရှိ၏။

ဤသို့သော အခြင်းအရာကို သိစေလိုသောကြောင့်-

အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိဟု သင်္ဂဟပါဌ်၌ မိန့်ဆို တော်မူသည်။

မှတ်ချက်။ ။ပုထုဇဉ်သန္တာန်၌ဖြစ်သော ၅-ပါးသော ကုသိုလ်ဇော တို့အား လောကုတ္တရာတရားတို့သည် အာရမ္မဏသတ္တိ ဖြင့် ကျေးဇူးမပြုဟု မှတ်အပ်၏။

သို့သော် မဂ္ဂဝီထိ၌ မဂ်၏ ရှေး ဂေါတြဘူ ဝေါဒါန်ကိစ္စ တပ် သော မဟာကုသိုလ်အား နိဗ္ဗာန်ပစ္စည်းတရားက ကျေးဇူးပြုသေး၏။

ဆောင်။ ။သေက္ခသန္တာန်၊ ဤငါးတန်၊ နိဗ္ဗာန်လောကုတ် မှစ္စည်း ထုတ်။

ပုထုဇဉ်မှာ၊ မရပါ၊ ငြိကာ အဖွင့်ထုတ်။

http://www.dhammadownload.com



ပဋ္ဌာန-ဋ္ဌ ၃၆၀။

နိဗ္ဗာနာရမ္မဏံ ကာမာဝစရ ရူပါဝစရ ကုသလဿ အပရိယာပန္နဿ ကုသလ ဝိပါကဿ ကာမာဝစရ ရူပါဝစရ ကိရိယဿစာတိ ဣမေသံ ဆန္နံ ရာသီနံ အာရမ္မဏပစ္စယော ဟောတိ။

ဆိုင္ခာယ်အား။ ။ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ငါးပါးနှင့် စပ်သည်ကို အစဉ်လျှောက်၍ အောက်မေ့သောကာလ၌ နိဗ္ဗာန်သည်လည်း ရူပါဝစရကုသိုလ် ကြိယာတို့အား အာရမ္မဏပစ္စည်း တပ်၏ ဟူလို။

ထို့ကြောင့် ယင်း မူလဋီ ၈၈၁။

နိဗ္ဗာနာရမ္မဏံ ကာမာဝစရ ရူပါဝစရ ကုသလဿ ။ပ။ ဆန္နံ ရာသီနံ အာရမ္မဏပစ္စယော ဟောတီတိ ဣဒံ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏေန ခန္ဓပဋိဗဒ္ဓါနုဿရဏကာလေ နိဗ္ဗာနမ္ပိ ရူပါဝစရ ကိရိယာနံ အာရမ္မဏံ ဟောတီတိ ဣမိနာ အဓိပ္ပာယေန ဝုတ္တံ။

အရဟတ္တမဂ် အရဟတ္တဖိုလ်မှတစ်ပါး ကာမ မဟဂ္ဂုတ် ပညတ် နိဗ္ဗာန်တို့၏ ကုသိုလ်ဇော ၅ ပါးတို့၏ အာရုံဖြစ်ပုံ သေက္ခ ပုထုဇဉ်တို့၏....

(၁) သက္ကာဒ္ဓိဒါနကာလ သက္ကစ္စပစ္စဝေက္ခဏကာလ သက္ကစ္စ ဓမ္မသဝနကာလ သက္ကစ္စသင်္ဂါရဿမကာလတို့၌ ကာမ အာရုံသည် ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ် ၄ ခု တို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

(၂) သက္ကစ္စပစ္စဝေက္ခဏ ကာလ၌ နိဗ္ဗာန်သည် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄ ခုတို့၏ အာရုံ အဖြစ်သို့ ရောက်ကုန်၏။

(၃) သက္ကစ္စ ကသိဏ ပရိကမ္မာဒိကာလ၌ မဟဂ္ဂုတ် ပညတ် တို့သည် ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်ဇော ၄ ခု တို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

http://www.dhammadownload.com



(၄) တံ တဒါရမ္မဏိကာ အဘိညာဉ်နှံ့ ပရိကမ္မကာလ၌ ကာမ မဟဂ္ဂုတ် ပညတ် နိဗ္ဗာန်တို့သည် ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဇော ၄ ခုတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

(၅) ဂေါတြဘူ ကိစ္စ ဝေါဒါနကိစ္စတပ်သော ကာလတို့၌ နိဗ္ဗာန်သည် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄ ခုတို့၏ အာရုံ၏အဖြစ်သို့ ရောက်ကုန်၏။

(၆) ဒိဗ္ဗစက္ခာဒိဟိ ရူပဝိဇာနန ကာလ၌ ကာမ-မဟဂ္ဂုတ်- ပညတ်- နိဗ္ဗာန်တို့သည် အဘိညာဏ် ကုသိုလ်ဇော၏ အာရုံ၏ အဖြစ်သို့ ရောက်ကုန်၏။

အဓိ။ ။အာရုံ၏အဖြစ်သို့ ရောက်ကုန်၏ဟူသည် အာရမ္မဏပစ္စည်း တပ်သည်ဟု ဆိုလိုသည်။

ဤ ၆ နံပါတ်အရ နိဗ္ဗာန်သည် အဘိညာဏ်ကုသိုလ်အား အာရမ္မဏ ပစ္စည်းတပ်၏ဟု ဆိုရာ၌ (ဆင်ခြင်လေ)ဟု ချောင်းဆုံ ဂဏ္ဌိဆရာ မှာတော်မူ၏။

မဏိမဥ္ဇူ ပ-၄၁၇၊

ကဒါ ပန ကာမာဝစရ မဟဂ္ဂတ ပညတ္တိ နိဗ္ဗာနာနိ ကုသလ-ဇဝနာနံ ဂေါစရဘာဝံ ဂစ္ဆန္တီတိ အာဟ ကာမာဝစရိတ္ယာဒိ။ သက္ကစ္စဒါနကာလေ စ သက္ကစ္စ ပစ္စဝေက္ခဏကာလေ စ သက္ကစ္စ ဓမ္မသဝနကာလေ စ သက္ကစ္စ ကသိဏ ပရိကမ္မကာလေ စ သက္ကစ္စ ဒါန ။ပ။ ပရိကမ္မာနိ။

မဏိမဉ္ဇူ ပ-၄၁၇၊

(၁) သေက္ခပုထုဇ္ဇနာနံ (၁) သက္ကစ္စံ ဒါနံ ပစ္စဝေက္ခဏာ ဓမ္မသဝန သဇ္ဈါယသမ္မသန ကာလေသု ကာမာ-ဝစရာနိ။

(၂) ပစ္စဝေက္ခဏာ သမ္မသနံ ကာလေသု မဟဂ္ဂတာနိ ပစ္စဝေက္ခဏာ ကာလေ နိဗ္ဗာနံ။

http://www.dhammadownload.com



(၃) ကသိဏာ ပရိကမ္မာဒိကာလေသု မဟဂ္ဂတပဉ္စတ္တိယော တံ တဒါရမ္မဏာ ။ပ။ ကာမာဝစရာဒီနီ။

(၄) ဂေါ်တြဘူ ။ပ။ ကာလေ နိဗ္ဗာနံ ဉာဏ-သမ္ပယုတ္တ ကာမာဝစရ ကုသလ-ဇဝနာနံ ဂေါစရဘာဝံ ဂစ္ဆန္တိ။

(၅) ဒိဗ္ဗစက္ခု။ပ။ ကာလေ ကာမာဝစရဒီနိ အဘိညာ ကုသလဇဝနေသ ဂေါစရ-ဘာဝံ ဂစ္ဆန္တီတိ ယောဇနာ။

ပဋ္ဌာန်းနည်းအားဖြင့်....

ထို ပဋ္ဌမဝါကျကို အသေးစိတ် ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိ ခွဲပြသော် မဟာကုသိုလ်ညာဏသမ္ပယုတ်စိတ် ၄ ခုသည်....

(၁) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော.... အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ၅၂ ပညာသ၊ အတိတ် အနာဂတ် နိပ္ဖန္နရုပ်၊ တိကာလိက အနိပ္ဖန္နရုပ် ပညတ် ပစ္စည်းတို့က အာရမ္မ-ဏ သတ္တိ။

(၂) ရံခါ အလေးအမြတ် အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ အောက်ဖိုလ် ၃-ခု၊ နိဗ္ဗာန် ပစ္စည်းတရားတို့က အာ၊ ဒိ၊ ဥ၊ ဤ သုံး ပစ္စယသတ္တိ။

(၃) ရံခါ ပစ္စုပ္ပန် နိပ္ဖန္နရုပ်၊ အဋ္ဌာရသ ပစ္စည်းတရားတို့က အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤ လေး ပစ္စယ သတ္တိ။

(၄) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည့်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယ ဝတ္ထု ပစ္စည်းတရားက ဤအာရမ္မဏနိဿယ၊ ပုရေ-ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ ခြောက်ပစ္စယသတ္တိ တို့ဖြင့်လည်းကောင်း ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ် တည်နေရပေ၏။

http://www.dhammadownload.com



အဘိညာဏ်၌မှတ်ဖွယ်....

ပဋ္ဌာန်းပဋ္ဌာဝါရ ပါဠိတော် (၁၃၃-၁၃၅)၌....

ကုသလာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မူပဂဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော ဟူ၍လည်းကောင်း၊ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ၊ စေတောပရိယဉာဏေန ဝိပါကာဗျာကတကိရိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ ဟူ၍လည်းကောင်း အဘိညာဏ်(၇)ပါးကို ဟောကြားတော်မူပေသည်။

သင်္ဂဟကျမ်း၌ကား....

အဘိညာစနာမ၊ ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ၊
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခူတိ ပဉ္စဓာ။

ဟူ၍ အဘိညာဏ် ၅-ပါးကိုသာ ပြဆိုထားပေသည်။

ထိုသို့ သင်္ဂဟကျမ်း၌ ၅-ပါး ဆိုသော်လည်း အရှင်အနုရုဒ္ဓါ သည်ပင် ရေးသားအပ်သော နာမရူပ ပရိစ္ဆေဒကျမ်း ဂါထာအမှတ်

(၁၄၉၃)၌....

အနာဂတံသ ဉာဏဥ္စ၊ ယထာကမ္မူပဂံ ကထာ၊
တံ နိဿိတတ္တာ ဂစ္ဆန္တိ၊ ဒိဗ္ဗစက္ခုမှိ သင်္ဂဟံ။

ဟု ပြဆိုထားပေသည်။

အနာဂတံသဉာဏ်၊ ယထာကမ္မူပဂဉာဏ် ၂-ပါးတို့သည် ထို ဒိဗ္ဗစက္ခုဉာဏ်ကိုမှီသည်၏အဖြစ်ကြောင့် ထိုဉာဏ်၂-ပါးတို့ကို ဒိဗ္ဗစက္ခု ဉာဏ်၌ ရေတွက်ပြီး ငါးပါးသာ သင်္ဂဟကျမ်း၌ ပြဆိုအပ်ပါသည်တဲ့။

ဋီ-၂၆၇ ၌ကား....

အနာဂတံသဉာဏ်၊ ယထာကမ္မူပဂဉာဏ်တို့၏ ပရိကမ်အထူး မရှိသောကြောင့် ဒိဗ္ဗစက္ခုဉာဏ်၏ အစွမ်းဖြင့်သာလျှင် ပြည့်စုံပါ သတဲ့။

ယထာကမ္မူပဂဉာဏ အနာဂတံဉာဏာနိပိ ဒိဗ္ဗစက္ခု
ဝသေန ဣဇ္ဈန္တိ၊ န ဟိ တေသံ ဝိသုံ ပရိကမ္မံ အတ္ထိ။

http://www.dhammadownload.com



ပဋ္ဌာန်-ဌ ၄၄၃ ဌကား-

ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿစ ကုသလံ ခန္ဓာ ဒိဗ္ဗစက္ခုပရိကမ္မစေဝ၊ ပရိကမ္မံ ဝိသုံ နတ္ထိ၊ ဒိဗ္ဗစက္ခုဿေဝ ပရိကမ္မဉာဏာနိ ဟောန္တိ။ တသ္မိံ ကုသလမ္ဗ္ဗာနေ ကုသလန္တိ ဝံသတ္ထေပိတဒင် မုတ္တတာယ သဟိတံ ဒိဗ္ဗစက္ခုပရိကမ္မံ တေသံ ပရိကမ္မန္တိ ဝေဒိတဗ္ဗံ။

ယင်း ၂ ပါးသော ဉာဏ်တို့သည် ဒိဗ္ဗစက္ခုဉာဏ် အခြံအရံ ဖြစ်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်က ပရိကံ ပြည့်စုံခဲ့သော် သူတို့သည် လည်း ပရိကမ်ပြည့်စုံတော့သည်သာ။ သူတို့၏ပရိကမ် အသီးအခြား မရှိ ဖြစ်သောကြောင့် ယင်း ဉာဏ် ၂ ပါးကို ဒိဗ္ဗစက္ခုဉာဏ် ပေါင်း ၍ သင်္ဂြိုဟ်အပ်သည်ဟု ဆိုပေသည်။

ထို့ကြောင့် အဘိညာကုသလ် အရ....

ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဏ်၊ ဒိဗ္ဗသောတကုသိုလ်အဘိညာဏ်၊ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဏ်၊ စေတောပရိယကုသိုလ် အဘိညာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိညာဏ်၊ ယထာကမ္မူပဂကုသိုလ် အဘိညာဏ်၊ အနာဂတံသကုသိုလ် အဘိညာဏ်၊ ဤခုနစ်ပါးတို့၏ အာရုံ၊ ဝါ-ပစ္စည်းတရား ပစ္စယသတ္တိတို့ကို ခွဲ၍ပြပေအံ့။

(၁) ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဏ်သည်-

ဒူရပဋိစ္ဆန္နသဏှ သုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံ ပစ္စည်းတရား တို့က အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤ ၄ ပစ္စယသတ္တိတို့ဖြင့် တစ်ပြိုင်နက် ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

(၂) ဒိဗ္ဗသောတကုသိုလ်အဘိညာဏ်သည်-

ဒူရပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံ ပစ္စည်းတရား တို့က အာ-ပု-တ္ထိ-အဝိ-ဤ ၄ ပစ္စယသတ္တိတို့ဖြင့် တစ်ပြိုင်နက်ကျေးဇူး ပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

(၃) ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဏ်သည်-

ပါဒကဖြစ်သော ရူပကုသိုလ်ပဉ္စမဈာန် သက သဟာယ စသော နိမ္မိတရုပ် ပစ္စည်းတရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသော ကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

http://www.dhammadownload.com



(၄) စေတောပရိယကုသိုလ် အဘိညာဉ်သည်-

လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ သန္တာန်၌ဖြစ်သော အရဟတ္တမဂ်ကြဉ်သော စိတ် ၈၇ ခု ပစ္စည်းတရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

(၅) ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိညာဉ်သည်-

ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးကို အစဉ်လျှောက်၍ သိအပ်သောနိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ပစ္စည်းတရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

(၆) ယထာကမ္မူပဂကုသိုလ် အဘိညာဉ်သည်-

အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံ ပစ္စည်းတရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

(၇) အနာဂတံသ ကုသိုလ် အဘိညာဉ်သည်-

အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာကို အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ပစ္စည်း တရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

မှတ်ချက်။ ။အချို့နေရာ၌ စေတောပရိယ အဘိညာဉ်ကို ပရစိတ္တ ဝိဇာနန အဘိညာဉ်ဟု သုံးနှုန်းသည်ကို တွေ့ရှိရ၏။

မူလဋီ၊ ၁၊ ၁၉၄ ၌-

စေတော ပရိယဉာဏလာဘီ ပရဿ စိတ္တံ ဉတုကာမော ပါဒကဇ္ဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ အတီတာဒိ ဝိဘာဂံ အကတွာ စိတ္တသာမညေန ဣမဿ စိတ္တံ ဇာနာမီတိ ပရိကမ္မံ ကတွာ။

http://www.dhammadownload.com



ဟူသော အဖွင့်ကို ထောက်၍ ပရသစိတ္တဉာဏ်သည် ဉာဏ်က အတိတ်သာ ဖြစ်ပေသည်၊ စေတောပရိယ အဘိညာဏ်သာ သင့်မြတ် ပေသည်။ အချို့သောအရာ၌ စုတူပပါတဉာဏ် ဟူ၍ ရှိသေး၏။ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟု ဆိုသည်ဟု မှတ်။

ဋီ-၂၆၇။

စုတူပပါတဉာဏန္တိ ပန ဒိဗ္ဗစက္ခု မေဝ ဝုစ္စတိ။

သဗ္ဗတ္ထကဆစ္စေတိ ၌-

ဆ-သည် ပစ္စုပ္ပန်၊ ဝါ-အာရုံပြုတတ်သော တရား။

သဗ္ဗတ္ထ-သည် ပစ္စည်းတရား၊ ဝါ-အာရုံတရား။

ဆ-အရကား မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ကြိယာအဘိညာဏ်။

သဗ္ဗတ္ထ-အရကား စိတ် ၈၉ ခု၊ စေတသိက် ၅၂ ပညာသ၊ ရုပ်အဋ္ဌဝီသ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်တည်း။

ယင်းတရားတို့ကို ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိ ခွဲရလျှင် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခုသည်....

(၁) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော- စိတ် ၈၉ ခု၊ စေတသိက် ၅၂ ပညာသ၊ အတိတ် အနာဂတ် နိပ္ဖန္နရုပ်၊ တိကာလိက အနိပ္ဖန္နရုပ်၊ ပညတ် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် လည်း ကောင်း၊

(၂) ရံခါ အလေးအမြတ် အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် ပစ္စည်းတရားတို့က အာ၊ ဓိ၊ ဥ ဤ ၃ ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြု ခြင်းကြောင့် လည်းကောင်း၊

(၃) ရံခါ ပစ္စုပ္ပန် နိပ္ဖန္နရုပ် ပစ္စည်းတရားတို့က အာ၊ ပု၊ တ္ထိ၊ အဝိ ဤ ၄ ပစ္စယသတ္တိဖြင့်ကျေးဇူးပြုခြင်းကြောင့် လည်းကောင်း၊

(၄) မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည့်ရှိသော်။ လ။ ဟဒယဝတ္ထု ပစ္စည်းတို့က အာ၊ နိ၊ ပု၊ ဝိပ်၊ တ္ထိ၊ အဝိ ဤ ၆ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် လည်း ကောင်း ဖြစ်ပေါ်တည်နေရပေ၏။

http://www.dhammadownload.com



မနောဒွါရာဝဇ္ဇန်းစိတ်သည်

(၁) ရုံခါ စိတ် ၈၉ ခု၊ စေတသိက် ဒွေပညာသ၊ အတိတ် အနာဂတ် နိပ္ဖန္နရုပ်၊ တိကာလိက အနိပ္ဖန္နရုပ်၊ နိဗ္ဗာန် ပညတ် ပစ္စည်းတရားတို့က အာရမ္မဏာသတ္တိဖြင့်ကျေးဇူး ပြုသောကြောင့် လည်းကောင်း၊

(၂) ရုံခါ ပစ္စုပ္ပန် နိပ္ဖန္နရုပ် ပစ္စည်းတရားတို့က အာ၊ ပု၊ တ္ထိ၊ အဝိ ဤ ၄ ပစ္စယ သတ္တိ တို့ဖြင့် ကျေးဇူးပြုခြင်း ကြောင့် လည်းကောင်း၊

(၃) မရဏာသန္နအခါ စုတိစိတ်မှ ။လ။ ဟဒယ ဝတ္ထုပစ္စည်း တရားက အာ၊ နိ၊ ပု၊ ဝိပ်၊ တ္ထိ၊ အဝိ ဤ ၆ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် လည်းကောင်း ဖြစ် ပေါ် တည်နေရပေ၏။

မှာထားချက်။ ။ကြိယာအဘိညာဏ် ၆ ပါးတို့၏ အာရုံ၊ ပစ္စည်း၊ ပစ္စယ၊ သတ္တိ တို့သည် ကုသိုလ်အဘိညာဏ် တူကြ ကုန်၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မကြဉ်သည် သာထူး၏။

ပဉ္စဒွါရိက် စိတ်တို့၏ အာရုံ။

တတ္ထ စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိက စိတ္တာ ဒီနမ္ပိ သဒ္ဒါဒီနိ တာနိစ ပစ္စုပ္ပန္နာနိယေဝ။

စက္ခုဒွါရိက စိတ် ၄၆ ခုသည်....

ပစ္စုပ္ပန် ရူပါရုံပစ္စည်းတို့က အာ၊ ပု၊ တ္ထိ၊ အဝိ ဤ ၄ ပစ္စယ သတ္တိ။လ။၏။ သောတဒွါရိက စိတ် ၄၆ ခု စသည်တို့လည်း နည်းတူ ပင် ဖြစ်၏။

မနောဒွါရိက စိတ်တို့၏ အာရုံ။

မနောဒွါရိက စိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟမာရမ္မဏံ ဟောတိ။

http://www.dhammadownload.com



မနောဒွါရိကစိတ် ၆၇ ခု သည်....

ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉ ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ် ဤအာရုံ ၆ ပါး ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ အာ၊ မိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ ဝိဂ္ဂ၊ အဝိ ဤ ၈ ပစ္စယသတ္တိတို့ဖြင့်။လ။၏။

ဤ ဝါကျ၌....

ကာလဝိနိမုတ္တံ ဟူသော ဝိသေသနကို ရူပစိတ် ၁၅ ခု၊ ပထမ၊ တတိယ အရူပစိတ်ကို ရည်၍ဆိုသည်။

အတီတဥ္စ ဟူသော ဝိသေသနကို ဒုတိယ၊ စတုတ္ထ အရူပစိတ်ကို ရည်၍ အရှင် အနုရုဒ္ဓါ ဆရာ ဆိုသည်ဟုမှတ်။

ယထာရဟံ ပါဌ်အရ....

အဘိညာဏ် ဇောတို့၏အာရုံ၊ မဟဂ္ဂုတ်ဇော တို့၏ အာရုံကို ပြဆိုခဲ့ပြီး ဖြစ်သည်။

ကာမဇောတို့၏အာရုံ ယထာရဟ ဖြစ်ပုံကား....

ဟသိတုပ္ပာဒ်ဇောကြဉ်သော ကာမဇော ၂၈ ခု သည်

ဆဗ္ဗိမ၊ တိကာလိက၊ ကာလဝိမုတ္တ အာရုံတည်း။

ဟသိတုပ္ပာဒ်ဇောကား ဆဗ္ဗိမ တိကာလိကအာရုံသာတည်း။

ဋီ-၁၃၀။

ကာမာဝစရ ဇဝနာနဥ္စ ဟသိတုပ္ပာဒ ဝဇ္ဇာနံ ဆဗ္ဗိမမ္ပိ တိကာလိကံ ကာလဝိမုတ္တဥ္စ အာရမ္မဏံ ဟောတိ။ ဟသိတုပ္ပာဒဿ တိကာလိက မေဝ။

သင်္ဂဟ....

ဒွါရဝိမုတ္တာနဥ္စ ပဋိသန္ဓိဘဝင်္ဂ စုတိသင်္ခါတာနံ ဆဗ္ဗိမမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိ ဘူတံဝါ ကမ္မကမ္မနိမိတ္တ သမ္မတံ အာရမ္မဏံ ဟောတိ။

ဤဝါကျလာ ယထာသမ္ဘဝံကို

ဋီ-၁၃၀ ၌....

ယထာသမ္ဘဝန္တိ တံ တံ ဘူမိကပဋိသန္ဓ ဘဝင်္ဂစုတီနံ တံ တံ ဒွါရဂ္ဂဟိတာဒိဝသေန သမ္ဘဝါနု ရူပတော ဟု ဖွင့်ပြလေသည်။

http://www.dhammadownload.com



ဆိုလိုရင်းကား....

(က) ကာမဘုံ၌ဖြစ်သော ပဋိသန္ဓေစုတိ တို့၏ ၆ ဒွါရဖြင့် ယူအပ်ပြီးသော ပစ္စုပ္ပန်အတိတ် ဖြစ်သော ကံ၊ ကမ္မ၊ နိမိတ်၊ ဂတိနိမိတ် ဟု သမုတ်အပ်သော အာရုံ၊

(ခ) ရူပဘုံ၌ဖြစ်သော ပဋိသန္ဓေ အစရှိသည့်တို့၏ မနော ဒွါရဖြင့် ယူအပ်သော ပညတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံ။

(ဂ) ပဌမ တတိယာ ရုပ္ပပဋိသန္ဓေ အစရှိသည့်တို့၏ မနော ဒွါရဖြင့် ယူအပ်သော ပညတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံ။

(ဃ) ဒုတိယ စတုတ္ထာရုပ္ပ ပဋိသန္ဓေ အစရှိသည့်တို့၏ မနော ဒွါရဖြင့် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော မဟဂ္ဂုတ်ဓမ္မာရုံ၊ ထိုသို့ဆိုအပ်ပြီး သော အာရုံတို့၏ အစွမ်းအားဖြင့် ဖြစ်သင့်သည့် အားလျော်စွာ အာရုံပြုကြသည်ဟု ဆိုလိုပေသည်။

ဆိုအပ်ပြီးသော သဗ္ဗဝါနုရူပတော ဟူသော မိမိစကားကိုပင် အကျယ်ပြခြင်းငှာ....

ဋီကာ ၁၃၁-၌....

ကာမာဝစရာနဉ္စ ပဋိသန္ဓိဘဝင်္ဂါနံ တာဝ ရူပါဒိ ပဉ္စာရမ္မဏံ ဆဒွါရဂ္ဂဟိတံ ယထာရဟံ ပစ္စုပ္ပန္နမတီတဉ္စ ကမ္မနိမိတ္တသမ္မတမာရမ္မဏံ ဟောတိ၊ တထာ စုတိစိတ္တဿ အတီတမေဝ။

ဓမ္မာရမ္မဏံ ပန တေသံ တိဏ္ဏမ္ပိ မနောဒွါရဂ္ဂဟိတမေဝအတီတံ ကမ္မ ကမ္မနိမိတ္တသမ္မတံ၊ ယထာရူပါရမ္မဏံ ကေမေဝ မနောဒွါရဂ္ဂဟိတံ ကေန္တပစ္စုပ္ပန္နံ ဂတိနိမိတ္တံ သမ္မတန္တိ။

ဝေံကာမာဝစရ ပဋိသန္ဓာဒီနံ ယထာသမ္ဘဝံ ဆဒွါရဂ္ဂဟိတံ ကမ္မ ကမ္မနိမိတ္တ သမ္မတမာရမ္မဏံ ဟောတိ ဖွင့်ပြတော်မူသည်။

ထိုတွင်....

ကာမာဝစရာနဉ္စ ပဋိသန္ဓိဘဝင်္ဂသင်္ခါတာနံ တာဝ ရူပါဒိပဉ္စာ ရမ္မဏံ ဆဒွါရဂ္ဂဟိတံ ယထာရဟံ ပစ္စုပ္ပန္နမတီတဉ္စ ကမ္မနိမိတ္တ- သမ္မတာရမ္မဏံ ဟောတိ။

ဟူသောပါဠိဖြင့်....

http://www.dhammadownload.com



ပစ္စုပ္ပန္နမတီတဉ္စ ဟူသောပါဠိဖြင့် အာရုံပြု၍ ဖွင့်ဆိုပြပေသည်။ ထို့ကြောင့်....

(က) ၆ ဒွါရတို့တွင် ပဉ္စဒွါရဖြင့် ယူအပ်သည့်အားလျော်စွာ ပစ္စုပ္ပန် အာရုံငါးပါး။

( ခ ) မနောဒွါရဖြင့် ယူအပ်သည့် အားလျော်စွာ အတိတ် အာရုံငါးပါးဟု ခွဲခြား၍ မှတ်သားထားကြပါကုန်။

တစ်နည်း....

ပဉ္စဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော အာရုံငါးပါးသည် ပဋ္ဌိသန္ဓေ၏ အာရုံသာဖြစ်၏။ ဘဝင်တို့၏ အာရုံမဟုတ်ပေ။

ပဉ္စဒွါရဖြင့်ယူအပ်သော အတိတ်ဖြစ်သော အရုံငါးပါးသည် ရံခါ ဘဝင်တို့၏အာရုံသာဖြစ်၍ ရံခါ ပဋိသန္ဓေအာရုံလည်း ဖြစ်၏။ မနောဒွါရဖြင့်ယူအပ်သော အတိတ်ဖြစ်သော အာရုံငါးပါးသည်ကား ပဋိသန္ဓေဘဝင်တို့၏ အာရုံဖြစ်၏။

ဤသို့သော အဓိပ္ပာယ်ကို ယထာရဟံက ပြသည်ဟု ဆိုလိုပေသည်။

မဏိမဉ္ဇူ-၄၁၄

ပဉ္စဒွါရာပါထဂမနာနုရူပေန ပစ္စုပ္ပန္နံ၊ မနောဒွါရာပါထ-ဂမနာနုရူပေ အတီတန္တိ ဝုတ္တံ ဟောတိ။

အထဝါ ပဉ္စဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နံ ရူပါဒိပဉ္စာရမ္မဏံ ပဋိသန္ဓိယာဝေအာရမ္မဏံ န ဘဝင်္ဂါနံ။

ပဉ္စဒွါရဂ္ဂဟိတံ ဟုတွာ အတီတံ ရူပါဒိပဉ္စာရမ္မဏံ ကဒါစိ ဘဝင်္ဂါနံ ဝေအာရမ္မဏံ ကဒါစိ ပဋိသန္ဓိယာပိ။

မနောဒွါရဂ္ဂဟိတံ အတီတံ ရူပါဒိပဉ္စာရမ္မဏံ ပဋိသန္ဓိဘဝင်္ဂါနံ အာရမ္မဏန္တိ ဣမမတ္ထံ ဒဿေတိ ယထာရဟန္တိ ဣမိနာပဋိသန္ဓိဘဝင်္ဂါ ရမ္မဏ ဘာဝါနုရူပတောတိ အတ္ထော။

တေနဟိ ဆဒွါရဂ္ဂဟိတဿ ရူပါဒိပဉ္စာရမ္မဏဿ ပဋိသန္ဓိ-ဘဝင်္ဂါနံ ပစ္စုပ္ပန္နာတီတာရမ္မဏဘာဝေါ စိသေဿတော တထာ စုတိစိတ္တဿ အတီတမေဝ ဟူသောပါဠိ၌ ထထာ သဒ္ဒါဖြင့်....

ရူပါဒိပဉ္စာရမ္မဏံ ပုဒ်၊ ဆဒွါရဂ္ဂဟိတံ ပုဒ်၊ ကမ္မနိမိတ္တသမ္မတံ ပုဒ်၊ အာရမ္မဏံ ပုဒ်တို့ကိုငင်သည်။

http://www.dhammadownload.com



ထို့ကြောင့် ၆ ဒွါရဖြင့်ယူအပ်သော အတိတ်သာလျှင်ဖြစ်သော ကမ္မနိမိတ်ဟုသမုတ်အပ်သော ရူပါနံအစရှိသော ငါးပါးသောအာရုံသည် စုတိစိတ်၏အာရုံဟု ဆိုလိုပေသည်။

ဓမ္မာရုံ....

ဓမ္မာရမ္မဏံ ပန တေသံ တိဏ္ဏန္နမ္ပိ မနောဒွါရဂ္ဂဟိတမေဝ အတီတံ ကမ္မ ကမ္မနိမိတ္တသမ္မတံ၊ တထာ ရူပါရမ္မဏံ ကေမေဝ မနောဒွါရဂ္ဂဟိတံ ကေန္တပစ္စုပ္ပန္နံ ဂတိနိမိတ္တသမ္မတံ ဟူသော ပါဠ်ဖြင့်....

(က) မနောဒွါရဖြင့် ယူအပ်သည်သာလျှင်ဖြစ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံသည် ထိုပဋိသန္ဓေစုတို့၏ အာရုံ။

(ခ) မနောဒွါရဖြင့် ယူအပ်သော စင်စစ်ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ဟု သမုတ်အပ်သော တစ်ခုတည်းသာ ဖြစ်သော ရူပါရုံသည် ပဋိသန္ဓေ ဘဝင် စုတိစိတ် တို့၏ အာရုံ ဖြစ်သည်ဟု ဖွင့်ပြတော်မူသည်။

ဤဋ္ဌ ကေန္တပစ္စုပ္ပန္နံ ဟူသောစကားကို မရဏာသန္န မနောဒွါရဋ္ဌ တပ်ခိုက်ကို ရည်၍ဆိုသည်။ အခါခပ်သိမ်း ပစ္စုပ္ပန် အဖြစ်ကို ရည်၍ဆိုသည်မဟုတ်ဟု မှတ်။

မဏိမဥ္ဇူ....

ကေန္တ ပစ္စုပ္ပန္နန္တိ လ္ဗဒ္ဓပဋ္ဌိ မနောဒွါရေ ဥပဋ္ဌိက ကာလံ သန္ဓာယ ဝုတ္တံ၊ န သဗ္ဗဒါ ပစ္စုပ္ပန္နဘာဝံ။

ထိုမှတစ်ပါး....

တထာ မနောဒွါရဂ္ဂဟိတံ ကေန္တပစ္စုပ္ပန္နံ ဂတိနိမိတ္တသမ္မတံ ကေမေဝ ရူပါရမ္မဏံ ပစ္စုပ္ပန္နံဟုတွာ ပဋိသန္ဓိယာ၊ စတုန္နဥ္စ ဘဝင်္ဂါနံ အာရမ္မဏံ၊ အတီတံ ဟုတွာ တဒနန္တရံ ဘဝင်္ဂါနံ စုတိစိတ္တဿ အာရမ္မဏန္တိ တေသံ အာရမ္မဏံ တောတိတိ ယောဇနာ ဟု ဖွင့်သေး၏။

http://www.dhammadownload.com



အဓိပ္ပာယ်ကား ဂတိနိမိတ်သည် ပဋိသန္ဓေ၏ လည်းကောင်း၊ ပဋိသန္ဓေ နောင်ဘဝင်လေးစုတို့၏လည်းကောင်း ကေန္တ ပစ္စုပ္ပန်ဖြစ်၍ အာရုံဖြစ်၏။

ဘဝင်လေးခုမှ တစ်ပါးသော ဘဝင်တို့ကိုလည်းကောင်း၊ စုတိစိတ်၏လည်းကောင်း အတိတ်ဖြစ်သော အာရုံဖြစ်၏ ဟု ဆိုလိုသည်။

ဤအရာ၌ အလွယ်မှတ်နိုင်ရန်....

၁။ ကာမ ပဋိသန်၊ ဤဆယ်တာန်၊ ၆ တန် ဒွါရ၊ ၆-ဝ အာရုံ၊ နိမိတ်ပုံ ပစ္စုန် အတိတ်တည်း။

၂။ အာကိန် အာကာ၊ ရူပမှာကား၊ ဓမ္မာ ပညတ္တ၊ ကမ္မ နိမိတ် အာရုံတည်း။

၃။ ဒု-စတုတ္ထာ၊ သန္ဓေမှာကား၊ အာကိန်-အာကာ၊ တိတ် ဓမ္မာ၊ ထင်ရာမဟဂ္ဂုတ် မှနေ့ာတည်း။

နိမိတ်အားဖြင့်....

၁။ ကံ-အာရုံမှာ၊ တိတ် ဓမ္မာ၊ ထင်ရာ မနေ့ာတည်း။

၂။ ကမ္မနိမိတ်၊ မန် တိုတ် ဥတ် မှန်၊ အဋ္ဌာရုံ၊ ထင်ရန် ဆဒွါရိ။

၃။ ဂတိ၌မှာ၊ မနောဒွါ၊ ရူပါ ပစ္စုပ်ချည့်၊ အတိုတ်၌လည်း ဖြစ်သတည်း။

ယေဘုယျေန ဟူသောပါဠိဖြင့် မရဏာသန္နဇောနှင့် ပဋိသန္ဓေ အာရုံဟူ၍ ဆိုရာ၌ များသောအားဖြင့်သာ တည်း။

အပွကအားဖြင့်ကား ကာမသုဂတိဘုံမှ အသညသတ် ဘုံသို့ သွားရာအသညသတ်ဘုံမှ ကာမသုဂတိဘုံသို့သွားရာတို့၌မှတ္တဟူ၍ မှတ်။

အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ် တို့၏ အာရုံကား အသညသတ်ဘဝမှ ရှေးဖြစ်သော အတီတာနန္တရ ဘဝ၌ ပြုအပ်ပြီးသော ကာမသုဂတိ ပဋိသန္ဓေကို ပေးတတ်သော အပရာပရိယ ဝေဒနီယ ဖြစ်သော ကုသိုလ် ဇနကကံ၏ အစွမ်းကြောင့် ထင်သာသော အာရုံတည်း။

http://www.dhammadownload.com



ဋီ - ၁၃၁

အသညီဘဝတော စုတာနဉ္စ ပဋိသန္ဓိဝိသယဿ အနန္တရာတီတာဘာဝေ န ကေနစိ ဒွါရေန ဂဟဏံ ဃဋ္ဋိတိ တဒေဝတ္တ ယော ဘူယျဂ္ဂဟဏေန ဗျာဘိစာရိကံ။ ကေဝလဉ္စ ကမ္မဗလေနေဝ တေသံ ပဋိသန္ဓိယာ ကမ္မနိမိတ္တာဒိကမာရမ္မဏံ ဥပဋ္ဌာတိ။

သစ္စသံခိပ် - ၁၇၁ ဂါထာ။

ဘဝန္တရ ကတံ ကမ္မံ၊ ဩကာသံ၊ လဒ္ဓေ တတော။
ဟောတိ သာသန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတ ဂေါစရေ။

ဘဝန္တရကတံ၊ အသညသတ်ဘဝမှ တစ်ပါးသောဘဝ၌ ပြုအပ်သော။ ယံကမ္မံ၊ အကြင် အပရာပရိယဖြစ်သော ကာမာဝစရကုသိုလ်ကံသည်။ ဩကာသံ၊ မိမိအကျိုးပေးခွင့်ကို။ လဒ္ဓ-လဘေယျ၊ ရရာ၏။ တတော၊ ထိုကံကြောင့်။ သာသန္ဓိ၊ ထိုကာမသုဂတိ ပဋိသန္ဓေသည်။ တေနေဝ၊ ထိုအပရာပရိယဖြစ်သော။ ကာမာဝစရ၊ ကုသိုလ်သည် သာလျှင်။ ဥပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သောအာရုံ၌။ ဟောတိ၊ ဖြစ်၏။

ပဋ္ဌာန်းအလိုအားဖြင့် ဒွါရဝိမုတ် ဖြစ်သော ပဋိသန္ဓေ စုတိ စိတ်သည် ကံ-ကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးပစ္စည်း တရားတို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရပေ၏။

အမှာ-အာရမ္မဏ ပစ္စည်းအချက်၌ အလွန်များစွာ ပြဆိုသည်ဟု ထင်မှတ်ရန်ရှိပါ၏။ သို့သော် သင်္ဂဟကျမ်း ကျေပွန် ပြွမ်းတီးမှ အဘိဓမ္မာ ညဝါ၌ သဘော ကျနိုင် ခြင်း အကြောင်း၊ အာရမ္မဏသင်္ဂဟကျမ်းကို ဖွင့်ချသင်ကြားရာ၌ ပိုင်နိုင်စွာ ချဲ့ထွင်ယူစေနိုင်ခြင်းအကြောင်း၊ သိနိုင်ခဲသော သင်္ဂဟပါဠိကို ဖွင့်ပြသော ဋီကာစာဖွင့်ကို လွယ်ကူစွာ သိစေလိုသောအကြောင်း စသည်တို့ကြောင့် မိမိဉာဏ်စွမ်းရှိသမျှ ရေးသားဖော်ပြလိုက်ရပါကြောင်း အရှင်လောင်းတို့....။

*********

http://www.dhammadownload.com



## အဓိပတိ

အတ္တာဓိနပဝတ္တိဓမ္မေ ပါတိရက္ခတီတိ ပတိ။ ပကာရေန အတ္တာဓိနဓမ္မေ ဘာယတိ ရက္ခတီတိ ပတိ၊ ပါဓာတ် တာဓာတ် တိပစ္စည်း။ အဓိနာနံပတိ အဓိပတိဟုပြု၊ ပါဓာတ် တာဓာတ်တို့၏အရကား ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသတို့၏ ဂ-ဟော-အာ-ကျုံ-မင် ဤ ၁၂ ပစ္စယသတ္တိရ၏။ တိပစ္စည်းအရကား ထို ၁၂ ပစ္စယသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တရ၏။

အာရမ္မဏာဓိပတိ ဖြစ်အံ့၊ ဓာတ်အရ အာရုံ ၆ ပါးတို့၏ အာရမ္မဏမျိုး(၇) ပစ္စယသတ္တိရ၏။ ပစ္စည်းအရကား ထို(၇)ပစ္စယသတ္တိဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တ ရ၏။

အဓိပတိသည်...

ဒုဝိဓော ဟောတိ အဓိပတိပစ္စယော ဟူသော သင်္ဂဟအရ သဟဇာတာဓိပတိ၊ အာရမ္မဏာဓိပတိဟူ၍ ၂ မျိုး ရှိပေသည်။

ထိုတွင် သဟဇာတာဓိပတိသည်...

ဆတ္တာရော အဓိပတိ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ စိတ္တာဓိပတိ ဝီမံသာဓိပတိ။

သင်္ဂဟပါဠိအရ...

ဆန္ဒာဓိပတိ ဝီရိယာဓိပတိ စိတ္တာဓိပတိ ဝီမံသာဓိပတိ ဟူ၍ လေးပါးရရှိ၏။

ထိုလေးပါးတို့သည်...

ဋီ-၂၃၄။

အတ္တာဓိနပ္ပဝတ္တိနံ ပတိဘူတာ ဓမ္မာ အဓိပတိ။

မဏိမဉ္ဇူ-၂၆၆။

ဇေတေန အဓိနာနံ ပတိ အဓိပတိတိ အတ္ထံဒဿေတိ။

ဟူသော ပါဠိတို့အရ မိမိနှင့်စပ်ကုန်သော သဟဇာတ်တရားတို့ကို အစိုးရသောကြောင့်(ဝါ) မိမိနှင့်စပ်ကုန်သောတရားတို့၏အရှင် ဖြစ်သောကြောင့် အဓိပတိ မည်၏။

http://www.dhammadownload.com



ထိုလေးပါးတို့တွင် ဆန္ဒသည်....

(၁) အဓိပတိ တပ်ခိုက်တပ်နေ မောဟမူဒွေ ဟသိတုပ္ပာဒ် ကြဉ်သော သာဓိပတိဇော ၅၂ ခု၊ ဆန္ဒဝိစိကိစ္ဆာကြဉ် သော စေတသိက် ပညာ၊ သာဓိပတိ စိတ္တဇရုပ် တို့ကို အစိုးရ၏(ဝါ) တို့၏ အဓိပတိပစ္စည်း ဖြစ်၏။

(၂) ဝီရိယသည် အဓိပတိစာပ်ခိုက်တပ်နေ သာဓိပတိဇော ၅၂-ခု ဝီရိယဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာ၊ သာဓိပတိ စိတ္တဇရုပ်တို့ကို အစိုးရ၏(ဝါ)တို့၏ အဓိ-ပတိ ပစ္စည်း ဖြစ်၏။

(၃) ဝီမံသသည် သာဓိပတိ တိဟိတ်ဇော (၃၄)ခု၊ ဝီမံသ ကြဉ်သော စေတသိက် သတ္တတိံသ သာဓိပတိ၊ စိတ္တဇ ရုပ်တို့ကို အစိုးရ၏(ဝါ)တို့၏ အဓိပတိပစ္စည်း ဖြစ်၏။

အစိုးရပုံကား-

ဆန္ဒသည် ဆန္ဒရှိသူအား အဘယ်သို့သော အမှုကိစ္စသည် မပြီး စီးဘဲရှိရာအံ့နည်း။ ဤသို့ အစရှိသော ပစ္စဝေက္ခဏာကို ရသည်ဖြစ် ၍ ဆန္ဒသည်ပင် အကြီးအမှူးဖြစ်၍ မိမိနှင့်စပ်ကုန်သော၊ ဝါ-မိမိနှင့် ယှဉ်ကုန်သော သမ္ပယုတ်တရားတို့ကို ဖြစ်စေကုန်၏။ ဝါ-မိမိအလိုသို့ လိုက်စေကုန်၏။ ဤသို့သော အခြင်းအရာအားဖြင့် အစိုးရပေသည်။

ဝီရိယ -စိတ်- ဝီမံသ တို့လည်း ဤဆန္ဒအတူ အစိုးရကြပေ ကုန်၏။

မဏိမဉ္ဇူ။ ၃ ၃၃၄

ဆန္ဒဝသေန ကိစ္စာနံ သိဒ္ဓိတော အာဒိကံ ပုရိမာဘိသင်္ခါရ ရူပနိယံ လဘိတွာ ဥပ္ပဇ္ဇမာနေ စိတ္တေ ဆန္ဒာဒယော ဓုရ ဘူတာ ဇေဋ္ဌကဘူတာ သယံ သမ္ပယုတ္တာဓမ္မေ သာဓယမာနာ ဟုတွာ ပဝတ္တန္တိ၊ တံ သမ္ပယုတ္တဓမ္မာစ တေသံ ဝသေန ဝတ္တန္တိ။ ဟီနာဒီ ဝသေန တဒနုဝတ္တနတော၊ တေန တေ အဓိပတိ ပစ္စယော ဟောန္တိ။

http://www.dhammadownload.com



ဆန္ဒဝတော ကိန္နာမ နံ သိဗ္ဗုတီတိ အာဒိက်၊ အစရှိသော။ ပုရိမာဘိသင်္ခါ မူပနိဿယံ၊ ရှေ့၌ဆိုအပ်ပြီးသော စိတ္တာဘိသင်္ခါရဟုဆိုအပ်သော ဥပနိဿယကို။ လဘိတ္ဝာ၊ ရ၍။ စိတ္တေ၊ စိတ်သည်။ ဥပ္ပဇ္ဇမာနေ၊ ဥပါဒ်သည်ရှိသော်။ ဝါ၊ စိတ္တေ-စိတ္တဿ၊ စိတ်၏။ ဥပ္ပဇ္ဇမာနေ-ဥပ္ပဇ္ဇမာနတ္တာ၊ ဥပါဒ်သောကြောင့်။ ဆန္ဒာဒယော၊ ဆန္ဒစသည်တို့သည်။ ပုရေဘူတာ-ဇေဋ္ဌကဘူတာ၊ ကြီးမှူးဦးကျသူ မဟာနံဖြစ်၍ ဖြစ်ကုန်သည်ဖြစ်၍။ သယံ၊ ကိုယ်တိုင်။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ သာဝယမာနာ၊ ပြီးစေကုန်သည်။ ဝါ-မိမိတို့၏အလိုသို့ လိုက်စေကုန်သည်။ ဝါ-ဖြစ်စေကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ယံပစ္စတ္တန္တိ၊ အကြင်ကြောင့် ဖြစ်စေကုန်၏။ တံ သမ္ပယုတ္တဓမ္မာစ၊ ထိုဆန္ဒစသည်တို့နှင့် ယှဉ်ကုန်သော သမ္ပယုတ်တရားတို့သည်လည်း။ တေသံ၊ ထိုဆန္ဒစသည်တို့၏။ ဝသေ၊ အလို၌။ ဝါ-အလိုသို့။ ယံဝတ္တန္တိ၊ အကြင်ကြောင့် ဖြစ်ကုန်၏။ ဝါ-လိုက်တတ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟီနာဒိဝသေန၊ ဟီနစသည်တို့၏ အစွမ်းဖြင့်။ တဒနုဝတ္တနတော၊ ထိုဆန္ဒစသည်တို့၏ အလိုအကြိုက်သို့ လိုက်ခြင်းကြောင့်။ ဝါ-ဖြစ်ခြင်းကြောင့်တည်း။

တေန၊ သမ္ပယုတ်တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်း၊ သမ္ပယုတ် တရားတို့၏လည်း မိမိအလိုသို့ လိုက်ခြင်းဖြင့်။ တေ၊ ထိုဆန္ဒစသည်တို့သည်။ အဓိပတိပစ္စယာ၊ တို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(အနုဋီ) သာဝယမာနာတိ ဝသေ ဝတ္တမာနာ ဝေတနာတိ အတ္တနော ဝတ္တာပနေန၊ တေသံဝါ ဝသေ ဝတ္တနေန။

ထိုလေးပါးတို့၏ အသီးသီး အဓိပတိပစ္စည်းဖြစ်ပုံကို အောက်ပါ ဇနဝသဘသုတ် အဋ္ဌကထာဖြင့် သိကြပါကုန်။

(က) တတ္ထ ရဋ္ဌပါလတ္ထေရော ဆန္ဒံ ဓုရံ ကတွာ လောကုတ္တရံ ဓမ္မံ နိဗ္ဗတ္တေတိ။
(ခ) သောဏတ္ထေရော ဝီရိယံ ဓုရံကတွာ၊
(ဂ) သမ္ဘူတတ္ထေရော စိတ္တံ ဓုရံ ကတွာ၊
(ဃ) အာယသ္မာ မောဃရာဇာ ဝီမံသံ ဓုရံ ကတွာတို့။

http://www.dhammadownload.com



သာဓိပတိ ဇော ၅၂၊

ဇော ၅၅ ခုတို့တွင်....

မောဟမူဒွေ ဟသိတုပ္ပါဒ် ကြဉ်သော ဒွိဟိတ်ဇော ၁၈ ခု၊ တိဟိတ်ဇော ၃၄ ခု အားဖြင့် ၅၂ပါးသော ဇောတို့ကို သာဓိပတိ ဇော ဟုဆိုသည်။

(သင်္ဂဟ) ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ၊ ဒွိဟိတ်ဇော ၁၈ ခု၊ တိဟိတ်ဇော ၃၄ခု တို့၌သာလျှင်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည့် အားလျော်စွာ။ အဓိပတိ၊ ကို။ ဧကောဝ၊ တစ်ခုစီ တစ်ခုစီကိုသာ လျှင်။ လဗ္ဘတိ၊ ရအပ်၏။

ဤ၌ ဒွိဟေတုက တိဟေတုက သဒ္ဒါဖြင့်-

အဟိတ်ဇော ဧကဟိတ်ဇောတို့၌ အဓိပတိတရားတို့၏ မဖြစ်နိုင်သည်၏ အဖြစ်ကို ညွှန်ပြတော်မူသည်။

ဋီ-၂၂၅

ဒွိဟေတုက တိဟေတုကဂ္ဂဟဏေန အဟေတုက ဧကဟေတုကေသု အဓိပတီနံ အဘာဝံ ဒီပေတိ။

အဟိတ်ဇော ဧကဟိတ်ဇောတို့၌ အဓိပတိ မဖြစ်နိုင်ခြင်း အကြောင်းကား အဟိတ်ဇောတို့၌ ဟိတ်ကင်းသောကြောင့် အဓိပတိ မဖြစ်နိုင်။

ဧကဟိတ်ဇောတို့၌-

မူလတစ်ပါးကင်းသည်ဖြစ်၍ အလွန်တွေဝေသောကြောင့် ဆန္ဒ စသည်တို့၏ အလေးအမြတ် ပြုအပ်သည်၏ အဖြစ်မရှိသောကြောင့် အဓိပတိမဖြစ်နိုင်။

မဏိမဉ္ဇူ ၃၊ ၂၇၂။

ယထာက္ကမံ အဟေတုကတ္တာ မူလန္တရဝိရဟေန အတိဝိယ သမ္မူဠှတ္တာ။

http://www.dhammadownload.com



ဒွိဟေတုက တိဟေတုက ဇဝနေဝေသွေ ၌-

ဧဝ သဒ္ဒါဖြင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိမဖြစ်နိုင်ခြင်းကို ညွှန်ပြသည်။

မှန်၏။

လောကီဝိပါတ်စိတ်တို့သည် ရှေးအတိတ်ကံကြောင့်သာ ဖြစ်ကြကုန်၍ ဆန္ဒစသည်တို့၏ ရှေ့သွားပြု၍ မဖြစ်နိုင်ကြလေသောကြောင့် အဓိပတိမဖြစ်နိုင်ပေ။

ဋီ-၂၂၅

ဇဝနေသွေဝါတိ အဝဓာရဏံ လောကိယဝိပါကေသု အဓိပတီနံ အသမ္ဘဝံ ဒဿနတ္ထံ၊ န ဟိ တေ ဆန္ဒာဒီနိ ပုရက္ခတွာ ပဝတ္တန္တိ။

မဏိမဉ္ဇူ ဒု-၂၇၂ ၌ကား....

ဟိ ယသ္မာ တေ လောကိယဝိပါကာ ဝိဇ္ဇာမာနာပိ ဆန္ဒာဒီနိ ပုရက္ခတွာ ဓုရေကတွာ ဂရုံကတွာ န ပဝတ္တန္တိ တေဘူမကကုသလာနံ အတ္တနော ပဝတ္တိကာလတော ဝိပါကပဝတ္တိကာလဿ ဒူရတရတ္တာ၊ အတ္တနော ဝိပါကေန အဓိပတိလာဘံ ပေတုံ အသက္ကုဏေယျတ္တာ၊ တသ္မာ တေသု အဓိပတီနံ အသမ္ဘဝေါတိ ယောဇနာ။

ဟူ၍ ဖွင့်ပြသေး၏။

တေဘူမကကုသလာနံ၊ ဘုံသုံးပါး၌ ဖြစ်သော ကုသိုလ်တို့၏။ အတ္တနော၊ မိမိ၏။ ပဝတ္တိကာလတော၊ ဖြစ်သောကာလမှ။ ဝိပါကပဝတ္တိကာလဿ၊ အကျိုးကိုဖြစ်စေသော ကာလ၏။ ဒူရတရတ္တာ၊ အလွန်ဝေးသည်၏ အဖြစ်ကြောင့်။ အတ္တနော၊ ၏။ ဝိပါကေန၊ ဖြင့်။ အဓိပတိ၊ ကို။ လာဘံ ပေတုံ၊ ငှာ။ အသက္ကုဏေယျတ္တာ၊ ကြောင့်။ တေ-လောကိယဝိပါကာ၊ ထိုလောကီဝိပါက်စိတ်တို့သည်။ ဆန္ဒာဒီနိ၊ ဆန္ဒအစရှိသည်တို့သည်။ ဝိဇ္ဇမာနာပိ၊ ရှိပါကုန်သော်လည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ တေသု၊ လောကီဝိပါက်စိတ်တို့၌။ အဓိပတီနံ၊ အဓိပတိတို့၏။ အသမ္ဘဝေါ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်လျှင်။ ယောဇနာ၊ ယောဇနာခြင်းတည်း။

http://www.dhammadownload.com



ယထာသမ္ဘဝံ ဟူသောပါဌ်ဖြင့် ဝီမံသာ ဓိပတိ၏ ဒွိဟိတ် ဇော တို့၌ မဖြစ်ခြင်းကြောင့်လည်းကောင်း၊ နောက်ဖြစ်သောစိတ်ကို ပြုဖြင် တတ်သော ရှေးဖြစ်သောစိတ်ဟု ဆိုအပ်သော အကြောင်း၏ ဖြစ်သင့် သည် အားလျော်သော ဒွိဟိတ်-တိဟိတ် ဇောတို့၏ ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တစ်ခုသော ဇာဓိပတိ၏သာလျှင် ရအပ်သည့်၏အဖြစ် ကို ရည်ရွယ်၍ ဆိုသည်ဟု ပြတော်မူသည်။

ဋီ - ၂၄၅

ဝီမံသာဓိပတိဧနာ ဒွိဟေတုက ဇဝနေသု အသမ္ဘဝတော၊ စိတ္တာတိသံ ရူပနိုဿယာသာစ သမ္ဘဝနုရူပတော လဗ္ဘမာနကံ သန္ဓာယာဟ ယထာ သမ္ဘဝန္တိ။

မှတ်ချက်။ ။တပ်ခိုက် ဆိုသည်ကား အနေကန်တည်း။ ကာမဇော (၂၆)ခုဟု မှတ်။ တပ်နေ ဆိုသည်ကား ဧကန်တည်း။ အပ္ပနာဇောဆဗ္ဗိသ ဟု မှတ်။

အဓိပတိတရားကိုယ် ကြည့်ရခြင်း။

အဓိပတိ တပ်ခိုက်-တပ်နေ အဓိပတိ တရားကိုယ်တို့သည် အဓိ ပတိ၏ ပစ္စယုပ္ပန်တရား မဖြစ်နိုင်သောကြောင့် ကြည့်ရသည်ဟု မှတ်။

ဧကော၀ ဟု ဆိုရခြင်း။

ဆန္ဒ - ဝီရိယ စိတ် ဝီမံသ ဟု ဆိုအပ်သော အဓိပတိတို့သည် ကိုယ်ဟိုင် အကြီးအမှူး ဖြစ်နေသောကြောင့် အချင်းချင်း တစ် ပါးသည် တစ်ပါးအား အလေးအမြတ် မပြုနိုင်ကြကုန်။ ထို့ ကြောင့် အဓိပတိပစ္စည်းကို တစ်ပါးသာ ရအပ်သည်ဟု ဆိုပေ သည်။

ဥပမာအားဖြင့် အမျိုးတူသော အရွယ်တူသော အားအစွမ်း တူသော အတတ်ပညာတူသော မင်းသား ၄ ယောက်တို့သည် မိမိ၏ အကြီးအမှူးဖြစ်သည်၏အဖြစ်ဖြင့် တစ်ယောက်သည် တစ်ယောက်အား အရိုအသေ မပြုကြကုန်သကဲ့သို့ မှတ်ကြပါကုန်။

http://www.dhammadownload.com



သမ္မောဝ - ဋ္ဌ၊ ၂၉၅

စတ္တာရော ဟိ အဓိပတိယော အညမညံ ဂရုံ န ကရောန္တိ။ ကသ္မာ၊ သယံ ဇေဋ္ဌကတ္တာ။

ယထာ ဟိ သမဇာတိကာ သမဝယာ သမထာမာ သမသိပ္ပါ စတ္တာရော ရာဇပုတ္တာ အတ္တနော ဇေဋ္ဌကတာယ အညမညံ အပစိတိံ န ကရောန္တိ။

အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း အထူး။

မိမိမှ တစ်ပါးသော အဓိပတိတရားတို့၏ အဓိပတိကို တား မြစ်၍ မိမိသာလျှင် အကြီးအမှူး၏ အဖြစ်ဖြင့် အစိုးရသောအဖြစ်သည် အဓိပတိ ပစ္စည်း။

မိမိမှ တစ်ပါးသော ဣန္ဒြေတရားတို့၏ ဣန္ဒြေအဖြစ်ကို မတား မြစ်မူ၍ အစိုးရသောအဖြစ်သည် ဣန္ဒြိယပစ္စည်း ဤသို့ ထူးပါသည်။

ဟေတု ပစ္စယနိဒ္ဒေသ၌ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဟော တော်မူသကဲ့သို့ အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ ဟု ဟောတော် မမူဘဲ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ အစရှိသည်ဖြင့် အသီးအသီး ဟောတော်မူခြင်းသည် အဓိပတိ ၄ ပါးတို့သည် တစ်ပြိုင်နက် ပစ္စည်း မတပ်ကုန်၊ အသီးအသီးသာတပ်ကုန်၏ ဟု ပြတော်မူလို၍ ဟောတော် မူသည်။

ပဋ္ဌာန - ဋ္ဌ - ၃၆၁

ကသ္မာ ပန ယထာ ဟေတုပစ္စယနိဒ္ဒေသေ ဟေတူ ဟေတု သမ္ပယုတ္တကာနန္တိ ဝုတ္တံ၊ ဧဝံ မိဒ အဓိပတိ အဓိပတိ သမ္ပ- ယုတ္တကာနန္တိ အဝတွာ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနန္တိ အာဒိနာ နယေန ဒေသနာ ကတာတိ ဧကက္ခဏေ အဘာဝ- တော ။လ။ အဓိပတိ ပန ဇေဋ္ဌကဋ္ဌေန ဥပကာရကဘာဝသာ အဓိပ္ပတနတော။ န စ ဧကက္ခဏေ ဗဟူ ဇေဋ္ဌကာနာမ ဟောန္တိ။

ဤ သဟဇာတာဓိပတိပစ္စည်း-

ဆန္ဒ ဝီရိယ စိတ် ဝီမံသ ဟူ ဆိုအပ်သော ပစ္စည်းတရားတို့သည် ထိုက်သည့် အားလျော်စွာ သဟဇာတ ဖြစ်သော နာမ်ရုပ်တို့အား

http://www.dhammadownload.com



ပဝတ္တိအခါ၌သာလျှင် သဟဇာတာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုဟု မှတ်။

ထို့ကြောင့် ဋီကာကျော် ၂၅၀ ၌-

ဆန္ဒ စိတ္တ ဝီရိယ ဝီမံသာနံ ဝသေန စတုဗ္ဗိ ဓောပိ သဟဇာတာ ဓိပတိ ယထာရဟံ သဟဇာတ နာမရူပါနံ ပဝတ္တိယံ ယေဝ သဟဇာတာ ဓိပတိ ဝသေန ပစ္စယော-ဟု ဖွင့်ပြ၏။

ဿဿဿဿဿဿဿ

## အာရမ္မဏာ ဓိပတိ

အာရမ္မဏာဓိပတိ၌....

ဆင်ခြင်ခြင်း၊ သာယာခြင်း၊ အာရုံပြုခြင်းမှုဖြင့် အရိုအသေ ပြုအပ်သော ဈာန်မဂ်ဖိုလ် ဝိပဿနာ နိဗ္ဗာန် ဒါန သီလ ဥပေါသထ ကမ္မ ပုဗ္ဗေသုစိဏ္ဏ ဂေါတြဘူ ဝေါဒါန် ရာဂ ဒိဋ္ဌိ စသည့် အစရှိသော နိပ္ဖန္နရုပ် ဝိပါက် အဗျာကတ ကြိယာ အဗျာကတ ဟု ဆိုအပ်သော အာရုံ(၆)ပါးသည် ဂရုကတ အာရုံမည်၏။

ထို့ကြောင့် ဋီကာကျော်-၂၅၀။

ဂရုကတမာရမ္မဏန္တိပစ္စဝေက္ခဏ အဿာဒ ဒိနာ ဂရုကတံ အာရမ္မဏံ တဉ္စ ဈာန မဂ္ဂဖလ ဝိပဿနာ နိဗ္ဗာနာဒိဘေဒံ ပစ္စဝေက္ခဏ အဿာဒါဒိ မဂ္ဂဖလာဒိ ဓမ္မေ အတ္တာမိနေ့ ကရောတိတိ အာရမ္မဏာ အဓိပတိနာမ။

ဂရုကတမာရမ္မဏန္တိ၊ ကား။ ပစ္စဝေက္ခဏအဿာဒဒိနာ၊ ဆင်ခြင်ခြင်း၊ သာယာခြင်း အစရှိသည်ဖြင့်။ ဝါ၊ ဆင်ခြင်ခြင်း၊ သာယာ ခြင်း၊ အာရုံပြုခြင်းမှုဖြင့်။ ဂရုကတံ၊ အလေးအမြတ် ပြုအပ်သော။ အာရမ္မဏံ၊ အာရုံခြောက်ပါးသည်။ ဝါ၊ ဈာန်မဂ်ဖိုလ် ဝိပဿနာ နိဗ္ဗာန် ဒါနသီလ ဥပေါသထကမ္မ ပုဗ္ဗေသုစိဏ္ဏ ဂေါတြဘူ ဝေါဒါန် ရာဂ ဒိဋ္ဌိ စသည့် အစရှိသော နိပ္ဖန္နရုပ် ဝိပါက် ကြိယာ အဗျာကတ ဟုဆိုအပ်သော အာရုံ (၆)ပါးသည်။ ဟိုယသွာ၊ အကြောင်ကြောင့်။

http://www.dhammadownload.com



ဈာနမဂ္ဂဖလဝိပဿနာနိဗ္ဗာနာဒိဘေဒံ၊ စသည့် အပြား ရှိသော။ တံ၊ ထိုအလေးအမြတ် ပြုအပ်သော အာရုံသည်။ ပစ္စဝေက္ခဏာအဿာဒါဒိ မဂ္ဂဖလာဒိဓမ္မေ၊ ပစ္စဝေက္ခဏာနှင့် ယှဉ်သော ကာမာဝစရ ကုသိုလ်ကြိယာ စိတ္တုပ္ပါဒ် အဿာဒဟု ဆိုအပ်သော သုခဝေဒနာ တဏှာနှင့်ယှဉ်သော လောဘမူစိတ္တုပ္ပါဒ် မက်ဖိုလ် အစရှိသော တရား တို့ကို။ အတ္တာဓိနေ၊ မိမိနှင့်စပ်သည်တို့ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ အာရမ္မဏာဓိပတိနာမ၊ မည်၏။

ဆိုလိုရင်းကား....

ဆင်ခြင်ခြင်း၊ သာယာခြင်း၊ အာရုံပြုခြင်း တို့ဖြင့် အလေး အမြတ် ပြုအပ်သော ဈာန်ဝိပဿနာ ဒါန သီလ ဥပေါသထကမ္မ ပုဗ္ဗေသုစိဏ္ဏ ဖြစ်၍ဖြစ်သော အာရုံ(၆)ပါးသည် ဆင်ခြင်တတ်သော မဟာကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်၊ သာယာတတ်သော လောဘမူ စိတ္တုပ္ပါဒ် တရားတို့ကို မိမိနှင့် စပ်သည်ကို ပြုတတ်၏။ ထို့ကြောင့် အာရမ္မဏာဓိပတိ မည်၏ ဟူလို....

အတ္တာဓိနဖြစ်ပုံ၊

ဆင်ခြင်ခြင်းဖြင့်-

အလေးအမြတ်ပြုအပ်သော မဂ်ဖိုလ် ဂေါတြဘူ ဝေါဒါန်ဖြစ်၍ ဖြစ်သော အာရုံသည် ဆင်ခြင်တတ်သော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်တို့ကို မိမိနှင့်စပ်သည်ကိုပြုတတ်၏။ ထို့ကြောင့် အာရမ္မဏာ ဓိပတိ မည်၏။

သာယာခြင်းဖြင့်-

အလေးအမြတ်ပြုအပ်သော ရာဇဒိဋ္ဌိ စက္ခု အစရှိသော နိပ္ဖန္န ရုပ်၊ လောကုတ္တရာ ကြိယာ အဗျာကတဖြစ်သော ထိုအာရုံသည် သာယာတတ်သော လောဘမူ စိတ္တုပ္ပါဒ်တို့ကို မိမိနှင့်စပ်သည်ကို ပြု တတ်၏။ ထို့ကြောင့် အာရမ္မဏာဓိပတိမည်၏။

ဆင်ခြင်ခြင်း အာရုံပြုခြင်းမျှဖြင့်-

အလေးအမြတ်ပြုအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံသည် ဆင်ခြင်တတ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့ကို မိမိနှင့်စပ်သည်ကိုပြုတတ်၏။ ထို့ကြောင့် အာရမ္မဏာ ဓိပတိ မည်၏။

http://www.dhammadownload.com



**အာရုံပြုခြင်းမှုဖြင့်-**

အာရုံပြုခြင်းမှုဖြင့် ဖြစ်သော မဂ်ဖိုလ် ဂေါတြဘူ ဝေါဒါန်၊ ထိုတရားတို့ကို မိမိဥ္စပ်သည်ကို ပြုတတ်၏။ ထို့ကြောင့် အာရမ္မဏာ ဓိပတိ မည်၏။

အမှာ။ ။မဏိမဥ္ဇူ ဋီ၊ ဒု-၄၃၆ ဉ္စရှု၊ ကျယ်အံ့စိုး၍ သာဓက မရေး သာပြီ။

ထို့ကြောင့် ပဋ္ဌာဝါရပါဠိ ၁၅၀-၌

သေက္ခာ ဇလံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ၊ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။

ဟူ၍ ဟောတော်မူအပ်ပြီ။

အထူးမှတ်ဖွယ်ချက်။ ။အထက်ပါဋ္ဌိကာ ၄၃၆-၌ အဿာဒဓိပတိနှာ၌ အာဒိသဒ္ဒါဖြင့် အာရမ္မဏ သာမညကို ယူ၊ ဝိပဿနာကို ပဋ္ဌာဝါ၌ သေက္ခာဝါ ပုထုဇ္ဇနာ ဝါ ဂရုံကတွာ ပစ္စဝေက္ခန္တိဟု ဟောတော်မမူ သော်လည်း အချို့သော သေက္ခပုထုဇဉ်တို့သည် ဝိပဿနာကို အလေးဂရုပြု၍ ဆင်ခြင်ကြသော ကြောင့် ဖွင့်သည်ဟူ၍ပင် မှတ်ယူကြရမည်။

**နိဗ္ဗာနာဒိသေဒ်၌ အာဒိသဒ္ဒါဖြင့်-**

အာဒိဂ္ဂဟဏေန ဒါန သီလ ဥပေါသထကမ္မ ပုဗ္ဗေသုစိဏ္ဏ ဂေါတြဘု ဝေါဒါန ရာဂ ဒိဋ္ဌိစက္ခ္ဝာဒီနိ နိပ္ဖန္နရူပဝိပါကာ ဗျာကတ ကြိယာဗျာကတံ သင်္ဂဏှာတိဟု မဏိမဥ္ဇူဋီ-ဒု၊ ၄၃၅ ဋီကာဆိုတိုင်း သိကြလေ။

ဤအရာ၌ ပစ္စဝေက္ခန္တိအရ မဟာကုသိုလ် မဟာကြိယာ၌ရှိ သော ပညာစေ္ခကို ယူလေ။

ရင်းဋီ-၄၃၆

ပစ္စဝေက္ခဏာဉာဏံ ပစ္စဝေက္ခဏာနာမ၊ ပစ္စဝေက္ခဏံ ဉာဏံ က္ကမပနေ တံ သိသေန တံသမ္ပယုတ္တကာ ကာမာဝစရ ကုသလကြိယာ စိတ္တုပ္ပါဒ ပစ္စဝေက္ခန္တိ အဓိပ္ပေတာ။

http://www.dhammadownload.com



ပဋ္ဌာန၊ ၄-၃၆၁ ၌ကား -

ဂရုံကတွာတိ၊ ဂရုကာရ စိတ္တီကာရဝသေနဝါ အဿာဒ-ဝသေနဝါ ဂရုဘာရိယံ လဒ္ဓဗ္ဗံ အဝိဇဟိတဗ္ဗံ အနုဝညာတံ ကတွာ။

ဟု ဖွင့်ပြတော်မူ၏။

ဂရုံကတွာတိ၊ ကား။ ဂရုကာရစိတ္တီကာရဝသေနဝါ၊ အလေး အမြတ်ပြုခြင်း အရိုအသေပြုခြင်း၏ အစွမ်းဖြင့် လည်းကောင်း။ အဿာဒဝသေနဝါ၊ သာယာခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ဂရုဘာရိယံ၊ ကျောက်ထီးကဲ့သို့လေးသည်ကို။ လဒ္ဓဗ္ဗံ၊ ရအပ်ကောင်း သည်ကို။ အဝိဇဟိတဗ္ဗံ၊ မစွန့်အပ်သင့်သည်ကို။ အနုဝညာတံ၊ မထီ မဲ့မြင် မပြုအပ်သည်ကို။ ကတွာ၊ ပြု၍။ ယေယေ ဂရုကာတဗ္ဗဓမ္မာ၊ ထိုထို အလေးအမြတ်ပြုအပ်သော တရားတို့သည်။ တေသံ တေသံ ဂရုကာရဓမ္မာနံ၊ ထိုထိုအလေးအမြတ် ပြုတတ်သော တရားတို့အား။ အာရမ္မဏာ ဓိပတိ ပစ္စယေန၊ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တတ်သည်။ ဟောတိ၊ ၏။

ဤ၌ အဿာဒဝသေနဖြင့်....

သုခဝေဒနာ ဝါ-တဏှာကိုယူ၊ ထိုသုခဝေဒနာ တဏှာကို ပဓာနပြုသဖြင့် ထိုသုခဝေဒနာ တဏှာနှင့် ယှဉ်သော လောဘမူ စိတ္တုပ္ပါဒ်တို့ကို ယူလေ။

ထို့ကြောင့် မဏိမဉ္ဇူ ဋီ၊ ဒု၊ ၄၃၆ ၌....

အဿာဒေါ သုခဝေဒနာ တဏှာဝါ၊ တပ္ပဓာ ပန တံ သီသေန တံ သမ္ပယုတ္တလောဘမူလ စိတ္တုပ္ပါဒေါ အဿာဒေါတိ အဓိပ္ပေတော။ ဟုဖွင့်ပြ၏။

ပဋ္ဌာန အဋ္ဌကထာပါဠ်၌....

ဂရုကာရစိတ္တီကာရဝသေနဖြင့် ကုသိုလ်တရား အဗျာကတ တရားတို့၏ ဖြစ်ခြင်းကိုပြ၏။

လဒ္ဓဗ္ဗအဝိဇဟိတ ဟူသည်....

မရဖူးသေးသော အာရုံကိုရခြင်း၊ ရရှိပြီးသောအာရုံကို မစွန့် လွှတ် နိုင်ခြင်းပေသည်။ တစ်နည်း....အကြင်အာရုံနှင့် ကင်း၍မဖြစ်၊ ထို အာရုံကို ရခြင်းတည်း။

http://www.dhammadownload.com



အဝဇ္ဇာတ ဟူသည်....

မထိမဲ့မြင် ပြုခြင်းသဘောသည် ဒေါသကို ပြုသောကြောင့် သာယာတတ်၊ နှစ်သက်တတ်သဖြင့် မထိမဲ့မြင် မပြုနိုင်ခြင်း သဘောတည်း။

မူလဋီ၊ ၁၈၂။

ဂရုကာရ စိတ္တီကာရ ဝသေန ဝါတိ ကုသလာဗျာကတာနံ ပဝတ္တိ ဒဿေတိ။ အလဒ္ဓံ လဒ္ဓဗ္ဗံ၊ လဒ္ဓံ အဝိဇဟိတဗ္ဗံ၊ ယေနဝါ ဝိနာ န ဘဝိတဗ္ဗံ၊ တံ လဒ္ဓဗ္ဗံ၊ တာသော ဝတ္တော အဝိဇဟိတဗ္ဗန္တိ၊ အနဝဇ္ဇာတန္တိ အဝဇ္ဇာတမ္ပိ ဒေါသ ဒဿိတာယ အသာဒနေန အနဝဇ္ဇာတံ ကတွာ။

မှာထားချက်။ ။ဆဋ္ဌရိုက် မူလဋီကာ၌ (အဒေါသ ဒဿိတာယ)ဟု တွေ့ရ၏။ အ-ပါသင့် မပါသင့် ဆင်ခြင်ကြလေ။

ဤအာရမ္မဏာဓိပတိ ပစ္စည်း၌....

ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလ၌ဖြစ်သော နိပ္ဖန္နရုပ်၊အဇ္ဈတ္တရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု ဆိုရာ၌....အနိဋ္ဌဖြစ်သော နိပ္ဖန္နရုပ်ကို ကြဉ်ရခြင်းကား....

မချစ်အပ်၊ မမြတ်နိုးအပ် သပ္ပိတိကာ သဘောမှ ကင်းသော ကြောင့်တည်း။

ဝိဘာဝိနီ၊ ၈၊

အနိဋ္ဌန္တိ အပ္ပိယံ အနိဋ္ဌံ၊ ပဋိလာဘတ္ထာယဝါ အပရိယေသိတံ၊ သမ္ပတ္တိဝိရဟာတော။

ဒေါသမူဒွေးကို ကြဉ်ရခြင်းကား....

ဒေါသသည် အနိဋ္ဌာရုံကို ခံစားတတ်သော လက္ခဏာရှိ၏။ ပဋိဃသည် ကြမ်းတမ်းခက်ထန်သော သဘောရှိ၏။ ထို့ကြောင့် အလေးအမြတ်လည်း မပြုတတ်၊ အလေးအမြတ်လည်း မပြုအပ်သည် ဖြစ်၍ ကြဉ်ရသည်။

http://www.dhammadownload.com



ဋီကာကျော်၊ ၈၀၊

ဒေါမနဿသဟဂတ္တ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏော၊ ဝေဒနက္ခန္ဓပရိယာပန္နော၊ ကော ဓမ္မော၊ ပဋိဃော စဏ္ဍိက္ကသဘာဝေါ၊ သင်္ခါရက္ခန္ဓပရိယာပန္နော၊ ကောဓမ္မောတိ အယမေ တေသံ ဝိသေသော။

မောဟမူဒွေးကို ကြဉ်ရခြင်းကား....

မူလဟိတ်တစ်ပါးကင်းသောကြောင့် အလွန်မြင်းစွာ တွေဝေတတ်၏။ ထို့ကြောင့် အလေးအမြတ်လည်း မပြုအပ်၊ အလေးအမြတ်လည်း မပြုတတ်ရကား ကြဉ်ရသည်။

ဋီကာကျော်၊ ၈၁၊

မူလန္တရဝိရဟတော အတိသမ္မုဠ္ဌတာယ။

## အနန္တရ သမနန္တရ

န အန္တရံ အနန္တရံ၊ နဝိဇ္ဇတိ ပစ္စယုပ္ပန္နေန သဟ အန္တရံ ဧတဿာတိ အနန္တရံ။ ဗဟုဗ္ဗီဟိ။ အနန္တရောဟုတွာ ပစ္စယော အနန္တရပစ္စယော ဟု သမ္ဘာဝနာကမ္မဓာရည်း။

မိမိဟုဆိုအပ်သော ပစ္စည်း၏ အခြားမရှိသောကာလ၌ လျော်သောစိတ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော ရှေးရှေး၌ဖြစ်၍ ချုပ်လေပြီးသောတရားကို အနန္တရပစ္စည်းဟူ၍လည်းကောင်း သမနန္တရပစ္စည်းဟူ၍လည်းကောင်း မှတ်အပ်၏။

ဋီ၊ ၂၄၁၊

အတ္တနော အတ္တနော အနန္တရံ အနုရူပါစိတ္တုပ္ပါဒဇနန-န သမတ္ထော၊ ပုရိမ ပုရိမ နိရုဒ္ဓေါ ဓမ္မော အနန္တရပစ္စယော သမနန္တရပစ္စယောတိ ဝုစ္စတိ။

အတ္တနော အတ္တနော၊ မိမိ မိမိ၏။ အနန္တရံ၊ အခြားမဲ့၌။ အနုရူပစိတ္တုပ္ပါဒဇနန သမတ္ထော၊ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကို

http://www.dhammadownload.com



ဖြစ်စေခြင်းငှာ စွမ်းနိုင်သော။ ပုရိမ ပုရိမ နိရုဒ္ဓေါ၊ ရှေးရှေး၌ဖြစ်၍ ချုပ်ပြီးသော။ ဓမ္မော၊ တရားကို။ အနန္တရောတိစ၊ ဟူ၍လည်းကောင်း။ သမနန္တရောတိစ၊ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ၏။

သမနန္တရကို ဋီ ၂၄၁ ၌ သဏ္ဌာနဘာဝေန သုဋ္ဌု အနန္တရပစ္စယော သမနန္တရပစ္စယော ပြုလေဟူ၏။ သဏ္ဌာန်မရှိသည်၏ အဖြစ်ကြောင့် ကောင်းစွာ အခြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သမနန္တရပစ္စည်း မည်၏။

## (အနန္တရနှင့် သမနန္တရ ထူး, မထူး)

မဏ္ဍာန၊ ဋ္ဌ၊ ၃၄၆။

အတ္ထါနန္တရတာယ အနန္တရ ပစ္စယော၊ ကာလနန္တရတာယ သမနန္တရပစ္စယော ဟောတိ အာစရိယာနံ မတံ။

အခွန့်၏ အခြားမရှိသော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အနန္တရမည်၏။ ကာလ၏ အခြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည်သမနန္တရမည်၏ဟု ရေဝတမထေရ်၏ ဝါဒကို ပြတော်မူသည်။

မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၃၇၆။

ရေဝတထေရေန ဝုတ္တံ နေ့သံ ဝိသေသဒီပနံဝစနံ၊ တတ္ထ ကေစိတိ ဣဒံ ရေဝတထေရံ သန္ဓာယာဟ။

အမှာ။ ။ဆဋ္ဌမူ ပဋ္ဌာန အဋ္ဌကထာ၌ အတ္ထါနန္တရတာယ-ဟုရှိ၏။ ဆဋ္ဌမူ ဋီကာကျော်ပါဠ် ၂၄၂ ၌ အတ္တာနန္တရတာယ-ဟု ရှိ၏။ အတ္တာနန္တရတာယရှိမူ အနက်၏ အခြားမရှိသည်၏ အဖြစ်ဖြင့် ဟု ပေးလေ။

ထိုအရှင်ရေဝတမထေရ် ဆိုသော စကားသည်....

နိရောဓ ဝုဋ္ဌ ဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ နိရောဓာဝုဋ္ဌ

http://www.dhammadownload.com



ဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။

ဟူသော ပဋ္ဌာဝါရ် ပါဠိတော်(၁၃၈)နှင့် ဆန့်ကျင်နေသော ကြောင့် မသင့်ဟူ၍ ဂဏ္ဌိဆရာတို့ ဆိုကြ၏။

ပဋ္ဌာန ၄၊ ၃၄၆-၌လည်း....

တံ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော့တိ အာဒိဟိ ဝိရုဇ္ဈတိ။ ဖွင့်ပြ၏။

ဆန့်ကျင်ပုံကား....

သမာပတ် (၈)ပါးနှင့် ပြည့်စုံသော အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်သည် ဈာန်ရှစ်ပါးကို ဇာစဉ်အတိုင်းဝင်စား၍ နေဝသညာနာ-သညာယတန ကုသိုလ် ကြိယာဇော ၂-ကြိမ် ဖြစ်ပြီးနောက် စိတ် စေတသိက် စိတ္တဇရုပ်တို့ ချုပ်ခြင်းသို့ ရောက်၏။

ထိုနိရောဓ သမာပတ်မှ ထသောအခါ....

သတ္တာဟ စသည် ခြားသော်လည်း အနာဂါမ် ဖိုလ် အား နေဝသညာနာသညာယတန ကုသိုလ်ဇောသည် အရဟတ္တဖိုလ်အား ရှင်းကြိယာဇောသည် အနန္တရသမနန္တရ သတ္တိဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် ဆန့်ကျင်၏။

လူ၏ဘုံမှ အသညသတ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်၏ ဉာဏ သမ္ပယုတ် မဟာဝိပါက်စုတိစိတ်သည် အသညသတ်ဘုံ၌ ဇီဝိတနဝက ကလာပ်ဖြင့် ရုပ်ပဋိသန္ဓေနေ၍ ကမ္ဘာ(၅၀၀)တိုင်အောင် ကာလခြား သော်လည်း ရှင်းဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ဉာဏသမ္ပယုတ်ဝိပါက် စိတ်ဖြင့် ပဋိသန္ဓေ နေသောအခါ ရှေး၌ ဖြစ်သော ဉာဏသမ္ပယုတ် မဟာဝိပါက် စုတိစိတ်က နောက်၌ဖြစ်သော ဉာဏသမ္ပယုတ် မဟာ ဝိပါက် ပဋိသန္ဓေစိတ်အား အနန္တရ သမနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် ဆန့်ကျင်၏။

http://www.dhammadownload.com



ပဋ္ဌာန၊ မူလဋီ၊ ၁၇၀၊

ကာလဝေါဟာရောတိ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာ-သညာယတန ဖလသမာပတ္တီနံ အသညသတ္တာ စဝန္တဿ ပုရိမစုတိ ပစ္ဆိမပဋိသန္ဓီနဉ္စ နိရောဓုပ္ပါဒနိရန္တရတာယ ကာလန္တရတာ နတ္ထီတိ ဒဋ္ဌဗ္ဗာ။

ကာလဝေါဟာရောတိ၊ ကား။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်အား။ နေဝသညာ နာသညာယတန ဖလသမာ ပတ္တီနဉ္စ၊ နေဝသညာ နာသညာယတန ကုသိုလ် ကိရိယာနှင့် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့၏ လည်းကောင်း။ အသညသတ္တာ၊ အသညသတ်ဘုံမှ။ စဝန္တဿ၊ စုတေသော သတ္တဝါအား။ ပုရိမစုတိ ပစ္ဆိမပဋိသန္ဓီနဉ္စ၊ ရှေးဖြစ်သော ကာမသုဂတိစုတိနှင့် နောက်ဖြစ်သော ကာမပဋိသန္ဓေတို့၏ လည်းကောင်း။ နိရောဓုပ္ပါဒနိရန္တရတာယ၊ ခုနစ်ရက်စသည်ချုပ်ခြင်း၊ ကမ္ဘာ(၅၀၀) နေပြီးမှ ကာမသုဂတိဘုံ၌ ပဋိသန္ဓေနေခြင်းတို့၏ နာမ်တရားအခြား မရှိသည်၏ အဖြစ်ကြောင့်။ ကာလန္တရတာ၊ ကာလခြားသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဝိသုဒ္ဓိမဂ်မဟာ ဋီ၊ ဒု-၂၇၂

အတ္ထာနန္တရတာ အနန္တရပစ္စယော၊ ကာလနန္တရတာ သမနန္တရပစ္စယော အာဒိနာ ဗဟုဓာ ပပဉ္စယန္တိ၊ အသာရံ ဂန္ထဝိတ္ထာရံ ကရောန္တိ။

ဟုမိန့်၏။

ပဋ္ဌာန ဋ္ဌ ၃၄၆။

တသ္မာ အဘိနိ ဝေသံ အကတွာ ဗျဥ္ဇနမတ္တတော ဝေတ္ထ နာနာကရဏံ ပစ္စေတဗ္ဗံ အတ္ထတော။

တသ္မာ၊ ထိုသို့ကာလ၏ အခြားမရှိသည်၏ အဖြစ်၏မရှိခြင်း ကြောင့်။ အဘိနိဝေသံ၊ မြဲမြံစွာ နှလုံးသွင်းခြင်းကို။ ဝါ-မှားသော အားဖြင့် နှလုံးသွင်းခြင်းကို။ အကတွာ၊ မပြုမူ၍။ ဧတ္ထ၊ ဤအနန္တရ

http://www.dhammadownload.com



သမနန္တရပစ္စည်း ၂ ပါးတို့၌။ ဗျဉ္ဇနမတ္တတော၀၊ ဝိဂြိုဟ်အနက်မျှဖြင့်သာလျှင်။ နာနာကရဏံ၊ ထူးသည်၏အဖြစ်ကို။ ပစ္စေတဗ္ဗံ၊ ယုံကြည်အပ်၏။ ဝါ-ရှေးရှုသိအပ်၏။ အတ္ထတော၊ ဝစနိယတ္ထအားဖြင့်။ နာနာကရဏံ၊ ကို။ န ပစ္စေတဗ္ဗံ၊ မယုံကြည်အပ်။

ထို့ကြောင့်....

အနန္တရအရ ပစ္စည်းနှင့် ပစ္စယုပ္ပန်အကြား နာမ်တရားခြားသည်ကိုသာ ယူအပ်၏။ ရုပ်တရားခြားနေသည်ကို မယူအပ်ဟု သိအပ်၏။ အရှင်ရေဝတ၏ အယူကိုလည်း မမှတ်အပ်။

## ဓထူးဝါဒါသဲ့ချက် ၂-မျိုးတောရခြင်း

ဤသို့ သဘာဝဓမ္မ တစ်ပါးတည်းကိုပင် အနန္တရ ပစ္စယဟူ၍ ဟောမှ သိသော ဝေနေယျလည်း ရှိသည်၊ သမနန္တရပစ္စယ ဟူ၍ ဟောမှ သိသော ဝေနေယျလည်း ရှိသည်ဖြစ်၍ ဝေနေယျဥဇ္ဈာသယအားလျော်စွာ သဘာဝဓမ္မတစ်ပါးကို ၂ ဖစ္စယ်ထား၍ ဟောတော်မူ၏။

ဋီ၊ ၂၄၂၊

တသ္မာ ဓမ္မတော အဝိသေသေပိ တထာ တထာ ဗုဇ္ဈနကာနံ ဝေနေယျာနံ ဝသေန ဥပသဂ္ဂတ္ထ ဝိသေသမတ္တတော၀ တေဒ္ဓေါ ပစ္စေတဗ္ဗော။

တသ္မာ၊ ကြောင့်။ ဓမ္မတော၊ သဘာဝဓမ္မအားဖြင့်။ အဝိသေ-သာပိ၊ အထူးမရှိသည်၏ အဖြစ်သည်။ သတိပိ၊ ဖြစ်ပါလျက်လည်း။ တထာတထာ-တေန တေန ပကာရေန၊ အနန္တရပစ္စယ အာဝပကာရ-သမနန္တရပစ္စယ အာဝပကာရေန၊ ထိုထိုသို့သော အနန္တရပစ္စည်း၏ အဖြစ်ဟူသောအပြား၊ သမနန္တရပစ္စည်း၏ - အဖြစ်ဟူသောအပြားအားဖြင့်။ ဗုဇ္ဈနကာနံ၊ သစ္စာလေးပါး မြတ်တရားကိုသိကုန်သော။ ဝေနေယျာနံ၊ ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဥပသဂ္ဂတ္ထ ဝိသေသမတ္တတော၀၊ သံ ဟူသော

http://www.dhammadownload.com



ဥပသာရ၏ အထူးမျှသာလျှင်ဖြစ်သော။ ဘေဒေါ၊ အပြားကို။ ပစ္စေ တဗ္ဗော၊ ယုံကြည်အပ်၏။

ပဋ္ဌာန ဋ္ဌ၊ ၃၄၆ ဋ္ဌ်လည်း....

ယော အနန္တရပစ္စယော သွေဝ သမနန္တရပစ္စယော၊ ဗျဉ္ဇနမတ္တ
ဟေတ္ထနာနံ ဥပစယသန္တတိ အာဒီသု ဝိယ အဓိဝစနနိရုတ္တိ
ဒုကာဒီသု ဝိယ အတ္ထတော ပန နာနံ နတ္ထိ။

ဆိုလိုရင်းကား....

အနန္တရ ပစ္စည်းသည်သာလျှင် သမနန္တရ ပစ္စည်းမည်၏။ ဤ အနန္တရနှင့် သမနန္တရပစ္စည်းသည် ဥပစယနှင့် သန္တတိ စသည်တို့ကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက်နှင့် နိရုတ္တိဒုက်ကဲ့သို့လည်းကောင်း၊ အနက်အားဖြင့် မထူးခြား၊ သဒ္ဒါမျှသည်သာလျှင် ထူးခြား၏ဟူလို။

ရဟန္တာတို့၏ စုတိစိတ်ကို ကြည့်ရခြင်း

ဝဋ်မြစ်မူလ ကင်းပြတ်ပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ကြောင့် ကြည့်ရသည်။

ဋီ၊ ၂၀၀၊

ဝူပသန္တဝဋ္ဋမူလသ္မိံ သန္တာနေ သာတိသယံ သန္တဝုတ္တိတာယ
ခီဏာသဝဿေဝ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ။

အထူးမှာထားချက်။

ခီဏာသဝဿေဝ ၌ ဧဝ သဒ္ဒါဖြင့် ပုထုဇဉ် သေက္ခတို့၏ စုတိစိတ်ကို နှစ်စေသည်။ ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ရဟန္တာ တို့၏ စုတိစိတ်ကို ကြည့်သည်ဟု မမှတ်လင့်။ (သဗ္ဗေသမ္ပိ စုတိစိတ္တံ ရူပံနသမုဋ္ဌာပေတိ) ဟူသော မူလဋီကာအရ အလုံးစုံသော သတ္တဝါ တို့၏ စုတိစိတ်သည်လည်း ရုပ်ကိုမဖြစ်စေနိုင်။ အမှန်အားဖြင့် ရဟန္တာ တို့၏ စုတိစိတ်သည် ဝဋ်မြစ်မူလ ငြိမ်းပြတ်လျှော့ပြီးဖြစ်၍ တစ်ဖန် ဘဝ

http://www.dhammadownload.com



သစ်၌ ရဟန္တာတို့၏စုတိစိတ်နောင် နာမက္ခန္ဓာအသစ် မဖြစ်တော့ပြီ ဖြစ်၍ အနန္တရသတ္တိဖြင့် ကျေးဇူးပြုစရာ မရှိတော့ချေ၊ ထို့ကြောင့် ကြဉ်ရသည်ဟု မှတ်ကြပါကုန် အရှင်ကောင်းတို့။

ဝိဘင်္ဂ ၆-၂၂

တဿ ဟိ သဗ္ဗဘဝေသု ဝဋ္ဋမူလံ ဝူပသန္တံ အဘဗ္ဗုပ္ပတ္တိယံ ပုနဗ္ဘဝ ပဋိသန္ဓိနာမ နတ္ထိ ။

ဟိ၊ မှန်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ စုတိစိတ္တံ၊ သည်။ သဗ္ဗဘဝေသု၊ တို့၌။ ဝဋ္ဋမူလံ၊ ဝဋ်မြစ်သည်။ ဝူပသန္တံ၊ ငြိမ်း၏။ အဘဗ္ဗုပ္ပတ္တိယံ၊ တစ်ဖန်ဘဝသစ်ဖြစ်ခြင်းမထိုက်။ ပုနဗ္ဘဝပဋိသန္ဓိနာမ၊ တစ်ဖန်ဘဝသစ်၌ဖြစ်သော စိတ်အစဉ်မည်သည်။ နတ္ထိ၊ မရှိချေ။

**မှတ်ရန်ဆောင်ပုဒ်။**

ရုပ်ခြားမလို၊ နာမ်ခြားလို၊ ခေါ်ဆိုနန္တရ၊
အသညသတ်၊ နိရောဓတ်၊ ခြားလတ်ရုပ်ကာလ။
သို့ပင်ခြားနေ၊ နန္တရေ၊ ပြုပေကျေးဇူးပ ါ။

န ဟိ ပရမတ္ထတော သမုဒါယောနာမ ကောစိ အတ္ထိဟူသော် အနုဋီကာ ပရိဘာသာနှင့်အညီ ပရမတ္ထသဘောအားဖြင့် အစိတ်အစိတ်မှ လွတ်သော အပေါင်းမည်သောတရားအသီးအခြားမရှိသောကြောင့် အစိတ်အစိတ်သော ပရမတ္ထတရားကို သိကြရမည် ဖြစ်ပေသည်။

အစိတ်အစိတ်သော ပရမတ္ထတရား ဟူသည် နာမ်တရားတို့၏ ပဋိသန္ဓေနှင့် စုတိ၏အကြား၌ အစဉ်မပြတ်ဖြစ်နေ ပျက်နေကြသော စိတ်အစဉ် ။ဝ ါ။ ဝီထိ၊ စတုသမုဋ္ဌာနိက ဖြစ်သော ရုပ်တို့၏ အစဉ် မပြတ်ဖြစ်နေကြသော ရုပ်အစဉ် ဝီထိတို့ပင်တည်း။

ဤအနန္တရပစ္စည်း အရာ၌ နာမ်တရားနှင့် သက်ဆိုင်ရာ ကား နာမ်တရားတို့၏ ဖြစ်စဉ်ဝီထိကို သိကြမှသာလျှင် အနန္တရ၏ ကျေးဇူးပြုပုံအလုံးစုံကို တိတိကျကျ သဘောပေါက် နားလည်ကြ ပေမည်။

သို့သော်လည်း ၎င်းဝီထိစိတ်အစဉ်ဖြစ်ပုံသည် အလွန်ကျယ်ပြန့်၏။ သင်္ဂဟကျမ်း ဝီထိပိုင်းကို အလွန်လေ့လာသင်ယူမှ အခြေခံရမည် ဖြစ်၏။ ဤကျမ်း၌ကား ကျမ်းလေးမည်ဘေးမှ ကင်းဝေးစိမ့်သောငှာ အကျဉ်းအားဖြင့်သာ ညွှန်ပြခွင့်ရပေတော့မည်။

http://www.dhammadownload.com



သင်္ဂဟကျမ်း၌....

ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ သောတဒွါရဝီထိ ဃာနဒွါရဝီထိ ဇိဝှါဒွါရဝီထိ ကာယဒွါရဝီထိ မနောဒွါရဝီထိ စေတိ ဒွါရဝသေန ဝါ၊ စက္ခုဝိညာဏဝီထိ၊ သောတဝိညာဏဝီထိ ။လ။ မနောဝိညာဏဝီထိ စေတိ ဝိညာဏဝသေန ဝါ။

အတိမဟန္တံ မဟန္တံ ပရိတ္တံ အတိပရိတ္တဉ္စေတိ ပဉ္စဒွါရေ မနောဒွါရေ ပန ဝိဘူတမဝိဘူတဉ္စေတိ ဆဓာဝိသယာ ပဝတ္တိ ဝေဒိတဗ္ဗာ။

ဟူသော ပါဠိအရ ဒွါရ၏ အစွမ်းအားဖြင့် ၆ ပါးတို့တွင် စက္ခုဒွါရဝီထိသည်....

အတိမဟန္တာရုံ ၁ ဝီထိ၊ မဟန္တာရုံ ၂ ဝီထိ၊ ပရိတ္တာရုံ ၆ ဝီထိ၊ အတိပရိတ္တာရုံ ၆ ဝီထိအားဖြင့် (၁၅) ဝီထိ ဖြစ်၏။ ဤသို့လျှင် စက္ခုဒွါရ၌ ၁၅ ဝီထိ၊ သောတဒွါရ စသည်တို့၌လည်း ၁၅ ဝီထိစီဖြစ်ရကား ပဉ္စဒွါရ၌ ဝီထိပေါင်း (၇၅) ဝီထိ ဖြစ်ပေသည်။

စက္ခုဒွါရ အတိမဟန္တာရုံဝီထိ ဖြစ်ဟန်ကား....

ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ အတီတဘဝင် န၊ ဒ၊ ပ၊ စ၊ သမ်၊ ဏ်၊ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ၊ ဘဝင်၊ ဘဝင်။

မဟန္တာရုံဝီထိ ဖြစ်ဟန်ကား....

သတ္တမဇောတွင် ဆုံးသည်။ ထို့ကြောင့် (၂-ဝီထိ) ရကောင်းသည်။

ပရိတ္တာရုံဝီထိဖြစ်ဟန်ကား....

ဝုဋ္ဌောတွင်ဆုံးသည်။ ထို့ကြောင့် (၆) ဝီထိ ရကောင်းသည်။ အတီတဘဝင် ၄ ချက်လွန်မှ စ၍ချ။

အတိပရိတ္တာရုံဝီထိ ဖြစ်ဟန်ကား....

ဝီထိစိတ်မဖြစ်၊ ဘဝင်လှုပ်ရုံသာ လှုပ်သည်။ ထို့ကြောင့် (၆) ဝီထိ ရကောင်းသည်။

အတီတဘဝင် ၁၀ ချက်လွန် န၊ ဒ၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်။

မနောဒွါရဝီထိသည်....

http://www.dhammadownload.com



(၁) ကာမဇော စော့သော ကာမဇွောဝါရမနော်ဒွါရဝီထိ။
(၂) အပ္ပနာဇော စောသော အပ္ပနာဇောဝါရမနောဒွါရ ဝီထိဟူ၍ ၂ ပါးရှိ၏။

ထိုတွင် ကာမဇောဝါရ မနောဒွါရဝီထိသည်....

(၁) ပစ္စုပ္ပန်ဖြစ်၍ သတ္တာယုက ပြည့်ကောင်းသော ဓိညတ်ဓွေး လက္ခဏာရုပ် လေးခုကြဉ်သော ရုပ်ဗာဝီသဟုဆိုအပ်သော အာ့ရုံ ၆ ပါး၌ ဝိဘူတာရုံ (၅) ဝီထိ၊ အဝိဘူ-တာရုံ (၂) ဝီထိအားဖြင့် (၇) ပါး အပြားရှိ၏။
(၂) အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက မပြည့်ကောင်းသော စိတ်ကျေနနဝုတိ၊ စေတသိက် ဒွေပညာသ ဝိညတ်ဒွေ၊ လက္ခဏာရုပ်လေးခု၊ ကာလဓိမုတ်ဖြစ်၍ သတ္တရသာယုက မပြည့်ကောင်းသော နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ၊ အတိတ် အနာဂတ်ဖြစ်၍ သတ္တရသာယုကမပြည့်ကောင်းသော ဝိညတ်ဒွေလက္ခဏာရုပ် လေးခုကြဉ်သော ရုပ်ဗာဝီသဟုဆိုအပ်သော အာရုံ ၆ ပါး၌ ဝိဘူတာရုံ တစ်ဝီထိ၊ အဝိဘူတာရုံ တစ်ဝီထိ အားဖြင့် ၂ ပါး အပြားရှိ၏။

ဒ္ဒဒ္ဒဒ္ဒဒ္ဒဒ္ဒ

## ပဉ္စဒွါရ၌ကဲ့သို့ အတိမဟန္တာရုံဟု မဆိုမူ၍ ဝိဘူတာရုံ အဝိဘူတာရုံဟု ဆိုရခြင်း

မနောဒွါရိကစိတ်တို့၏ အတိတ် အနာဂတ် အာရုံဖြစ်သော ကြောင့် အတိမဟန္တ စသည်တို့၏အစွမ်းဖြင့် အာရုံမှတ်ခြင်းငှာ မတတ်ကောင်းရကား ဝိဘူတာရုံ၊ အဝိဘူတာရုံဟု ဆိုပေသည်။

ဋီကာကျော်-၁၄၇

မနောဒွါရိကစိတ္တာနံ အတီတာနာဂတမ္ပိ အာရမ္မဏံ ဟောတီတိ တေသံ အတိမဟန္တာဒိ ဝသေန ဝိသယ ဝဝတ္ထာနံ ကာတုံ န သက္ကောတိ၊ ဝိဘူတာ ဝိဘူတာ ဝသေနေဝေတံ နိယမေတုံ ယဒိဝိဘူတာ မာရမ္မဏန္တိအာဒိ ဝုတ္တံ။

http://www.dhammadownload.com



ဋီကာကျော် (၁၄၇) အနက်ပေး....

မနောဒွါရိကစိတ္တာနံ၊ မနောဒွါရ၌ ဖြစ်ကုန်သော စိတ်တို့၏။ အတီတာနာဂတမ္ပိ၊ အတိတ် အနာဂတ်လည်းဖြစ်သော။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ တေသံ၊ ထို မနောဒွါရ၌ဖြစ်သော စိတ်တို့၏။ အတီမဟန္တာဒိဝသေန၊ အတိ- မဟန္တာရုံ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ဝိသယ ဝဝတ္ထာနံ၊ အာရုံ ကို ပိုင်းခြားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိတသ္မာ၊ ကြောင့်။ ဝိဘူတာ ဝိဘူတဝသေနေဝ ဝိဘူတ အဝိဘူတ အစွမ်းဖြင့်သာလျှင်။ တံ၊ ထိုအာရုံပိုင်းခြားခြင်းကို။ နိယမေတုံ၊ မှတ် ခြင်းငှာ။ ယဒိဝိဘူတမာရမ္မဏန္တ္ယာဒိ၊ အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

မှာထားချက်။

အဝိဘူတာရုံဝီထိကို ကာမ, ရူပ, အရူပဟု ဆိုအပ်သော ဘုံ သုံးပါးလုံး၌ ရအပ်၏။ ဝိဘူတာရုံဝီထိကိုကား ကာမဘုံ၌သာလျှင် ရအပ်၏ဟုမှတ်။

ဤ၌ ဝိဘူတာရုံဝီထိကို ကာမဘုံ၌သာရအပ်၏ဟူသော စကား ကိုလည်း....

အဝိဘူတေ ဝိဘူတေစ၊ ပရိတ္တာစာ ပရိတ္တကေ။
ဇဝေါယေဝ ဘဝင်္ဂန္တု၊ ဖြဟ္မာနံ စတုဂေါစရေ။

ဟူသော သစ္စသံခိပ် ( )လာ ဂါထာနှင့် မညီညွတ်သော ကြောင့် ညောင်ကန်ဆရာတော် ဦးဇုဓ် နှစ်သက်တော်မမူ ဟူ၏။

တောင်တွင်း ဆရာတော် ခင်ကြီးဖျော်ကား ဖြဟ္မာတို့အား တဒါရုံမဖြစ်ခြင်းကြောင့် ကာမဘုံ၌ ဖြစ်၏ ဟူ၏ (နှစ်သက်ရာကို မှတ် ကြလေ။)

ဖြဟ္မာတို့အား တဒါရုံ မဖြစ်ခြင်း အကြောင်းကို ဆိုလတ္တံ့သော ဋီကာကျော် (၁၅၄)လာ ဂါထာဖြင့် သိကြပါလေ။

ဇနကံ တံ သမာနံဝါ၊ ဇဝနံ အနုဗန္ဓတိ။
န တု အညံ့ တဒါလမ္ဗံ၊ ဗာလဒါရကလီလယာ။ ။
ဗီဇံသာ ဘာဝတော နတ္ထိ၊ ဖြဟ္မာနမ္ပိ ကာမသဿဟိ။
ပဋိသန္ဓိမနော ဗီဇံ၊ ကာမာဝစရသညိတံ။ ။

http://www.dhammadownload.com



ဗာလဒါရကလီလယာ၊ မလိမ္မာသောသူငယ်၏ မွေ့လျော်စံပယ် သွားလာသောနည်းဖြင့်။ ဇနကံ၊ မိမိကိုဖြစ်စေတတ်သော။ ဇာဝနံ့ဝါ၊ ကာမာဝစရ ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် လည်းကောင်း။ တံသမာနံ၊ ထိုကုသိုလ် အကုသိုလ်ဇောနှင့်တူသော။ ဇဝနံ၊ ကာမာဝစရ ကြိယာဇောသို့လည်းကောင်း။ တဒါရမ္မဏံ၊ တဒါရုံသည်။ အနုဗန္ဓတိ၊ အစဉ်လိုက်၏။ အညံတု- အညံပန၊ တစ်ပါးသော မဟဂ္ဂုတ် လောကုတ္တရာဇောသို့။ န အနုဗန္ဓတိ၊ အစဉ်မလိုက်။

ဗီဇံ၊ ကာမာဝစရ ပဋိသန္ဓေစိတ်တည်းဟူသော အကြောင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ဗြဟ္မာနမ္ပိ၊ ဗြဟ္မာတို့အားလည်း။ တဒါရမ္မဏံ၊ တဒါရုံသည်။ နတ္ထိ၊ မရှိ။ ဟိ၊ သင့်စွ။ ဧတဿ၊ ဤ တဒါရုံအား။ ကာမာဝစရသညိတံ၊ ကာမာဝစရဟူ ဆိုအပ်သော။ ပဋိသန္ဓိမနောဗီဇံ၊ ပဋိသန္ဓေစိတ်တည်းဟူသော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဝိဘာင်း ၄-၁၄၆ ၌လည်း....

ယထာစေတံ တဒါရမ္မဏံ ကောန္တေန ရူပါရူပဘဝေ နပ္ပဝတ္တတိ၊ တထာသဗ္ဗေပိ အကာမာဝစရ ဓမ္မေ နာနုဗန္ဓတိ။ ကသ္မာ အဇနကတ္တာစေဝ ဇနကဿစ အသဒိသတ္တာ။

ဟု မိန့်ဆိုသေး၏။

အဓိပ္ပာယ်ကား....

ထို တဒါရုံသည် ရူပ အရူပဘုံ၌ စင်စစ်အားဖြင့် မဖြစ်သလို ကာမာဝစရ တရားမဟုတ်သော မဟဂ္ဂုတ် လောကုတ္တရာသို့လည်း အစဉ်မလိုက်ပေ။ အကြောင်းကား မိမိကို ဖြစ်စေတတ်သောတရား မဟုတ်သောကြောင့် လည်းကောင်း၊ မိမိကိုဖြစ်စေတတ်သော်လည်း ဆိုအပ်ပြီးသော ကုသိုလ် အကုသိုလ်ဇောနှင့်တူသော ကာမာဝစရ ကြိယာဇောအဖြစ် မရှိခြင်းကြောင့်ဟူလို။

အမှာ။ ။ဤအဆိုအရ သင်္ဂဟာ ဝိဘာဝိနီလာ....

တထာ ကာမာဝစရဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တိ ဟူသော ဝါကျ၌ ဓမ္မေသွေဝဝယ် ဧဝသဒ္ဒါကို ဇဝနာဝသာနေ ယေဝ သတ္တာနမေဝ ဓမ္မေသွေဝ ဤပါဠိ

http://www.dhammadownload.com



သုံးခုကိုယှဉ်၍ ပေး၊ ဇောနှောင် တဒါရုံကျခြင်း အကြောင်း သုံးပါးကို အရှင်အနုရုဒ္ဓါ ပြသည်ဟုမှတ်။

ပရမတ္ထဝိနိစ္ဆယကျမ်း၌....

နာတိတိကွေ နာတိသီဃေ၊ နာတိတေဇုသဒေဇဝေ။

သမမန္ဒပဝတ္တမှိ၊ တဒါရမ္မဏာ မိစ္ဆိတံ။

ဟူ၍ ၆ ဒွါရ၌ အာရုံထင်လတ်သော် မထက်လွန်း မလျင်လွန်း တန်ခိုးမကြီးလွန်းသော ဇောနှောင်မှသာလျှင် တဒါရုံကျ၏ဟု ဆိုသေး၏။

ထို့ကြောင့် ပညတ်ကို အာရုံပြုသော ဇောနှောင်၊ ဝုဋ္ဌာန ဂါမိနီဖလ မိပဿနာဇောနှောင်၊ ရူပါဝစရ - အရူပါဝစရ လော ကုတ္တရာကို အာရုံပြုသော ဇောနှောင် နည်းသော ကာမအာရုံတို့၌ တဒါရုံမကျဟု မှတ်ကြပါကုန်။

ထိုမှတစ်ပါး ဝိဘာင်း ၌ ၁၄၆ ၌ တဒါရုံမဖြစ်သော စိတ် ၁၁ ပါးရှိသည်ကို ဖွင့်ပြသေး၏။ အလိုရှိက ဇင်း အဋ္ဌကထာ၌ ရှုကြပါ ကုန်။

ဤ၌ ထင်၏ဟူသည် ပဉ္စဒွါရ၌ကဲ့သို့ အာရုံ ရှေးရှုကြသော အဖြစ်ကို မဆိုလို။ မနောဒွါရာဝဇ္ဇန်း အာရုံပြုထိုက်သော အဖြစ်ကို ဆိုလိုသည်။

ဋီကာဒွါရ–

အာပါထံ အာဂစ္ဆန္တိ မနသာ ပဉ္စဝိညာဏေဟိ စ ဂဟေတဗ္ဗ ဘာဝူပဂမနေန။

မနသာစ၊ မနောဝိညာဏ်သည်လည်းကောင်း။ ပဉ္စဝိညာဏေဟိ စ၊ ပဉ္စဝိညာဏ်တို့သည် လည်းကောင်း။ ဂဟေတဗ္ဗ ဘာဝူပဂမနေန၊ ယူအပ်သောအဖြစ်သို့ ရောက်ခြင်းဖြင့်။ အာပါထံ၊ ထင်မြင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

ကာမဇော မနောဒွါရဝီထိ၌ မူပပုဂ္ဂိုလ်ဖြစ်မူ တဒါရုံမကျ၊ ကာမပုဂ္ဂိုလ်ဖြစ်မူ တဒါရုံကျ၊ မကျ နှစ်မျိုးရှိ၏။

ထိုတွင် နိယာမ မိစ္ဆာဒိဋ္ဌိ အယူရှိသော ကာမပုဂ္ဂိုလ်အား ဘုရား စသော အတိဣဋ္ဌာရုံ၌ ပြစ်မှားသည်ဖြစ်၍ ဒေါမနဿဇော

http://www.dhammadownload.com



စေသောကြောင့် သောမနဿ တဒါရုံလည်း မဖြစ်၊ ဥပေက္ခာတဒါရုံလည်း မဖြစ်ပေ။

ဝိဘင်း ဌ-၁၄၇

မိစ္ဆတ္တနိယတေသု တဒါရမ္မဏံ န လဗ္ဘတိ။

ဋီကာကျော်-၁၅၂

သောမနဿ ပဋိသန္ဓိကဿ တိတ္ထိယာဒီနော ဗုဒ္ဓါဒိ အတိဣဋ္ဌာရမ္မဏေပိ ပဋိဃတစိတ္တဿ ဒေါမနဿဇဝနေ ဇဝိတေ ဝုတ္တ နယေန သောမနဿ တဒါရမ္မဏာဿ - အတိဣဋ္ဌာရမ္မဏေစ ဥပေက္ခာသဟဂတ တဒါရမ္မဏဿ အနုပ္ပဇ္ဇနတော။

သောမနဿ ပဋိသန္ဓိကဿ၊ သောမနဿ ပဋိသန္ဓေနေခြင်းရှိသော။ ဗုဒ္ဓါဒိ အတိဣဋ္ဌာရမ္မဏေပိ၊ ဘုရား အစရှိသော အလွန်ကောင်းသော အာရုံ၌လည်း။ ပဋိဃတစိတ္တဿ၊ ဖြစ်မှားသောစိတ်ရှိထသော။ တိတ္ထိယာဒီနော၊ တိတ္ထိအစရှိသော ပုဂ္ဂိုလ်အား။ ဒေါမနဿဇဝနေ၊ ဒေါမနဿဇောသည်။ ဇဝိတေ၊ ဇောသည်ရှိသော်။ ဝုတ္တနယေန၊ ဖြင့်။ သောမနဿတဒါရမ္မဏဿ စ၊ ၏ လည်းကောင်း။ အတိဣဋ္ဌရမ္မဏေ၊ ၌။ ဥပေက္ခာသဟဂတ တဒါရမ္မဏဿ စ၊ ၏ လည်းကောင်း။ အနုပ္ပဇ္ဇနတော၊ ကြောင့်။ တဒါရမ္မဏဿ၊ ၏။ ဥပ္ပတ္တိ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

အဝိဘူတာရုံ ၂-ဝီထိ

ဤ အဝိဘူတာရုံ ၂ ဝီထိ၌ တဒါရုံမကျတော့။သတ္တရသာယုက ပြည့်ကောင်းသည်ဖြစ်၍ အတီတဘွင် ၆ ချက်လွန် ဇောနောင် ပထမဘွင်၏ ဘင်နှင့်ပြိုင်၍ချုပ်သော တစ်ဝီထိ။

အတီတဘွင် ၇ ချက်လွန် သတ္တမဇော၏ ဘင်နှင့်ပြိုင်၍ ချုပ်သော တစ်ဝီထိ။

သတ္တရသာယုက မပြည့်ကောင်းသော ဝိဘူတာရုံ တစ်ဝီထိ၊ အဝိဘူတာရုံ တစ်ဝီထိ အားဖြင့် ၂ ပါး။

ဤဝီထိတို့၌လည်း ရူပ-အရူပဖြစ်မှု တဒါရုံမကျ၊ ကာမပုဂ္ဂိုလ်ဖြစ်မှု တဒါရုံ ကျ-မကျ ၂ မျိုး ရှိ၏။

http://www.dhammadownload.com



ထိုတွင် တဒါရုံကျသော ဝီထိကား-

ဘွင် န ဒ မ ဇော ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင်။

ဒုတိယတဒါရုံ၏ ဘင်နှင့် ပြိုင်၍ချုပ်၏။

တဒါရုံမကျသော ဝီထိကား သတ္တမဇော၏ ဘင်နှင့် ပြိုင်၍ ချုပ်၏။

ထိုမှတစ်ပါး....

အိပ်မက်မြင်မက်ရာ၌ ဇော တဒါရုံမကျသော မနောဒွါရ အဝိဘူတာရုံ ဝီထိလည်း ရှိသေး၏။

၎င်း ဝီထိဖြစ်ဟန်ကား....

ဘွင် န ဒ မ မ မ ဘွင် ဘွင် ဘွင် တည်း။

ထို့ကြောင့် ဝိဘင်း ဋ္ဌ-၃၉၁ ၌

သုပိနေနေ၀ ဒိဋ္ဌဝိယ မေ သုတံဝိယ မေ တိ ကထနကာလေပိ အဗျာကတော ယေ၀ ဟူ၍လည်းကောင်း။

၎င်းမူလဋီ၊ ၂၀၁ ၌လည်း....

အဗျာကတော ယေ၀ အာဝဇ္ဇန မတ္တသော၀ ဥပ္ပဇ္ဇနတောတိ ဝဒန္တိ။ ဇ၀ံ သတ္တေဟိ မနောဒွါရေပိ အာဝဇ္ဇနံ ဒွိက္ခတ္တုံ ဥပ္ပဇ္ဇိတွာ ဇ၀နဋ္ဌာနေ ဌတွာ ဘ၀ဂ်ံ ဩတရတီတိ အဓိပ္ပေတန္တိ ဒဋ္ဌဗ္ဗံ။ ဟူ၍လည်းကောင်း။

၎င်း အနုဋီ ၂၀၃ ၌လည်း....

မနောဒွါရေ ပိတိ န ပဉ္စဒွါရေယေ၀ ဒုတိယော မောဃဝါရေ အထခေါ မနောဒွါရေပိ။ အာဝဇ္ဇနံ၊ ဒွိက္ခတ္တုံ။ လ။ ဒဋ္ဌဗ္ဗံ ကေစိတ္တက္ခတ္တုကာယ အာဝဇ္ဇနသ ဥပ္ပတ္တိယံ တထာ အသမ္ဘ၀-တော ဟူ၍လည်းကောင်း မိန့်အပ်ပြီ။

ဝိဘင်းဋ္ဌ-နက်။

သုပိနေနေ၀၊ အိပ်မက်ဖြင့်သာလျှင်။ မေ၊ ငါသည်။ ဒိဋ္ဌံဝိယ၊ မြင်အပ်သကဲ့သို့။ မေ၊ ငါသည်။ သုတံဝိယ၊ ကြားအပ်သကဲ့သို့။ ဣတိ၊ ဤသို့။ ကထနကာလေပိ၊ ဆိုအပ်သောအခါ၌လည်း။ အဗျာ-ကတောယေ၀၊ အဗျာကတဖြစ်သော အာဝဇ္ဇန်း သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com



ရှင်းမူလဋီကာအနက်။

အာဝဇ္ဇနမတ္တသေဝ၊ အာဝဇ္ဇန်းမျှ၏သာလျှင်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ အဗျာကတောဟေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တေဟိ၊ ဆိုကုန်သော အဋ္ဌကထာ ဆရာတို့သည်။ မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ အာဝဇ္ဇနံ၊ သည်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဇဝနဋ္ဌာနေဝ၊ ဇော၏အရာ၌။ ဌတွာ၊ တည်၍။ ဘဝင်္ဂ ၊သို့။ ဩတရတိ၊ သက်၏။ ဣတိ၊သို့။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဣတိ၊သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရှင်းအနုဋီကာအနက်-

မနောဒွါရေပီတိ၊ ဟူသည်ကား။ ပဉ္စဒွါရေယေဝ၊ ၌သာလျှင်။ ဒုတိယေ၊ နှစ်ခုမြောက်သော။ မောဃဝါရေ၊ ၌။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်ဖြစ်သည်။ န၊ မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ မနောဒွါရေပိ၊ ၌လည်း။ အာဝဇ္ဇနံ၊သည်။ ဒွိက္ခတ္တုံ၊ကြိမ်။ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ ဇဝနဋ္ဌာနေ၊ ၌။ ဌတွာ၊ ၍။ ဘဝင်္ဂ ၊ သို့။ ဩတရတိ၊ ၏။ ဣတိ၊ သို့။ အဓိပ္ပေတံ၊ အပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

ကသ္မာ၊ ကြောင့်နည်းဟူမူကား။ ဧကစိတ္တက္ခဏိကဿ၊တစ်ချက်သော စိတ္တက္ခဏရှိသော။ အာဝဇ္ဇနဿ၊ ၏။ ဥပ္ပတ္တိယံ၊ ဖြစ်ခြင်း၌။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

အပ္ပနာဇောဝါရ မနောဒွါရဝီထိသည်-

ဈာနဝီထိ မဂ္ဂဝီထိ သမာပတ္တိဝီထိဟူ ၃ ပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင်....

ဈာနဝီထိသည်လည်း အာဒိကမ္မိက ဈာနဝီထိ၊ သမာပတ္တိ သမာပဇ္ဇန ဈာနဝီထိ၊ပစ္စဝေက္ခဏာဝီထိဟူ၍ ၃ပါးအပြားရှိ၏။

ထို ၃ ပါးတို့တွင်....

အာဒိကမ္မိက ဈာနဝီထိသည်လည်း ပထမဈာနဝီထိ၊ ဒုတိယ ဈာနဝီထိ၊ တတိယဈာနဝီထိ၊ စတုတ္ထဈာနဝီထိ၊ ပဉ္စမဈာန ဝီထိ၊ အာကာသနဉ္စာယတန ဈာနဝီထိ၊ ဝိညာဏဉ္စာယတန

http://www.dhammadownload.com



ဈာနဝီထိ၊ အာကိဉ္စညာယတန ဈာနဝီထိ၊ နေဝသညာနာ-
သညာယတန ဈာနဝီထိ အားဖြင့် ၉ ပါး အပြားရှိ၏။
သမာပတ္တိဝီထိလည်း ထိုအတူပင် ၉ ပါးအပြားရှိ၏။
ထို ၉ ပါးတို့တွင်....

ပထမဈာန် အာဒိကမ္မိက ဝီထိဖြစ်ဟန်ကား ကသိုဏ်းပညတ် (၁၀)ပါး၊ အသုဘပညတ် (၁၀) ပါး။ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကာယကောဋ္ဌာသပညတ်၊အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ သုံးပါးတို့၏ အာရုံဖြစ်သော အတိုင်းမသိသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ဤ ၂၅ ပါးသော ပညတ်မှာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၍....

ဘွင် ဘွင် ဘွင် န ဒ မ မ ဉ နံ ဝေါ ဈာန် ဘွင် ဘွင်။
အပ္ပနာဇောဝါကျ၌....

အပ္ပနာဇဝနဝါရေ ပန ဝိဘူတာ ဝိဘူတ ဘေဒေါ နတ္ထိ၊ ကထာ တဒါရမ္မဏုပ္ပါဒေါစ ဟု ဝိဘူတ အဝိဘူတ မရှိဟု အဘယ် ကြောင့် ဆိုသနည်းဟူမူ....

ကာမဇောဝါရ၌ ဝိဘူတ အဝိဘူတ အပြားရှိသကဲ့သို့ အပ္ပနာ ဇောဝါရ၌ ဝိဘူတ အဝိဘူတ ၂ ပါး အပြားမရှိ။ ဝိဘူတ တစ်ပါး သာရှိ၏ ဟူလို။

ထို့ကြောင့် ဋီကာကျော် ၁၄၇ ၌....

ဝိဘူတာ ဝိဘူတဘေဒေါ နတ္ထိ အာရမ္မဏေသု ဝိဘူတကာလေ ယေဝ အပ္ပနာ သမ္ဘဝတော။
ဟု ဖွင့်ဆိုတော်မူသည်။

မဏိမဥ္ဇူ ။ပ။ ၄၇၂ ၌လည်း....

အပ္ပနာသမ္ဘဝတော့တိ မဟဂ္ဂတလောကုတ္တရပ္ပနာ နိဗ္ဗတ္တိ တော၊ တေနာ အပ္ပနာဇဝနဿ ကောဝိဘူတာရမ္မဏတ္တာ၊ တဒါရမ္မဏဿ ဝိဘူတာ ဝိဘူတဝသေန ဘေဒေ နတ္ထီတိ ဒဿေတိ။

ဆိုလိုရင်းကား အပ္ပနာဇော၏ စင်စစ်ထင်ရှားသော အာရုံ ဖြစ်သောကြောင့် အဝိဘူတ မဖြစ်ဟူလို။

http://www.dhammadownload.com



ဤဈာနစိတ်၌ ကာမဇောသည် (၇)ကြိမ် မဇောမူ၍ သုံးကြိမ်၊ လေးကြိမ်သာဇော၍ အပ္ပနာဈာန်သည် လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်သာ ဇောရသနည်းဟူမူ မရအပ်သော အာသေဝနပစ္စည်းရှိသော အနုလုံသည် ဂေါတြဘူကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ ရအပ်သော အသေဝနပစ္စည်းရှိသော်လည်း ၆ ကြိမ်မြောက်၊ ၇ ကြိမ်မြောက်ဖြစ်သော ဇောသည် ဘဝင်၏နီးသည်၏အဖြစ်ကြောင့် ကမ်းပါးပြတ်၏အနီး၌ တည်သော ယောကျာ်းကဲ့သို့ အပ္ပနာ၏အစွမ်းဖြင့် တည်ခြင်းငှာ မစွမ်းနိုင်သောကြောင့် လေးကြိမ်မြောက် ငါးကြိမ်မြောက် ဇောရလေသည်။

ထို့ကြောင့် ဋီကာကျော် ၁၄၈ ၌...

ယသ္မာ ပန အလဒ္ဓါသေဝနံ အနုလောမံ ဂေါတြဘုံ ဥပ္ပါဒေတုံ န သက္ကောတိ လဒ္ဓါသေဝနမ္ပိစ ဆဋ္ဌံ သတ္တမံ ဘဝင်္ဂဿ အာသန္နဘာဝေန ပပါတာသန္နေ ပုရိသောဝိယ အပ္ပနာဝသေန ပတိဋ္ဌာတုံ န သက္ကောတိ၊ တသ္မာ စတုတ္ထတော ဩရံ ပဉ္စမတော ပရံ ဝါ အပ္ပနာ န ဟောတီတိ ဒဋ္ဌဗ္ဗံ။

အလဒ္ဓါသေဝနံ၊ မရအပ်သော အာသေဝနပစ္စည်းရှိသော။ အနုလောမံ၊ သည်။ ဂေါတြဘုံ၊ ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ။ ယသ္မာ၊ ကြောင့်။ နသက္ကောတိ၊ နိုင်။ လဒ္ဓါသေဝနမ္ပိစ၊ ရအပ်သော အာသေဝနပစ္စည်းရှိသော်သည်း။ ဆဋ္ဌံ၊ ၆ ကြိမ်မြောက်လည်းဖြစ်ထသော။ သတ္တမံ၊ ထသော။ ဇဝနံ၊ သည်။ ဘဝင်္ဂဿ၊ ၏။ အာသန္နဘာဝေန၊ နီးသည်၏ အဖြစ်ကြောင့်။ ပပါတာသန္နေပုရိသောဝိယ၊ ကမ်းပါးပြတ်၏အနီး၌ တည်သောယောကျာ်းကဲ့သို့။ အပ္ပနာဝသေန၊ ဖြင့်။ ပတိဋ္ဌာတုံ၊ ငှာ။ န သက္ကောတိ၊ နိုင်။ တသ္မာ၊ ကြောင့်။ စတုတ္ထတော၊ လေးခုမြောက်အောက်။ ဩရံ၊ အယုတ်။ ပဉ္စမတော၊ ငါးခုမြောက်အက်။ ပရံ ဝါ၊ အလွန်လည်း။ နဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ဤ ပဉ္စမတော ပရံ ဝါ အပ္ပနာ န ဟောတီတိ ဒဋ္ဌဗ္ဗံ ဟူသော စကားကို သင်္ခေပဋီကာဆရာက သင်္ဂဟပါဠိ ပုဒ်နံပါတ် ၂၀ အဖွင့်၌...

http://www.dhammadownload.com



ပေါရာဏသီဟဠဋ္ဌကထာယံ ပန ပဌမတော ပရံ ဝါ ဟောတီတိ ဝုတ္တံ၊ တံ ဆဋ္ဌမဂ္ဂစိတ္တာနန္တရံ အဋ္ဌ ကထာဝစနေန ဝိရုဇ္ဈတိ ဟူ၍လည်း ကောင်း။

အဖေဂ္ဂုသာရဒီပနီ ၅၆ ၌လည်း....

ပဌမတောတိ ဧတ္ထ စ ဆဋ္ဌတောတိ ဓေဝ နု ဘဝိတဗ္ဗံ ဟူ၍ လည်းကောင်း ဆိုကြသေး၏။

ဂုဏ်း ဋီကာဆရာတို့သည် အဋ္ဌသာလိနီ အဋ္ဌ ၂၇၅ ၌လည်း လာသော....

မန္ဒပညဿ စတ္တာရိ အနုလောမာနိ ဟောန္တိ၊ ပဉ္စမံ ဂေါတြဘု၊ ဆဋ္ဌံ မဂ္ဂစိတ္တံ၊ သတ္တမံ ဖလံ၊ တတော ဘဝင်္ဂေါ တရဏံ၊ တတ္ထ မဟာပညာ မန္ဒပညာနံ ဝသေန အကထေတွာ မဇ္ဈိမပညဿ ဝသေန ကထေ တဗ္ဗံ။

အနက်လွယ်၏။ မရေးပြီ။

ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ ၁၃၄။

အာဘိဓမ္မိက ဂေါဒတ္တတ္ထေရော ပန ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယောတိ၊ ဣမံ သုတ္တံ ဝတွာ အာသေဝန-ပစ္စယေန ပစ္ဆိမော ပစ္ဆိမော ဓမ္မော ဗလဝါ ဟောတိ၊ တသ္မာ ဆဋ္ဌေပိ သတ္တမေပိ အပ္ပနာ ဟောတီတိ။ အာဟ တံ အဋ္ဌကထာသု ဣတ္တနော မတိ မတ္တံ ထေရဿတာန္တိ ဝတွာ ပဋိက္ခိတ္တံ။

စတုတ္ထ ပဉ္စမေသုယေဝ ပန အပ္ပနာ ဟောတိ။ ပရတော ဇဝနံ ပတိတံ နာမ ဟောတိ၊ ဘဝင်္ဂဿ အာသန္နတ္တာတိ ဝုတ္တံ။ တဒေဝ ဝိစာရေတွာ ဝုတ္တတ္တာ န သက္ကာ ပဋိက္ခိပိတုံ။ ယထာ ဟိ ပုရိသော ဆိန္နပပါတာဘိမုခေါ ဓာဝန္တော ဌာတု-ကာမောပိ ပရိယန္တေ ပါဒံ ကတွာ ဌာတုံ န သက္ကောတိ ပပါတေ ဧဝ ပတတိ။ ဧဝံ ဆဋ္ဌေ ဝါ သတ္တမေ ဝါ အပ္ပေတုံ န သက္ကောတိ၊ ဘဝင်္ဂဿ အာသန္နတ္တာ။ တသ္မာ စတုတ္ထ ပဉ္စမေသုယေဝ အပ္ပနာ ဟောတီတိ ဝေဒိတဗ္ဗာ။

http://www.dhammadownload.com



အာဒါဓမ္မိက ဂေါဇတ္တာဟ္တေရာမန်၊ သည်ကား။ ပုရိမာ ပုရိမာ ကုသလာဓမ္မာ။ လ။ ပစ္စယေန ပစ္စယောတိ၊ ဟူသော။ ဣမံ သုတ္တံ၊ ဤပဋ္ဌာန်းတရားတော်ကို။ ဝတွာ၊ ဆို၍။ အာသေဝနပစ္စယေန၊ ဖြင့်။ ပစ္ဆိမော ပစ္ဆိမော၊ ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဗလဝါ၊ အား ရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဆဋ္ဌေပိ၊ ခြောက်ခု့ လည်းကောင်း။ သတ္တမေပိ၊ ခုလည်းကောင်း။ အပ္ပနာ၊ ဇောသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အာဟ၊ ၏။

တံ၊ စကားကို။ အဋ္ဌကထာသူ၊ ရှေးရှေး အဋ္ဌကထာတို့၌။ အတ္တနောမတိ မတ္တံထေရဿတန္တိ၊ ဟူ၍။ ဝတွာ၊ ဆို၍။ ပဋိက္ခိတ္တံ၊ ပယ်အပ်ပြီး။ ပန၊ စင်စစ်သော်ကား။ စတုတ္ထပဥ္စမေသုယေဝ၊ လေး ကြိမ်မြောက်၊ ငါးကြိမ်မြောက် တို့၌သာလျှင်။ အပ္ပနာ၊ သည်။ ဟောတိ၊ ဖြစ်၏။

ပရတော၊ လေးကြိမ်မြောက်, ငါးကြိမ်မြောက်တို့မှ နောက်၌။ ဇဝနံ၊ ဇောသည်။ ပတိတံနာမ၊ ကျသည်မည်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကြောင့်နည်းဟူမူကား။ ဘဝင်္ဂဿ၊ ၏။ အာသန္နတ္တာ၊ နီး သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

တမေဝ၊ ထိုရှေးရှေး အဋ္ဌကထာဆရာတို့၏ စကားကိုသာ လျှင်။ ဝိစာရေတွာ၊ စိစစ်၍။ ဝုတ္တတ္တာ၊ ဆိုအပ်သော စကားဖြစ်ခြင်း ကြောင့်။ ပဋိက္ခိတ္တံ၊ ပယ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ဟိ၊ ဥပမာဖြင့်ပြဦးအံ့။ ဆိန္နပပါတာဘိမုခေါ၊ ကမ်းပါးပြတ်သို့ရှေးရှု ဓာဝန္တော၊ ပြေးသွားသော။ ပုရိသော၊ သည်။ ဌာတုကာမောပိ၊ ရပ်လိုပါသော်လည်း။ ပရိယန္တေ၊ အစွန်း၌။ ပါဒံ၊ ခြေကို။ ကတွာ၊ ထားသည်ကိုပြု၍။ ဌာတုံ၊ တန့်ရပ်ခြင်းငှာ။ နသက္ကောတိယထာ၊ မတတ်နိုင်သကဲ့သို့။ ပပါတေ ဧဝ၊ ကမ်းပါးပြတ်၌သာ။ ပတတိယထာ၊ ကျလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဆဋ္ဌေဝါ၊ ခြောက်ခု့လည်းကောင်း။ သတ္တ-မေဝါ၊ ခုလည်းကောင်း။ အပ္ပေတုံ၊ အပ္ပနာဇော ဖြစ်ခြင်းငှာ။ နသက္ကောတိ၊ နိုင်။ ကသ္မာ၊ ကား။ ဘဝင်္ဂဿ၊ ၏။ အာသန္နတ္တာ၊ ကြောင့်တည်း။ တသ္မာ၊ ကြောင့်။ စတုတ္ထ ပဥ္စမေသုယေဝ၊ တို့၌သာ လျှင်။ အပ္ပနာ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။

http://www.dhammadownload.com



ထိုမှတစ်ပါး....ဝိသုဒ္ဓိမဂ်၊ ဋ္ဌ ဒု ၃၁၅ ၌ပင်လျှင်....

ကေစိပန ယဿ ဝတ္တာရိ အနုလောမာနိ၊ တဿ ပဉ္စမံ ဂေါတြဘု ဆဋ္ဌံ မဂ္ဂစိတ္တံ ကော်၊ ဖလစိတ္တာနိ ဝဒန္တိ၊ တမ္ပန ယသ္မာ စတုတ္ထံ ပဉ္စမံ ဝါ အပ္ပေတိ န တတော ပရံ အာသန္နဘဝင်္ဂတ္တာတိ ပဋိက္ခိတ္တံ။ တသ္မာ န သာရတော ပစ္စေတဗ္ဗံ။

ဟူ၍ မိန့်ဆိုသေး၏။

ကေစိပန၊ သည်ကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စတ္တာရိ၊ ကုန်သော။ အနုလောမာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တဿ၊ အား။ ပဉ္စမံ၊ ငါးကြိမ်မြောက်။ ဂေါတြဘု၊ သည်။ ဆဋ္ဌံ၊ ခြောက်ကြိမ်မြောက်။ မဂ္ဂစိတ္တံ၊ သည်။ ကော်၊ တစ်ကြိမ်သော။ ဖလစိတ္တံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။ တံပန၊ ထိုကေစိဆရာတို့ စကားကိုကား။ ယသ္မာ၊ အကြင်ကြောင့်။ စတုတ္ထံပဉ္စမံ-အပေတိ နကတော ပရံ အာသန္န ဘဝင်္ဂတ္တာတိ၊ ဟူ၍။ ပဋိက္ခိတ္တံ၊ ပယ်အပ်ခဲ့လေပြီ။ တသ္မာ၊ ကြောင့်။ တံ၊ ထိုဆဋ္ဌံ မဂ္ဂစိတ္တံ ကော်ဖလစိတ္တံ ဟူသော ကေစိဆရာစကားကို။ သာရတော၊ အနှစ်အားဖြင့်။ န ပစ္စေတဗ္ဗံ၊ မယုံကြည်အပ်။

မှတ်ချက်။ ဤအဋ္ဌကထာ၏ စကားအရ ဆိုလျှင် အာဘိဓမ္မိက ဂေါဒတ္တ မထေရ်စကားသည် ကေစိဝါဒ၌ ဝင်လေတော့သည်။

သင်္ဂဟာကျမ်း၌-

တတော ပရံ ဘဝင်္ဂပါတော ဝ ဟူ၍သာမဆိုမူ၍ အပ္ပနာဝသာနေ ဘဝင်္ဂပါတော ဝ ဟုဆိုရခြင်း။တတောပရံ ဘဝင်္ဂပါတော ဝ မျှသာဆိုက လေးကြိမ်ငါးကြိမ် သက်ရောက်သော အပ္ပနာမှ နောက်၌ ဘဝင်ကျတော့သည်သာလျှင်ဖြစ်။ မဂ်၏အခြားမဲ့၌ ဖိုလ်စိတ်မဖြစ်တော့ ဟူ၍လည်းကောင်း၊ ဈာနသမာပတ္တိဝီထိ ဖလသမာပတ္တိ ဝီထိတို့၌ ဈာန်စိတ် ဖိုလ်စိတ်တို့သည် အကြိမ်ကြိမ် မဖြစ်ကြဟူ၍လည်းကောင်း ယုံမှားဖွယ်ရှိသောကြောင့် အပ္ပနာဝသာနေ ဟူသောပါဌ်၌ အရှင်အနုရုဒ္ဓါဆိုပါ၏ဟူလို။

http://www.dhammadownload.com



ဋီကာကျော် ၁၄၈။

တတော ပရံ ဘဝင်္ဂပါတော ဟောတိတိ တွေကော ယောဝ ပုဗ္ဗော စတုတ္ထံ ပဥ္စမံဝါ ဩတိဏ္ဏာ အပ္ပနာတော ပရံ ဘဝင်္ဂ ပါတောဝ ဟောတိ၊ န မဂ္ဂါနန္တရံ ဖလစိတ္တံ သမာပတ္တိ ဝီထိယဥ္စ ဈာနဖလစိတ္တာနိ ပုနပ္ပုနန္တိ ဂဟေတဗ္ဗန္တိ ပုန အပ္ပ-နာဝသာနေတိ ဝုတ္တံ။

ပရိကံ မည်ပုံ။

ဋီကာ ၁၄၈ ၌ အကျယ်ရှု။

အပ္ပနံ ကရောတိ ပဋိသင်္ခရောတိတိ ပရိကမ္မံ-မြူ။

အနက်- ဋီကာ၌ အပ္ပနာယ ပရိကမ္မတ္တာ ပဋိသင်္ခါရဏဘူတတ္တာ ပရိကမ္မံ ဟု ဖွင့်ပြ၏။ အပ္ပနာယ ပရိကမ္မတ္တာ ကား ဝိဂြိုဟ် ပြတည်း။ ပဋိသင်္ခါရဏဘူတတ္တာ ကား ဝေတ်နက်ပြတည်း။ အပ္ပနာကို ပြုပြင်စီရင်တတ်သောကြောင့် ကာမာဝစရ ဉာဏသမ္ပယုတ် ကုသိုလ်ကြိယာဇောသည် ပရိကံမည်၏ ဟူလို။

ဥပမာမည်ပုံ...

အပ္ပနာမာ သမီပေ ဥပစရတီတိ ဥပစာရံ၊ ဒုတိယံ သမီပ စာရိကတ္တာ ဥပစာရံ။

အပ္ပနာ၏ မနီးလွန်း မဝေးလွန်း၌ ဖြစ်ခြင်းရှိသော စိတ်သည် ဥပစာရ။

အနုလုံဋီ...

တတိယံ ပုဗ္ဗဘာဂေ ပရိကမ္မာနံ ဥပရိ အပ္ပနာယစ အနုကူလတ္တာ အနုလောမံ။

ရှေ့အဖို့၌ ပရိကမ်တို့အား နောက်အဖို့၌ အပ္ပနာအား လျော်သောကြောင့် အနုလုံ မည်၏။

http://www.dhammadownload.com



ဂေါတြဘူ ဋီ....

> စတုတ္ထံ ပရိတ္တံ ဂေါတ္တာယ ပုထုဇ္ဇန ဂေါတ္တဿစ အဘိဘဝနတော မဟဂ္ဂတ ဂေါတ္တာဿ လောကုတ္တရ ဂေါတ္တာဿစ ဘာဝနတော ဝဍနတော ဂေါတြဘူ။

ကာမအနွယ်၊ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်သော ကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်၊ လောကုတ္တရာအနွယ်ကို ပွား စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဂေါတြဘူ မည်၏။

ဤသို့ ဈာန်ဂေါတြဘူ၊ မဂ်ဂေါတြဘူ ၂-ပါးတို့၏ အထူးကို လည်း သိကြပါလေ။ မန်လည်ဆရာတော်ဘုရားကြီးကား ဈာန် ဂေါ-တြဘူသည် ကသိုဏ်းပညတ်ကို အာရုံပြု၏။ မဂ် ဂေါတြဘူသည် နိဗ္ဗာန်ကိုအာရုံပြု၏ဟု အာရုံအားဖြင့် ထူးသည်ကို မိန့်ဆိုသေး၏။

ဤဈာနအာဒိကမ္မိကဝီထိ၌ ကာမာဝစရဇော သုံးကြိမ် လေးကြိမ် ကျသည်၏အဖြစ်ကို ဆိုလတ္တံ့သော ဋီကာပါဠိအတိုင်း သိကြပါကုန်။ သင်္ဂဟ၌ကား ယထာရဟံ ဥပ္ပဇ္ဇန္တိ ဟူ၏။

ဋီကာကျော်-၁၄၇

> ယထာရဟန္တိ ခိပ္ပါဘိညာ ဒန္ဓာဘိညာ နုရူပံ။ ခိပ္ပါဘိညာ-ဿ ဟိ တိကျွတ္တုံ ပဝတ္တကာမာဝစရ ဇဝနာနန္တရံ စတုတ္ထံ အပ္ပနာစိတ္တမုပ္ပဇ္ဇတိ။ ဒန္ဓာဘိညဿ စတုက္ခတ္တုံ ပဝတ္တာနန္တရံ အပ္ပနာ ဥပ္ပဇ္ဇတိ။

ဈာနသမာပတ္တိဝီထိ၌ ဘွင် ဘွင် ဘွင် နု ဒ မ ပ ဥ နု ဂေါ ဈာန် အကြိမ်များစွာကျသည်သာ ထူး၏။

ဈာနပစ္စဝေက္ခဏဝီထိ ဟူသည် ပထမဈာန်စသော ဈာန်အား ဖျော်စွာ ယင်းဈာန်တို့၏ ဝိတက်စသော ဈာန်အင်္ဂါတို့ကို တစ်ပါးစီ၊ တစ်ပါးစီ ဆင်ခြင်သော စိတ်အစဉ်တည်း။

ပထမ ဈာန်ကိုသာ တိဟိတ် ကာမ ပုဂ္ဂိုလ် ရူပ ပုဂ္ဂိုလ်သည် အာဝဇ္ဇနဝသီ သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသီ ဝုဋ္ဌာနဝသီ ပစ္စဝေက္ခဏဝသီ အားဖြင့် ပထမဈာန်၌ရှိသော ဝိတက်ကို ဆင်ခြင်ရာ၌....
ဘွင် ဘွင် ဘွင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် ဘွင်။

http://www.dhammadownload.com



ဤဝီထိ၌....

ရှေ့ဘွင် နောက်ဘွင် ဖြိုသည် တီဟိုတ်ဘွင်။ ဇောကား ပစ္စဝေက္ခဏာ ဇောဖြစ်ရာ-

ပစ္စဝေက္ခဏာ ဇောဖြစ်ရာ ကာမသာလျှင်တည်းဟူသော ရှေးဆရာတို့ လက်အရ ပစ္စဝေက္ခဏာဇော မှန်သမျှ ကာမဇောသာဟူ၍မှတ်။

ဤပစ္စဝေက္ခဏာဝီထိသည်....

ဈာနပစ္စဝေက္ခဏာဝီထိ၊ မဂ္ဂပစ္စဝေက္ခဏာဝီထိဟု ၂ မျိုးရှိရာ ဝီထိလက်ရိုး၌ ဈာန ပစ္စဝေက္ခဏာ ဝီထိမှာ ဇော ငါးကြိမ်၊ မဂ္ဂပစ္စဝေက္ခဏာဝီထိမှာ ဇော(၇)ကြိမ်ဟု ပြဆိုတော်မူ၏။

ပဋ္ဌာန်းအကောက်ကျမ်း၌ကား....

ဈာနံ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိအရ ဈာနပစ္စဝေက္ခဏာ၊ မဂ္ဂပစ္စဝေက္ခဏာ ၂ ပါးလုံး၌ပင် ဇော (၇) ကြိမ်ဟု ပြဆိုတော်မူသည်။

ထိုဝသီဘော် ငါးပါးတို့တွင်....

အာဝဇ္ဇနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော်ကို ပစ္စဝေက္ခဏာဝီထိ၌ ရအပ်၏။

သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာန ဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်တို့မှာ သမာပဇ္ဇန ဝီထိ၌ ရအပ်၏။

ဝိသုဒ္ဓိမဂ်မဟာဋီ၊ ပ၊ ၁၇၈။

ယဒဂ္ဂေန အာဝဇ္ဇဝသီသိဒ္ဓိ၊ တဒဂ္ဂေန ပစ္စဝေက္ခဏာဝသီ သိဒ္ဓိဝေဒိတဗ္ဗာ။

ဤပစ္စဝေက္ခဏာဝီထိ၌....

ဝသီဘော်ကိုနိုင်မှ ပစ္စဝေက္ခဏာဇော လေးကြိမ် ငါးကြိမ်ကျသည်။ ဝသီဘော်ကို မနိုင်လျှင် ပစ္စဝေက္ခဏာ ဇော (၇) ကြိမ်ပင်ကျသည်။

ယင်းကိုရည်ညွှန်း၍....

ပဋ္ဌာန်းအကောက်နှင့် ဝီထိလက်ရိုးဆရာတို့ ၅ ကြိမ်၊ ၇ ကြိမ်ကောက်ရိုးပြုတော်မူကြသည်ဟု မှတ်ကြပါလေ။

http://www.dhammadownload.com



ပဋိသမ္ဘိဒါမဂ်၊ ဋ္ဌ၊ ပ၊ ၂၈၆။

ဈာနင်္ဂပစ္စဝေက္ခဏံ ပန မတ္ထကပတ္တာယေဝ ပဉ္စဇပနာနီတိ ဝုတ္တတ္တာ ဝုတ္တံ နယေန သတ္တသုပိ ဇဝနေသု ဇဝန္တေသု ပစ္စဝေက္ခဏာဝသီယေဝ ဟောတိ။

ဝိသုဒ္ဓိမဂ် မဟာဋီကာဋ္ဌကား....

ဝသီတော်နိုင်သော်လည်း ဘုရား၊ တစ်ပါး အခြားသူတို့မှာ မြင်းစွာဘုရား၏ ပစ္စဝေက္ခဏာဇောကသို့ ကြာရှည်စွာ ဘွင် ၂ ကြိမ် မျှသာ ခြားလျက် ပစ္စဝေက္ခဏာဇော လေးကြိမ်, ငါးကြိမ် မကျနိုင်ဟု အကျယ်တဝင့် ဆို၏။

ဝိသုဒ္ဓိမဂ်- မဟာဋီကာ၊ ပ၊ ၁၇၉

တာနိ စ ခေါ ဆာဝဇ္ဇန တပ္ပရတာယ စိတ္တာဘိနီဟာရဿ ယထာဝဇ္ဇိတ ဈာနင်္ဂါရမ္မဏာနိ အဘိပယာနေဝ ဟောန္တိ၊ နံ ပရိပုဏ္ဏာနီတိ ဝုတ္တံ၊ ဝိတက္ကာရမ္မဏာနေဝ စတ္တာရိ ပဉ္စဝါ ဇဝနာနိ ဇဝန္တိ၊ စတ္တာရိ တိက္ခိန္ဒြိယဿ၊ ပဉ္စ နာတိ တိက္ခိန္ဒြိယဿာတိ ဒဋ္ဌဗ္ဗံ။

နိရန္တရန္တိ ဝိသဘာဂေဟိ နိရန္တရံ၊ အယံ ပနာတိ ဘဝင်္ဂဒွယန္တရိတာ စတု ဇဝနဝိတ္တာ ယထာဝုတ္တာ အာဝဇ္ဇန-ဝသီ။ အညေသံဝါ ဓမ္မသေနာပတိအာဒီနံ ဝေရူပေ ကာလေတိ ဥက္ကဋ္ဌာယသမုဋ္ဌာယ လဟုတရံ အာဝဇ္ဇနဝသီ နိဗ္ဗတ္တနကာလေ။ သာ စ ခေါ ကုတ္တရာ ပရိတ္တကာလာ။ နှန့် သတ္တယမက မဟာ-ပါဋိဟာရိယေဝီယ စိရတရံပဗန္ဓဝသီ။ တထာဟိ တံ သာဝကေ-ဟိ အသာဓရဏံ ဝုတ္တံ။

ကြား၊

တာနိ စ ခေါ၊ ထိုဇောတို့သည်လည်း။ စိတ္တာဘိနီဟာရဿ၊ စိတ်ကို ရှေးရှုဆောင်ခြင်း၏။ အာဝဇ္ဇနတပ္ပရတာယ၊ အာဝဇ္ဇန်းလျှင် ဖြစ်ဒွါန်းသည်၏အဖြစ်ကြောင့်။ ယထာဝဇ္ဇိတဈာနင်္ဂါရမ္မဏာနိ၊ ဆင်ခြင် အပ်တိုင်းသော ဈာနင်လျှင် အာရုံရှိကုန်သည် ဖြစ်၍။ အတိ-ပယာနေဝ၊ မပြည့်မစုံ အနည်းငယ်တို့သည်သာလျှင်(ဝါ)လေးခု ငါးခု တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ပရိပုဏ္ဏာနိ၊ အပြည့်အစုံတို့

http://www.dhammadownload.com



သည်။ နှ၊ မဟုတ်ကုန်။ ဣတိ၊ ကြောင့်။ ဝိတက္ကာ ။လ။ ဇဝနတ္တိတိ။ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။တိကဒွိကြွယသာ၊ ပုဂ္ဂိုလ်အား။ စတ္တာရိ၊ တို့သည်။ နာတိ တိကဒွိကြွယသာ၊ အား။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

နိရန္တရန္တိ၊ ကား။ ဝီသဘာဂဝေဟိ၊ သဘောမတူသောဇောဝါရ တို့ဖြင့်။ နိရန္တရံ၊ အခြားမရှိမူ၍။ အယံ ပနာတိ၊ ကား။ ဘဝင်- ဒွယန္တရိတာ၊ ဘဝင် နှစ်ခု ခြားအပ်သော။ တဒါလမ္ဗနစိတ္တာ၊ ဇော လေးကြိမ်ရှိသော။ ယထာဝုတ္တာ၊ ဆိုအပ်ခဲ့ပြီးဘိုင်းသော။ အာဝဇ္ဇန- ဝသီ၊ ကို။ အညေသံ၊ တစ်ပါးကုန်သော။ ဓမ္မဒေသနာပတိအာဒိနံဝါ၊ အစရှိသော ပုဂ္ဂိုလ်တို့အားမူလည်း။ ဧဝရူပေကာလေတိ၊ ကား။ ဥဒ္ဒါယ သမုဒ္ဒါယ၊ ထထကြွကြွ အလွန်ကြောင်ကြွပြု၍။ လဟုတရံ၊ အထူးသဖြင့်လျင်မြန်စွာ။ အာဝဇ္ဇနဝသီနိဗ္ဗတ္တနကာလေ၊ -ကို ဖြစ်တတ် သော ကာလ၌။ သာ စ ခေါ၊ ထိုအခြားပုဂ္ဂိုလ်တို့၏ အာဝဇ္ဇနဝသီ သည်လည်း။ ဣတ္တရံ၊ တိုတောင်း၏။ ပရိတ္တကာလာ၊ နည်းသော ကာလရှိ၏။

*******

## မဂ္ဂ ဝီထိ

ဓောဘုမ္မကာသင်္ခါရကို အာရုံပြု၍...

ဘွင် ဘွင် နှ ဒ မ ပ ဥ နု ဟု မဂ် လို ဖိုလ် ဘွင် ဘွင်။

ဤအာဒိကမ္မိကမဂ္ဂဝီထိ၌ မန္ဒောဒ္ဒါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ကိစ္စတပ်သော ကာမာဝစရကုသိုလ်ဇောတို့သည် ဓောဘုမ္မက သင်္ခါရကို အာရုံပြု၍ ဝေါဒါန ဘူ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြု ကုန်၏။

ဤ ပရိကံ ဥပစာ အနုလုံ ဟူသော အမည်သည် မဂ္ဂ ကိစ္စတပ် သော ကာမာဝစရ ဇောတို့၏ အသီးအခြားဖြစ်သော အမည်တည်း။ သာမညအားဖြင့်ကား အာသေဝန ဟူ၍ လည်းကောင်း၊ ပရိကမ်ဟူ၍ လည်းကောင်း၊ ဥပစာ ဟူ၍ လည်းကောင်း၊ အနုလုံ ဟူ၍ လည်း ကောင်း ဆိုသင့်ဆိုထိုက်၏။

http://www.dhammadownload.com



ထို့ကြောင့် ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ၊ ဒု၊ ၃၀၈ ၌...

ဣစ္စာယံ နေသံ ပါဠိယံ ယေတ္တကာနမ်၊ အဝိသေသေန ပန တိဝိ- ဓမ္ပေတံ အာသေဝနန္တိပိ ပရိကမ္မန္တိပိ ဥပစာရန္တိပိ အနုလောမန္တိပိ ဝတ္တုံ ဝဋ္ဋတိ။

ဟု မိန့်ပြီ။

မှန်၏။ ပဋ္ဌာန ပါဠိ- ၁၃၈ အနန္တရပစ္စည်း၌လည်း-

အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ ဖလ- သမာပတ္တိယာ၊ အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော ဟု ဟောတော်မူသည်။

ဆိုလိုရင်းကား ဤ မဂ္ဂဝီထိ၌ ပရိကမ် ဥပစာဟု မချဘဲ ဘွင် ဘွင် န ဒ မ နု နု နု နု မဂ် ဖိုလ် ဖိုလ် ဘွင် ဘွင် ဘွင် ဟုလည်း ချနိုင်သည်ဟု ဆိုလိုသည်။

အမှာ။ ။

မန္ဒပုဂ္ဂိုလ်မှာ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဟူ၍ ချလေ။
တိက္ခပုဂ္ဂိုလ်မှာ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဟူ၍ချလေ။

**********

## ပစ္စဝေက္ခဏာဝီထိ

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။

ဟူ သင်္ဂဟကျမ်း၌ ဆိုခဲ့သည့်အတိုင်း ပစ္စဝေက္ခဏာဝီထိသည်...

မဂ္ဂပစ္စဝေက္ခဏာဝီထိ၊ ဖလပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာန ပစ္စ ဝေက္ခဏာဝီထိ၊ ဟီနကိလေသ ပစ္စဝေက္ခဏာ ဝီထိ၊ သေသကိလေသ ပစ္စဝေက္ခဏာဝီထိ။

http://www.dhammadownload.com



အားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင်....

သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ် တို့သာ ရအပ်၏။ ရဟန္တာပုဂ္ဂိုလ်၌ကား ကြွင်းသော ကိလေသာ မရှိသောကြောင့် သေသကိလေသ ပစ္စဝေက္ခဏာဝီထိကို မရအပ်၊ ကြွင်း ၄-ပါးသာ ရအပ်၏။ ထို့ကြောင့် ပစ္စဝေက္ခဏာဝီထိ(၁၉)ပါး ဖြစ်၏။ ၎င်းပစ္စဝေက္ခဏာဉာဏ် (၁၉)ပါးကို ဝိမုတ္တိဉာဏ်(၁၉)တန် ဟူ၍လည်း ဆိုကြသေး၏။

ဆိုခဲ့ပြီး-န သတ္တုယမက စသော မဟာဋီကာအနက်....

သတ္တု၊ မြတ်စွာဘုရား၏။ ယမကပါဠိမဟာရိယေဝိယ၊ ယမိုက်ပြာဋိဟာကဲ့သို့။ စိရံတရပဗန္ဓဝသီ၊ အလွန်ရှည်ကြာသော အစဉ်ရှိသည်။ နှ၊ မဟုတ်။ တထာဟိ၊ ထို့ကြောင့်ပင်လျှင်။ တံ၊ ထို ယမိုက်ပြာဋိဟာကို။ သာဝကေဟိ၊ တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံဟူ၍။ ဝုတ္တံ၊ ၏။

ဝသီဘော်

ဝသနံ ပရိစယနံ ယထာရုစိ ပဝတ္တိ ဝသီ။

ဝသနံ ပရိစယနံ၊ လေ့လာခြင်း။ ယထာရုစိ၊ အလိုအားလျော်စွာ။ ပဝတ္တိ၊ ဖြစ်ခြင်း။ ဝသီ၊ လေ့လာခြင်း အလိုအားလျော်စွာ ဖြစ်ခြင်း။

၁။ ဈာနင်ငါးပါးတို့၏ အစဉ်အတိုင်း အခြားမရှိ စိတ်ကို ဆွေ့တ်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် အာဝဇ္ဇန-ဝသီ မည်၏။

၂။ ဝင်စားခြင်းငှာ အလိုရှိသည်၏အခြားမဲ့၌ ဘဝင်အယဉ်ကိုဖြတ်၍ ဈာန်ကိုဝင်စားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် သမာပဇ္ဇနဝသီ မည်၏။

http://www.dhammadownload.com



၃။ တစ်ခါအဟုန်ဖြတ်၍ ပိုင်းခြားတိုင်းသောကာလသို့ ချွန်ကိုထားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် အဓိဋ္ဌာန-ဝသီ မည်၏။

၄။ ပိုင်းခြားသော ကာလ၏အစွမ်းအားဖြင့် ချွန်မှ ထခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည် ဝုဋ္ဌာနဝသီ မည်၏။

၅။ ပစ္စဝေက္ခဏဝသီ ဆိုသည် အာဝဇ္ဇနဝသီပင်တည်း။

အမှာ။ ။သာဓကပါဠိကို ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ပ-၁၅၀၌ ရှုကြလေ။

အထွတ်အထိပ်သို့ ရောက်သော အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီကို...

ဘုရားရှင်အား - ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကိုပြသော ကာလ၊ တရားဟောတော်မူသော ကာလတို့၌ ရအပ်၏။

အရှင်သာရိပုတ္တရာအား - နန္ဒ မည်သော ဘီလူးက ဦးခေါင်းကို ပုတ်ခတ်သော ကာလ၌ ရအပ်၏။

အရှင်မောဂ္ဂလာန်အား - နန္ဒောပနန္ဒနဂါးကို ဆုံးမသော ကာလ၌ ရအပ်၏။

ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ပ-၁၄၉

အယံ ပန မတ္ထကပတ္တာ ဝသီ အာဝဇ္ဇနဝသီ ယမကပါဋိဟာရိယေလဗ္ဘတိ။အညေသံ ပါဝေဝရူပေ ကာလေ၊ တတော ပန သီဃတရာ အာဝဇ္ဇနဝသီနာမ နတ္ထိ။ အာယသ္မတော ပန မဟာမောဂ္ဂလ္လာနဿ နန္ဒောပနန္ဒနာဂရာဇဒမနေ ဝိယ သီဃံ သမာပဇ္ဇနံ သမတ္ထတာ သမာပဇ္ဇနဝသီနာမ။

http://www.dhammadownload.com



သောတာပန်ပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာ ငါးမီးထိ၌...

၁။ သောတာပတ္တိကို ဆင်ခြင်အံ့၊ ဝီထိစိတ်တို့သည် သောတာပတ္တိမဂ်ကို အာရုံပြုကုန်၏။

၂။ ဖိုလ်ကိုဆင်ခြင်အံ့၊ ဝီထိစိတ်တို့သည် ဖိုလ်ကို အာရုံပြုကုန်၏။

၃။ နိဗ္ဗာန်ကို ဆင်ခြင်အံ့၊ ဝီထိစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

၄။ ပဟီနကိလေသာကိုဆင်ခြင်အံ့၊ ဝီထိစိတ်တို့သည် ပဟီနကိလေသာကို အာရုံပြုကုန်၏။

၅။ သေသကိလေသာကို ဆင်ခြင်အံ့၊ ဝီထိစိတ်တို့သည် သေသကိလေသာကို အာရုံပြုကုန်၏။

အမှာ။ ။အာရုံမှုသာထူးသည်။ ဝီထိချပုံမထူး။ ဤ(၁၉)ဝီထိလုံး ကာမဇော (၇)ကြိမ်ချရသည်ဟု မှတ်ကြပါကုန်။

ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ၊ ဒု၊ ၃၁၅

တတော ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ မဂ္ဂပစ္စဝေက္ခဏာယ ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနံ၊ တသ္မိံ နိရုဒ္ဓေ ဖဋိပါဋိယာ သတ္တမဂ္ဂပစ္စဝေက္ခဏာ ဇနာနီတိ။ ပုန ဘဝင်္ဂံ ဩတရိတွာ တေနေဝ နယေန ဇလာဒီနံ ပစ္စဝေက္ခဏတ္ထာယ အာဝဇ္ဇနာဒီနိ ဥပ္ပဇ္ဇန္တိ။

ယေသံ ဥပ္ပတ္တိယာ ဧသမဂ္ဂံ ပစ္စဝေက္ခတိ၊ ဖလံ ပစ္စဝေက္ခတိ၊ ပဟီနကိလေသေ ပစ္စဝေက္ခတိ၊ အဝသိဋ္ဌကိလေသေ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ပစ္စဝေက္ခတိ။

အရိယာနော ပန အဝသိဋ္ဌကိလေသော ကိလေသ ပစ္စဝေက္ခဏံ နာမ နတ္ထိတိ။ ဝံသဗ္ဗာနိပိ ဧကူနပစ္စဝေက္ခဏာနိ နာမ။

အနက် လွယ်ပြီ။

အမှာ။ ။နိရောဓသမာပတ္တိ ဝီထိကို အထူးမပြတော့။ အောက်ပါ ဝီထိဇယားကိုမျှ၍ သိကြပါကုန်။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာန် | ဈာန် | ဈာန် | ဘွင် | ပထမဈာန် |
| န | ဒ | မ | ဇော | ဇ | ဇ | ဇ | ဇံ | ဇ | ဇံ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဇ | ဇ | ဇ | ဘွင် | ဒုတိယဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | တတိယဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | စတုတ္ထဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | ပဉ္စမဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်းဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | အာကာသာနဉ္စာ-ဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | ဝိညာဏဉ္စ-ဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ၎င်း ဝိပဿနာဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | ဈာ | ဈာ | ဈာ | ဘွင် | အာကိဉ္စညာယတနဈာန် |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | နာနာကမ္မဝိကောပနပုဗ္ဗကိစ္စ |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | သံဃပဋိမာနနပုဗ္ဗကိစ္စဇော |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | သတ္ထုပက္ကောသနပုဗ္ဗကိစ္စဇော |
| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | အဒ္ဓါနပရိစ္ဆေဒပုဗ္ဗကိစ္စဇော |
| န | ဒ | မ | ပ | ဥ | နု | ဘူ | နေဝ | နေဝ | ၇-ရက် | ဖိုလ် | ဘွင်၊ ကာမ အနာဂါမ် |

http://www.dhammadownload.com

http://www.dhammadownload.com



## နိရောဓ သမာပတ္တိ ဝီထိ၌

စတုတ္ထာရုပ္ပဇောကို သင်္ဂဟကျမ်း၌....

နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ ဖုသတိ...ဟူ၍လည်းကောင်း။

ကမ္မဋ္ဌာနကဏ္ဍ၌....

တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၊ တဿ ဒွိန္နံ အပ္ပနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ...ဟူ၍လည်းကောင်း။

စတုတ္ထာရုပ္ပ နေဝသညာနာသညာယတန ဇော ၂ ကြိမ်သာ ဇောရမည်ကို ဖွင့်ပြတော်မူ၏။

မဏိမဉ္ဇူ ဋီ၊ ပ၊ ၅၀၀-၌ကား....

သာရတ္ထ ဋီ၊ ပ၊ ၃၈၂-၌လာသော....

သော ဧဝံ အာကိဉ္စညာယတနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၊ အထေကံ ဝါ ဒွေ ဝါ စိတ္တဝါရေ အတိက္ကမိတွာ အစိတ္တကော ဟောတိ နိရောဓံ ဖုသတိ။

ဟူသော စကားကို ကိုးကား၍...

အဋ္ဌကထာယံ ဒွိက္ခတ္တုံ'တိ ဝုတ္တံ နိဒဿနမတ္တံ၊ ဧကက္ခတ္တုမ္ပိ စတုတ္ထာရုပ္ပဇဝနဿ ဇဝနတော...ဟု...

၁ ကြိမ်လည်း ဇောနိုင်သည်။ ၂ ကြိမ်လည်း ဇောနိုင်သည်ဟု ဆို၏။

ဝိသုဒ္ဓိမဟာဋီ၊ ၃၊ ၅၂၈။

ကိဉ္စာပိ ဧကံ ဝါ ဒွေ ဝါတိ အနိယမေတွာ ဝုတ္တန္တိ
ကိဉ္စာပိ ဧကံ ဝါ ဒွေ ဝါတိ အနိယမေတွာ ဝုတ္တံ၊ ဒွေဝါရေ ဧဝ နိယမတော ဝဒန္တိ။

http://www.dhammadownload.com



ကော်ဝါဒွေဝါတိ၊ ဟူ၍။ အနီယ မေတွာဝိယ၊ ကိန်းသေမသတ်မှတ်မူ၍ကဲ့သို့။ ကိစ္စာပိဝုတ္တံ၊ အကယ်၍ကားဆိုအပ်၏။ ပနတာထာပိ၊ သော်လည်း ကိန်းသေမှုချအားဖြင့်။ ဒွေဝါရေဧဝ၊ ၂ ကြိမ်တို့ကိုသာလျှင်။ ဝဒန္တိ၊ ဆိုကုန်၏။

ဤဝိသုဒ္ဓိမဂ် မဟာဋီကာ စကားကို ထောက်သော် မဏိမဥ္ဇူဆရာ၏ နိဒဿနမတ္တ စကားသည် မသင့်ဟု ဋီကာကျော် ဂဏ္ဍိသစ်ဆရာတော် မှာတော်မူ၏။

ပရမတ္ထသရူပအနုဝဏ္ဏနာ ဆရာတော်ကား....

> ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိ ဖလစိတ္တံ အရဟတော အရဟတ္တဖလစိတ္တံ ကေဝါရမေဝ ပဝတ္တိတွာ ဘဝင်္ဂပါတော ဟောတိ။

ဟူသောသင်္ဂဟကမ္မဋ္ဌာန်းပိုင်းလာ ကေဝါရမေဝ-ဟု ဧဝသဒ္ဒါနှင့်ပြသော အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇော တစ်ကြိမ်သာလျှင် ဇောရမည်ဆိုသော စကားကို မယူမူ၍....

သင်္ဂဟဝီထိပိုင်းလာ....

> ဝုဋ္ဌာနကာလေ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာရဟံ မေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတောဝ ဟောတိ။

ဟူသော ဝါကျ၌....

ယထာရဟံ ဟူသော စကားကို ယူ၍ (ယထာရဟန္တိ တံတံ ပုဂ္ဂလာနုရူပံ)ဟူသော ဋီကာကျော်ဖွင့်သည်ကိုရှုပြီးလျှင် ဤအဋ္ဌကထာပါဠ်ဖြင့် နိရောဓသမာပတ်ကို ဝင်စားသောအခါ၌ မန္ဒပညာပုဂ္ဂိုလ်အား ကာမဇော ၄ ကြိမ်နောင် အရူပ စတုတ္ထဇော ၂ ကြိမ်၊ ဖိုလ်ဇော ၁ ကြိမ် ကျဟန်ကိုပြတော်မူ၏။

တိက္ခပညာ ပုဂ္ဂိုလ်အား ကာမဇော ၃ ကြိမ် နောင် စတုတ္ထအရူပဇော ၁ ကြိမ်၊ ဖိုလ်ဇော ၂ ကြိမ် ကျဟန်ကို သိအပ်၏ဟု ဆို၏။

အံ့ဖွာ။ ။အဘိဓမ္မတ္ထအရာ ကျွမ်းကျင်လေပြီး ဆရာတော်ဘုရားကြီးတို့ထံ နိဿရည်းခံ၍ သိလင့်ကြပါကုန် အရှင်ကောင်းတို့။

ဿဿဿဿဿဿဿဿ

http://www.dhammadownload.com



နိရောဓသမာပတ္တိဆိုသည်....

သုံးပါးသော သင်္ခါရ တို့ကို ဝါ-ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့ကို အစဉ်အတိုင်း ချုပ်စေသည်၏အစွမ်းဖြင့် ပိုင်းခြားအပ်သော ကာလပတ်လုံး စိတ်စေတသိက်တို့၏ မဖြစ်ခြင်းတည်း။

ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊ ဒု၊ ၅၂၁။

တိဏ္ဏံ သင်္ခါရာနံ အနုပုဗ္ဗတော နိရောဓဝသေန၊ ယထာပရိစ္ဆိန္နကာလံယာ စိတ္တစေတသိကာနံ အပဝတ္တိ၊ အယံ နိရောဓသမာပတ္တီတိ အတ္ထော။

ဝင်စားသောပုဂ္ဂိုလ်....

သမထ-ဝိပဿနာအား ၂ ပါးနှင့် ပြည့်စုံသောကြောင့် ရှစ်ပါးသော သမာပတ်ကိုရကုန်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်နှစ်ယောက်တို့သည်သာလျှင် ဝင်စားနိုင်သည်။

အလုံးစုံသော ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်၊ ကျန် အစေး ခန်းခြောက်သော ရဟန္တာ ပုဂ္ဂိုလ်တို့ မဝင်စားနိုင်ကြပေ။

ဝင်စားရာဌာန....

အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ရှစ်ပါး ဖြစ်သင့်သောကြောင့် ပဉ္စဝေါကာရ ဘုံ၌သာ ဝင်စားနိုင်၏။ ပထမကျန်စသည် မရှိသောကြောင့် အဋ္ဌသမာပတ် မပြည့်စုံရကား စတုဝေါကာရဘုံ၌ မဝင်စားနိုင်ဟုမှတ်။

ဝိသုဒ္ဓိမဂ္ဂ၊ ၌၊ ဒု၊ ၃၄၄/၃၄၇။

ကေ နံ သမာပဇ္ဇန္တီတိ သဗ္ဗေပိ ပုထုဇ္ဇနာ သောတာပန္နာ သကဒါဂါမိနော သုက္ခဝိပဿကာစ အနာဂါမိနော အရဟန္တော န သမာပဇ္ဇန္တိ၊ အဋ္ဌသမာပတ္တိလာဘိနော ပန အနာဂါမိနော ခီဏာသဝါစ သမာပဇ္ဇန္တိ။ ဗွိဟိ ဗလေဟိ သမန္နာဂတတ္တာ။

ကတ္ထ သမာပဇ္ဇန္တီတိ ပဉ္စဝေါကာရဘဝေ။ ကသ္မာ အနုပုဗ္ဗသမာပတ္တိ သဗ္ဘာဝတော။ စတုဝေါကာရဘဝေ ပန

http://www.dhammadownload.com



ပဋ္ဌမဇ္ဈာနဉ္စဒိန္နံ ဥပ္ပတ္တိ နတ္ထိ တသ္မာ နသက္ကာတတ္ထသမာပဇ္ဇိတုန္တိ။ ကေစိ ပန ဝတ္ထုသု အဘာဝါတိ ဝဒန္တိ။

အဘယ်ကြောင့် ဝင်စားသနည်း....

သဒ္ဒါရတရားဖိုး၏ ဖြစ်ခြင်းအထူးကို ငြိုငွေ့သည်ဖြစ်၍ ပစ္စုပ္ပန်ဘဝ၌ပင် ထိုသဒ္ဒါရတို့ချုပ်၍ ချမ်းသာစွာနေလိုသောကြောင့် ဝင်စားသည်။

ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ဒု၊ ၃၄၇။

သင်္ခါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဌိတွာ ဒိဋ္ဌေဝဓမ္မေ အစိတ္တကာ ဟုတွာ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ။

ဿဿဿဿဿဿ

## အဘိညာဏ်ဝီထိ

ဤအဘိညာဏ်ဝီထိ၌....

ပထမပါဒက တစ်ဝီထိ၊ ဒုတိယ အဓိဋ္ဌာန တစ်ဝီထိ၊ တတိယ ပါဒက တစ်ဝီထိ ဤသုံးဝီထိနောင် ဒိဗ္ဗစက္ခုအဘိညာဏ် စသည်အား လျော်စွာ အဘိညာဏ်ဇော တစ်ကြိမ်ကျသည်။ အာရုံမှာ အာရမ္မဏ ပစ္စည်း အားလျော်စွာ အာရုံပြုကြသည်။ တိက္ခ မန္ဒ ကာမဇောတို့မှာ ပြဆိုခဲ့ပြီးအတိုင်း ဖြစ်သည်။

ဿဿဿဿဿဿ

## မရဏာသန္နဝီထိ

မရဏာသန္နဝီထိသည်....

ဇောနောင် စုတိ၊ ဇောဘဝင်နောင် စုတိ၊ တဒါရုံနောင် စုတိ၊ တဒါရုံဘဝင်နောင် စုတိကျသောအားဖြင့် ၄ ပါး အပြားရှိ၏။ ထို ၄ ပါးတို့ကို ဒွါရ ၆ ပါးနှင့် ပွားသော် (၂၄) ဝီထိဖြစ်၏။ ဝီထိပုံကို ရှေးနည်းအတိုင်းသိကြလေ။ ဇော ၅ ကြိမ်သာစော၏။

http://www.dhammadownload.com



အလုံးစုံသော အပ္ပနာဇော် ဝီထိတို့၌ ဒန္ဓာဘိညာပုဂ္ဂိုလ်၊ ခိပ္ပါဘိညာပုဂ္ဂိုလ် ဆိုသည်...

အဝိဇ္ဇာနှိပ်စက်သောသူအား နှံ့နှေးသော အဘိညာဉ်ဖြစ်၏။ အဝိဇ္ဇာမနှိပ်စက်သောသူအား လျင်မြန်သော အဘိညာဉ်ဖြစ်၏။

တစ်နည်း...

ဖြာမြစ်ကွာကာလမှ စီတက်စသော ဈာန်အင်္ဂါ၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်၏။ ထိုပုဂ္ဂိုလ်အား နှံ့နှေးသော အဘိညာဉ် မည်၏။ လျင်မြန်စွာ ဝိတက်စသော ဈာန်အင်္ဂါ၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်၏။ ထိုပုဂ္ဂိုလ်အား လျင်မြန်သော အဘိညာဉ် မည်၏။

ဿဿဿဿဿဿဿဿဿဿဿ

## ဒုက္ခပဋိပဒါ သုခပဋိပဒါ

အကြင်သူသည် အစမှစ၍ ကိလေသာတို့ကိုခွာသည်ရှိသော် ဆင်းရဲညိုညင်ပင်ပန်းသဖြင့် ခွာရ၏။ ထိုပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါ ဖြစ်၏။ အကြင်သူသည် အစမှစ၍ ကိလေသာတို့ကို ခွာသည်ရှိသော် ချမ်းချမ်းသာသာ လွယ်ကူစွာဖြင့်ခွာနိုင်၏။ ထိုပုဂ္ဂိုလ်အား သုခပဋိပဒါ ဖြစ်၏။

ဝိပဿနာ၌ ရှေးကပြုဖူး လေ့လာဖူးသော အကြောင်းကုသိုလ် မရှိသော ပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါဖြစ်၏။ ဝိပဿနာသမာဓိ၌ ရှေးက ပြုဖူး၊ လေ့လာဖူးသော အကြောင်းဖြစ်သော ကုသိုလ်ရှိသော ပုဂ္ဂိုလ် အား သုခပဋိပဒါ ဖြစ်၏။

ဓမ္မသင်္ဂဏီ၊ ၄၊ ၂၂၈။

အပိစ တဏှာအဝိဇ္ဇာဝသေန သမထဝိပဿနာ-
ကတာဓိကာရဝသေနာပိ တာသံ ပဘေဒေါ ဝေဒိတဗ္ဗော၊
တဏှာဘိဘူတဿ ဟိ ဒုက္ခာပဋိပဒါ ဟောတိ အနဘိဘူတဿ
သုခါ၊ အဝိဇ္ဇာဘိဘူတဿ စ ဒန္ဓာ အဘိညာ ဟောတိ။
အနဘိဘူတဿ ခိပ္ပါ။ ယော စ သမထေ အကတာဓိကာရော

http://www.dhammadownload.com



တဿ ဒုက္ခာပဋိပဒါ ဟောတိ။ ကတာဓိကာရဿ သုခါ၊ ယော ပန ဝိပဿနာယ အကတာဓိကာရော ဟောတိ၊ တဿ ဒန္ဓာ- အဘိညာ ဟောတိ၊ ကတာဓိကာရဿ ခိပ္ပါ။

အပိစ အပဒရာနယော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။တဏှာ- အဝိဇ္ဇာဝသေနစ၊ အစွမ်းဖြင့်လည်းကောင်း။ သမထဝိပဿနာဓိ- ကာရဝသေနစာပိ၊ သမထ၌ ရှေးကပြုဖူးသော အကြောင်း ဝိပဿနာ၌ ရှေးကပြုဖူးသောအကြောင်း ကုသိုလ်တို့၏ အစွမ်းဖြင့် လည်းကောင်း။ ဧတာသံ၊ ထိုပဋိပဒါအဘိညာဏ်တို့၏။ ပဘေဒေါ၊ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့ဦးအံ့။ တဏှာဝိဘူတဿ၊ တဏှာသည် နှိပ်စက်အပ်သောသူအား။ ဒုက္ခာ၊ သော။ ပဋိပဒါ၊ သည်။ ဟောတိ၊ ၏။ အနဘိဘူတဿ၊ မနှိပ်စက်သောသူအား။ သုခါ၊ သည်။ ဟောတိ၊ ဖြစ်၏။

စ၊ ထိုမှတပါး။ အဝိဇ္ဇာဘိဘူတဿ၊ သူအား။ ဒန္ဓာ၊ သော။ အဘိညာ၊ သည်။ ဟောတိ၊ ၏။ အနဘိဘူတော၊ အား။ ခိပ္ပါ၊ သော။ အဘိညာ၊ သည်။ ဟောတိ၊ ဖြစ်၏။

စ၊ ထိုမှတပါး။ ယောပုဂ္ဂလော၊ သည်။ သမထေ၊ သမထ သမာဓိ၌။ အကတာဓိကာရော၊ ရှေးကပြုဖူး လေ့လာဖူးသော အကြောင်းကုသိုလ်မရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿပုဂ္ဂလဿ၊ အား။ ဒုက္ခာ၊ သော။ ပဋိပဒါ၊ သည်။ ဟောတိ၊ ၏။ ကတာဓိကာရဿ၊ သမာဓိ၌ ရှေးကပြုဖူး လေ့လာဖူးသောအကြောင်းကုသိုလ် ရှိသော သူအား။ သုခါ၊ သော။ ပဋိပဒါ၊ သည်။ ဟောတိ၊ ၏။

ပန၊ ထိုမှတစ်ပါး။ ယောပုဂ္ဂလော၊ သည်။ ဝိပဿနာယ၊ ဝိပဿနာ၌။ အကတာဓိကာရော၊ မရှိသည်။ ဟောတိ၊ ၏။ တဿ- ပုဂ္ဂလဿ၊ အား။ ဒန္ဓာ၊ နှေးသော။ အဘိညာ၊ သည်။ ဟောတိ၊ ၏။ ကတာဓိကာရဿ၊ ရှိသောသူအား။ ခိပ္ပါ၊ သော။ အဘိညာ၊ သည်။ ဟောတိ၊ ဖြစ်၏။

ထိုမှတစ်ပါး ကိလေသိန္ဒြိယ၏ အစွမ်းဖြင့်လည်း ၎င်းအဋ္ဌကထာ ၂၇၂-၌ ဆိုသေး၏။

http://www.dhammadownload.com



ကိလေသိန္ဒြိယဝသေနစာပိ ဧတာသံ ပဘေဒေါ ဝေဒိတဗ္ဗော၊ တိဗ္ဗကိလေသဿာတိ မုဒိန္ဒြိယဿ ဒုက္ခာပဋိပဒါ ဟောတိ၊ ဓန္ဓာစ အဘိညာ။ တိက္ခိန္ဒြိယ ပန ခိပ္ပါဘိညာ။ မန္ဒကိလေသဿစ မုဒိန္ဒြိယဿ သုခါပဋိပဒါ ဟောတိ၊ ဓန္ဓာစ အဘိညာ၊ တိက္ခိန္ဒြိယဿ ပန ခိပ္ပါဘိညာတိ။

ကိလေသိန္ဒြိယဝသေနစာပိ၊ ကိလေသာဣန္ဒြေတို့၏ အစွမ်းဖြင့်လည်း။ ဧတာသံ၊ ထိုပဋိပဒါ အဘိညာတို့၏။ ပဘေဒေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့ဦးအံ့။ တိဗ္ဗကိလေသဿ၊ ထက်သော ကိလေသာရှိသော။ မုဒိန္ဒြိယဿ၊ နုသောသဒ္ဓါ စသော ဣန္ဒြေရှိသောသူအား။ ဒုက္ခာ၊ သော။ ပဋိပဒါစ၊ သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဓန္ဓာ၊ သော။ အဘိညာစ၊ သည်လည်း။ ဟောတိ၊ ၏။

ပန၊ ထိုမှတစ်ပါး။ တိက္ခိန္ဒြိယဿ၊ ထက်သော သဒ္ဓါစသော ဣန္ဒြေရှိသောသူအား။ ခိပ္ပါ၊ သော။ အဘိညာ၊ သည်။ ဟောတိ၊ ၏။ မန္ဒကိလေသဿ၊ နုံ့သောကိလေသာ ရှိသောသူအား။ သုခါ၊ သော။ ပဋိပဒါ၊ သည်။ ဟောတိ၊ ၏။ ဓန္ဓာ၊ သော။ အဘိညာစ၊ သည်လည်း။ ဟောတိ၊ ၏။ ပန၊ ထိုမှတစ်ပါး။ တိက္ခိန္ဒြိယဿ၊ သူအား။ ခိပ္ပါ၊ သော။ အဘိညာ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

## သဟဇာတ

အတ္တနာ သဟ ဥပ္ပန္နေဟိ ဇာယတီတိ သဟဇာတော။ အတ္တနာ၊ မိမိဟုဆိုအပ်သော ပစ္စည်းသည်။ ဥပ္ပန္နေဟိ၊ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဟဇာတော၊ သဟဇာတမည်၏။

(သဟ-ပုဗ္ဗ ဇာ-ဓာတ်၊ တ-ပစ္စည်း။)

http://www.dhammadownload.com



ဇာ-ခေါတ်၏အရ…

နာမက္ခန္ဓာ ၄ ပါး၊ မဟာဘုတ် ၄ ပါး၊ ဟဒယဝတ္ထုဟုဆို အပ်သော ပစ္စည်းတရားတို့၏ ဖောတု ။လ။ အဝိဂတ ဤ(၁၄) ပစ္စယသတ္တိရ၏။

တ-ပစ္စည်းအရကား…

ထို(၁၄)ပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တရ၏။

ဆဆဆဆဆဆဆဆ

## သဟဇာတ ဖြစ်ပုံ

မိမိဟုဆိုအပ်သော ပစ္စည်းသည် မဖြစ်ခဲ့သည်ရှိသော် မိမိနှင့် တကွဖြစ်သော ပစ္စယုပ္ပန်တရားတို့သည် မဖြစ်သောကြောင့် ဆီမီးသည် အရောင်အလင်းအား ကျေးဇူးပြုသကဲ့သို့ မိမိနှင့် တကွဖြစ်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် သဟဇာတ ပစ္စည်းမည်၏။

ဋီ၊ ၂၄၂။

အတ္တနော အနုပ္ပတ္တိယာ သဟုပ္ပန္နာနမ္ပိ အနုပ္ပတ္တိတော ပကာသသ ပဒီပေါဝိယ သဟုပ္ပန္နာနံ သဟုပ္ပါဒဘာဝေန ပစ္စယော သဟဇာတပစ္စယော။

အတ္တနော၊ မိမိဟုဆိုအပ်သော ပစ္စည်း၏။ အနုပ္ပတ္တိယာ၊ မဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ သဟုပ္ပန္နာနမ္ပိ၊ တကွဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့၏လည်း။ အနုပ္ပတ္တိတော၊ မဖြစ်ခြင်းကြောင့်။ အတ္တနာ၊ မိမိနှင့်။ သဟုပ္ပန္နသ၊ (ပါဠိသသ) ပဒီပေါ၊ ဆီမီးရောင်သည်။ ပကာသသ- အာလောကဿ၊ အလင်းအာ။ ပစ္စယော ဝိယ၊ ကျေးဇူးပြုသကဲ့သို့။ သဟုပ္ပန္နာနံ၊ မိမိနှင့်တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့အား။ သဟုပ္ပါဒဘာဝေန၊ ပစ္စယုပ္ပန်တရားတို့နှင့် တကွ ဖြစ်သည်၏ အဖြစ်အားဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြု တတ်သော တရားသည်။ သဟဇာတပစ္စယော၊ မည်၏။

ဆဆဆဆဆဆ

http://www.dhammadownload.com



## အထူးသဖြင့် စိစစ်ရန်

ပဋ္ဌာန၊ ၁၊ ၃၄၆၊ ဆဋ္ဌ မူ၌။

ဉပ္ပဇ္ဇမာနော သဟ ဥပ္ပဇ္ဇမာနဘာဝေန ဥပကာရကော ဓမ္မော သဟဇာတပစ္စယော၊ ပကာသသာ ပဒီပေါဝိယ။...ဟုရှိ၏။

မူလဋီ၊ ၁၇၁ ၌။

ဉပ္ပဇ္ဇမာနောဝ သဟုပ္ပါဒဘာဝေနာတိ စောပိ ဥပ္ပတ္တိယာ ပစ္စယာ ဘာဝေန ပါကာဒ္ဓေန ဌိတိယာပိ ပစ္စယဘာဝံ နိဒဿေတိ ဒဋ္ဌဗ္ဗံ။ ပစ္စယုပ္ပန္နာနံ ပန သဟဇာတဘာဝေန ဥပကာရကော သဟဇာတပစ္စယာတာတိ။

အနုဋီ၊ ၂၃၀ ၌လည်း....

သဟဇာတ ဘာဝေနာတိ သဟဥပ္ပန္နဘာဝေန။ အတ္ထနာ သဟုပ္ပန္န ဓမ္မာနံ ဟိ သဟုပ္ပန္န ဘာဝေန ဥပကာရကတာ သဟဇာတပစ္စယတာ တေန ဌိတိက္ခဏေပိ နေသံ ဥပကာရ ကတာ ဝေဒိတဗ္ဗာ။

နိဿယဂဏ္ဌိ တို့၌လည်း ဥပ္ပဇ္ဇမာနောဝဟု ဝေသဒ္ဒါဖြင့်ပင် အနက်အဓိပ္ပာယ် ဖွင့်ဆိုကြ၏။ အဋ္ဌကထာဆရာကလည်း သဟဇာတ ပစ္စည်း၏ ဥပါဒ်ခဏ၌သာ ကျေးဇူးပြုခြင်းကို အဂ်ရှိ၍ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ ဥပါဒ်ခဏ၊နိဝတ္တေတဗ္ဗတ္ထ ဌီခဏဟု အလိုရှိ၍ ဥပ္ပတ္တိယာ ပစ္စယတာ ဝေန ပါကာဒ္ဓေနဟု ဖွင့်ပြတော်မူသည်။

မူလဋီကာဆရာကလည်း....

ယင်း ဝေသဒ္ဒါဖြင့် မြစ်အပ်သော သန္တဒ္ဓာနတ္ထ ဥပါဒ် ခဏကို သာမက ဌီခဏ၌လည်း ကျေးဇူးပြုနိုင်သည့်၏ အဖြစ်ကို ယူစေလို၍ ဉပ္ပတ္တိယာ ပစ္စယဘာဝေန ပါကာဒ္ဓေနဟု ကျားကုတ် ကျားခဲ အကြောင်း မြ၍ ဌိတိယာပိ ပစ္စယဘာဝံ နိဒဿေတိ ဒဋ္ဌဗ္ဗံ ဟုဖွင့်ပြတော်မူ၏။

အချို့သော ဉာဝါဒဖွင့်ကျမ်းတို့၌လည်း....

အဋ္ဌကထာအလို ဥပါဒ်ခဏ၌သာ အတူတကွ ကျေးဇူးပြု၏။ မူလဋီကာအလို ဥပါဒ်ခဏ၊ ဌီခဏ ၂ ပါး၌ပင် ကျေးဇူးပြု၏ဟု

http://www.dhammadownload.com



ဆိုကြသော်လည်း ဥပပဇ္ဇမာနောဝဋ္ဋ ဝေသဒ္ဒါဖြင့် ဋ္ဌိခဏကို နှစ်စေသည်ဟု ဖွင့်ဆိုကြကုန်၏။

ချောင်းဆုံဂဏ္ဍိဆရာတော်ကား-

၁။ အဋ္ဌကထာပြ ဝေသဒ္ဒါကို အလေးဂရုပြုသည်ဖြစ်၍လည်း ကောင်း။

၂။ မဏိမဉ္ဇူ၊ ၃၇၃ အဖွင့်၌-

ဧတ္ထစ ဥပ္ပတ္တိယာ ပစ္စယတာ ဝေန ပါကဋ္ဋေန ဌိတိယာပိ ပစ္စယဘာဝံ နိဒဿေတိတိ ဒဋ္ဌဗ္ဗံ ဟူသောအဖွင့်ကို မနှစ်မြို့က်မူ၍....

န ဟိ တေ ပစ္စယာ နုပ္ပတ္တိတော ကေဝလံ ဥပ္ပဇ္ဇန္တိ။

အထဝါ တဒုပ္ပတ္တိကာလေ ဥပ္ပဇ္ဇမာနတ္တာ ဥပ္ပတ္တိရဟာဝ ဟောန္တိ။

ဟူသောအဖွင့်ကို နှစ်မြို့က်တော်မူဟန် ရှိသည်ဖြစ်၍ လည်း ကောင်း။

၃။ ယခုရှိ အနုဋီကာ ဆဋ္ဌမူ ၂၃၀-၌

အတ္တနာ သဟုပ္ပန္နဓမ္မာနံ ဟိ သဟုပ္ပန္နဘာဝေန ဥပကာရကာ သဟဇာတပစ္စယတာ။ တေန ဌိတိက္ခဏေပိ နေသံ ဥပကာရကတာ ဝေဒိတဗ္ဗာ။

ဟု ရှိ၏။

ချောင်းဆုံဆရာတော် ဂဏ္ဍိကျမ်းကို ရေးသားစဉ်က...

တေန ဌိတိက္ခဏေနာတိ နေသံ ဥပကာရကတာ ဝေဒိတဗ္ဗာဟု အနုဋီကာပေမူ၌ ရှိယောင်ထင်၏။ ထိုအနုဋီကာပါဠိအရ အဋ္ဌကထာနှင့် ညီညွတ်သဖြင့် ဖဓာနပြု၍လည်းကောင်း။ သဟဇာတပစ္စည်းသည် ဥပါဒ်ခဏ၌ ကျေးဇူးပြု၏။ ဌိခဏ၌ ကျေးဇူးမပြုဟု ဆုံးဖြတ်တော်မူလေသည်။

မဏိမဉ္ဇူအနက်....

တေ၊ ထိုပစ္စယပ္ပန်တရားတို့သည်။ ကေဝလံ၊ စင်စစ်အားဖြင့်။ ပစ္စယာနုပ္ပတ္တိတော၊ ပစ္စည်းတရားတို့၏ မဖြစ်ခြင်းကြောင့်။ န ဥပ္ပဇ္ဇန္တိ၊

http://www.dhammadownload.com



မဖြစ်ကုန် (ဝါ) ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သည်။ နှ၊ မဟုတ်ကုန်။ အထခေါ၊ စင်စစ်ဟစ်မူကား။ တဒုပ္ပတ္တိကာလေ၊ ထိုပစ္စည်းတရားတို့ ဖြစ်သောအခါ၌။ တေ၊ ထိုပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇမာနတ္တာ၊ ဖြစ်ဆဲ၏အဖြစ်ကြောင့်။ ဥပ္ပတ္တိရဟာဝ၊ ဖြစ်ခြင်းငှာ ထိုက်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဂဏ္ဌိဆရာတော်က အနုဋီကာအနက်။

အတ္တနာ၊ မိမိဟုဆိုအပ်သောပစ္စည်းနှင့်။ သဟုပ္ပန္နဓမ္မာနံ၊ တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား။ သဟုပ္ပန္နဘာဝေန၊ တကွဖြစ်ဆဲ၏အဖြစ်ဖြင့်။ ဥပကာရကတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ တေန၊ ထိုသဟုပ္ပန္နဘာဝေန ဟူသော ပါဠ်ဖြင့်။ ဋီကာကွဲကာ၊ ဋီခံကာ၏။

(ဤ၌ ဋီကာ့ကွဲကာနာတိ ဟူသောပါဌ်ကို ဋီတိကွဲကာနဲ့ ဤတိ ဟုပုဒ်ဖြတ်သည်ဟု ယူဆရသည်။)

တေသံ၊ ထိုပစ္စည်းတရားတို့၏ (ဝါ) ပစ္စယုပ္ပန်တရားတို့အား။ ဥပကာရကတာ၊ ကျေးဇူးပြုအပ်သည်၏အဖြစ်ကို။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ န-ဝေဒိတဗ္ဗာ၊ မသိအပ်ကုန်။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သဟုပ္ပန္နဘာဝေနဟိ-သဟုပ္ပန္နဘာဝေနဧဝ၊ သာလျှင်။ သဟဇာတပစ္စယတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

မှတ်ထားချက်။ ။အတိဂမ္ဘီရတ္တဖြစ်၍ အဘိဓမ္မာ လိမ္မာပြွမ်းတီး တစ်ဖက်ကမ်းရောက် ထက်မြောက်တော်မူကြကုန်သော ဆရာမြတ်တို့ထံ နည်းခံ၍ မှတ်ယူကြပါ။

********

## သဟဇာတပစ္စည်း၌လာ ဝိသေသနများ

၁။ အချင်းချင်းအားဆိုသည်၊ စတုဝေါကာရဘုံ၌ ဖြစ်သော နာမက္ခန္ဓာ ၄-ပါးကို ရည်သည်။

၂။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း ဆိုသည်၊ ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ ဖြစ်သော နာမက္ခန္ဓာ စိတ္တဇရုပ်ကို ရည်သည်။

http://www.dhammadownload.com



၃။ အချင်းချင်း နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်အား လည်း ကောင်း ဆိုသည်၊ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်ကို ရည်သည်ဟုမှတ်။

## ကျေးဇူးပြုကြပုံ

အယံ ပန စတ္တာရောခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယောတိ ဧဝံ ဆဟိ ကောဋ္ဌာသေဟိ ဋ္ဌိတော။

ဟူသော (ဋ္ဌ၊ ၃၆၂) နှင့် အညီ...

ဤသဟဇာတ၏ ပစ္စယနိဒ္ဒေသပါဠိတော်၌ ၆-ပါးသော အဖို့ ရှိသော သဟဇာတတို့တွင် ၄ ပါးသော နာမက္ခန္ဓာ၊ ၄ ပါးသော မဟာဘုတ်၊ ပဉ္စဝေါကာရ နာမက္ခန္ဓာတို့သည် အချင်းချင်း ဥပါဒ် ဌီ ဘင်ဟုဆိုအပ်သော ခဏတ္တယ တူရာအခိုက်၌သာ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ခဏတ္တယမတူ ကွဲပြားရာ၌ ကျေးဇူးမပြု ကြဟုမှတ်ကြရမည်။

ထို့ကြောင့် ဋ္ဌ၊ ၃၉၂ - ၌

သဟဇာတနိဒ္ဒေသေ အညမညန္တိ အဝုတ္တာပိ ဣမိနာ ဧတေသံ ဓမ္မာနံ ဧကက္ခဏေ ပစ္စယဘာဝဝစနတော ဝိဒိတမေတံ။

ဟု ဖွင့်ပြတော်မူသည်။ ဋီ၊ ၉၉

၆-ပါးသောအဖို့ ဆိုသည်....

၁။ တတ္ထ ပဌမ ကောဋ္ဌာသေ အရူပမေဝ ပစ္စယောစေဝ ပစ္စယုပ္ပန္နဉ္စ။

၂။ ဒုတိယေ ရူပမေဝ။

၃။ တတိယေ နာမရူပံ။

http://www.dhammadownload.com



ပဋ္ဌာန၊ ဋ္ဌ၊ ၃၆၅

ဝတ္ထု စ ရူပန္တိ ဟဒယဝတ္ထုမတ္တမေဝ အဓိပ္ပေတံ၊ တဥ္စိနာမသာ နာမဋ္ဌ၊ နာမဋ္ဌ တဿ အညမညံ၊ သဟဇာတေ ပစ္ဆယဋ္ဌံ ဖရတိ။

ပဋိသန္ဓေခဏ၌ နာမ်ရုပ် နှစ်ပါးတို့သည် အချင်းချင်း ပစ္စည်း ပစ္စယုပ္ပန် ဖြစ်၍ သဟုပ္ပန္နအားဖြင့် ကျေးဇူးပြုကြ၏ ဟူလို။

၄။ ဝတ္ထုဝတ္ထု ပစ္စယော အရူပံ၊ ပစ္စယုပ္ပန္နံ ရူပံ။
၅။ ပဋ္ဌမေ ပစ္စယောပိ ပစ္စယုပ္ပန္နမ္ပိ ရူပမေဝ။
၆။ ဆဋ္ဌေ ပစ္စယော ရူပံ၊ ပစ္စယုပ္ပန္နံ အရူပန္တိ အယံဘာဝေတ္ထ ပါဠိဝဏ္ဏနာ။

ဤ ၆ စုတို့တွင် နောက် ၃ စုကား အချင်းချင်း ပစ္စည်း ပစ္စယုပ္ပန် ဖြစ်၍ ကျေးဇူးမပြု၊ သဟဇာတမျှ ဖြစ်၍သာ ကျေးဇူး ပြု၏။

ထို့ကြောင့် ဋ္ဌ၊ ၃၆၅ ၌....

တတ္ထ တယော ကောဋ္ဌာသာ အညမညဝသေန ဝုတ္တာ၊ တယော န အညမညဝသေန။

ဟု ဖွင့်၏။

တစ်ခုသော စိတ္တက္ခဏ တူရာ၌ ကျေးဇူးပြုကြသည်ဟု ဆိုသော်လည်း အပေါင်းအားဖြင့် ကျေးဇူးပြုသည်မဟုတ်။ အစိတ်အစိတ် အားဖြင့်သာ ကျေးဇူးပြုကြသည်ဟု မှတ်။

ထို့ကြောင့် ပဋ္ဌာဝါရ ပါဠိတော်၌....

ကုသလော ဧကော ခန္ဓော၊ တိဏ္ဏန္နံ ခန္ဓာနံ တယော ခန္ဓာ၊ ဧကဿ ခန္ဓဿ . ဒွေခန္ဓာ၊ ဒွိန္နံ ခန္ဓာနံ။

ဟု ခန္ဓာဝါရ အားဖြင့် ဟောတော်မူပြီ။

ဆိုလိုရင်းကား....

၁။ ဝေဒနာကို ပစ္စည်းယူက သညာ သင်္ခါရ ဝိညာဏ်သည် ပစ္စယုပ္ပန်။

http://www.dhammadownload.com



၂။ သညာကို ပစ္စည်းယူက သင်္ခါရဝိညာဏ် ဝေဒနာသည် ပစ္စယုပ္ပန်။
၃။ သင်္ခါရကို ပစ္စည်းယူက ဝိညာဏ် ဝေဒနာ သညာသည် ပစ္စယုပ္ပန်။
၄။ ဝိညာဏ်ကို ပစ္စည်းယူက ဝေဒနာ သညာ သင်္ခါရသည် ပစ္စယုပ္ပန်။

ဤသို့ ဧကက ၄ ဝါရ။

၁။ ဝေဒနာ သညာ သင်္ခါရကို ပစ္စည်းယူက ဝိညာဏ်သည် ပစ္စယုပ္ပန်။
၂။ သညာ သင်္ခါရ ဝိညာဏ်ကို ပစ္စည်းယူက ဝေဒနာသည် ပစ္စယုပ္ပန်။
၃။ သင်္ခါရ ဝိညာဏ် ဝေဒနာကို ပစ္စည်းယူက သညာသည် ပစ္စယုပ္ပန်။
၄။ ဝိညာဏ် ဝေဒနာသညာကို ပစ္စည်းယူက သင်္ခါရသည် ပစ္စယုပ္ပန်။

ဤသို့အားဖြင့် တိက ၄ ဝါရ။

၁။ ဝေဒနာသညာကို ပစ္စည်းယူက သင်္ခါရ ဝိညာဏ်သည် ပစ္စယုပ္ပန်။
၂။ ဝေဒနာ သင်္ခါရကို ပစ္စည်းယူက သညာ ဝိညာဏ်သည် ပစ္စယုပ္ပန်။
၃။ ဝေဒနာ ဝိညာဏ်ကို ပစ္စည်းယူက သညာ သင်္ခါရသည် ပစ္စယုပ္ပန်။
၄။ သညာ သင်္ခါရကို ပစ္စည်းယူက ဝေဒနာဝိညာဏ်သည် ပစ္စယုပ္ပန်။
၅။ သညာ ဝိညာဏ်ကို ပစ္စည်းယူက ဝေဒနာ သင်္ခါရသည် ပစ္စယုပ္ပန်။
၆။ သင်္ခါရ ဝိညာဏ်ကို ပစ္စည်းယူက ဝေဒနာ သညာသည် ပစ္စယုပ္ပန်။

ဤသို့အားဖြင့် ဒုက ၆ ဝါရ။

http://www.dhammadownload.com



ဤသို့အားဖြင့် စတုဝေါကာရ ဘုံ၌ ဖြစ်သောအခါ အချင်းချင်းအား တစ်သော သဟဇာတသတ္တိဖြင့် ၁၄-ဝါရ ကျေးဇူးပြုကြပေသည်။

ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ အချင်းချင်း နာမက္ခန္ဓစိတ္တဇရုပ်ဖြစ်အံ့။ ဝေဒနာကို ပစ္စည်းယူ၍၊ ပဌဝီ မဟာဘုတ် စိတ္တဇရုပ်ကို ပစ္စယုပ္ပန် ယူ၍ (က) ကေက ၄ ဝါရ၊ (ခ) တိက ၄ ဝါရ၊ (ဂ) ဒုက ၆ ဝါရ။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို ပစ္စည်းယူ၍၊ ပဌဝီ မဟာဘုတ် စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ယူ၍ စတုက္က တစ်ဝါရ အားဖြင့် ကျေးဇူးပြုကြပေသည်။

ဤသို့ချွင်....

| | |
|---|---|
| - ပဌဝီ မဟာဘုတ် စိတ္တဇရုပ်၌ | ၁၅-ဝါရ၊ |
| - အာပေါမဟာဘုတ်၌ | ၁၅-ဝါရ၊ |
| - တေဇောမဟာဘုတ်၌ | ၁၅-ဝါရ၊ |
| - ဝါယော မဟာဘုတ်၌ | ၁၅-ဝါရ ဖြစ်ရကား |
| ကေက၌ | ၆၀-ဝါရအားဖြင့် |

ကျေးဇူး ပြုကြ၏။

| | |
|---|---|
| ထို့အတူ တိက၌ | ၆ဝ-ဝါရ |
| ဒုက၌ | ၆ဝ-ဝါရ |
| ကေက၌ | ၆ဝ-ဝါရ |
| စတုက္က၌ | ၁၅-ဝါရ ဖြစ်ရကား |

(၂၂၅) ဝါရဖြင့် ကျေးဇူးပြုကြပေသည်။

ပဋိသန္ဓေအခါ အချင်းချင်း နာမ က္ခန္ဓာ ကဋတ္တာရုပ်၌လည်း ဤနည်းအတိုင်း ပင် (၂၂၅) ဝါရဖြင့် ကျေးဇူးပြုကြလေသည်။

အချင်းချင်း မဟာဘုတ်၊ ဥပါဒါရုပ်၌-

မဟာဘုတ် အချင်းချင်း၌ ကေက ၄-ဝါရ၊ တိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ မဟာဘုတ်သည် ဥပါဒါရုပ်အား စတုက္က တစ်ဝါရ ထည့်၍ (၁၅) ဝါရဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



ဤနည်းနှင်နှင်-

- ပဋိသန္ဓေကမ္မဇရုပ်၌ ၁၅-ဝါရ၊
- ဗာဟိရမဟာဘုတ်၌ ၁၅-ဝါရ၊
- အာဟာရဇမဟာဘုတ်၌ ၁၅-ဝါရ၊
- ဥတုဇရုပ်၌ ၁၅-ဝါရ၊
- အသညသတ်ကမ္မဇရုပ်၌ ၁၅-ဝါရ၊
- ပဝတ္တိကမ္မဇရုပ်၌ ၁၅-ဝါရ၊

ပေါင်း (၉ဝ) သောဝါရတို့ဖြင့် ကျေးဇူးပြုပေသည်။

အမှာ။ စိတ္တဇရုပ်ဟု သာမညအားဖြင့် ဆိုသော်လည်း ဝေဒနာကို ပစ္စည်းယူခိုက် ဝေဒနာသည် ဖြစ်စေအပ်သော စိတ္တဇရုပ်ကိုသာ ပစ္စယုပ္ပန် ယူရပါမည်။ သညာ သင်္ခါရ ဝိညာဏ်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကို မယူကြရပါ၊ သတိမူနိုင်ကြပါစေ အရှင်ကောင်းတို့။

ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော ဟူသော ပါဠိတော်၌-

သဟဇာတပစ္စယေန ဟူသောပါဌ်ဖြင့် တဒယဝတ္ထုရုပ်သည် ပဋိသန္ဓေ အခါ၌သာ ကျေးဇူးပြုသည်၏အဖြစ်ကို ပြတော်မူ၏။

န သဟဇာတပစ္စယေန ဟူသောပါဌ်ဖြင့် ပဝတ္တိအခါ၌ ကျေးဇူး မပြုသည်၏ အဖြစ်ကိုပြတော်မူ၏။

*********

## ဤ-သဟဇာတပစ္စည်း၌ ပစ္စနိက် မထုတ်ခြင်း၊

သဟဇာတ ပစ္စယုပ္ပန်တရား ကုန်သောကြောင့် ပစ္စနိက် မထုတ် လေသည်။

ထို့ကြောင့် အဋ္ဌကထာ၌ (သဟဇာတပစ္စယေ ပရိဟီနေဘ) ဟု မိန့်အပ်ပြီ။

http://www.dhammadownload.com



နိဗ္ဗာန်နှင့်ပညတ်သည် ပစ္စယုပ္ပန်တရားမှ ကြွင်း၏ဟုဆိုငြားအံ့။

- နိဗ္ဗာန်နှင့်ပညတ်ကို ပစ္စနိက်ထုတ်၍ အာယ်ပစ္စည်းကိုမျှ မဟောသောကြောင့် လည်းကောင်း၊
- ထိုတရား ၂-ပါးတို့နှင့် သဟဇာတ ဖြစ်သောတရား မရှိသောကြောင့် လည်းကောင်း၊
- ဝါ-တကွဖြစ်သောတရား ရှိ၏ဟူ၍လည်းကောင်း၊ မရှိ၏ဟူ၍လည်းကောင်း မဆိုထိုက်သောကြောင့်လည်းကောင်း၊
- အာရုံ အာရမ္မဏိကသာ ဆိုထိုက်သောကြောင့် လည်းကောင်း ပစ္စနိက် မထုတ်ရလေသည်။

အထူးမှတ်သားချက်။

ဤသဟဇာတပစ္စည်း၌ ပဋိသန္ဓိက္ခဏေ ဟုဆိုခြင်းသည် ပဉ္စဝေါကာရ ပဋိသန္ဓေ၏ အစွမ်းဖြင့် ဆိုသည်ဟူ၍မှတ်။

ခွဲ၍ပြဆိုရသော်....

ပဉ္စဝေါရပါဠိ၌ ပဋိသန္ဓိက္ခဏေ ဟု လာ၍ ပစ္စယနိဒ္ဒေသ၌ ဩက္ကန္တိက္ခဏေ ဟု လာ၏။ သို့ပင်တစေ ထိုနှစ်ပါးတို့သည် အနက်အားဖြင့် အတူတူပင်၊ သဒ္ဒါအားဖြင့်သာ ထူး၏။

တစ်နည်းဆိုရသော်....

တိက္ကံ သန္ဓိပါတာ ဂဗ္ဘဿ အဝက္ကန္တိ ဟု(မူလပဏ္ဏာသ) ပ၊ ၃၂၂ ၌ ဟောတော်မူရကား ဩက္ကန္တိ ဟူသော အမည်သည် ပဉ္စဝေါကာရ ပဋိသန္ဓေ၏ အမည်ဖြစ်သောကြောင့် ပဋိသန္ဓေနှင့်ဩက္ကန္တိသည် အတူတူပင် ဖြစ်၏။

ပဋိသန္ဓိသဒ္ဒါသည် အလုံးစုံသော ဘဝနှင့်ဆက်ဆံသော်လည်း ဤအရာ၌ ကဋတ္တာရုပ် ဟု ဟောတော်မူသောကြောင့် ပဉ္စဝေါကာရ နာမက္ခန္ဓာနှင့် ကမ္မဇရုပ်ကို ယူအပ်၏။

ကဋတ္တာရုပ် ဆိုသည်ကိုလည်း....

ကေန္တအားဖြင့် ကံသည် ဖြစ်စေအပ်သော ရုပ်ဇီဝိတိန္ဒြေကိုသာ ယူအပ်၏။ ကြွင်းသောရုပ်တို့ကား အနေကန္တအားဖြင့် ကံသည်ဖြစ်စေအပ်သောကြောင့် ဥပါဒါရုပ်တည်း၊သို့ပင်ဖြစ်စေကာမူ ဤသဟဇာတပစ္စည်း၌ ကံကြောင့်ပင်ဖြစ်သည်ဟူ၍ ယူကြကုန်ရာ၏။

http://www.dhammadownload.com



ပဋ္ဌာန ၁၊ ၄၁၃။

သဟဇာတပစ္စယေ ပဋိသန္ဓိက္ခဏေတိ ပဉ္စဝေါကာရပဋိသန္ဓိဝသေန ဝုတ္တံ။ ဟေဋ္ဌာ ပန ပစ္စယဝိဘင်္ဂေ ဩက္ကန္တိက္ခဏေတိ အာဂတံ။ တမ္ပိ ဣမိနာ သဒ္ဓိံ အတ္ထတော ဧကံ၊ ဗျဉ္ဇနမတ္တမေဝ ဟေတ္ထ နာနတ္တံ။ ။
အပိစ တိဏ္ဏံ သန္ဓိပါတာ ဂဗ္ဘဿ အဝက္ကန္တိ ဟောတီတိ ဝစနတော ဩက္ကန္တီတိ ပဉ္စဝေါကာရ ပဋိသန္ဓိယာ ဝေဝစနံ။ ပဋိသန္ဓီတိ သဗ္ဗဘဝသာဓာရဏံ ဣဓ ပန ကဋတ္တာစ ရူပန္တိ အာဒိ။ ဝစနတော ပဉ္စဝေါကာရ ပဋိသန္ဓိ ယေဝ အဓိပ္ပေတာ၊ သာ ဟိ ရူပဿပိ အရူပဿပိ ပစ္စယဘာဝေန ပစ္စယုပ္ပန္နဘာဝေန သင်္ဂယှတိ။ ။

ပစ္စယနိဒ္ဒေသ ပါဠိတော် ၅-၌....

ဩက္ကန္တိက္ခဏေ နာမရူပံ ဟု ပဉ္စဝေါကာရနာမက္ခန္ဓာ ၄ ပါးနှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်း ကျေးဇူးပြုသည်ဟု ဆိုသော်လည်း ပဋိသန္ဓေစိတ်၏ ဥပါဒ်-ဌီ-ဘင် ဟု ဆိုအပ်သော စိတ္တက္ခဏအတွင်း၌ ပဋိသန္ဓေနာမက္ခန္ဓာ တို့သည် ရုပ်တရား တို့အား ကျေးဇူးပြုသည်၏ အဖြစ်ကို တားမြစ်ခြင်းငှာ (ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ)ဟူသော စကားကို ဆက်လက်၍ ဟောကြားတော်မူသည်။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဟူသောဝါကျဖြင့် ပဋိသန္ဓေခဏ၌ ရုပ်တရားတို့အား ကျေးဇူးပြုသည်၏အဖြစ်ကို တားမြစ်၏ဟူလို။

ဤ၌ ဗာဟိရံ ဧကံ မဟာဘူတံ ဟု ဗာဟိရသဒ္ဒါဖြင့် အထူးပြုကာ ဟောတော်မူခြင်းကား....

အနိန္ဒြိယဗဒ္ဓ ဖြစ်သော သစ်ပင် မြေ ကျောက် သံ စသည်တို့၌ တည်သော မဟာဘုတ် ၄ ပါးတို့ကို ရည်၍ ဟောတော်မူသည်။

ပဋ္ဌာန ၁၊ ၄၁၄။

ဗာဟိရံ ဧကံမဟာဘူတန္တိ အနိန္ဒြိယဗဒ္ဓံ ပထဝီ- ပါသာဏာဒိသု မဟာဘူတံ သန္ဓာယ ဝုတ္တံ၊ ပစ္စယဝိဘင်္ဂ- ဝါရသ္မိံ စတ္တာရော မဟာဘူတာတိ အဇ္ဈတ္တိကဉ္စ ဗာဟိရဉ္စ ဧကတော ကတွာ ဂဟိတံ။

http://www.dhammadownload.com



ပစ္စယနိဒ္ဒေသလာ စတ္တာရော မဟာဘူတာ အရကို အဋ္ဌကထာက ဗဟိဒ္ဓ ၂ ပါးလုံး၌တည်သော မဟာဘုတ်ကို ယူပါဟု မှာကြားတော်မူသည်။

အချုပ်အားဖြင့် သဟဇာတပစ္စည်းသည်....

ခဏ ဥပါဒ်ခဏ၊ တစ်နည်း ဌီခဏ၊
သတ္တိ ဇနက၊ ဥပတ္ထမ္ဘက၊
လက္ခဏာ သဟုပ္ပါဒ၊
ဓမ္မ နာမ် ရုပ်၊
ကာလ ပစ္စုပ္ပန်၊
ဘုံ ၃၀ ဘုံတို့၌ ကျေးဇူးပြုသည်။

*******

## အညမညပစ္စည်း

ပစ္စယုပ္ပန္နဓမ္မေ အာ အဘိမုခံ ဧ ဣတိ ဧတာသေတိ ထမ္ဘေ့တိတိ အညော၊ ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်သောကြောင့် အညမညမည်၏။

ကံ ပုရိသံ ဧ ဣတိ ဧတာ သေတိကသ္မာ ဟူသော ဧကက္ခရကောသင်္ဂီကာ၌ကဲ့သို့ ဉာဓာတ် တောသနတ္ထတည်း။ ပုရိမံ ပုရိမံ ပစ္ဆိမဿ အတ္ထ ကတာန် ဟူသော မူလင်္ဂီကာ၊ပရိဘာသာနှင့်အညီ ထမ္ဘေ့တိ ဟူသော နောက်ပုဒ်၏ အနက်သည် တောသေတိ ဟူသော ရှေ့ပုဒ်၏အနက်ဟု သိကြပါလေ။ သံယောဂ ပရေ ရဿတ္တံ ဟူသော ရူပသိဒ္ဓိနှင့် အညီ ည သံယုတ်ကြောင့် အာကို အ ရဿပြု၍ အညဿစ အညော ဟု တဖွဲ့ရိုသ သမာသ်တွဲလေ။

ထိုပ်ချင်းထိ၍ ထားအပ်သော သစ်သားသုံးချောင်းတို့သည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းကို တည့်မတ်နေစေရန် ထောက်ပံ့သည် ခိုင်စေသည်ဖြစ်စေ၍ ကျေးဇူးပြုသည့်၏ အဖြစ်သည် အညမညပစ္စည်း မည်၏။

http://www.dhammadownload.com



ထို့ကြောင့် ဋီ၊ ၂၄၂ ၌....

အညမညံ ဥပတ္ထမ္ဘယမာနံ တိဒဏ္ဍံဝိယ အတ္တနော ဥပကာရကဓမ္မာနံ ဥပတ္ထမ္ဘကဘာဝေန ပစ္စယော အညမည-ပစ္စယော။

အညမညံ၊ တစ်ခုသည် တစ်ခုကို။ ဥပတ္ထမ္ဘယမာနံ ဝိယ၊ ထောက်ပံ့ခိုင်စေသကဲ့သို့။ ဟုတ္တွာ၊ ဖြစ်၍။ အညမညံ၊ တစ်ပါးသည် တစ်ပါးကို။ ဥပထမ္ဘယမာနာ၊ ထောက်ပံ့ခိုင်စေကုန်သည်။ ဟုတ္တွာ၊ ဖြစ်၍။ အတ္တနော၊ မိမိအား။ ဥပကာရဓမ္မာနံ၊ ကျေးဇူးပြုတတ်ကုန်သော တရားတို့အား။ ဥပထမ္ဘကဘာဝေန၊ ထောက်ပံ့ခိုင်စေသည်၏ အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ အညမည-ပစ္စယော၊ မည်၏။

မှတ်ချက်။ ။ဤအညမညပစ္စယနိဒ္ဒေသ၌....

သဟဇာတနိဒ္ဒေသလာ ၆ ပါးသော အဖို့အစုတို့တွင် ရှေးဖြစ်သော ၃ ပါးသော အဖို့အစုတို့၏ အစွမ်းဖြင့်သာလျှင် အပြန်အလှန်ရသောကြောင့် အညမညပစ္စည်းရ၏။ နောက်ဖြစ်သော ၃ ပါးသော အဖို့အစုကား အပြန်အလှန်မရသောကြောင့် အညမည မရဟု မှတ်ကြပါလေ။

ထို့ကြောင့် ဋ္ဌ၊ ၃၆၆ ၌....

အညမညပစ္စယနိဒ္ဒေသေ သဟဇာတပစ္စယနိဒ္ဒေသသ္သ ပုရိမာနံ တိဏ္ဏံ ကောဋ္ဌာသာနံ ဝသေန ပါဠိ အာဂတာ။ တဿာ တတ္ထ ဝုတ္တသဒိသောဝ ဝဏ္ဏနာ'တိ ပုန နဂဟိတာ။

***********

## သဟဇာတနှင့် အညမည ထူး

မိမိနှင့်တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့နှင့်တကွ ဖြစ်သည်၏ အဖြစ်အားဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတ ပစ္စည်း မည်၏။

http://www.dhammadownload.com



မိမိအား ကျေးဇူးပြုတတ်ကုန်သော တရားတို့အား ထောက်ပံ့ခိုင်စေသည်၏ အဖြစ်အားဖြင့် ကျေးဇူးပြုတတ်သော တရားသည် အညမညပစ္စည်း မည်၏။

အချင်းချင်း အပြန်အလှန် ထောက်ပံ့ခိုင်စေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အညမညပစ္စည်းမည်၏။ တကွဖြစ်သည်၏ အဖြစ်အားဖြင့် ကျေးဇူးပြုခြင်းသည် သဟဇာတ မည်၏။

ထို့ကြောင့် ဋီ၊ ၂၄၁။

အညမညဘာဝေနေဝ ဥပကာရကတာ အညမည-ပစ္စယတာ၊ န သဟဇာတ မတ္တေနာတိ အယမေတေသံ ဝိသေ-သော။

**အထူးမှတ်ချက်**

သဟဇာတပစ္စယနိဒ္ဒေသပါဠိတော် သဟဇာတ ၆ ပစ္စယတို့တွင် ရှေ့ ၃ ပစ္စယ၌ အညမညံ ဟု သမ္ပဒါန်ပါရှိ၍ သဟဇာတနှင့် အညမည တူ၏။ နောက် ၃ ပစ္စယ၌ အညမညံဟု သမ္ပဒါန် မပါ မရှိခြင်းကြောင့် သဟဇာတသာရ၏ အညမညမရပေ။ ဤသို့ ပါဠိတော်၌ ထို ၂ ပါးတို့၏ အထူးလာသည်ကိုထောက်၍ ဋီကာကျော် ဆရာက သဟဇာတနှင့် အညမညအထူးကို ပြဆိုသည်ဟူ၍သိကြပါလေ။

မဏိမဉ္ဇူ၊ ဒု၊ ၃၈၄။

တတ္ထ အညမညတာ ဝသေနေဝါတိ ဣမိနာ သဟဇာတ ဘာဝေန အတ္တနော ဥပကာရကဿ ဥပကာရကတာမတ္တံ န အညမညပစ္စယော။ အထခေါ အညမည ပစ္စယဘာဝေ နေဝါတိ လက္ခဏ သက်ရာဘာဝံ ဒဿေတိ။

တတ္ထ၊ ထို ၂ ပါးသောပစ္စည်းတို့တွင်။ အညမညဝသေနေဝါတိ ဣမိနာ၊ ပါဌ်ဖြင့်။ သဟဇာတဘာဝေန၊ သဟဇာတ၏ အဖြစ်ဖြင့်။ အတ္တနော၊ မိမိအား။ ဥပကာရကဿ၊ ကျေးဇူးပြုခြင်း၏။ ဥပကာရကတာမတ္တံ၊ ကျေးဇူးပြုကာမျှသည်။ အညမည ပစ္စယော၊ အညမည ပစ္စည်းသည်။ နဟောတိ၊ မဖြစ်။ အထခေါ၊ စင်စစ်သော်ကား။

http://www.dhammadownload.com



အညမညပစ္စယဘာဝေန၊ အချင်းချင်း ကျေးဇူးပြုသည်၏ အဖြစ်သည် သာလျှင်။ အညမညပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လက္ခဏသက်ရာဘာဝံ၊ လက္ခဏာ ရောယှက်ခြင်းမရှိသည်၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

မှာထားချက်။ ။န သဟဇာတပစ္စယေန ဝိနာ အညမည ပစ္စယော ပဝတ္တိ ဟူသော မဏိမဉ္ဇူ၊ ဒု၊ ၃၇၄-အရ အညမည ပစ္စည်းသည် သဟဇာတနှင့်ကင်း၍မဖြစ်၊ သဟဇာတပစ္စည်းကား အညမညပစ္စည်းနှင့်ကင်း၍ ဖြစ်၏ဟုမှတ်။

သဟဇာတဖြစ်၍အညမညပစ္စည်းမဖြစ်ပုံကို....

မူလဋီ၊ ၁၇၁-၌....

သဟဇာတာဒိပစ္စယော ဟောန္တောယေဝ ကောစိ အညမည ပစ္စယော၊ န ဟောတိ။ န စ ပုရေဇာတ ပစ္ဆာဇာတာဘာဝေဟိ ဥပကာရကသ ဥပကာရက ဝတ္ထုံ ခန္ဓာ အညမညပစ္စယာ ဟောန္တိ။ ဆို၏။

ဆိုလိုရင်းကား....

သဟဇာတဖြစ်တိုင်း တစ်ခုံတစ်ခုသော အညမညပစ္စည်းမဖြစ်။ သဟဇာတ ပုရေဇာတ ပစ္ဆာဇာတ အဖြစ်တို့ဖြင့် ကျေးဇူးပြုအပ် ကုန်သော ဟဒယဝတ္ထုနာမက္ခန္ဓာတို့သည် အညမညပစ္စည်း မဖြစ်ဟု ဆိုလိုသည်။

အချုပ်အားဖြင့် အညမညပစ္စည်းသည်...

- ခဏ ဥပါဒ်ခဏ၊
- သတ္တိ ဇနက/ဥပထမ္ဘက၊
- လက္ခဏ အညမညဥပ္ပါဒ ဥပထမ္ဘက၊
- ဓမ္မ နာမ်-ရုပ်၊
- ကာလ ပစ္စုပ္ပန်၊
- ဘုံ ၃၁-ဘုံတို့၌ ကျေးဇူးပြု၏။

http://www.dhammadownload.com



ဆရာ။ ။ဥပါဒ်ခဏ၊ ဌီခဏ၌ ကျေးဇူးပြုကြောင်းကို....

အယဉ္စ ဥပ္ပတ္တိယာ ဌိတိယာ ဥပကာရကောတိ ဝေဒိတဗ္ဗော၊ ဟူသော ဝိသုဒ္ဓိမဟာဋီကာ၊ ဒု၊ ၂၅၄ အရ သိကြပါတွန်။

## နိဿယပစ္စည်း

သဟဇာတ ပုရေဇာတ ဘေဒံ ဝိဘင်္ဂေ ဘာဝေန သေတိ ပဝတ္တတီတိ နိဿယော၊ သဟဇာတ ပုရေဇာတ အပြားကို ဝေဖန်သည်၏အဖြစ်ဖြင့် ဖြစ်စေတတ်သောကြောင့် နိဿယမည်၏။ နိ–ရှေးရှိသော သီ–ဓာတ်၊ ဏ–ပစ္စည်း။ နိ–သဒ္ဒါ နိဒ္ဒေသ ဟူသောပုဒ်ကဲ့သို့ ဝိဘင်္ဂနတ္ထဟော၊ ဝိဘင်္ဂနေ ပါဘုကမ္မေ၊ အဝသာနေစ ခရုဏော ဟူသော သဒ္ဒနီတိကို ထောက်လေ။

တစ်နည်း....

ဥပ္ပါဒဋ္ဌိတိဘာဝေန ပါတုဘူတံ ဟုတွာနိဿိတကော ဟိ နိဿယံ သီယတိ နိဿယတီတိ နိဿယော။ ဤ၌ နိသဒ္ဒါ နိရဝ သေသံ ဒေတိ–ပုဒ်၌ နိသဒ္ဒါကဲ့သို့ နိသေသအနက်ဟော။သီ–ဓာတ်၏ အရကား ဘူတရုပ် စတ္တုရုပ်တို့၏ ဟေတု အာရမ္မဏ အာဓိပ္ပတိ၌ သဟဇာတ အညမည ဥပနိဿယ ပုရေဇာတ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၄)ပစ္စယသတ္တိရ၏။ ဏ ပစ္စည်း၏အရကား.... ထို(၁၄)ပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တရ၏။

## ကျေးဇူးပြုပုံ

အဝတ်ပုဆိုးသည် ပန်းချီဆေးအား မှီရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပထဝီဘူတရုပ်သည် ၄–ပါးသောခန္ဓာအား မှီရာ၏အဖြစ်ဖြင့် ကျေးဇူးပြု၏။ မြေကြီးသည် သစ်ပင်အား တည်ရာအဖြစ်ဖြင့်

ကျေးဇူးပြုသကဲ့သို့ ဝတ္ထုရုပ်သည် သတ္တဝိညာဏဓာတ်အား တည်ရာ၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။

ထို့ကြောင့် ဋီကာ၌....

စိတ္တကမ္မဿ ပဋော ဝိယ သဟဇာတနာမရူပါနံ နိဿယဘူတာ စတုက္ခန္ဓာ တရုပဗ္ဗတာဒီနံ ပထဝီဝိယ အာဓာရဏဘော ယေဝ သဟဇာတရူပသတ္တ ဝိညာဏဓာတူနံ ယထာက္ကမံ နိဿယဘူတရူပံ ဝတ္ထုစာတိ ဣမေ နိဿယပစ္စယော နာမ နိဿယိတိ နိဿိတ ကေဟိတိ ကတွာ။

ဟု မိန့်၏။

မဏိမဉ္ဇူဋီ၊ ဒု၊ ၃၇၆ ၌လည်း....

ယထာက္ကမန္တိ သဟဇာတရူပ ။ပေ။ ဝိညာဏဓာတူနံ ကမာနု ရူပေန သဟဇာတရူပါနံ နိဿယဘူတံ ဘူတရူပဉ္စ သတ္တ-ဝိညာဏဓာတူနံ နိဿယဘူတံ စက္ခာဒိဝတ္ထုရူပဉ္စာတိ အတ္ထော။

ဟူ၍ လည်းကောင်း။

ဘူတရူပန္တိ ဣဒံ ပထဝီဘူတရူပံယေဝ သန္ဓာယ ဝုတ္တံ၊ န ဘူတ စတုက္ကံ၊ သေသဘူတတ္တယဿ အဓိဋ္ဌာနဘာဝေန သဟဇာတ ရူပါနံ နိဿယာဘာဝတော။

ဟူ၍ လည်းကောင်း။

ပဉ္စပက-ဋ္ဌ၊ ၄၄၇ ၌လည်း....

အဓိဋ္ဌာနာကာရေန နိဿယာဟာရကာရေန စ ဥပကာရကော ဓမ္မော နိဿယပစ္စယော၊ တရုစိတ္တကမ္မာဒီနံ ပထဝီ ပဋာဒ-ယော ဝိယ။

ဟူ၍ လည်းကောင်း။

မူလဋီ၊ ၁၇၁ ၌လည်း....

တရုအာဒီနံ ပထဝီဝိယ အဓိဋ္ဌာနာကာရေန ပထဝီဓာတု သေသဓာတူနံ စက္ခာဒယော စ စက္ခုဝိညာဏာဒီနံ ဥပကာ-

http://www.dhammadownload.com



ရကာ စိတ္တကမ္မသာ ပဋ္ဌာဒယောဝိယ နိဿယဟာဝရေန
ခန္ဓာဒယောတံတံနိဿယာနံ ခန္ဓာဒီနံ။

ဟူ၍ လည်းကောင်း။

အနုဋီ၊ ၂၃၀ ၌လည်း....

ပထဝီဓာတုယံ ပတိဋ္ဌာယဧဝ သေသဓာတုယော စ ဥပါဒါ-
ရူပနိဝိယ ယထာ သကက်ိစ္စံ ကရောန္တီတိ ဝုတ္တံ။

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူကြကုန်၏။

ဆိုလိုရင်းကား ပထဝီဘူတရုပ်၊ ဒ် ပါးသော စတ္တုရုပ်တို့သည် စက္ခုဝိညာဏဓာတ် အစရှိသည်တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုကြကုန်၏။ ကြွင်းသော ဘူတရုပ် ၃ ခု အပေါင်းသည် သဖာဇာတဖြစ်သော ရုပ်တို့အား တည်ရာ၏အဖြစ်ဖြင့် ကျေးဇူး မပြု။ မှီရာ၏အဖြစ်ဖြင့်သာ ကျေးဇူး ပြုကြသည်ဟု မှတ်ရမည်ဟူ၏။

အနုဋီကာ၏ ဆိုလိုရင်းကား ပထဝီဘူတရုပ် တည်သောကြောင့်သာလျှင် ကြွင်းသော ဘူတရုပ် ၃ ပါး တို့သည် ဥပါဒါရုပ်တို့ကဲ့သို့ ပထဝီဘူတရုပ်ကိုမှီ၍ မိမိကိစ္စကို ပြုကြကုန်သည်ဟု မှတ်ရမည် ဟူ၏။

မူလဋီကာအနက်။

ပထဝီ၊ မြေသည်။ တရုအာဒီနံ၊ သစ်ပင်စသည်တို့အား။ အဓိဋ္ဌာနာကာရေန၊ တည်ရာ၏ အဖြစ် ဟူသော အခြင်း အရာ အားဖြင့်။ ဥပကာရကတာဝိယ၊ ကျေးဇူးပြုသကဲ့သို့။ ပထဝီဓာတု၊ သည်။ သေသဓာတူနံ၊ ကြွင်းသောဓာတ်တို့အား လည်းကောင်း။ စက္ခာဒယော၊ စက္ခု အစရှိသည်တို့သည်။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဏ် အစရှိသည်တို့အား လည်းကောင်း။ အဓိဋ္ဌာနာကာရေန၊ တည်ရာ၏ အဖြစ် ဟူသော အခြင်းအရာအားဖြင့်။ ဥပကာရကာ၊ ကျေးဇူးပြုကြကုန်၏။

ပဋ္ဌာဒယော၊ အဝတ်ပုဆိုး အစရှိသည်တို့သည်။ စိတ္တကမ္မဿ၊ ပန်းချီဆေးရေးအမှုအား။ နိဿယာကာရေန၊ မှီရာ၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ ဥပကာရကတာဝိယ၊ ကျေးဇူးပြုကုန်သကဲ့သို့။ ခန္ဓာဒယော၊ ဝေဒနာက္ခန္ဓာ အစရှိသည်တို့သည်။ တံတံနိဿယာနံ၊ ထိုထိုဝေဒနာက္ခန္ဓာ စသည်တို့ကို မှီကုန်သော။ ခန္ဓာဒီနံ၊ သညာက္ခန္ဓာ

http://www.dhammadownload.com



စသည်တို့အား။ နိဿယာကာရေန၊ မှီရာ၏အဖြစ်ဟူသောအခြင်းအရာအားဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုကုန်၏။

မြေသည်...သစ်ပင် စသည်တို့အား တည်ရာ၏ အဖြစ် ဟူသော အခြင်းအရာအားဖြင့် ကျေးဇူးပြုသကဲ့သို့ ပထဝီဓာတ်သည် ကြွင်းသော အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် တို့အားလည်းကောင်း၊ စက္ခုစသည်တို့သည် စက္ခုဝိညာဏဓာတ် စသည်တို့အားလည်းကောင်း တည်ရာ၏ အဖြစ် ဟူသော အခြင်းအရာအားဖြင့် ကျေးဇူးပြုကုန်၏။

ပုဆိုးအဝတ် စသည်တို့သည် ပန်းချီဆေးရေး အမှုအား မှီရာ၏ အဖြစ် ဟူသော အခြင်းအရာအားဖြင့် ကျေးဇူး ပြုကုန်သကဲ့သို့ ဝေဒနာက္ခန္ဓာ အစရှိသည်တို့သည် ထိုထိုဝေဒနာက္ခန္ဓာ စသည်တို့ကို မှီကုန်သော သညာက္ခန္ဓာ စသည်တို့အား မှီရာအဖြစ်ဟူသော အခြင်းအရာအားဖြင့် ကျေးဇူးပြုကုန်၏ ဟူလို။

ဤ၌ လိုရင်း စကားကျ ပိဏ္ဍတ္ထကား- အဓိဋ္ဌာနာကာရ၊ နိဿယာကာရ ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် နိဿယ ပစ္စည်း မည်၏။ ။

* * * * * * *

## အဓိဋ္ဌာနာကာရ နှင့် နိဿယာကာရ

ပထဝီဓာတ်သည် အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ၃ ပါးတို့အား အဓိဋ္ဌာနာကာရ အားဖြင့် ကျေးဇူးပြုသည်။

အာပေါဓာတ် စသော ၃ ပါး တို့သည် ပထဝီဓာတ်အား နိဿယာကာရအားဖြင့် ကျေးဇူးပြုသည်။

စက္ခု အစရှိသည်တို့သည် စက္ခုဝိညာဏဓာတ် အစရှိသည်တို့အား အဓိဋ္ဌာနာကာရ အားဖြင့် ကျေးဇူးပြုသည်။

ဝေဒနာက္ခန္ဓာ စသည်တို့သည် နာမက္ခန္ဓာ အချင်းချင်းအား နိဿယာကာရအားဖြင့် ကျေးဇူးပြုသည် ဟူ ဆိုလိုသည်။

* * * * * * * * * *

http://www.dhammadownload.com



## နိဿယ ၃ ပါး

နိဿယပစ္စည်းသည်- သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယအားဖြင့် ၃ ပါး အပြား ရှိ၏။

ထို ၃ ပါးတို့တွင်....

ဇဝံ သဟဇာတ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ ဟူ (ဋ္ဌ၊ ၃၄၇)၌ သဟဇာတနိဿယကို သဟဇာတ၌ ဆိုအပ်ခဲ့ပြီးသောအတိုင်းသိကြပါ ဟု ဖွင့်ပြတော်မူသည်။

အထူးမှာထားချက်။ ။

ဤ၌ အဋ္ဌကထာဆရာသည် နိဒဿန နိဒဿေတဗ္ဗ၊ ဝိဓိ၊ အန္ဓဝါဒ ပါဠိတော်တို့ တူညီခြင်း၊ အရကောက် တရားတို့ တူညီခြင်းကို ရည်ညွှန်း၍ (ဇဝံ သဟဇာတေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ)ဟု သဟဇာတ နိဿယသည် သဟဇာတနှင့် တူ၏ ဟု ဖွင့်ဆိုသော်လည်း...

သဟဇာတသည် စိတ္တကမ္မဏ တစ်ခုတည်း၌ ပစ္စည်းနှင့်ပစ္စယုပ္ပန် အတူတကွ ဖြစ်ခြင်းမျှ ဟူသော လက္ခဏာတစ်ပါးသာ ရှိပေသည်။

သဟဇာတနိဿယသည် ထိုအတူတကွ ဖြစ်ခြင်းမျှ ဟူသော လက္ခဏာမှီရာလည်း ဖြစ်သော လက္ခဏာဖြင့် ၂ ပါး ရှိလေသည်။

ထို့ကြောင့် သဟဇာတနှင့် သဟဇာတနိဿယသည် ကျေးဇူး ပြုပုံ သတ္တိထူးသေးသည်ဟု မှတ်ကြရမည်ဖြစ်ပေသည်။

**********

## ဝတ္ထုပုရေဇာတ နိဿယ

ဝတ္ထုပုရေဇာတနိဿယ၌-

ပဝတ္တိအခါ ဆဝတ္ထု ဤပစ္စည်းတရားတို့သည် ဝတ္ထုပုရေဇာတ ပစ္စည်းမည်ကုန်၏။ တစ်နည်းကား မရဏာသန္နကာ အမရဏာသန္နကာ မဇ္ဈိမာယုကအားဖြင့် ၃ ပါးသော ဇကျွ ဝတ္ထုတို့တွင် မရဏာသန္နကဖြစ်၍ အတိ

http://www.dhammadownload.com



တဘာဝင် တစ်ချက်လွှန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု စသည်ဖြင့် သဲအင်း သုံးချက်စုတို့ ဆိုရိုးပြုကြရာ၌ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက သုံးပါးတို့ကို လှဲ့လာသူများ တစ်စတစ်စနည်းပါးလာသည်ဟုဆိုလျှင် လွန်အံ့မထင်။

ထို့ကြောင့် ၎င်း ၃ ပါးတို့ကို ဂယာနဏ တိကျစွာ ရှင်းလင်းပြဆိုပါဦးအံ့။

မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကတို့ကို ရွေးရကား ပဉ္စဝိညာဏ်၏မှီရာ ပုရေဇာတပစ္စည်းတပ်သော ပဉ္စပသာဒကို ရွေးချယ်၍ပြခြင်းငှာ ဆရာမြတ်တို့ပြကြသည်ဟု မိုင်းခိုင်ဆရာတော်၏ ဝိထိပုံသိမ်ပုံကျမ်း၌ မှာထားတော်မူသည်။

ဒဒဒဒဒဒဒဒဒ

## ပဉ္စဒွါရ၌ ဝိထိ၌သာ ရွေးချယ်ရခြင်း

ပဋ္ဌိသန္ဓေအဓိပ္ပါယ်-

စက္ခုဒသက ဖြစ်သည်မှစ၍ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်တို့၏ ဥပါဒ်တိုင်အောင် (ခဏေ ခဏေ သမုဋ္ဌာပေတိ ဟူသော သင်္ဂြိုဟ်ကျမ်းအရ) တစ်ခုတစ်ခုသော စိတ်၏ ၃ ပါး၊ ၃ ပါးသော ခဏတို့၌ဖြစ်သော စက္ခုပသာဒအများတို့တွင် စက္ခုဝိညာဏ် ဖြစ်သည့်ဆိုင်အောင် မမှီသော စက္ခုပသာဒ၊ စက္ခုဝိညာဏ်မှ နောက်ဖြစ်သော စက္ခုပသာဒတို့ကို မယူမူ၍ စက္ခုဝိညာဏ်ဖြစ်သည်တိုင်အောင်မှီသော ခဏငယ်(၄၉)ချက်သော စက္ခုပသာဒတို့တွင် အဘယ်စက္ခုပသာဒကို စက္ခုဝိညာဏ်က မှီလေသနည်းဟု သိစေအံ့သောငှာ မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃ ပါးတို့ကိုစီစစ်၍ ပြကြသည်ဟူလို။

မဏိမဉ္ဇူသာ၊ ပ ၄၄၇၊

ပဉ္စဝိညာဏုပ္ပတ္တိသမယေ ဝိဇ္ဇမာနေသု မန္ဒာမန္ဒမဇ္ဈိမာယုကေသု ဧကူန ပညာသစက္ခာဒိ ပဉ္စ ပသာဒေသု ကတမေ ပဉ္စပသာဒါ ဝိညာဏာနံ နိဿယာ ဟောန္တိ။

http://www.dhammadownload.com



ပဋ္ဌိစိညာဏပ္ပတ္တိသမယေသု၊ ပဋ္ဌိစိညာဏ်ဖြစ်သော အခါ၌။ ဝိဇ္ဇာမာနေသု၊ ထင်ရှား ရှိကုန်သော။ မန္တာ မန္ဒ မဇ္ဈိမာယု ကေသု၊ ယုကဖြစ်ကုန်သော။ ကြေနုပ္ပဒာသစက္ခာဒိ ပဋ္ဌပသာဒေသု၊ တစ်ခု ယုတ်(၅၀)သော စက္ခုစသော ပဉ္စပသာဒတို့တွင်။ ကတမေပသာဒေ၊ အဘယ်ပသာဒတို့သည်။ ကတမေသဋ္ဌိစိညာဏာနံ၊ အဘယ်သို့သော ဝိညာဏ်တို့အား။ နိဿယပစ္စယာ၊ နိဿယပစ္စည်း တပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။

## မန္ဒာယု အမန္ဒာယု မဇ္ဈိမာယု မည်ပုံ

ယင်းသုံးပါးတို့သည် သတ္တရသာယုကချည်းဖြစ်၍ အသက်ရှည် တို၊ အပို၊ အယုတ် မရှိသော်လည်း....

၁။ ပဉ္စဒွါရဝီထိစိတ်၏ အာရုံဖြစ်သော ပဉ္စာရုံနှင့် ပြိုင်၍ ချုပ်သည်။ ရှေးဦး ချုပ်သည်။ နောက်မှ ချုပ်သည် တို့ကိုစွဲ၍ (စက္ခုဒွါရ အတိမဟန္တာရုံဝီထိ၌) အတီတဘဝင်၏ ဥပါဒ်ကဖြစ်သော စက္ခုပသာဒသည် မိမိနှင့် ထိခိုက်သော ရူပါရုံနှင့်ပြိုင်၍ ချုပ်ခြင်း ကြောင့် မရှည်၊ မတို အလယ် အလတ် အသက်ရှိ၏ဟု ဆိုအပ်ရကား မဇ္ဈိမာယုကမည်၏။

၂။ ယင်း အတီတဘဝင်မှ ရှေးစိတ္တက္ခဏတို့၌ ဥပါဒ်သော (၃၇)ပါးသော စက္ခုပသာဒတို့သည် ထိခိုက်သော ရူပါရုံ မချုပ်မီ၊ ချုပ်ခြင်းကြောင့် ထိုရူပါရုံအောက် နည်းသော တိုသောအသက်ရှိ၏ ဟုဆိုအပ်ရကား မန္ဒာယုကမည်၏။

၃။ ယင်း အတီတဘဝင် ဌီ၊ ဘင်မှစ၍ နောက်စိတ္တက္ခဏတို့၌ ဖြစ်သော (၁၁)ပါးသော စက္ခုပသာဒတို့သည် ထိခိုက်သော ရူပါရုံ ချုပ်သည်တိုင်အောင် မချုပ်သေးသောကြောင့် (ထိခိုက်သော) ရူပါရုံ ထက် ရှည်သောအသက်ရှိ၏ဟု ဆိုအပ်ရကား အမန္ဒာယုကမည်၏။

ကြွင်းသော စက္ခုဒွါရဝီထိ တို့၌လည်းကောင်း၊ သောတဒွါရ ဝီထိ စသည်တို့၌လည်းကောင်း ဤနည်းကိုမှီ၍ သိကြပါကုန်။ (ဤ ကား ဝီထိပုံ သိမ်ပုံကျမ်းမှ မိုင်းခိုင်ဆရာတော်၏ မှာထားချက်တည်း။)

http://www.dhammadownload.com



မဏိမဉ္ဇူ ဋီ၊ ပ၊ ၄၄၇၊

၁။ - သေသေသု ဇော့နံပညာသက္ခဏေသု ဥပ္ပန္နာ ဇော့န ပညာသစက္ခာဒိ ပဉ္စပသာဒါ နာမ တေသု အတီတ ဘဝင်္ဂဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နာ ပဉ္စပသာဒါ မဇ္ဈိမာ-ယုကာ နာမ။ ဒုတိယတဒါရမ္မဏေန သဒ္ဓိံ နိရုဇ္ဈန္တေ။

၂။ - တတော ပုရိမက္ခဏေသု ဥပ္ပန္နာ သတ္တတိံ သစက္ခာဒိ ပဉ္စပသာဒါ မန္ဒာယုကာ နာမ၊ ဒုတိယ တဒါရမ္မဏာ နိရောဓတော။

၃။ - တတော ပစ္ဆိမက္ခဏေသု ဥပ္ပန္နာ ကောဒသစက္ခာဒိ ပဉ္စပသာဒါ အမန္ဒာယုကာ နာမ။ ဒုတိယတဒါရမ္မဏာ နိရောဓတော ပစ္ဆာ နိရုဇ္ဈန္တေ။

သင်္ခေပတော ပန ပဉ္စာရမ္မဏေဟိ သဟုပ္ပန္နာ တေဟိ ဃဋ္ဋိတာ ပဉ္စပသာဒါ မဇ္ဈိမာယုကာ နာမ။ တတော ပုရိမုပ္ပန္နာ မန္ဒာယုကာ နာမ။ တတော ပစ္ဆိမုပ္ပန္နာ အမန္ဒာယုကာ နာမ၊ ယထာ ကာရဏေဟိတိ။

သင်္ခေပတော ပန၊ အကျဉ်းအားဖြင့်ကား။ ပဉ္စာရမ္မဏေဟိ၊ ထိုငါးပါးသော အာရုံတို့နှင့်။ သဟုပ္ပန္နာ၊ တကွဖြစ်ကုန်သော။ တေဟိ၊ ထိုငါးပါးသော အာရုံတို့သည်။ ဃဋ္ဋိတာ၊ ထိခိုက်အပ်ကုန်သော။ ပဉ္စပသာဒါ၊ ငါးပါးကုန်သော ပသာဒတို့သည်။ မဇ္ဈိမာယုကာနာမ၊ မည်ကုန်၏။ တတော၊ ထိုပသာဒတို့မှ။ ပုရိမုပ္ပန္နာ၊ ရှေး၌ဖြစ်ကုန်သော ပသာဒတို့သည်။ မန္ဒာယုကာနာမ၊ မည်ကုန်၏။ တတော၊ ထိုပသာဒတို့မှ။ ပစ္ဆိမုပ္ပန္နာ၊ နောက်၌ဖြစ်ကုန်သော ပသာဒတို့သည်။ အမန္ဒာယုကာနာမ၊ မည်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ယထာဝုတ္တကာရဏေဟိ၊ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော အကြောင်း တို့ကြောင့်တည်း။

ဤ၌ သိလွယ်အောင် အောက်ပါ ဝိထိပုံကို ကြည့်ရှုကြပါ။-

အတိမဟန္တာရုံ တဒါရမ္မဏဝါရ စက္ခုဒွါရဝီထိ၊ အာရုံမှာ ကံ-ကမ္မနိမိတ်+ဂတိနိမိတ်တည်း။

တဒါရုံကျလျှင် ကာမဘဝင် (၁၁)၊ တဒါရုံမကျလျှင် ပဉ္စဝေါကာရ ဘဝင် (၁၅)။

ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် တီ န ဒ ဂ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

မန္ဒာယုက စက္ခုပသာဒ (၃၇) | အမန္ဒာယုက (၁၁)

မဇ္ဈိမာယုက (၁)

မှတ်သားချက်။ ။အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုပသာဒသည် ဒုတိယတဒါရုံ၏ ဘင်နှင့် ပြိုင်၍ချုပ်၏။ ဤ အတိမဟန္တာရုံဝီထိ၌ ရူပပုဂ္ဂိုလ်ဖြစ်မူ တဒါရုံမကျ။ ကာမပုဂ္ဂိုလ်ဖြစ်မူ တဒါရုံကျ၏။

အထက်ပါဝီထိ၏ နောက်ပိုင်းအဆက်–

စ သမ် နီ ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ရုံ ရုံ ဘဝင် ဘဝင် ဘဝင် ဘဝင်
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ကာမဇောဝါရ (၂၉)

*******

http://www.dhammadownload.com

http://www.dhammadownload.com



ဤ၌ အလွယ်မှတ်ရန် သူငွေးကျောင်းဆရာတော်၏ ဆောင်ပုဒ်

၁။ မန္တာမန္ဒ၊ မဇ္ဈိမ၊ မှတ်ကြမျိုးလေးဖြာ၊
၂။ တစ်ဆယ့်သုံးဝ၊ ဘဝင်း ဘင်မှ စ ရေပါ၊
၃။ အတီတဘွင်၊ မရောက်ခင်၊ ထင်လျှင် ယုမန္ဒာ၊
၄။ တီဘဝင်၊ ဋ္ဌီမှ စ၊ ဘင်အာ၀ဇ္ဇနာ၊
၅။ တစ်ဆယ့်တစ်ခု၊ သင်္ချာစုံ၊ မှတ်ပြု အမန္ဒာ၊
အတိ မန္ဒာရုံ၊ နည်းပြပုံ၊ မိန့်ကုန် မဥ္ဇူသာ။

ဤ၌ ပို၍ သဘောကျ ရှင်းလင်းစေရန် မေး-ဖြေပြု၍ပြပါအံ့။

(မေး) စက္ခုပသာဒ အများတို့တွင် စက္ခုဝိညာဏ်နှင့် အတူ ဥပါဒ်ဖြစ်သောစက္ခုဝတ္ထုကို အဘယ်ကြောင့် အာယုက သုံးပါး မိုရာ၌ မယူပါသနည်း။
(ဖြေ) စက္ခုဝိညာဏ်အား ပုရေဇာတပစ္စည်း မတပ်သော ကြောင့် မယူပါ။
(မေး) စက္ခုဝိညာဏ်၏ ဋ္ဌီကာလမှ စ၍ နောက်၌ဖြစ်သော စက္ခုပသာဒကို အဘယ်ကြောင့် အာယုကသုံးပါး၌ မယူ ပါသနည်း။
(ဖြေ) စက္ခုဝိညာဏ်သည် ထိုစက္ခုပသာဒအား ပစ္ဆာဇာတ ပစ္စည်းမတပ်နိုင်သောကြောင့် မယူပါ။
(မေး) အတီတဘဝင်၏ ရှေး တေရသမဘဝင်၏ ဋ္ဌီကာလနှင့် ပြိုင်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်နှင့် ဥပါဒ် ပြိုင်လျက် ချုပ်သည်ဖြစ်၍ စက္ခုဝိညာဏ်ဖြစ်သည်ကို မှီလျက် အဘယ့်ကြောင့် အာယုက ၃-ပါး၌ မယူပါ သနည်း။
(ဖြေ) ချုပ်ဆဲဖြစ်၍ ပစ္စည်းတပ်ရသော သဘောမရှိသော ကြောင့် မယူရပါ။
(မေး) အတီတဘဝင်၏ ရှေး တေရသမဘဝင်၏ ဥပါဒ်ကစ၍ ရှေး၌ဖြစ်သော စက္ခုဝတ္ထုကို အဘယ့်ကြောင့် အာယုက ၃-ပါး၌ မယူပါသနည်း။
(ဖြေ) စက္ခုဝိညာဏ်မဖြစ်မီ ချုပ်လေသောကြောင့် မယူပါ။

http://www.dhammadownload.com



ထို့ကြောင့် (မေးဖွယ်)....

စက္ခုဝိညာဏ်မဖြစ်မီ ချုပ်လေသော စက္ခုပသာဒကို စက္ခုဝိညာဏ်သည် မှီလေသလော၊ မမှီလေသလောဟု မေးဖွယ်မရှိပြီ။ စက္ခုဝိညာဏ်ဖြစ်ပြီးမှ ချုပ်လေသော စက္ခုပသာဒ (၄၉) ပါးကိုသာလျှင် အဘယ်ပသာဒကို စက္ခုဝိညာဏ် မှီလေသနည်းဟူသော မေးဖွယ်ရှိတော့သည်ဟု မှတ်ကြပါကုန် အရှင်ကောင်းတို့။

သို့မေးခဲ့သော်....

အတီတဘဝင်၏ ဥပါဒ်တွင်ပါသော စက္ခုပသာဒကိုသာလျှင် ပုရေဇာတနိဿယပစ္စည်းတပ်သောကြောင့် မှီလေသည်။

ပစ္စယနိဒ္ဒေသ ပါဠိ၊ ၅။

> စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။ ဟောတော်မူပြီ။

ဤအာယုကအရာ၌ မဏိမဉ္ဇူမြို၊ ပါ၊ ၄၇၇-၌ လာသော စုဏ္ဏိယတို ရေးသားထားသော ပေါရာဏိက သင်္ဂဟာဂါထာ။

> သတ္တတိံသ မန္ဒာယုကံ၊ ဧကံဝ မဇ္ဈိမံ မတံ။
> အမန္ဒေကာဒသစေတိ၊ ဝိညာတဗ္ဗာ ဝိဘာဝိနာ။

မန္ဒာယုကာ မန္ဒာယုကပသာဒတို့ကို။ သတ္တတိံသ၊ (၃၇)တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ မဇ္ဈိမံ၊ မဇ္ဈိမာယုကပသာဒကို။ ဧကံဝ၊ တစ်ပါးဟူ၍။ မတံ၊ သိအပ်၏။ အမန္ဒာ၊ အမန္ဒာယုကပသာဒကို။ ဧကာဒသ၊ စ၊ ၁၁ ပါး အပြားရှိကုန်၏ဟူ၍လည်း။ မတာ၊ သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗာ၊ သိအပ်၏။

ဆဆဆဆဆဆဆဆဆ

http://www.dhammadownload.com



## အတီတဘဝင်

အတီတဘဝင်ဆိုသည် လွန်သော်ဘဝင်တည်း။ အဘယ်ကို လွန်သနည်းဆိုလျှင် ရူပါရုံသည် စက္ခုပသာဒအား ထင်သော အခါကို လွန်ခြင်းကြောင့် အတီတဘဝင်ဟုခေါ်သည်။

ထင်သောအခါကို လွန်သည်ဟုဆိုရာ၌ ....

ထင်သောအခါကိုလွန်သော ဘဝင်များစွာရှိပါသည် ဖြစ်ပါလျက် ဤဘဝင်တစ်ခုကိုသာ အတီတဘဝင်ဟု ခေါ်ဆိုခြင်းသည် အဘယ့်သင့်ပါအံ့နည်းဟူမူ ထင်လျှင် ထင်ချင်း ရှေးဦးစွာလွန်သည်ဖြစ်၍ အထင်ရှင်း အတင်ရှင်း အတွင်ရှင်း အသွင်ရှင်း တို့တွင် အထင်ရှင်းအားဖြင့် ဤဘဝင်တစ်ချက်ကိုသာ အတီတဘဝင်ဟူ၍ ထင်နိုင်သည်။ များစွာသော ဘဝင်တို့ကို အတီတဘဝင်ဟု မထင်နိုင်ဟုမှတ်။

၂-ချက်စု၌....

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုဟူ၍ လည်းကောင်း၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟူ၍လည်းကောင်း ဆိုသော်လည်း ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယမှ စွကတည်း။ သဟဇာတနိဿယပစ္စည်းဟု မှတ်ကြလေကုန်။

နိရောဓသမာပတ်မှ ထသောအခါ....

ရှေး စိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထုဆိုရာ၌ ရှေး စိတ္တက္ခဏ တစ်ချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထုသည် ပစ္စည်း။ နောက်နောက်၌ဖြစ်သော အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်သည် ပစ္စယုပ္ပန်တည်း။

စုတိစိတ်မှ ပြန်၍ရေသည်ရှိသော်....

(၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဆိုရာ၌ ၎င်း ဟဒယဝတ္ထုရုပ်ကို နောက်၌ဖြစ်သော ဘဝင် အာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံ စုတိ ဘဝင်တို့သည် မှီကြကုန်သည်ဖြစ်၍ ဝတ္ထုပုရေဇာတပစ္စည်း တပ်ကြလေ့

http://www.dhammadownload.com



သည်။ အကြောင်းကား ဟဒယဝတ္ထုရုပ် အသစ်မဖြစ်သောကြောင့်တည်း။

ပစ္ဆုပ္ပန်၌....

အရူပဝိပါက် ၄ ခုကိုကြဉ်ရခြင်းကား၊ အရူပဝိပါက် ၄ ခုတို့သည် ဝတ္ထုရုပ်ကို မမှီမူ၍သာလျှင် ဖြစ်သောကြောင့်တည်း။

ဋီ၊ ၁၃၇။

ပါကာရုပ္ပါ စတ္တာရော အနိဿိတာဃေဝ ဇာယရေ။

*******

## ဖြစ်ခိုက် ဖြစ်နေ

တေ စတ္တာလီသနိဿာယ၊ ဒွေစတ္တာလီသဇာယရေ။
နိဿာယစ အနိဿာယ၊ ပါကာရုပ္ပါ အနဿိတာ။

ဟူသော သင်္ဂဟဂါထာနှင့် လျော်ညီစွာ ဒွေစတ္တာလီသသည် စတုဝေါကာရ၊ ပဉ္စဝေါကာရဘုံတို့၌ ဖြစ်သောကြောင့် ဖြစ်ခိုက်အနေကန်တို့တည်း။

တေစတ္တာလီသသည် ပဉ္စဝေါကာရဘုံ၌သာဖြစ်၍ ဖြစ်နေ ကေန်တည်း။

ပုရေဇာတပစ္စည်းသည် ပဉ္စဝေါကာရဘုံဝယ် ပဝတ္တိအခါ၌သာ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြုပေ။ ထို့ကြောင့် ပဋိသန္ဓေစိတ်တို့ကို ပစ္စနိက်ထုတ်ရလေသည်။

**********

## ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း

ပေါရာဏိကစကား-

ဝတ္ထာရမ္မဏာပစ္စည်းမှာ လွန်စွာခက်ခဲသည်။ အဘယ့်ကြောင့် ခက်သလဲ။

http://www.dhammadownload.com



သက်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ထင်ရှားစွာ မဟော၊ ထင်ရှားစွာ ဖွင့်မပြခြင်းကြောင့် ရှေးကလည်း ခက်ခဲပြီး ယခုလည်း ခက်ခဲဆဲ၊ နောင် သာသနာကုန်ဆုံးသည့်တိုင်လည်း ခက်ခဲဦးမည်သာ။

ခက်ခဲပုံ

အင်းဝမြို့ ကောင်းစားစဉ်က သာလွန်မင်းတရား တည်ထားကိုးကွယ်ခဲ့သော စစ်ကိုင်းမြို့ ရာဇမဏိစူဠာမဏိစေတီတော်ကြီး၏ မြောက်ဘက် နန်းကျောင်းမှုသဒ္ဒါကြီးနိဿယကို စီရင်တော်မူသော အဂ္ဂမဟာ လှကျော်ရ ဘွဲ့တံဆိပ်တော်ကိုရရှိတော်မူသော ဥတ္တရာဝန် မြောက်နန်းကျောင်း ဆရာတော်အား သာမဏေကြီးတစ်ပါးက ဤဝတ္တာရမ္မဏ၏ အဆုံးအဖြတ်၌ တွေဝေသောကြောင့် ကောင်းစွာမှတ်သားပါရအောင် တပည့်တော်၏သံသယကို ပယ်ဖျောက်ပေးတော်မူပါမည့် အကြောင်း လျှောက်ထားလေလျှင်....

"ချစ်သား သာမဏေ..., ဝတ္တာရမ္မဏ၏ အဆုံးအဖြတ်သည် အလွန်တရာ နက်နဲခက်ခဲသိမ်မွေ့သည်၏ အဖြစ်ကြောင့် ဘုရားဆုကို ပန်ပြီးလျှင် ပါရမီဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ရောက်မှသာလျှင် ဤ ဝတ္တာရမ္မဏပစ္စည်း၏ သဘောကို ကုန်စင်အောင် သိနိုင်ရာသည်။ သို့ဖြစ်၍ ချစ်သားသာမဏေ သိလိုလျှင် ဘုရားဆုကိုပန်၍ ပါရမီကို အစဥ်သဖြင့် ဖြည့်ကျင့်ပါလေ"

ဟု မိန့်ဆိုဖူးသည့်ထုံးကို တစ်ဆင့် ကြားဖူးရကြောင်း (ညဝါ တံခွန် ၁၀၄-၌ တွေ့ရှိပေသည်။)

ရှုတိုင်းဆဲကံရှု ဆိုသလို

ထို ခက်ခဲနက်နဲလှသော ဝတ္တာရမ္မဏပစ္စည်း၏သဘောကို ဤ ပဋ္ဌာနအခြေခံသင်တန်းကျမ်းကလည်း မဖြေရှင်းနိုင်ကြောင်း ဝန်ခံပါသည်။

http://www.dhammadownload.com



သို့သော်လည်း ခက်ခဲနက်နဲသည်တို့ကို ဤကျမ်းကြည့်ရှုသူတို့ ရိပ်မိစေရန် မိမိလေ့လာမိသမျှ အနည်းငယ် ညွှန်ပြပါဦးမည်။

ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းဆိုသည် ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ရှေး၌လည်းဖြစ်၊ မှီရာလည်းဖြစ်၍ နောက်နောက်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သောတရားဟု ရှေးဦးစွာ သိထားကြပါလေ။

✿✿✿✿✿✿✿✿✿✿

## ခက်ခဲသော အရာငါးခုများ

၁။ ပုရေဇာတပစ္စည်း၌ ဆိုခဲ့ပြီးသည့်အတိုင်း ပါဠိတော်၌ ဟောကြားတော်မမူခဲ့ခြင်း၊

၂။ ပစ္စုပ္ပန်တရား၌ အဘိညာဉ်ဒွေး ပါသင့်၊ မပါသင့်၊

၃။ ဘုရား၊ ရဟန္တာတို့၏ စုတိစိတ်၏အာရုံ၊

၄။ ယင်း ၂-ပါးတို့ကို အဋ္ဌကထာဋီကာရှင်တို့ ပြတ်သားစွာ ဖွင့်မပြခြင်း၊

၅။ ကေစိဝါဒ၊ ကေစ္စဝါဒ၊ အပရေဝါဒတို့ဖြင့် ရောပြွမ်းနေခြင်းတို့ကို တွေ့ရှိပေသည်။

ပစ္စယုပ္ပန်တရား၌ အဘိညာဉ်ဒွေး ရသင့်၊ မရသင့် ဆိုရာ၌....

ထုတ်ပြန်အပ်ပြီးသော သဲအင်း သာသနာ့ပိုင် ဆရာတော်၏ သုံးချက်စု၊ ထန်းတပင် ဆရာတော်၏ သုံးချက်စုတို့၌ အဘိညာဉ်ဒွေး မပါရှိသည်ကို တွေ့ရပေသည်။

အခြားသော ရှေးဆရာကြီးများ၏သုံးချက်စု၊ ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာနနယပဒေသကျမ်းလာ ၂-ချက်စုတို့၌ကား အဘိညာဉ်ဒွေးကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ပြထားသည်ကိုတွေ့ရှိရပေသည်။

ဤဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်းကို တိုက်ရိုက်မှုချ ဟောကြားထားသော ပဋ္ဌာန်းပါဠိတော် မရှိသော်လည်း ရှေးဆရာမြတ်တို့သည် နိဿယပစ္စယာ အာရမ္မဏပစ္စယာ ဟူ ဟောတော်မူ

http://www.dhammadownload.com



အပ်သော သဘာဝရသချာဝါရ ပါဠိအားလျော်စွာ ထည့်သွင်း၍ ဆိုရိုးပြုကြသည်။

ပဋ္ဌာန ဋ္ဌ၊ ၄၅၇။

နိဿယမူလကေ နိဿယပစ္စယော အာရမ္မဏေ တိတိ၊ ဝတ္ထုံ အာရမ္မဏံ ကတွာ ပဝတ္တကုသလာဒိဝသေန ဝေဒိတဗ္ဗာနိ။

မဏိမဉ္ဇူဋီ၊ ပ၊ ၄၀၅။

မရဏာသန္နဇဝနာနံ ပန ကိဉ္စိ ကမ္မနိမိတ္တသမ္မတံ ပစ္စုပ္ပန္နံ ဓမ္မာရမ္မဏမ္ပိ အာရမ္မဏံ ဟောတေဝ။ ဝေဋ္ဌ ကတွာ ပဋ္ဌာနေ နိဿယပစ္စယာ အာရမ္မဏေ တိတိ ဝုတ္တံ။ န ဟိ မရဏာသန္နဝီထိ တော အညတ္ထ ဟဒယဝတ္ထုဿ ကုသလာဒီနံ ဧကက္ခဏေ နိဿယာရမ္မဏ ပစ္စယဘာဝေါ လဗ္ဘတိ။ ကေစိ ပန ဣဒမတ္ထံ အသလ္လက္ခေတွာ ဧကက္ခဏေ နိဿယာ ရမ္မဏ ပစ္စယဘာဝ ဝိနိစ္ဆယေ အတိဝိယ ကိလမန္တိ၊ ဝိနိစ္ဆိနန္တာ စ အတ္ထတော ဝိနိစ္ဆိနန္တိ။ ။

ရှင်းအနက်....

မရဏာသန္နဇဝနာနံ ပန၊ မရဏာသန္နဇောတို့၏ကား။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ကမ္မနိမိတ္တသမ္မတံ၊ ကမ္မနိမိတ်ဟူ၍သမုတ်အပ်သော။ ပစ္စုပ္ပန္နာရမ္မဏမ္ပိ၊ ပစ္စုပ္ပန်ဓမ္မာရုံဖြစ်သော ဟဒယဝတ္ထု သည်လည်း။ အာရမ္မဏံ၊ အာရုံသည်။ ဟောတေဝ၊ ဖြစ်သည် သာလျှင်တည်း။ ဧဝဋ္ဌကတွာ၊ ဤသို့ကမ္မနိမိတ် ဓမ္မာရုံဟဒယဝတ္ထုလျှင် အာရုံပြုသော ကြောင့်။ ပဋ္ဌာနေ၊ ပါဠိတော်၌။ နိဿယပစ္စယာ အာရမ္မဏေ တိတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ။

ဟိ၊ မှန်၏။ မရဏာသန္နဝီထိတော၊ မှ။ အညတ္ထ၊ တစ်ပါးသော ပဝတ္တိအခါ ဝီထိ၌။ ဟဒယဝတ္ထုဿ၊ ၏။ ကုသလာဒီနံ၊ ကုသိုလ်, အကုသိုလ် အဗျာကတ တို့အား။ ဧကက္ခဏေ၊ တစ်ပြိုင်နက်သော ခဏ၌။ နိဿယာရမ္မဏပစ္စယဘာဝေါ၊ မှီရာ၏အဖြစ်, အာရုံ၏အဖြစ် ဖြင့် ကျေးဇူးပြုသော အဖြစ်ကို။ န လဗ္ဘတိ၊ မရအပ်။

http://www.dhammadownload.com



ကေစိပန၊ အချို့သော ဆရာတို့သည်ကား။ ဣဓမတ္တံ၊ ဤသို့သော အနက်သဘောကို။ အသလ္လက္ခေတွာ၊ မမှတ်မူ၍။ ဧကက္ခဏေ၌။ နိဿယာရမ္မဏပစ္စယဘာဝဝိနိစ္ဆယေ၊ မှီရာ အာရုံပစ္စည်း၏ အဖြစ်ကို ဆုံးဖြတ်ရာ၌။ အတီဝိယ၊ လွန်လွန်မင်းမင်း။ ကီလမန္တိ၊ ပင်ပန်းကြကုန်၏။ ဝိနိစ္ဆိနန္တာဝ၊ ဆုံးဖြတ်ကြသော ဆရာတို့ သည်လည်း။ အညထာ၊ တစ်ပါးသော အခြင်းအရာဖြင့်။ ဝိနိစ္ဆိနန္တိ၊ ဆုံးဖြတ်ကြကုန်၏။ တံ၊ ထိုအဆုံးအဖြတ်များသည်။ တေသံ၊ ထိုကေစိဆရာတို့၏။ မတိမတ္တံ၊ အလိုမျှသာတည်း။

အဓိပ္ပာယ်ကား....

မရဏာသန္နဝီထိ၌ရှိသော ဟဒယဝတ္ထုသည် ကမ္မနိမိတ်ဟု သမုတ်အပ်သော ပစ္စုပ္ပန်ဓမ္မာရုံ ပစ္စည်းတရား ဖြစ်၏။ မရဏာသန္န အခါ နောက်၌ဖြစ်သော မနောဒွါရာဝဇ္ဇန်း မရဏာသန္န ကုသိုလ်၊ အကုသိုလ် ကြိယာဇောတို့သည် ထိုဟဒယဝတ္ထုကိုပင် မှီကြရသည်။ အာရုံလည်းပြုကြရသည်။

ထို့ကြောင့် ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းကို မရဏာသန္န ဝီထိ၌သာလျှင် ရအပ်၏။ ထိုမှ တစ်ပါးသော အညတ္ထ ပဝတ္တိတို့၌ မရအပ်ပေ။ အကြောင်းကား ထိုအညတ္ထ ပဝတ္တိအခါ၌ ဖြစ်သော ဟဒယဝတ္ထု၏ မှီရာ၏အဖြစ်၊ အာရုံ၏အဖြစ် ကျေးဇူး မပြုနိုင်သော ကြောင့်တည်း။

ဤမဏိမဉ္ဇူဋီကာ အရဆိုလျှင်....

ပစ္စုပ္ပန်တရား၌ အဘိညာဉ်ဒွေကို အရိပ်အမြွက်မျှပင်မဖွင့်သော ကြောင့် အဘိညာဉ်ဒွေကို ကောက်ယူလိုရိပ် မရှိချေ။

ညာဝါတံခွန် ဆရာကား....

မူလဋီကာ၌ မရဏာသန္န အခါဝယ် ကုသိုလ်ကြိယာ ဇောတို့သည် သမ္မုဋ္ဌမရဏ တွေဝေသော မုဋ္ဌာကာလ ဖြစ်သောကြောင့် ဝိပဿနာ ပစ္စဝေက္ခဏာကိစ္စတို့ကို ပြုခြင်းငှာ မတတ်ကောင်း ဟူ၍ လည်းကောင်း၊ ဆရာကြီးဦးအုန်းကလည်း အဘိညာဉ်ဒွေး မပါသင့် မပါထိုက်ကြောင်း ပြောဆိုခဲ့ပေသည်ဟူ၍ လည်းကောင်း ရေးသား ထားသည်ကို တွေ့ရှိရပေသည်။

http://www.dhammadownload.com



ချောင်းဆုံ ဂန္ထိဆရာတော်ကား....

ဟောရိုးပါဠိတော်တို့၌ မထင်ရှား သောကြောင့် ဗားကရာဆရာတော်၊ ထန်းတပင်ဆရာတော်၊ ဦးဇမ္ဗု နေရင်းဆရာတော်တို့ကား (ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ပဝတ္တန္တိ) အစရှိသော ပါဠိ၌သာ သွင်း၍ ကောက်တော်မူကြ၏။ သင်္ဂြိုဟ်ဝါဒရ၌လည်း (အာရမ္မဏ ပစ္စယာ နိဿယေ တီတိ)ဟု သာမန် နှလုံးသွင်း၍ ပစ္စည်းပြိုင်ကြကုန်၏ဟု ညွှန်ပြထားပေသည်။

မိမိ၏ မနသီကာရဝိစာရေ တဗ္ဗကား....

ဝတ္ထုပုရေဇာတနိဿယ၌ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော်(၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဆိုရာ....စုတိစိတ်၏ အထက်(၁၇)ချက်မြောက်၌ ရှိသော ဟဒယဝတ္ထုကို မှီကြသော စိတ်အပေါင်းတို့တွင် မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော တဒါရုံတို့သည် ၎င်းဟဒယဝတ္ထုကို မှီရုံသာမဟုတ်၊ အာရုံပြုခဲ့သော် ရှေးဖြစ်၍ မှီရုံမျှသာ မဟုတ်သောကြောင့် ဝတ္ထုပုရေဇာတ နိဿယ ဟူ၍လည်း မဆိုထိုက်။ အာရုံပြုကာမျှသာ မဟုတ်သောကြောင့် အာရမ္မဏပစ္စည်းဟူ၍လည်း မဆိုထိုက်။ ရှေးဖြစ်၍ အာရုံပြုကာမျှသာ မဟုတ်သောကြောင့် အာရမ္မဏ ပုရေဇာတပစ္စည်းဟူ၍လည်း မဆိုထိုက်။ ရှေးလည်းဖြစ်၊ အာရုံလည်းဖြစ်၊ မှီရာလည်းဖြစ်သောကြောင့် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်းဟု ပြသင့်ပြထိုက်၊ ဝေဖန်သင့် ဝေဖန်ထိုက်ကြောင်းနှင့် ရှေးရှေး ပညာရှိကဝိမြတ်တို့သည် မဟာဝဇီရဝိတာဂဉာဏ်ဖြင့် ဝေဖန် ခဲ့ကြသည်ဟု စိစစ်ပြတော်မူ၏။

ဤနေရာ၌ စုတိစိတ်၏အာရုံကို ဖော်ပြမှသာလျှင် အနည်းငယ် သိမြင်ရိပ်မိမည်ဟု ယူဆ၏။

ထို့ကြောင့် စုတိစိတ်၏အာရုံကို ထိုက်သည် အားလျော်စွာ ဖော်ပြပါအံ့။

သင်္ဂြိုဟ်ကျမ်း၌....

ပဋိသန္ဓိဘဝင်္ဂ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက၊ ဝိသယဉ္စေက ဇာတိယံ။ ။

ဟု မိန့်ဆို၏။

http://www.dhammadownload.com



ကေစာတိယံ၊ တစ်ခုသောဘာဝ၌။ ပဋိသန္ဓိစ၊ ပဋိသန္ဓေစိတ်သည် လည်းကောင်း။ ဘဝင်္ဂဥ္စ၊ ဘဝင်စိတ်သည်လည်းကောင်း။ တထာ၊ ထို့အတူ။ စဝနမာနသဥ္စ၊ စုတိစိတ်သည်လည်းကောင်း။ ကေမေဝ၊ ဘူမိဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရအားဖြင့် တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တထေဝ၊ ထို့အတူသာလျှင်။ ကေဝိသယဥ္စ၊ တူသောအာရုံရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

ငှီ၊ ၁ဂဂ၊ တဏ္ဍာစ မရဏာသန္နာနံ ပန မရဏကာလေ ယထာရဟံ အဖွင့်၌....

မရဏကာလေတိ မရဏာသန္နကာလေ။ ယထာ ရဟန္တိ တံတံဂတိသု ဥပ္ပဇ္ဇနကသတ္တာနုရူပံ ကတ္တစိပန အနုပ္ပဇ္ဇမာနသဿ ခီဏာသဝဿ ယတော ပဋ္ဌိတံ နာမရူပဓမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဂစ္ဆတိ။ န ကမ္မကမ္မနိမိတ္တာဒယော။

ငှင်းအနက်။

မရဏကာလေတိ၊ ဟူသည်ကား။ မရဏာသန္နကာလေ၊ သေခါနီးသောကာလ၌။ ယထာရဟန္တိ၊ ကား။ တံတံဂတိသု၊ ထိုထိုသို့သောဂတိတို့၌။ ဥပ္ပဇ္ဇနကသတ္တာနုရူပံ၊ ဖြစ်လတ္တံ့သောသတ္တဝါအားလျော်စွာ။ ကမ္မံဝါ၊ ကံသည်လည်းကောင်း။ ကမ္မနိမိတ္တံဝါ၊ ကမ္မနိမိတ်သည်လည်းကောင်း။ ဂတိနိမိတ္တံ ဝါ၊ သည် လည်းကောင်း။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်၏။

ပန၊ ထင်သည်မှတစ်ပါး မထင်သည်ကိုဆိုဦးအံ့။ ကတ္ထစိ၊ တစ်စုံတစ်ခုသောဂတိ၌။ အနုပ္ပဇ္ဇမာနဿ၊ မဖြစ်လတ္တံ့သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယတောပဋ္ဌိတံ၊ အကြင်အကြင် ထင်တိုင်းသော။ နာမရူပဓမ္မာဒိကမေဝ၊ ရုပ်နာမ်တို့၏ အနိစ္စသဘော အစရှိသည်သာလျှင်။ စုတိပရိယောသာနာနံ၊ စုတိ အဆုံးရှိသော မရဏာသန္န ဝီထိစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မကမ္မနိမိတ္တာဒယော၊ ကံ ကမ္မနိမိတ်အစရှိသည်တို့သည်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား....

ထိုထိုသို့သော ဂတိတို့၌ ဖြစ်လတ္တံ့သော သတ္တဝါအားလျော်စွာသာလျှင် နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးသည် ထင်၏။ တစ်ခုတစ်ခုသော ဘဝဂတိ၌ မဖြစ်လတ္တံ့သော ရဟန္တာ ပုဂ္ဂိုလ်အားကား အကြွင်းအကြွင်း ဝိပဿနာဉာဏ်ဖြင့်တင်၍ ထင်ခဲ့တိုင်းသော နာမ်ရုပ်တရားတို့၏ ခယ ဝယ သဘောသာလျှင် စုတိအဆုံးရှိသော မရဏာသန္န ဝီထိစိတ်တို့၏ အာရုံအဖြစ်သို့ ရောက်၏။ ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးသော အာရုံအဖြစ်သို့ မရောက်ပြီဟူလို။

## ဤအရာ၌ ဆရာတို့ ဝါဒကွဲကြသည်။

ကွဲပုံကား- ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့သည် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မ သင်္ခါရ အာရုံအားဖြင့် တူမြဲဟု သင်္ဂဟကျမ်း၌ဆိုရကား ရဟန္တာတို့၏ စုတိစိတ် သည်လည်း ထင်တိုင်းသော သင်္ခါရ တို့၏ ခယ-ဝယ သဘော စသည်ကို အာရုံမပြုသင့်။ အကယ်၍ ပဋိသန္ဓေ-ဘဝင်-စုတိ တို့သည် အာရုံ မတူသည်ဖြစ်၍ သင်္ဂဟ အဋ္ဌကထာ၌ ဆန့်ကျင်၍ နေ၏။

ဤဋီကာကျော် ဖွင့်ဆိုထားသော (စုတိ ပရိယောသာနံ အရ အယူအဆ ဝါဒ ကွဲပြားနေကြသည်ကို တွေ့ရှိ၏။

## စုတိပရိယောသာနံ

(က) စုတိယေဝ ပရိယောသာနံ ဧတေသန္တိ စုတိပရိယောသာနံ။

(ခ) စုတိသင်္ခါတံ စိတ္တံ ပရိယောသာနေ ဧတေသန္တိ စုတိပရိယောသာနာနိ။

(ဂ) (က)တုလျာဓိကရဏဗဟုဗ္ဗီ၊ (ခ)ဘိန္နာဓိကရဏဗဟုဗ္ဗီ။

(က) ဧတေသံ မနောဒွါရိယ ဇဝနာနံ၊ ဤ မနောဒွါရဇော တို့အား။ စုတိယေဝ၊ စုတိစိတ်သည်ပင်လျှင်။ ပရိယောသာနံ၊ အဆုံးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ စုတိပရိယောသာနံ၊ မည်၏။

http://www.dhammadownload.com



(ခ) ဇောသံ-မနောဒွါရိကဇဝနာနံ၊ တို့အား။ ဝါ၊ တို့၏။ ပရိယောသာနေ၊ အဆုံး၌။ စုတိသင်္ခါတံ၊ စုတိဟု ဆိုအပ်သော။ စိတ္တံ၊ သည်။ အတ္တိ၊ ၏။ ဉာတိ-တသ္မာ၊ ထို့ကြောင့်။ တာနိမနောဒွါရိကဇဝနာနိ၊ တို့သည်။ စုတိပရိယောသာနာနိ၊ ဖည့်ကုန်၏။

(မနောဒွါရိက မရဏာသန္နဇော ကို ရ၏။)

ဤ၌ သင်္ဂြိုဟ်ဂဏ္ဌိ ဆရာတို့အလို တဂ္ဂုဏာသံ ဝိညာဏဗဟုဗ္ဗီ-သမာသ်ပုဒ် ဟူ၏။ (ဓနုဒ္ဒြီရိုကဝိထိ ဓိတ္တာနိ ဓဝ ရိဓိ ဓွေတာနိ) ဟူသော မဏိမဥ္ဇူ ဋီ၊ ဒု၊ ဂ၆ အလို အတဂ္ဂုသံဝိညာဏဗဟုဗ္ဗီသမာသ်ပုဒ်ဟူ၏။

သုဓမ္မစတီမူ၊ အဖေဂ္ဂုသာရ ဒီပနီ (ဒု၆)

စုတိပရိယောသာနာနန္တိပိ ပါဌော။ ဧဝံသတိ ပရိယော-သာနသဒ္ဒေါ အနတိဝိဇ္ဇတ္တော။ အတဂ္ဂုဏာတ္တော ဝ ဒဋ္ဌဗ္ဗော။ ဉာတရထာ စုတိပဋိသန္ဓိနံ အသမာနာရမ္မဏတာ န သိယာ။

ဤ ဒီပနီ အလိုအားဖြင့် အတဂ္ဂုဏာသံဝိညာဏဗဟုဗ္ဗီသမာသ်ပုဒ်တည်း။

ရှင်း အနက်။

စုတိပရိယောသာနာနန္တိပိ-ပါဌော၊ သည်လည်း။ အတ္တိ၊ ရှိ၏။ ဧဝံသတိ၊ သော်။ ပရိယောသာနသဒ္ဒေါ၊ သည်။ အနတိဝိဇ္ဇတ္တော၊ မနှံ့မှု၍ ဖြစ်ခြင်း ကြောင့်ဟာ၏ တည်ရာ ဝိသယအနက်ရှိ၏။ အတဂ္ဂုဏတ္တာ ဝ၊ အတဂ္ဂုဏာသံဝိညာဏအနက်ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဉာတရထာ၊ မှ တစ်ပါး တဂ္ဂုဏာသံဝိညာဏအပြားအားဖြင့်။ အတ္တေ၊ ကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏(သည့်)။ စုတိပဋိသန္ဓိနံ၊ တို့၏။ အသမာနာရမ္မဏတာ၊ မတူသော အာရုံရှိသည်၏အဖြစ်သည်။ န သိယာ၊ မဖြစ်ရာ။

http://www.dhammadownload.com



## တဂ္ဂဏှ+အတဂ္ဂဏှ

သမာသ်ပုဒ်၏ အနက်နှင့်တကွ ယူအပ်သော သမာသ်သည် တဂ္ဂုဏ။

သမာသ်ပုဒ်၏ အနက်နှင့်တကွ မယူမူ၍ သမာသ်ပုဒ်၏အနက်ကို ထား၍ အညပုဒ်၏ အနက်ကိုသာ ယူရသော သမာသ်သည် အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီသမာသ် မည်၏။

ဤ အဝေဖဂ္ဂုသာရဒီပနီ အလိုကား–

အနဘိဝိချတ္တာ ဟူသော ပါဠိဖြင့် ဖရိယောသာနံ သဒ္ဒါသည် လွှမ်းမိုးခြင်း၊ နှံ့၍တည်ခြင်းအနက်မရှိရကား စုတိ၏အဆုံးဟုဆိုသော်လည်း ထိုစုတိတိုင်အောင် လွှမ်းမိုး၍ နှံ့စေ၍ မယူအပ်၊ အနီးဖြစ်သော မရဏာသန္နဇောတို့ကိုသာ ယူအပ်သည်ဟု ပြတော်မူသည်။

*******

## အနီးဖြစ်သော မရဏာသန္နဇော

သင်္ဂဟာ၌ စုတိပဋိသန္ဓိက္ကမ၊
တယာစမရဏုန္တာနံ ပန မရဏကာလေ ဟူသော ဝါကျ၊

ပစ္စာသန္နမရဏသာ တဿ ဝီထိစိတ္တာဝသာနေ ဟူသော ဝါကျတို့ကို ထောက်၍–

၁။ မရဏာသန္နဇော၊
၂။ ပစ္စာသန္န မရဏာသန္နဇော

ဟု နှစ်မျိုးရှိကြောင်း သတိပြုသင့်ပေသည်။

ထိုတွင် စုတိ၏အနီးဖြစ်သော ဇောဝီထိ အကြိမ်ပေါင်းများစွာရှိရာတို့တွင် ရှေးရှေးသော ဝီထိ၌ကျသော ဇောသည် စုတိစိတ်နှင့် နီးသော်လည်း ဝီထိစိတ်တို့ခြားနေသည်ဖြစ်၍ အလွန်ကြီးမားလှသောကြောင့် မရဏာသန္နဇော မည်၏။

http://www.dhammadownload.com



ထို့ကြောင့် ဋီကာ၌-

မရဏကာလေတိ မရဏာသန္နကာလေ ဟု သဘောညှပ်၍ ဖွင့်ပြသည် မဟုတ်ပါလော။

နောက်ဆုံးဖြစ်သော ဝီထိ၌ကျသော ဇောသည်ကား စုတိနှင့် အလွန်နီးကပ်လှသောကြောင့် ပစ္စာသန္နဇော မည်၏။ ရှေးရှေးသော မရဏာသန္နဇောဝီထိတို့၏အဆုံး၌ စုတိစိတ်မကျသေး၊ နောက်ဆုံး၌ ဖြစ်သော ပစ္စာသန္နဇောဝီထိ၏အဆုံး၌သာ စုတိစိတ်ကျလေသည်။

ထို့ကြောင့် ဋီ၌-

ပစ္စာသန္နမရဏာသာတိ ကောဝီထိပ္ပမာနာယုကဝသေန၊ တတော ဝါ ကိဉ္စိ အဓိကာယုကဝသေန သမာသန္နမရဏဿ။

ဟု ဖွင့်ပြတော်မူသည်။

မှတ်သားချက်။ ။မရဏာသန္နဇောတို့၌ထင်သော အာရုံသည် မမြဲ။ ပြောင်းလဲ၍ဖြစ်ကောင်း၏။ လည်မျိုကို ဓားဖြင့်လှီးသော ဆန္ဒမထေရ်၏ အာရုံပြောင်း၍ သမသီတိ ရဟန္တာဖြစ်ပုံကိုထောက်၍ သိကြပါကုန်။

ပစ္စာသန္နဇော၌ထင်သော အာရုံသည် မြဲမြံခိုင်ခံ့သည် ဖြစ်၍ ပြောင်းလဲခြင်းငှာမတတ် မရကောင်း။ ဤသို့လည်း ယင်း ၂-ပါးတို့၏ အထူးကို မှတ်ကြကုန်သေး၏။

ထိုအဖေဂ္ဂုသာရဒီပနီ၌ပင်-

တဂ္ဂုဏာသံဝိညာဏ ဗဟုဗ္ဗီသမာသ်ယူခြင်း၌ အပြစ်ကို ပြလိုရကား ဂ္ဂတရထာဟူသော စကားကို မိန့်ဆိုမြန်သည်။ အပြစ်ကား (စုတိပဋိသန္ဓိနံ့ အသမာနာရမ္မဏတာ) ဟူသည်တည်း။

ဆိုလိုရင်းကား-

အကယ်၍ တဂ္ဂုဏာအနက်ယူခဲ့သော် သမာသ်ပုဒ်တို့၏အနက်နှင့်တကွ အညပုဒ်၏အနက်ကိုယူရသည်ဖြစ်၍ ဇောသာလျှင် နာမရူပ အစရှိသော အာရုံကို ယူသည်မဟုတ်၊ အဆုံးဖြစ်သော စုတိစိတ်သည်

http://www.dhammadownload.com



လည်း ထိုအာရုံကိုပင်ယူသည်ဟု အဓိပ္ပာယ်သက်ရောက်သည် ဖြစ်၍ ခီဏာသဝပုဂ္ဂိုလ်၏အစ ပဋိသန္ဓေအဆုံး စုတိတို့သည် အာရုံမတူ ဖြစ်ခဲ့ရာ၏။ သို့ဖြစ်ခဲ့သော် ပဋိသန္ဓိဘဝင်္ဂ ဟူသော သင်္ဂဟဋ္ဌကထာနှင့် ဆန့်ကျင်ရာ၏။ ပရမတ္ထသဘာဝဖြစ်၍ ဤသို့လည်း မဆန့်ကျင်ကောင်း။ ယင်းကဲ့သို့ ဆန့်ကျင်ခြင်းလျှင် တဂ္ဂုဏအနက်ကိုယူခြင်း၏အပြစ်တည်း ဟု ဆိုလိုပေသည်။

လိုရင်းအချုပ်ကား ဘုရား၊ ရဟန္တာတို့၏ စုတိစိတ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံမပြုဟူ၍ လည်း ကောင်း။

နေယျတ္ထနည်းအားဖြင့် ဝတ္ထာရမ္မဏပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေ မရအပ်ဟူ၍ လည်းကောင်း။

အညပုဒ်၏အရကို စုတိစိတ်မှ တစ်ပါးသော ဝီထိစိတ်ကို ယူရမည်၊ ထိုဝီထိစိတ်တို့၏ အာရုံသာလျှင် ထင်တိုင်းသော သင်္ခါရတို့၏ ခယ-ဝယ သဘော ဖြစ်သည်ဟူ၍လည်းကောင်း။

စုတိစိတ်မူကား ယူမြဲတိုင်းသော နိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးပင် ဖြစ်သင့်၏ဟူ၍ ဆိုလိုပေသည်။

**********

## ဘုရား၊ ရဟန္တာတို့၏ စုတိအာရုံ

ရဟန္တာတို့၏စုတိသည်-

သင်္ဂဟ၌၊ အာရမ္မဏသင်္ဂဟ၌လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်။

ဘုရားရှင်တို့ စုတိတော်သည်-

ပဋိသန္ဓေတော်နှင့်အတူ ဂတိနိမိတ် တစ်ပါးကိုသာ အာရုံပြု သည်။ ကံ၊ ကမ္မနိမိတ်နှစ်ပါးကို အာရုံမပြု၊ ထိုစကားမှန်၏။ လူ့ပြည်သို့ သွားလတ္တံ့ဖြစ်သော နတ်သားတို့ စုတေခါနီး၌ ကာလဒေသ၊ ဒီပ၊ ကုလ၊ မာတု၊ အာယု ပရိစ္ဆေဒငါးပါးကိုကြည့်၍ စုတေမြဲဖြစ်ရကား ထိုငါးပါးတို့သည်ပင် ဂတိနိမိတ်ဖြစ်၏။ ထိုဂတိနိမိတ်ဖြင့်ပင် လူ့

http://www.dhammadownload.com



ပြည့်၌ ပဋိသန္ဓေနေတော်မူသည်။ ထို့ကြောင့် ဘုရားရှင်တို့၏ပဋိသန္ဓေ ဘဝင်စုတိတော်သည် ဂတိနိမိတ်ကိုသာ အာရုံပြုတော်မူသည်။

ဤအရာ၌ ရှေးအခါ ပင်းယမြို့ အဘိဓာန်ဋီကာ ကျမ်းပြု စဟုရက်ဗလအမတ်ကြီးသည် ဘုရားရှင်၏စုတိတော်အာရုံကို သေချာစွာ သိလိုလှသဖြင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ တံတိုင်းအပြင် မြောက်ဘက်စောင်းတန်း၏ အနောက်ဘက် ကပ်လျက်တည်ရှိသော ကျန်စစ်မင်းသား၏ ကောဝ်းမှုတော် ဥမင်ကျောင်း၌ သီတင်းသုံးတော်မူသော ပေါက္ကံဆရာတော်ဘုရားကြီးအား–

ဘုရားမြတ်မွန်၊ နိဗ္ဗာန်ယူနိုး၊ မြေကြီးစိုးပြင်၊ ကောင်းကင်နှံ့သိ၊ စုတိတော်စိတ်၊ အတိတ်နှင့်နှင်၊ သုံးပါးတွင်မူ၊ ဘယ်လျှင် အာရုံ ပြုတုံသနည်း။ ရိုက်ကြည်းကျော်ဟိုး၊ နည်းဖွံ့ဖြိုးသည်၊ ဖြေရိုး ကောက်တော်မူစေသော်။

ဟု လက်ာဖြင့် လျှောက်ထားမေးမြန်းခဲ့လေသည်။

ထိုအခါ ပေါက္ကံဆရာတော်ကြီးက....

လူနတ်ဗြဟ္မာ၊ အာကာမိုးပြင်၊ ကောင်းကင်မဆံ့၊ ပူဇော်အုံလျက်၊အလွန်ရုံပက်၊ တို့စောထွတ်လျှင်၊ မညွတ်နိဗ္ဗာန်၊ ဝင်စံသောခါ၊ အနိစ္စ–ဒုက္ခ–အနတ္တသာ၊ ရျာန်အင်္ဂါကို၊ ပစ္စ–ဝေက္ခဏာသဘော၊ လျင်လျင်ဇောမှ၊ တီတောအောက်တွန်၊ မစ္စုမာန်ကို၊ လွန်ခဲ့ကျော်ဘိ၊ စုတိတော်စိတ်၊ အတိတ်နှင့်နှင်၊ သုံးပါးတွင်မူ၊ ထင်၏တစ်၊ ဂတိနိမိတ်၊ တိဟိတ်သန္ဓေ၊ ကျနေသောခါ၊ ဘုသိတာမှ၊ ပဋ္ဌာလောကနှ၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလာ၊ ဤကြောင်းချာကို၊ ပညာရှိတွေ၊ ကြံမိစေလော့၊ သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမညွတ်၊ ပရမတ်သည်၊ ဟောမှတ် ဧကန်သာတမုံ့။ ။

ဟု ဖြေကြားတော်မူသည်။ ဘုရားရှင်၏ စုတိတော်စိတ်သည် ဂတိနိမိတ်ကို အာရုံပြု၏ဟူလို။

ဆဆဆဆဆဆဆဆဆဆ

http://www.dhammadownload.com



## ပါဠိအဋ္ဌကထာ ထုတ်ပြတ်စ်ဓါဓ

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလမကရီ မုနိ။

ဤဂါထာကား....

ရှင်တော်ဘုရား ပရိနိဗ္ဗာန် ပြုသောအခါ အရှင်အနုရုဒ္ဓါ ရွတ်ဆိုတော်မူသော ဂါထာတည်း။ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် (၁၂၉)၌ လာသည်။

အနေဇော၊ ဧဇာဟုဆိုအပ်သော တဏှာကင်းပြီးဖြစ်သော။ ယံ ယော မုနိ၊ အကြင်မြတ်စွာဘုရားသည်။ သန္တိံ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ကာလံ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ ဌိတစိတ္တဿ၊ တည်တံ့သောစိတ် ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည်ဘာစ်သွန် ဂုဏ်အမွန်ကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ တဿ မုနိနော၊ ထိုမြတ်စွာဘုရားအား။ တဒါ၊ ထိုအခါ၌။ အဿာသပဿာသော၊ ထွက်သက်ဝင်သက်သည်။ နာဟု-န အဟု၊ နဇာတော၊ မဖြစ်တော့ပြီ။

-ဋီ ၂၊ ၁၈၇။

> နာဟု အဿာသပဿာသောတိ နဇာတော အဿာသပဿာသော၊ အနေဇောတိ တဏှာသင်္ခါတာယ ဧဇာယ အဘာဝေန အနေဇော။ သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ။ ယံ ကာလမကရီတိ ယော ကာလံ အကရိ။

နာဟုအဿာသပဿာသောတိ၊ ကား။ အဿာသပဿာသော၊ သည်။ နဇာတော၊ မဖြစ်တော့ပြီ။ အနေဇောတိ၊ ကား။ တဏှာသင်္ခါတာယ၊ တဏှာဟုဆိုအပ်သော။ ဧဇာယ၊ အညစ်အကြေး၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အနေဇော၊ အနေဇမည်တော်မူသော။ သန္တိမာရဗ္ဘာတိ၊ ကား။ အနုပါဒိသေသံ၊ အနုပါဒိသေသ

http://www.dhammadownload.com



ဖြစ်သော။ နိဗ္ဗာနံ၊ ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝိုစ္စ၊ စွဲ၍။ သန္ဓာယ၊ ရည်၍။ ယံကာလမကာရိတိ၊ ကား။ ယော မုနိ၊ အကြင်မြတ်စွာဘုရားသည်။ ကာလံ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်းကို။ အကာရိ၊ ပြုတော်မူပြီ။

ဤဋ္ဌ....

သန္တိမာရဗ္ဘဟူသော ပါဠိတော်၊သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ ဟူသော အဋ္ဌကထာတို့ကိုထောက်၍ မြတ်စွာဘုရား၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟု ရှေးဆရာကြီးတို့ ဆိုကြလေသည်။

ဤသို့ဆိုအပ်သော အဋ္ဌကထာစကားသည် လီနတ္ထဖြစ်၍ ကွယ်ဝှက်သော အနက်ရှိရကား စုတိတော်သည် နိဗ္ဗာန်ကိုအာရုံပြုသည်ဟု ဆိုသကဲ့သို့ ထင်ရပေသည်။

ထေရာအဋ္ဌကထာ။

သန္တိမာရဗ္ဘာတိ နိဗ္ဗာနံ အာရမ္မဏံ ကတွာ။ စက္ခုမာတိ ပဉ္စဟိ စက္ခူဟိ စက္ခုမာ။ ပရိနိဗ္ဗုတောတိ ပရိနိဗ္ဗာယိ။ အယံ ဟေတ္ထ အဓိပ္ပာယော။ နိဗ္ဗာနာရမ္မဏံ စတုတ္ထဇ္ဈာနံ သမာပဇ္ဇိတွာ တဒနန္တရမေဝ အနုပါဒိသေသာ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော။

ဟူ၍ ဖွင့်ပြတော်မူသည်။

သန္တိမာရဗ္ဘာတိ၊ ကား။ နိဗ္ဗာနံ၊ ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ စက္ခုမာတိ၊ ကား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ စက္ခူဟိ၊ တို့ဖြင့်။ စက္ခုမာ၊ စက္ခုငါးပါးရှိတော်မူထသော။ ပရိနိဗ္ဗုတောတိ၊ ကား။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီ။

ဟိတံပါကန္ဒကရောမိ၊ ထိုစကားကို ထင်ရှားအောင်ပြဦးအံ့။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤပရိနိဗ္ဗာနံ အာရမ္မဏံကတွာ ဟူသောစကား၌။ အဓိပ္ပာယော၊ ကွယ်ဝှက်ထိမ်မြုပ်သောစကားကို ဖော်ပြသော အနက်ပင်တည်း။

နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်လျှင်အာရုံရှိသော။ စတုတ္ထဇ္ဈာနသမာပတ္တိံ၊ စတုတ္ထဈာန်နှင့်ယှဉ်သော သမာပတ်ကို။ သမာပဇ္ဇိတွာ၊

http://www.dhammadownload.com



ဝင်စားပြီး၍။ တဒနန္တရမေဝ၊ ထိုၶ၏အခြားမဲ့၌သာလျှင်။ အနုပါဒိ-သေသာယ၊ အနုပါဒိသေသဖြစ်သော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီ။

ဤထေရာအဋ္ဌကထာ၌....

နိဗ္ဗာနာရမ္မဏံ ဟူသောပုဒ်ကို စတုတ္ထဈာန် သမာပတ္တိံ ဟူသောပုဒ်နှင့် မစပ်အပ်။

ဆိုလိုရင်းကား.... နိဗ္ဗာန်တည်းဟူသော အာရုံကို စတုတ္ထဈာန် သမာပတ်ကသာ အာရုံပြုသည်။ စုတိတော်စိတ်က အာရုံမပြုပါဟု ဆိုလိုရင်းဖြစ်သည်။

စုတိတော်၏ အာရုံကား....

ပဋိသန္ဓေနှင့် တူမြဲ ဖြစ်၍ အဋ္ဌကထာ၌ အထူး ဖွင့်မပြပေ။ ထို့ကြောင့် စုတိတော်၏ အာရုံကို ထေရာ အဋ္ဌကထာ လာရှိသည့်အတိုင်းသာ မှတ်သားအပ်ပေသည်။

ဤ ထေရာ အဋ္ဌကထာ ပါ စုတိတော်၏ အာရုံကိုတိုက်ရိုက်မူ၍ ဖွင့်ဆိုမပြပေ။

ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ကား....

သာမာရဇ္ဇာတိ အနုပါဒိသေသ နိဗ္ဗာနံ အာရဇ္ဇ ပဋိစ္စ သန္ဓာယ ယံ ကာလံ မကရိတိယောကာလံ အကရိ။

ဟူ၍ တိုတို လာရှိသည်။

ဤပရိနိဗ္ဗာနသုတ် အဋ္ဌကထာကိုထောက်၍ စွယ်စုံ ကျော်ထင် ကျမ်း၊ ဒု၊ ပုဒ်ရေ(၇၈၅)၌....

"ရဟန္တာ၏ စုတေ့သည် မည်သို့ အာရုံပြုသနည်း"

ဟူသော ကျည်းကန်ရှင်ကြီး၏ အမေးကို ကျီးသဲလေးထပ် ဆရာတော်က စာမျက်နှာ(၂၂၂)၌ နိဗ္ဗာန်ကို အာရုံပြု၍ စုတိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ထေရာ အဋ္ဌကထာ၌ စုတိတော်၏ အာရုံနိဗ္ဗာန်ကို အာရုံပြုသည်ဟု အဓိမ္မ မဆိုပေရာ။

http://www.dhammadownload.com



**အစမှ မဆိုရခြင်း အကြောင်းကား...**

ထေရာအဋ္ဌကထာ၌လည်း၊ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာကဲ့သို့ပင် သန္တိမာရဗ္ဘာတိ နိဗ္ဗာနံ အာရမ္မဏံကတွာ .... ဟူ၍ပင် ရှေးဦးစွာ ဆိုထားပေသည်။ ထို့နောင်မှ ဤ နိဗ္ဗာနံ အာရမ္မဏံကတွာ ဟူသော စကားသည် ငုပ်သောအနက်ရှိသော စကားတည်း။ ဤစကားအတိုင်း ယူခဲ့သော် စုတိတော်သည် နိဗ္ဗာန်ကိုပင် အာရုံပြုသည်ဟု ယုံမှားရာ သည်။ ထိုသို့သော ယုံမှားဖွယ်ရာကို ပယ်ဖျောက်ခြင်း အကျိုးငှာ အယံ ပနေတ္ထ- အစရှိသော တပ္ပါကဋီကရဏ ဝါကျကို အဋ္ဌကထာ ဆရာ ဆက်၍ဖွင့်ပြပြန်သည်။

**ကျမ်းဆရာတို့၏ ဓမ္မတာ....**

တစ်ကျမ်း၌ ငုပ်အံ့သင့်လျှင် တစ်ကျမ်း၌ ဖော်ပြမြဲ၊ တစ်ကျမ်း၌ ကျဉ်းအံ့ထင်လျှင် တစ်ကျမ်း၌ချဲ့၍ ပြမြဲ၊ တစ်ကျမ်း၌ လိုအံ့ထင်လျှင် တစ်ကျမ်း၌ ဖြည့်ပေးမြဲသာများသည်။

**ဤအရာ၌လည်း....**

မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ စကား ငုပ်သည်ကို သိ၍ ထေရာအဋ္ဌကထာ၌ သန္တိံ မာရဗ္ဘာတိ နိဗ္ဗာနံ အာရမ္မဏံကတွာ ဟု ပရိနိဗ္ဗာနသုတ် အဋ္ဌကထာကဲ့သို့ ငုပ်သောစကားကိုပင် ရှေးဦးစွာ မှတည်၍ နောင်မှ ထိုစကားငုပ်ကို ထင်ရှားစေခြင်းငှာ အယံ ပနေတ္ထ အစရှိသော စကားကို ဆက်၍ဖွင့်ဆိုရပြန်သည်။

အဋ္ဌကထာ စကား နှစ်ရပ်ကို ဆန့်ကျင်သည်ဟူ၍ မမှတ်ရာ၊ တစ်ကျမ်း၌ ငုပ်သည်ကို တစ်ကျမ်းက ထင်စွာပြု၍ ဖွင့်ခြင်းသာ ထူးခြားသည်။

**ထို့ကြောင့် စုတိတော်၏ အာရုံကား....**

ပေါက္ကံဆရာကော် ဖြေကြားသည့်အတိုင်း ဂတိနိမိတ်သာဟူ၍ သန္နိဋ္ဌာန်ချ မှတ်သားကြပါကုန်....ဟူ၍ ဋီကာကျော် ဂဏ္ဌိသစ်ဆရာ စိစစ်ဆုံးဖြတ်သည်ကို တွေ့ရှိရပေသည်။

http://www.dhammadownload.com



## တစ်ကျမ်းတွေ့မြင်–ပို၍ထေင်

ဤနေရာ၌ လယ်တီဆရာတော်ဘုရားကြီးက သူ၏တပည့် မောင်ရောင်နီသည် ပိဋကမာန်အစွယ်ထောင်၍ တဖောင်ဖောင် အပြောလွန်းသောကြောင့် ဆုံးမလိုက်သောစာကို ထင်ယောင် မြင်ယောင် ဖြစ်မိပေသည်။

ဆုံးမလိုက်သောစာကား....

တစ်ကျမ်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာဂုမ် တယ်၍ မကိုးနှင့်၊
ပိဋကပင်လယ်၊ နယ်ကျယ်၊ အလွယ်တတ်မည် မထင်နှင့်။

ဟူသည်တည်း။

ထိုမှတစ်ပါး....

ရှေးအခါ ရွာတစ်ရွာ၌ အရက်သေစာ သောက်လေ့ရှိသော ယောကျ်ားမ တစ်ဦးနှင့် အရက်သေစာ သောက်လေ့မရှိသော သမက် တစ်ဦးတို့ တစ်အိမ်တည်းမှာ အတူတူ နေထိုင်ကြသတဲ့။ ယောကျ်ားမ ဖြစ်သူက အိပ်ရာ ဝင်ခါနီးမှာ အရက်သေစာသောက်ပြီး ဘုရားကို ရှိခိုးလေ့ရှိသတဲ့။ ဩကာသ ကန်တော့ခန်းအတိုင်း နိဗ္ဗာန်ကို ကောက်ထုတ်ချောက် ရောက်ရပါလို၏ဟု ဆုကောင်းသတဲ့။ ထိုအခါ အိမ်အောက်မှာနေတဲ့ သမက်က ကြားတော့ "မထင်ဗျ" လို့ ပြောလိုက်သတဲ့။ ဤစကားကို ဘုရားဝတ်တက်နေတဲ့ ယောကျ်ားမက ကြားပြန်တော့ "နင့်အမေ...လ...လို့ မထင်တာလားကွ" လို့ ဆဲရေတိုင်းထွာ ပြောလိုက်သတဲ့။ အဲဒီတော့ သမက်ဖြစ်သူက "အဲဒါကြောင့် ပို၍ မထင်လို့" ပြန်ပြောလိုက်သတဲ့။ ထို့အတူပင် အစ ပထမက အလွန်ခက်ပါသည်ဆိုတဲ့ ဝဏ္ဏာရမ္မဏပစ္စည်းကို မရှိနိဗ္ဗာနသုတ် အဋ္ဌကထာ ထေရာဒ္ဒကထာတို့ကို ထုတ်ပြ၍ ဂဏ္ဍီသစ်ဆရာ ရှင်းလိုက်မှ ပို၍မင် ခက်ခဲသွားမလ ဟော့သည်။ တိကျ ဂမ္ဘီရ ညဏစွမ်းအင် ဆရာရှင်တို့၏ အရာသာ ဖြစ်ပေတော့သည်။

မုံရွေးဆရာတော်၊ ဆင်တဲ ဆရာတော်၊ ပုဂံ အတွင်းဝန်ဆရာတော်ကြီး ကိုယ်တိုင်း မြတ်စွာဘုရား၏ စုတိတော်စိတ်သည် ပဋိသန္ဓေအာရုံဖြစ်ခဲ့သော ဂတိနိမိတ်ကို အာရုံပြု၏ဟု ယူတော်မူကြကြောင်း ချောင်းဆုံ ဂဏ္ဍီဆရာ မိန့်မှာ ညွှန်ပြသည်ကို တွေ့ရှိရပေသည်။

***************

http://www.dhammadownload.com



## ဤမှတစ်ပါး လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒကို ပြပါဦးအံ့

သာသနဝိသောဓနီ တတိယတွဲ(၁၉၁)မှ ဗုဒ္ဓစုတိစိတ္တာရမ္မဏ ဝိနိစ္ဆယ။

နာဟု အဿာသ ပဿာသာ၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံကာလ မကာရိ မုနိ။

ဟူ၍လာသော မဟာပရိနိဗ္ဗာနသုတ္တန် အသံနိမိတ်ကို ရိပ်ဖမ်း သံဖမ်း မှန်းရမ်းဆခါးလျက် ဘုရား စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟု ဖြေဆိုရေးကြကုန်သည်။

အနေဇော၊ တဏှာကင်းတော်မူပြီးသော။ မုနိ၊ မြတ်စွာဘုရားသည်။ ယသ္မာ၊အကြင်ကြောင့်။ သန္တိံ၊နိဗ္ဗာန်ကို။ အာရဗ္ဘ၊ရည်ရွယ်၍။ ကာလံ၊ သေခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ တသ္မာ၊ ထို့ကြောင့်။ ဌိတစိတ္တဿ၊ တည်တံ့သော စိတ်ရှိတော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ အဿာသပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ နာဟု၊ မဖြစ်ကုန်သတည်း။

ဤဂါထာဖြင့်.... အရှင် အနုရုဒ္ဓါသည် ယခုမှ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံကြောင်းကို ပရိသတ်အများတို့အား ထင်ရှားဖွင့်တော်မူသည်။

ဤဂါထာ၌(သန္တိမာရဗ္ဘ)ဟူသောစကားကို....

၁။ ဘုရားစုတိစိတ်၏အာရုံကိုပင်ဆိုသည်ဟုထင်မှတ်ရန် တစ်ချက်။
၂။ ဘုရား မရဏာသန္နဇော စိတ်တို့၏ အာရုံပြုကို ဆိုသည်ဟု ထင်မှတ်ရန်တစ်ချက်။

ထိုနှစ်ချက်တို့တွင် စုတိစိတ်၏ အာရုံပြုကိုပင် ဆိုပါသည်ဟု ယူခဲ့သော် အဘိဓမ္မာပါဠိတော် ရှင်းအဖွင့် အဋ္ဌကထာကြီးများနှင့် ကန့်လန့်ဖြစ်နေ၏။

ဖြစ်နေပုံကား....

ပရိနိဗ္ဗာန စိတ်ဟူသည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက် စိတ်ပေတည်း။ ထေရဝါဒအလိုအားဖြင့်

http://www.dhammadownload.com



ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက် စိတ် ပေတည်း။ ထိုကာမဝိပါက်စိတ်၏ အာရုံကို ဓမ္မသင်္ဂဏီ ပါဠိတော်၌...

ကတမေ ဓမ္မာ ပရိတ္တာရမ္မဏာ၊ သဗ္ဗော ကာမာဝစရဿ ဝိပါကော ကိရိယာ မာနောဓာတု ကိရိယာဟေတု မနော ဝိညာဏ ဓာတု သောမနဿ 'သဟဂတာ၊ ဣမေ ဓမ္မာ ပရိတ္တာရမ္မဏာ။

ဟူ၍ ကာမအာရုံ၊ ကေန်အာရုံစုဠ်သာ ဟောကော်မူသည်။ လောကုတ္တရာ အာရုံစုဠ်လည်းကောင်း၊ အနေကန်စုံ၌ လည်းကောင်း ကာမဝိပါက် သက်သက်မပါလေ။

ဘုရားတကာလှည်းမှာ ဝါပိုသည်ဆိုသကဲ့သို့ ဤ ဓမ္မသင်္ဂဏီ ပါဠိတော်ကြီးသည် စိတ်မချသာ ကြံမိကြံရာ အကြွင်းအကျန် ရှိရပါ သေးသည် ဆိုငြားအံ့။

ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ ပဋ္ဌာန်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အဘိဓမ္မာဝတာရအဋ္ဌကထာဟူသော အဋ္ဌကထာ ကြီး အရပ်ရပ်တို့၌ ကာမဝိပါက်မှန်က ကာမအာရုံသာ ကေန္တ ဖြစ်ကြောင်းကို တင်းတင်းကျပ်ကျပ် မိန့်ဆိုတော်မူကြသည်ဖြစ်၍ ထို ဓမ္မသင်္ဂဏီပါဠိတော်မြတ်ကို ကတ်ဖဲ့လုပ်ခြင်းငှာ မထိုက်ပေ။

အဋ္ဌ မနဿ ဟေတုကဝိပါက စိတ္တုပ္ပါဒါ ဧတ္ထ ဂဟိတ္တနယေ-နေဝ တဒါရမ္မဏဝသေန ပဋိသန္ဓိ ဘဝင်္ဂစုတိဝသေန စ ပရိတ္တ-ဓမ္မေသွေဝ အာရမ္မဏ ပဝတ္တန္တိ။ (အဋ္ဌသာလိနီ)

ဧဝံ ဣမေ ပဉ္စဝီသတိစိတ္တုပ္ပါဒါ ကေဝလမေဝ ပရိတ္တာ-ရမ္မဏာတိ ဝေဒိတဗ္ဗာ။ (ဋင်း)

တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နသန္တိ၊ ကေဝလ-ပရိတ္တာရမ္မဏာနိ ဟိ ကာမာဝစရဝိပါကာနိ။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ။

တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နပ္ပဝတ္တန္တိ၊ ကာမာ-ဝစရဝိပါကာနံ ကေဝလပရိတ္တာရမ္မဏတ္တာ။ (အဘိဓမ္မာဝတာရ)

ဤသို့စသည်ဖြင့် ကာမဝိပါက်တို့၌ ကာမအာရုံသာ ကေန္တ ဖြစ်ကြောင်းကို မိန့်ဆိုကြသော အဋ္ဌကထာအမျိုးမျိုး၊ ဋီကာအမျိုးမျိုး

http://www.dhammadownload.com



တို့သည် ကောင်းကင်ပြင်ဝယ် နက္ခတ်ကြယ်တို့ကဲ့သို့ ထင်ရှားလှပါကုန်၏။ ပေါလည်း ပေါများလှပါကုန်၏။ ကာမအာရုံမှတစ်ပါး တခြားသော ပညတ်အာရုံ မဟဂ္ဂုတ်အာရုံ မဂ်ဖိုလ်အာရုံ နိဗ္ဗာန်အာရုံများကို ကြံဆထည့်သွင်းရန် အဘိဓမ္မာကျမ်းဂန်တွင် အသံနိမိတ် အရိပ်အမြွက်မျှ မရှိပေ။ ထို့ကြောင့် ဘုရားစုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟုဆိုကြသော ပုဂ္ဂိုလ်ကျော်တို့၏စကားသည် ဗုဒ္ဓုပ္ပါဒ-နဝမဉ္ဇ မှားရနိုင်ခဲသော အတိဒုလ္လဘအမှား အံ့ဖွယ်ကြီးဖြစ်ပေတည်း။

ဤကား သန္တိမာရဗ္ဘ ဟူသော သုတ္တန်၌ နိဗ္ဗာန်ကိုအာရုံပြု၍ စုတိစိတ်တော်မြတ်ဖြစ်သည်ဟု ယူခဲ့လျှင် ဓမ္မသင်္ဂဏီပါဠိ အဘိဓမ္မာ အရပ်ရပ်တို့နှင့် ကတ်ဖဲ့နေပုံတည်း တစ်ရပ်။ သန္တိမာရဗ္ဘ ဟူသော စကားကို ဘုရားကိုယ်တော်၏ မရဏာသန္န မဟာကြိယာဇောစိတ်တို့၏ အာရုံပြုကို ဆိုပါသည်ဟု ယူခဲ့ပြန်လျှင် သုတ္တန်နှင့် ကန့်လန့်နေပြန်၏။

နေပုံကား....

မြတ်စွာဘုရားသည် စတုတ္ထဈာန်မှထ၍ ပစ္စဝေက္ခဏာဝီထိ အဆုံး၌ စုတိကျကြောင်းကို သုတ္တန်အဋ္ဌကထာ၌ ဆိုပေသည်။ ပစ္စ-ဝေက္ခဏာဇောစသည်ပင် မရဏာသန္နဇော ဖြစ်ရသတည်း။ ပစ္စ-ဝေက္ခဏာဇော ဟူကလည်း ဈာန်အင်္ဂါတို့ကိုသာ အာရုံပြုမြဲတည်း။ နိဗ္ဗာန်နှင့် မဆိုင်ပေ၊ ဤကား သုတ္တန်နှင့် ကန့်လန့်နေပုံတည်း။

တစ်နည်း....

စတုတ္ထဈာန်ဟူသော စကား၌ အရဟတ္တဖိုလ်စတုတ္ထဈာန်ကို ယူ၍ ထိုစတုတ္ထဈာန်မှထ၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဇောမှာ မူကား....

၁။ ဖိုလ်ကို ဆင်ခြင်သည့် တစ်ဝီထိ။
၂။ နိဗ္ဗာန်ကို ဆင်ခြင်သည့် တစ်ဝီထိ။

နှစ်ဝီထိကျသင့်ပေသောကြောင့် နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိနှင့် စုတိတော်မူသည်ဟု ယူလိုက်လျှင် သုတ္တန်ဋီကာကြီးနှင့်လည်း ညီညွတ်၏။ ဘုရားမရဏာသန္နဇောစသည် နိဗ္ဗာန်ကို အာရုံပြုသည်ကို ရည်၍ သန္တိမာရဗ္ဘ ယူပါသည်ဆိုသော် သုတ္တန်နှင့် မကန့်လန့်။

http://www.dhammadownload.com



သုတ္တန်အဋ္ဌကထာကြီး၌ကား....

သန္တိမာရဗ္ဘာတိ သန္တိံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ ဟူ၍ ဖွင့်သည်။ အာရဗ္ဘ အာရမ္မဏံ ကတွာ ဟူ၍ မဖွင့်ပေ။ ဘုရားကိုယ်တော်၏ မရဏာသန္န မဇ္ဇဝေကွဏာဇော စသည့် နိဗ္ဗာန်ကိုပင် ဆင်ခြင်သမျှ အာပြုသည့် မှန်ခဲ့အံ့။ အာရဗ္ဘကို အာရမ္မဏံကတွာဟူ၍ ဖွင့်ပေရာသည်။

ထိုသို့ကား မဖွင့်ခဲ့ပါ။ ပဋိစ္စ သန္ဓာယ အာရုံပြုကိုရှောင်ခွာ၍ ဖယ်သာ လှယ်သာ ကျယ်ရာပြင်ပကိုညွှန်းပြ၍ ဖွင့်မြန်သောကြောင့် ဘုရားမရဏာသန္နဇော စသည်လည်း နိဗ္ဗာန်ကိုပင် အာရုံမပြုဟု လုသာ ယက်သာ ဆွဲတိုင်းပါပြန်သတည်း။

ထို့ကြောင့် အဘိဓမ္မာမဟုတ် သုတ္တန်အမူ ပရိယာယ်ထူလှသော (နာဟု အဿာသ ပဿာသာ ။လ။ ယံ ကာလမကရီ မုနိ) ဟူသော အရှင်အနုရုဒ္ဓါ၏ ဂါထာစကားမျှဖြင့် ဘုရားမုခပါဠ် ပဂမတ်အစစ် ပုတ်လေးပစ်မှန်လှသော အဘိဓမ္မာကျမ်းဂန်တွေကို တွန်းလှန်၍ပစ်ရမည့် အရေးသည် အလွန်ခက်လှ၏။

ပဋိစ္စသန္ဓာယ ဟူသည်မှာ အာရုံပင်မပြုသော်လည်း အမူသွားသန္တာန်က နိဗ္ဗာန်သို့ စိုက်စိုက်ဦးတည်ရွယ်၍ တိုက်သဖြင့် ဆိုက်တော့မည် အနှန်ကြောင့် သန္တိံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲလှမ်း၍။ သန္ဓာယ၊ ရည်ရွယ်၍ ယူဆပါတည်း။ တစ်ရပ်။

> ကတ္တစိ ပန အနုပ္ပဇ္ဇမာနဿ ခီနာသဝဿ ယတော ပဋ္ဌိတံ နာမရူပါဒိကမေဝ စုတိ ပရိယောသာနာနိ ဝေါစရ-ဘာဝံ ဂစ္ဆန္တိ။

ဟူသော ဋီကာကျော်စကားမှာ မဏိမဥ္ဇူဆရာတော် အဖေဂုံ-သာရဒီပနီဆရာတော် ပုဂ္ဂိုလ်ကျော်သူမြတ်တို့ ဖြောင့်မပယ်စွာဖွင့်ကြသော ပြဿာဝအနက်ကို နှစ်သက်အားရ စိတ်ချကာနေကြလျှင် ကိစ္စပင်မရှိရာ။ သို့ပါလျက်ကို သဂြိုဟ်ဂဏ္ဌိဆရာ၊ သဂြိုဟ်နိဿယသစ်ဆရာ၊ ဝိတိချရိုးတစ်စု မြူလုပ်စိရင်သော ဆရာတို့သည် ဖွေရှာလောက်လက်ညာဏ်ဆော့သည့်အတွက်ကြောင့် သက်သက်သာ အမှုပိုဖြစ်ပြန်သည်ကား ....

http://www.dhammadownload.com



ဘုရားရဟန္တာတို့၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံ ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံမပြု။ ထင်တိုင်းသော တေဘူမကတရား နိဗ္ဗာန်ပညတ်များကိုသာ အာရုံပြုရမည်ဟု ယူလိုရာ ပါရသော ဋီကာကျော်စကားကိုပင် ဘုရားဟော ပါဠိတော်ကဲ့သို့ အမော်ကြီးထင်မှတ်၍ ရောက်တတ်ရာရာ ပြောကြပြန်သတည်း။

ဘယ်ပါဠိ ဘယ်အဋ္ဌကထာ ဘယ်ဋီကာတစ်စိတ်မှာမှ အရိပ် အမြွက် အသံမျှမထွက်ပါဘဲနှင့် ရေခွက်မှာ မိကျောင်းပေါ်သကဲ့သို့ ဋီကာကျော် နယ်မျှနှင့် အဆာပင်မတန်ပါသော အာရုံပြု အချက်ကြီးကို ရိုးတီးရားတား ယုတ္တိတုစကားတွေနှင့် နောက်သားတို့စိတ်ရှုပ်အောင် လုပ်ကြသည့်အခင်းကို ထင်လင်းအောင်ဖွက်လိုက်အံ့။

ရှင်းဂဏ္ဌိသစ် နိဿယသစ်တို့၌ အာဂန္တုကဘဝင်ကို စံပြု၍ ရဟန္တာတို့စုတိသည် မိမိတို့ ပဋိသန္ဓေနှင့် အာရုံဖြစ်သင့်၏ ဟူရာ၌ ဥပေက္ခာသန္တီရဏ အာဂန္တုကဘဝင်စိတ်သည် ပဋိသန္ဓေနှင့် အာရုံ မတူရှိရသည်မှာ မိမိပဋိသန္ဓေ နေခဲ့ရင်း စိတ်မဟုတ်သောကြောင့် ထိုအာဂန္တုကဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏ နိမိတ်အာရုံ တကက်တက် မှန်ကို ကြက်ဆန်းနှင့် ဆန်အိုးကဲ့သို့ တိုးမိစွပ်မိရန် အခွင့်အဘယ်မှာ ရှိပါချေအံ့နည်း။

သည်နေ့ ရှေ့နေအနီးတွင် တွေ့ခဲ့၍ အလေ့အကျက်များလှ သဖြင့် အလကားပင် ထင်ရှားပေါ်လွင်၍ လယ်ပြင်မှာ ဆင်ပြေးသကဲ့ သို့ မတွေးရ မဆရ ပါကဋတရ ပရိစိတဗ္ဗဖြစ်သော အတစ်အတုံး အလုံးအခဲကိုသာ ထိုဘဝင်စိတ်ယူနိုင်လေသတည်း။ ဒေါသဇော နှင့် သောမနဿမူလဘဝင် အဆင်မသင့် အခွင့်မတော်၍ တစ်ခဏမျှ အငှားကျရသော အာဂန္တုကဘဝင်စုစီကလေးကိုအရေးတစ်ခု စံကြီး ပြု၍ မှုမှုရရ တုပပြိုင်ယှဉ်ခြင်းငှာ မထိုက်ပေ။

ဘုရားရဟန္တာတို့ စုတိစိတ်မှာ မိမိပဋိသန္ဓေစိတ်နှင့်နိမိတ်အာရုံ မတူကြရာ၌ အဘယ်အကြောင်း ချို့တဲ့သနည်း။ မတူဘဲနှင့် ထိုအာရုံကို မယူဘဲ တခြားအာရုံကိုယူရာ၌ အဘယ်အကြောင်းထူး ရှိသနည်း၊ ဘုံတစ်ပါးသို့ သွားတော့မည့်ပုဂ္ဂိုလ် မဟုတ်သည့်နှင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုရသည့် အာရုံကို အာရုံပြုခွင့် မသင့်လေ့သောကြောင့် တခြားအာရုံကိုသာ ယူပါသည်ဟုပြောဆိုကြသော အကြောင်းမှာ လည်း ကောင်းကောင်းမမြင်၍ အထင်နှင့်ရမ်းကာမျှသာဖြစ်သည်။

http://www.dhammadownload.com



ထိုဘဝတစ်ပါးသို့ သွားရသောပုဂ္ဂိုလ်မှာပင် စုတိစိတ်မှာရှိသော ကံ ကမ္မနိမိတ်နှင့်သွားသည်မဟုတ်၊ စုတိစိတ်အာရုံဖြစ်ကာမျှသာ အသုံးကျသည်။ သည့်ထက်အသုံးမရှိ။ စုတိစိတ်၏ ရှေး မရဏာသန္နဇောမှာရှိသော ကံ ကမ္မနိမိတ် ဂတိနိမိတ်မှသာ ဘုံဘဝတစ်ပါးသို့ သွားရာ၌ အသုံးကျသည်။ ဘုရားရဟန္တာတို့၏ စုတိစိတ်၌ရှိသော ကံ ကမ္မနိမိတ် ဂတိနိမိတ်မှာမူကား ဆိုဖွယ်ပင်မရှိ၊ အသုံးမကျ သက်သက်သတည်းဟူ၍ မှတ်သားဖို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

**********

## အဘိညာဏ်စွေး ရသင့်—မရသင့်

သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၈၆။

စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယီတိ ဧတ္ထ ဈာနသမနန္တရ ပစ္စဝေက္ခဏာ သမနန္တရန္တိ ဒွေသမနန္တရာနိ။ တတ္ထ ဈာနာဝုဋ္ဌာယ ဘဝင်္ဂံ ဩတိဏ္ဏဿ တတ္ထေဝ ပရိနိဗ္ဗာနံ ဈာန သမနန္တရံနာမ။ ဈာနာ ဝုဋ္ဌဟိတွာ ပုန ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဘဝင်္ဂံ ဩတိဏ္ဏဿ တတ္ထေဝ ပရိနိဗ္ဗာနံ ပစ္စဝေက္ခဏာ သမနန္တရံနာမ။ ဣမာနိ ဒွေသမနန္တရာနေဝ။ ဘဂဝါပန ဈာနံ သမာပဇ္ဇိတွာ ဈာနာ ဝုဋ္ဌာယ ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဘဝင်္ဂစိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ပရိနိဗ္ဗာယိ။

အဓိပ္ပာယ်ကား....

ပရိနိဗ္ဗာန်သည်-

၁။ ဈာနသမနန္တရ ပရိနိဗ္ဗာန်၊

၂။ ဈာနင်ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန် ဟူ၍ ၂ ပါးရှိ၏။

ထိုတွင်-

၁။ ဈာန်မှထသည်၏ အခြားမဲ့၌ ဝီထိတစ်ပါး မခြားဘဲ စုတိပရိနိဗ္ဗာန စိတ်ဖြစ်သော ခီဏာသဝပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန်သည် ဈာနသမနန္တရ ပရိနိဗ္ဗာန်မည်၏။

http://www.dhammadownload.com



၂။ ဈာန်မှထပြီး၍ ထိုဈာန်၌ရှိသော ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အကြားမဲ့၌ ဝီထိတစ်ပါး မခြားဘဲ စုတိပရိနိဗ္ဗာန စိတ်ဖြစ်သော ခီဏာသဝပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန်သည် ဈာနင်္ဂပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်မည်၏။

ဤ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌-

တတ္ထ ဈာနာ ဝုဋ္ဌာယ ။လ။ ဈာနသမနန္တရံ နာမ ဟု ဈာန်ဇော၏ အကြားမဲ့၌ ဝီထိတစ်ပါး မခြားဘဲ စုတိပရိနိဗ္ဗာန စိတ်ဖြစ်ကြောင်းကို ပြသည်ကိုထောက်၍ မရဏာသန္နအခါ အဘိညာဉ်စိတ်၏ ကောင်းသည့်၏အဖြစ်ကိုသိအပ်၏။ ဈာန်မှထပြီးနောက် ပစ္စဝေက္ခဏာ ဝီထိတို့ခြား၍ ပစ္စဝေက္ခဏာ ဝီထိ၏အကြားမဲ့၌ ပရိနိဗ္ဗာန်ပြုသည်ကို ဈာနင်္ဂပစ္စဝေက္ခဏာ သမနန္တရပရိနိဗ္ဗာန်ဟု အသီးအခြားပြဆိုသည်ကို ထောက်သဖြင့် ဈာနသမနန္တရ ပရိနိဗ္ဗာန်၏ ဈာန်ဇောနောင် ပစ္စဝေက္ခဏာ ဝီထိ မခြားဘဲ စုတိပရိနိဗ္ဗာန်၏အဖြစ်ကို သိအပ်၏။

မှတ်ချက်။ ။ဈာန်ဇောနောင် ပစ္စဝေက္ခဏာဝီထိမခြားဘဲ ပစ္စဝေက္ခဏာ ဝီထိမှ ကင်းသောဈာန်ကား-

(က) အဘိညာဉ်ကိစ္စ တပ်ခိုက်ဖြစ်သော ရူပါဝစရ စတုတ္ထဈာန်။

(ခ) နိရောဓသမာပတ်၏ ရှေး အနန္တရဖြစ်သော စတုတ္ထာရုပ္ပဈာန် ၂ ပါးတည်း။

ထိုနှစ်ပါးတို့တွင်-

(က) အဘိညာဉ်ကိစ္စ တပ်ခိုက်သော ရူပါဝစရ၊ စတုတ္ထဈာန်မှာ မိမိ အကြားမဲ့၌ ဝီထိစိတ်ဖြစ်သည်ရှိသော် မိမိဟူသော အဘိညာဉ်၏အာရုံလျှင် အာရုံရှိသော ဝီထိစိတ်သာဖြစ်မြဲ ဖြစ်၍ ထိုအဘိညာဉ်ဈာန်ရှိသော ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ မဖြစ်ပေ။

(ခ) နိရောဓ သမာပတ်၏ရှေး အနန္တရဖြစ်သော စတုတ္ထာရုပ္ပဇော၏ အကြားမဲ့၌လည်း ထိုစတုတ္ထာရုပ္ပဇော ချုပ်သည်မှ အနန္တရခဏက စ၍ နိရောဓာနန္တရဖြစ်သော ဖိုလ်ဇော၏ ရှေးအနန္တရတိုင်အောင်သော ခဏကာလ အတွင်း၌ စိတ် စေတသိက် စိတ္တဇရုပ်တို့ မဖြစ်ခြင်း ဟူသော နိရောဓသို့သာရောက်သည်ဖြစ်၍ ထိုစတုတ္ထာရုပ္ပဈာန်၌ရှိသော ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာမဖြစ်ဟု မှတ်အပ်၏။

http://www.dhammadownload.com



ထို မိမိ၏အခြားမဲ့၌-

ဈာနင်္ဂ ပစ္စဝေက္ခဏာဝီထိမှ ကင်းသော ဈာန် ၂-ပါးတို့တွင် နိရောဓသမာပတ်ကို ဝင်စားဆဲသော ကာလအတွင်း စုတေခြင်း၊ ပရိနိဗ္ဗာန်ပြုခြင်းမည်သည် အလျှင်းပင် မဖြစ်ကောင်းသောကြောင့် ဈာန်၏အခြားမဲ့၌ စုတိပရိနိဗ္ဗာန်ဖြစ်ကြောင်းကိုပြရာ ဈာနသမနန္တရ ပရိနိဗ္ဗာန်အရာ၌ ဈာနအရကို ထိုနိရောဓ၏ ရှေး အနန္တရဖြစ်သော စတုတ္ထာရုပ္ပဈာန်ကိုလည်း မယူအပ်။

အဘိညာဏ်ကိစ္စ တပ်ထိုက်သော ရူပါဝစရ စတုတ္ထဈာန်၏ အခြားမဲ့၌သော်ကား ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာ မဖြစ်ကောင်း၊ စုတိပရိနိဗ္ဗာန်ပြုခြင်းသည်သာလျှင် ဖြစ်ကြောင်းသည်သာ ဖြစ်၍ ဈာနသမနန္တရ ပရိနိဗ္ဗာန်အရာဝယ် ဈာန်အရကို အဘိညာဏ်ကိစ္စ တပ်ခိုက်သော ရူပါဝစရကြီယာ စတုတ္ထဈာန်ကိုသာ ယူအပ်၏။

ခီဏာသဝ ပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်သည်-

၁။ ဈာန် သမာပဇ္ဇန ပရိနိဗ္ဗာန်၊

၂။ သင်္ခါရ သမသန ပရိနိဗ္ဗာန်၊

၃။ ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန်အားဖြင့် သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင်-

၁။ ဈာန်မှထသည်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုခြင်းသည် သမာပတ္တိ သမာပဇ္ဇန ပရိနိဗ္ဗာန် မည်၏။

၂။ သင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်သော ဝီထိ၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းသည် သင်္ခါရ သမသန ပရိနိဗ္ဗာန် မည်၏။

၃။ ဈာန်အင်္ဂါကိုဆင်ခြင်သော ဈာနင်္ဂ ပစ္စဝေက္ခဏာဝီထိ၊ မဂ်ဖိုလ်စသည်တို့ကိုဆင်ခြင်သော မဂ္ဂါဒိ ပစ္စဝေက္ခဏာ ဝီထိတို့တွင် တစ်ပါးပါးသော ပစ္စဝေက္ခဏာဝီထိတို့တွင် တစ်ပါးပါးသော ပစ္စဝေက္ခဏာဝီထိ၏ အခြား

http://www.dhammadownload.com



မဲ့၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန် မည်၏။

ထိုသုံးပါးတို့တွင် ဈာန ဝီထိ အနိစ္စ စသည်ဖြင့် သုံးသပ်သော ဝီထိ၊ ဈာန်အင်္ဂါ စသည်ကို ဆင်ခြင်သော ဝီထိဟူသမျှသည် မနောဒွါရိက ဝီထိသာ ဖြစ်၏။

ဤသို့ ခီဏာသဝ ပုဂ္ဂိုလ်တို့၏ သမာပတ္တိ သမာပဇ္ဇန ပရိနိဗ္ဗာန်၊ သင်္ခါရ သမာသန ပရိနိဗ္ဗာန်၊ ပစ္စဝေက္ခဏာပရိနိဗ္ဗာန်တို့တွင် တစ်ပါးပါးဖြင့်သာ ပရိနိဗ္ဗာန်ပြုမြဲသည်၏ အဖြစ်။ ဤသုံးပါးဖြင့် ပရိနိဗ္ဗာန်ပြုရာ မရဏာသန္နဝီထိတို့၏ မနောဒွါရိကဝီထိ ဖြစ်သည်၏ အဖြစ်ကြောင့်—

ယခင် ဤနေရာ၌ ဝါဒကွဲကြ၏။ ညွှန်ပြခဲ့သော ဇာတ္တစိ ပန အနုပ္ပဇ္ဇာမာနသ ။ပ။ န ကမ္မ ကမ္မ နိမိတ္တာ ဒယော ဟူသော ဋီကာကျော် အဖွင့်။

မဏိမဉ္ဇူဋီ၊ ဒု-၅၆။

စုတိပရိယောသာနာနန္တိ ဧတ္ထ မနော ဒွါရိက ဝီထိ စိတ္တာနိ ဝေါဒိပ္ပေတာနိ သမာပတ္တိ သမာပဇ္ဇန သင်္ခါရ သမ္မသန ပစ္စဝေက္ခဏေ ဟေဝ ပရိနိဗ္ဗာယနတော တိ အမှာကံ ခန္တိ။

ဟု ဖွင့်ပြလေသည်။

စုတိပရိယောသာနာနန္တိဧတ္ထ၊ ၌။ မနောဒွါရိက ဝီထိစိတ္တာနိ-ဝေါ၊ မနောဒွါရိကစိတ်တို့ကိုသာလျှင်။ အဓိပ္ပေတာနိ၊ အလိုရှိအပ်ကုန်၏။ ကသ္မာ၊ ဟူမူကား။ သမ္မာပတ္တိ-သမာပဇ္ဇနသင်္ခါရ သမ္မသန ပစ္စဝေက္ခဏေဟေဝ၊ သမာပတ်ကိုဝင်စားခြင်း, သင်္ခါရကို သုံးသပ် ဆင်ခြင်ခြင်းတို့ဖြင့်သာလျှင်။ ပရိနိဗ္ဗာယနတော၊ ပရိနိဗ္ဗာန်စံဝင်လေသောကြောင့်တည်း။ ဣတိ၊ ဤသည်ကား။ အမှာကံ၊ ငါတို့၏။ ခန္တိ၊ အလိုအကြိုက်တည်း။

ဤ မဏိမဉ္ဇူဋီကာပါဌ်၌…

သမာပတ္တိ သမာပဇ္ဇန ဟူသော စကားကို မဟာပရိနိဗ္ဗာန သုတ် အဋ္ဌကထာ၌လာသော ဈာနသမနန္တရ ပရိနိဗ္ဗာန်ကို ရည်၍ ဆိုလေသည်။

http://www.dhammadownload.com



သဒ္ဒါရသမသန ဟူသော စကားကို ဋီကာကျော်၌လာသော နာမရူပပါဒိပစ္စဝေက္ခဏာ သမန္တရ ပရိနိဗ္ဗာန်ကိုရည်၍ ဆိုလေသည်။

ပစ္စဝေက္ခဏ ဟူသော စကားကို မဟာပရိနိဗ္ဗာန အဋ္ဌကထာ၌လာသော ဈာနင်္ဂပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်၊ ပုဂ္ဂလ ပညတ် ပါဠိ အဋ္ဌကထာ စသည်တို့၌လာသော မဂ္ဂါဒိ ပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်တို့ကိုရည်၍ ဆိုလေသည်။

ဤ မဏိမဉ္ဇူ၌...

သမာပတ္တိ သမာပဇ္ဇန ဝယ် သမာပတ္တိအရ ...

အဘိညာဏ်ကိစ္စ တပ်ခိုက်သော ရူပါဝစရ စတုတ္ထဈာန်ကိုရည် -၍သာ ဆိုသည်ဟု မှတ်အပ်၏။

ဈာန သမနန္တရ ပရိနိဗ္ဗာန် ဟူရာ၌...

ဈာနအရသည် စင်စစ်မုချ ကေန္ဒအားဖြင့် အဘိညာဏ်ကိစ္စ တပ်ခိုက်ဖြစ်သော ရူပါဝစရကြိယာ စတုတ္ထဈာန်သာဖြစ်သောကြောင့် ကြိယာအဘိညာဉ်၏ အခြားမဲ့၌ ခီဏာသဝပုဂ္ဂိုလ်တို့ စုတိပရိနိဗ္ဗာန စိတ် ဖြစ်ကောင်းသည်။

ဤ ဈာနသမနန္တရ ပရိနိဗ္ဗာန်အရာ၌...

ကြိယာအဘိညာဏ်ဇောနောင် ပရိနိဗ္ဗာန် ပြုကောင်းသည်။ ထိုသို့ ပရိနိဗ္ဗာန်ပြုရာ၌ ကြိယာအဘိညာဏ်ဇောသည်ပင် မရဏာသန္န ကာလ၌ ဖြစ်ကောင်းသည်ကိုထောက်၍ စုတိစိတ်မှ ရှေး သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီရာ အာရုံပြု၍ မရဏာသန္န ဝီထိစိတ်တို့ ဖြစ်ရာ၌လည်း ကြိယာအဘိညာဏ်ဇောသည် မရဏာသန္န ဇော၏ အဖြစ်ဖြင့် ဖြစ်နိုင်ရာသည်။

ယင်းသို့ စုတိစိတ်မှ ရှေး သတ္တရသမစိတ်နှင့် အတူ ဥပါဒ်သော ပစ္စုပ္ပန်ဟဒယဝတ္ထုကို မှီရာအာရုံပြု၍ မရဏာသန္နအခါ ကြိယာ အဘိညာဏ်ဇော ဖြစ်နိုင်သည်ကို ထောက်သဖြင့်လည်း ကုသိုလ် အဘိညာဏ်ဇောသည်လည်း ထိုအခါ ထိုထိုသို့သော အခြင်းအရာ အားဖြင့် ဖြစ်နိုင်၏ဟု မှတ်ယူအပ်၏။

အရှင်အာနန္ဒာ ကောင်းကင်ယံ၌ ပရိနိဗ္ဗာန်ပြုသည်ကိုထောက် လေ။

http://www.dhammadownload.com



အဘိညာဏ်ဒွေ၏မရဏာသန္နကာလဖြစ်ရာ၌ အဘိညာဏ်(၇) ပါးတို့တွင်....

၁။ ပုဗ္ဗေနိဝါသ အဘိညာဏ်သည် အတိတ်ခန္ဓာစသည် ကိုသာ အာရုံပြုသည်။

၂။ အနာဂတံသ အဘိညာဏ်သည် အနာဂတ်ခန္ဓာ စသည် ကိုသာ အာရုံပြုသည်။
ထို့ကြောင့် ထိုအဘိညာဏ် ၂ ပါးတို့သည် ပစ္စုပ္ပန် ဟဒယဝတ္ထုလျှင် မှီရာအာရုံရှိသော ဝတ္ထာရမ္မဏပစ္စည်း နှင့် မသက်ဆိုင်။

၃။ ယထာကမ္မူပဂ အဘိညာဏ်သည် အတိတ်ကံကိုသာ အာရုံပြုသည်။

၄။ စေတောပရိယ အဘိညာဏ်သည် သူတစ်ပါးတို့၏စိတ် ကိုသာ အာရုံပြုသည်။

၅။ ဒိဗ္ဗစက္ခု အဘိညာဏ်သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံ ပြုသည်။

၆။ ဒိဗ္ဗသောတ အဘိညာဏ်သည် ပစ္စုပ္ပန် သဒ္ဒါရုံကိုသာ အာရုံပြုသည်။

၇။ ယထာကမ္မူပဂ စသော ဤအဘိညာဏ် ၄ ပါးလုံးပင် ပစ္စုပ္ပန်ဟဒယဝတ္ထုလျှင် မှီရာအာရုံရှိသော ဝတ္ထာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ကို ကောက်ယူရာ၌ မသက်ဆိုင်ပေ။

အဓိဋ္ဌာနိဒ္ဓိ၊ ဝိကုဗ္ဗနိဒ္ဓိ၊ မနောမယိဒ္ဓိ ဟူသော ဣဒ္ဓိဝိဓ အဘိညာဏ် ၃ ပါးတို့တွင် မိမိကိုယ်ကို အသွင်တစ်ပါးဖန်ဆင်းခြင်းဟု ဆိုအပ်သော ဝိကုဗ္ဗနိဒ္ဓိ၊ စိတ္တက္ခဏတစ်ချက်ခန့်မျှဖြင့် ဝေးလံစွာသော အရပ်သို့ သွားရောက်နိုင်ခြင်း ဟူသော မနောမယိဒ္ဓိ ဤနှစ်ပါးတို့ သည် ဝတ္ထာရမ္မဏပစ္စည်းနှင့် မသက်ဆိုင်။

ဈာနသမနန္တရ ပရိနိဗ္ဗာန်၏အရာ၌....

ဈာန အရုံကို တေဇောဓာတ်လျှင် အာရုံရှိသော အဓိဋ္ဌာနိဒ္ဓိ ဖြစ်သော ဣဒ္ဓိဝိဓအဘိညာဏ်ကိုယူရသကဲ့သို့ ဤဝတ္ထာရမ္မဏပစ္စည်း၏

http://www.dhammadownload.com



ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေ၏အရကို စုတိစိတ်မှ ရှေး သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သော ပစ္စုပ္ပန် ဟဒယဝတ္ထုလျှင် မှီရာအာရုံရှိသော အဓိဋ္ဌာနိဒ္ဓိဖြစ်သော ဣဒ္ဓိဝိဓ အဘိညာဉ်ကိုသာ ကောက်ယူအပ်၏။

ဤကား အာစရိယ ဝါဒတည်းဟူ ပစ္စယပကာသနီကျမ်း (၁၂၇-၁၃၇)၌ အကျယ်ဆုံးဖြတ်တော်မူ၏။

အမှာ။ ။စာအုပ်စာတမ်းရှားပါးသောအခါဖြစ်၍ သုတေသီ အလို့ငှာ ဖော်ပြလိုက်ပါသည်။

## ဥပနိဿယ ပစ္စည်း

အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယဘာဝေန နိဿယတိ ပဝတ္တတီတိ ဥပနိဿယော။ ရှေးရှိသော ဥပသာရ နိပါက် မုဒ် တို့ကား ဓာတွတ္ထာနုဝတ္တကာ။ ဗလဝဘာဝေန နိဿယတီတိ ဥပနိဿယော။ (ဥပ-ရှေး၊ နိ-ရှေးရှိသော သီ-ဓာတ်၊ ဏ-ပစ္စည်း၊ ဥပသဒ္ဒါ သမီပတ္ထဇော။)

ဋီ၊ ၂၄၃၊ ဗလဝဘာဝေန နိဿယော ပစ္စယော ဥပနိဿယပစ္စယော၊ ဥပသဒ္ဒော အတိသယ ဇောတကတ္တာ။

မဏိမဉ္ဇူဋီ၊ ၃၊ ၃၈၇။

ဗလဝဘာဝေနာတိ ဓေယေန ဥပါယာသောတိ အာဒီသု ဝိယ ဥပသဒ္ဒေါ ဘုသတ္ထောတိ ဒဿေတိ။ ဗလဝသဒ္ဒေါ ဟိ ဘုသပရိယာယော။

ဥပနိဿယပစ္စည်း ၃ မျိုး။

၁။ အာရမ္မဏူပနိဿယ၊
၂။ အနန္တရူပနိဿယ၊
၃။ ပကတူပနိဿယ။

ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူ၏။ သို့ပင်ဆိုသော်လည်း....

http://www.dhammadownload.com



အလေးအမြတ် ပြုအပ်ကာမျှဖြစ်သော အနက်သဘောကြောင့် အာရမ္မဏာဓိပတိ ပစ္စည်းမည်၏။

အားကြီးသော အကြောင်းဟူသောအနက်ကြောင့် အာရမ္မဏူပနိဿယပစ္စည်းမည်၏။

တို့ကြောင့် ဋ္ဌ၊ ၃၄၈-၌...

ဂရုကာတဗ္ဗမတ္တဋ္ဌေန အာရမ္မဏာဓိပတိ။ ဗလဝကာရဏဋ္ဌေန အာရမ္မဏူပနိဿယောတိ ဧဝ မေ တေသံ နာနတ္တံ ဝေဒိတဗ္ဗံ။

ဟု ဖွင့်၏။

မှတ်ချက်။ ။တရားကိုယ် အရကောက်တူသည်ကို ရည်၍ အာရမ္မဏူပနိဿယနှင့် အာရမ္မဏာဓိပတိ တူသည်ဟု သုံးချက်စု ဆိုရိုးတို့၌ ဆိုကြသည်ဟု မှတ်ကြပါလေ။

အနန္တရူပနိဿယနှင့် အနန္တရပစ္စည်းတို့ တူသည် ဆိုရာ၌လည်း မိမိ၏ အခြားမဲ့၌ဖျော်သော စိတ္တုပ္ပါဒ် တို့၏ ဖြစ်ခြင်းငှာ စွမ်းနိုင်သော အဖြစ်သည် အနန္တရမည်၏။

ရှေးရှေး၌ဖြစ်သောစိတ်၏ နောက်နောက်သောစိတ် ဖြစ်ခြင်းငှာ အားကြီးသော အကြောင်း၏အဖြစ်သည် အနန္တရူပနိဿယပစ္စည်း မည်၏။ ဤသို့ ပစ္စယာကာရသတ္တိနှစ်ပါး ထူးသေးသည်ဟု မှတ်ကြလေ။ ။

တို့ကြောင့် မဋ္ဌာန၊ ဋ္ဌ၊ ၃၄၈

ယောပိ အတ္တတော ဧကီဘာဝမေဝ ဂစ္ဆတိ၊ ဝေံသန္တေပိ အတ္တနော အတ္တနော အနန္တရံ အနုရူပဿ စိတ္တုပ္ပါဒဿ ပဝတ္တနသမတ္ထတာယ အနန္တရတာ ပုရိမစိတ္တဿ ပစ္ဆိမစိတ္တုပ္ပါဒနေ ဗလဝတာယ အနန္တရူပနိဿယတာ ဝေဒိတဗ္ဗာ။

ဣတိ အတ္တနော အတ္တနော အနန္တရ အနုရူပစိတ္တုပ္ပါဒဝသေန အနန္တရပစ္စယော၊ ဗလဝကာရဏဝသေန အနန္တရူပနိဿယောတိ ဧဝ မေ တေသံ နာနတ္တံ ဝေဒိတဗ္ဗံ။

ရှင်းအနက်။

ယောပိ၊ မာတိကာထားခြင်း အထူးသည်လည်း။ အတ္တတော၊ သဘာဝတ္ထအားဖြင့်။ ဧကီဘာဝမေဝ၊ တူသည်၏အဖြစ်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဝေံ၊ ဤသို့ အနန္တရပစ္စည်း အနန္တရူပနိဿယပစ္စည်း၏

http://www.dhammadownload.com



တုသည်၏အဖြစ်သည်။ သန္တေပိ၊ သော်လည်း။ အတ္တနော အတ္တနော၊ မိမိ၏အနန္တရ အခြားမဲ့ဖြစ်သောကာလ၌။ အနုရူပတာ၊ လျော်ကပ်သော။ စိတ္တုပ္ပာဒဿ၊ စိတ္တုပ္ပာဒ်ကို။ ပဝတ္တနသမတ္ထာယ၊ ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ဖြင့်။ ဝါ၊ ကြောင့်။ အနန္တရတာ၊ အနန္တရပစ္စည်း၏ အဖြစ်ကိုလည်းကောင်း။ ပုရိမ ပုရိမ စိတ္တဿ၊ ရှေးရှေး၌ဖြစ်သော စိတ်၏။ ပစ္ဆိမစိတ္တုပ္ပာဒနေ၊ နောက်နောက်ဖြစ်သော စိတ္တုပ္ပာဒ်ကို ဖြစ်စေခြင်း၌။ ဗလဝတာယ၊ အားကြီးသည်၏အဖြစ်ဖြင့်။ ဝါ၊ ကြောင့်။ အနန္တရူပနိဿယတာစ၊ ကိုလည်းကောင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဣတိဣမိနာကာရဏေန၊ ကြောင့်။ ဝါ၊ နည်းဖြင့်။ အတ္တနော အတ္တနော၊ မိမိ၏။ အနန္တရံ၊ အခြားမဲ့၌။ အနုရူပစိတ္တုပ္ပာဒဝသေန၊ လျော်ကပ်သောစိတ်ကို ဖြစ်စေခြင်း၏ အစွမ်းဖြင့်။ အနန္တရပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တေသံ၊ ထိုအနန္တရပစ္စည်း-အနန္တရူပနိဿယပစ္စည်းတို့၏။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ထိုမှတစ်ပါး မာတိကာထားခြင်းဖြင့်လည်း ထူးသေး၏။

အနန္တရူပနိဿယ၌- ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ.... စသည်ဖြင့် ထား၏။

အနန္တရ ၌- စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ စသည်ဖြင့် ထား၏။

သို့ပင် ထူးသော်လည်း သဘာဝတ္ထအားဖြင့် မထူးဟူ၍ မှတ်ကြရမည်။

ပကတူပ နိဿယ

ပကတိယာ‌တော နိုပ္ပစ္စဒိယံ‌တော ‌ပကတော၊ သဒ္ဓါသီလစသည်ကို ရစေ။

ပကတိယံ‌တော သေဝိယ‌တော ပကတော၊ ဥတု ဘောဇဉ် စသည်ကို ရစေ။

ပကတော ဥပနိဿယော ပကတူပနိဿယော။

http://www.dhammadownload.com



ပဌမပိဋကာအလို...မိမိသန္တာန်၌ သဒ္ဓါသီလ စသော အားကြီးသောအကြောင်းကို အမှီပြု၍ ကုသိုလ် အကုသိုလ် အဗျာကတ အကျိုးတရားတို့ ဖြစ်သည်ဟူလို။

ဒုတိယပိဋကာအလို....ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ဥတုဘောဇန စသော အားကြီးသောအကြောင်းကိုရ၍ ကုသိုလ်တို့သည် အကုသိုလ်တို့သည် ဖြစ်ကုန်၏ ဟူလို။

မှတ်ချက်။ ။သဒ္ဓါ သီလ စသော အကြောင်းသည် နိဿာဒိက အကြောင်းတည်း။ ဥတုဘောဇဉ် စသော အကြောင်းသည် ဥပသေဝိတ အကြောင်းတည်း။

ဤပကတူပနိဿယပစ္စည်း၌ နိဿာန်သည်နိဿာဒိတအကြောင်းလည်း မဟုတ်၊ ဥပသေဝိတ အကြောင်းလည်း မဟုတ်သောကြောင့် ပကတူပနိဿယပစ္စည်းအရ နိဿာန်ကို မကောက်ရပေသည်။

ပဋ္ဌာန ၅၊ ၃၄၈

ပကတူပနိဿယောမနံ ပကတော ဥပနိဿယော ပကတူပနိဿယော။ ပကတောနာမ အတ္တနော သန္တာနေ နိပ္ဖာဒိတော ဝါ သဒ္ဓါသီလာဒိ ဥပသေဝိတော ဝါ ဥတုဘောဇနာဒိ။

မနံ၊ အထူးကိုဆိုဦးအံ့။ ပကတူပနိဿယော၊ ကို။ ပကတော၊ အကျိုးဖြစ်ခြင်း၌ စွမ်းနိုင်အောင် ကောင်းစွာ ပြုပြင်အပ်သော အားကြီးသောအကြောင်းသည်။ ပကတူပနိဿယော၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။ ပကတောနာမ၊ ကောင်းစွာ ပြုပြင်အပ်သည် မည်သည်။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ ၌။ နိပ္ဖာဒိတော၊ ပြီးစေအပ်သော။ သဒ္ဓါသီလာဒိဝါ၊ သဒ္ဓါ သီလ အစရှိသောတရားသည် လည်းကောင်း။ ဥပသေဝိတော၊ မှီဝဲအပ်သော။ ဥတုဘောဇနာဒိဝါ၊ အချမ်း အပူ ဟူသော ဥတု ထျောက်ပတ်သည်စသော ဘောဇဉ်စသော ဝတ္ထုသည်လည်းကောင်း။ ပကတူပနိဿယော၊ မည်၏။

ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ဆိုရာ၌....

ပစ္စယနိဒ္ဒေသလာ ဥတုဘောဇနမှိ- ကား ပရမတ်။

ပုဂ္ဂလောပိ သေနာသနမှိ- ကား ပညတ်တည်း။

ပစ္စည်းတပ်ဟန်ကား....

၁။ ဗလဝဖြစ်သော လောကီစိတ် စေတသိက် ၈၉ ပညာသ၊ ရုပ်အဋ္ဌဝီသ ပစ္စည်းဖြစ်ထိုက်သော အချို့

http://www.dhammadownload.com



သော ပညတ် ပစ္စည်းတရားက အကုသိုလ်စိတ် ၁၂ ပါးသော၊ ပစ္စယုပ္ပန်တရားအား။

၂။ ဗလဝဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြဉ်အပ်သော စိတ် ၈၇၊ စေတသိက် ၅၂ ပါးသော၊ ရုပ်အစ္ဆဝီသ၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့က ကုသိုလ်စိတ် ကေဝီသ၊ ပစ္စယုပ္ပန် တရားအား။

၃။ ဗလဝ ဖြစ်သော စိတ် ၈၉ ခု၊ စေတသိက် ၅၂ ပါးသော၊ ရုပ် အစ္ဆဝီသ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားက ကြိယာစိတ် ဝီသအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထိုပကတူပ အကြောင်းသည် နီးသောအကြောင်း၊ ဝေးသော အကြောင်း ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုတွင်....

သဒ္ဒံ နိဿာယ ဒါနံ ဒေတိ စသည်ကား သဒ္ဓါကိုအကြောင်း ခံ၍ စေတနာဖြစ်၏။ ထိုအခါ သဒ္ဓါသည် စေတနာအား ပကတူပ နဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤကား နီးသော အကြောင်းတည်း။

ရှေးက ပြုခဲ့ဖူးသော ကုသိုလ်ကို ပကတူပ အကြောင်းခံ၍ ဈာန် မဂ်ကို ရသည်ကား ရှေးကပြုအပ်သော ဈာန် မဂ်ဇောတို့အား ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤကား ဝေးသော အကြောင်းတည်း။

ဋီကာကျော်၊ ၂၄၈-၌

ယံ ယဥ္စိ နိဿာယ ယဿ ယဿ သမ္ဘဝေါ၊ တံ တံ တဿ တဿ ပကတူပနိဿယော ဟောတိ။ ။

ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ယံယံ-ရာဂါဒိဓမ္မံ၊ အကြင် အကြင် ရာဂ အစရှိသော တရားကို။ နိဿာယ၊ မှီ၍။ တဿ တဿ ဒါနာဒိ ဓမ္မဿ၊ အကြင်အကြင် ဒါနရှိသောတရား၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ တံတံ ရာဂါဒိဓမ္မဇာတံ၊ ထိုထို ရာဂအစရှိသော တရား အပေါင်းသည်။ တဿ တဿ ဒါနာဒိဓမ္မဿ၊ ထိုထိုဒါန အစရှိသော

တရားအပေါင်းအား။ ပကတူပနိဿယေန၊ သတ္တိဖြင့်။ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။

ဤသို့ အကြောင်းအကျိုး စပ်ခါမျှဖြင့် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုလိုပေသည်။

သို့ပင်ဆိုသော်လည်း....

ဤ ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်၌ အဘိဓမ္မာ နည်းအားဖြင့် ရုပ်တရားကို မရအပ်။ သုတ္တန်နည်းအားဖြင့်သာ ရအပ်၏။

သုတ္တန်နည်းဖြင့် ရပုံကား....

ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ ၌ ဝိညာဏ်သည် နာမ်ရုပ် အား၊ နာမ်ရုပ် သည် သဠာယတနအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ထို့ကြောင့်၊ ဋ္ဌ၊ ၃၃၀။

သယံ ပန ရူပံ ကမ္မသ္မိံ ပဋ္ဌာနမဟာပကရဏေ အာဂတန ယေန ဥပနိဿယ ပစ္စယံ န လဗ္ဘတိ သုတ္တန္တပရိယာယေန လဗ္ဘတီတိ ဝတ္တုံ ဝဋ္ဋတိ။

မူလဋီ၊ ၁၈၈။ သုတ္တန္တပရိယာယေနာတိ ဝိညာဏူပနိဿယံ နာမရူပံ၊ နာမရူပနိဿယံ သဠာယတနန္တိ အာဒိကေန။

* * * * * * * * * *

## ရုပ်ကို မကောက်ခြင်း

ဤပစ္စည်း၏ ပစ္စယုပ္ပန်၌ ရုပ်ကိုကောက်လင့်လျက် မကောက်ခြင်းသည် ပဋိစ္စဝါရပစ္စနိက် ပါဠိတော် (၃၅)၌....

ကုသလံဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ၊ ဥပနိဿယ ပစ္စယာ။ ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

ဟုဆိုလာ၍ အနုလုံ၌ မလာမရှိခြင်းကြောင့် အဋ္ဌကထာဆရာ မကောက်လေသည်။

* * * * * * * * * *

http://www.dhammadownload.com



## စကျေးရိုးပြုပုံ အမြွက်

ကုသိုလ်သည် အကုသိုလ်အား ကျေးဇူးပြုရာ၌ သဒ္ဓါ ဥပနိဿယ ဒါန ဒေတိ စသည်၌ သဒ္ဓါတရားစသည်ကို အမှီပြု၍ ပေးလှူခြင်း သဒ္ဓါ သီလ စသည် ပြည့်စုံသောသူတည်း ဟု ကုသိုလ်ကိုအကြောင်း ပြု၍ မာန်မာန စသည် တက်ကြွသည်ကိုယူ။

အကုသိုလ်သည် ကုသိုလ်ကို ကျေးဇူးပြုရာ၌ ရာဂံ ဥပနိဿယ ဒါနံဒေတိ သီလံသမာဒိ ယတိ စသည်၌ ရာဂကို ငြိမ်စေလိုသော သူသည် ရာဂကို အမှီပြု၍ ဒါန သီလ စသည်ကို ကုသိုလ်ပြုရာကိုယူ။

ဗဟုဓာ ဟောတိ ပကတူပနိဿယော ဟူသော သင်္ဂဟကျမ်း အရ ပကတူပနိဿယသည် များလှ၏။ အမြွက်မျှ လိုရင်း ကိုသာ ဖော်ပြလိုက်ပါသည်။

ဿဿဿဿဿဿဿဿဿဿဿ

## ပုရေဇာတ ပစ္စည်း

ပုရိမတရံ ဇာတိက္ခဏေ အတိက္ကမိတွာ ဌိတိက္ခဏေ ဇာယတီတိ ဇာတော။

ပုရိမတရံ၊ ရှေးဦးစွာဖြစ်နှင့်သော။ ဇာတိက္ခဏံ၊ ဖြစ်ဆဲဥပါဒ်ခဏကို။ အတိက္ကမိတွာ၊ လွန်၍။ ဌိတိက္ခဏေ၊ တည်ဆဲ ဌီခဏ၌။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဇာတော၊ မည်၏။

(ဇနဓာတ်၊ တ-ပစ္စည်း။)

ဇနဓာတ်အရကား.....

ဝတ္ထုအာရုံတို့၏ အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၈)ပစ္စယသတ္တိရ၏။

တ-ပစ္စည်း အရကား.....

ဤ(၈)ပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ရ၏။

ပုရေကာလေ ဇာတော ပုရေဇာတော၊ တပ္ပုရိသ အလုတ္တ-သမဉ်တွဲ။

ပုရေဇာတောစ သောပစ္စယောစာတိ ပုရေဇာတပစ္စယော။ ဟုပြု။

http://www.dhammadownload.com



အဓိပ္ပာယ်ကား....

စက္ခုဝိညာဏ် အစရှိသော ပစ္ဆာဇာတ်ပွန် တရားတို့ မဖြစ်မပေါ်မီ ရှေးဦး ဖြစ်၍ဖြစ်ဆဲ ဥပါဒ်ခဏကိုလွန်၍ တည်ဆဲဖြစ်သော ဌီခဏ၌သော ကျေးဇူးပြုတတ်ကုန်သော ၆-ပါးသော ဝတ္ထု၊ ၆-ပါးသော အာရုံတို့သည် ပုရေဇာတပစ္စည်းမည်၏ ဟူလို။

ထို့ကြောင့် ဋီ၊ ၂၄၃ ၌....

ဆ ဝတ္ထူနိ ဆ အာရမ္မဏာနိစာတိ ကမေ ပစ္စုပ္ပန္နတော ပဌမံ ဥပ္ပဇ္ဇိတွာ ပဝတ္တမာနဘာဝေန ဥပကာရကော ပုရေဇာတ ပစ္စယော။ ဟု ဖွင့်ပြ၏။

ဤ ပုရေဇာတ ပစ္စည်းသည် ဝတ္ထုပုရေဇာတ အာရမ္မဏ ပုရေဇာတ ဟူ၍ ၂-မျိုးရှိ၏။

ထိုနှစ်မျိုးတွင်....

ဝတ္ထု ပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယ နှင့် တူ၏။ အာရမ္မဏပုရေဇာတ ပစ္စည်းသည် အာရမ္မဏပစ္စည်းသို့ သက်ဝင်၏။ သို့တစေ ထူးကြသေး၏။

ဝတ္ထုလည်းဖြစ်၊ ရှေးဦးလည်းဖြစ်၊ မှီရာလည်း ဖြစ်ခြင်းသည် ဝတ္ထုပုရေဇာတနိဿယ သတ္တိ လက္ခဏာ။ ဝတ္ထုလည်းဖြစ်၊ ရှေးဦးသာ ဖြစ်ခြင်းသည် ဝတ္ထု ပုရေဇာတ လက္ခဏာ။

ဤသို့ သတ္တိနှစ်ပါး ထူးခြားသေး၏။

မဏိမဉ္ဇူ ဋီ၊ ဒု၊ ၃၈၈။

> နိဿယာရမ္မဏာကာရာဒိဟိ စ ဝိသိဋ္ဌာ ပုရေဇာတ-ဘာဝေန ဝိနာ ဥပကာရကတာ ပုရေဇာတပစ္စယော။ ဧဝံ သဗ္ဗပစ္စယာနံ ပစ္စယန္တရာ ကာရဝိသိဋ္ဌာ ဥပကာရကတာ ယောဇေတဗ္ဗာ။

ပုရေဇာတပစ္စည်းသည် ပဋ္ဌဝေါကာရဘုံ၌သာ ပဝတ္တိအခါ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြုကြောင်းကို ပစ္စယနိဒ္ဒေသ ပါဠိတော်၌....

မနောဝိညာဏဓာတု တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကဥ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော ဟူသောပုဒ်ကို ထောက်၍သိကြပါလေ။

http://www.dhammadownload.com



အကြောင်းကား....

ပဋ္ဌဝေါကာရပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာ မှီရသည်ဖြစ်၍ ပဋိသန္ဓေစိတ်သည် ဝတ္ထုပုရေဇာတ ပစ္စယုပ္ပန် မဖြစ်။ ဝါ၊ ပစ္စည်းမတပ်ပေ။ သဟဇာတပစ္စည်းသာ တပ်ပေသည်။

ဝတ္ထုပုရေဇာတပစ္စည်း ရမှသာလျှင် အာရမ္မဏပုရေဇာတ ပစ္စည်း ရမြဲဖြစ်သောကြောင့် လည်းကောင်း၊ ပဋိသန္ဓေစိတ်၏ အာရုံသည် ထင်ရှားသော အာရုံမဟုတ်၊ အာရုံပြုကာမတ္တမျှသာ ဖြစ်သောကြောင့် လည်းကောင်း ပဋိသန္ဓေစိတ်သည် ပစ္စုပ္ပန်ဖြစ်သော ရုပ်လျှင်အာရုံရှိသော်လည်း ဝတ္ထုပုရေဇာတပစ္စည်း မရချေ။ ထိုဝတ္ထုပုရေဇာတပစ္စည်းကို မရသဖြင့် အာရမ္မဏပုရေဇာတပစ္စည်းလည်း မရဟု သန္နိဋ္ဌာန်ချ မှတ်သားအပ်၏။

မူလဋီ၊ ၁၈၈။

တဒါရမ္မဏဘာဝံနေ၀တိ ဧတ္ထ ပဋိသန္ဓိဘာဝံနေ၀ ဝတ္ထုပုရေဇာတဘာဝေန ဠတရဿာပိ အဘာဝါ အဂ္ဂဟဏံ။ ဘဝင်္ဂဝိဘာဝံနေ၀ ပန ဂဟဏံ ကာတဗ္ဗံ၊ ပဋိသန္ဓိယာဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတော။

တဒါရမ္မဏဘာဝံနေ၀တိ ဧတ္ထ၊ ပုဒ်၌။ ပဋိသန္ဓိဘာဝံနေ၀၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်အား။ ဝတ္ထုပုရေဇာတဘာဝေန၊ ဝတ္ထုပုရေဇာတပစ္စည်း၏ မရှိခြင်းကြောင့်။ ဠတရဿာပိ၊ ဤမှ တစ်ပါးသော အာရမ္မဏပုရေဇာတပစ္စည်း၏လည်း။ အဘာဝါ၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိဝိဘာဝံနေ၀၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်ကို။ အဂ္ဂဟဏံ၊ အဋ္ဌကထာ၌ဆရာ မယူခြင်းသည်။ ဟောတိ၊ ၏။

ပန်၊ ပဋိသန္ဓေမှတစ်ပါး ဘဝင်ကိုဆိုဦးအံ့။ ဘဝင်္ဂဝိဘာဝံနေ၀ပိ၊ ဘဝင်ကိုဖြစ်လေ့ရှိသော ဝိပါက်ကိုလည်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဝါ၊ တစ်နည်းကား။ န ကာတဗ္ဗံ- ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ အာရမ္မဏံဝိယ၊ အာရုံကဲ့သို့။ အပရိဗျတ္တဿ၊ မထင်ရှားသော။ အာရမ္မဏဿ၊ ပစ္စုပ္ပန်အာရုံ၏။ အာရမ္မဏမတ္တဘာဝတော၊ အာရုံသာမည၏ အဖြစ်ကြောင့်တည်း။

http://www.dhammadownload.com



အနုဋီ၊ ၂၅၆။

သတိပိ ကတ္တစိ ပဋိသန္ဓိဘာဝစိနေ့ာ အာရမ္မဏပုရေ-
ဇာတတာ ဝိဘူတံ ပန ကတွာ အာရမ္မဏကရဏဘာဝတော
အဝိဇ္ဇမာနေ သဒိသန္တိကတွာ ဝုတ္တံ ဣတရဿာပိ အဘာဝါတိ။

ကတ္ထစိ၊ အချို့သော။ ပဋိသန္ဓိဘာဝစိနေ့ာ၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်စိတ်၏။ အာရမ္မဏပုရေဇာတတော၊ ရှေး၌ဖြစ်သော ပစ္စုပ္ပန်အာရုံသည်။ သတိပိ၊ ရှိသော်လည်း။ ဝိဘူတံ၊ ထင်ရှားသည်ကို။ ကတွာ-ပြု၍။ အာရမ္မဏကာရဏာဘာဝတော၊ အာရုံပြုခြင်း၏ မရှိခြင်းကြောင့်။ အဝိဇ္ဇမာနသဒိသံ၊ အာရမ္မဏပုရေဇာတ မရှိသည်နှင့် တူ၏။ ဣတိကတွာ-ဣတိဘာသွာ၊ ထို့ကြောင့်။ ဣတရဿ အဘာဝါတိ၊ ဟူ၍။ အာဟ၊ ဆို၏။

အဓိပ္ပာယ်ကား...

ပဋိသန္ဓေကိုဖြစ်လေ့ရှိသော ဝိပါက်စိတ်၏ ရှေး၌ဖြစ်သော ပစ္စုပ္ပန်အာရုံ ရှိပါသော်လည်း ထင်ရှားသောအာရုံပြုခြင်းမရှိသောကြောင့် အာရမ္မဏပုရေဇာတ မရှိသည်နှင့်တူ၏။ ထို့ကြောင့် ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ထိုပစ္စယေါကာရနာမက္ခန္ဓာကို ပုရေဇာတ ပစ္စည်း မတပ်ဟု အဋ္ဌကထာဆရာ မယူသည်ဟူလို။

ဋီကာကျော်၊ ၂၄၈ ၌လည်း...

ပဋိသန္ဓိယံ စက္ခာဒိဝတ္ထူနံ အသမ္ဘဝတော သတိစ-
သမ္ဘဝေ တံ တံ ဝိညာဏာနံ ပစ္စယာဘာဝါနုရူပဂမနတော
ဟဒယဝတ္ထုနော စ ပဋိသန္ဓိဝိညာဏေန သဟုပ္ပန္နဿ ပုရေ-
ဇာတကတာ ဘာဝတော ဝုတ္တံ ဆဝတ္ထူနိ ပဝတ္တိယန္တိ ဝုတ္တံ။

ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ စက္ခာဒိဝတ္ထူနံ၊ စက္ခုအစရှိသော ဝတ္ထုတို့၏။ အသမ္ဘဝတော စ၊ ဧကသေယျကသတ္တဝါတို့အား မဖြစ်သင့်သောကြောင့်လည်းကောင်း။ သမ္ဘဝေ၊ သံသေဒဇ ဩပပါတိက သတ္တဝါတို့အား ဖြစ်သင့်ခြင်းသည်။ သတိ၊ ရှိသော်။ တံ တံ ဝိညာဏာနံ၊ ထိုထိုသို့သော စက္ခုဝိညာဏ်စသော ဝိညာဏ်တို့အား။

http://www.dhammadownload.com



ပစ္စယဘာဝါနုရူပဂမနတော၊ ကျေးဇူးပြုသည်၏ အဖြစ်သို့ မရောက်ခြင်းကြောင့် လည်းကောင်း။ ပဋိသန္ဓိဝိညာဏေန၊ ပဋိသန္ဓိဝိညာဏ်နှင့်။ သဟုပ္ပန္နသ၊ တကွဖြစ်သော။ဟဒယဝတ္ထုနော၊ ၏။ ပုရေဇာတာဘာဝတော စ၊ ပုရေဇာတအဖြစ် မရှိသောကြောင့် လည်းကောင်း။ ဆဝတ္ထုနို ပဝတ္တိယန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ပစ္စယနိဒ္ဒေသပါဠိ၊ ၆၊ ၌....

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော စသောပါဠိတို့ဖြင့် ပဉ္စဒွါရ၌ အာရမ္မဏပုရေဇာတပစ္စည်းကို ပြတော်မူ၏။ မနောဒွါရကို ပြတော်မမူချေ။ ထိုသို့ပြတော်မမူသော်လည်း....

ပဉ္စာဝါရပါဠိတော်၊ ၁၅၂ ၌....

သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ အစရှိသည်ဖြင့် မနောဒွါရ၌ ဟောတော်မူသောကြောင့် မနောဒွါရလည်း အာရမ္မဏပုရေဇာတပစ္စည်းရသင့်၏။

ထိုသို့ရသင့်လျက် အဘယ်ကြောင့် မဟောနည်းဟူမူ အကြွင်းထားသော သာဝသေသနည်းအားဖြင့် ဟောတော် မူသောကြောင့်တည်း။

ထို့ကြောင့် ၎၊ ၃၇၁-၌

မနောဒွါရေပိ အာရမ္မဏ ပုရေဇာတံ လဗ္ဘတေဝ။
ဣဓပန သာဝသေသဝသေန ဒေသနာ ကတာ'တိ။

သာဝသေသ နည်းအားဖြင့် အဘယ်ကြောင့် ဟောတော်မူသနည်း ဟူမူ ပစ္စယနိဒ္ဒေသ၏ မကျဉ်းမကျယ်ပြရာ ဖြစ်သောကြောင့်တည်း။

(အာစရိယဝါဒ)

* * * * *

ပစ္ဆာဇာတ ပစ္စည်း

ဇာယတီတိ ဇာတော (ဇန်-ဓာတ်၊ တ-ပစ္စည်း) ဇန်-ဓာတ်၏ အရကား နာမက္ခန္ဓာတရားတို့၏ ဝိပ္ပယုတ္တ အတ္ထ အဝိဂတ ဤ ၃-ပစ္စယသတ္တိ ရ၏။ တ-ပစ္စည်း၏အရကား ထိုသတ္တိတို့ဖြင့်မှတ်အပ်သော သတ္တိမန္တ ရ၏။

http://www.dhammadownload.com



ပစ္ဆာဇာတော် ပစ္ဆာဇာတော။ ပစ္ဆာဇာတော စ သော ပစ္စယောစာတိ ပစ္ဆာဇာတပစ္စယော။

ဟူ ပြုလေ။

အဓိပ္ပာယ်ကား-

ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအားဖြင့် ထောက်ပံ့တတ်သည်၏ အဖြစ်အားဖြင့် ကျေးဇူးပြုတတ်သော အရူပ ဝိပါက် လေးခုသည် ကြဉ်အပ်သော နောက်နောက်သော စိတ် စေတသိက်တရားတို့သည် ပစ္ဆာဇာတပစ္စည်းတရားတို့ မည်၏။

ဋီကာကျော်-၂၄၃

ပစ္ဆာဇာတပစ္စယေ အသတိသန္တာနဋ္ဌိတိ ဟေတုဘာဝံ အာဂစ္ဆန္တဿ ကာယဿ ဥပထမ္ဘနဘာဝေန ဥပကာ-ရကာ ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပစ္ဆာဇာတ ပစ္စယော။

ပစ္ဆာဇာတပစ္စယေ၊ နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်။ အသတိ၊ မရှိသော်။ သန္တာနဋ္ဌိတိ ဟေတုဘာဝံ၊ ကံ ကြောင့်ဖြစ်သော ခန္ဓာအစဉ်၏မပြတ်တည်ခြင်း၏ အကြောင်း၏အဖြစ် သို့။ အာဂစ္ဆန္တဿ၊ ရောက်ထသော။ ကာယဿ: ရူပကာယကို။ ဥပထမ္ဘနဘာဝေန၊ ထောက်ပံ့ခိုင်စေတတ်သည်၏အဖြစ်ဖြင့်။ ဥပကာ-ရကာ၊ ကျေးဇူးပြုတတ်ကုန်သော။ ပစ္ဆာဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ပစ္ဆာဇာတပစ္စယော၊ မည်၏။

အဓိပ္ပာယ်ကား- ထိုပစ္ဆာဇာတပစ္စည်း မရှိသည်ရှိသော် ပုရေ ဇာတ ကာယသည် ကံကြောင့်ဖြစ်သော်လည်း ခန္ဓာအစဉ်တည်ခြင်း၏ အကြောင်း၏ အဖြစ်သို့ လည်းကောင်း၊ ခန္ဓာအစဉ် မပြတ်ခြင်း၏ အကြောင်း၏ အဖြစ်သို့ မရောက်။ ထိုသို့ ခန္ဓာအစဉ် တည်ခြင်း၊ မပြတ် ခြင်း အကြောင်း၏အဖြစ်သို့ မရောက်ကုန်သော စတုသမုဋ္ဌာနကာယ အား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော နောက်နောက်၌ ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့သည် ပစ္ဆာ ဇာတပစ္စည်းမည်၏ ဟူလို။

(ဘေးချူးရှုးမြို့မှ လင်းဆရာယော် ဥပမာ)

လင်းတယေယ်ကိုအမိဖြစ်သူက နက်ဖြန်သန်ဘက် စားရလိမ့်မည်ဟု ဆိုသောကြောင့် စားရအံ့သော အာဟာရ၌ ချင်ခြင်း စေတနာသာ ဖြစ်၍ အမွေးအတောင် စုံလင်သည့်တိုင်အောင်သော ကာလမှ ခွေးသား စသည်ကို စားရသောအခါ မနောသဉ္စေတနာ ဟာရ၏ အစွမ်းဖြင့် ဖြစ်သော နာမ်တရားတို့သည် ရှေး၌ ရူပကာယအား ထောက်ပံ့သကဲ့သို့ ထောက်ပံ့ကျေးဇူးပြုသည်ဟု မှတ်ကြပါလေ။

ဋီကာကျော်၊ ၂၄၃။

သော ဂိဇ္ဈပေါတကသရိက္ခာနံ အာဟာရာ သာ စေတနာ ဝိယ ဒဋ္ဌဗ္ဗာ။

မဏိမဉ္ဇူသာဋီ၊ ၁၊ ၃၈၈။

ဂိဇ္ဈပေါတကသရိက္ခာနံ အာဟာရာ သာ စေတနာ ပက္ခာ-ဇာတပစ္စယောဝိယ တေ ဓမ္မာ တဿ ကာယဿ ယော ပက္ခာဇာတ ပစ္စယော ဟောတီတိ ဒဋ္ဌဗ္ဗာတိ ယောဇနာ။ တေနစ မနောသဉ္စေတနာဟာရဝသေန ပဝတ္တမာနေဟိ အရူပဓမ္မေဟိ ဥပကာရကာ ဥပထမ္ဘိတဘာဝံ ဒဿေတိ။ တေနေဝ အာ-ဟာရာသာဝိယာတိ အဝတွာ စေတနာဂ္ဂဟဏံ ကရောတိ။

ဂိဇ္ဈပေါတကသရိက္ခာနံ၊ လင်းတငယ် တို့အား။ အာဟာရာသာ စေတနာ၊ အာဟာရဟုဆိုအပ်သော ချင်ခြင်းစေတနာသည်။ ပက္ခာ-ဇာတ ပစ္စယော၊ မည်သည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ တေဓမ္မာ၊ ထိုနာမက္ခန္ဓာ တို့သည်။ တဿကာယဿ၊ ထို ဧက ဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား။ သော်ပက္ခာဇာတပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဣတိ၊ ဤသည်လျှင်။ ယောဇနာ၊ တည်း။

တေန၊ ထို ဂိဇ္ဈပေါတက အစရှိသော ပါဌ်ဖြင့်။ မနော-သဉ္စေတနာ ဟာရဝသေန၊ မနောသဉ္စေတနာ ဟာရနှင့် စပ်သဖြင့်။ ပဝတ္တမာနေဟိ၊ ဖြစ်ကုန်သော။ အရူပဓမ္မေဟိ၊ နာမ်တရားတို့သည်။ ရူပကာယဿ၊ အား။ ဥပထမ္ဘိတဘာဝံ၊ ကို။ ဒဿေတိ၊ ပြ၏။

http://www.dhammadownload.com



တေနေ ဝါ၊ ထိုကြောင့်သာလျှင်။ အာဟာရာသာ ဝိယာ တိ၊ ဟူ၍ သာလျှင်။ အဝတွာ၊ မဆိုဘဲ။ စေတနာဂဟဏံ၊ စေတနာ၌ကိုယူခြင်းကို။ ကရောတိ၊ ပြု၏။

## ၄၊ ၃၄၉- ၌လည်း...

ပုရေဇာတာနံ ရူပဓမ္မာနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကော အရူပဓမ္မော ပစ္ဆာဇာတ ပစ္စယော၊ ဂိဇ္ဈပေါတကာသရီရာနံ အာဟာရာသာ စေတနာဝိယ၊ တေန ဝုတ္တံ ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေနပစ္စယောတိ။
ဟု ဖွင့်ပြတော်မူ၏။

ပုရေ၊ ရှေး၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ရူပဓမ္မာနံ၊ ရုပ်၏ ဌီသို့ရောက်ကုန်သော စတုသမုဋ္ဌာနိက၊ တိသမုဋ္ဌာနိက ရုပ်တို့အား။ ဥပတ္ထမ္ဘကဋ္ဌေန၊ ထောက်ပံ့ခိုင်စေသော အားဖြင့်။ ဥပကာရကော၊ သော။ အရူပဓမ္မော၊ အရူပဝိပါက် လေးခု ကြဉ်သော နာမက္ခန္ဓာတရားသည်။ ပစ္ဆာဇာတပစ္စယော၊ မည်၏။ ဂိဇ္ဈပေါတကာသရီရာနံ၊ လင်းတ ငယ်တို့၏ ကိုယ်တို့အား။ အာဟာရာသာ၊ အစာ၌ တောင့်တသော အားဖြင့် ဖြစ်သောစေတနာသည်။ ဥပကာရကော ဝိယ၊ ကျေးဇူးပြု သကဲ့သို့။ ဥပကာရကော၊ သော။ အရူပဓမ္မော၊ အရူပဝိပါက် လေးခု ကြဉ်သော နာမက္ခန္ဓာ တရားသည်။ ပစ္ဆာဇာတပစ္စယော၊ မည်၏။ တေန၊ ထို့ကြောင့်။ ပစ္ဆာဇာတ ။လ။ ပစ္စယောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

***********

## ကျေးဇူးပြုပုံ

ဤပစ္ဆာဇာတ ပစ္စည်းသည် ခဏတ္တယ သုံးပါးတို့တွင် ဖြစ်ဆဲ ဥပါဒ်ခဏကိုလွန်၍ တည်ဆဲ ဌီခဏသို့ ရောက်၍နေသော စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ကာယဟု ဆိုအပ်သော ဘူတရုပ် ဥပါဒါရုပ် အား ကျေးဇူးပြု၏။ ဥပါဒ်နှင့် ဘင် ခဏမှာ ကျေးဇူးမပြု။ ဌီ ခဏ တစ်ခုသာလျှင် ကျေးဇူးပြုသည်ဟု မှတ်ကြပါလေ။

http://www.dhammadownload.com



ထို့ကြောင့် ဋ္ဌ၊ ၃၇၂ ၌ -

ပုရေဇာတဿာတိ တေသံ ဥပ္ပါဒတော ပဌမတရံ ဇာ-
တဿ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပတ္တဿ။ ဣမဿ
ကာယဿာတိ ဣမဿ စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ဘူတ
ဥပါဒါရူပသင်္ခါတဿ ကာယဿ။
ဟု ဖွင့်ပြတော်မူ၏။

ပုရေဇာတဿာတိ၊ ဟူသည်ကား။ တေသံ၊ ထိုပစ္စည်းတရားတို့၏။ ဥပ္ပါဒတော၊ ဥပါဒ်မှ။ ပဌမတရံ၊ ရှေးဦးစွာ။ ဇာတဿ၊ သော။ ဇာတိက္ခဏံ၊ ဖြစ်ဆဲခဏကို။ အတိက္ကမိတွာ၊ လွန်၍။ ဌိတိပတ္တဿ၊ ဌီခဏသို့ရောက်ရှိသော။ ဣမဿ ကာယဿာတိ၊ ဟူသည်ကား။ စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ဘူတ ဥပါဒါရူပ သင်္ခါတဿ၊ လေးပါးသောအကြောင်း, သုံးပါးသောအကြောင်းလျှင် ဖြစ်ကြောင်း ရှိသော ဘူတရုပ် ဥပါဒါရုပ် ဟု ဆိုအပ်သော။ ဣမဿ ကာယဿ၊ ဤရုပ်ကာယအား။ (ပစ္ဆာဇာတ ပစ္စယော ၌ စပ်လေ)

ဤ အဋ္ဌကထာ၌....

စတုသမုဋ္ဌာနိက ကာယ ဟူသည်။ ယေဘုယျအားဖြင့် ကာမဘုံကို ရည်၍ ဆိုသည်။ အပ္ပက အားဖြင့် တိဇ ဒွိဇ လည်း ရှိ၏။

ရူပ ၁၆ ဘုံ၌ကား အာဟာရ ကို မရသောကြောင့် တိဇ ကာယကိုသာ ယူအပ်၏။

ထို့ကြောင့် ဋ္ဌ၊ ၃၇၂ ၌ -

ဧတ္ထစ တိသမုဋ္ဌာနိကကာယောတိ အာဟာရသမုဋ္ဌာနဿ
အဘာဝတော ဗြဟ္မပါရိသဇ္ဇာဒီနံ ကာယော ဝေဒိတဗ္ဗော။
ဟူ၏။

မူလဋီ၊ ၁၈၉

တယောဝါတိ ဣမေ ကာမာဝစရ ရူပါဝစရ ဝိပါကာနံ
နိရုဓသေသဒသိတ ပုရေဇာတ ဒဿနံ ဝသေန ဝုတ္တံ။
ရူပါဝစရ ဝိပါကော ပန အာဟာရ သမုဋ္ဌာနဿ န
ဟောတီတိ။

http://www.dhammadownload.com



အနုဋီ၊ ၂၅၆


ပစ္စယောဟိ ဣဓ ကာမာဝစရ ရူပါဝစရ ဝိပါကာ၊ တေသု ကာမာဝစရ ဝိပါကောစ စတုသမုဋ္ဌာနိက ရူပကာယဿ ပစ္စယော န ဣတရော၊ တေနေဝါဟ ရူပါဝစရ ဝိပါကော ပန အာဟာရ သမုဋ္ဌာနဿ န ဟောတီတိ၊ တသ္မာ တဿေဝါတိ ဝုတ္တေပိ ယထာရဟမတ္ထော ဝေဒိတဗ္ဗော။

ဤ၌ ကောဇ၊ ဒွိဇ စသည် ရှင်းစေရန် ပဋိသန္ဓေ ဝီထိကို ရှုကြပါလေ။

အဘိဓမ္မတ္ထသင်္ဂဟာ။

ဤစွေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ၊ ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ၊ ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ၊ ဩဇာဖရဏမုပါဒါယ အာဟာရ သမုဋ္ဌာနာ စေတိ။

ပဋိ ဘွင် ဘွင် ဘွင်....(လ)-မ-ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် ဘွင်



http://www.dhammadownload.com



ဧကဇကာယ -ပဋိသန္ဓေ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်သည် ကံတည်းဟူသော အကြောင်းတစ်ပါးကြောင့်သာ ဖြစ်သော ရုပ်အပေါင်း ဖြစ်သောကြောင့် ဧကဇကာယ မည်၏။

ဒွိဇကာယ -ပဋိသန္ဓေ၏ ဌီခဏ-ဘင်ခဏ စသည်တို့၌ ဖြစ်သော ကမ္မဇရုပ်-ဥတုဇရုပ် တို့သည် ကံ-ဥတု ဟုဆိုအပ်သော အကြောင်း ၂ ပါးကြောင့် ဖြစ်သော ရုပ်အပေါင်း ဖြစ်သောကြောင့် ဒွိဇကာယ မည်၏။

တိဇကာယ -ပဋိသန္ဓေနောင် ပထမဘဝင်၌ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း၌ဖြစ်သော ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ် တို့သည် ကံ, ဥတု, စိတ် ဟု ဆိုအပ်သော အကြောင်း ၃ ပါးတို့ကြောင့် ဖြစ်သော ရုပ်အပေါင်း ဖြစ်သောကြောင့် တိဇကာယ မည်၏။

စတုဇကာယ -အာဟာရဇရုပ် ဥပါဒ်သောအခါ ကမ္မဇရုပ်,ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇ ရုပ်တို့သည် ကံ, ဥတု, စိတ်, အာဟာရ ဟု ဆိုအပ်သော အကြောင်းလေးပါး တို့ကြောင့် ဖြစ်သော ရုပ်အပေါင်း ဖြစ်သောကြောင့် စတုဇကာယ မည်၏။

ဓဓဓဓဓဓဓဓ

## ဆိုခဲ့ပြီး ဝိသိဗ္ဗံကိုရှုပါ

ပဋိသန္ဓိမုပါဒါယ ဟူသော သင်္ဂဟနှင့်အညီ ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ် တစ်ပါးသာဖြစ်၏။ တစ်ပါးသော ဥတုဇ စိတ္တဇ အာဟာရဇ ရုပ်တို့ မဖြစ်နိုင်ကြ လေကုန်။ ထို့ကြောင့် ဧကဇကာယ ဟု ခေါ်ရလေသည်။

ဋ္ဌိတိကာလမုဒါပါယ စတုသမုဋ္ဌာနနှင့်အညီ ပဋိသန္ဓေစိတ်၏ ဌီခဏ,ဘင်ခဏတို့၌ ကမ္မဇရုပ်နှင့်ဥတုဇရုပ် ၂ ပါးကားဖြစ်ကြသေး၏။ စိတ္တဇ အာဟာရဇရုပ်တို့ မဖြစ်နိုင်ကြသေး။ ထို့ကြောင့် ဒွိဇကာယဟု ခေါ်ရလေသည်။

http://www.dhammadownload.com



ဒုတိယ စိတ္တမှုပါဒါယ စိတ္တသမုဋ္ဌာနာနှင့် အညီ ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်၌ ကမ္မဇ, ဥတုဇ, စိတ္တဇရုပ်တို့ဖြစ်နိုင်ကြကုန်၏။ အာဟာရဇရုပ်ကား မဖြစ်နိုင်သေး။ ထို့ကြောင့် တိဇကာယ ဟုခေါ်ရလေသည်။

ဩဇာဖရဏမှုပါဒါယ အာဟာရ သမုဋ္ဌာနာနှင့်အညီ ဂဗ္ဘ-သေယျက ပုဂ္ဂိုလ်တို့အား ကလလရေကြည်ဟည်ပြီးသည်မှ တသတ္တာဟနှစ်သတ္တာဟ အလွန်၌ အမိ စားသောက်အပ်သော အာဟာရသည် ချက်ကြိုးမှ အစဉ်ယှော်က်၍ သူငယ်၏ အဇ္ဈတ္တသန္တာန်၌ တည်သော အာဟာရနှင့် ပေါင်းဆုံသည်မှစ၍ ဥပ္ပါဒ် သံသေဒဇပုဂ္ဂိုလ်တို့အား တံတွေး, သလိပ် အာဟာရ စသည်တို့ကို မျိုသော ကာလမှ စ၍ အာဟာရဇရုပ်ဖြစ်၏။ထို့ကြောင့် စတုဇကာယ ဟု ခေါ်ရလေသည်။

မှတ်ချက်။ ။ဤကား ပဝတ္တိအခါ ရုပ်အစဉ် ဖြစ်ကြောင်းတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၁၉၃။ ဝိဘာဝိ၊ ဋ္ဌ၊ ၁၆၁ တို့၌....

ပဝတ္တေ ပန သဗ္ဗတ္ထရူပ ပဝတ္တိဒေသေ ပဋိသန္ဓိ စိတ္တဿ ဌိတိက္ခဏေ ပဋိသန္ဓိစိတ္တေန သဟ ပဝတ္တဥတုတော ဥတုသမုဋ္ဌာနံ သုဒ္ဓဋ္ဌကံ၊ ပါတုဘဝတိ။

ပဋိသန္ဓိစိတ္တတော ပန ဥဒ္ဓံ ပဌမဘဝင်္ဂတော ပဘုတိ စိတ္တသမုဋ္ဌာနံ သုဒ္ဓဋ္ဌကံ၊ သဒ္ဒပါတုဘာဝကာလေ ပဋိသန္ဓိက္ခဏတော ဥဒ္ဓံ ပဝတ္တဥတုတောစေဝ သဒ္ဒနဝကံ၊ တေပန ကဗဠီကာရာဟာရူပဇီဝိနော ဂဗ္ဘသေယျကသတ္တာ၊ တေသံ ယဉ္စသဘုဉ္ဇိမာတာ၊ အန္နပါနဉ္စဘောဇနံ။

တေ သော ထဏ္ဍ ယာပေတိ၊ မာတုကုစ္ဆိ ဂတော နရောတိ။ ။

ပဝတ္တေပန၊ ပဝတ္တိအခါ၌ကား။သဗ္ဗတ္ထ-သဗ္ဗသ္မိံ ၊အလုံးစုံသော။ ရူပပဝတ္တိပဒေသေ၊ ရုပ်ဖြစ်ရာအရပ်၌။ ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဌိတိက္ခဏေ၊ ဌီခဏ၌။ ပဋိသန္ဓိစိတ္တေန၊ နှင့်။ သဟ၊ တကွ။ ပဝတ္တဥတုတော၊ ဖြစ်သောဥတုကြောင့်။ ဥတုသမုဋ္ဌာနံ၊ ဥတုကြောင့် ဖြစ်သော။ သုဒ္ဓဋ္ဌကံ၊ သက်သက်သော သုဒ္ဓဋ္ဌက ကလာပ်သည်။ ပါတုဘဝတိ၊ ထင်ရှား ဖြစ်၏။

http://www.dhammadownload.com



ပဋိသန္ဓိစိတ္တတော ပန၊ ပဋိသန္ဓိစိတ်မှကား။ ဥဒ္ဓံ၊ အထက်၌။ ပဌမဘဝင်္ဂတော၊ ပဌမဘဝင်မှ။ ပဘုတိ၊ စ၍။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ဥတုဇ္ဇဋ္ဌကံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏ ။သဒ္ဒပါတုဘာဝ ကာလေ၊ အသံထင်ရှား၊ ဖြစ်သော အခါ၌။ ပဋိသန္ဓိက္ခဏတော၊ ပဋိသန္ဓေမှ။ ဥဒ္ဓံ၊ အထက်၌။ ပဝတ္တဥတုတော စေဝ၊ ဖြစ်သော ဥတုကြောင့် လည်းကောင်း။ စိတ္တတော စ၊ စိတ်ကြောင့် လည်းကောင်း။ သဒ္ဒနဝကံ၊ သဒ္ဒနဝကကလာပ်သည်။ ပါတုဘဝတိ၊ ၏။ ကဗဠီကာရဟာ ရူပဇီဝိနော၊ အာဟာရကိုမှီ၍ အသက်မွေးကုန်သော။ ယေဝနေ ဂဗ္ဘ- သေယျကသတ္တာ၊ တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ-သတ္တာနံ၊ တို့အား။ အာဟာရသမုဋ္ဌာနံ၊ အာဟာရကြောင့်ဖြစ်သော။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌက ကလာပ်သည်။ ပါတုဘဝတိ၊ ၏။

အသာဂဗ္ဘသေယျကသတ္တာသဲ၊ ထိုအမိဝမ်း၌ ပဋိသန္ဓေနေသော သူငယ်၏။ မာတာ၊ အမိသည်။ ယဉ္စအန္နံ၊ အကြင်ထမင်းကိုလည်းကောင်း။ ယဉ္စပါနံ၊ အကြင်အဖျော်ကိုလည်းကောင်း။ ယဉ္စဘောဇနံ၊ အကြင် စားဖွယ်ကိုလည်းကောင်း။ ဘုဉ္ဇတိ၊ စား၏။ တေနဘောဇနေန၊ ထို အမိစားအပ်သော ဘောဇဉ်ဖြင့်။ တတ္ထ၊ ထိုအမိဝမ်း၌။ မာတုကုစ္ဆိ- ဂတော၊ အမိဝမ်း၌ ပဋိသန္ဓေနေသော။ နရော၊ သတ္တဝါသည်။ ယာပေတိ၊ မျှ၏။

ဖဖဖဖဖဖဖဖဖ

## ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်

ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ဒု၊ ၁၉၃။

ပဋိသန္ဓိစိတ္တံပန ရူပံ န သမုဋ္ဌာပေတိ၊ တဉှိ ယထာ- ပပါတေ ပတိတပုရိသော ပရဿ ပစ္စယော ဟောတုံ န သက္ကောတိ၊ ဧဝံ ဝတ္ထုဒုဗ္ဗလတာယ ဒုဗ္ဗလတ္တာ ရူပံ သမုဋ္ဌာ- ပေတုံ န သက္ကောတိ။

ပဋိသန္ဓိစိတ္တံပန၊ ကား။ ရူပံ၊ ရုပ်ကို။ န သမုဋ္ဌာပေတိ၊ မဖြစ် စေနိုင်။ ဟိ၊ မှန်၏။ ပဋိသန္ဓိစိတ္တံ၊ သည်။ ပပါတေ၊ ကမ်းပါးပြတ်၌။ ပတိတပုရိသော၊ ကျသောယောကျ်ားသည်။ ပရဿ၊ သူတစ်ပါးအား။

http://www.dhammadownload.com



ပစ္စယော၊ ထောက်ပံ့စေခြင်းသည်။ ဟောတုံ၊ ဖြစ်ခြင်းငှာ။ န သက္ကောတိယထာ၊ မတတ်နိုင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဝတ္ထုဒုဗ္ဗလတာယ၊ ဝတ္ထုရုပ်အားနည်းသည်၏ အဖြစ်ဖြင့်။ ဒုဗ္ဗလတာ၊ အားမရှိသောကြောင့်။ ရုပံ၊ ရုပ်ကို။ သမုဋ္ဌာပေတုံ၊ ငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။

ॐॐॐॐॐ

## တိပိဋကဝိနိစ္ဆယကျမ်း ဒုတိယတွဲ၊ မိုင်းခိုင် ဆရာတော်၏ လိုရင်းဆုံးဖြတ်ချက်

ပစ္စယနိဒ္ဒေသ၊ ၄၊ ၃၇၂။

ပစ္ဆာဇာတပစ္စယနိဒ္ဒေသ ယဿ ကာယဿ ပစ္စယာ-ဟောန္တိ၊ တဿိ ဥပ္ပဇ္ဇိတွာ ဌိတေ ဇာတာ ။လ။

ဧဝံ ဘိန္ဒေ့ပနေတ္ထ ပဋ္ဌဝေါကာရဘဝေ ဥပ္ပန္နံ စတုဘူမိက ကုသလံစ အကုသလံစ ဥပ္ပါဒက္ခဏံ အတိက္ကမိတွာ ဌိတိပတ္တဿ စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ရူပကာယဿ ပစ္ဆာဇာတပစ္စယော ဟောတိ။

ဧဝံ၊ ဤသို့။ ဘိန္ဒေ၊ ပြားသော။ ဧတ္ထ၊ ဤပစ္ဆာဇာတပစ္စည်း၌။ ပဋ္ဌဝေါကာရဘဝေ၊ ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ စတုဘူမိကကုသလဉ္စ၊ ဘုံလေးပါး၌ဖြစ်သော ကုသိုလ်သည်လည်းကောင်း။ အကုသလဉ္စ၊ သည်လည်းကောင်း။ ဥပ္ပါဒက္ခဏံ၊ ဥပါဒ်ခဏကို။ အတိက္ကမိတွာ၊ လွန်၍။ ဌိတိပတ္တဿ၊ ဌီသို့ရောက်သော။ စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ရူပကာယဿ၊ စတုသမုဋ္ဌာန် တိသမုဋ္ဌာန်ရှိသော ရူပကာယအား။ ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စည်းတပ်သည်။ ဟောတိ၊ ၏။

ဤအဋ္ဌကထာ၌....

အဓိပ္ပာယ်ကို တိုက်ရိုက် နိတတ္ထယူသော် စိတ်၏ခဏငယ် တစ်ချက်ဟု ဆိုအပ်သော ရုပ်၏ ဥပ္ပါဒက္ခဏကို လွန်၍ ရုပ်၏ ဌီသို့ ရောက်သော ရူပကာယသည် စိတ်၏ ဌီ, ဘင် ခဏကပင် ပစ္ဆာဇာတ ပစ္စည်းကို ရ၏ဟု သိအပ်၏။

http://www.dhammadownload.com



ဋီကာကျော်၊ ၂၀၈ ၌လည်း....

ပစ္ဆာဇာတပစ္စယရဟိတံ ပန အာဟာရာဒိဟိစ အနုပတ္ထဒ္ဓံ ဒုဗ္ဗလ ဝတ္ထုံ နိဿာယ ပဝတ္တတ္တာ အတ္တနော စ အာဂန္တုကတာယ ကမ္မဇရူပေဟိ စိတ္တသမုဋ္ဌာန ရူပါနံ ဌာနံ ဂဟေတွာ ဌိတတ္တာ စ ပဋိသန္ဓိစိတ္တံ ရူပသမုဋ္ဌာပကံ န ဟောတိ။

ဋီကာကျော်၊ ၂၁၀။

ပစ္ဆာဇာတာဒိ ပစ္စယူပတ္ထမ္ဘ လာဘေန ဌိတက္ခဏေယေဝ ဥတုဩဇာနံ ဗလဝ ဘာဝေါတိ ဝုတ္တံ တေဇောဓာတု ဌိတိပ္ပတ္တာ ဣစ္စာဒိ။

ပစ္ဆာဇာတပစ္စယ ရဟိတံ၊ ပစ္ဆာဇာတပစ္စည်းမှ ကင်းသည်ဖြစ်၍ လည်းကောင်း။ အာဟာရာဒိဟိ၊ အာဟာရ စသည်တို့သည်။ အနုပတ္ထဒ္ဓံ၊ မထောက်ပံ့ အပ်သည်ဖြစ်၍ လည်းကောင်း။ ဒုဗ္ဗလဝတ္ထုံ၊ အားနည်းသော ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ ပဝတ္တတ္တာစ၊ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အတ္တနော၊ မိမိဟုဆိုအပ်သော ပဋိသန္ဓေစိတ်၏။ အာဂန္တုကတာယစ၊ ရောက်စ ဖြစ်စ အာဂန္တုက၏ အဖြစ်ကြောင့်လည်းကောင်း။ ကမ္မဇရူပေဟိ၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့သည်။ စိတ္တသမုဋ္ဌာနရူပါနံ၊ စိတ္တသမုဋ္ဌာန်ရုပ် စိတ္တဇရုပ်တို့၏။ ဌာနံ၊ အရာကို။ ဂဟေတွာ၊ ယူ၍။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ရူပသမုဋ္ဌာပကံ၊ ဖြစ်စေတတ်သည်။ န ဟောတိ၊ မဖြစ်။

ပစ္ဆာဇာတာဒိ ပစ္စယူပတ္ထမ္ဘလာဘေန၊ ပစ္ဆာဇာတအစရှိသော ပစ္စည်းအထောက်အပံ့ကို ရခြင်းကြောင့်။ ဌိတိက္ခဏေယေဝ၊ ဌီခဏ၌သာလျှင်။ ဥတုဩဇာနံ၊ ဥတုဩဇာတို့၏။ ဗလဝဘာဝေါ၊ အားရှိသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဇောဓာတုဌိတိပ္ပတ္တာ၊ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

ဤဋီကာကျော်၌- စိတ်၏ ဥပါဒ်ခဏကိုလွန်၍ ဌီ ခဏ၌ပင် ပစ္ဆာဇာတ ပစ္စည်းကို ရ၏ဟု ဆိုသည်ကို သိအပ်၏။

အကယ်၍ ဥပါဒ် ဌီ ဘင် ဟု ဆိုအပ်သော စိတ္တက္ခဏ တစ်ချက်လုံးလုံး လွန်မှ ပစ္ဆာဇာတပစ္စည်း အထောက်အပံ့ကို ရငြားအံ့။ ထို

http://www.dhammadownload.com



စိတ္တက္ခဏ တစ်ချက်မလွန်မီ ပဋိသန္ဓေစိတ်၏ ဌီ ခဏက ပစ္ဆာဇာတ ပစ္စည်းအထောက်အပံ့ကိုရ၍ အားရှိသဖြင့် ဥတုဇရုပ်ကိုဖြစ်စေခြင်းကို အဋ္ဌကထာ ဋီကာတို့၌ မဆိုရာ။ ။

ဝိဘင်း- မူလ ဋီ၊ ၁၈။

ဝတ္ထု ဥပ္ပါဒက္ခဏေ ဒုဗ္ဗလံ ဟောတီတိ သဗ္ဗရူပါနံ ဥပ္ပါ-ဒက္ခဏေ ဒုဗ္ဗလတံ သန္ဓာယ ဝုတ္တံ။ တဒါ ဟိ တံ ပစ္ဆာဇာတ ပစ္စယ ရဟိတံ အာဟာရ ဥတုဟိစ အနုပတ္ထမ္ဘိတံ ဒုဗ္ဗလန္တိ ဝုတ္တံ။

ဝတ္ထု၊ မှီရာဝတ္ထုသည်။ ဥပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ ဒုဗ္ဗလံ၊ အားနည်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤစကားကို။ သဗ္ဗရူပါနံ၊ အလုံးစုံသောရုပ်တို့၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ ဒုဗ္ဗလတံ၊ အားနည်းသည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ တဒါ၊ ထိုဥပါဒ်ခဏ၌။ တံ၊ ထိုဟဒယဝတ္ထုရုပ်သည်။ ဝါ၊ ထို အလုံးစုံသောရုပ်သည်။ ပစ္ဆာဇာတ ပစ္စယရဟိတံ၊ ပစ္ဆာဇာတမှကင်းသည်လည်းကောင်း။ အာဟာရဥတုဟိ၊ အာဟာရပစ္စည်း စသည်တို့သည်။ အနုပတ္ထမ္ဘိတ၊ မထောက်ပံ့အပ်သည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဒုဗ္ဗလန္တိ၊ အားနည်း၏ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

ဤ ဝိဘင်း မူလဋီကာ အလိုအားဖြင့်လည်း ပဋိသန္ဓေစိတ်၏ ဌီခဏကပင် ပစ္ဆာဇာတ ပစ္စည်းကို ရ၏ ဟု သိအပ်သည်။ ပြအပ်ပြီးသော ပဋ္ဌာန်း အဋ္ဌကထာ၌ နိတတ္ထ အဓိပ္ပာယ်ရှုနှင့်လည်း ညီသည်။

ဤ မူလဋီကာစကားကို စိတ်၏ ဌီ ခဏ ရှိ၏။ စိတ်၏ ဌီ ခဏ ဘင် ခဏ တို့၌လည်း ရုပ် ဖြစ်၏ ဟူသော အဋ္ဌကထာ အလိုနှင့်အညီ ပြသော စကားဟု မှတ်။

ဆွေးနွေးမှတ်ချက်။

ဤ ပစ္ဆာဇာတ ပစ္စည်းသည် ဝိစ္စယုပ္ပန်တရား ဖြစ်ပြီးသည်မှ နောက်ကာလ၌ဖြစ်၍ မိမိ ထင်ရှားရှိဆဲ အခိုက်၌သာလျှင် ကျေးဇူး ပြုသည်။ နောက် စိတ္တုပ္ပါဒ် ထင်ရှားမရှိသေးက အတ္ထိ သဘောရှိသော ကြောင့် ကျေးဇူးမပြု ဟု ဆိုအပ်၏။

http://www.dhammadownload.com



ပဋ္ဌာဝေါ ဒိုရှယ်ငဲနော့ဝေါဒိုဦး။

ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဒွိ တိကံ (ယင့်နော့ဝေါရှ) ကို ထောက်၍ အတ္ထိ အဝိဂတ တို့နှင့် အတူဖြစ်ကောင်းသောကြောင့် ပစ္စုပ္ပန်ကာလ ကျေးဇူးပြုသောပစ္စည်းဖြစ်၍ နောက်စိတ္တုပ္ပါဒ် ဖြစ်ပေါ်မှသာ ကျေးဇူးပြုသည်ဟု ပြည်ဆရာတော် ယူဆဆုံးဖြတ်သေး၏။

ဗိုင်းခိုင်ဆရာတော်ထား....

သဟဇာတတ္တိနှင့် ပစ္ဆာဇာတတ္တိ(၂)ပါးစပ်။ ပစ္ဆာဇာတတ္တိနှင့် ရုပ်အာဟာရတ္တိ (၂)ပါးစပ်။ ပစ္ဆာဇာတတ္တိနှင့် ဣန္ဒြိယတ္တိ (၂) ပါးစပ်။ ကာလတူ တစ်ပြိုင်နက် ပစ္စည်းတပ်သည်ကို ဟောတော်မူခြင်းကြောင့် ရှေးစိတ်၏ ခဏတ္တယကို လွန်မှသာ ပစ္ဆာဇာတတ္တိ ရုပအာဟာရတ္တိ ရုပ ဇီဝိတိန္ဒြိယတ္တိ ပစ္စည်း တပ်သည်။

ရှေးစိတ်၏ ဥပါဒ်ခဏမျှကို လွန်၍ ဌီ ခဏ ဘင်ခဏသို့ ရောက်ခါမျှနှင့် ပစ္ဆာဇာတတ္တိ စသော ပစ္စည်းသုံးပါး မတပ်ဟု ယူချေသော် ရုပအာဟာရတ္တိသည် ဥပါဒ်ခဏကို လွန်၍ ဌီ ခဏ၌ ရုပ်အာဟာရပစ္စည်း တပ်ကြောင်း၊ အာဟာရဇရုပ်ကို ဖြစ်စေကြောင်းကို ပြဆိုကြသော အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့နှင့် လည်းကော်င်း။

ရုပ ဇီဝိတိန္ဒြေသည် ဥပါဒ် ခဏကိုလွန်၍ ဌီ ခဏ၌ ဣန္ဒြိယပစ္စည်း တပ်၏ဟု ပြဆိုအပ်သော-

ရူပဇီဝိတိန္ဒြိယံ အတ္တနာ သဟဇာတာနံ ရူပါနံ ဌိတိက္ခဏေ ဣန္ဒြိယပစ္စယေနပစ္စယော သဟဇာတ ပစ္စယတာ ပန တဿ နတ္ထိ။

ဟူသော ဋ္ဌ၊ ၃၇၉ နှင့် လည်းကောင်း။

ဌိတိက္ခဏေ ဟူသော စကားကို သဟဇာတပစ္စည်းအဖြစ် မရှိသည်ကိုသာ ရည်၍ အဋ္ဌကထာဆရာ ဆိုသည်။ ထိုဇီဝိတိန္ဒြေ၏ ဥပါဒ်ခဏ၌လည်း ဣန္ဒြိယပစ္စည်း တပ်သည်၏ အဖြစ်ကို တားမြစ်ခြင်းငှာ မတတ်ကောင်း ဟု ပြဆိုသော....

ဌိတိက္ခဏေတိဣဒံ ရူပဇီဝိတိန္ဒြိယဿ သဟဇာတပစ္စယ ဘာဝံ သန္ဓာယ ဝုတ္တံ၊ ဥပါဒက္ခဏေ ဝိပန တဿ ဣန္ဒြိယ ပစ္စယတာ နသက္ကာနိဝါရေတုံ။

http://www.dhammadownload.com



ဟူသော မူလဋီကာ (၁၉၁) နှင့် လည်းကောင်း ဆန့်ကျင်ကွဲပြားနေသည်။

စိတ္တုပ္ပါဒ္။ ။ဥပါဒ် ဘင်ရှိ၊ ဌီမရှိ၊ မိန့်ဘိ မူလဋီကာတည်း။

ထို့ကြောင့် အဋ္ဌကထာနှင့် ပါဠိတော် အဋ္ဌကထာ စကားတစ်ရပ်နှင့် အဋ္ဌကထာစကားတစ်ရပ် ညီညွတ်ကြောင်း အသင့်ယုတ္တိကို ရှာကြံခြင်းမရှိဘဲ အတ္ထိပစ္စည်းသည် ပစ္စုပ္ပန်ရှိဆဲခဏ၌သာ ကျေးဇူးပြုသည် ဟူသောစကား။ သဟဇာတတ္ထိနှင့် ပစ္ဆာဇာတတ္ထိ(၂)ပါးစပ်၊ ပစ္ဆာဇာတတ္ထိနှင့် ရူပအာဟာရတ္ထိ (၂)ပါးစပ်၊ ပစ္ဆာဇာတတ္ထိနှင့် ရူပဇီဝိတိန္ဒြိယတ္ထိ (၂)ပါး စပ်၍ ဟော တော် မူ ခြင်း များကို သာဓက ထောက်၍ ရှေးစိတ်၏ ခဏတ္တယကို သာလွန်မှသာ ပစ္ဆာဇာတပစ္စည်းကို ရသည်။ ရှေးစိတ်၏ ဥပါဒ်ခဏမျှကို လွန်၍ ဌီခဏ ဘင်ခဏမျှသို့ မရောက်သေးသော ရုပ်သည် ပစ္ဆာဇာတ ပစ္စည်းကိုမရဟု (စိတ်မှာ ဌီခဏ မရှိ) စသည်ဖြင့် ဆိုသော မူလဋီကာအလိုမှ တစ်ပါးသော အဋ္ဌကထာ ဋီကာတို့ အလိုအားဖြင့်....

၁။ ရှေးစိတ်နှင့်အတူ ဥပါဒ်၍ ဌီခဏ ဘင်ခဏသို့ ရောက်သော ရုပ်သည်လည်း ပစ္ဆာဇာတပစ္စည်းကို ရ၏။

၂။ ရှေးစိတ်၏ ခဏတ္တယကို လွန်ပြီးသော ရုပ်သည်လည်း ပစ္ဆာဇာတပစ္စည်းကို ရသည်ဟု ယူအပ်၏ဟု ကျယ်ဝန်းစွာ ဆုံးဖြတ်တော် မူသည်။ ယုတ္တိသာဓက ကိုလည်း အောက်ပါအတိုင်း ထုတ်ပြတော်မူသည်။

ခွာဆားချက်။ ။ဤကျမ်း၌ကျယ်အံ့စိုး၍ လိုရင်းမျှကိုသာ ထုတ်နုတ်ညွှန်ပြလိုက်ပါသည်။ အကျယ်ကိုအလိုရှိက (၁၂၉၀-ပြည့်နှစ်၊ ဗြိတိသျှဘားမား ပုံနှိပ်တိုက်မှရိုက်နှိပ်သော တိပိဋက ဝိနိစ္ဆယကျမ်း၊ ဒုတိယတွဲ စာမျက်နှာ ၁၀၅ မှ ၁၁၇ အထိ) ကြည့်ရှုကြပါကုန် အရှင်ကောင်းတို့။

ရှေးစိတ်နှင့်အတူ ဥပါဒ်၍ ဌီခဏ ဘင်ခဏသို့ ရောက်သော ရုပ်သည် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော နောက်စိတ် မဖြစ်ပေါ်မီကပင် ပစ္ဆာဇာတ သတ္တိဖြင့် ထောက်ပံ့ခြင်းအကျိုးကို ခံစားရာ၌....

http://www.dhammadownload.com



**ရှင်ဗာကုလအလောင်း ဆုယူသည်**

ရေချိုးမင်္ဂလာပြုသောအခါ ရေထဲကျ၍ ကြီးစွာသောငါးကြီးက မျိုရာ၌ အနာရောဂါမရှိခြင်း၊ ၎င်းငါးကို တံငါသည်တို့ထံမှ ဗာရာဏသီ သူဌေးကတော်ဝယ်၍ ဝမ်းကိုခွဲသောအခါ သူငယ်ကိုတွေ့မြင်၍ သားအဖြစ်ဖြင့် မွေးမြူချီးမြှောက်ခြင်းအကျိုးတို့ကို ရရှိခြင်းသည် ဤဘဝတွင် မုချရအပ်လတ္တံ့ဖြစ်သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်တော်ဖြင့် ဖြစ်သောကြောင့် ဉာဏဝိပ္ဖာရဣဒ္ဓိ မည်၏ဟု လာရာ၌ အရဟတ္တမဂ် ဟူသော အကြောင်းတရားမဖြစ်မီ အကျိုးတရား ခံစားရသကဲ့သို့ လည်းကောင်း။

**ထို့အတူ သံကိစ္စမထေရ်အလောင်း ဆုယူသည်လည်း....**

အမိဝမ်းတွင်း ကိန်းအောင်းနေစဉ် အမိသေ၍ မီးသင်္ဂြိုဟ်ရာ၌ မျက်စိအဖွန့် တံစူးဝါး ထိုးမိ၍ အသံပြုသောကြောင့် ဝမ်းကိုခွဲ၍ အဘွားဖြစ်သူအား ပေးကြကုန်၏။ ထိုသူငယ်၌ တစ်စုံတစ်ခုသော အဖြစ်အနာအဆာ မရှိခြင်း၊ အဘွားကမွေးမြူစောင့်ရှောက်သဖြင့် ကြီးပွားချမ်းသာခြင်း အကျိုးတရားတို့သည် သံကိစ္စမထေရ်၏ မုချရလတ္တံ့သော အရဟတ္တ မဂ်ဖိုလ်ဉာဏ်၏ အာနုဘော်တော်ကြောင့် ဖြစ်သောကြောင့် ဉာဏဝိပ္ဖာရဣဒ္ဓိ မည်၏ဟု လာရာ၌ အရဟတ္တဖိုလ်ဟူသော အကြောင်းတရားမဖြစ်မီ အကျိုးထူးတရားခံစားရသကဲ့သို့ မှတ်အပ်၏။

ထို့အတူ ရာဇဂြိုဟ်ပြည် ယင်းခုတ်သမား၏ သားသူငယ်သည် မြို့၏ပြင်မှာ လှည်းဖြင့် တစ်ညလုံး တစ်ယောက်ထီးတည်း နေရ၍ခဲ့ဘီလူး, သားရဲတို့ နှောင့်ယှက်သော်လည်း ရောဂါမရှိခြင်း အကျိုးကို ခံစားရခြင်းသည်လည်း ဉာဏဝိပ္ဖာရဣဒ္ဓိ ဟု ဆိုရာ၌လည်း ထို့အတူပင် မှတ်ရာ၏။

ထို့ကြောင့်– ဝိသုဒ္ဓိမဂ်၊ ၂၊ ၃၊ ၇ ၌....

ဉာဏုပ္ပတ္တိတော ပန ပုဗ္ဗေဝါ ပစ္ဆာဝါ တံ ခဏေဝါ ဉာဏာနုဘာဝ နိဗ္ဗတ္တော ဝိသေသော ဉာဏဝိပ္ဖာရဣဒ္ဓိနာမ ဝုတ္တာဠေ့တံ အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနတော ဉာဏဝိပ္ဖာရာဣဒ္ဓိ ။လ။ အရဟတ္တမဂ္ဂေန သဗ္ဗ ကိလေသာနံ ပဟာနတ္ထော ဉာဏဝိပ္ဖာရာဣဒ္ဓိ။

http://www.dhammadownload.com



အာယသ္မတော ဗာကုလဿ ဉာဏဝိပ္ဖာရာ ဣဒ္ဓိ။ အာယသ္မတော သံကိစ္စဿ ဉာဏဝိပ္ဖာရာ ဣဒ္ဓိ။ အာယသ္မတော ဘူတပါလဿ ဉာဏဝိပ္ဖာရာ ဣဒ္ဓိ။

ဟု ဖွင့်ပြတော်မူ၏။

အမှာ။ ။ဝုတ္တာဒွေတံအရ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၃၇၉- ၌ ရှုလေ။

ဉာဏုပ္ပတ္တိတော၊ အရဟတ္တမဂ်ဉာဏ် ဖြစ်သည်မှ၊ ပုဗ္ဗေဝါ၊ ရှေး၌လည်းကောင်း။ ပစ္ဆာ ဝါ၊ နောက်၌လည်းကောင်း။ တံခဏေ ဝါ၊ ထိုဉာဏ်ဖြစ်ဆဲခဏ၌လည်းကောင်း။ ဉာဏာနုဘာဝနိဗ္ဗတ္တော၊ အရဟတ္တမဂ်ဖိုလ်ဉာဏ်၏ အာနုဘော်တော်ကြောင့် ဖြစ်သော။ ဝိသေသော၊ အပြစ် အနာအဆာ ကင်းခြင်းစသော အကျိုးထူးသည်။ ဉာဏဝိပ္ဖာရာဣဒ္ဓိ နာမ၊ ဉာဏဝိပ္ဖာရဣဒ္ဓိ မည်၏။

အမှာ။ ။လိုရင်းကိုသာ အနက်ပေးလိုက်သည်။

## အာသေဝန ပစ္စည်း

အာပုနပ္ပုနံ သေဝတီတိ အာသေဝနံ။ အာပုနပ္ပုနံ သေဝိတဗ္ဗန္တိ အာသေဝနံ။

(အာ-ပုဗ္ဗ သိဝ ဓာတ်-ယု ပစ္စည်း။) သိဝ-ဓာတ်၏ အရကား ဇောနာမက္ခန္ဓာတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤ ငါးပစ္စယ သတ္တိ ရ၏။ ယုပစ္စည်းအရကား ထိုငါးပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ရ၏။

ဥပနေကတ္တာ ဟုတွာ နာမချာတဝိသေသကာရဏာ အဝန္တိ ဟု သဒ္ဒနီတိ၌ ဆိုသောကြောင့် အာ-သဒ္ဒါသည် ပုနပ္ပုနတ္ထ ဖြင့် ဇောတက ပြ၏ ဟူလို။

http://www.dhammadownload.com



အမှာ။ ။

ဤ ကတ္တုသာဓန၊ ကမ္မ သာဓန နှစ်ပါးတို့တွင် ကမ္မ သာ ပဓာန ဖြစ်ရကား ကတ္တုသာဓနသော သင့်၏ဟု ဆရာတို့ ဆိုကြ၏။

တစ်နည်း....

အတ္တနော ပဂုဏတရ ဗလဝတရဘာဝဝယသံ ါတန ပုနပ္ပုနံ ပဝတ္တနေန ပဂုဏတရ ဗလဝတရဘာဝံ ါယ သေတိ ပဝတ္တတီတိ အာသေဝနော။

ပစ္စည်းတရားတို့၏ အဖန်တလဲလဲဖြစ်ခြင်း သတ္တိ ရ၏။

ဤသို့ဖြစ်ရာ၌....

၁။ တူသောဇာတ် ရှိကုန်သော တရားတို့အား ကျေးဇူး ပြုတတ်ကုန်သော တူသော ဇာတ် ရှိကုန်သော တရား တို့သည်သာလျှင် အာသေဝနပစ္စည်း မည်၏။

၂။ ကုသိုလ်အစရှိသောအဖြစ်ဖြင့် မိမိနှင့်တူသော ပစ္စယုပ္ပန် တရား၏ မိမိနှင့်တူသော ဇာတ်ရှိသည်၏ အဖြစ်ကို ယူ ခြင်း, ယူစေခြင်းသည် အာသေဝန မည်၏။

၃။ မိမိတူသော ဇာတ်ရှိသည်အဖြစ်ကို ယူခြင်း, ယူစေခြင်း တို့၌လည်း ဇာတ်သာမညမဟုတ်၊ လေ့လာအပ်သည်၏ အဖြစ်, အားရှိသည်၏အဖြစ်တည်း ဟူသော ဂုဏ်ဖြင့် တူသောဇာတ်ရှိသော ကရားကိုသာ ယူအပ်ကုန်၏။

ဋီကာကျော်၊ ၂၄၃။

ပုရိမပုရိမပရိစိတဂန္ထော ဝိယ ဥတ္တရဥတ္တရဂန္ထဿ ကုသလာ-ဒိဘာဝေန အတ္တသဒိသဿ ပဂုဏဗလဝဘာဝဝိသိဋ္ဌ အတ္တ-သမာနဇာတိယတာ ဂါဟဏံ အာသေဝနံ၊ တေန ပစ္စယာ သဇာတိယဓမ္မာနံ သဇာတိဓမ္မာ ဝ အာသေဝနပစ္စယော။

ပုရိမပုရိမပရိစိတဂန္ထော၊ ရှေးရှေး၌ လေ့ကျက်အပ် သင်ယူအပ် သော ကျမ်းဂန်သည်။ ဝါ။ ရှေးရှေး၌ လေ့ကျက် သင်ယူအပ်သော ကျမ်းဂန်ကို သင်ခြင်း, ဆောင်ခြင်း စသော ကြိယာသည်။ ဥတ္တရ

http://www.dhammadownload.com



ဥတ္တရ ဂန္ထဿ၊ နောက်နောက်၌သင်ယူအပ်သောကျမ်းဂန်အား။ ဝါ၊ နောက်နောက်၌ သင်ယူအပ်သော ကျမ်းဂန်ကို သင်ခြင်း, နာခြင်းစသော ကြိယာအား။ အာသေဝနပစ္စယောဝိယ၊ အာသေဝနသတ္တိဖြင့် မကျေးဇူးပြုသကဲ့သို့။ ကုသလာဒိဘာဝေန၊ ကုသိုလ်အစရှိသည်၏အဖြစ်ဖြင့်။ အတ္တသဒိသဿ၊ မိမိဟုဆိုအပ်သော ပစ္စည်းတရားနှင့် တူသော ပစ္စယုပ္ပန် တရား၏။ ဝါ၊ ပစ္စယုပ္ပန်တရားကို။ ပဂုဏ-ဘာဝ-ဗလဝဝိသိဋ္ဌ အတ္တသမာနဇာတိယတာဂါဟာဏံ၊ လေ့လာအပ်သည်၏အဖြစ်, အားရှိသည်၏အဖြစ်ဖြင့်တူသောမိမိနှင့်တူသော ဇာတ်ရှိသည်၏အဖြစ်ကို ယူခြင်းသည်။ ဝါ၊ ယူစေခြင်းသည်။ အာသေဝနံ၊ မည်၏။

တေန၊ ထိုအာသေဝနသတ္တိဖြင့်။ သဇာတိဓမ္မာနံ၊ မိမိနှင့် တူသော ဇာတ်ရှိကုန်သော ပစ္စယုပ္ပန်တရားတို့အား။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သော။ သဇာတိဓမ္မာ၊ ပစ္စယုပ္ပန်နှင့် တူသော ဇာတ် ရှိကုန်သော ပစ္စည်းတရားတို့သည် သာလျှင်။ အာသေဝန ပစ္စယော၊ မည်၏။

နွ၊ ၃၄၉- ၌လည်း....

အာသေဝနဋ္ဌေန အနန္တရာနံ ပဂုဏဗလဝဘာဝါယ ဥပ-ကာရကော ဓမ္မော အာသေဝနပစ္စယော။ ဂန္ထာဒီသု ပုရိမာ ပုရိမာ ယောဂေ ဝိယ။ သော ကုသလာကုသလကိရိယဇဝန ဝသေန တိဝိဓော ဟောတိ။

အာသေဝနဋ္ဌေန၊ အဖန်တလဲလဲမှီဝဲအပ်သည်၏အဖြစ် ဟူသော သဘောဖြင့်။ အနန္တရာနံ၊ အခြားမဲ့၌ဖြစ်ကုန်သော တရားတို့၏။ ဝါ၊ အား။ ပဂုဏဗလဝဘာဝါယ၊ လေ့လာသည်၏ အဖြစ်, အားကြီးသည်၏အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ အာသေဝန ပစ္စယော၊ မည်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဂန္ထာဒီသု၊ ကျမ်းဂန် အစရှိသည်တို့၌။ ဝါ၊ ကျမ်းဂန်ကိုသရဇ္ဈာယ်ခြင်းအစရှိသည် တို့၌။ ပုရိမာဘိယောဂေါဝိယ၊ ရှေး၌ဖြီးဖြီးသော သင်ခြင်း, သရဇ္ဈာယ် ခြင်း ဟု ဆိုအပ်သော အားထုတ်ခြင်းကဲ့သို့တည်း။ သော၊ ထိုအာသေဝန ပစ္စည်းသည်။ ကုသလာကုသလကြိယဇဝနဝသေန၊ ကုသိုလ်အကုသိုလ် ကြိယာဇော၏ အစွမ်းအားဖြင့်။ တိဝိဓော၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



အဓိပ္ပာယ်ကား....

ရှေးရှေး၌ လေ့ကျက်သင်ကြားအပ်သော ကုမ်းဂန်လျှင် အာရုံရှိသော သင်ခြင်း နာခြင်း ဆောင်ခြင်း အစရှိသည်ဟု ဆိုအပ်သော ကြိယာအား အာသေဝနပစ္စည်း တပ်သကဲ့သို့တည်း။

သုံးချက်စု၌ အဆုံးဇော မဂ်ဇော ဖိုလ်ဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ ဟု ဆိုရာ အဆုံးဇောကို ကြဉ်ရသည်ကား အဆုံး ဇောနောင် ဇောမရှိ၊ တဒါရုံ ဘဝင် စုတိဟူသော ဝိပါက်တရားတို့သာရှိ၍ ကြဉ်ရသည်။

(ပဉ္စဒွါရဝိထိ၊ မနောဒွါရဝိထိ တို့ကို နှလုံးသွင်းကြည့်ပါလေ)။

မဂ်ဇောကို ကြဉ်ရသည်ကား— ထုံစေအပ်သော နောက်၌ဖြစ်သော ပစ္စယုပ္ပန်တရား မရှိသော်ကြောင့် ကြဉ်ရသည်။ (ဓဇ္ဇာ ဓေဇန ဝဋ္ဋုဒွါဂါရီ ဓဇ္ဇစိဇ္ဇကမ္မဏိကာ) ဟူသော သင်္ဂဟပါဠိကို နှလုံးသွင်း၍ ကြည့်။

ဖိုလ်ဇောကိုကြဉ်ရသည်ကား— ဖိုလ်လေးခုသည် ဇောပင်ဖြစ်လင့်ကစား ဝိပါက်တရားဖြစ်၍ (ဝိပါက်တရား ဖြစ်ပါကလည်း မှန်ကြေးမုံ အမြင့်၌ထင်သော မျက်နှာရိပ်သည် မျက်နှာအားလျော်စွာသာ ဖြစ်သည်၊ မိမိကား စောင်းခြင်း လှုပ်ခြင်း စသည်ကို မပြုတတ်သကဲ့သို့) ဖိုလ်ဇော အချင်းချင်းသည်လည်း ရှေ့ဇောက နောက်ဇောကို မိမိသဘောကိုမယူစေတတ်။ ကံနှင့်လျော်စွာသာ ဖြစ်သည်။ မဂ်ဇော၏ သဘောကိုလည်း မယူတတ်သောကြောင့် ကြဉ်ရသည်။

ဤ၌ (မေး)

(က) တူသော ဇာတ်ရှိသော တရားတို့သည်သာလျှင် တူသော ဇာတ်ရှိကုန်သော တရားတို့အား အဘယ်ကြောင့် အာသေဝနပစ္စည်း တပ်ရသနည်း။

(ခ) ပြားသောဇာတ် ရှိသော တရားတို့သည် ပြားသော ဇာတ် ရှိကုန်သော တရားတို့အား အနန္တရ အစရှိသော ပစ္စည်းတို့ကဲ့သို့ အာသေဝနပစ္စည်းတပ်သင့်သည် မဟုတ်ပါလော။

http://www.dhammadownload.com



(ဖြေ) ပြားသောဇာတ်ရှိသောတရားတို့သည် ပြားသောဇာတ်ရှိသော တရားတို့မှ အာသေဝနဂုဏ်ဟု ဆိုအပ်သော ပဂုဏဗလဝအဖြစ် ထူးသောကုသိုလ် အစရှိသောအဖြစ်တုံ ဆိုအပ်သော မိမိ၏ဇာတ်အဖြစ်ကိုယူခြင်းငှာ မစွမ်းနိုင်။ နောက်ဖြစ်သော အဗျာကတဇာတ်ရှိသော တရားတို့သည် မိမိသည်ပင်လျှင် ရှေ့ဖြစ်သော ပြားသောဇာတ်ရှိသော ကုသိုလ်ဇောတို့မှ ယူလည်းမယူနိုင်သေးသောကြောင့်တည်း။

ထို့ကြောင့် ဋီကာကျော်၊ ၂၄၃-၌

ဘိန္နဇာတိကာ ဟိ ဘိန္နဇာတိကေဟိ အာသေဝန ပဂု-ဏေန ပဂုဏဗလဝ ဘာဝသိဒ္ဓံ ကုသလာဒိဘာဝ သင်္ခါတံ အတ္တနော ဂတိံ ဂါဟာပေတုံ န သက္ကောန္တိ။ နစ သယံ တတော ဂဏှန္တိ။ တေ ပန အနန္တရာတီတာနိ လောကိယ ကုသလာ ကုသလာနိစေဝ အနာဝဇ္ဇန-ကိရိယ ဇဝနာနိစာတိ ဒဋ္ဌဗ္ဗံ။

ဘိန္နဇာတိကာ၊ ပြားသောဇာတ်ရှိကုန်သော ပစ္စည်းတရားတို့သည်။ဘိန္နဇာတိကေဟိ၊ ပြားသောဇာတ်ရှိကုန်သော နောက်နောက်၌ဖြစ်ကုန်သော တရားတို့ကို။ အာသေဝနဂုဏေန၊ အဖန်တလဲလဲထုံခြင်းဟူသော သတ္တိအားဖြင့်။ ပဂုဏဗလဝဘာဝသိဒ္ဓံ၊ အဖန်တလဲလဲလေ့ကျက်အပ်သည်ဖြစ်၍ အားရှိသည်၏ အဖြစ်အားဖြင့် ထူးသော။ ကုသလာဒိဘာဝသင်္ခါတံ၊ ကုသိုလ်အစရှိသည်၏အဖြစ်ဟုဆိုအပ်သော။ အတ္တနော၊ မိမိ၏။ဂတိံ ၊သဘောကို။ ဂါဟာပေတုံ၊ ငှာ။ နသက္ကောန္တိ၊ ကုန်။ သယဉ္စ၊ ပြားသောဇာတ်ရှိကုန်သော တရားတို့သည်လည်း။ တတော-တေဟိ၊ ထိုပြားသောဇာတ်ရှိကုန်သော ရှေ့၌ဖြစ်ကုန်သော တရားတို့မှ။ တေသံ၊ ထိုပြားသောဇာတ်ရှိကုန်သော ရှေ့၌ဖြစ်ကုန်သော တရားတို့၏။ ဂတိံ၊ သဘောကို။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ နဂဏှန္တိ၊ ယူခြင်းငှာမစွမ်းကုန်။ တသ္မာ၊ ထို့ကြောင့်။ သဇာတိ မဗ္ဗာနံ၊ မိမိနှင့်တူသောဇာတ်ရှိကုန်သော ပစ္စယုပ္ပန်တရားတို့အား။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သော။ သဇာတိမဗ္ဗာဝ၊ တို့သည်သာလျှင်။ အာသေဝနပစ္စယော၊ သည်။ ဟောတိ၊ ၏။ တေန၊

http://www.dhammadownload.com



ထိုတူသောဇာတ်ရှိကုန်သောတရားတို့အား။ ဝါ၊ အာသေဝနပစ္စည်း တပ်ကုန်သော တူသောဇာတ်ရှိကုန်သော ပစ္စည်းတရားတို့သည်ကား။ အနန္တရာတီတာနိ၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ လောကိယကုသလာ ကုသလာနိစေဝ၊ တို့သည်လည်းကောင်း။ အနာဝဇ္ဇနကြိယဇဝနာနိစေဝ၊ အာဝဇ္ဇန်းကြဉ်သော ကြိယာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

မဏိမဥ္ဇူဋီ၊ ဒု၊ ၃၉၁-၌လည်း

ဘိန္နဇာတိကေဟိတိ ဝိပါကဘာဝေန ကုသလာဒိဟိ
တိန္နဇာတိက တိ ကုသလာ ဒိဘာဝေန ဝိပါကေဟိ
အသမာန ဇာတိကာ ကုသလာ ကုသလာဒိ ဓမ္မာ။
ဘိန္နဇာတိကေဟိတိ ဝိပါကဘာဝေန ကုသလာဒိဟိ
အသမာန ဇာတိကေဟိ ပစ္စယမဓမ္မေဟိ ဂါဟာပေတုန္တိ
သမ္ဗန္ဓော။

ရှင်း-၃၉၂

အာသေဝနပစ္စယေနာတိ ဝါသနာသင်္ခါတေန ပဂုဏေန၊ သာမတ္ထိယေနာတိ ဂုဏ္ဍံ ဟောတိ။ အတ္တနော ဂတိန္တိ အတ္တနော ပဝတ္တိံ၊ ဇာတိန္တိ ဂုဏ္ဍံ တောတိ။ ဂါဟာပေတုန္တိ ကုသလာဒိဘာဝ သင်္ခါတာယ အတ္တနော ဇာတိယာ ပဝတ္တာပေတုန္တိ အဓိပ္ပာယော။ နသက္ကောန္တီတိ နာနာဇာတိကတ္တာ၊ ပုရိမာ ဘိန္နဇာတိကာ၊ ပစ္ဆိမေဟိ ဘိန္နဇာတိကေဟိ အတ္တနောဂတိံ ဂါဟာပေတုံ မာသက္ကောန္တု။ လ။ န ပုရိမာယေဝ ဘိန္နဇာတိကာ ပစ္ဆိမေဟိ ဘိန္နဇာတိကေဟိ အတ္တနော ဂတိံ ဂါဟာပေတုံ န သက္ကောန္တိ။

ရှင်း-၃၉၃

အထ ခေါ ပစ္ဆိမာစ ဘိန္နဇာတိကာသယံမေဝ တေဟိ ဘိန္နဇာတိကေဟိ တေသံ ဂတိံ န ဂဏှန္တိ၊ ဂဏှိတုံ န သက္ကုဏန္တိ နာနာဇာတိကတ္တာ ယေဝါတိ ယောဇနာ။

http://www.dhammadownload.com



အဓိပ္ပာယ်ကား-

ကုသိုလ်ကြိယာ အဆုံးဇောသည် အဗျာကတဓာတ် ရှိသော တဒါရုံ ဘဝင် စုတိအား အာသေဝနသတ္တိဖြင့် ကျေးဇူးမပြု။ ဈာန်ဇောသည် အဗျာကတဓာတ်ရှိသော ဘဝင်အား အာသေဝနသတ္တိဖြင့် ကျေးဇူးမပြု။ မဂ်ဇောသည် အဗျာကတဓာတ်ရှိသော ဖိုလ်ဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးမပြု။

ကုသိုလ်ဓာတ်ကလည်း နောက်ဖြစ်သော အဗျာကတဓာတ် အား အာသေဝနဂုဏ်ကို မပေးနိုင်။

နောက်ဖြစ်သော အဗျာကတဓာတ်ကလည်း ရှေ့ဖြစ်သော ကုသိုလ်ဓာတ်၏ အာသေဝနဂုဏ်ကို မယူနိုင် ဟူလို။

ဝိပါက်သည် အကြောင်းကံနှင့်စပ်သဖြင့် ဝိပါက် အဖြစ်သို့ ရောက်သည်။ ကံသို့ညွတ်အပ်သည်ဖြစ်၍ အားထုတ်ခြင်း ဗျာပါရမရှိ။ အားနည်းလေသည်။ သို့ဖြစ်ပါသောကြောင့် အာသေဝနသတ္တိဖြင့် မိမိသဘောကိုယူ၍ အဖန်တလဲလဲ မှီဝဲထုံစေ၍လည်း ဝိပါက်တစ်ပါးကို ပွားများခြင်းငှာ မတတ်ကောင်းသောကြောင့် အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဟုမှတ်။

ဋ္ဌ၊ ၃၃၃။

> အထ ဝိပါကာ ဗျာကတံ ကသ္မာ နဂဟိတန္တိ အာသေဝနာ ဘာဝေန၊ ဝိပါကဉှိ ကမ္မဝသေန ဝိပါကဘာဝပတ္တံ ကမ္မ ပရိဏာမိတံ ဟုတွာ ဝတ္တတိ။ နိရုဿာဟံ ဒုဗ္ဗလန္တိ တံ အာသေဝနဂုဏေန အတ္တနောသဘာဝံ ဂါဟာပေတွာ ပရိ ဘာဝေတွာ နေဝ အညံဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ။ န ပုရိမဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပဇ္ဇိတုန္တိ။ကမ္မဝေဂက္ခိတ္တံ ပန ပတိတံဝိယ ဟုတွာ ဥပ္ပဇ္ဇတိတိ သဗ္ဗဿာပိ ဝိပါကေ အာသေဝနံ နတ္ထိတိ။အာသေဝနာဘာဝေန ဝိပါကံ နဂဟိတံ။

အထ၊ အကယ်၍ ပြားသော ဓာတ်ရှိသော တရားတို့သည် ပြားသော ဓာတ်ရှိသောတရားတို့ကို မိမိနှင့် တူသည်၏အဖြစ်ကို ယူစေခြင်းငှာ မစွမ်းနိုင်သည် အဖြစ်ကြောင့် ပြားသော ဓာတ်ရှိသော တရားတို့နှင့်တကွ အကျယ်မပြုခြင်းကို မပြုအပ်သည်ဖြစ်အံ့။ ဝိပါကဗျာ-

http://www.dhammadownload.com



ကတံ၊ ဝိပါက်ဖြစ်၍ ဖြစ်သော အဗျာကတကို။ ကသ္မာ၊အဘယ်ကြောင့်။ ဘဂဝတာ၊သည်။ နဂဟိတံ၊မယူအပ်သနည်း။ ဣတိစေ၊အံ့။ အာသေ-ဝနာဘာဝေန၊အဖန်တလဲလဲ မှီဝဲအပ်သည်၏ အဖြစ်မရှိသောကြောင့်။ ဘဂဝတာ၊သည်။ နာဂဟိတံ၊အပ်။ ဟိ၊ ချဲ့၍ဆိုဦးအံ့။ ဝိပါကံ၊ သည်။ ကမ္မဝသေန၊ ကံ၏အစွမ်းဖြင့်။ ဝါ-ကြောင့်။ ဝိပါကဘာဝတ္တံ၊ဝိပါက်၏ အဖြစ်သို့ရောက်သည် လည်းကောင်း။ ကမ္မပရိဏာမိတံ၊ ကံသည်စီရင်အပ်သည် လည်းကောင်း။ ဟုတွာ၊ဖြစ်၍။ ဝတ္တတိ၊၏။ ဣတိ-တသ္မာ၊ ကြောင့်။ နိရုဿာဟံ၊ အားထုတ်ခြင်းသည် လည်းကောင်း။ ဒုဗ္ဗလံ၊ အားနည်းသည် လည်းကောင်း။ ဟောတိ၊၏။ ဣတိ-တသ္မာ၊ကြောင့်။ အာသေဝနဂုဏေန၊အဖန်တလဲလဲ မှီဝဲခြင်းတည်းဟူသောကျေးဇူးဖြင့်။ ဝါ၊ အဖန်တလဲလဲ မှီဝဲအပ်သည်၏ အဖြစ် ဟူသော ကျေးဇူးဖြင့်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ ကို။ ဂါဟာပေတွာ၊ ယူစေ၍ လည်းကောင်း။ ပရိဘာဝေတွာ၊ အဖန်တလဲလဲ ပွားစေ၍ လည်းကောင်း။ အညံ၊ တစ်ပါးသော။ ဝိပါကံ၊ကို။ ဥပ္ပါဒေတုံ၊ ငှာ။ န သက္ကောတိ၊ မစွမ်းနိုင်သည်သာလျှင်တည်း။ ပုရိမဝိပါကာနုဘာဝံ၊ ရှေးဦးဖြစ်သော ဝိပါက်၏ အစွမ်းဖြင့်။ ဂဟေတွာ၊ယူ၍။ ဥပ္ပဇ္ဇိတုံ၊ ငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။

မန၊ စင်စစ်သော်ကား။ တံ၊ ထိုဝိပါက်စိတ်သည် (တွံ-ကား ပါဠိသေသ)ကမ္မဝေဂက္ခိတ္တံ၊ ကံ၏အဟုန်သည် ပစ်လွှင့်အပ်သည်ဖြစ်၍။ ပတိတဝိယ၊ကျသကဲ့သို့။ ဟုတွာ၊ဖြစ်၍။ ဥပ္ပဇ္ဇတိ၊၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သဗ္ဗထာပိ၊ ပဋိသန္ဓေ ဘဝင်အစရှိသော ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ ဝိပါကေ၊၌။ အာသေဝနံ၊အဖန်တလဲလဲ မှီဝဲခြင်းသည်။ ဝါ၊ အဖန်တလဲလဲ မှီဝဲအပ်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိကမ္မိနာနယေန၊ ဖြင့်။ အာသေဝနာဘာဝေ၊ ကြောင့်။ ဘဂဝတာ၊ သည်။ န ဂဟိတံ၊ မယူအပ်။

အချုပ်အားဖြင့်....

ပုရိမာနိ ဇဝနာ ဟူသောပုဒ်သည် သာမည ဖြစ်သော ဇောကို ဟောသော်လည်း ဤအာသေဝနပစ္စည်း၌ လောကီကုသိုလ်, အကုသိုလ် ကြိယာ ဗျာကတဇော တို့ကိုသာ ယူအပ်၏။ လောကုတ္တရာဇောကို မယူအပ်။

http://www.dhammadownload.com



အကြောင်းကား....

လောကုတ္တရာ ကုသိုလ်ဇောသည် ပြားသောဇာတ် ရှိသော ဖိုလ်ဇော၏ရှေ့၌ ဖြစ်သည်၏ အဖြစ်ကြောင့် ပြားသောဇာတ်ရှိသော ဖိုလ်ဇောကို မိမိ၏ အာသေဝနပစ္စည်းကို မယူစေနိုင် သောကြောင့် အာသေဝနပစ္စည်း မတပ်။

နောက်နောက်၌ဖြစ်သော ဖိုလ်ဇောသည်....

ရှေးရှေး၌ ဖြစ်သော ဇာတ်တူ ဖိုလ်ဇော တို့မှ အာသေဝန ပစ္စည်းကို ရသင့်သော်လည်း ဝိပါက် အဗျာကတ၌ ဆိုအပ်ပြီးသော နည်းဖြင့် ကံကြောင့် ဖြစ်သည်၏ အဖြစ်ကြောင့် ဝိပါက် အဖြစ်သို့ ရောက်သည်ဖြစ်၍ ကံ၏ အဟုန်သည် ပစ်ချအပ်သည် ဖြစ်ရကား အာသေဝနသတ္တိကို မယူနိုင်။ ထို့ကြောင့် လောကုတ္တရာ ဇောသည် အာသေဝနသတ္တိ မတပ်။

ဘုံ အာရုံတို့၏အစွမ်းအားဖြင့် အထူးထူးသော ဇာတ်ရှိသည်၏ အဖြစ်ကို အလိုမရှိအပ်သောကြောင့်....

မဟဂ္ဂုတ် ကုသိုလ်ကြိယာတို့သည် ကာမာဝစရကုသိုလ်ကြိယာ တို့မှ အာသေဝန သတ္တိကို ယူကုန်၏။ ၄ ပါးသော မဂ်တို့သည် ဂေါတြဘူ ဝေါဒါန်တို့မှ အာသေဝနသတ္တိကို ယူကုန်၏။ နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူ ဝေါဒါန်သည်လည်း သင်္ခါရလျှင် အာရုံ ရှိသော အနုလုံမှ အာသေဝနသတ္တိကို ယူကုန်၏။

ထို့ကြောင့် ပါဠိ၊ ၁၅၄။

ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။

ဤ၌....

အနုလုံသည် ဂေါတြဘူ ဝေါဒါန်နှင့် ဘုံအားဖြင့်တူ၏။

ဂေါတြဘူဝေါဒါန်သည် မဂ်နှင့်နိဗ္ဗာန်ကို အာရုံပြုခြင်း တူ၏။

ထို့ကြောင့် ဋ္ဌ၊ ၄၇၃ ၌-

ဘူမိတော ပန အာရမ္မဏတော ဝါ နာနာဇာတိကတ္တံ နာမ နတ္ထိ။ တသ္မာ ကာမာဝစရ ကုသလကြိယာ မဂ္ဂတကုသလ

http://www.dhammadownload.com



ကြိယာနန္တိ၊ သင်္ခါရမ္မဏာဥ္စ အနုလောမံ ကုသလံ နိဗ္ဗာနာ
ရမ္မဏာယ ဂေါတြဘု ကုသလဿ အာသေဝန ပစ္စယော
ဟောတိ ယေဝါတိ အယံ ဘာဝေတ္ထ ပါဠိဝဏ္ဏနာ။
လောကုတ္တရော အာသေဝန ပစ္စယော နာမ နတ္ထီတိ စေ
ဓမ္မေတ္ထ နာနာပကာရတောဇဗော ဝိညာတဗ္ဗော ဝိနိစ္ဆယော။

ပန၊ အုံ။ ဘူမိတော ဝါ၊ ဘုံအားဖြင့်လည်းကောင်း။ အာရမ္မဏတော ဝါ၊ အားဖြင့်လည်းကောင်း။ နာနာဇာတိကတ္တံနာမ၊ ပြားသော ဇာတ်ရှိသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ကာမာဝစရ ကုသလကြိယာ၊ တို့သည်။ မဟဂ္ဂတကုသလကြိယာနမ္ပိ၊ တို့အားလည်း။ အာသေဝနပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

စ၊ ထိုမှတစ်ပါးလည်း။ သင်္ခါရာရမ္မဏံ၊ သင်္ခါရလျှင် အာရုံရှိသော။ အနုလောမကုသလံ၊ အနုလုံ ကိစ္စတပ်သော ကုသိုလ်သည်။ နိဗ္ဗာနာရမ္မဏဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော။ ဂေါတြဘုကုသလဿ၊ ဂေါတြဘုကိစ္စတပ်သော ကုသိုလ်အား။ အာသေဝနပစ္စယော၊ သည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဣတိအယံ၊ ဤသည်ကား။ တတ္ထ၊ ရှေးဦးစွာ။ ဧတ္ထ၊ ဤ အာသေဝနပစ္စယ နိဒ္ဒေသ၌။ ပါဠိ-ဝဏ္ဏနာ၊ တည်း။

လောကုတ္တရော၊ သော။ အာသေဝနပစ္စယော နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ ဣတိစေ၊ ဤသို့။ အယံပန အာသေဝနပစ္စယော၊ စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်။ ဧတ္ထ၊ အာသေဝနပစ္စယနိဒ္ဒေသ၌။ နာနာ-ကာရအောဇတော၊ အားဖြင့်။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

မှာထားချက်။ ။ပုရိမာနိ ဇဝနာနီ-ဟူသော ပုဒ်သည် သာမညဖြစ်သော ဇောကို ဟောသည်ဟု ဆိုအပ်ခဲ့ပြီးသော စကား အားလျော်စွာ သင်္ဂြိုဟ်ကျမ်း အပ္ပနာ ဇောဝါရ၌ ပြအပ်သော....

ဒွတ္တိံသသုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။
သုခိတကြိယတော အဋ္ဌ၊ ဆသမ္ဘောန္တိ ဥပေက္ခကာ။ ။

အရ သော်မနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇော ၂ ခု နှောင်(၃၂)ပါး အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၂ ခု နှောင်(၁၂)ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် ၂ ခု နှောင်(၈)ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၂ ခု နှောင်(၅)ပါးသောအပ္ပနာဇောတို့သည် ဖြစ်ကုန်၏ဟု အရှင်အနုရုဒ္ဓါ ဆိုတော်မူ၏။

ဤစကားအရ....

အာသေဝနပစ္စည်း တပ်သော ဇောဟု မယူမူ၍ သာမညဇော တို့ကို ယူမှ သင့်မည်ထင်၏။

အနုဋီ၊ ၂၃၂ ၌လည်း....

အတ္တ သဒိသ သတာ၀စာ၁ ပါဒနန္တိ ကုသံ ပန ပစ္စယာဘာ၀ ဝိသေသနံ၊ တဥ္စ ဘိန္နဇာတိယတာဒိမေ၀ ဝိသဒိသဿာဘာ၀ေဏ္ဏ နိ၀တ္တေတိ၊ နဲ ဘူမန္တရတာဒိ။ နဲ ဟိ ပရိတ္တာဓမ္မာ မဟဂ္ဂတ အပ္ပမာဏာနံ ဓမ္မာနံ အာသေဝနပစ္စယာ န ဟောန္တိ။ ။

ဟု သင်္ဂဟကျမ်းလာ အားလျော်စွာ အာသေဝန ပစ္စည်းတပ် ကြောင်း ဖွင့်ဆိုထား၏။ ချောင်းဆုံ ဂဏ္ဍိ ဆရာတော်လည်း ၎င်း အနုဋီကျာကို ညွှန်ပြထားပေသည်။

ဆဓ္မာ။ ။အဘိဓမ္မာ ဝါဒန္တရအရာ၌ ကျွမ်းကျင်တော်မူကြပေကုန် သော ဆရာတော် ဘုရားကြီး၏ နယပဒေသကို ခံယူကြ ပါကုန်။

************

http://www.dhammadownload.com



## ကမ္မ-ပစ္စည်း

အတ္တနော အနုရူပံ ဖလံ ကရီယတီတိ ကမ္မံ၊
ကရောတိ ပဝတ္တတီတိ ကမ္မံ။ (ကရ-ဓာတ်၊ ရမ္မ-ပစ္စည်း။)

ကရ-ဓာတ်၏ အရကား သဟဇာတ စေတနာ၏ ဟေတု အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤကိုးပစ္စယ သတ္တိ ရ၏။ နာနာက္ခဏိက စေတနာ၏ ဥပနိဿယ အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ဤ ၅-ပစ္စယ သတ္တိ ရ၏။

ရမ္မ-ပစ္စည်းအရကား ထိုသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ရ၏။

ဤ၌ ကံ ဟူသည်....

စေ့ဆော်စီရင်တတ်သော စေတနာတည်း။ ငါကား ဤ မည်သည့် အမှုကို ပြုအံ့။ မည်သည့် စကားကို ဆိုအံ့။ မည်သည့် အကြံကို ကြံအံ့ ဟု ရှေ့၌ စေ့ဆော်ပြီးမှ ကိုယ်အပြု, နှုတ်အပြု, စိတ်အပြုကို ပြုသည်။

ထို့ကြောင့်....

စေတနာ ရှေးရှိသော ကံ အပြု အမူ အလုပ် ဟူသမျှသည် စေတနာသဘောသာလျှင်ဖြစ်၍ စေ့ဆော်ခြင်းစေတနာကို စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိဟု ဟောတော်မူသည်။

ဓမ္မသင်္ဂဏီ မူလဋီ၊ ၇၇။

ယသ္မာ ပုရိမ စေတနာယ စေတယိတွာ သန္နိဋ္ဌာနကမ္မံ ကရောတိ။ တသ္မာ စေတနာ ပုဗ္ဗကံ ကမ္မံ တံ သဘာဝ မေဝါတိ စေတနံ အဟံ ကမ္မံ ဝဒါမိတိ အဝေါစ။

တသ္မာ၊ အကြင်ကြောင့်။ ပုရိမ စေတနာယ၊ ရှေ့စေတနာဖြင့်။ စေတယိတွာ၊ စေ့ဆော်၍။ သန္နိဋ္ဌာန ကမ္မံ၊ မှတ်အပ်သော ကံအမှုကို။ ကရောတိ၊ ပြု၏။ တသ္မာ၊ ထို့ကြောင့်။ စေတနာ ပုဗ္ဗကံ၊ စေတနာ ရှေးရှိသော။ ကမ္မံ၊ ကံသည်။ ဝါ၊ အမှုသည်။ တံ-စေတနာ သဘာဝ

http://www.dhammadownload.com



မေဝ၊ ထိုစေ့ဆော်တတ်သော စေတနာသဘော ရှိသည်သာတည်း။ ဣတိ-ကသ္မာ၊ ထို့ကြောင့်။ စေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဣတိအယံ၊ ဤသည် လျှင်။ အဓိပ္ပါယော၊ အနက်တည်း။

ထိုကံသည်....

သဟဇာတကံ နာနာက္ခဏိက ကံဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်....

မိမိနှင့်တကွ ဖြစ်ကုန်သော ပဋိသန္ဓေ အခါ၌ ကဋတ္တာ ရုပ်တို့ အားလည်းကောင်း၊ ပဝတ္တိအခါ၌ စိတ္တဇရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေ ပဝတ္တိအခါ နှစ်ပါးတို့၌ ၄ ပါးသော နာမက္ခန္ဓာတို့အား လည်းကောင်း ကျေးဇူး ပြုတတ်သော စေတနာသည် သဟဇာတ ကမ္မ မည်၏။

မဏိမဉ္ဇူ ဋီ၊ ဒု၊ ၃၉၄။

> သဟဇာတာနန္တိ မဟာနာ သဟုပ္ပန္နာနံ ပဋိသန္ဓိယံ ကဋတ္တာ ရူပါနံ ပဝတ္တိယံ စိတ္တသမုဋ္ဌာနာနီ ရူပါနံ၊ ဥဘယတ္ထစ စတုက္ခန္ဓနာမာနံ။

အကြင်ခဏ၌ ကုသိုလ်၊ အကုသိုလ် စေတနာသည်ဖြစ်၏။ ဤသို့ ဖြစ်ပြီးသည်မှ တစ်ပါးသောခဏ၌ ဖြစ်ကုန်သော ကဋတ္တာရုပ်တို့အား လည်းကောင်း၊ ဝိပါက်တို့အား လည်းကောင်း၊ ဝိပါက်-ကဋတ္တာ ရုပ် တို့အား လည်းကောင်း ကျေးဇူးပြုသောစေတနာသည် နာနာက္ခဏိက ကမ္မမည်၏။

မဏိမဉ္ဇူ ဋီ၊ ဒု၊ ၃၉၄။

> နာနာက္ခဏိကာနန္တိ ယသ္မိံ ခဏေ ကုသလာကုသလစေတနာ ဥပ္ပန္နာ၊ တတော အညသ္မိံ ခဏေ ဥပ္ပန္နာနံ ကဋတ္တာရူပါနံ ဝိပါကာနံ ဝိပါကကဋတ္တာရူပါနဉ္စ။

ဤ၌ တစ်ပါးသော ခဏ ဟူသည်....

များစွာသော ကမ္ဘာကုဋေတို့၏ အထက်၌လည်း မိမိ၏အကျိုးကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သောအဖြစ်ကို အဋ္ဌကထာဆရာ ပြတော်မူ၏။

http://www.dhammadownload.com



ဋီ၊ ၃၇၄။

> အနေကာန်မှိ ကပ္ပကောဋီနံ မတ္တကေ အတ္တနော ဖလံ ဥပ္ပါ-
> ဒေတုံ သမတ္ထန၊ နာနာက္ခဏိက ကမ္မပစ္စယေနာတိ အတ္ထော။

သဟဇာတ စေတနာ နာနာက္ခဏိက စေတနာတို့တွင်....

သဟဇာတ စေတနာ အရ ကုသိုလ်စေတနာ, အကုသိုလ် စေတနာ, ဝိပါက စေတနာ တို့ကိုယူ။

နာနာက္ခဏိက စေတနာ အရ ကုသိုလ်စေတနာ, အကုသိုလ် စေတနာ ၂ ပါးကို ယူလေ။

မဏိမဉ္ဇူ၊ ဋီ၊ ၃၉၄။

> စေတနာတိသဟဇာတ နာနာက္ခဏိကဝသေန ဒုဝိဓာစေတနာ၊
> တတ္ထ သဟဇာတစေတနာ ကုသလာ ကုသလ ဝိပါကကြိယ-
> ဝသေန စတုဗ္ဗိဓာ။
> နာနာက္ခဏိကာ ကုသလာကုသလဝသေန ဒုဝိဓာ။

ထိုတရား ၂ ပါးတို့၏ အားထုတ်ခြင်း ပယောဂ ဟူသည်....

စိတ်၏ အားထုတ်ခြင်းဟု ဆိုအပ်သော အမှုအရာ၏ အဖြစ်ဖြင့် သဟဇာတ်တရားတို့အား ကျေးဇူးပြုခြင်း။

စိတ်၏ အားထုတ်ခြင်းဟု ဆိုအပ်သော အမှုအရာ၏ အဖြစ်ဖြင့် နာနာက္ခဏိက ဖြစ်ကုန်သော ဝိပါက်တို့အား လည်းကောင်း၊ ကဋတ္တာ ရုပ်တို့အား လည်းကောင်း ကျေးဇူးပြုခြင်းစေတနာသည်ပင် ပယောဂ မည်၏။

ဤပစ္စည်း၌....

လောကီ ကုသိုလ်, အကုသိုလ် စေတနာသည် လောကီဝိပါက် နာမက္ခန္ဓာအားကျေးဇူးပြုသောအခါ ပကတူပနိဿယ နာနာက္ခဏိက ကမ္မ ၂ ပစ္စည်း။

ကမ္မဇရုပ်တို့အားကျေးဇူးပြုသောအခါ နာနာက္ခဏိကကမ္မသာ၊ နာနာက္ခဏိကနှင့် ပကတူပနိဿယ။

http://www.dhammadownload.com



နာနာက္ခဏိကကမ္မနှင့်ရောသော ပကတူပနိဿယကား ဇနက အကြောင်း။

နာနာက္ခဏိကကမ္မနှင့်မရောသောပကတူပနိဿယကား ဥပတ္ထမ္ဘက အကြောင်းဟူ၍လည်း သိမှတ်ကြပါလေ။

သို့သော်လည်း....

ဇနက ဥပတ္ထမ္ဘကစသည်ဖြင့် ကံ ကို ဝေဖန်ခြင်းသည် ဝိတဏ္ဍါ အဋ္ဌကထာလာ သုတ္တန်နည်းဟူ၍ မှတ်ကြပါကုန် အရှင်လောင်းတို့။

ဋီကာကျော်၊ ၂၄၄။

စိတ္တုပ္ပါဒယောဂသန်ါတကြိယဘာဝေန သဟဇာတာနံ နာနာက္ခဏိကာနံ ဝိပါကာနံ ကဋတ္တာရူပါနဉ္စ ဥပကာရိကာ စေတနာ ကမ္မပစ္စယော။

စိတ္တုပ္ပါဒယောဂသန်ါတကြိယဘာဝေန၊ စိတ်၏ အားထုတ်ခြင်းဟူ ဆိုအပ်သော ဗျာပါရအဖြစ်ဖြင့်။ သဟဇာတာနဉ္စ၊ သဟဇာတ် တရားတို့ အားလည်းကောင်း။ နာနာက္ခဏိကာနံ၊ အထူးထူးသော ခဏနှင့် ယှဉ် ကုန်သော။ ဝိပါကာနဉ္စ၊ ဝိပါက်တို့အား လည်းကောင်း။ ကဋတ္တာ- ရူပါနဉ္စ၊ ကဋတ္တာရုပ်တို့အားလည်းကောင်း။ ဥပကာရကာ၊ ကျေးဇူး ပြုတတ်သော။ စေတနာ၊ သည်။ ကမ္မပစ္စယော၊ ကမ္မပစ္စည်းမည်၏။

ဋီ၊ ၃၄၉ ၌လည်း....

စိတ္တပ္ပယောဂသင်္ခါတေန ကိရိယာဘာဝေန ဥပကာရကော ဓမ္မော ကမ္မပစ္စယော။

သော နာနာက္ခဏိကာယံစေ ကုသလာကုသလစေတနာယ သဟဇာတာယစ သဗ္ဗာယပိ စေတနာယ ဝသေန ဒုဝိဓော ဟောတိ။ ယထာဟ ကုသလာကုသလံကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော တိ။

အဓိပ္ပါယ်ကား စိတ်၏အားထုတ်ခြင်း ဗျာပါရသတ္တိ အမှုအရာ သည် ပယောဂတည်း။

ထို ပယောဂ သည်ပင် စေတနာမည်၏။

http://www.dhammadownload.com



အတယ်သို့နည်း ဟူမူ....

ကာယပယောဂ စေတိပယောဂသည် ကာယစိညတ် ဝစီဝိညတ် မည်သကဲ့သို့ ထို့အတူ စိတ္တပယောဂသည် စေတနာမည်၏ ဟူလို။

ထို့ကြောင့် မူလဋီ၊ ၁၇၂ ၌။

စိတ္တပယောဂေါ စိတ္တကိရိယာ၊ အာယူဟနန္တိ အတ္ထော။ ယထာဟိ ကာယဝစီပယောဂေါ ဝိညတ္တိ၊ ဧဝံ စိတ္တပယောဂေါ စေတနာ- ဟူ၍မိန့်၏။

မှတ်သားချက်။ ။နာနာက္ခဏိက ကမ္မပစ္စည်း၌....

(က) ဝိပါက်စိတ်ဆတ္တိံသအား တပ်သော ဗလဝနာနာက္ခဏိက စေတနာသည် အားကြီးသော အကြောင်းဖြင့် ကျေးဇူးပြုသောကြောင့် ပကတူပနိဿယ ကမ္မ ဖြစ်၏။

(ခ) မဂ္ဂါနန္တရ ဖိုလ်လေးခုအားတပ်သော မဂ်လေးခုစေတနာသည် အခြားမရှိမူ၍ ကျေးဇူးပြုသောကြောင့် အနန္တရူပနိဿယ ကမ္မ ဖြစ်၏။

(ဂ) ကဋတ္တာရုပ်အားတပ်သော ဗလဝ ဒုဗ္ဗလကမ္မ ကာမဝိပါက် တေဝီသအားတပ်သောဒုဗ္ဗလစေတနာသည် နာနာက္ခဏိက ကမ္မ ဖြစ်၏ ဟုမှတ်။

မှတ်ချက်။ ။ဤ နာနာက္ခဏိက ကမ္မ ပစ္စည်း၌ အတိတ် ဖြစ်သော ကုသိုလ် အကုသိုလ် ၃၃ ခု ဆိုရာဝယ် ပဋိသန္ဓိအကျိုးသာ ပေးစွမ်းနိုင်သော ဥဒ္ဓစ္စစေတနာနှင့် တကွ ကိုရည်၍ စေတနာ ၃၃ ဟု ဆိုသည်။

ပဋိသန္ဓေအကျိုးကို ရည်လျှင် ဥဒ္ဓစ္စစေတနာကြဉ်၍ စေတနာ ၃၂ ပါးကိုသာ ယူရမည်ဟု မှတ်။

ထို့ကြောင့် သမ္မော ဋ္ဌ၊ ၃၀၉။

ယတ္ထာစ အာဟိညာ စေတနာ၊ ဧဝံ ဥဒ္ဓစ္စစေတနာပိ န ဟောတိ။

http://www.dhammadownload.com



ဝိဘင်္ဂ အနုဋီ၊ ၁၀၂။

ကုသလံ ပနေတ္ထ သန္နိဋ္ဌာနာ ယည္ဟာ ဥဒ္ဓစ္စစေတနာ ပဝတ္တိ ဝိပါကမေဝ ဒေတိ၊ န ပဋိသန္ဓိ ဝိပါကံ၊ တသ္မာ တဿာ ပဝတ္တိ ဝိပါကဿ ဝသေန ဝိဘင်္ဂေ ဝိပါကော ဥဒ္ဓဋော။ ဥဘယ ဝိပါက ဒါယိကာယ ပန စေတနာယ နာနာက္ခဏိက ကမ္မ ပစ္စယော ဝုတ္တတိတိ တံဒဘာဝတော ပဋ္ဌာနေ တဿာ သော န ဝုတ္တော။ ယံ ပန အဋ္ဌကထာယံ ဝိညာဏဿ ပစ္စယ ဘာဝေ အပ နေကဗ္ဗာတိ ဝုတ္တံ၊ တံ ပဋိသန္ဓိ ဝိညာဏမေဝ သန္ဓာယ ဝုတ္တံ။

ဧဝံ ဥဒ္ဓစ္စ စေတနာပိ နံ့ ဟောတီတိ ကုသမ္ပိ ဝိညာဏဿ ပစ္စယဘာဝ မတ္တံ ဂဟေတွာ ဝုတ္တံ။

ဤ ဝိဘင်္ဂ အဋ္ဌကထာ အနုဋီတို့ အလို- ဗုဒ္ဓလ ကမ္မဥဒ္ဓစ္စ၏ ပဝတ္တိ အကျိုးကိုသာ ယူရမည်တဲ့။

ပဋိစ္စသမုပ္ပါဒ ဝိဘင်္ဂ မူလဋီကာ၊ ၆၅ ၌ကား...

ယထာဝုတ္တ အဘိညာ စေတနာ ဧဝံ ဥဒ္ဓစ္စ စေတနာပိ န ဟောတီတိ ကုသံ ဥဒ္ဓစ္စသဟဂတော ဓမ္မေ ဝိသုံ ဥဒ္ဓဋပရိတ္တွာ တေသံ ဝိပါကေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါ တိ ဝုတ္တတ္တာ ဝိဓာရေတဗ္ဗံ။

ဟု ပဝတ္တိ ပဋိသန္ဓေ ၂ ပါးသောအကျိုးကိုရည်၍ ဗလဝ ကမ္မ ဥဒ္ဓစ္စ စေတနာနှင့်တကွ စေတနာ ၃၃ ပါးကို ယူသင့်ကြောင်း။ ဥဒ္ဓစ္စ- စေတနာသည် ပဋိသန္ဓေကို ပေးသင့်ကြောင်း ဖွင့်ပြသေး၏။

အဆုံး။ ။ဤ၌ အဋ္ဌကထာ နှင့် မူလဋီကာ ဆရာတို့ ဝါဒ မတူကြ။ ခက်ခဲသော အရာဌာနဖြစ်၍ သုတာဂဝေသီ တို့ သိရှိမှုသာ ဖော်ပြနိုင်ပေသည်။

ဇစ္စယုတ္တနိ တရား၌

စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် ဟု ဆိုရာ၌ စိတ္တဇရုပ်တို့သည် သဟဇာတကမ္မတည်း။ ဝါ၊

http://www.dhammadownload.com



ကောက္ခဏိကတည်း။ ပဋိသန္ဓေ ကမ္မဇရုပ်, အသည်းသတ် ကမ္မဇရုပ်တို့သည် နာနာက္ခဏိက ကမ္မတည်း။

ထို့ကြောင့် ဋီ၊ ၄၁၅။

စိတ္တသမုဋ္ဌာနာနံ ပန ဧကက္ခဏိကော။ ကဋတ္တာ ရူပါနံ နာနာက္ခဏိကော တထာ အသညသတ္တရူပါနံ။

## ကဋတ္တာရုပ် ဆိုသည်

ကေန္တအား ဖြင့် ကံသည်ဖြစ်စေအပ်သောကြောင့် ရုပ်ဇီဝိတ်ဒွေ တည်း။ ကြွင်းသော ရုပ်တို့သည် အနေကန္တအားဖြင့် ကံသည် ဖြစ်စေ အပ်သောကြောင့် ဥပါဒါရုပတည်း။ ထိုသို့ဖင် ဖြစ်သော်လည်း ဤကမ္မပစ္စည်း၌ ကံကြောင့်ဖြစ်သည် ဟူ၍သာလျှင် အလိုရှိအပ်၏။

ဋီ၊ ၄၁၅။

ကဋတ္တာရုပံ ပနေတ္ထ ဇီဝိတိန္ဒြိယံ။ သေသံ န ကေန္တတော ကမ္မသမုဋ္ဌာနတ္တာ ဥပါဒါရူပန္တိ ဝုတ္တံ။ ဧဝံ သန္တေပိ တ္ထစ ကမ္မသမုဋ္ဌာနံမေဝ အဓိပ္ပေတံ။ ။

***********

## ဝိပါက ပစ္စည်း

ဝိပစ္စနဘာဝေတိ ဝိပါကော။ အညမည ဝိရုဒ္ဓါနံ ကုသလာ ကုသလာနံ ပါကာတိ ဝိပါကော။ ဝိ-ပုဗ္ဗ-ပစ+ဓာတ်၊ ဏပ္ပ၊ ပစ္စည်း။ ဝိ-သဒ္ဒါ-ဝိဝါဓေါ-ပုဒ်ကဲ့သို့ နိရုဒ္ဓ-ဝါစက။

ပစ-ဓာတ်၏ အရကား ဝိပါက် တို့၏ (ဝိပါကကြဉ်သော) သဟဇာတမျိုး၁၄....ပစ္စယ သတ္တိ ရ၏။

ဤပစ္စည်းအရကား ထို (၁၄) ပစ္စယ သတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ရ၏။ ဝိပါကပစ္စည်း ဆိုသည်....

http://www.dhammadownload.com



မိမိက အားထုတ်ခြင်း ဗျာပါရ မရှိ။ ငြိမ်သက်သောအဖြစ်ဖြင့် သဟဇာတ ဖြစ်သော နာမ် ရုပ် တရားတို့အား ဝါ- ဝိပါက်စိတ်- ဆတ္တိံသ၊ စေတသိက်- အဋ္ဌတိံသ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တရားတို့အား အားထုတ်ခြင်း ဗျာပါရ မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းအကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်စိတ် စေတသိက် တို့သည် ဝိပါက ပစ္စည်း မည်၏။

ထို့ကြောင့် ဋီကာကျော်- ၂၄၄။

အတ္တနော နိရုဿာဟ သန္တဘာဝေန သဟဇာတ နာမ ရူပါနံ နိရုဿာဟ သန္တဘာဝါယ ဥပကာရကာ ဝိပါက စိတ္တ စေတသိကာ ဝိပါကပစ္စယော။

အတ္တနော၊ မိမိ၏။ နိရုဿာဟ သန္တဘာဝေန၊ အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့်။ သဟဇာတ နာမရူပါနံ၊ သဟဇာတ်ဖြစ်ကုန်သော နာမ် ရုပ် တရားတို့အား။ နိရုဿာဟ သန္တဘာဝါယ၊ အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းငှာ။ ဥပကာရကာ၊ ကုန်သော။ ဝိပါက စိတ္တ စေတသိကာ၊ ဝိပါက် ဖြစ်ကုန်သော စိတ် စေတသိက်တို့သည်။ ဝိပါက ပစ္စယော၊ မည်၏။

အထွက်ပါ ဋီကာကျော်လာ နိရုဿာဟ သန္တသဘာဝ ဟူသော ပုဒ်ကို....

မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၃၉၅-၌....

နိရုဿာဟ သန္တဘာဝေနာတိ ဥဿာဟာနံ ဥဿာဟော နတ္ထိ ဥဿာဟော ဧတဿာတိ နိရုဿာဟော၊ သော ဧဝ သန္တဘာဝေါ။လ။ ဧတေန သဥဿာဟောဟိ ဝိပါက ဓမ္မ ဓမ္မေဟိ ကုသလာ ကုသလေဟိ သာရမ္ဘဏာဝိဘာဝေန သဒိသ ဝိပါက- ဘာဝံ ဒဿေတိ။

နိရုဿာဟ သန္တဘာဝါယာတိ နိရုဿာဟ သန္တဘာဝတ္ထာယ၊ ဧတေန တပ္ပစ္စယ ဝတံ အဝိပါကာနမ္ပိ ရူပဓမ္မာနံ ဝိပါကာနုကူလံ ပဝတ္တိံ ဒဿေတိ။

http://www.dhammadownload.com



နိရုဿာဟ ဘန္တာဘာဝေနာတိ၊ ဟူသည်ကား။ ဥဿာဟာနံ၊ အားထုတ်ခြင်း။ ဥဿာဟော၊ အားထုတ်ခြင်း။ တေသ၊ ထိုငြိမ်သက်သည်၏ အဖြစ်အား။ ဝါ၊ ဝိပါက်အား။ ဥဿာဟော၊ အားထုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နိရုဿာဟော၊ မည်၏။ သောဝေ၊ ထိုအားထုတ်ခြင်း မရှိသည်သာလျှင်ဖြစ်သော။ သန္တဘာဝေါ၊ ငြိမ်သက်အေးချမ်းသည်၏ အဖြစ်သည်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နိရုဿာဟသန္တဘာဝေါ၊ မည်၏။

တေန၊ ဤ နိရုဿာဟသန္တဘာဝေန ဟူသောပုဒ်ဖြင့်။ သဥဿာဟေဟိ၊ သဥဿာဟ ဖြစ်ကုန်သော။ ဝိပါက ဓမ္မဓမ္မေဟိ၊ ဝိပါကဓမ္မ ဓမ္မ ဖြစ်ကုန်သော။ ကုသလာကုသလေဟိ၊ ကုသိုလ် အကုသိုလ်တို့နှင့်။ သာရမ္မဏာဒိဘာဝေန၊ သာရမ္မဏအဖြစ်ဖြင့်။ သဒိသဝိပါကဘာဝံ၊ တူသော ဝိပါကဘာဝ၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

နိရုဿာဟ သန္တဘာဝါယာတိ၊ ဟူသည်ကား။ နိရုဿာဟ သန္တဘာဝတ္တာယ၊ အားထုတ်ခြင်းမရှိသည်သာလျှင်ဖြစ်သော ငြိမ်သက်ချမ်းအေးသည်အဖြစ်အလို့ငှာ။ တေန၊ ဤနိရုဿာဟ သန္တဘာဝါယ ဟူသောပုဒ်ဖြင့်။ တပ္ပစ္စယတော်၊ ထိုဝိပါက်လျှင်အကြောင်းရှိသော။ အဝိပါကနမ္ပိ၊ အဝိပါကဖြစ်ကုန်သော။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ဝိပါကာနုရူပံ၊ ဝိပါက်အားလျော်စွာ။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဒဿေတိ၊ ပြ၏။

ဤသို့ ဝိပါကပစ္စည်း၌ အားထုတ်ခြင်းကင်းသော ငြိမ်သက်သောအဖြစ်ဖြင့် အားထုတ်ခြင်းကင်းသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းငှာ ကျေးဇူးပြုတတ်သောတရားသည် ဝိပါကပစ္စည်းမည်၏။

ထိုဝိပါကပစ္စည်းသည်....

ပဝတ္တိ အခါ၌ ဝိပါက်စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော ရုပ်တို့အားလည်းကောင်း။

ပဋိသန္ဓေအခါ၌ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။

ပဝတ္တိ ပဋိသန္ဓေတို့၌ သမ္ပယုတ်တရားတို့အား လည်းကောင်း ဝိပါက ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကိုလည်း....

http://www.dhammadownload.com



ဋ္ဌ၊ ၃၄၉။

နိရုဿာဟာသန္တဘာဝေန နိရုဿာဟသန္တဘာဝေါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော။ သော ပဝတ္တေ စိတ္တသမုဋ္ဌာနံ ပဋိသန္ဓိယံ ကဋတ္တာစရူပါနံ သမ္ပယုတ္တ-ဓမ္မာနံ ဝိပါကပစ္စယော ဟောတိ။ ယထာဟဝိပါကဗျာကတော ။လ။ ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေနပစ္စယော။

အထူးမှာထားချက်။

ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ အစရှိသော စိတ္တာဘိ-သင်္ခါရ ပယောဂသည် ကုသိုလ် အကုသိုလ်တို့ကို ပြီးစေသကဲ့သို့ ဤခွဲ ဝိပါက်နာမက္ခန္ဓာတို့ကို စိတ္တာဘိသင်္ခါရသည် မပြီးစေနိုင်။

ထို့ကြောင့် နိရုဿာဟာသန္တသဘာဝ အဖြစ်ဖြင့် နိရုဿာဟာ-သန္တ သဘာဝအကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်စိတ် စေတသိက် တရားတို့သည်သာလျှင် ဝိပါကပစ္စည်းမည်၏ဟု မှတ်ကြရမည်။

ထို စိတ်စေတသိက်တရားတို့သည်....

၁။ သဉဿာဟ အသန္တသဘာဝ၊

၂။ သဉဿာဟ သန္တသဘာဝ၊

၃။ နိရုဿာဟ သန္တသဘာဝ၊

၄။ နိရုဿာဟ အသန္တသဘာဝ၊ စိတ်စေတသိက်အားဖြင့် လေးပါး အပြားရှိ၏။

ထိုလေးပါးတို့တွင်....

၁။ အကုသိုလ်စိတ် စေတသိက်တရားတို့သည် သဉဿာဟ အသန္တသဘာဝတရားတို့ မည်ကုန်၏။

၂။ ကုသိုလ်စိတ် စေတသိက်တရားတို့သည် သဉဿာဟ သန္တ သဘာဝတရားတို့မည်ကုန်၏။

၃။ အာဝဇ္ဇန်းဖွဲ့ ဝိပါက်စိတ် စေတသိက်တရားတို့သည် နိရု-ဿာဟ သန္တ သဘာဝတရားတို့ မည်ကုန်၏။

http://www.dhammadownload.com



၄။ အာဝဇ္ဇန်းဒွေမှ ကြွင်းကုန်သော ကြိယာစိတ် စေတသိက်တို့သည် ဝိပါက်ကိုဖြစ်စေခြင်း၊ ဗျာပါဒမှ ကင်းသည်၏အဖြစ်ကြောင့် နိရုဿာဟ အသန္တသဘာဝတရားတို့ မည်ကုန်၏။

မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၃၉၆။

စိတ္တစေတသိကာ စတုဗ္ဗိဓာ သဟုဿာဟ အသန္တသဘာဝါ၊ သဟုဿာဟ သန္တသဘာဝါ၊ နိရုဿာဟ သန္တသဘာဝါ၊ နိရုဿာဟ အသန္တသဘာဝါ စာတိ။

တတ္ထ အကုသလာ စိတ္တစေတသိကာ သဥဿာဟ အသန္တသဘာဝါ ဟောန္တိ။ ကုသလာ သဥဿာဟ သန္တသဘာဝါ၊ အာဝဇ္ဇနဒွယဝိပါကာ နိရုဿာဟ သန္တသဘာဝါ၊ အဝသိဋ္ဌကြိယာမန ဝိကုပ္ပာဒေန ဗျာပါဒရဟိတာ နိရုဿာဟ သန္တသဘာဝါစ ဟောန္တိ။ ကြိယာမယ စိတ္တုပ္ပါဒတောယ သဥဿာဟသန္တသဘာဝါစ ဟောန္တိ။

ဤသို့ အားထုတ်ခြင်းမရှိသော ငြိမ်သက်သည်အဖြစ်ဖြင့် သဟဇာတ် ဖြစ်သော နာမ်ရုပ်တရားတို့အား အားထုတ်ခြင်း မရှိသော ငြိမ်သက်သည်၏အဖြစ် အကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက ပစ္စည်း၌ ချမ်းအေးသောလေသည် ချမ်းအေးသောအရိပ်၌ အိပ်နေသောသူ အား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ ဝိပါက်စိတ် ဆတ္တိံသ စေတသိက်အဋ္ဌတ္တိံသ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့သည် ထယာရဟာပြု အပ်သော ဝိညတ်ဒွေ ကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤ ပစ္စယုပ္ပန်တရားတို့အား ဝိပါကပစ္စယ သတ္တိဟု ဆိုအပ်သော အကျိုး၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်၏။

ဤဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရား၌-

ဝိညတ်ဒွေကိုကြဉ်သည်ကား ဝိပါက်စိတ်တို့သည် ဝိညတ်ဒွေကို မဖြစ်စေနိုင်သောကြောင့် ကြဉ်ရသည်။

သင်္ဂဟ။ ။ဝေါဋ္ဌဗ္ဗနံ ကာမာဝစရဇဝနာဘိညာပန ဝိညတ္တိံပိ သမုဋ္ဌာပေန္တိ ။

http://www.dhammadownload.com



ဓိပ္ပာယ်ဆိုသည်....

ရှေ့သို့တက်အံ့၊ နောက်သို့ဆုတ်အံ့၊ ဤသို့ စသည်ဖြင့် ဖြစ်သော စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေ၏။ ထိုစိတ္တဇရုပ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်၊ ထိုဓာတ်လေးပါးကိုမှီ၍ဖြစ်သော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ အားဖြင့် ရှစ်ပါးရှိ၏။ ထိုရုပ်ကလာပ် အတွင်း၌ စိတ်လျှင် ဖြစ်ကြောင်းရှိသော ဝါ-စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည် ရှိ၏။ ထိုဝါယောဓာတ်သည် မိမိနှင့်တကွသော ရူပကာယကို ခိုင်စေ၏၊ လှုပ်ရှားစေ၏။ ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း စသည်တို့ကို ဖြစ်စေတတ်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၂၄။

တတ္ထ ယာ ပဏဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု တန္နိဿိတော ဝဏ္ဏော ဂန္ဓော ဩဇာတိ ဣမေသံ အဋ္ဌန္နံ ရူပကလာပါနံ အဗ္ဘန္တရေ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု၊ သာ အတ္တနာသဟဇာတံ ရူပကာယံ သန္ထမ္ဘေတိ သန္ဓာရေတိ စာလေတိ အဘိက္ကမာပေတိ ပဋိက္ကမာပေတိ။

ဤသို့ ဖြစ်သောအခါ တစ်ခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ ပထမဇောအစ အဋ္ဌမဇော အဆုံး ရှိသော ဇောစိတ်တို့ကြောင့် ဖြစ်သော ဝါယောဓာတ်သည် သန္ထမ္ဘန စသည်ကိုသာ ဖြစ်စေ၏။ စလန စသည်တို့ဖြစ်စေခြင်းငှာ မစွမ်းနိုင်။ သတ္တမဇောဖြစ်သော ဝါယော ဓာတ်သည်သာလျှင် အောက်ဖြစ်သော ခြောက်ပါးသော ဇောတို့ ကြောင့် ဖြစ်သော ဝါယောဓာတ်၏ အထောက်အပံ့ ဖြစ်သော အကြောင်းကိုရ၍ မိမိနှင့်တကွဖြစ်သော ရူပကာယကို ခိုင်စေခြင်းငှာ လည်းကောင်း၊ ကွေးစေခြင်း, ဆန့်စေခြင်းငှာ လည်းကောင်း စွမ်း နိုင်၏။

အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၂၄။

တတ္ထ ကောဝဇ္ဇန ဝီထိယံ သတ္တသု ဇဝနေသု ပဌမစိတ္တ သမုဋ္ဌိတာ ဝါယောဓာတု အတ္တနာ သဟဇာတံ ရူပကာယံ သန္ထမ္ဘေတုံ သန္ဓာရေတုံ သက္ကောတိ။ အပရာပရံ ပန စာ

http://www.dhammadownload.com



လေတုံ နသက္ကောတိ၊ ဒုတိယဓိသုပိ ဧသေဝ နယော။
သတ္တမစိတ္တေန ပန သမုဋ္ဌိတာ ဝါယောဓာတု ဟေဋ္ဌာ ဆဟိ
စိတ္တေဟိ သမုဋ္ဌိတံ ဝါယောဓာတုံ ဥပတ္ထမ္ဘနပစ္စယံ လဘိတွာ
အတ္တနာ သဟဇာတံ ရူပကာယံသန္ထမ္ဘေတုံ သန္ဓာရေတုံ စာ-
လေတုံ အတိက္ကမာပေတုံ ပဋိက္ကမာပေတုံ အာလောကာပေတုံ
ဝိလောကာပေတုံ သမိဉ္ဇာပေတုံ ပသာရာပေတုံ သက္ကောတိ။

တတ္ထ-တာသုစိတ္တသမုဋ္ဌိတာဝါယောဓာတူသု၊ ထို့တွင်။ ဧကာ-
ဝဇ္ဇနဝီထိယံ၊ တစ်ခုသော အာဝဇ္ဇန်းရှိသော မနောဒွါရ ဝီထိ၌။
သတ္တသု၊ ကုန်သော။ ဇဝနေသု၊ တို့တွင်။ ပဌမ စိတ္တသမုဋ္ဌိတာ၊ ပထမ
ဇောစိတ်ကြောင့်ဖြစ်သော။ ဝါယောဓာတု၊ သည်။ အတ္တနာ၊ မိမိနှင့်။
သဟဇာတံ၊ သော။ ရူပကာယံ၊ ကို။ သန္ထမ္ဘေတုံ၊ ငှာ။ သန္ဓာရေတုံ၊
ငှာ။ သက္ကောတိ၊ နိုင်၏။

ပန၊ ဗျတိရိက်ကို ဆိုဦးအံ့။ အပရာပရံ၊ ထိုမှ ဤမှ။ စာလေတုံ၊
လှုပ်ရှားစေခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။ ဒုတိယဒိသုပိ၊ စသည်
တို့၌လည်း။ ဧသေဝနယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ ပန၊
အထူးကို ဆိုဦးအံ့။ သတ္တမစိတ္တေန၊ ကြောင့်။ သမုဋ္ဌိတာ၊ သော။
ဝါယောဓာတု၊ သည်။ ဟေဋ္ဌာ၊ အောက်၌။ ဆ-ဟိစိတ္တေဟိ၊ တို့
ကြောင့်။ သမုဋ္ဌိတံ၊ သော။ ဝါယောဓာတုံ၊ ကို။ ဥပထမ္ဘနပစ္စယ၊
အထောက်အပံ့ဖြစ်သောအကြောင်းကို။ လဘိတွာ၊ ရ၍။ အတ္တနာ၊ မိမိ
နှင့်။ သဟဇာတံ၊ သော။ ရူပကာယံ၊ ကို။ သန္ထမ္ဘေတုံ သန္ဓာရေတုံ
စာလေတုံ အတိက္ကမာပေတုံ ပဋိက္ကမာပေတုံ အာလောကာပေတုံ
ဝိလောကာပေတုံ သမိဉ္ဇာပေတုံ သမ္ပသာရေတုံ၊ ငှာ။ သက္ကောတိ၊
စွမ်းနိုင်၏။

ထိုသို့ ကွေးခြင်း ဆန့်ခြင်း အစရှိသည်ကို ဖြစ်စေတတ်သော
ကြောင့် သွားလာခြင်းသည် ဖြစ်၏။ ဤသို့ စလန စသော လှုပ်ရှား
ခြင်း, သွားလာခြင်းကို ဖြစ်စေတတ်သော ဝါယောဓာတ်သည်လည်း
ဝိညတ် မဟုတ်ပေ။

စင်စစ်သော်ကား စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်၏
တစ်ခုသော ဖောက်ပြန်သောအခြင်းအရာသည် ရှိ၏။ ထိုအခြင်းအရာ
ဝိကာရသည် အလိုကိုသိစေတတ်သောကြောင့် ဝိညတ်မည်၏။

http://www.dhammadownload.com



ထို့ကြောင့် အဋ္ဌသာလိနီ၊ ဌ၊ ၁၂၄ ၌....

> တတ္ထယောစိတ္တသမုဋ္ဌာနိကကာယော၊ န သော ဝိညတ္တိ။ စိတ္တသမုဋ္ဌာနဿ ပန ဝါယောဓာတုယာ သဟဇာတံ ရူပကာယံ သန္ထမ္ဘနသန္ဓာရဏစလနာနံ ပစ္စယော ဘဝိတုံ သမတ္ထော ဧကော အာကာရဝိကာရော အတ္ထိ၊ အယံ ဝိညတ္တိနာမ။

စိတ္တသမုဋ္ဌာနဿ၊ စိတ်ကြောင့်ဖြစ်သော။ ဝါယောဓာတုယာ၊ ၏။ သဟဇာတံ၊ သော။ ရူပကာယံ၊ ကို။ သန္ထမ္ဘနတုံ၊ ခိုင်စေခြင်းငှာ။ သန္ဓာရေတုံ၊ ငှာ။ စာလေတုံ၊ ငှာ။ ပစ္စယော၊ အကြောင်းသည်။ ဝါ၊ အထောက်အပံ့သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ သမတ္ထော၊ သော။ ဧကော၊ တစ်ခုသော။ အာကာရဝိကာရော၊ ဖောက်ပြန်သော အခြင်းအရာသည်။ အတ္ထိ၊ ရှိ၏။ အယံ - အာကာရဝိကာရော၊ သည်။ ဝိညတ္တိနာမ၊ မည်၏။

ဤ၌ ကော၀ဇ္ဇာနဝိထိယံ-အရကို။ ဂူစ္စာသံယပိဋကပုံနှိပ်တိုက် ရိုက် ပြည်မူ အဋ္ဌကထာနိဿယ၄၉၅ ၌....

> ပဉ္စဒွါရဝိထိယံ ဟိ ဒွေအာဝဇ္ဇနာနိ ဥပ္ပဇ္ဇန္တိ၊ မနောဒွါရဝိထိယံ ပန မနောဒွါရာ ဝဇ္ဇနမေဝ...မှာ ထားတော်မူ၏။

ဤ၌ (စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ တစ်ခုသော ဖောက်ပြန်သော အခြင်းအရာသည် အလိုကိုသိစေတတ်သောကြောင့် ဝိညတ်မည်ကြောင်းကိုလည်း....

အဋ္ဌသာလိနီ၊ ဌ၊ ၁၂၅-၌....

> ဝိညာပနတ္တာ ပနေသာ ဝိညတ္တီတိ ဝုစ္စတိ၊ ကိံ ဝိညာပေတီတိ? ကာယကိရိယံ။ မိန္နဆို၏။

ဤအလို ဝိညာပေတီတိ ဝိညတ္တိ ဖော့ ပဟတုကတ္တုသာဓန ပြုစေလိုသည်။ အလိုကိုသိစေတတ်သည်၏ အဖြစ်ကြောင့် ဝိညတ်ဟု ဆိုအပ်၏။ အဘယ်ကိုသိစေသနည်းဟူမူ ကာရဒွါရ၌ ဖြစ်သော အမှုအရာကို သိစေ၏ဟူလို၏။ ကာယဒွါရ၌ဖြစ်သော အမူအရာကို သိ့စေ

http://www.dhammadownload.com



သော်လည်း ဝိညတ်ကို စက္ခုဝိညာဏ်ဖြင့် မသိအပ်၊ မနောဝိညာဏ် ဖြင့်သာ သိအပ်၏။

ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ ၁၂၅-၌...

ဝိညတ္တိ ပန န စက္ခုဝိညေယျာ၊ မနောဝိညေယျာဧဝ။ စက္ခုနာဟိ ဟတ္ထ ဝိကာရာဒိဝသေန ဝိပ္ဖန္ဒမာနံ ဝဏ္ဏာရမ္မဏမေဝ ပဿတိ၊ ဝိညတ္တိံ ပန မနောဒွါရိကစိတ္တေန စိန္တေတွာ ဣဒဉ္စိဒဉ္စ ဧသ ကာရေတိ မညေတိ ဇာနာတိ ဟု မိန့်။

ပန၊ ဗျတိရိက်ကိုဆိုဦးအံ့။ ဝိညတ္တိ၊ ဝိညတ်သည်။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိသည်။ န ဟောတိ၊ မဟုတ်။ မနောဝိညေယျာဧဝ၊ မနောဝိညာဏ်ဖြင့် သိအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ စက္ခုနာ၊ ဖြင့်။ ဟတ္ထဝိကာရာဒိဝသေန၊ လက်ဖောက်ပြန်ခြင်း စသည် တို့၏ အစွမ်းဖြင့်။ ဝိပ္ဖန္ဒမာနံ၊ တုန်လှုပ်သော။ ဝဏ္ဏာရမ္မဏံ ဧဝ၊ ရူပါရုံကိုသာလျှင်။ ပဿတိ၊ မြင်၏။ ပန၊ ထိုမှတပါး။ ဝိညတ္တိံ၊ ကို။ မနောဒွါရိကစိတ္တေန၊ ဖြင့်။ စိန္တေတွာ၊ ၍။ ဧသ ဧသော၊ ဤသူ သည်။ ဣဒဉ္စကမ္မံ-ဣဒဉ္စကမ္မံ၊ ဤမည်သောအမှု ဤမည်သောအမှုကို။ ကာရေတိမညေ၊ ပြုစေလိုဟန်တကား။ ဣတိ၊ ဤသို့။ အဓိပ္ပာယ- ဝိဇာနနေန၊ အလိုဆန္ဒအကြံအစည်ကို သိခြင်းဖြင့်။ ဇာနာတိ၊ သိ၏။

ဤအရာ၌ ကာယသဒ္ဒါသည် ကာယေကဒေသ၌ ဖြစ်၏။ စလနကာယကို ယူအပ်၏။

အဓိပ္ပာယ်ကား...

ပါဏာတိပါတကို ပြုလိုသောအခါ ဓားကိုကိုင်ခြင်း၊ ဓားကို မိုးခြင်း စသော ဟတ္ထစလန ဖြစ်၏။ ထိုဟတ္ထစလန၌ တည်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ စက္ခုဝိညာဏဝီထိ၊ အတိတ်ရူပါရုံကို အာရုံပြု၍ ဘဝင်္ဂဝတ္တကဝီထိ၊ သုဒ္ဓမနောဒွါရဝီထိဖြစ်၏။ ထို့နောင် ဝိကာရကို အာရုံပြု၍ စတုတ္ထ မနောဒွါရဝီထိ ဖြစ်၏။ ထို့နောင် အဓိပ္ပာယ်ကို အာရုံပြု၍ ပဉ္စမမနောဒွါရဝီထိ ဖြစ်၏။ သို့ လှုပ်သော ကိုယ်ဖြင့် ဤသူကား ပါဏာတိပါတ အမှုကို ပြုလို၏ဟု ထိုသူ၏အလိုကို သူတစ်ပါးတို့ကို ပဉ္စမဝီထိဖြင့် သိစေတတ်သောကြောင့် လည်းကောင်း၊ လှုပ်သောကိုယ်ကြောင့် မိမိဟုဆိုအပ်သော ဝိကာရကိုလည်း စတုတ္ထ

http://www.dhammadownload.com



မနောဒွါရဝီထိဖြင့် သိစေအပ်သောကြောင့်လည်းကောင်း ဝိကာရသည် ကာယဝိညတ် မည်၏။

ဋီ၊ နိဿယ၊ ပ၊ ၅၀၂။

ဝဏ္ဏံ ပဋ္ဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
ဓာတိယေနတု ဝိညတ္တိံ၊ ဘာဝံ စတုတ္ထစေတသာ။

ဝစီဝိညတ်သည်....

စေတနာဝါစာ၊ ဝိရတိဝါစာ၊ သဒ္ဒဝါစာဟု သုံးမျိုးရှိ၏။

ထိုတွင် သဒ္ဒဝါစာနှင့် တကွဖြစ်သော၊ တစ်နည်း အသံနှင့်တကွ ဖြစ်သော တစ်ခုသော အခြင်းအရာဟု ဆိုအပ်သော ဝိညတ်သည်ရှိ၏။ ထိုအခြင်းအရာဟုဆိုအပ်သော ဝိညတ်သည် ဝစီကမ္မဒွါရလည်း မည်၏။

အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၇၂။

သဟ သဒ္ဒါ ပန ေသာ ဝိညတ္တိ အတ္ထိ၊ တ္တံ ဝစီကမ္မဒွါရံ နာမ။

အဓိပ္ပာယ်ကား....

ကာမပုဂ္ဂိုလ်တို့၌ ဤစကားကို ပြောအံ့ဟုဖြစ်သောစိတ်သည် ရှစ်ပါးသောရုပ်ကို ဖြစ်စေ၏။ ထိုရှစ်ပါးသော ရုပ်တို့၏အတွင်း၌ စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်သည် ကံကြောင့်ဖြစ်သော ကမ္မဇ ကလာပ် ကိုးစည်းတို့တွင် တစ်ကိုယ်လုံးပျံ့နှံ့ ၍တည်သော ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ် နှစ်ပါး၌ ပါဃောကမ္မဇပထဝီ ဓာတ်နှင့် အသံဖြစ်ရာအရပ်၌ ထိခိုက်၏။ ထိုသို့ထိခိုက်သည်နှင့် တစ်ပြိုင်နက် အသံဖြစ်၏။

ရူပပုဂ္ဂိုလ်တို့၌ ဇီဝိတနဝက ကလာပ်၌ ပါသော ကမ္မဇပထဝီ ဓာတ်နှင့် ထိခိုက်သည်ကိုယူ။

ဤသို့ဖြစ်သော အသံသည် စိတ္တဇသမုဋ္ဌာန် အသံမည်၏။ ဤ အသံကို ပညတ်ဟု မမှတ်အပ်။ စင်စစ်ကား စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်၏ ဥပါဒိန္နကဖြစ်သော ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်း ကြောင့် ဖြစ်၍ဖြစ်သော တစ်ခုသောအခြင်းအရာမျှဖြစ်သောဖောက်ပြန်

http://www.dhammadownload.com



ခြင်းသည် ရှိ၏။ ဤ ဖောက်ပြန်ခြင်းသည် အလိုကိုသိစေတတ်သော ကြောင့် ဝစီပညတ်မည်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၊ ၁၂၉-၌....

တဿာ ပန စိတ္တသမုဋ္ဌာနာယ ပထဝီဓာတုယာ ဥပါ-ဒိန္နကဃဋ္ဋနဿ ပစ္စယဘူတော ဧကော အာကာရဝိကာရ-ဘူတော အတ္ထိ၊ အယံ ဝစီဝိညတ္တိနာမ။

ပန၊ အလျှော်ကိုဆိုဦးအံ့။ စိတ္တသမုဋ္ဌာနာယ၊ ဖြစ်သော။ တဿာပထဝီဓာတုယာ၊ ၏။ ဥပါဒိန္နကဃဋ္ဋနဿ၊ ကမ္မဇပထဝီတို့ ထိခိုက်ခြင်း၏။ ပစ္စယဘူတော၊ အကြောင်းဖြစ်သော။ စိတ္တသမုဋ္ဌာန မဟာဘူတာနံ၊ တို့၏ (တည့်)။ အာကာရဝိကာရော၊ သည်။ အတ္ထိ၊ ၏။ အယံ အာကာရဝိကာရော၊ သည်။ ဝစီဝိညတ္တိ၊ မည်၏။

မူလဋီ၊ ၇၆။ ပထဝီဓာတုယာတိ ဣဒံ၊ ဝါယောဓာတုသဟိတာယ စလနံ ပထဝီဓာတုယာ သံဝဋ္ဋန ကိစ္စံ အဓိကတ္တံ ကတွာ ဝုတ္တံ။

ꩥꩥꩥꩥꩥꩥꩥꩥꩥꩥ

## အာဟာရ ပစ္စည်း

ဩဇာဋ္ဌမကံ ရူပါဒယော အာဟာရန္တီ အာဟာရော။ (အာပုဗ္ဗ၊ ဟရ ဓာတ်၊ ဏ ပစ္စည်း။) ဟရ ဓာတ်၏အရကား ရုပ်နာမ် အာဟာရတို့၏ ဟေတု ဗျာန မဂ္ဂကြဉ်သော သဟဇာတမျိုး (၁၁) ပစ္စယသတ္တိရ၏။ ဏ ပစ္စည်း၏အရကား ထို ၁၁ ပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တရ၏။ ဤ၌ အာဟာရန္တိ ဆောင်တတ်၏ဟူ သော ရုပ်တရား နာမ်တရားတို့အား ယောက်ပံ့ ခိုင်စေတတ်သော သဘောကိုဆိုသည်။

ဋ္ဌ၊ ၁၅၀။

ရူပါ ရူပါနံ ဥဇတ္ထမ္ဘတ္ထေန ဥပကာရကာ စတ္တာရော အာ-ဟာရာ အာဟာရ ပစ္စယေန။

http://www.dhammadownload.com



ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊ ဒု၊ ၄၁၃။

အာဟာရတိတိ အာဟာရေပစ္စယ သန်္ဒါတေန ဥပတ္ထမ္ဘာဋ္ဌိတိယာဝါ ပစ္စယဘာဝေန အတ္တနော ဖလံ အာနေတိ နိဗ္ဗတ္တေတိ ပဝတ္တေတိစာတိ အတ္ထော။ ကဗဠံ ကရီယတိ ကဗဠီကာရော၊ စက္ခုဝသေန စေတံ ဝုတ္တံ၊ လက္ခဏတော ပန ဩဇာလက္ခဏော ဝေဒိတဗ္ဗော၊ ကဗဠီကာရောစ သော ယထာဝုတ္တေ နတ္ထေန အာဟာရောစာတိ ကဗဠီကာရာဟာရော။ ဟု ဖွင့်ပြသေး၏။

ဘယ်သောကာလမှာ၍ ထောက်ပံ့ဖြစ်စေတတ်သနည်းဟူမူ.... တစ်သတ္တာဟ နှစ်သတ္တာဟမျှ ရှေ့အဖို့၌လည်းကောင်း၊ နောက်အဖို့၌လည်းကောင်း ရောက်သောကာလ၌ ဂဗ္ဘသေယျသတ္တဝါတို့အား အမိသည်မျိုအပ် စားအပ်သော ထမင်းအဖျော်စသည်၌ ပါရှိသောဩဇာသည် သူငယ်၏ချက်ကြိုးကို အစဉ်လျှောက်၍ သူငယ်၏ ကိုယ်၌ပျံ့နှံ့၍ ဌီသို့ရောက်ဆဲ၊ အဇ္ဈတ္တိကဩဇာသည်လည်း ဌီသို့ရောက်ဆဲ၊ ထိုသို့ကာလနှစ်ဝ တွေ့ကြုံကြသည့်အခါ အဇ္ဈတ္တိကဩဇာသည် ရုပ်ကိုဖြစ်စေ၏။

ကေသဉ္စိ ဒွိန္နံဝါ သတ္တာဟာနံ ဂတကာလေ ပတိဋ္ဌာတိ၊ တတောပရံ ပုရေဝါ ပတိဋ္ဌာတု ပစ္ဆာဝါ၊ ယဒါ မာတာ အဇ္ဈောဟတာ အန္နပါနဩဇာ ဒါရကဿ ပတိဋ္ဌာတိ။ တဒါ အဇ္ဈတ္တိကာ သမုဋ္ဌာပေတိ။ ။

ကေသဉ္စိ၊ တစ်ခုလည်းဖြစ်သော။ ဒွိန္နံဝါ၊ နှစ်ခုလည်းဖြစ်ကုန်သော။ သတ္တာဟာနံ၊ ခုနစ်ရက်တို့၏။ ဂတကာလေ၊ ရောက်သောအခါ၌။ ဩဇာ၊ သည်။ ပတိဋ္ဌာတိပန၊ ထိုသို့ပင်တည်သော်လည်း။ တတော၊ ထိုတစ်သတ္တာဟ နှစ်သတ္တာဟမှ။ ပုရေဝါ၊ ရှေး၌မူလည်း။ ပစ္ဆာဝါ၊ နောက်၌မူလည်း။ ပတိဋ္ဌာတု၊ တည်စေ။ ယဒါ၊ အကြင်အခါ၌။ မာတာ၊ အမိသည်။ အန္နပါနဩဇာ၊ ထမင်းအဖျော်အရသာဩဇာကို။ အဇ္ဈောဟတာ၊ မျိုအပ်သည်ရှိသော်။ ဒါရကဿ၊ သူငယ်၏။ သရီရေ၊ ၌။ ပတိဋ္ဌာတိ၊ တည်၏။ တဒါ၊ ထိုအခါ၌။ အဇ္ဈတ္တိကာ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

http://www.dhammadownload.com



ဤ၌....

ဗဟိဒ္ဓါဟာရသည် အာဟာရဇရုပ်ကို ဖြစ်၏ဟုဆိုသော်လည်း မှုချစင်စစ် မဖြစ်နိုင်။ ဗဟိဒ္ဓါဟာရက အဇ္ဈတ္တိကာဟာရကို ထောက်ပံ့ပေး၍ အဇ္ဈတ္တိကာဟာရ ကမှ အာဟာရဇရုပ်ကို ဖြစ်နိုင်၏။

မူလဋီ၊ ဝိသုဒ္ဓိမဂ်၊ ဋီ။

ဗာဟိရံ အာဟာရံ ပစ္စယံ လဘိတွာ ဝေ အဇ္ဈတ္တိကာ-ဟာရော ရူပံ ဥပ္ပါဒေတိ။

ဗာဟိရံ၊ ဗာဟိရဖြစ်သော။ အာဟာရံ၊ ကို။ ပစ္စယံ၊ အကြောင်းအထောက်အပံ့ကို။ လဘိတွာ ဝေ၊ ရသောကြောင့်သာလျှင်။ အဇ္ဈတ္တိ-ကာဟာရော၊ သည်။ ရူပံ၊ ရုပ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်တတ်၏။

ဤအလို လဘိတွာ ဝေဣ ဝေသဒ္ဒါဖြင့် အဇ္ဈတ္တိကာဟာရချည်း သက်သက် ရုပ်ကို မဖြစ်စေနိုင်ဟုမှတ်။

သဲအင်းသုံးချက်စု စသည်တို့၌....

၁။ ဆွမ်း ခဲဖွယ် ဘောဇဉ် အစရှိသည်တို့၌ တည်သော ဗဟိဒ္ဓဩဇာ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း မည်ကုန်၏။ (အာဟာရသမုဋ္ဌာနိကပစ္စည်း)။

၂။ တစ်နည်းကား- အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကဩဇာ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ဤ တရားတို့သည် ရုပ်အာဟာရပစ္စည်း မည်ကုန်၏။ (ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည် ပစ္စယုပ္ပန်)။

ထိုနှစ်ပါးတို့တွင်....

၁။ အရ ပစ္စည်းတပ်ခြင်းသည် ပရိယာယဟုမှတ်။

၂။ အရ ပစ္စည်းတပ်ခြင်းသည် နိပ္ပရိယာယဟုမှတ်။

အဖွ။ ။အထက်ပါ သုံးချက်စု(၁)အရ ပစ္စယုပ္ပန်တရား၌ အာဟာရသမုဋ္ဌာနိက ရုပ်မျှကိုသာ မကောက်ဘဲ စတုသမုဋ္ဌာနိကရုပ်ကို ကောက်လျှင် သင့်မြတ်သည်ဟု ဆိုကြ၏။

http://www.dhammadownload.com



အကြောင်းကား- ဇဟိဒ္ဓပြဇာသည် အာဟာရ-သမုဋ္ဌာနိကရုပ်ကို ဖြစ်စေရာ၌ ဇနကသတ္တိ၊ တိသန္တတိရုပ်အား ဥပတ္ထမ္ဘကသတ္တိ ဖြစ်စေနိုင်သောကြောင့်တည်း။

မူလဋီ၊ ၁၇၂-၌...

သတိပိ ဇနကတ္တေ ဥပတ္ထမ္ဘကတ္တံ အာဟာရာနံ ပဓာန-ကိစ္စန္တိ အာဟ။ ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေနာတိ။ ဥပတ္ထမ္ဘ-ကတ္တဉ္စ သတိပိ ဇနကတ္တေ အရူပီနံ အာဟာရာနံ အာဟာရဇ-ရူပသမုဋ္ဌာပကရူပါဟာရဿ စ ဟောတိ။

အသတိပိ စတုသမုဋ္ဌာနိက ရူပတ္ထမ္ဘကရူပါဟာရဿ၊ အသတိ ပန ဥပတ္ထမ္ဘကတ္တေ အာဟာရာနံ ဇနကတ္တံ နတ္ထီတိ ဥပတ္ထမ္ဘကတ္တံ ပဓာနံ။ ဇယနမာနေပိ ဟိ အာဟာရေ အဝိစ္ဆေဒ-ဝသေန ဥပတ္ထမ္ဘကမာနေ ယေဝ ဇနေတီတိ ဥပတ္ထမ္ဘန-ဘာဝေါ အာဟာရဘာဝေါတိ။

မူလဋီကာ အနက်။

ဇနကတ္တေ၊ ဖြစ်စေတတ်သည်၏အဖြစ်သည်။ သတိပိ၊ ရှိပါသည်လည်း။ အာဟာရာနံ၊ အာဟာရ ဖစ္စုပ္ပန် နာမ် တရားတို့အား။ ဥပတ္ထမ္ဘကတ္တံ၊ ထောက်ပံ့ ခိုင်စေသည်၏ အဖြစ်သည်။ ပဓာနကိစ္စံ၊ ပဓာနကိစ္စတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဟိ၊ မှန်၏။ စါ- ဟိယသ္မာ၊ အကြင်ကြောင့်။ ဇနကတ္တေ၊ ဖြစ်တတ်သည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အရူပီနံ၊ နာမ် ဖြစ်ကုန်သော။ အာဟာရာနံ၊ ဖဿ စေတနာ ဝိညာဏ် အာဟာရတို့အား။ အာဟာရဇ ရူပသမုဋ္ဌာပက ရူပါဟာရဿစ၊ အာဟာရဇ ရုပ်သည် ဖြစ်စေအပ်သော ရုပ်အာဟာရအား လည်းကောင်း။ ဥပတ္ထမ္ဘကတ္တံ၊ ထောက်ပံ့ခိုင်စေသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။

ဇနကတ္တေ၊ သည်။ အသတိပိ၊ မရှိသော်လည်း။ စတု-သမုဋ္ဌာနိက ရူပတ္ထမ္ဘက ရူပအာဟာရဿ၊ လေးပါးသောအကြောင်းကြောင့် ဖြစ်သောရုပ်သည် ဖြစ်စေအပ်သော ရုပ် အာ ဟာ ရ အား။ (ယထာသကံ၊ မိမိ မိမိတို့ ပစ္စည်းအားလျော်စွာ။ အညေဟိပစ္စယေဟိ၊ တစ်ပါးသော ပစ္စည်းတို့သည်။ ဇနိတတ္တာ၊ ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်) ထည့်ပေး။ ဥပတ္ထမ္ဘကတ္တံ၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



ဥပတ္ထမ္ဘကတ္တော၊ သည်။ အသတိပန၊ မရှိသော်ကား။ အာဟာ-ရာနံ၊ အာဟာရတို့အား။ ဇနကတ္တံ၊ ဖြစ်စေတတ်သည်၏အဖြစ်သည်။ နတ္ထိ၊ မရှိတော့ချေ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဥပတ္ထမ္ဘကတ္တံ၊ ထောက်ပံ့ခိုင်စေသည်၏ အဖြစ်သည်။ ပဓာနံ၊ ပဓာနတည်း။

၂-နံပါတ်၊ ဒုတိယနည်း၌....

အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက ဩဇာ၊ ဗဟိဒ္ဓ သန္တာန်၌ရှိသော ဥတုဇ ဩဇာ ပစ္စည်း၊ ကလာပ်တူ ဩဇာ ကြွင်းသော ကမ္မဇရုပ် ကိုးခု၊ ကလာပ်ပြား ၂၀ ဟု ဆိုအပ်သော စတုသမုဋ္ဌာနိက ရုပ် ပစ္စယုပ္ပန်ဟု ဆိုရာ၌ ဗဟိဒ္ဓါဟာရ၏ အထောက်အပံ့ ရသော ကြောင့်သာလျှင် အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက ဩဇာ ပစ္စည်း၊ ကလာပ်တူ ဩဇာ ကြွင်းသော ကလာပ်တူ ကမ္မဇရုပ် ကိုးခု၊ ပစ္စယုပ္ပန်ဖြစ်ရာ၌+ဇနက သတ္တိ၊ ကြွင်းသော ကမ္မဇကလာပ် ရှစ်စည်း၊ စိတ္တဇကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်း၊ အာဟာရဇ ကလာပ် နှစ်စည်း၊ ဤကလာပ်ပြား ၂၀ တို့သည် ပစ္စယုပ္ပန်ဖြစ်ရာ၌ ဥပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုသည်ဟု မှတ်ကြပါကုန်အရှင်ကောင်းတို့။

ဤနည်း နှင့်နှင့် အာဟာရပစ္စည်း တပ်ကြပါလေ။

ဋီ၊ ၃၃၈။

စတုသန္တတိ သမုဋ္ဌာနော ကဗဠီကာရာဟာရော ကိဉ္စာပိ ဣမဿ ကာယဿာတိ အဝိသေသတော ဝုတ္တော။ ဝိသေသတော ပနာယမေတ္ထ အာဟာရ သမုဋ္ဌာန ရူပဿ ဇနကောစေဝ အနုပါလကော စ ဟုတွာ အာဟာရပစ္စယေန ပစ္စယောတိ။ သေသတိသန္တတိ သမုဋ္ဌာနဿ အနုပါလကော ဟုတွာ အာဟာရ ပစ္စယေန ပစ္စယော။

စတုသန္တတိသမုဋ္ဌာနော၊ လေးပါးသော အကြောင်းအစဉ် ကြောင့် ဖြစ်ခြင်းရှိသော။ ကဗဠီကာရာဟာရော၊ ကို။ ဣမဿ ကာယဿာတိ၊ ဟူ၍။ အဝိသေသတော၊ သာမညအားဖြင့်။ ကိဉ္စာပိ ဝုတ္တော၊ ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ဟောအပ်ပါသော်လည်း။ ဝိသေသတော၊ အထူးအားဖြင့်။ အယံ၊ ကဗဠီကာရံ အာဟာရသည်။ ဧတ္ထ၊ ဤစတုသန္တတိ သမုဋ္ဌာနိကဖြစ်သော ရုပ်တို့တွင်။ အာဟာရ-

http://www.dhammadownload.com



သမုဋ္ဌာန ရူပဿ၊ ကို။ ဇနကော စေဝ၊ ဖြစ်စေတတ်သည်လည်းကောင်း။ အနုပါလကောစ၊ အစဉ် စောင့်ရှောက်တတ်သည် သည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ အာဟာရပစ္စယေန၊ ရုပ်အာဟာရပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

သေသတိသန္တတိသမုဋ္ဌာနဿ၊ အာဟာရသမုဋ္ဌာနမှကြွင်းသော သုံးပါးသော အကြောင်းအစဉ်လျှင် ဖြစ်ကြောင်းရှိသော ကံကြောင့် ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သော ရုပ်ကို။ အနုပါလကောဝ၊ အစဉ်စောင့်ရှောက်တတ်သည်သာလျှင်။ ဟုတွာ၊ ၍။ အာဟာရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဇူသဒိုကာအလို့....

လေးပါးသော အာဟာရတို့သည် ရုပ် နာမ် တရားတို့အား ဥပတ္ထမ္ဘက သတ္တိဖြင့်သာ ကျေးဇူးပြုသည် မဟုတ်။ ဇနကသတ္တိဖြင့်လည်း ကျေးဇူးပြု၏။

သို့သော်လည်း ဇနကသတ္တိသည် မဖြတ်ဖြစ်စေသည်၏ အစွမ်းဖြင့် ထောက်ပံ့သည်ဖြစ်၍သာလျှင် ဖြစ်စေနိုင်သောကြောင့် ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူး ပြုခြင်းသည်သာလျှင် အာဟာရ၏ ပဓာနကိစ္စ ဖြစ်သတဲ့။

မူလဋီ - ၁၄၂။

သတိပိ ဇနကတ္တေ ဥပထမ္ဘကတ္တံ အာဟာရာနံ ပဓာနကိစ္စန္တိ အာဟ ရူပါရူပီနံ ဥပထမ္ဘကတ္တေနာတိ၊ ဥပထမ္ဘကတ္တဉှိ သတိပိ ဇနကတ္တော အရူပီနံ အာဟာရာနံ အာဟာရဇ ရူပသမုဋ္ဌာပက ရူပါဟာရဿစ ဟောတိ။

ဇယနမာနော်ပိ ဟိ အာဟာရော အဝိစ္ဆေဒ ဝသေန ဥပထမ္ဘန မာနော ယေဝ ဇနေတီတိ ဥပထမ္ဘနဘာဝေါ အာဟာရ ဘာဝေါတိ။ ။

ဿဿဿဿဿဿဿဿ

http://www.dhammadownload.com



## သြဇာ—သြဇာ

**သြဇာ ဆိုသည်....**

ရသ-ဓာတ်၌ပါသော ရသဓာတ်၏ အနှစ် ဖြစ်သော ရသာ ကြောကို အစဉ်လျှောက်၍ တစ်ကိုယ်လုံး ပျံ့နှံ့တတ်သော ထောက်ပံ့ခြင်း အားရှိခြင်းကို ပြုတတ်သော ဘုတ်လေးပါးကို မှီသော တစ်ခုသော သကတ် ဂုဏ်အထူးသည် သြဇာ မည်၏။

ဓမ္မသင်္ဂဏီ မူလ ဋီ၊ ၁၅၄၊ ဝိသုဒ္ဓိမဂ် မူလဋီ၊ ၁၀၄။

> သြဇာလက္ခဏောတိ ဓေတ္ထ အင်္ဂမင်္ဂါနုသာရိနော၊ ရသဿ သာရော ဥပတ္ထမ္ဘဗလဝတရော ဘူတ နိဿိတော။ ဧကော ဝိသေသော သြဇာတိ။

သြဇာလက္ခဏောတိ၊ သည်အား။ ဧတ္ထ၊ ဤ ရသ ဓာတ်၌။ အင်္ဂမင်္ဂါနုသာရိနော၊ ရသကိုဆောင်တတ်သော အကြောမှ အကြောသေးသို့ အစဉ်လျှောက်သဖြင့် ကိုယ်၏ အစိတ်၌ အစဉ်ဝင်သော။ ရသဿ၊ အာဟာရ ရသ၏ အတွင်း၌ အာဟာရ၏ အထောက်အပံ့ ဖြစ်သော အစေးဟုဆိုအပ်သော ဝါ-အနှစ်ဖြစ်သော။ ဥပထမ္ဘဗလဝ-တရော၊ ထောက်ပံ့ခြင်း အားရှိခြင်းကို ပြုတတ်သော။ ဘူတနိဿိတော၊ သော။ ဧကော-တစ်ခုသော။ ဝိသေသော၊ ပရမတ္ထသဘာဝ ဧကျ ပသာဒဖြင့် မမြင်အပ်သော သကတ် အဖြစ် ချိုဆိမ့်သော ရသနှစ်သည် သြဇာ မည်၏။

ဓမ္မသင်္ဂဏီ-အနုဋီ၊ ၁၆၆။

> အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရောတိ ရသ ဟရဏီ ဓမနိဇာလာနုသာရရေန သရီရာဝ ယဝေ အနုပ္ပဝိဋ္ဌဿ အာဟာရ ရသဿ အဇ္ဈတ္တိကာဟာရ ပစ္စယော သေနဟော ယော လောကေ ရသဓာတူတိ ဝုစ္စတိ။

ဤ၌ ဗာဟိရသြဇာ ဆိုသည်....

စားအပ်၊ မျိုအပ်၊ သုံးဆောင်အပ်သော ထမင်းအဖျော်စသော ဝတ္ထုခြိုတည်သော အဆီ၊ အစေး သတ္တိတည်း။

http://www.dhammadownload.com



အဇ္ဈတ္တ ဩဇာ ဆိုသည်....

ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ ဟူသော စတုသမုဋ္ဌာနိက ရုပ်ကလာပ်အစဉ်၌ပါသော ဩဇာ ရုပ်တည်း။

ထိုတွင်....

တတ္ထ ကာမာဝစရံ ရူပါဝစရန္တိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာ ကုသလ ကမ္မ မဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာန ရူပံ ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

ဟူသော သင်္ဂဟကျမ်းနှင့်အညီ ရုပ်ကို ဖြစ်စေတတ်သော ကံကား (၂၅)ပါးတည်း။

*****************

## သမ္ဘဝရုပ်နှင့် စပ်၍ ပါဠိတော်၌လာသော ရုပ်မှတစ်ပါး အဋ္ဌကထာ၌လာသော ရုပ်များ

ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ ၃၊ ၇၀။

အဋ္ဌကထာယံ ပန ဗလရူပံ သမ္ဘဝရူပံ ဇာတိရူပံ ရောဂရူပံ ဧကစ္စာနံ မတေန မိဒ္ဓရူပန္တိ ဧဝံ အညာနိပိ ရူပါနိ အာဟရိတွာ အဒ္ဓါ မုနိသိ သမ္ဗုဒ္ဓေါ နတ္ထိ နီဝရဏာ တဝါတိ အာဒီနိ ဝတွာ မိဒ္ဓရူပံ တာဝ နတ္ထိယေဝါတိ ပဋိက္ခိတ္တံ ဣတရေသု ရောဂရူပံ ဇရတာ အနိစ္စတာ ဂဟဏေန ဂဟိတမေဝ။ ဇာတိရူပံ ဥပစယသန္တတိဂ္ဂဟဏေန၊ သမ္ဘဝရူပံ အာပေါဓာတုဂ္ဂဟဏေန၊ ဗလရူပံ ဝါယောဓာတုဂ္ဂဟဏေန ဂဟိတမေဝ၊ တသ္မာ တေသု ဧကမ္ပိ ဝိသုံ နတ္ထီတိ သန္နိဋ္ဌာနံ ကတံ။

ဣတိဣဒံ စတုဝီသတိဝိဓံ ဥပါဒါရူပံ ပုဗ္ဗေ ဝုတ္တံ စတုဗ္ဗိဓံ ဘူတရူပဉ္စာတိ အဋ္ဌဝီသတိဝိဓံ ရူပံ ဟောတိ အနူနမနဓိကံ။

အဋ္ဌကထာယံပန၊ အဋ္ဌကထာ၌ကား။ ဗလရူပံ၊ ဗလရူပါ လည်းကောင်း။ သမ္ဘဝရူပံ၊ လည်းကောင်း။ ဇာတိရူပံ၊ လည်းကောင်း။

http://www.dhammadownload.com



ရောဂရုပံ၊ လည်းကောင်း။ ကေစွာနံ၊ အဘယဂီရိ ကျောင်းနေသော အချို့သော ဆရာတို့၏။ မတေန၊ အလိုအားဖြင့်။ မိဒ္ဓရုပံ၊ မိဒ္ဓရုပ် လည်းကောင်း။ ဣတိဧဝံ၊ ဤသို့။ အညာနိ၊ တစ်ပါးကုန်သော။ ရူပါနိ၊ ရုပ်တို့ကို။ အာဟရိတွာ၊ ဆောင်၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။

အဒ္ဓါ၊ မချွတ်။ မုနိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို သိတော်မူသော ဘုရားသခင်သည်။ နတ္ထိနီဝရဏာတုဝံ ါထိ၊ ဣဝါ ဤသို့ အစရှိသော စကားတို့ကို။ ဂတွာ၊ ၍။ မိဒ္ဓရုပံ၊ သည်။ တာဝ၊ အတယ် မလွဲသဖြင့်။ နတ္ထိယေဝ၊ မရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပဋိက္ခိတ္တံ၊ ပယ်အပ်သည်သာလျှင်တည်း။

ဣတရေသု၊ မိဒ္ဓရုပ်မှ တစ်ပါးကုန်သော။ ဗလ၊ အစရှိသော ရုပ်တို့၌။ ဇရတာ အနိစ္စတာ ဂဟဏေန၊ ဇရတာ အနိစ္စတာ ရုပ်ကို ယူသဖြင့်။ ရောဂရုပံ၊ ရောဂရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဥပစယသန္တတိဂ္ဂဟဏေန၊ ယူသဖြင့်။ ဇာတိရုပံ၊ ကို။ ဂဟိတံ၊ သည်။ ဟောတိ၊ ၏။

အာပေါဓာတုဂ္ဂဟဏေန၊ ယူသဖြင့်။ သမ္ဘဝ၊ ရုပ်သမ္ဘဝရုပ်ကို။ ဂဟိတံ။ ဟောတိ။ ဝါယောဓာတုဂ္ဂဟဏေန၊ သဖြင့်။ ဗလရုပံ။ ဂဟိတံ။ ဟောတိ။

ဣတိ၊ ဤသို့။ စတုဝီသတိဝိဓံ၊ ၂၄ ပါး အပြားရှိသော။ ရူပံ၊ ဥပါဒါရူပဉ္စ၊ ဤဥပါဒါရုပ်သည် လည်းကောင်း။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တံ၊ ဆိုအပ်သော။ စတုဗ္ဗိဓံ၊ ၄ ပါး အပြားရှိသော။ ဘူတရူပဉ္စ၊ ဘူတရုပ်သည် လည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ အားဖြင့်။ ရူပံ၊ သည်။ အနူနံ၊ မဟုတ်။ အနဓိကံ၊ မလွန်။ အဋ္ဌဝီသတိဝိဓံ၊ ၂၈ ပါး အပြားရှိသည်။ ဟောတိ။

အဓိပ္ပာယ်ကား....

မိဒ္ဓရုပ်သည်ကား နီဝရဏ ဟု ဟောတော်မူအပ်သောကြောင့် နာမ်တရား၌ဝင်၏။

ရောဂရုပ်သည်လည်း ဇရတာ အနိစ္စတာမှ မလွန်သောကြောင့် ထိုဇရတာ အနိစ္စတာ၌ဝင်၏။

ဇာတိသည်လည်း ဥပစယ သန္တတိ ၌ ဝင်၏။

http://www.dhammadownload.com



သမ္ပဇ္ဇရှစ်သည်ကား ကာမဓာတ်၌ အချို့သော သတ္တဝါတို့အား ဣန္ဒြေရင့်ခြင်းကြောင့်ဖြစ်သော သုတ်တည်း။ ထိုသုတ်ကိုလည်း အာပေါဓာတ်ဖြင့် သဂြိုဟ်အပ်၏။

ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊ ဒု၊ ၁၀၆။

သမ္ဘဝေါ ကာမဓာတုယံ ကေစိဿသတ္တာနံ ဣန္ဒြိယပရိပါကပစ္စယော အာပေါဓာတုယာ ပဝတ္တိ အာကာရဿဝိသော သောတိအာဟ သမ္ဘဝရူပံ အာပေါဓာတုဂ္ဂဟဏေန ဂဟိတမေဝါတိ။

သာရတ္ထ၊ ဋီ၊ ဒု၊ ၃၀၁

အာပေါဓာတုယာ သဏ္ဌာနဝသေန ပဝတ္တာမာနာယ အာဝတ္ထာဝိသေသော သမ္ဘဝေါ၊ သော စတုသမုဋ္ဌာနိကော အဇ္ဈတ္တာယံ စတုသမုဋ္ဌာနိကောသု သမ္ဘဝဿ ဝုတ္တတ္တာ၊ သော ပန သောဠသ ဝဿကာလေ ဥပ္ပဇ္ဇတိ။ တဿ ရာဂဝသေန ဌာနာစဝနံ ဟောတိကို ဝေန္တိ၊ တသ္မာ ယံ ဝုတ္တံ ကထာဝတ္ထု၊ အဋ္ဌကထာယံ သုက္ကဝိဿဋ္ဌိနာမ ရာဂသမုဋ္ဌာနာ ဟောတီတိ။ တံ သမ္ဘဝဿ ဌာနာစာဝနံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ န ပန သမ္ဘဝေါ စိတ္တသမုဋ္ဌာနော ယေဝါတိ ဒီပေတုံ တေနေဝ တတ္ထ ဝိဿဋ္ဌိဂ္ဂဟဏံ ကတံ။

အဓိပ္ပာယ်ကား....

သမ္ဘဝ ရုပ်၏ စတုဇရုပ်၏ အဖြစ်ကိုလည်းကောင်း၊ ၁၆ နှစ်အရွယ်ရောက်မှ ဖြစ်သောအဖြစ်ကို လည်းကောင်း၊ ဌာနရွေ့သောအဖြစ်ကိုလည်းကောင်း ပြတော်မူသည်။

ထိုတွင်လည်း....

ရဟန္တာ ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ ဗြဟ္မာတို့အားလည်းကောင်း သမ္ဘဝ ရုပ် မရှိ။ ဆ ကာမာဝစရ နတ်တို့အား ဌာနာစာဝန မှုသာမရှိဖြစ်သည်။ သမ္ဘဝရုပ်ကားရှိ၏၊ အတွင်း၌သာ ဖြစ်၍ ငြိမ်း၏။

http://www.dhammadownload.com



ထို့ကြောင့် သာရတ္ထ ဋီ၊ ဒု ၃၀၁။

ခီဏာသဝါနံ ပန ဖြဟ္မာနဉ္စ သမ္ဘဝေါ နတ္ထိတိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ။ တသ္မာ ယံ ဝုတ္တံ ကထာဝတ္ထု အဋ္ဌကထာယံ တာသံ ဒေဝတာနံ သုက္ကဝိသဋ္ဌိနာမ နတ္ထီတိ။ တမ္ပိ ဠာနာဂတဝနံ သန္ဓာယ ဝုတ္တန္တိ ဂဟေတဗ္ဗံ။ န ပန ဒေဝတာနံ သဗ္ဗသော သမ္ဘဝဿ အဘာဝံ သန္ဓာယ။ ဆန္ဒမ္ပိ မှန ကာမာဝစရ ဒေဝတာနံ ကာမာ ပါကတိကာ ယေဝ။ မနုဿာ ဝိယ ဟိ တေ ဒွယံ ဒွယံ သမာပတ္တိဝသေနေဝ မေထုနံ ပဋိသေဝန္တိ။

မှတ်ချက်။ ။ဌာနမှ မရွေ့သော သမ္ဘဝ သည် ဓာတုဇရုပ်၊ ဌာနမှ ရွေ့သော သမ္ဘဝသည် စိတ္တဇရုပ်၊ ဥတုဇရုပ်တို့ တည်ရာမှ ကင်းပြီးသော သမ္ဘဝသည် ဥတုဇရုပ်သာ။

ထို့ကြောင့် သာရတ္ထ ဋီ၊ ဒု ၃၀၁။

ဒကသောကော ရောဟဏတော ပဋ္ဌာယ ပန ဥပါဒိန္နတော ဝိနိမုတ္တတာယ သမ္ဘဝေ ဥတုသမုဋ္ဌာနမေဝ ရူပံ အဝသိဿတိ၊ တေသံ တိသမုဋ္ဌာနံ နတ္ထိတိ ဝေဒိတဗ္ဗံ။

အမှာ။ ။သမ္ဘဝရုပ်သည် သင်္ဂဟကျမ်း ရုပ် (အဋ္ဌဝီသ ၌ တိုက်ရိုက် မပြဆိုမှု၍ မထင်ရှားခြင်း၊ အဋ္ဌကထာနည်း ပြအပ်သော ရုပ် (၂၈)ပါး၌ နေယျတ္ထအားဖြင့် ဝါဝင်ခြင်း။ ထိုသို့ ပါဝင်ရာဝယ် အဆယ်ကာလ၌ ရုပ်အာဟာရပစ္စည်း တပ်ခြင်းတို့ကို သိရှိနိုင်စေရန် ရေးခဲ့ပြီး ကိုဓ္ဓာပီ ဏ္ဍမသာ ကာယသာတိ အဝိသေသတော အရ ထည့်သွင်းဖော်ပြ လိုက်ပါသည်။ ကျယ်လွန်း၏ဟု မှတ်တော်မူခြင်းမှ ကင်း နိုင်ကြပါစေ အရှင်ကောင်းတို့။

************

http://www.dhammadownload.com



## နာမ်အာဟာရ

ဖဿ စေတနာ ဝိညာဏ် သုံးပါးတို့တွင်....

ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်တတ်၏။ အဓွေအထိ အရသာကြောင့် ချမ်းသာ ဆင်းရဲ အလယ် အလတ် ဖြစ်ခြင်း၊ ခံစားနိုင်ခြင်းကိုပင် ဆောင်သည်မည်၏ ဟူလို။

မနောသဉ္စေတနာဟာရ လောကီကုသိုလ် အကုသိုလ် ဟု ဆိုအပ်သော မနောသဉ္စေတနာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေခြင်းသည်ပင် ဆောင်တတ်သည်မည်၏။

ဝိညာဏာဟာရသည် သဟဇာတ်ဖြစ်သော ပဋိသန္ဓေ နာမ-ကန္ဒာ ကမ္မဇရုပ်ကိုဖြစ်စေ၏။ ထိုသို့ ဖြစ်စေခြင်းသည်ပင် ဆောင်တတ်သည်မည်၏။

ဋီကာကျော်၊ ၂၂၄။

ဖဿာဟာရော တိဿော ဝေဒနာ။ မနောသဉ္စေတနာဟာရ သဒ်ါတံ ကုသလာ ကုသလကမ္မံ တီသု ဘဝေသု ပဋိသန္ဓိံ။ ဝိညာဏာဟာရ သဒ်ါတံ ပဋိသန္ဓိ ဝိညာဏံ သဟဇာတ နာမနာမရူပေ အာဟာရတိ။

**********

## ထိုလေးပါးတို့ ကျေးဇူးပြုပုံ

၁။ ဖဿာဟာရသည်....

ဝေဒနာ သုံးပါးအား သဟဇာတသတ္တိ ဥပတ္ထမ္ဘကသတ္တိအားဖြင့် ကျေးဇူးပြု၏။ ထိုဖဿသည် သုခအာရုံရှိသည်တို့၏ အကြောင်းဖြစ်၍ဖြစ်သော တစ်နည်း သုခ အာရုံရှိသည်တို့၏ တည်ရာဖြစ်၍ ဖြစ်သောအာရုံကို တွေ့ထိသည်ဖြစ်၍သာလျှင် သုခအာရုံရှိသော ဝေဒနာကို ဖြစ်စေသဖြင့် သတ္တဝါတို့၏ တည်ခြင်းငှာ ကျေးဇူးပြုတတ်၏။

http://www.dhammadownload.com



၂။ မနောသဉ္စေတနာဟာရသည်…။

ပဋိသန္ဓေခန္ဓာတို့အား သဟဇာတ နာနာက္ခဏိက ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုတတ်၏။ ထိုမနောသဉ္စေတနာဟာရသည် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းအားဖြင့် သဟဇာတ်တရားတို့ကို ပေါင်းသည့်ဖြစ်၍သာလျှင် သုံးပါးသောဘဝ၌ သတ္တဝါတို့၏ တည်ခြင်းကို ပြီးစေတတ်သောကြောင့် ဥပပတ္တိဘဝ၏ မူလဖမ္မာဏ ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် သတ္တဝါတို့၏ တည်ခြင်းငှာ ကျေးဇူးပြုတတ်၏။

၃။ ဝိညာဏာဟာရသည်…။

နာမ် ရုပ်တို့အား သဟဇာတ ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုဝိညာဏ်သည် အာရုံကိုသိသည်ဖြစ်၍သာလျှင် နာမ်ရုပ်ကို ဖြစ်စေသဖြင့် သတ္တဝါတို့၏တည်ခြင်းငှာ ကျေးဇူးပြုတတ်၏။

ထို့ကြောင့် ထိုလေးပါးသော တရားတို့ကိုသာလျှင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သောတရားအပေါင်းတို့၏ ထူးသောအကြောင်းဖြစ်သောကြောင့် အာဟာရ ဟု ဟောတော်မူ၏။

ဋီကာကျော်၊ ၂၂၄။

ဖဿောပိ သုခါဒိ ဝတ္ထုဘူတံ အာရမ္မဏံ ဖုသန္တောယေဝ သုခါဒိဝေဒနာ ပဝတ္တနေန သတ္တာနံ ဌိတိယာ ပစ္စယော ဟောတိ။ မနောသဉ္စေတနာ ကုသလာကုသလကမ္မဝသေန အာယူဟမာနာယေဝ ဘဝမူလ နိပ္ဖာဒနတော၊ သတ္တာနံ ဌိတိယာ ပစ္စယော ဟောတိ။ ဝိညာဏံ ဝိဇာနန္တမေဝ နာမရူပ-ပဝတ္တနေန သတ္တာနံ ဌိတိယာ ပစ္စယော ဟောတီတိ ဧဝမေတေ ယေဝ အဇ္ဈတ္တသန္တာနဿ ဝိသေသ ပစ္စယတ္တာ အာဟာရာတိ ဝုတ္တာ။

ဖဿောပိ၊ ဖဿာဟာရသည်လည်း။ သုခါဒိဝတ္ထုဘူတံ၊ သုခဝေဒနာ အစရှိကုန်သော သုံးပါးကုန်သော ဝေဒနာတို့၏ အကြောင်းဖြစ်၍ဖြစ်သော။ တစ်နည်း- သုခဝေဒနာ အစရှိကုန်သော သုံးပါးကုန်သော ဝေဒနာတို့၏ တည်ရာဖြစ်၍ဖြစ်သော။ အာရမ္မဏံ၊ ကို။

http://www.dhammadownload.com



ဖုသန္တော ယေဝ၊ တွေ့သည်ဖြစ်၍သာလျှင်။ သုခါဒိ ဝေဒနာ ပဝတ္တ-နေန၊ သုခဝေဒနာ အစရှိသည်တို့ကို ဖြစ်စေခြင်းဖြင့်။ သတ္တာနံ၊ တို့၏။ ဌိတိယာ၊ ကြာမြင့်စွာတည်ခြင်းငှာ။ ပစ္စယော၊ နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။

မနောသဉ္စေတနာ၊ သည်။ ကုသလာကုသလ ကမ္မဝသေန၊ ဖြင့်။ အာယူဟနမာနာ ယေဝ၊ အားထုတ်သည်ဖြစ်၍သာလျှင်။ ဘဝမူလ-နိပ္ဖာဒနတော၊ ဘုံသုံးပါး၌ တည်ခြင်းကို ပြီးစေတတ်သောကြောင့်။ တစ်နည်း- ဘဝ၏အကြောင်းရင်းဖြစ်သော ပဋိသန္ဓေကို ပြီးစေတတ်သောကြောင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဌိတိယာ၊ ငှာ။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဝိညာဏံ၊ သည်။ ဝိဇာနန္တမေဝ၊ အာရုံကိုသိတတ်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ နာမရူပ ပဝတ္တနေန၊ နာမ်ရုပ်ကို ဖြစ်စေသဖြင့်။ သတ္တာနံ၊ တို့၏။ ဌိတိယာ၊ ငှာ။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဧဝံယထာဝုတ္တနယေန၊ ဖြင့်။ ဧတေ ယော စတ္တာရော၊ တို့ကိုသာလျှင်။ အဇ္ဈတ္တသန္တာနဿ၊ ဣန္ဒြိယဗဒ္ဓ သန္တာန်၌ဖြစ်သော ရူပကာယ အစရှိသောတရားတို့၏။ ဝိသေသပစ္စယတ္တာ၊ ထူးသောပစ္စည်းဖြစ်သည်၏ အဖြစ်ကြောင့်။ အာဟာရာတိ၊ တို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။

အမှာ။ ။မိမိတို့၏ ပစ္စယုပ္ပန်တရားတို့ကို ဆောင်တတ်ကုန်သော တစ်ပါးကုန်သော တရားတို့ရှိကုန်သော်လည်း ဤလေးပါးသော တရားတို့ကိုသာလျှင် အာဟာရဟူ၍ ဆိုရခြင်းမှာ မိမိနှင့်စပ်သော တရားအပေါင်းအား အထူးသဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့် ဤ ရုပ်အာဟာရ နာမ်အာဟာရ တရားလေးပါးတို့ကိုသာလျှင် အာဟာရဟူ၍ ဆိုအပ်၏။

ဋီကာကျော်၊ ၂၂၄။

ကိဉ္စာပိ သကသက ပစ္စယုပ္ပန္နေ အာဟာရန္တာ အညေပိ အတ္ထိ။ အဇ္ဈတ္တိက သန္တတိယာ ပန ဝိသေသပစ္စယတ္တာ ကဗဠီကာ(?) ယေဝ စတ္တာရော အာဟာရာတိ ဝုတ္တာ။

http://www.dhammadownload.com



အဓိပ္ပာယ်ကား....

သတ္တဝါတို့၏ ရူပကာယ၏ ငါ ကံအစရှိသော ဝါ၊ ကံ စိတ် ဥတု သည် ဖြစ်စေအပ်သော်လည်း၊ ကဗဠီကာရ အာဟာရ၏အထောက်အပံ့ အစွမ်းကြောင့်သာလျှင် ကဗဠီကာရအာဟာရသည် ရူပကာယ၏ဝိသေသ- သပစ္စယ ဖြစ်၏ဟူလို။

မဏိမဥ္ဇူ၊ ဒို၊ နှ၊ ၂၆၀ ၌....

တထာဟိတိ ကဗဠီကာရဟာရိယာ ရူပကာယော ပတ္ထမ္ဘက- ဘာဝတော ဧဝ။

ဟု ဖွင့်၏။

**မှာထားချက်....**

ဤ အာဟာရပစ္စည်း၌ အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ ဟူသော သင်္ဂဟပါဠိ (သို့မဟုတ်) ဒေသနာတော်သည် အသည်သတ် ဗြဟ္မာတို့အား သဟဇာတာဟာရ၏ မဖြစ်သင့်သော ကြောင့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဟူသော ဒေသနာတော်နှင့် ဆန့်ကျင်နေသည်ဟု ဆိုဖြီးအံ့။

အာဟာရပစ္စည်း တပ်သောကြောင့် သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာဟု ဟောတော်မူသည် မဟုတ်။

နာမ်အာဟာရ တရားသုံးပါးတို့တွင်....

မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့်ဖြစ်သော ကံ၏ လည်း ကောင်း၊ ထိုကံနှင့်တကွဖြစ်သော ဖဿာဟာရ ဝိညာဏာဟာရတို့၏ လည်းကောင်း၊ ကမ္မပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်၏အဖြစ်ဟု ဆိုအပ် သော အကြောင်းကိုယူ၍ ခပ်သိမ်းသောသတ္တဝါတို့၏ အာဟာရဟု ဆိုအပ်သော တည်ရာတည်ကြောင်း ရှိသည်၏အဖြစ်ကို ဟောတော်မူ သည်၏ အဖြစ်ကြောင့် မဆန့်ကျင်ဟူ၍ မှတ်အပ်၏။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ၌....

အာဟာရဋ္ဌိ သဒ္ဒါသည် အယမာဟာရော အနုပ္ပန္နဿ ကာမ ဆန္ဒဿ ဥပါဒါယ စသည်တို့ကဲ့သို့ ပစ္စယအနက် ရှိ၏။ အာဟာရ

http://www.dhammadownload.com



ပစ္စယာ ဟူသော ပုဒ်ကဲ့သို့ အာဟာရပစ္စည်း ဟူသော အနက်မရှိပေ။ ထို့ကြောင့် အာဟာရတော ဋ္ဌိတိ တေသန္တိ အာဟာရဋ္ဌိတိကာ ပြုကြလေ။

တေသံ၊ ထိုသတ္တဝါတို့အား။ အာဟာရတော၊ ကံ တည်းဟူသော အကြောင်းကြောင့်။ ဋ္ဌိတိ၊ တည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုထို သတ္တဝါတို့သည် ကံ တည်းဟူသော အကြောင်းကြောင့် တည်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရဋ္ဌိတိကာ မည်ကုန်၏။

အထူးမှတ်ရန်။ ။အာဟာရ် လေးပါး၌ အကျုံးဝင်သော မနော
သဉ္စေတနာဟာရသည် နာနာက္ခဏိက ကမ္မပစ္စည်း၊
ပကတူပနိဿယပစ္စည်း တပ်သော စေတနာတည်း။

နဝမအာဟာရ သုံးပါး၌ အကျုံးဝင်သော စေတနာကား သဟဇာတပစ္စည်းတပ်သော စေတနာတည်း။ ။

ဿဿဿဿဿဿဿဿဿဿ

## ဣန္ဒြိယ-ပစ္စည်း

ဣန္ဒတ္တ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။

(ဣဒိ၊ ဓာတ်။ ဏျ၊ ပစ္စည်း။ ဣ အက္ခရာရှိသော ဓာတ်ဖြစ်သောကြောင့် ရှေး၌ ဗိန္ဒုလာ နု ပြု။ ဒြေ ဒယ ဟူသော သဒ္ဒနီတိ သုတ်ဖြင့် ဒ္ဒ ကို ဒြ ပြု။ ဣ သို့ကပ်။ ဒ ဒြ သို့ကပ်။ ဏ၊ အနုဗန်ကို ချေ။ ဣန္ဒြိယပြီးစေ။) ချောင်းဆုံဂဏ္ဌိ အဝ၊ ဣဒိ-ဓာတ်၏ အရကား ကမ္မ ဣန္ဒြိယ ကြွင်းသော သဟဇာတ မျိုး (၁၃) ပစ္စယသတ္တိ ရ၏။ ဏျပစ္စည်း အရကား ထိုသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တရ၏။

ဋီကာကျော် ၂၂၂ ၌ကား....

ဿဟဇာတေဟိ အတ္တာနံ အနုဝတ္တာ ပေန္တာ ဓမ္မာ ဣဿ
ရဇ္ဇေန ဣန္ဒြိယာနိ၊ နာမာတိအဓိပ္ပာယော။ စက္ခုန္ဒြိယန္တျာဒိ။
ဟူ ဖွင့်ပြ၏။

http://www.dhammadownload.com



သဟဇာတေဟိ၊ တို့ကို။ အတ္တာနံ၊ မိမိသို့။ အနုဝတ္တာပေန္တာ၊ လိုက်စေတတ်ကုန်သော။ မေ္ဘာ၊ တို့သည်။ ဣဿရဋ္ဌေန၊ အစိုးရခြင်းဟူသော အနက်ကြောင့်။ ဣန္ဒြိယာ ဣတိနာမ၊ မည်ကုန်၏။ ဣတိတသ္မာ ကြောင့်။ စက္ခုန္ဒြိယန္တ္တာဒိံ၊ ကို။ အာဟ၊ ပြီ။ ။

အဓိပ္ပာယ်ကား....

ဣဿရဋ္ဌေန - ဟူသော ဟိတ်ပါဠိဖြင့် ဣန္ဒြိယသဒ္ဒါ သည် အစိုးရခြင်း အနက်ကို ဟောတတ်သော အနိပ္ဖန္နပါဋိပဒိကမုဒ်တည်း။

တစ်နည်း- နိပ္ဖန္နပါဋိပဒိပုဒ်။

ဣဿတိ စက္ခုဝိညာဏာဒိနံ အတ္တနော ဝသေ ဝတ္တာပနဝသေန အဓိပတိဘာဝတိတိ ဣဿိယံ။

ယံဓမ္မဇာတံ၊ အကြင် စက္ခုအစရှိသော တရားအပေါင်းသည်။ စက္ခုဝိညာဏာဒီနံ၊ တို့ကို။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလိုသို့။ ဝတ္တာပနဝသေန၊ လိုက်စေခြင်း၏ အစွမ်းအားဖြင့်။ ဣဿတိ အဓိဘဝတိ၊ နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဣဿိယံ၊ မည်၏။

(ဣသ-ဓာတ်၊ ဏျပစ္စည်း။ ကတ္တားဟော၊ ဣဿိယံဟူ၍ဆိုအပ်လျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယံဟု ဆိုအပ်သတည်း။)

မဏိမဥ္ဇူ၊ ဒု-၂၄၈

ဣဿရဋ္ဌေနာတိ ဣဿရသဒ္ဒါတေန အတ္တေန ဣဿယ-ဘာဝေနဝါ ဟေတုဘူတေန တေန ဣန္ဒြိယသဒ္ဒေါ ဣဿရဋ္ဌဝါစကော အနိပ္ဖန္နပါဋိပဒိကောတိ ဒဿေ-တိ။ နိပ္ဖန္နပါဋိပဒိကောတိဝါ။ ဣဿတိ စက္ခုဝိညာ-ဏာဒီနံ အတ္တနော ဝသေ ဝတ္တာပနဝသေန အဘိ-ဘဝတိတိ ဣဿိယံ။ ကတ္တရိဏျပစ္စယော၊ နိရုတ္တိနယေန ပန ဣန္ဒြိယန္တိ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။
ကိံ ဣဿယဋ္ဌော ဝ ဣန္ဒြိယဋ္ဌော၊ ဥဒါဟု အညော္တော ပီတိ အာဟ။ အဓိကတာယံ ပနာတိအာဒိ။ တတ္ထ-အဓိကတာယန္တိ သမ္မောဟဝိနောဒနီ အဋ္ဌကထာယံ။

http://www.dhammadownload.com



ဤစကားအရ ဣဿယဋ္ဌမှတစ်ပါး အညတ္ထ ရှိသည်၏အဖြစ်ကို သမ္မောဟဋ္ဌ၊ ၁၁၉-၌....

ကော ပနေသ ဣန္ဒြိယတ္ထော နာမာတိ။ ဣန္ဒလိင်္ဂတ္ထော ဣန္ဒြိယတ္ထော၊ ဣန္ဒဒေသိတတ္ထော ဣန္ဒြိယဋ္ဌော၊ ဣန္ဒဒိဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒသိဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒဇုဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော၊ သော သဗ္ဗောပိ ယထာယောဂံ ယုဇ္ဇတိ။

ဟူ၍ ဖွင့်ပြ၏။ ထိုငါးပါးသော အနက်တို့သည် ဣန္ဒြိယသဒ္ဒါ၏ အနက်တို့ပင်တည်း။

ထိုငါးပါးတို့တွင် ဣန္ဒလိင်္ဂဋ္ဌ၊ ဣန္ဒသိဋ္ဌဋ္ဌ ဤနှစ်ပုဒ်၌ ဣန္ဒ-သဒ္ဒါသည် ကံကြောင့်ဖြစ်သော ဣန္ဒြေတို့၏ အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံကို ဟော၏။ ကြွင်းသော ဣန္ဒဒေသိတဋ္ဌ၊ ဣန္ဒ-ဒိဋ္ဌဋ္ဌ၊ ဣန္ဒဇုဋ္ဌဋ္ဌ သုံးပုဒ်တို့ကား မြတ်စွာဘုရားကို ဟော၏။

ထို့ကြောင့် သမ္မောဟဋ္ဌ၊ ၁၁၉-၌

ဘဂဝါ ဟိ သမ္မာသမ္ဗုဒ္ဓေါ ပရမိဿရိယဘာဝတော ဣန္ဒော၊ ကုသလာ ကုသလဉ္စ ကမ္မံ ကမ္မေသု ကဿစိ ဣဿရိယာဘာဝတော၊ တေနေဝေတ္ထ ကမ္မသဉ္ဇနိ-တာနိ ဣန္ဒြိယာနိ ကုသလာ ကုသလ ကမ္မံ ဥလ္လိင်္ဂေန္တိ၊ တေန စ သိဋ္ဌာနီတိ ဣန္ဒလိင်္ဂဋ္ဌေန ဣန္ဒသိဋ္ဌဋ္ဌေန စ ဣန္ဒြိယာနိ။

သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားကို သိတော်မူသော။ ဘဂဝါ၊ သည်။ ပရမိဿရိယ ဘာဝတော၊ သူတစ်ပါးတို့ကို အစိုးရတော်မူသည်၏အဖြစ်ကြောင့်။ ဣန္ဒော၊ ဣန္ဒ မည်တော်မူ၏။ ကုသလာကုသလံ၊ ဆိုအပ်သော။ ကမ္မဉ္စ၊ ကံသည်လည်း။ ကမ္မေသု၊ ကုသိုလ် အကုသိုလ်တို့၌။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ ဣဿရိယာဘာဝတော၊ အစိုးရခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ဣန္ဒော၊ မည်၏။ ဧတ္ထ၊ ဤနှစ်ပါးသော ဣန္ဒြေတို့တွင်။ ကမ္မသဉ္ဇနိတာနိ၊ ကံကြောင့်ဖြစ်ကုန်သော။ ဣန္ဒြိယာနိ၊ တို့တည်း။ ကုသလာကုသလကမ္မံ၊

http://www.dhammadownload.com



ကို။ ဥလ္လိင်္ဂေန္တိ၊ သိစေတတ်ကုန်၏။ တေန၊ ထိုကုသိုလ် အကုသိုလ်ကံသည်။ သိဒ္ဓာနိစ၊ စီရင်အပ်ကုန်၏(ဝါ) ဖြစ်စေအပ်၏။ ဣတိ၊ ဤသို့။ ကူန္ဒလိင်္ဂေန္တေနစ၊ ကုသိုလ် အကုသိုလ်ကို သိစေတတ်သော အနက်ကြောင့် လည်းကောင်း။ ကူန္ဒသိဒ္ဓတ္တေနစ၊ ကုသိုလ် အကုသိုလ်ကံသည် စီရင်အပ်သော အနက်ကြောင့်လည်းကောင်း။ကူန္ဒြိယာနိ၊ မည်ကုန်၏။

ဤအလို ကူန္ဒံ လိင်္ဂေတီတိ လိင်္ဂံ။ ကူန္ဒာ လိင်္ဂီယတိ ဂမေတိ ဓေတေနာတိ ဝါ လိင်္ဂံ။ ....ဟူပြု။

ယံကူန္ဒြိယံ၊ အကြင်ကံကြောင့်ဖြစ်သော ကူန္ဒြေသည်။ ကူန္ဒံ၊ အကြောင်းဖြစ်သော ကုသိုလ်,အကုသိုလ် ကံကို။ လိင်္ဂေတိ ဂမေတိ၊ သိစေတတ်၏။ ဝါ၊ တစ်နည်းကား။ တေန၊ ထိုကံအကြောင်း ဖြစ်သော ကူန္ဒြေဖြင့်။ ကူန္ဒာ၊ အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ် ကံကို။ လိင်္ဂီယတိ၊သိစေအပ်၏။ ဣတိ-တသ္မာ၊ ထိုသို့သိစေအပ်သည်၏ အဖြစ်ကြောင့်။ တစ်နည်း၊ သိကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ တံကူန္ဒြိယံ၊ ထိုကံကြောင့်ဖြစ်သော ကူန္ဒြေသည်။ လိင်္ဂံ၊ မည်၏။

ကူန္ဒသ လိင်္ဂံ ကူန္ဒလိင်္ဂံ ဟု အဋ္ဌီတပ္ပုရိသ် သမာသ်ပြုပါဟု ဆိုလိုသည်။

ထိုကြောင့် သမ္မောဟဝိနောဒနီ၊ ၃၈ ၌။

လိင်္ဂေတိ ဂမေတိ ဉာပေတီတိ လိင်္ဂံ၊ လိင်္ဂီယတိ ဓေတေနာတိ လိင်္ဂံ၊ ကိံ လိင်္ဂေတိ၊ကိဉ္စဝါ လိင်္ဂီယတိတိ ကူန္ဒံ ကူန္ဒေန္တာဝါ။ ကူန္ဒသ လိင်္ဂံ ကူန္ဒလိင်္ဂံ၊ ကူန္ဒလိင်္ဂသ အတ္ထော တံ သဘာဝေါ ကူန္ဒလိင်္ဂတ္ထော၊ကူန္ဒလိင်္ဂမေဝဝါ ကူန္ဒြိယသဒ္ဒသ အတ္ထော၊ ကူန္ဒလိင်္ဂတ္ထော။

ဟု ဖွင့်၏။

အဓိပ္ပာယ်ကား....

အဋ္ဌီတပ္ပုရိသ် အခိုက်၌ အတ္ထော ဟူသောပုဒ်သည် သဘာဝ အနက်ကို ဟော၏။

အဝဓာရဏ ကမ္မဓာရည် အခိုက်၌ အတ္ထော ဟူသောပုဒ်သည် ပစ္စတ္ထ ကို ဟော၏။

http://www.dhammadownload.com



ဆိုလိုရင်းကား....

အကြောင်းဖြစ်သော ဂံကို သိစေတတ်သော သဘော။
အကြောင်းဖြစ်သော ဂံကို သိစေတတ်သောအနက်ကို ယူပါ။
ဟူလို။ ။

ဤဆိုအပ်ပြီးသည်ကား- အတ္ထုဒ္ဓါရ အဓိပ္ပာယ်တည်း။

**ဣန္ဒြိယပစ္စည်း၌ အလိုရှိအပ်သော အဓိပ္ပာယ်ကား....**

ထိုထိုသို့သော ဒဿန သဝန စသော ကိစ္စကြောင့် စက္ခုဝိညာဏ် သောတဝိညာဏ် အစရှိသော ပစ္စယုပ္ပန်တရားတို့ကိုမိမိအလိုသို့ လိုက်စေခြင်းဟု ဆိုအပ်သော အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဣတ္ထိန္ဒြေ ပုရိသိန္ဒြေသည် ကြဉ်အပ်သော (၂၀)သော ဣန္ဒြေ တရားတို့သည် တစ်နည်း ဣန္ဒြေတရား ကိုယ်(၁၆)ပါးတို့သည် ဣန္ဒြိယပစ္စည်း မည်၏။

ထို့ကြောင့် ဋီကာကျော်၊ ၂၄၄ ၌....

တေသု တေသု ကိစ္စေသု ပစ္စယုပ္ပန္နဓမ္မေဟိ အတ္တာနံ အနုဝတ္တာပနသင်္ခါတာ အဓိပတိယဋ္ဌေန ပစ္စယော ဣန္ဒြိယပစ္စယော။

တေသု တေသု ကိစ္စေသု၊ ထိုထိုသို့သော ရူပါရုံကို ရှုခြင်းအစရှိကုန်သော ကိစ္စတို့ကြောင့်။ ပစ္စယုပ္ပန္နဓမ္မေဟိ၊တို့ကို။အတ္တာနံ၊ မိမိသို့။ အနုဝတ္တာပနသင်္ခါတာ အဓိပတိယဋ္ဌေန၊ အစဉ်လိုက်စေခြင်းဟု ဆိုအပ်သော အစိုးရခြင်းဟု ဆိုအပ်သော အနက်ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဣန္ဒြိယပစ္စယော၊ မည်၏။

ပဋ္ဌာနပါဠိ၊ ၃၅၁ ၌လည်း...

အဓိပတိယဋ္ဌေန ဥပကာရကာ ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယ ဝဇ္ဇာဝီသတိ ဣန္ဒြိယာ ဣန္ဒြိယပစ္စယော တတ္ထ စက္ခုန္ဒြိယာ ဒယော ပဉ္စ အရူပဓမ္မာနံ ယေဝ ယေသာရူပါရူပါနံ ပစ္စယာ ဟောန္တိ။

http://www.dhammadownload.com



ယထာဟ စက္ခုန္ဒြိယံ စက္ခုဝိညာဏ ဓာတုယာ ။လ။ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယ ပစ္စယေနပစ္စယော။ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ ကဋတ္တာစရူပါနံ ဣန္ဒြိယ ပစ္စယေနပစ္စယောတိပိ စုတ္တံ။

ဿဿဿဿဿဿဿဿ

## ဣတ္ထိန္ဒြေ-ပုရိသိန္ဒြေတို့ ဣန္ဒြိယပစ္စည်း မထိုက်။

ဣတ္ထိန္ဒြေ-ပုရိသိန္ဒြေ တို့သည် ဣတ္ထိလိင် နိမိတ္တ ပုရိသလိင် နိမိတ္တ စသည်တို့၏ အကြောင်း မဖြစ်သော်လည်း ကလလရေကြည် အစရှိသောကာလ၌ ထိုဣန္ဒြေတို့သည် ထင်ရှားရှိလျက် ဣတ္ထိလိင် ပုရိသလိင် စသည်တို့၏ ထင်ရှားသည်၏အဖြစ်ကြောင့် ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ဣတ္ထိလိင် ပုရိသလိင်တို့အား ဣန္ဒြိယပစ္စည်းအဖြစ်ကို မပြီးစေနိုင်၊ တစ်ပါးကုန်သော မိမိနှင့် သဟဇာတ်ဖြစ်ကုန်သော ရုပ်တရားတို့အားလည်း ဣန္ဒြိယပစ္စည်းမတပ်နိုင်။

အကြင်ကြောင့် ဣန္ဒြိယပစ္စည်းသည် မိမိ၏ ထင်ရှားရှိသော ခဏ၌ အသီးအခြား မခွဲဝေကောင်းသော ရုပ်နာမ်တရားတို့အား ဣန္ဒြိယပစ္စည်းအဖြစ်ကို မပြီးစေနိုင်သော မည်သည်မရှိ။ ထို့ကြောင့် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မထိုက်ကုန်။

ပဋ္ဌာန ဌ၊ ၃၇၈။

ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာနိ ပန ကိဉ္စာပိ ဣတ္ထိလိင် ပုရိသလိင်္ဂါဒီနံ ဗီဇဘူတာနိ ကလလာဒိကာလေ ပန ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင် ပုရိသလိင်္ဂါနံ အဘာဝါ တာနိ တေသံ န အညေသံ ဣန္ဒြိယပစ္စယတံ ဖရန္တိ။ ဣန္ဒြိယပစ္စယော ဟိ

http://www.dhammadownload.com



အတ္တနော ဝိဇ္ဇမာနက္ခဏေ အဝိနိဗ္ဘုတ္တ ဓမ္မာနံ ဣန္ဒြိယပစ္စယတာ အဖရန္တော နာမ နတ္ထိ၊ တသ္မာ တာနိ ဣန္ဒြိယပစ္စယာ န ဟောန္တိ။

ကာယိန္ဒြိယပုရိသိန္ဒြိယာနိ၊ တို့သည်။ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ၊ စသည်တို့၏။ ဝါ၊ ဣတ္ထိလိင်္ဂ ဣတ္ထိနိမိတ္တ ဣတ္ထိကုတ္တ ဣတ္ထာကပ္ပ၊ ပုရိသလိင်္ဂ ပုရိသနိမိတ္တ ပုရိသကုတ္တ ပုရိသာကပ္ပ တို့၏။ ဗီဇဘူတာနိ၊ အကြောင်းရင်းဖြစ်၍ ဖြစ်ကုန်သည်။ ကိဉ္စာပိဟောန္တိ၊ ရှင့်။ မန-တထာပိ၊ သော်လည်း။ ကလလာဒိကာလေ၊ ကလလရေကြည်တည်သောကာလ စသည်တို့၌။ တေသု၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့-သည်။ ဝိဇ္ဇာမာနေသုပိ၊ ထင်ရှားပါကုန်သော်လည်း။ ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂါနံ၊ တို့၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ တာနိ၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့သည်။ တေသံ၊ ထိုဣတ္ထိလိင်္ဂ ပုရိသလိင်္ဂ စသည်တို့အား။

ဣန္ဒြိယပစ္စယတာ၊ ဣန္ဒြိယပစ္စည်းအဖြစ်ကို။ နဖရန္တိ၊ မနှံ့ကုန်။ ဟိ၊ ဆက်၍ဆိုဦးအံ့။ ဣန္ဒြိယပစ္စယော၊ သည်။ ဝိဇ္ဇမာနက္ခဏေ၊ ထင်ရှားရှိသောခဏ၌။ အဝိနိဗ္ဘုတ္တဓမ္မာနံ၊ အသီးအခြား မခွဲဝေကောင်းသော ရုပ်နာမ်တရားတို့အား။ ဣန္ဒြိယပစ္စယတာ၊ ကို။ အဖရန္တော နာမ၊ မနှံ့သည်မည်သည်။ ဝါ၊ မပြီးစေအပ်သည်မည်သည်။ နတ္ထိ၊ ၏။ တသ္မာ၊ ထိုသို့ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏ ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂ စသည်တို့အားလည်းကောင်း၊ ထိုဣတ္ထိလိင်္ဂ ပုရိသလိင်္ဂ စသည်တို့မှ တစ်ပါးသော ကလာပ်တူဖြစ်သော ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယ-ပစ္စည်း၏အဖြစ်ကို မပြီးစေနိုင်သည်၏ အဖြစ်ကြောင့်။ တာနိ၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့သည်။ ဣန္ဒြိယပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ဆိုလိုရင်းကား....

ဣတ္ထိဟု သိခြင်း ယူခြင်း၏ အကြောင်း၊ ပုရိသဟု သိခြင်း ယူခြင်း၏ အကြောင်းတို့သည် မူလကာရဏ၊ အာသန္နကာရဏ အားဖြင့် နှစ်ပါး အပြားရှိ၏။

http://www.dhammadownload.com



ထိုနှစ်ပါးတို့တွင်....

ကုက္ကုဋ္ဌိန္ဒြေ ပုရိသိန္ဒြေ သည် မူလကာရဏ။
ကုက္ကုဋ္ဌလိင် ပုရိသလိင် တို့သည် အာသန္နကာရဏ။

မူလကာရဏ ဖြစ်သော ကုက္ကုဋ္ဌိန္ဒြေ ပုရိသိန္ဒြေတို့သည် ကလလကာလ၌ ရှိသော်လည်း အာသန္နကာရဏ ဖြစ်သော ကုက္ကုဋ္ဌလိင် ပုရိသလိင် စသည်တို့၏ မရှိခြင်းကြောင့် ကုန္ဒြိယဖွဲ့စည်းမှုတပ် ဟူလို။

ကုက္ကုဋ္ဌလိင် ပုရိသလိင်

မိန်းမတို့၏ အင်္ဂါဇာတ်သည် ကုက္ကုဋ္ဌလိင်၊
မိန်းမတို့၏ အသံ အလိုတို့သည် ကုက္ကုဋ္ဌနိမိတ္တ၊
မိန်းမတို့၏ မသန့်ရှင်းသောသွားခြင်းဆိုင်ခြင်းသည် ကုက္ကုဋ္ဌကုတ္တ၊
မိန်းမတို့၏ သေးသွယ်သောခြေလက် ပြေဆက်ချောလှ သားမြတ်စသော သဏ္ဌာန်သည် ကုက္ကုဋ္ဌာကပ္ပ။
ပုရိသလိင် စသည်တို့ကိုလည်း ဆိုအပ်ပြီးသောနည်းဖြင့် သိလေ။

ဋီကာကျော်၊ ၁၉၇။

ကုက္ကုဋ္ဌိန္နံ အင်္ဂဇာတံ ကုက္ကုဋ္ဌလိင်္ဂံ၊ သရာဝိပ္ပာယာ ကုက္ကုဋ္ဌနိမိတ္တံ၊ ကုက္ကုဋ္ဌိတိ သဒ္ဒာနနုသာ ပဇ္ဇယဘာဝတော၊ အဝိသဒဒ္ဒါနဂမန နိသဇ္ဇာဒိ ကုက္ကုဋ္ဌကုတ္တံ။ ကုက္ကုဋ္ဌသဏ္ဌာနံ ကုက္ကုဋ္ဌာကပ္ပေါ။ ပုရိသလိင်္ဂါဒီနိပိ ဝုတ္တနယေန ဒဋ္ဌဗ္ဗာနိ။

အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၃၅၇။

သေးသွယ်သော ခြေလက်ရှိသော သဏ္ဌာန်သည် ကုက္ကုဋ္ဌလိင်။
ပြုံးရယ်ခြင်းစသည်သည် ကုက္ကုဋ္ဌနိမိတ္တ။
ဖန်းဝယ် ဆန်ကောဝယ် စသည်တို့ဖြင့် ကစားခြင်းသည် ကုက္ကုဋ္ဌကုတ္တ။
သွားခြင်း လှခြင်းစသော အမူအရာသည် ကုက္ကုဋ္ဌာကပ္ပ။

http://www.dhammadownload.com



တတ္ထ လိင်္ဂန္တိ သဏ္ဌာနံ၊ ဣတ္ထိယာ ဟိ ဟတ္ထပါဒဂီဝါဥရာဒီနံ သဏ္ဌာနံ န ပုရိသော ဝိယ ဟောတိ။ ဣတ္ထီနဉှိ ဟေဋ္ဌိမကာယော ဝိသဒေါ ဟောတိ။ ဥပရိမကာယော အဝိသဒေါ၊ ဟတ္ထပါဒါ ခုဒ္ဒကာ၊ မုခံ ခုဒ္ဒကံ။ နိမိတ္တန္တိ သဉ္ဇာနနံ၊ ဣတ္ထီနဉှိ ဥရမံသံ အဝိသဒံ ဟောတိ၊ မုခံ နိမ္မဿုဒါဌိကံ၊ ကေသဗန္ဓ-ဝတ္ထဂ္ဂဟဏမ္ပိ န ပုရိသာနံ ဝိယ ဟောတိ။ ကုတ္တန္တိ ကိရိယာ၊ ဣတ္ထိယော ဟိ ဒဟရကာလေ သုပ္ပကမုသလကေဟိ ကီဠန္တိ၊ စိတ္တဓီတလိကာယ ကီဠန္တိ။ မတ္တိကဝါကေန သုတ္တကံ နာမ ကန္တန္တိ။

အာကပ္ပေါတိ ဂမနာဒိအာကာရော၊ ဣတ္ထိယော ဟိ ဂစ္ဆ-မာနာ အဝိသဒါ ဂစ္ဆန္တိ၊ တိဋ္ဌမာနာ နိပဇ္ဇမာနာ နိသီဒမာနာ ခါဒမာနာ ဘုဉ္ဇမာနာ အဝိသဒါ ဘုဉ္ဇန္တိ။

ဆရာတော်ကြီး ပေါင်းချုပ်၍ ပြကာကျော်လာ ၁၆၇။

လိင်္ဂံဟတ္ထာဒိ သဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တာသုပ္ပါဒိနာကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။

ဟတ္ထာဒိသဏ္ဌာနံ၊ လက်အစရှိသောသဏ္ဌာန်သည်။ လိင်္ဂံ၊ လိင် မည်၏။ မိဟိတာဒိကံ၊ ပြုံးရယ်ခြင်းအစရှိသည်သည်။ နိမိတ္တံ၊ မည်၏။ သုပ္ပါဒိနာ၊ ဇန်းငယ် ဆန်ကောငယ်စသည်ဖြင့်။ ကီဠာ၊ ကစားခြင်းသည်။ ကုတ္တံ၊ မည်၏။ ဂမနာဒိကံ၊ သွားခြင်းအစရှိသည်သည်။ အာကပ္ပေါ၊ အာကပ္ပ မည်၏။

ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၇၇ ၌လည်း....

ဣတ္ထိဘာဝလက္ခဏံ ဣတ္ထိန္ဒြိယံ၊ ဣတ္ထီတိ ပကာသနရသံ၊ ဣတ္ထိလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝပစ္စုပဋ္ဌာနံ ။လ။ တဒုဘယမ္ပိ ကာယပသာဒေါ ဝိယ သကလသရီရံ ဗျာပကမေဝ၊ န စ ကာယပသာဒေန ဌိတောကာသေ ဌိတန္တိ-ဝါ၊ အဋ္ဌိတောကာသေ ဌိတန္တိ ဝါတိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။ ရူပရသာဒယော ဝိယ အညမညံ သင်္ကရော နတ္ထိ။ ။

လိုရင်းကိုသာ အနက်ကို ပြဆိုပါအံ့။

http://www.dhammadownload.com



တံဒုကာယမ္ပိ၊ ထိုနှစ်ပါးစုံသည်လည်း။ ကာယပသာဒေါဝိယ၊ ကဲ့သို့။ သကလသရီရံ၊ တစ်ကိုယ်လုံးကို။ ဗျာပကမေဝ၊ နှံ့၍တည်သည် သာလျှင်တည်း။ ကာယပသာဒေန၊ သည်။ ဋ္ဌိတောကာသေ၊ တည်ရာ အရပ်၌။ ဋ္ဌိတန္တိ ဝါ၊ တည်၏ဟူ၍လည်းကောင်း။ အဋ္ဌိတောကာသေ၊ တည်ရာအရပ် မဟုတ်သည်၌။ အဋ္ဌိတန္တိ ဝါ၊ မတည်ဟူ၍လည်းကောင်း။ ဝတ္တုံ့ဝတ္တုံ၊ ဆိုအပ်သည်၏အဖြစ်သို့။ န အာပဇ္ဇတိ၊ မရောက်။ ရူပရသာ-ဒယောဝိယ၊ တို့ကဲ့သို့။ အညမည်၊ အချင်းချင်း။ သင်္ကရော၊ ရောယှက် ခြင်းသည်။ နတ္ထိ၊ မရှိ။

အဓိပ္ပာယ်ကား....

မိန်းမ၌ ကာတ္တိဘော၊ ယောကျ်ား၌ ပုရိသဘော၊ ဥဘတော ဗျည်းအား တစ်ခုသောစကာ၌ တစ်ခုသောအားဖြင့် ကာယပသာဒ ကဲ့သို့ ပျံ့နှံ့၍ဖြစ်၏။

ထိုသို့ ဖြစ်သော်လည်း အမှိုပြားသောကြောင့် ကာယပသာဒ တည်ရာအရပ်၌ တည်၏ဟူ၍လည်း မဆိုအပ်၊ ရူပရသတို့သည် အမှီ တူလျက်မှုလည်း လက္ခဏာပြားသဖြင့် ထူးကုန်သကဲ့သို့ ထူး၏ဟူ၍ မှတ်ကြကုန်ရာသည်။

ဤအရာ၌....

ဘော ပသာဒ၊ လောဟိတ၊ ဇီဝ သည်းခြေ သုက်။
ကိုယ်လုံးနှံ့ပြား၊ တည်လေရာ၊ ကျမ်းလာ ဖော်ပြထုတ်။

ပေါရာဏစကားနှင့်အညီ....

ကာယပသာဒ ဘာဝဘော ပုမ္ဘာဝ တို့သည် တစ်ကိုယ်လုံးပျံ့နှံ့၍ တည်သည်ဟု ဆိုသော်လည်း ပါဠကဲတောဇော့ဟုဆိုအပ်သော ကမ္မဇ တေဇော၏တည်ရာ အစာသစ်အိမ်၊ ဆံ ခြင်ဖျား၊ ခြေသည်းဖျား၊ လက် သည်းဖျား၊ သွား၊ အရေခြောက်တို့၌မတည်။ ကြွင်းသော ကိုယ်အလုံး ၌သာ ပျံ့နှံ့၍ တည်ကြသည်။

ဋီကာကျော်၊ ၁၉၆။

ကလတရံ ပန ဒ္ဓမေဟွာ ကမ္မဇတေဇဿ ပတိဋ္ဌာနဋ္ဌာနံ ကေသဂ္ဂလောမဂ္ဂ နခဂ္ဂ သုက္ခစမ္မာနိစ အဝ သေသံ သကလ-သရီရံ ဖရိတွာ ပဝတ္တတိ။

http://www.dhammadownload.com



ဧဝံ အန္တေပိ ကူတရေဟိ တာသံသင်္ကာရော န ဟောတိ၊ ဘိန္နနိဿယ လက္ခဏတ္တာ။

ကူတရုံပန၊ ဤမှ တစ်ပါးသော ကာယပသာဒ ရုပ်သည်ကား။ ကမ္ဗဇတေဇသ၊ ကံကြောင့်ဖြစ်သော တေဇော၏။ ပတိဋ္ဌာနုဒ္ဓာနဋ္ဌ၊ တည်ရာအရပ်ကိုလည်းကောင်း။ ကေသဂ္ဂ လောမဂ္ဂ နခဂ္ဂ သုက္ခစမ္မာ- နိစ္စ၊ ဆံဖျား အမွေးဖျား လက်သည်း ခြေသည်းဖျား၊ ခြောက်သော အရေတို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ အဝသေသံ၊ သော။ သကလသရီရံ၊ အလုံးစုံသောကိုယ်ကို။ ဖရိတွာ၊ နှံ့၍။ ပဝတ္တတိ၊ ဖြစ်၏။

ဧဝံ၊ ဤသို့ အလုံးစုံသောကိုယ်ကို နှံ့၍တည်သည်။ သန္တေပိ၊ ဖြစ်သော်လည်း။ ဘိန္နနိဿယလက္ခဏတ္တာ၊ ပြားသော မှီရာလက္ခဏာ ရှိသည်၏အဖြစ်ကြောင့်။ ကူသရေတိ၊ ဤမှ တစ်ပါးကုန်သော ပသာဒ ရုပ်တို့နှင့်။ သင်္ကရော၊ ရောယှက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။

ဓိဝိထိဋ္ဌြာ ရှမ်မှုကား....

ကာယပသာဒတို့ မတည် မရောက်နိုင်သော ပါစကတေဇော နှင့် တကွသော ဥပါဒိန္နက ကိုယ်အားလုံးပ္ပင် ပျံ့နှံ့၍ တည်၏။

ဋီကာကျော်၊ ၁၉၈။

ကူဒံပန သဟ ပါစနဂ္ဂိနာ အနာဝသေသဥပါဒိန္နကာယံ ဗျာပေတွာ ပဝတ္တတိ။

**********

ဓါရဏ္ဍ

အချို့သောဆရာတို့ကား....

ကလလရေကြည်တည်စကာလ၌ပင် လိင်စသည်တို့၏ ထိုကလလ ရေကြည် အခိုက်အတန့်အားလျော်စွာ ရှိသင့်-ရှိထိုက် ကောင်းသည်၏ အဖြစ်ကို အလိုရှိအပ်ကုန်၏။ အကြင် ကလလရေကြည်အခါက မိန်းမ,

http://www.dhammadownload.com



ယောကျ်ား ဟူ၍ လိင်ထင်ရှားရှိသောအဖြစ်ကို သိအပ်ကုန်၏ဟု ယူဆကြကုန်၏။

ဓမ္မသင်္ဂဏီ-မူလဋီ၊ ၁၉၁။

တေ ပန ကလလာဒိကာလေပိ လိင်္ဂါဒီနံ တဒနုရူပါနံ အတ္ထိတံ ဣစ္ဆန္တိ။

ဝင်း အနုဋီ၊ ၂၅၉။

တဒနုရူပါနန္တိ ကလလာဒိအဝတ္ထာနုရူပါနံ အတ္ထိ တံ ဣစ္ဆန္တိ။ တတော ဣတ္ထိပုရိသောတိ ပကတိဝိဘာဂေါ ဝိညာယတီတိ တေသံ အဓိပ္ပါယော။ ။

တေပန၊ ထိုအချို့သောဆရာတို့သည်ကား။ ကလလကာလေပိ၊ ၌လည်း။ တဒနုရူပါနံ၊ ဣတ္ထိကလလ-ပုရိသကလလ အခိုက်အတန့်တို့အားလျော်စွာ။ လိင်္ဂါဒီနံ၊ ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂစသည်တို့၏။ အတ္ထိတံ၊ ရှိသည်၏အဖြစ်ကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။

တဒနုရူပါနန္တိ။လ။ ဣစ္ဆန္တိ၊ ဟူသည်ကား။ တတော၊ အကြင်ကလလရေကြည်ကာလမှ။ ဣတ္ထိပုရိသောတိ၊ ဟူ၍။ ပကတိဝိဘာဂေါ၊ ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂ ထင်ရှားသောအဖြစ်ကို။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ အလိုတည်း။

ကေစိဆရာတို့ အလိုကား....

ကလလရေကြည် စွဲတည်သောအခါကပင်လျှင် ဘာဝ ရုပ်တို့နှင့် လိင်္ဂတို့သည် အဝိနိဗ္ဘုတ္တ ဓမ္မ ဝိဇ္ဇာမာန ဖြစ်သောကြောင့် ဣန္ဒြိယ တပ်ထိုက်၏ ဟူလို...။

ပုနပ္ပုန္န ဝိစာရေတဗ္ဗံပြုကြလေဟု ချောင်းဆုံ ဂဏ္ဍီဆရာမှာတော်မူ၏။

* * * * * * * * * * *

http://www.dhammadownload.com



## အဓိပတိနှင့် ဣန္ဒြိယ အထူး

အဓိပတိ အစိုးရခြင်းကား....

တစ်ပါးသော အဓိပတိတို့၏ အဓိပတိ သတ္တိကို ဖြစ်၍ အစိုးရသည်။

ဣန္ဒြိယ အစိုးရခြင်းကား....

တစ်ပါးသော ဣန္ဒြေတို့၏ ဣန္ဒြိယ သတ္တိကို မဖြစ်မူ၍ အစိုးရသည်။ စင်စစ်မှုကား- စက္ခုဣန္ဒြေစသည်တို့၏ ဒဿနကိစ္စစသည်တို့၌ စက္ခုဝိညာဏ်စသည်တို့ကိုအစဉ်လိုက်စေခြင်းမျှကို အစိုးရသည်၏အဖြစ်ဟု ဆိုလိုသည်။

ဋီကာကျော်၊ ၂၂၄။

အညေသံ အဓိပတိဓမ္မာနံ အဓိပတိဘာဝ နိဝါရဏာ ဝသေန ဣဿရိယံ အဓိပတိတာ၊ သန္တေသုပိ ဣန္ဒြိယန္တရေသု ကေဝလံ ဒဿနာဒီသု စက္ခုဝိညာဏာဒီဟိ အနုဝတ္တာပနမတ္တံ ဣန္ဒြိယတာတိ အယံ အဓိပတိ ဣန္ဒြိယာနံ ဝိသေသော။

ဤ ဣန္ဒြိယ ပစ္စည်း၌....

- ဣန္ဒြေတရားကိုယ်(၁၆)ပါးတို့တွင် ဇီဝိတစိတ်စေသော နာမ် ဣန္ဒြေတရား ကိုယ် (၈) ပါး တို့သည် သဟဇာတိန္ဒြိယ မည်၏။
- ပသာဒိန္ဒြေသည် ဝတ္ထုပုရေဇာတိန္ဒြိယ မည်၏။
- ရူပဇီဝိတိန္ဒြေသည် ရူပဇီဝိတိန္ဒြေ မည်၏။

အမှာ။ ။သဟဇာတိန္ဒြိယ ကျေးဇူးပြုပုံကို သဟဇာတအမျိုးအတိုင်း သိပါလေ။

ထို ရှစ်ပါးတို့တွင်....

ဇီဝိတသည် - သဟဇာတ် နာမ်တရားတို့ကို စောင့်ခြင်း၌ အစိုးရ၏။

http://www.dhammadownload.com



ဝေဒနာသည် - ခံစားခြင်း၌ အစိုးရ၏။
သဒ္ဓါသည် - ယုံကြည်ခြင်း၌ အစိုးရ၏။
စိတ်သည် - အာရုံပြုခြင်း၌ အစိုးရ၏။
ဝီရိယသည် - ထောက်ပံ့ခြင်း၌ အစိုးရ၏။
သတိသည် - အောက်မေ့ခြင်း၌ အစိုးရ၏။
ဧကဂ္ဂတာသည် - တည်ကြည်ခြင်း၌ အစိုးရ၏။
ပညာသည် - ထိုးထွင်း၍ သိခြင်း၌ အစိုးရ၏။

ပုရေဇာတိန္ဒြိယ ၌ မဇ္ဈိမာယုက ဖြစ်သော ပဉ္စဝတ္ထုသည် ဒွေ ပဉ္စဝိညာဏ် တစ်ဆယ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခု တို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။ ကျေးဇူးပြုပုံ ဝတ္ထုပုရေဇာတ မျိုးအတိုင်း သိပါလေ။

အစိုးရပုံကား...စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်ကို အစိုးရ၏ ဤသို့ စသည်သိလေ။

ရူပဇီဝိတိန္ဒြိယ ၌ ပဝတ္တိ ပဋိသန္ဓေ အားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉+၈ ခုတို့အား ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏။

အစိုးရ၏ ဟူသည် ရုပ်ဇီဝိတိန္ဒြေသည် သဟဇာတ်တရားတို့ကို အစိုးရ၏။

ဋီကာကျော်၊ ၁၉၈။

ဇီဝန္တိ တေနာတိ ဇီဝိတံ၊ တဒေဝ ကမ္မဇံ ရူပံ ပရိ ပါလနေ အာဓိပစ္စယောဂတော ဣန္ဒြိယန္တိ ဇီဝိတိန္ဒြိယံ။

တေန အာယုနာ၊ ထိုအသက်ဖြင့်။ ရူပါနိ၊ သဟဇာတ်ဖြစ်သော ကမ္မဇ ရုပ်တရားတို့သည်။ ဇီဝန္တိ၊ တည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့၏ တည်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ တံ အာယု၊ သည်။ ဇီဝိတံ၊ မည်၏။ တဒေဝ၊သည်ပင်လျှင်။ ကမ္မဇံ ရူပံ ပရိပါလနေ၊ သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရား တို့ကို စောင့်ခြင်း၌။ အာဓိပစ္စယောဂတော၊ အစိုးရသည်၏အဖြစ်နှင့် ယှဉ် ခြင်းကြောင့်။ ဣန္ဒြိယံ၊ မည်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဇီဝိတိန္ဒြိယံ၊ မည်၏။

http://www.dhammadownload.com



ထို ဣန္ဒြေ ၂၂ ပါးတို့တွင်....

စက္ခု သောတ ဃာန ဇိဝှာ ကာယ ဣတ္ထိ ပုရိသ သုခ ဒုက္ခ ဒေါမနဿ ဤဣန္ဒြေ ၁၀ ပါးတို့သည် ကာမဘုံ၌ဖြစ်ကုန်၏။ ကာမာဝစရ၌ အကျုံးဝင်ကုန်၏။

မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဤရှစ်ပါးသော ဣန္ဒြေတို့သည် စတုဘူမိက၌ အကျုံးဝင်ကုန်၏။

သောမနဿိန္ဒြေသည် ကာမာဝစရ ရူပါဝစရ လောကုတ္တရာအားဖြင့် ဘူမိတ္တယ ၌ အကျုံးဝင်ကုန်၏။

အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ သုံးပါးတို့သည် လောကုတ္တရာ၌သာလျှင် အကျုံးဝင်ကုန်၏။

ထို့ကြောင့် ဝိဘင်း၊ ဋ္ဌ၊ ၁၂၀ ၌....

ဘူမိတောတိ စက္ခု သောတ ဃာန ဇိဝှာ ကာယ ဣတ္ထိ ပုရိသ သုခ ဒုက္ခ ဒေါမနဿိန္ဒြိယာနိ စေတ္ထ ကာမာ-ဝစရာနေဝ။ မနိန္ဒြိယ ဇီဝိတိန္ဒြိယ ဥပေက္ခိန္ဒြိယာနိ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညိန္ဒြိယာနိ စ စတုဘူမိပရိယာပန္နာနိ။

သောမနဿိန္ဒြိယံ ကာမာဝစရ ရူပါဝစရ လောကုတ္တရ-ဝသေန ဘူမိတ္တယပရိယာပန္နံ အဝသာနေ တီဏိ လောကုတ္တရာ-နေဝါတိ ဧဝံ ဘူမိတောပိ ဝိနိစ္ဆယံ ဝိဇာနိယာ။

ဟူ၍လည်းကောင်း။

ဝိဘင်ဋ္ဌ၊ ၁၂၁-၌....

ဝံသန္တေပေတ္ထ ဒသက္ကန္ဒြိယာနိ လောကိယာနိ ကာမာ-ဝစရာနေဝ။ တီဏိ လောကုတ္တရာနိ၊ နဝ လောကိယ လောကုတ္တရမိဿကာနီတိ။

ဟူ၍လည်းကောင်း ဖွင့်ပြတော်မူ၏။

http://www.dhammadownload.com



## ဈာနပစ္စည်း

ဋီကာကျော်၊ ၂၄၄။

အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာန ဝသေန ဥပဂန္တွာ အာရမ္မဏနိဇ္ဈာနဋ္ဌေန ဝိတက္ကာဒယော ဈာနပစ္စယော။

အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာန ဝသေန၊ ရူပါရုံ အစရှိသော အာရုံကသိုဏ်း အစရှိသောအာရုံကို ကပ်၍ရှုခြင်း၊ တေဘူမက တရားတို့၏ အနိစ္စ အစရှိသောလက္ခဏာ၊ နိဗ္ဗာန်၏ တထလက္ခဏာကို ကပ်၍ရှုခြင်း၏အစွမ်းဖြင့်။ ဥပဂန္တွာ၊ ကပ်၍၊ အာရမ္မဏနိဇ္ဈာနဋ္ဌေန၊ အာရုံ၏လက္ခဏာကို ကပ်၍ရှုတတ်ကုန်သော။ ဝိတက္ကာဒယော၊ ဝိတက် အစရှိသောတရားတို့သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်း မည်ကုန်၏။

အဓိပ္ပာယ်ကား....

ရူပါရုံအစရှိသော အာရုံ၊ ကသိုဏ်းအစရှိသော အာရုံ၊ တေဘူမက တရားတို့၏ အနိစ္စတာအစရှိသော လက္ခဏာ၊ နိဗ္ဗာန်၏ တထလက္ခဏာကို ကပ်၍ရှုခြင်း၏ အစွမ်းအားဖြင့် အာရုံကိုကပ်၍ ရှုတတ်ကုန်သော ဝိတက် အစရှိသောတရားတို့သည် ဈာနပစ္စည်း မည်ကုန်၏။ ဤ၌ ဥပဂန္တွာ စသောပါဌ်ဖြင့်....

အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။
အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာနဝသေန ဥပဂန္တွာ စိန္တေသိ ဈာယောကေတီတိ ဈာနံ။

(ဈေ-ဓာတ်၊ ဈာ-ဓာတ်၊ ယု-ပစ္စည်း) ဈေဓာတ်၏ အရကား ဝိတက်အစရှိသော ဈာနင်(၇)ပါးတို့၏ သဟဇာတ နိဿယ အတ္ထိ အဝိဂတ အညမည ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ ဣန္ဒြိယ မဂ္ဂ ဤ(၁၀) ပစ္စယ သတ္တိရ၏။ ယု ပစ္စည်းအရကား ထိုသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တ ရ၏။

ရူပါရုံအစရှိသော အာရုံ၊ ကသိုဏ်းအစရှိသော အာရုံတို့ကို ကပ်၍ရှုခြင်းသည် အာရမ္မဏူပနိဇ္ဈာန မည်၏။

http://www.dhammadownload.com



တေဘုမ္မက တရားတို့၏ အနိစ္စ အစရှိသောလက္ခဏာ၊ နိဗ္ဗာန်၏ တထလက္ခဏာ ဟု ဆိုအပ်သော လက္ခဏာကိုကပ်၍ ရှုခြင်းသည် လက္ခဏူပနိဇ္ဈာန ဈာန်မည်၏။

ထို့ကြောင့် မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၄၀၀။

တတ္ထ ရူပါဒိ ကသိဏာဒိကံ အာရမ္မဏံ ဈာနံ ဥပဂန္တွာ စိန္တနံ ဩလောကနံ ဝါ အာရမ္မဏူပနိဇ္ဈာနံ၊ တေဘူမကဓမ္မာနံ အနိစ္စတာဒိ လက္ခဏံ သင်္ခါတဿ နိဗ္ဗာနဿ စ တထလက္ခဏသင်္ခါတဿ လက္ခဏဿ ဥပဇ္ဈာနံ လက္ခဏူပ-နိဇ္ဈာနံ။ ဧတေဟိ ဈေ စိန္တာယံ၊ ဥပနိဇ္ဈာနေဝါတိ အတ္ထံ ဒဿေတိ။

ပဋ္ဌာန၊ ၃၅၀ ၌လည်း....

ဥပနိဇ္ဈာယနဋ္ဌေန ဥပကာရကာနိ “ဌပေတွာ ဒွိပဉ္စ ဝိညာဏေသု ကာယိက သုခ ဒုက္ခ ဝေဒနာဒွယံ” သဗ္ဗာနိပိ ကုသလာဒိ ဘေဒါနိ သတ္တ ဈာနင်္ဂါနိ ဈာနပစ္စယော။

ဟု မိန့်၏။

ဤ၌ ဈေဓာတ်သည် စိန္တယံ ဥပနိဇ္ဈာန် ၂ နက်ကိုသာ ယူရမည်။ ပစ္စနိကဈာပန အနက်ကို မယူရ၊ ဆိုလိုရင်းကား ပစ္စနိက ဓမ္မေ ဈာပေတီတိ ဈာနံဟု ဝစနတ္ထ မပြုရ။

အကြောင်းကား ထိုသို့ပြုခဲ့သော် ကုသိုလ်ဖြစ်သော ဈာနင် တရားတို့ကိုသာ ရသည်ဖြစ်၍ အလုံးစုံသော ဈာနင်တို့၏ မနှံ့သော ကြောင့်တည်း။

မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၄၀၀ ၌....

ဈေပစ္စနိကဈာပနေတိ အတ္ထော ပန ကုသလဈာနင်္ဂေသု ယေဝ လဗ္ဘမာနတ္တာ သဗ္ဗဈာနင်္ဂါနံ အဗျာကတာဝတော န ဝုတ္တော

ဟု ဖွင့်ပြ၏။

ဈာန်ဟူသည် ဆိုအပ်ပြီး ရူပါရုံစသော အာရုံတို့တွင် တစ်ပါး ပါးသော အာရုံကို ရှုးရှုးစိုက်စိုက် ရှုမှတ်ခြင်းတည်း။ မြေလျှိုး မိုးပျံ

http://www.dhammadownload.com



ခြင်းသည် အဘိညာဏ်၏ အနုဘာဝဟု မှတ်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက....

'စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်'ဟု ပရမတ္ထသံခိပ်၌ ရေးသားတော်မူသည်။

အထက်ပါ ပဋ္ဌာန်၊ ၃၊ ၈၁ ၌ပေတ္တာ ဒွိပဉ္စဝိညာဏေသု ကာယိက သုခ ဒုက္ခဝေဒနာ ဒွယံ ဟူသော စကားအရ ဒွေပဉ္စဝိညာဏ်တို့၌ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာရှိလျက် အဘယ်ကြောင့် ဈာန် နှင့် မယှဉ်သနည်းဟုဆိုလျှင်....

ဒွေ ပဉ္စဝိညာဏ်တို့၏ ဝိတက်ကင်းသဖြင့် အာရုံတို့၌ ရှေးရှုကျတတ်ခါမျှ၏အဖြစ်ကြောင့် ထို ဒွေပဉ္စဝိညာဏ်တို့၌ သုခ ဒုက္ခ ဥပေက္ခာ တို့သည် ထင်ရှားရှိကုန်သော်လည်း ကပ်၍ရှုသော အခြင်းအရာ၏ မရှိသည်၏အဖြစ်ကြောင့် ဈာနင်၏အပြုဖြင့် မထုတ်အပ်။ ဝိတက် နောက်လိုက်ရှိသော တရားကိုသာလျှင် ဈာနင်ထုတ်အပ်၏ ဟူ၏။

ထို့ကြောင့် ဋီကာကျော်၊ ၂၂၅။

ပဉ္စဝိညာဏာနံ ဝိတက္ကဝိရဟေန အာရမ္မဏေ ပု အဘိ-နိပါတမတ္တတ္တာဝတော သုခ ဝိဇ္ဇမာနာနိပိ ဥပေက္ခာ သုခ ဒုက္ခာ ဥပနိဇ္ဈာနာ ကာရဿ အဘာဝတော ဈာနင်ဘာဝေန န ဥဒ္ဓဋာနိ။ ဝိတက္ကပစ္ဆိမကံ ဟိ ဈာနင်္ဂံ ဝုတ္တံ။

ပဋ္ဌာန်၊ ၃၇၉ ၌လည်း....

ပဉ္စန္နံ ပန ဝိညာဏကာယာနံ အဘိနိပါတမတ္တတ္တာ၊ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာ သုခ ဒုက္ခာနိ ဥပနိဇ္ဈာနာ-ကာရဿ အဘာဝတော ဈာနင်္ဂါနီတိ န ဥဒ္ဓဋာနိ။

၎င်း၌ အဘိနိပါတမတ္တ ဆိုသည်....

အာရုံကို ဆင်ခြင်ခြင်း၊ ခံလင့်ခြင်း၊ စုံစမ်းခြင်း ကြံစည်ခြင်း၏ မရှိသည်၏ အဖြစ်ကို ပြ၏ဟု ဆိုလိုသည်။

ထို့ကြောင့် မူလဋီ၊ ၁၉၂။

အဘိနိပါတ မတ္တတ္တာတိ ဧတေန အာဝဇ္ဇန သမ္ပဋိစ္ဆန မဇ္ဈတ္တာယပိ စိတ္တနာ ပဝတ္တိတာ အာဘောဂံ ဒဿေတိ။

http://www.dhammadownload.com



အဓိပ္ပါယ်။ ။ပဉ္စဝိညာဏ်၌ရှိသော သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့သာ ဈာန်င် မထိုက်သည်မဟုတ်၊ ၎င်း၌ရှိသော ဧကဂ္ဂတာ စေတသိက်သည်လည်း ဈာနင်မထိုက်ဟု မှတ်ကြပါကုန် အရှင်ကောင်းတို့။

ထို့ကြောင့် ပဋ္ဌာန မူလဋီ၊ ၁၉၂။

တတ္ထ ဥပေက္ခာ သုခ ဒုက္ခေဟဝ တံ သမာနလက္ခဏာယ စိတ္တေကဂ္ဂတာယပိ ယထာ ဝုတ္တေနေဝ ကာရဏေန အနုပ္ပနိဇ္ဈာဝေ ဒဿိတောတိ ဒဋ္ဌဗ္ဗော။

မှတ်ချက်။ ။ဒွေပဉ္စဝိညာဏ် (၁၀)မှ ကြွင်းသော အဟိတ်စိတ်တို့၌ ရှိသော တရားတို့ကိုကား ဈာနင်အဖြစ်ဖြင့် ထုတ်အပ်၏ဟု မှတ်။

ထို့ကြောင့် ပဋ္ဌာန၊ ဋ္ဌ၊ ၃၃၉။

တတ္ထ ပဉ္စဝိညာဏ ပန သေသာ ဟေတု ကေသုပိ ဈာနင်္ဂါနိ ဥဒ္ဓရမေဝ။

ဤကား ချောင်းဆုံ ဂဏ္ဌိဆရာတော်၏ အဆုံးအဖြတ်တည်း။ ၎င်း မူလဋီ၊ ၁၉၂ ၌လည်း....

သေသာ ဟေတု ကေသုပိ ဈာနင်္ဂ ဥဒ္ဓဋမေဝ၊ ဥဒ္ဓရဏာ ဒ္ဓာနေ စိတ္တုပ္ပါဒကဏ္ဍေတိ အဓိပ္ပာယော။

ဟု ဖွင့်ပြတော်မူ၏။

မှာထားချက်။

သို့သော် ပဋ္ဌာန ဋ္ဌကထာ ၃၃၉ ဆန္ဒမှ၌ အထက်ပါပါဠိကျွင် ဈာနင်္ဂ နှ ဥဒ္ဓရမေဝ ဟု နှ သဒ္ဒါနှင့် ရှိ၏။ အောက်မှတ်ချက်၌ (မမ္မသက်ဟေ၊ ဈာန ပန ဥဒ္ဓဋ မေဝ။ (သျာ)ဟု တွေ့ရှိရ၏။

မူလဋီကာအဖွင့် န သဒ္ဒါ မပါသောကြောင့် ဆန္ဒမှုအချင်းချင်း မတူကဲ့သို့ နေ၏။

http://www.dhammadownload.com


မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၂၇၀ ၌လည်း....

စိတက္ခဏ ဝန္တေ ယေဝ စိတ္တေ ဈာနင်္ဂ လဒ္ဓတိ နေတရသ္မိံ ဝုတ္တံ ဟောတိ။

ဟူ၍ပင် ဖွင့်ပြတော်မူ၏။

ထန်းတပင်ဆရာတော်၏ ပဋ္ဌာန်းပါဠိတော်နိဿယ၊ ဒု၊ ၂၆၁၊ အဗျာကတော အဗျာဂတဿ အရ၌လည်း....

ပဝတ္တိအခါ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားလည်းကောင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အား လည်းကောင်း တပ်သော ဒွေပဉ္စ-ဝိညာဏ် တစ်ဆယ်ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ စိတ္တက္ခဏ တစ်ခုတစ်ခု၌ရှိသော ဈာနင်တရား ကိုယ်ငါးပါး ပစ္စည်းတရားရ၏ဟု ကောက်တော်မူသည်။

သို့သော်....

ဆရာတော် ဦးပညာသိဟရေး၊ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်ရိုက်၊ ပဋ္ဌာနဋ္ဌကထာ နိဿယ၊ ဒုတိယတွဲ၊ ၂၁၇-၌ကား....

တတ္ထ၊ ထိုဒွေပဉ္စဝိညာဏ် တစ်ဆယ်တို့၌။ ပဋိနိဒ္ဓတ္တာ၊ ဈာန် အင်္ဂါကို ထုတ်ခြင်း အစဉ်ပြတ်ပြီးသည်၏ အဖြစ်ကြောင့်။ သေသာ-ဟေတု ကေသုပိ၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ်မှ ကြွင်းသော အဟိတ်စိတ်တို့၌လည်း။ ဈာနင်္ဂါ၊ ကို။ ဘာဂဝတာ၊သည်။ နဥဒ္ဓတမေဝ၊ ထုတ်တော်မမူအပ်သည်သာတည်းဟု တွေ့ရှိပေသည်။

မှတ်ချက်။ ။ပဋ္ဌာနဋ္ဌကထာ၌ ဈာနင်္ဂ နဥဒ္ဓတမေဝ-ဟု(န) သဒ္ဒါနှင့် ဖွင့်ဆိုသော်လည်း ဈာန်အင်္ဂါ မထုတ်အပ်သောကြောင့် န-သဒ္ဒါနှင့် ဖွင့်ဆိုသည်မဟုတ်။ ဈာန်အင်္ဂါထုတ်ခြင်း၏ စကားအစဉ်ပြတ်ပြီးသည်ကို ဆက်၍ ဆိုသောကြောင့် သာလျှင် န-သဒ္ဒါကို ဆိုသည်။

စင်စစ်ကား ကြွင်းသော အဟိတ်စိတ်(၈)ခုတို့၌လည်း ဈာန်နှင့် ထုတ်အပ်၏။

ဤဝါကျ၌ န-သဒ္ဒါကို ယုံမှားသံသယဖြစ်၍ သဘောမကျ ဖြစ်တတ်၏၊ ပဋိနိဒ္ဓတ္တာ ဟူသော အဋ္ဌကထာဟိတ်ပါဌ်ကို ရှု၍ သဘောကျနိုင်ကြပါစေ အရှင်ကောင်းတို့။

✿✿✿✿✿✿✿✿✿✿

http://www.dhammadownload.com



## မဂ္ဂပစ္စည်း

ဋီကာကျော်-၂၄၄

> သုဂတိတော ပုညတော၊ ဒုဂ္ဂတိတော ပါပတော နိယျာနဋ္ဌေန ဥပကာရကာ သမ္မာဒိဋ္ဌာဒယော မဂ္ဂ-ပစ္စယော။

မဏိမဉ္ဇူဋီ၊ ဒု-၄၀၁

> သုဂတိတော ပုညတော ဝါ နိယျာနဋ္ဌေနာတိ ဣဒံ မိစ္ဆာဒိဋ္ဌာဒီနိ စတ္တာရိ မဂ္ဂင်္ဂါနိ သန္ဓာယဝုတ္တံ၊ ဒုဂ္ဂတိ-တော ပါပတော ဝါတိ ဣဒံ သမ္မာဒိဋ္ဌာဒီနိ အဋ္ဌမဂ္ဂင်္ဂါနိ သန္ဓာယ ဝုတ္တံ။
>
> သုဂတိ ဒုဂ္ဂတိ နိဗ္ဗာနာနိ တံ သမင်္ဂီ ပုဂ္ဂလော မဂ္ဂန္တိ ပါပုဏန္တိ မဂ္ဂေါ။ တေဟိ ဝါ တာနိ မဂ္ဂိယန္တိ ပါပုဏီ-ယန္တိ ဧတေဟီတိ မဂ္ဂေါ။ (အကြောင်းရ၏။) သမုဒိတာနံ အဝယဝဘာဝေန အင်္ဂီယန္တိ ဉာယန္တီတိ အင်္ဂါနိ။ မဂ္ဂါ တာနိ အင်္ဂါနိ မဂ္ဂင်္ဂါနိ။

ဟု ပြုလေ။

အဓိပ္ပာယ်ကား....

သမ္မာဒိဋ္ဌိ စသော (၈)ပါးသော မဂ္ဂင်တို့၏ ထိုမင်္ဂနှင့် ပြည့်စုံသောသူတို့ကို သုဂတိဘဝ နိဗ္ဗာန်သို့ ရှေးရှုပြု၍ ရောက်စေတတ်သည်၏ အဖြစ်။ မိစ္ဆာဒိဋ္ဌိ အစရှိသော လေးပါးသော မဂ္ဂင်တို့၏ ထိုမဂ္ဂင်နှင့် ပြည့်စုံသောသူတို့ကို ဒုဂ္ဂတိဘဝသို့ရှေးရှုပြု၍ ရောက်စေတတ်သည်၏ အဖြစ်ကြောင့် မဂ္ဂပစ္စည်း မည်၏။

(မဂ္ဂ-ခေါ်၊ ဏာ-ပစ္စည်း။) မဂ္ဂ-ခေါ်၏အရကား လေးပါးသော မိစ္ဆာမင်္ဂ၊ ရှစ်ပါးသော သမ္မာမင်္ဂတို့၏ ကာမ္မ အာဟာရ ကြဉ်သော သဟဇာတမျိုး (၁၂) ပစ္စယသတ္တိရ၏။ ဏာ-ပစ္စည်း၏အရကား ထို ၁၂-ပစ္စယသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တ ရ၏။

http://www.dhammadownload.com



ပဋ္ဌာန ဋ္ဌ-၃၅၀

ယထာ တတော ဝါ နိယျာနဋ္ဌေန ဥပကာရကာနိ ကုသလာဒီ ဘေဒါနိ ဒွါဒသ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော။

ဋီကာ ၃၇၀-ဋ္ဌ

မဂ္ဂပစ္စယာနိဒ္ဒေသေ မဂ္ဂင်္ဂါနီတိ အဟေတုက စိတ္တုပ္ပါဒ ဝဇ္ဇေသု သေသစိတ္တေသု ဥပ္ပန္နာနိ ပညာ ဝိတက္ကော သမ္မာဝါစာ ကမ္မန္တာဇီဝါ ဝီရိယံ သတိ သမာဓိ မိစ္ဆာ ဒိဋ္ဌိ မိစ္ဆာဝါစာ ကမ္မန္တာ ဇီဝါတိ ဣမာနိ ဒွါဒသင်္ဂါနိ။

ဟူ မဂ္ဂင်(၁၂)ပါးကို ပြတော်မူ၏။

သင်္ဂဟာမိသ ကဋ္ဌ....

ဒွါဒသမဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမာသမ္မာဓိ၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါယာမော မိစ္ဆာသမာဓိ။

ဟူ မဂ္ဂင်(၁၂)ပါးကို ပြတော်မူ၏။

ထိုတွင် အရှင်အနုရုဒ္ဓါဆရာသည် တရားကိုယ်ရကောင်းသော သမ္မာမဂ္ဂင်ရှစ်ပါးနှင့်တကွ မိစ္ဆာမဂ္ဂင် လေးပါးထည့်၍ ဒွါဒသမဂ္ဂင်္ဂါနိ ဟူ ပြတော်မူသည်။ အဋ္ဌကထာအလိုကား အမှတ်မရှိ မရဖောက်မပြန် သော သဘောအားဖြင့်လည်းကောင်း၊ ဖောက်ပြန်သော သဘော အားဖြင့် လည်းကောင်း ထွက်မြောက်ဖြစ်သည်၏အဖြစ် ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော ကုသိုလ် စသည် အထူးရှိကုန် သော ၁၂-ပါးသော မဂ္ဂင်တို့သည် မဂ္ဂပစ္စည်းမည်၏ဟု ပြဆိုတော် မူ၏။

ပဋ္ဌာနဋ္ဌကထာကား သုတ္တန်ပါဠိတော်၌ သမ္မာမဂ္ဂင် ရှစ်ပါး၊ မိစ္ဆာမဂ္ဂင်ရှစ်ပါး ဟောတော်မူသည်ကို သိသာထင်ရှားစိမ့်သောငှာ ဒွါဒသမဂ္ဂင်္ဂါနိဟု ပြတော်မူသည်။

မိစ္ဆာမဂ္ဂင်ရှစ်ပါးကား မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါ မိစ္ဆာဝါယာမော မိစ္ဆာသတိ မိစ္ဆာ သမာဓိတည်း။

http://www.dhammadownload.com



ဋင်းမိစ္ဆာမဂ္ဂင်ရှစ်ပါးကို သုတ်ပါထေယျ ပါဠိတော် ၂၅၉၊ မဟာနိဒ္ဒေသပါဠိတော် (၆၀)၌ ဟောထား၏။

ထိုရှစ်ပါးတို့တွင်....

၁။ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမည်၏။

၂။ ဋင်းနှင့်ယှဉ်သော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပ မည်၏။

၃။ ဝစီဒုစရိုက်လေးပါး၏ အစွမ်းဖြင့်ဖြစ်သော စေတနာသည် မိစ္ဆာဝါစာ မည်၏။

၄။ ကာယဒုစရိုက် သုံးပါး၏ အစွမ်းဖြင့် ဖြစ်သော စေတနာသည် မိစ္ဆာကမ္မန္တ မည်၏။

၅။ အသက်မွေးခြင်းကိုငဲ့၍ ပြုအပ်သော ကာယဒုစရိုက်၊ ဝစီဒုစရိုက် စေတနာ ခုနစ်ပါးသည် မိစ္ဆာအာဇီဝ မည်၏။

၆။ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ် လေးခုနှင့် ယှဉ်သော ဝီရိယ စေတသိက်သည် မိစ္ဆာဝါယာမ မည်၏။

၇။ ဋင်းနှင့် ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် မိစ္ဆာသမာဓိ မည်၏။

၈။ အကုသိုလ်စိတ် ၁၂-ခု၌ မကောင်းသော သတိဟူ၍ မရှိသောကြောင့် သတိ၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ် စေတသိက် နာမက္ခန္ဓာသည် မိစ္ဆာသတိ မည်၏။

ထို့ကြောင့် မိစ္ဆာမဂ္ဂင် ရှစ်ပါးသည်....

တရားကိုယ်အားဖြင့် ဒိဋ္ဌိ ဝိတက် ဝီရိယ ဧကဂ္ဂတာ စေတသိက် လေးပါးတည်း။ ထိုလေးပါး တို့ကို သဘောတူရာ ရောနှောသော် ဒိဋ္ဌိ စေတသိက်တစ်ခုသာ သဘောတူမရှိ၍ ဤပစ္စည်း၌ မဂ္ဂင်္ဂါနဝ ဝတ္ထုတော ဟူ၍ အရှင်အနုရုဒ္ဓါ ပြဆိုတော်မူသည်။

http://www.dhammadownload.com



မိစ္ဆာသတိသည်....

အကုသိုလ် နာမက္ခန္ဓာ လေးပါးကို ခေါ်သောကြောင့် မဂ္ဂပစ္စည်း မတပ်။ စေတနာ စေတသိက်သည် အကုသိုလ်စိတ်၌ ယှဉ်ခိုက်ဖြစ်၍ မဂ္ဂပစ္စည်း မတပ်သောကြောင့် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ သုံးပါးကို မဂ္ဂပစ္စည်း၌ ဟောတော်မမူ ဟူ၏။

ပဋ္ဌာန် မူလဋီ၊ ၁၉၃။

စေတေဟိ သမ္မာဝါစာဒီဟိ ပဋိဂက္ခာ- စေတနာ ဓမ္မာ ဘာပဋ္ဌိမက္ခဘာဝတော ယေဝ မိစ္ဆာမဂ္ဂင်္ဂါနီတိ သုံတ္တေ ဝုတ္တာနိ။ န ပန မဂ္ဂပစ္စယဘာဝေန။ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယဘူတာနိစ ဣဓ ပါဠိယံ မဂ္ဂင်္ဂါနီတိ ဝုတ္တာနိ။

ဤ၌....

ဝစီဒုစရိုက်လေးပါးကိုအကြောင်းခံ၍ သမ္မာဝါစာ မိစ္ဆာဝါစာ သမ္မာအာဇီဝ မိစ္ဆာအာဇီဝ လေးပါး။

ကာယဒုစရိုက် သုံးပါးကို အကြောင်းခံ၍ သမ္မာကမ္မန္တ မိစ္ဆာကမ္မန္တ သမ္မာအာဇီဝ မိစ္ဆာအာဇီဝဖြစ်ကြရကား အာဇီဝဋ္ဌမကသီလနှင့် စပ်နေ၏။ ထိုသို့ အာဇီဝဋ္ဌမက သီလနှင့် စပ်နေပါသဖြင့် အာဇီဝဋ္ဌမကသီလကို သိသာရုံ ဖော်ပြပါဦးအံ့။

အာဇီဝဋ္ဌမကသီလဆိုသည်....

ဝစီ သုစရိုက် လေးပါး၊ ကာယ သုစရိုက် သုံးပါးအားဖြင့် (၇)ပါးသော သုစရိုက်၌ အာဇီဝပါရိသုဒ္ဓိသီလ တစ်ပါးကို ထည့်၍ အာဇီဝဋ္ဌမကသီလ ဖြစ်သတည်း။

လိုရင်းအချုပ်ကား....

အသက်မွေးမှုကို အကြောင်းပြု၍ ကာယ ဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြည်သည်ဖြစ်၍ အသက်မွေးမှုစင်ကြယ်ခြင်းလျှင် ရှစ်ခုမြောက်သော အကျင့်သီလ ဟု ဆိုလိုသည်။

ဤ၌....

လေးပါးသော ဝစီဒုစရိုက်၊ သုံးပါးသော ကာယဒုစရိုက်တို့ကို ရှောင်ကြဉ်၍ ဝစီသုစရိုက်၊ ကာယသုစရိုက်နှစ်ပါးကို ဖြည့်ကျင့်သော

http://www.dhammadownload.com



သူအားသာလျှင် အာဇီဝ အသက်မွေးမှုလျှင် ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သီလနှင့်ပြည့်စုံ၏။ သုစရိုက် နှစ်ပါးနှင့် မပြည့်စုံသောသူအား အာဇီဝဋ္ဌမကသီလနှင့် မပြည့်စုံဟူ၍မှတ်ကြရမည်။

ထို့ကြောင့် သမ္မောဟ၊ ၁၀၉ ၌-

စတုဗ္ဗိဓံ ပန ဝစီဒုစ္စရိတံ ထိဝိဓံ ကာယဒုစ္စရိယတံ ပဟာယ ဥဘယံ သုစရိတံ ပူရေန္တဿေဝ ယသ္မာ အာဇီဝဋ္ဌမကသီလံ ပူရတိ၊ န ဣတရဿ၊ တသ္မာ တဒုဘယာနန္တရံ သမ္မာအာဇီဝေါ ဝုတ္တော။

ဖွင့်ပြတော်မူ၏။

စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ တံဝိဓံ၊ သုံးပါးအပြားရှိသော။ ကာယဒုစ္စရိတံ၊ ကို။ ပဟာယ၊ ပယ်၍။ ဥဘယံ၊ နှစ်ပါးစုံသော။ သုစရိတံ၊ ကို။ ပူရေန္တဿေဝ၊ ဖြည့်ကျင့်သောသူအားသာလျှင်။ အာဇီဝဋ္ဌမကံ၊ အာဇီဝလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သီလသည်။ ယသ္မာ၊ အကြင်ကြောင့်။ ပူရတိ၊ ပြည့်စုံ၏။ ဣတရဿ၊ သုစရိုက်နှစ်ပါး မပြည့်စုံသောသူအား။ နပူရတိ၊ မပြည့်စုံ။ တသ္မာ၊ ကြောင့်။ တဒုဘယာနန္တရံ၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တ နှစ်ပါးတို့၏ အခြားမဲ့၌။ သမ္မာအာဇီဝေါ၊ ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဖြဆိုခဲ့ပြီး ဓမ္မာနုစ္စသဒ်၊ ၁၉၃၊ အနက်။

စေတနာဝမ္မာ၊ စေတနာသဘောတို့သည်။ တေဟိ၊ ထိုမိစ္ဆာမဂ်တို့နှင့်။ သမ္မာဝါစာဒီဟိ၊ တို့နှင့်။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တပ္ပဋိပက္ခဘာဝတောယေဝ၊ ထိုဆန့်ကျင်ဘက်၏အဖြစ်ကြောင့်သာလျှင်။ သုတ္တေ၊ သုတ်ပါဠိတော်၌။ မိစ္ဆာမဂ္ဂင်္ဂါနိတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တာနိ၊ ကုန်၏။ မဂ္ဂပစ္စယဘာဝေန၊ မဂ္ဂင်ပစ္စည်း၏အဖြစ်ဖြင့်။ နဝုတ္တာနိ၊ မဟောအပ်ကုန်။ မဂ္ဂပစ္စယာဘူတာနိ၊ မဂ္ဂပစ္စည်းဖြစ်၍ ဖြစ်ကုန်သော။ မဂ္ဂင်္ဂါနိစ၊ တို့ကိုလည်း။ ဣဓပါဠိယံ၊ ဤပဋ္ဌာန်းပါဠိတော်၌။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

http://www.dhammadownload.com



အစီပွာယ်ကား....

မိစ္ဆာမဂ်ကို ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မမူ။ မဂ္ဂင်ပစ္စည်း၌ ယူရမည်၏အဖြစ်ကို ပြသည်လည်းမဟုတ်။ သုတ္တန်ပါဠိတော်၌ ဟော တော်မူသည့် အကြောင်းကိုသာ ပဒုဒ္ဓါရအားဖြင့် ဖွင့်ပြတော်မူသည်။

ပဋ္ဌာန၊ မူလဋီ၊ ၁၉၃။

ဧဝံ ပန ဒဿေန္တေန မဂ္ဂပစ္စယနိဒ္ဒေသေ မဂ္ဂင်္ဂါနီတိ ဧဝံ ဥဒ္ဒရိတွာ တသံ ပါဠိဂတဿ မဂ္ဂင်္ဂသဒ္ဒဿ အတ္ထာဘာဝေန ဠမာနိ ဒွါဒသင်္ဂါနိ န ဒဿေတဗ္ဗာနိ၊ န ဟိ ပါဠိယံ မဂ္ဂင်- သဒ္ဒဿ မိစ္ဆာဝါစာ ကမ္မန္တာဇီဝေါတိ အတ္ထော ကာတဗ္ဗော။

ဧဝံ၊ ဤသို့။ ဒဿေန္တေန၊ ပြသဖြင့်။ မဂ္ဂပစ္စယနိဒ္ဒေသေ၊ ၌။ မဂ္ဂင်္ဂါနီတိ၊ ဟူ၍။ ဥဒ္ဒရိတွာ၊ ပဒုဒ္ဓါရကိုပြု၍။ ပါဠိဂတဿ၊ ပါဠိ အစရှေ့ာက်ဖြစ်သော။ တဿမဂ္ဂင်္ဂသဒ္ဒဿ၏။ အတ္ထာဘာဝေန၊ အနက် ၏ ရှစ်ပါး၏အဖြစ်ကြောင့်။ ဠမာနိဒွါဒသမဂ္ဂင်္ဂါနိ၊ ဤ ၁၂ ပါးသော မဂ္ဂင်တို့ကို။ န ဒဿေတဗ္ဗာနိ၊ မပြအပ်ကုန်။ ဟိ တသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ ပါဠိယံ၊ ပဋ္ဌာန်းပါဠိတော်၌။ မဂ္ဂင်သဒ္ဒဿ၊ ၏။ မိစ္ဆာဝါစာကမ္မန္တာဇီဝေါတိ၊ ဟူသော။ အတ္ထော၊ အနက်ကို။ တဂဝတာ၊ သည်။ နဝုတ္တော၊ ဟောတော်မမူအပ်သောကြောင့်တည်း။

ဆိုလိုရင်းကား ပဋ္ဌာန်းပါဠိတော်၌ မဂ္ဂင်သဒ္ဒါ၏ အနက် ကို မိစ္ဆာဝါစာ စသည်ဖြင့် ဘုရားဟောတော်မမူသောကြောင့် မဂ္ဂင် ၁၂ ပါးဟူ၍ ပဒုဒ္ဓါရပြု၍ မပြအပ်ပါ။ မဂ္ဂင်ရှစ်ပါးသာ ဖြစ်ပါ၏ ဟူလို။

ယခုအခါ၌ကား မဂ္ဂင်တရား ကိုယ် ၉ ပါး၊ ဤတရားတို့သည် မဂ္ဂင်ပစ္စည်းတပ်သော တရားတို့မည်ကုန်၏ဟူသော သုံးချက်စုကိုသာ ချပို့ရိုးအစဉ် ဖြစ်နေကြပေပြီ။

အောက်၌ ဆိုအပ်ခဲ့ပြီးသော အဟေတုကစိတ္တုပ္ပါဒ ဝဇ္ဇေသု ဟူသော အဋ္ဌကထာအရ အဟိတ်စိတ်၌ အဘယ်ကြောင့် မဂ္ဂင်ပစ္စည်း မတပ်သနည်းဟူမူ....

မဂ္ဂသ ပန ဟေတုပစ္ဆိမကတ္တာ အဟေတုကစိတ္တေသု မဂ္ဂင်္ဂါနိ န ဥဒ္ဓတာနိ။

http://www.dhammadownload.com



ဟူသော ပဋ္ဌာန်၊ ဋ္ဌ၊ ၃၈၀ အရ မဂ်၏ ဟိတ်လျှင် နောက်လိုက် ရှိသည်၏ အဖြစ်ကြောင့်တည်း။ အဟိတ်စိတ်တို့၌ ဟိတ်မရှိ၍ မဂ္ဂင် မထိုက်ဟူလို။

ဋီကာကျော်၊ ၂၂၅ ၌လည်း....

အဋ္ဌာရသ ဟေတု ကေသု ဟေတုဝိရဟာတော မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ဟူ ဖွင့်ပြ၏။

## သမ္ပယုတ္တပစ္စည်း

အညမညံ ယုဇန္တီတိ ယုတ္တာ။ ဧကုပ္ပါဒါဒိသင်္ခါတေဟိ ပကာရေဟိ ယုတ္တာ ပယုတ္တာ သမာသမံ ဝါ ပယုတ္တာ သမ္ပယုတ္တာ။ (သံရှေးရှိသော ယုဇ ဓာတ်၊ တ ပစ္စည်း)

ယုဇဓာတ်၏အရကား သဟဇာတကြီး ၄၊ အညမည၊ သမ္ပယုတ္တ မှ ပစ္စယသတ္တိရ၏။ တ ပစ္စည်း၏အရကား ထိုသတ္တိတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ရ၏။

ဤ၌...

ဖဿန ဝေဒိယန အစရှိသော လက္ခဏာ၊ အာရမ္မဏ-ဝိဇာနန လက္ခဏာ ရှိကုန်သော နာမ်တရားတို့သည် ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တပေါင်းတည်း အဖြစ်သို့ ရောက်သကဲ့သို့ ဧကုပ္ပါဒ စသော သမ္ပယောဂ လက္ခဏာဖြင့် ရောနှောပြုတတ် ကုန်သော နာမက္ခန္ဓာ လေးပါးတို့သည် သမ္ပယုတ္တ ပစ္စည်း မည်ကုန်၏။

ဋီကာကျော်၊ ၂၄၄။

ပရမတ္ထတော ဘိန္နာနံပိ ဧကီဘာဝဂတာ ဝိယ ဧကုပ္ပါဒါဒိသင်္ခါတေန သမ္ပယောဂ လက္ခဏေန ဥပကာရကာ နာမဓမ္မာ သမ္ပယုတ္တပစ္စယော။

မဏိမဉ္ဇူ ဋီ၊ ဒု၊ ၄၀၁။

ပရမတ္ထတောတိ နိဗ္ဗတ္တိတ ပရမတ္ထ ဓမ္မဝသေန၊ ဧတေန သတိပဋ္ဌာနာဒီနံ ဝိယ အာရမ္မဏဘေဒေန ဘိန္နတံ သမ္မပ္ပဓာနာဒီနံ ဝိယ ကိစ္စဝသေန စ ဘိန္နတံ ဒိဋ္ဌုပါဒါနာဒီနံ ဝိယ ပစ္စယာကာရ ဘေဒေန စ ဘိန္နတံ နိဝတ္တေတွာ ဖုသန ဝေဒယိတာဒိ အာရမ္မဏ ဝိဇာနနလက္ခဏ ဘေဒေနေဝ နာမဓမ္မာနံ ဘိန္နတံ ဒဿေတိ။

ပရမတ္ထတောတိ၊ ကား။ နိဗ္ဗတ္တိတ ပရမတ္ထ ဓမ္မဝသေန၊ သမုတိ ပညတ်ဖြစ်မှု စစ်ထုတ်အပ်သော သက်သက်သောသဘာဝ ပရမတ်နှင့် စပ်သဖြင့်။ ဧတေန၊ ထိုပရမတ္ထတော ဟူသောပါဌ်ဖြင့်။ သတိပဋ္ဌာ-နာဒီနံ ဝိယ၊ သတိပဋ္ဌာန်အစရှိသည် တို့ကဲ့သို့။ အာရမ္မဏဘေဒေန ဘိန္နတံ စ၊ ပြားသည်၏ အဖြစ်ကိုလည်းကောင်း။ သမ္မပ္ပဓာနာဒီနံ ဝိယ၊ တို့ကဲ့သို့။ ကိစ္စဝ သေန၊ ဖြင့်။ ဘိန္နတံ စ၊ ကိုလည်းကောင်း။ ဒိဋ္ဌုပါဒါ-နာဒီနံ ဝိယ၊ ဒိဋ္ဌိ ဥပါဒါန်အစရှိသည်တို့ကဲ့သို့။ ပစ္စယာကာရဘေဒေန၊ ဖြစ်သော အခြင်းအရာ အပြားဖြင့်။ ဘိန္နတံ စ၊ ကိုလည်းကောင်း။ နိဝတ္တေတွာ၊ နစ်စေ၍။ ဖုသန ဝေဒယိတာဒိ အာရမ္မဏ ဝိဇာနန လက္ခဏ ဘေဒေနေဝ၊ အာရုံကို တွေ့ထိခြင်း၊ အာရုံကို ခံစားခြင်း အစရှိသော အာရုံကိုသိခြင်းလက္ခဏာအထူးဖြင့်သာလျှင်။ နာမဓမ္မာနံ၊ နာမ်တရားတို့၏။ ဘိန္နတံ၊ ပြားသည်၏အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

ပဋ္ဌာန-ဋ္ဌ၊ ၃၅၁ ၌....

ဧကဝတ္ထုက ဧကာရမ္မဏ ဧကုပ္ပါဒေကနိရောဓသင်္ခါတေန သမ္ပယုတ္တဘာဝေန ဥပကာရကာ အရူပဓမ္မာ သမ္ပယုတ္တ ပစ္စယော။

ရှင်း အနုဋီ၊ ၂၃၇ ၌။

သမန္တိ အဝိသမံ သမ္မာ သဟဝါ၊ ပကာရေဟီတိ ဧကဝတ္ထုကတာ ဒိပ္ပကာရေဟိ ယုတ္တတာယာတိ သံသဋ္ဌတာယ၊ သာပနသံသဋ္ဌတာ ယသ္မာ သဘာဝတော အနေကေသမ္ပိ သတံ ဧကတ္တဂမနံ ဝိယ ဟောတိ။ တသ္မာ ဝုတ္တံ ဧကီဘာဝေါပဂမနေ-

နဝိယာ ဥပကာရကောတိ။ ဧဝံ ဥပကာရကတာစ တေသံဗဟူနံ သဟစ္စကေတ္တကာရိတာယ နိဒ္ဒယောတဗ္ဗာ။

ဟူ၍ ဖွင့်ပြတော်မူ၏။

ဥဝဓာအားဖြင့်....

ဆီ ဆောပတ် ပျားသကာ ဟူသော စတုမဓု အရသာသည် တစ်ခုစီ တစ်ခုစီ ဖြစ်သော်လည်း အချင်းချင်း ရောစပ်သောအားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်စေတသိက်တို့သည်လည်း လက္ခဏာ တစ်ခုစီ တစ်ခုစီ ဖြစ်သော်လည်း တကွဖြစ်ခြင်း, တကွချုပ်ခြင်း ဟူသော အာရုံ တူသော မှီရာဟုဆိုအပ်သော အချင်းချင်းနှီးနှောသောအားဖြင့် ကျေးဇူးပြုခြင်းသည် သမ္ပယုတ္တပစ္စည်း၊ မည်သည်ဟု ဆိုလိုသည်။

ဤသမ္ပယုတ္တပစ္စည်း၏ ပစ္စယာနိဒ္ဒေသ ပါဠိတော် သမ္ပဒါန်ပါဌ်၌ အညမညံ ဟု ဟောရခြင်းအကြောင်းကို....

ဋီကာကျော်၊ ၂၄၇ လာ-

- ကေဝလာဒါဓိ စတုဗ္ဗိဓ သမ္ပယောဂလက္ခဏာဘာ ၁၀တော သဟာဗ္ဗန္ဓာနမ္ပိ ရူပဓမ္မာနံ သမ္ပယုတ္တပစ္စယတာ နတ္ထိတိ ဝုတ္တံ စိတ္တစေတသိကာဓမ္မာ အညမညန္တိ။

ဟူသောပါဠိကို ကိုးကား၍....

ကေဝလာဒ အစရှိသော လေးပါး အပြားရှိသော သမ္ပယောဂ လက္ခဏာ မရှိသောကြောင့် တကွ ဖြစ်ကုန်သော်လည်း ရုပ်တရားတို့ တို့အား သမ္ပယုတ် ပစ္စည်း တပ်သည်၏ အဖြစ် မရှိသောကြောင့် သဟဇာတာနံ နာမရူပါနံ ဟု မဟောမူ၍ အညမညံဟု ဟောရ ကြောင်း ပစ္စယပကာသနီ ကျမ်းပြု မြစ်ကွေ့ ဆရာတော် ဦးကေတု မာလာ ဆိုသေး၏။ အလိုရှိက ၎င်းကျမ်း ၂၅၇ ၌ ရှု။

* * * * * * * * * *

http://www.dhammadownload.com



## ဝိပ္ပယုတ္တပစ္စည်း

ယုဇ္ဇန္တိ မိယံ ကရောန္တီတိ ယုတ္တာ။

(ယုဇ္ ဓာတ်၊ တ ပစ္စည်း) ယုဇ ဓာတ် အရကား ဝတ္ထု ရုပ် နာမက္ခန္ဓာတို့၏ အာရမ္မဏ အဓိပတိ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ ဝိပါက ဣန္ဒြိယ အတ္ထိ အဝိဂတ ဤ ၁၂ ပစ္စယသတ္တိ ရ၏။ တ ပစ္စည်း၏အရကား ထိုသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တ ရ၏။

ပကာရေဟိ ယုတ္တာ ပယုတ္တာ။
သဟဇာတ ပုရေဇာတ ပစ္ဆာဇာတဝသေန ဝိဝိဓာ ပယုတ္တာ ဝိပ္ပယုတ္တာ။

ဤအလို ဝိပ္ပယုတ္တ အချင်းချင်း ရောသည် ရ၏။

ဝိဂတာ ပယုတ္တာ ဧတေသံတိ ဝိပ္ပယုတ္တာ။

ဤအလို ဝတ္ထုရုပ်တို့နှင့် နာမက္ခန္ဓာတို့၏ သမ္ပယုတ္တ မဖြစ်သည်ကို ယူ။

ဝိပ္ပယုတ္တပစ္စည်း၌ ပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အချင်းချင်း စပ်ဆပ်သည်၏အဖြစ်ကြောင့် ယှဉ်ခြင်းသည် ဖြစ် သင့် သော် လည်း မယှဉ်ခြင်း၏အဖြစ်ကြောင့် လည်းကောင်း၊ မနှီးနှောသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ထူးသည်၏ အဖြစ်သို့ ရောက်သဖြင့် လည်းကောင်း ကျေးဇူးပြုတတ် ပြုတတ်ကုန်သော ဝတ္ထုရုပ် စိတ် စေတသိက် တရားတို့သည် ဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

ထို့ကြောင့် ဋီကာကျော်၊ ၂၄၄ ၌....

အညမညံ သမ္ဗန္ဓတာယ ယုတ္တာပိ သမာနာ ဝိပ္ပယုတ္တ-တာဝသေန ဝိသံသဋ္ဌတာယ နာနတ္တုပဂမနေန ဥပကာရကတာ ဝတ္ထု စိတ္တ စေတသိကာ ဝိပ္ပယုတ္တပစ္စယော။

http://www.dhammadownload.com



အညမညသမ္ပယုတ္တတာယ၊ တစ်ပါးသည် တစ်ပါးနှင့် စပ်သည်၏ အဖြစ်ကြောင့်။ ယုတ္တာ၊ ယှဉ်ကုန်သည်။ သမာနဇာတိ၊ ဖြစ်ကုန်သော်လည်း (ဝုတ္တပ္ပကာရေန၊ ဆိုအပ်ပြီးသော ဧကုပ္ပါဒ အစရှိသော အပြားအားဖြင့် ပိဋကတ်တော်ပြန့်ပွားရေးရိုက် နှေ့ရင်း နိဿယအလို)။

ဝိပ္ပယုတ္တဘာဝေန၊ မယှဉ်သည်၏ အဖြစ်ဖြင့်။ ဝိသံသဋ္ဌတာယ၊ မနှီးနှောသည်၏အဖြစ်ဖြင့်။ နာနတ္တူပဂမနေန၊ တူသည်၏ အဖြစ်သို့ ရောက်သဖြင့်။ ဥပကာရကာ၊ ကုန်သော။ ဝတ္ထုစိတ္တစေတသိကာ၊ ခြောက်ပါးသောဝတ္ထုရုပ် စိတ် စေတသိက်တို့သည်။ ဝိပ္ပယုတ္တပစ္စယော၊ မည်ကုန်၏။

**အဓိပ္ပာယ်ကား....**

ခြောက်ပါးသော ဝတ္ထုရုပ်၊ အရူပဘုံ၌ဖြစ်သော စိတ် စေတသိက်တို့သည် ကြဉ်အပ်သော အလုံးစုံသော စိတ် စေတသိက် တရားတို့သည် ဝိပ္ပယုတ္တ အဖြစ်ဖြင့် ကျေးဇူးပြုကုန်၏။

ထိုသို့ ဝိပ္ပယုတ္တအဖြစ်ဖြင့် ကျေးဇူးပြု၏ဆိုရာ၌လည်း ဉာဏဝိပ္ပယုတ္တ စသည်တို့ကဲ့သို့ သဘာဝမျှသည်၏ အဖြစ်ကို နှစ်စေ၍ နှီးနှောခြင်း မရှိသည်၏ အဖြစ်ဖြင့် အထူးထူးအပြားပြား၏အဖြစ်သို့ ရောက်ခြင်းတည်း။

အကြင်အကြင် မိမိဥစ္စာဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့နှင့် ယှဉ်ကုန်သော်လည်း ဝိပ္ပယုတ္တအဖြစ်ဖြင့်သာ ကျေးဇူးပြု၏။ ယှဉ်၏ ဆိုရာ၌လည်း ဧကုပ္ပါဒ အစရှိသော လေးပါးသော အပြားအားဖြင့် မယှဉ်အပ်သည်၏အဖြစ်ကြောင့် အညမည သမ္ပယုတ္တ ယှဉ်သကဲ့ကို ယှဉ်သည်မဟုတ်။ ပစ္စည်းပစ္စယုပ္ပန်တို့၏ အချင်းချင်းစပ်ဆည်၏ အဖြစ်ဖြင့်သာ ယှဉ်သည်ဟုမှတ်။

ထို့ကြောင့် ပဋ္ဌာန၊ အနုဋီ၊ ၂၇၇ ၌....

အယုတ္တ ယုတ္တတာ န သမ္ပယုတ္တပစ္စယတာယ ဝိယ ပစ္စယ-
ဓမ္မေသု ပစ္စယုပ္ပန္န ဓမ္မေသုစ ဝေဒိတဗ္ဗာ။

ဟူ၍လည်းတောင်း။

http://www.dhammadownload.com



ကွစိ ဟောတ္တ ဝိပ္ပယုတ္တတာယ ဝိသေသနံ ယာ နာနတ္တုပ-ဂမနသင်္ခါတာ ဝိပ္ပယုတ္တာ န သာ ဉာဏဝိပ္ပယုတ္တန္တိ အာဒီသုဝိယ အတ္ထာဝမတ္တန္တိ။

ဟူ၍လည်းကောင်း မိန့်ပြီ။

ဤ၌....

ဩက္ကန္တိက္ခဏေ ဝတ္ထု ဝိပါကာနံ၊ စိတ္တစေတသိကာ ဓမ္မာ သဟဇာတာနံ သဟဇာတဝသေန။ ပစ္ဆာဇာတာ စိတ္တ-စေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ဝသေန။ ဝတ္ထု ပဝတ္တိယံ သတ္တန္နံ ဝိညာဏ ဓာတူနံ ပုရေဇာတ ဝသေနေတိစ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။

ဟူသော သင်္ဂဟ ၌ လာသည့်အားလျော်စွာ လည်းကောင်း။

ပဋ္ဌာန်၊ ၂၊ ၃၅၁ ၌လည်း....

ဧကဝတ္ထုကာဒိဘာဝါနုပဂမေန ဥပကာရကာ ရူပိနော-ဓမ္မာ အရူပီနံ၊ အရူပိနော ဓမ္မာ ရူပီနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သော သဟဇာတ ပစ္ဆာဇာတ ပုရေဇာတ ဝသေန တိဝိဓော ဟောတိ။

ဟူ ဖွင့်ပြတော်မူ၏။

ဧကဝတ္ထုကာဒိဘာဝါနုပဂမေန၊ တူသော ဝတ္ထုရှိသည် စသည်တို့၏ အဖြစ်သို့မရောက်သောအားဖြင့်။ ဥပကာရကာ၊ ကုန်သော။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဆဝတ္ထုဟုဆိုအပ်သော တရားတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခုကြဉ်သော စိတ် (၈၅)ခု စေတသိက် ဒွေပညာသတို့သည်။ ရူပီနံ၊ ရုပ်ဖြစ်သောတရားတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ သော၊ ထိုဝိပ္ပယုတ္တပစ္စည်းသည်။ သဟဇာတ ပစ္ဆာဇာတ ပုရေဇာတ ဝသေန၊ တို့၏အစွမ်းဖြင့်။ တိဝိဓော၊ သည်။ ဟောတိ။

http://www.dhammadownload.com



ဤ၌ အရူပဝိပါကအရ နိဿယပစ္စည်းသည် နာမ်တရားဖြစ်သောကြောင့် ရုပ်တရားတို့နှင့် ဝိပ္ပယုတ္တမစွည်းအရ ယူသင့်သော်လည်း နိဿယသည် ရုပ်တရားတို့နှင့် ဝိပ္ပယုတ္တမဖြစ်၍ မယူရ၊ အရူပဝိပါကအရ နာမက္ခန္ဓာ လေးပါးကိုသာ ယူရ၏။

(စတုတ္ထဝိပ္ပယောဂေါ)ကို ထောက်။

ဓာတုကထာ၊ ၄-၂၀

ရူပက္ခန္ဓေန ဟိ စေဒနာဒယော ဝိပ္ပယုတ္တာစ ဓာတာစ ရူပက္ခန္ဓော ဝိပ္ပယုတ္တော။ နိဗ္ဗာနံ ပန သုခုမရူပ ဂတိကမေဝ။

အကျဉ်းချုပ်အားဖြင့် ရှုး(ခြား)မှု

၁။ စိတ္တက္ခဏတစ်ခု၌ အတူတကွဖြစ်ကုန်သော စိတ် စေတသိက်တို့နှင့် ဝိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် စပ်ယှဉ်ကြသည်ဖြစ်လျက် ရုပ်တရားနှင့် နာမ်တရား ဖြစ်၍ မယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို သဟဇာတ ဝိပ္ပယုတ္တဟုမှတ်။

၂။ မှီရာဖြစ်သော ဝတ္ထုရုပ် ၆-ပါးတို့၏ မှီတတ်သော သတ္တဝိညာဏဓာတ်(၇)ပါး တို့နှင့် စပ်ယှဉ်ကြသည် ဖြစ်လျက် ရုပ်တရား၊ နာမ်တရားဖြစ်၍ မယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို ပုရေဇာတ ဝိပ္ပယုတ် ဟုမှတ်။

၃။ ရှေးရှေးသောအခါကဖြစ်ခဲ့၍ မိမိရှိရာ ဌီခဏသို့ရောက် လာသော ရုပ်တို့နှင့် ပဋမဘဝင် အစရှိသော နောက် နောက်သော စေတသိက် တို့သည် စပ်ယှဉ်ကြသည် ဖြစ်လျက် ရုပ်တရားနှင့် နာမ်တရားဖြစ်၍ မယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို ပစ္ဆာဇာတ ဝိပ္ပယုတ် ဟုမှတ်။

http://www.dhammadownload.com



ပဋ္ဌာန ၄-၃၈၁

ရူပဓမ္မေသုပိ ဧတေယေဝ ဆကောဋ္ဌာသာ အရူပက္ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယာ ဟောန္တိ။

ရူပါယတနာဒယော ပန အာရမ္မဏဓမ္မာ ကိဉ္စာပိ ဝိပ္ပယုတ္တဓမ္မာ၊ ဝိပ္ပယုတ္တပစ္စယာ ပန န ဟောန္တိ။ ကိံ ကာရဏာ သမ္ပယောဂသင်္ကာယ အဘာဝတော။ အရူပိနောပိ စက္ခာဒီနံ ဝတ္ထူနံ အဗ္ဘန္တရတော နိက္ခမန္တာဝိယ ဥပ္ပဇ္ဇန္တိ၊ တတ္ထ အသင်္ကာ ဟောတိ ကိံ နု ခေါ ဧတေ ဧတေဟိ သမ္ပယုတ္တာ ဥဒါဟု ဝိပ္ပယုတ္တာတိ။ အာရမ္မဏဓမ္မာ ပန ဝတ္ထုနိဿယေန ဥပ္ပဇ္ဇမာနာနံ အာရမ္မဏမတ္တာ ဟောန္တီတိ။ နတ္ထိ တေသု သမ္ပယောဂါသင်္ကာ။ သမ္ပယောဂါသင်္ကာယ အဘာဝတော န တေ ဝိပ္ပယုတ္တ ပစ္စယာ။ ဟဒယဝတ္ထု အာဒိသုဝေ ပနာယံ ဝိပ္ပယုတ္တ ပစ္စယတာ ဝေဒိတဗ္ဗာ။

ဟိ၊ ထင်ရှားစွာဖြဦးအံ့။ ရူပဓမ္မေသု၊ တို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ ဧတေယေဝကောဋ္ဌာသာ၊ ရုပ်တရားအဖို့တို့သည်သာလျှင်။ အရူပက္ခန္ဓာနံ၊ တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ ဖြင့်။ ပစ္စယာ၊ သည်။ ဟောန္တိ၊ ကုန်၏။

ရူပါယတနာဒယောပန၊ အစရှိကုန်သော။ အာရမ္မဏဓမ္မာ၊ တို့သည်။ ဝိပ္ပယုတ္တဓမ္မာ၊ တို့သည်။ ကိဉ္စာပိဟောန္တိ၊ ရှင့်။ ပနတထာပိ၊ သော်လည်း။ ဝိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ သမ္ပယောဂါသင်္ကာယ၊ အညီအညွတ်။ ကေုပ္ပါဒ၊ အစရှိသော အခြင်းအရာတို့ဖြင့် ယှဉ်ခြင်း၌ တွေးတောယုံမှားခြင်း၏။ အဘာဝတော၊ ကြောင့်။ ဝိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ဟိ၊ ချဲ့၍ဆိုဦးအံ့။ အရူပိနော၊ ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ စက္ခာဒီနံ၊ စက္ခုစသည် အစရှိကုန်သော။ ဝတ္ထူနံ၊ တို့၏။ အဗ္ဘန္တရတော၊ အတွင်းမှ။ နိက္ခမန္တာဝိယ၊ ထွက်ကုန်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ တတ္ထ၊ ထိုခြောက်ပါးသော ဝတ္ထုတို့၌(ဝါ) ထိုနာမ်တရား စက္ခု စသော ဝတ္ထုတို့၌ (ဝါ) ထိုသို့ စက္ခု စသော ဝတ္ထုတို့၏အတွင်းမှ ထွက်သကဲ့သို့။

http://www.dhammadownload.com



သက်ာ၊ တွေးတောယုံမှားခြင်းသည်။ ဟောတိ၊ ၏။ ကထံဟောတိ၊ ကား။ တေ၊ ဤခြောက်ပါးကုန်သော ဝတ္ထုတို့သည်။ တေဟိ၊ ဤ နာမက္ခန္ဓာတရားတို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ဟောန္တိနုခေါ၊ ဖြစ်ကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သည်။ ဟောန္တိနုခေါ၊ ဖြစ်ကုန်သလော။ ဣတိ-အာသက်ာ၊ ဤသို့ယုံမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပန၊ အထူးကိုဆိုဦးအံ့။ အာရမ္မဏမေဝ၊ တို့သည်။ ဝတ္ထု-နိဿယေန၊ စက္ခု အစရှိသော ဝတ္ထုဟူသော မှီရာဖြင့်။ ဝါ၊ကြောင့်။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော စက္ခုဝိညာဏ် အစရှိသော နာမ်တရားတို့၏။ အာရမ္မဏမတ္တာ၊ အာရုံမျှတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေသု၊ ထိုတရားတို့၌။ သမ္ပယောဂသက်ာ၊ သည်။ နတ္ထိ၊ မရှိ။ သမ္ပယောဂါသက်ာယ၊ ၏။ အဘာဝတော၊ ကြောင့်။ တေ၊ ထိုအာရုံတရားတို့သည်။ ဝိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ပန၊ စင်စစ်သော်ကား။ တဒယဝတ္ထု အာဒိသုဝေ၊ တဒယ်ဝတ္ထု အစရှိသည်တို့၌သာလျှင်။ အယံဝိပ္ပယုတ္တပစ္စယတာ၊ ဤဝိပ္ပယုတ္တပစ္စည်းတပ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဆိုလိုရင်းကား....

၁။ ရူပါရုံ စသော ရုပ်တရားတို့သည် နာမက္ခန္ဓာတို့နှင့် ဝိပ္ပယုတ် ကေန်ဖြစ်သော်လည်း ရူပါရုံစသော တရားတို့သည် ဝိပ္ပယုတ္တပစ္စည်း မဖြစ်ကုန်။ အကြောင်းကား ယှဉ်အံ့လော မယှဉ်အံ့လောဟု ယုံမှားစရာ မရှိသော ကြောင့်တည်း။

၂။ နာမ်ကိုမှီ၍ဖြစ်ကုန်သော နာမ်နှင့် သဟဇာတဖြစ်ကုန်သော ရုပ်တို့၏လည်း နာမ်နှင့်ယှဉ်ခြင်း၌ ယုံမှားခြင်း ဖြစ်ရာ၏။

၃။ ပစ္ဆာဇာတ နာမ်ဖြင့်သာလျှင်တည်သော ပုရေဇာတ ကာယ၏လည်း နာမ်နှင့်ယှဉ်ခြင်း ယုံမှားခြင်းဖြစ်ရာ၏။

http://www.dhammadownload.com



၄။ နာမက္ခန္ဓာလေးပါးတို့သည်လည်း စက္ခု အစရှိသော ၆-ပါးသော ဝတ္ထုရုပ်အတွင်းမှယွက်သကဲ့သို့ ဖြစ်သော ကြောင့် ဝတ္ထုရုပ် ၆-ပါးနှင့် နာမက္ခန္ဓာတို့သည် ယှဉ် လေသလော မယှဉ်လေသလောဟု ယုံမှားဖွယ်ရာရှိ၏။ ထို့ကြောင့်မယှဉ်သည်၏အဖြစ်ကို ထင်ရှားစိမ့်သောငှာ သဟဇာတ ပုရေဇာတဖြစ်သော နာမ်၊ သဟဇာတ ဖြစ်သော ရုပ်၊ ပုရေဇာတကာယတို့၏သာလျှင် ဖြစ် သော ၆-ပါးသော ဝတ္ထုရုပ်၊ သဟဇာတနာမ်၊ ပစ္ဆာ- ဇာတ နာမ်တို့၏ ဝိပ္ပယုတ္တပစ္စည်းအဖြစ်ကို ဟောတော် မူသည် ဟူလို။

သဟဇာတဝိပ္ပယုတ်၌ ဒွေပဉ္စဝိညာဏ်(၁၀) အရူပဝိပါက် (၄) နှင့်၊ ရဟန္တာတို့၏စုတိကိုကြဉ်သည်ကား ၄င်းစိတ်တို့သည် ရုပ်ကို မဖြစ် စေနိုင်သောကြောင့် ကြဉ်သည်။

သင်္ဂဟ-၌။

အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိ ဝိဓမ္ပိ- စိတ္တံ စိတ္တသ သမုဋ္ဌာနရူပံ။

ဟူ လာ၏။

ခီဏာသဝဿ စုတိစိတ္တံ ဒွေပဉ္စဝိညာဏာနိ စတ္တာရိ အရူပ ဝိပါကာနီတိ စိတ္တာနိ ရူပံ နသမုဋ္ဌာပေန္တိ။

ရဟန္တာတို့၏ စုတိစိတ် မဖြစ်စေနိုင်သည်ကား....

သံသရာဝဋ်မြစ် ကင်းပြတ်ပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ် သောကြောင့်....

ဝိဘာင်း၊ ၌၊ ၂၂။

ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဋမူလ ဝူပသန္တတာ ရူပံ နသမုဋ္ဌာပေတိ။

ဟိတ် ဗျာနင် မဂ္ဂင်ကင်းသောကြောင့် ဒုဗ္ဗလဖြစ်ရကား ရုပ်ကို မဖြစ်စေနိုင်။

http://www.dhammadownload.com



ဝိဘင်း၊ ဌ၊ ၂၃။

ပဋ္ဌဂိညာဏော ပန ရှာနင် နတ္ထိ။ မဂ္ဂင် နတ္ထိ ဟောတု နတ္ထိတိ စိတ္တင် ဖုဗ္ဗလံ ဟောတီတိ၊ စိတ္တင် ဒုဗ္ဗလတာယ တာနိ ရူပံ န သမုဋ္ဌာပေန္တိ။

အရူပဝိပါက် ၏ ရုပ်ကိုမဖြစ်စေနိုင်သည်ကား...,
အရူပ ၄ ဘုံ၌ ရုပ်မရှိသည်၏ အဖြစ်ကြောင့်....

ဝိဘင်း၊ ဌ၊ ၂၃။

စတ္တာရိ အရူပဝိပါကာနိ တသ္မိံ ဘဝေ ရူပဿ နတ္ထိတာယ ရူပံ န သမုဋ္ဌာပေန္တိ။

ဤ၌....

အရူပဝိပါက်သာ ရုပ်ကိုမဖြစ်စေနိုင်သည် မဟုတ်၊ ထိုဘုံ၌ဖြစ်ခိုက်သော ၄၂ ပါးသော စိတ်တို့သည်လည်း ရုပ်ကို မဖြစ်စေနိုင်သည် ဟူ၍မှတ်။

ဝိဘင်း၊ ဌ၊ ၂၃။

နကေဝလဉ္စ တာနေဝ ယာနိ အညာနိပိ တသ္မိံဘဝေ အဋ္ဌကာမာဝစရ ကုသလာနိ ဒသအကုသလာနိ နဝ ကြိယာ စိတ္တာနိ၊ အာရုပ္ပကုသလာနိ စတဿော အာရုပ္ပကြိယာ တိဏိမဂ္ဂစိတ္တာနိ စတ္တာရိဖလစိတ္တာနီတိ ဒွေ စတ္တာလီသစိတ္တာနိ န ဥပ္ပဇ္ဇန္တိ၊ တာနိပိ တတ္ထ ရူပဿ နတ္ထိတာယ ဧဝံ ရူပံ န သမုဋ္ဌာပေန္တိ။

**********

http://www.dhammadownload.com



## အတ္ထိ ပစ္စည်း

ဥပတ္ထမ္ဘကတ္တေန အနုရူပံ အသတိ ပစ္စတ္တ တီတိ အတ္ထိ။

(အသဓာတ်၊ ထိက်ပစ္စည်း) အသဓာတ်၏ အရကား- အတ္ထိ တရားတို့၏ ဟေ အာဒိ သဟ ဥ မု ပစ္စာ ကံ ဝိပါ အာ ဣ ဈာ မဂ် သမ် ဝိပ် အဝိ ဤ(၁၈)ပစ္စယသတ္တိ ရ၏။ ထိက် ပစ္စည်း အရကား ထိုသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော သတ္တိမန္တ ရ၏။

ဤ၌ အတ္ထိ ဟူသော ပုဒ်သည်....

အတ္ထိ ဣမသ္မိံ ကာယေ ဟူသော သတိပဋ္ဌာန် ပါဠိတော်။ ပုတ္တမတ္ထိ ဓနမတ္ထိ ဟူသော ဓမ္မပဒ ပါဠိတော်တို့ကဲ့သို့ နိပါတ်အတ္ထိ မဟုတ်။

အတ္ထိ ဟေတိတိ သော မဂ္ဂေါ ဟူသော ဝိဒ္ဒဝင် ပါဠိတော်၌ လာသော အတ္ထိကဲ့သို့ နာမ်ပုဒ် အတ္ထိဖြစ်၍ ဝစနတ္ထ ပြုရသည်။

ပစ္စုပ္ပန်ကာလထင်ရှားရှိသော သဘောရှိသည်ဖြစ်၍ ထောက်ပံ့ ခိုင်စေတတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဟဇာတစသော ငါးပါးတရားတို့သည် အတ္ထိပစ္စည်းမည်၏။

ပဋ္ဌာန် ဋ္ဌ၊ ၃၇၄။

အပိစေသ အတ္ထိပစ္စယော နာမ သဒ္ဓေပဋ္ဌာ ခဏတ္တယ ပတ္တံ နာမရူပံ ရူပဉ္စ၊ ဝတ္တမာနာ ပဉ္စက္ခန္ဓာတိပိ ဝတ္ထုံ ဝဋ္ဋတိ။

ဋီကာကျော်၊ ၂၄၅။

ပစ္စုပ္ပန္နသဘာဝသင်္ခါတေန အတ္ထိဘာဝေန တာဒိ- သဿေဝ ဓမ္မဿ၊ ဥပတ္ထမ္ဘကတ္တေန ဥပကာရကာ သဟဇာတ ပုရေဇာတန္တိာဒိနာ ဝက္ခမာနဓမ္မာ အတ္ထိပစ္စယော။

ပစ္စုပ္ပန္နသဘာဝသင်္ခါတေန၊ ပစ္စုပ္ပန်သဘောရှိသည်ဟုဆိုအပ် သော။ အတ္ထိဘာဝေန၊ ရှိသည်၏အဖြစ်ဖြင့်။ တာဒိသဿေဝ၊ ထိုကဲ့သို့ သဘောရှိသည်သာလျှင်ဖြစ်သော။ ဓမ္မဿ၊ အတ္ထိ ဓမ္မအား။ ဥပထမ္ဘ-

http://www.dhammadownload.com



ကတ္တေန၊ ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့်။ ဥပကာရကာ၊ကုန်သော။ သဟဇာတ ပုရေဇာတ တဒ္ဒါဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝက္ခမာန ဓမ္မာ၊ ဆိုလတ္တံ့သော သဟဇာတ စသော ငါးပါးသော တရားတို့သည်။ အတ္ထိပစ္စယော၊ မည်၏။

ပဋ္ဌာန ဋ္ဌ၊ ၃၅၀ ဋ္ဌလည်း....

ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကတ္တေန ဥပကာရကော ဓမ္မော အတ္ထိ ပစ္စယော။

မိန့်၏။

ဥပမာအားဖြင့်....

ဟိမဝန္တာ တောင်မင်းသည် မိမိကိုမှီ၍ဖြစ်သော မြက်သစ်ပင် စသည်တို့အား တိုးပွားစည်ပင်စိမ့်သောငှာ မိမိ ထင်ရှား ရှိသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော သဟဇာတ စသော ငါးပစ္စည်းတို့သည် အတ္ထိပစ္စည်း မည်ကုန်၏။

ထို အတ္ထိပစ္စည်းသည်....

အတ္ထိမေ ပါပံ ကမ္မံ ကတံ၊ အတ္ထိပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော စသည်တို့ကဲ့သို့ မှုချဆတ်ဆတ် ရအပ်သည်၏ အဖြစ်တည်းဟူ သော လက္ခဏာ မရှိသော အတ္ထိဘာဝ အဖြစ်မဟုတ်။

စင်စစ် ပစ္စုပ္ပန်သဘောရှိသော အတ္ထိဘာဝအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည်သာလျှင် အတ္ထိပစ္စည်း မည်သည်ဟုမှတ်။

ထို့ကြောင့် ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန ဟု အဋ္ဌကထာ ဖွင့်ပြသည်ဟုမှတ်။

ထို့ကြောင့်....

ပစ္စုပ္ပန္နော ဘာဝေါ သဘာဝေါ လက္ခဏံ ဧတဿာတိ ပစ္စုပ္ပန္နဘာဝေါ ဟုပြ၊ အတ္ထိဘာဝ ရစေ။

http://www.dhammadownload.com



အတ္ထိဘာဝ ဆိုသည်....

ဥပတ္ထမ္ဘက သဘောပင်တည်း။ မှန်၏။ ဥပထမ္ဘကသတ္တိဆိုသည်လည်း ပစ္စယုပ္ပန် တရားတို့အား အားရှိလာအောင် ထောက်ပံ့အားပေးခြင်းပင်။

အတ္ထိဘာဝ ဆိုသည်လည်း ဝတ္တာရမ္မဏ သဟဇာတ တရားတို့အား ဆက်ဆံသော အတ္ထိ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဥပတ္ထမ္ဘက သဘာဝပင်တည်း။ နိဿယ စသော အဖြစ်ဖြင့် ကျေးဇူးပြုသည်၏အဖြစ် မဟုတ်ဟုမှတ်။

ထို့ကြောင့် ဋီကာကျော်၌ သဟဇာတံ ပုရေဇာတန္တ္ဗာဒိနာ ဝက္ခမာန ဓမ္မာ-ဟု မိန့်သည်ဟုမှတ်။

မဏိမဉ္ဇူ၊ ဋီ၊ ဒု၊ ၄၀၄။

> ဣဓဒ္ဓ ဥပတ္ထမ္ဘကတ္တံ ဝတ္ထာရမ္မဏ သဟဇာတာဒီနံ သာဓာရဏံ အတ္ထိဘာဝေ နေဝ ဥပကာရကတ္တံ နနိဿယာဒိဘာဝေနာတိအာဟ သဟဇာတံ ။ပ။ ဓမ္မာတိ။

ပဋ္ဌာန၊ မူလဋီ၊ ၁၇၅။

> ဣဓဒ္ဓ ဥပတ္ထမ္ဘကတ္တံ ဝတ္ထာရမ္မဏသဟဇာတာဒီနံ သာဓာရဏံ အတ္ထိဘာဝေန ဥပကာရကတ္တံ ဒဋ္ဌဗ္ဗံ။

ဤ၌....

> သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
> ကဗဠီကာရော အာဟာရော၊ ရူပ ဇီဝိတ မိစ္စယန္တိ။
> ပဉ္စဝိဓော ဟောတိ၊ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။

ဟူသော သင်္ဂဟ ဋ္ဌ နှင့် အညီ အတ္ထိသည်....

သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပအာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ငါးပါး အပြားရှိ၏။

ထိုငါးပါးတို့တွင်....

အချို့သောပစ္စည်းတို့သည် ဇနကသတ္တိ ရှိသည်ဖြစ်ပါလျက် အဘယ်ကြောင့် ဥပတ္ထမ္ဘကသတ္တိ ကိုသာ မိန့်ဆိုအပ်သနည်းဆိုမူ....

http://www.dhammadownload.com



မူလဋီကာအလို ဥပတ္ထမ္ဘကသတ္တိသာ ပဓာနဖြစ်သောကြောင့် ဋီကာကျော် အဆိုအရ ဥပါဒက္ခဏ ထက် ဌီခဏ၌သာလျှင် လွန်ကဲ၏ အဖြစ်ကြောင့် ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုသည်ကိုသာ မိန့်ဆိုတော်မူကြသည်။

ပဋ္ဌာန၊ မူလဋီ၊ ၁၇၅။

သတိပိ ဇနကတ္တေ ဥပတ္ထမ္ဘကပ္ပဓာနာ အတ္ထိဘာဝေန ဥပကာရကာ တာတိ အာဟ ဥပတ္ထမ္ဘကတ္တေနာတိ။

ဋီကာကျော်၊ ၂၄၅။

သတိပိ ဟိ ဇနကတ္တေ ဌိတိယံ ယေဝ သာတိသယော အတ္ထိပစ္စယာနံ ဗျာပါရောတိ ဥပတ္ထမ္ဘကဘာဝ ေတသံ ဂဟိတာ။

ဤ အတ္ထိပစ္စည်း၌...

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားသော တရားဖြစ်သောကြောင့် အတ္ထိပစ္စည်းရသင့်၏ ဟူငြားအံ့။

ကုသလာဒိဝသေန ပဉ္စဝိဓော အတ္ထိပစ္စယော ဝုတ္တော၊ န နိဗ္ဗာနံ ဟူ ပဋ္ဌာနမူလဋီ၊ ၁၉၄ ၌ မိန့်သောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း မရအပ်။

အကြောင်းကား နိဗ္ဗာန်သည် ထင်ရှားရှိသော တရားဖြစ်၍ မိမိဟုဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုကုန်သောတရားတို့အား ကျေးဇူးပြု၏။

သို့ပင်ဖြစ်သော်လည်း...

၁။ ပစ္စုပ္ပန် သဘောအားဖြင့် ထင်ရှားမရှိသည်က တစ်ကြောင်း၊

၂။ ဥပါဒ် ဌီ ဘင် ခဏတ္တယ အားဖြင့် ထင်ရှားမရှိသည်ကတစ်ကြောင်း၊

၃။ အတ္ထိသဘောသည် ရှိသောအားဖြင့် ကျေးဇူးပြုခြင်း၊ မရှိသောအားဖြင့် ကျေးဇူးပြုခြင်း ၂ ပါးတို့တွင် မရှိ

http://www.dhammadownload.com



သောအားဖြင့် ကျေးဇူးပြုခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ရှိသောအားဖြင့် ကျေးဇူးပြုခြင်းကိုသာ အတ္ထိမည်ကြောင်း ဖွင့်ဆိုကြသောကြောင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း အတ္ထိပစ္စည်း မတပ်ဟု မှတ်ကြပါကုန် အရှင်ကောင်းတို့။

ပဋ္ဌာနမူလဋီ၊ ၁၉၄။

ယော ဟိ အတ္ထိဘာဝါဘာဝေန အနုပကာရကော အတ္ထိဘာဝံ လဘိတွာ ဥပကာရကော ဟောတိ။ သော အတ္ထိပစ္စယော ဟောတိ။ နိဗ္ဗာနဉ္စ နိဗ္ဗာရမ္မဏာနံ နအတ္ထနော အတ္ထိဘာဝါဘာဝေနံ အနုပကာရကံ ဟုတွာ အတ္ထိဘာဝလာဘေန ဥပကာရကံ ဟောတိ။

ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေ ပကာရကတာဝိရုဒ္ဓေါ ဥပကာရကဘာဝေါ အတ္ထိပစ္စယတာတိ န နိဗ္ဗာနံ အတ္ထိပစ္စယော။

ဋီကာကျော်၊ ၂၅၂ ၌လည်း....

ပစ္စုပ္ပန္နသဘာဝေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကတ္တာ အတ္ထိဘာဝါဘာဝေန အနုပကာရကာနမေဝ အတ္ထိဘာဝေန ဥပကာရကတာ အတ္ထိပစ္စယဘာဝေါတိ နတ္ထိ နိဗ္ဗာနဿ သဗ္ဗဒါ ဘာဝီနော အတ္ထိပစ္စယတာ အဝိဂတပစ္စယတာစ။

ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေ ပကာရကတာဝိရုဒ္ဓေါ ဝိဂတဘာဝေ ပကာရကတာဝိရုဒ္ဓေါစ ဥပကာရကဘာဝေါ အတ္ထိပစ္စယတာဒိကာတိ န တဿ တပ္ပစ္စယတ္တပ္ပသင်္ဂေါ။ ရူပဇီဝိတိန္ဒြိယဒွေတ္တ ဩဇာဝီယ ဋ္ဌိတိက္ခဏေဝ ဥပကာရကတ္တာ သဟဇာတပစ္စယောသု န ဂယှတီတိ ဝိသုံ ဝုတ္တံ။

ဟု ဖွင့်ဆိုပြသေး၏။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ အတ္ထိဘာဝါဘာဝေန၊ ပစ္စယုပ္ပန်သဘောရှိသော အတ္ထိအဖြစ် မရှိသည်၏ အဖြစ်ဖြင့်။ ယော

http://www.dhammadownload.com



အနုပကာရကော၊ အကြောင်ကျေးဇူးမပြုတတ်သော အနာဂတ်ဖြစ်သော နာမ်တရား အပေါင်းသည်။ အတ္ထိဘာဝံ၊ ပစ္စုပ္ပန်သဘောရှိသော အတ္ထိအဖြစ် ရှိသည့်၏အဖြစ်ကို။ လဘိတွာ၊ ရသည်ဖြစ်၍။ ဝါ၊ ရသည်ဖြစ်လတ်သော်။ သောအနုပကာရကော၊ ထိုပစ္စုပ္ပန်အနာဂတ် ဖြစ်သော နာမ်တရား အပေါင်းသည်။ ဥပကာရကော၊ ကျေးဇူး ပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုတရားအပေါင်းသည်။ အတ္ထိ ပစ္စယော၊ မည်သည်။ နဟောတိ၊ မဖြစ်။

ဝါ၊ တစ်နည်းကား။ ဥပ္ပါဒါဒိယုတ္တာနံ၊ ဥပါဒ်အစရှိသည်တို့ နှင့်ယှဉ်ကုန်သော သင်္ခတ တရားတို့၏။ နတ္ထိဘာဝေါပကာရကတာ၊ မရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်၏။ ဝိရုဇ္ဈေ၊ ဆန့်ကျင်ဘက်ဖြစ်သော။ ဥပကာရကဘာဝေါ၊အဖြစ်သည်။အတ္ထိပစ္စယ တာ၊အတ္ထိပစ္စည်းအဖြစ်မည်၏။ဣတိ တသ္မာ၊ထို့ကြောင့်။နိဗ္ဗာန်၊သည်။ အတ္ထိပစ္စယော၊သည်။ န ဟောတိ၊ မဖြစ်။ ဝါ၊ မရထိုက်။

အဓိပ္ပာယ်ကား.....

အကြောင်း အနာဂတ်ဖြစ်သော နာမ်တရား အပေါင်းသည် အတ္ထိ သတ္တိဟု ဆိုအပ်သော ပစ္စုပ္ပန်သဘော မရှိသောကြောင့် အတ္ထိ သတ္တိဖြင့် ကျေးဇူးမပြုနိုင်သေး။ ထိုအနာဂတ်ဖြစ်သော နာမ်တရား အပေါင်းသည် အတ္ထိသတ္တိဟုဆိုအပ်သော ပစ္စုပ္ပန်သဘော ရှိလာ၏။ ထိုပစ္စုပ္ပန်သဘောရှိသော နာမ်တရားအပေါင်းသည်သာ အတ္ထိသတ္တိ ဖြင့် ကျေးဇူးပြုနိုင်၏။

နိဗ္ဗာန်သည်ကား တစ်ခါတစ်ရံမျှ အတ္ထိသတ္တိဟု ဆိုအပ်သော ပစ္စုပ္ပန်သဘောကို မရသောကြောင့် မိမိဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုကုန်သော တရားတို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ထိုသို့ ကျေးဇူးမပြုနိုင်သောကြောင့် အတ္ထိပစ္စည်းမဖြစ်၊ မရထိုက်ဟု ဆိုလိုသည်။

အတ္ထိငါးပါးတို့တွင်....

၁။ သဟဇာတအတ္ထိသည်....

နာမက္ခန္ဓာလေးပါး၊ မဟာဘုတ်လေးပါး၊ ဟဒယဝတ္ထု၊ ဉ္ဈသဟဇာတ ၃ ပါးနှင့်တူ၏။

ပဋ္ဌာန ဋ္ဌ၊ ၃၈၄။

ပဉ္စဝေါကာရေ သမ္ပယုတ္တကက္ခန္ဓာနဉ္စေဝ စိတ္တသမုဋ္ဌာန ရူပါနဉ္စ၊ စတုဝေါကာရေ သမ္ပယုတ္တကက္ခန္ဓာနဉ္စေဝ သဟ- ဇာတာကုသလော အတ္ထိပစ္စယေန ပစ္စယော။

တတ္ထ ကမ္မသမုဋ္ဌာနော ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ တိကံ။ ဧကော ဒွေ ဒွိန္နံ မဟာဘူတာ ဥပါဒါရူပါနဉ္စ ဧဝံ သဟဇာတာတ္ထိ ပစ္စယေန ပစ္စယော ဟောတိ။ ပဋိသန္ဓိက္ခဏေ ဝတ္ထုရူပံ ကာမာဝစရေ ရူပါဝစရေ ဝိပါကက္ခန္ဓာနံ သဟဇာတတ္ထိ ပစ္စယေန ပစ္စယော ဟောတိ။

၂။ ပုရေဇာတတ္ထိသည်....

ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတ နှစ်ပါးနှင့်တူ၏။

ပဋ္ဌာန ဋ္ဌ၊ ၃၈၅။

ပုရေဇာတတ္ထိပစ္စယောပန ဝတ္ထုပုရေဇာတ အာရမ္မဏ ပုရေဇာတ ဝသေန ဒုဝိဓော ဟောတိ၊ သော ဒုဝိဓောပိ ဟုတွာ ပုရေဇာတပစ္စယေ ဝုတ္တနယေနေဝ ယောဇေတွာ ဂဟေတဗ္ဗော။

၃။ ပစ္ဆာဇာတတ္ထိသည်....

ပစ္ဆာဇာတနှင့် တူ၏။

ပဋ္ဌာန ဋ္ဌ၊ ၃၈၅။

ဋ္ဌိတိပ္ပတ္တဿ စတုသမုဋ္ဌာနိက တိသမုဋ္ဌာနိက ကာယဿ ပစ္ဆာဇာတတ္ထိ ပစ္စယေန ပစ္စယော။

၄။ အာဟာရတ္ထိသည်....

ရုပ်အာဟာရ၏ ပစ္စည်းနှင့်တူ၏။

ပဋ္ဌာန ဋ္ဌ၊ ၃၈၅။

အာဟာရတ္ထိပစ္စယောပိ ဟုတွာ ကဗဠီကာရာဟာရ ပစ္စယေ ယောဇိတနယေနေဝ ယောဇေတဗ္ဗော။ ဣမေနံ

http://www.dhammadownload.com



နေသ အတ္တနော အနိရုဒ္ဓက္ခဏေ ပစ္စယဘာဝေန အတ္ထိ ပစ္စယောတိ ဝုတ္တော။

ပန် ၊ဆက်၍ဆိုဦးအံ့။ကမ္မဝ ၊ဤအတ္ထိပစ္စယနိဒ္ဒေသ၌။ သော ဓမ္မော၊ ဤကဗင်္ဂကာရအာဟာရကို။ အတ္တနော၊ မိမိ၏။ အနိရုဒ္ဓက္ခဏေ၊ မချုပ်သေးသောခဏ၌။ ပစ္စယဘာဝေန၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်။ အတ္ထိပစ္စယောတိ၊ ဟူ၍။ဘဂဝတာ၊သည်။ ဝုတ္တော၊၏။

၅။ ရူပဇီဝိတိန္ဒြိယတ္ထိသည်....

ရုပ်ဇီဝိတိန္ဒြိယ်ပစ္စည်းနှင့် တူ၏။

ပဋ္ဌာန ၄၊ ၃၇၅။

ရူပဇီဝိတိန္ဒြိယမ္ပိ ဟေဋ္ဌာ ဣန္ဒြိယေ ရူပဇီဝိတိန္ဒြိယယောဇနာယံ ဝုတ္တနယေ နေဝ ယောဇေတဗ္ဗံ၊ ဣဓပေန တမ္ပိ အတ္တနော အနိရုဒ္ဓက္ခဏေ ယေဝ ပစ္စယဘာဝေန အတ္ထိ ပစ္စယောတိ ဝုတ္တန္တိ ဧဝမေတ္ထ ပစ္စယုပ္ပန္နတောပိ ဝိညာတဗ္ဗော ဝိနိစ္ဆယော။

ဆဆဆဆဆဆဆဆ

## နတ္ထိ ပစ္စယော

အသတိ ဘဝတီတိ အတ္ထိ၊ န အတ္ထိ နတ္ထိ၊ ဟူ တပ္ပုရိသ် ပြု။

ဤနည်း....

ညဥ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ တစ်ခုသော နေရာဌာန၌ ထိုင်နေသော သူသည် ထိုနေရာဌာနမှာ ထသွား၍ကင်းသည်ရှိသော် တစ်ယောက်သောသူအား ထိုနေရာ၌ နေခွင့်ရအောင် မရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ တစ်ခုသော ဖဿ စသော တရားအပေါင်းသည် ဖြစ်နေသည်ရှိသော် နှစ်ခုမြောက်သော ဖဿ စသော တရားအပေါင်း၏ မဖြစ်နိုင်ခြင်းကြောင့် မိမိဟူ ဆိုအပ်သော စိတ်စေတသိက်တရား၏ ဖြစ်တည်နေခြင်းဖြင့် ဖြစ်ခွင့်မရ

http://www.dhammadownload.com



ကြကုန်သေးသော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သောစိတ်စေတသိက်တရားတို့အား ဖြစ်ခွင့်ကိုပေးသည်၏ အဖြစ်ဖြင့် ထင်ရှား မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်ကုန်သော အခြားမဲ့ဖြစ်၍ ချုပ်ပျောက်ကုန်ပြီးသော စိတ် စေတသိက် တရားတို့သည် နတ္ထိပစ္စည်းတပ်သောတရားတို့မည်ကုန်၏။

ဋီကာကျော်၊ ၂၄၅။

ဧကသ္မိံ ဖဿာဒိသမုဒါယေ ပဝတ္တမာနေ ဒုတိယဿ အဘာဝတော အတ္တနော ဌိတိယာ ဩကာသံ အလဘန္တာနံ အနန္တရံ မုပ္ပဇ္ဇမာနကစိတ္တစေတသိကာနံ ဩကာသဒါနဝသေန ဥပကာရကာ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ နတ္ထိပစ္စယော။

ဧကသ္မိံ၊ တစ်ခုသော။ ဖဿာဒိသမုဒါယေ၊ ဖဿအစရှိသော တရားအပေါင်းသည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ ဒုတိယဿ၊ နှစ်ခုမြောက်သော ဖဿအစရှိသော တရားအပေါင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အတ္တနော၊ မိမိဟုဆိုအပ်သော စိတ်စေတသိက်တရား၏။ ဌိတိယာ၊ တည်ခြင်းကြောင့်။ ဩကာသံ၊ ဖြစ်ခွင့်ကို။ အလဘန္တာနံ၊ မရကုန်သော။ အနန္တရံ၊ အခြားမဲ့၌။ ဥပ္ပဇ္ဇနကစိတ္တ-စေတသိကာနံ၊ ဖြစ်လတ္တံ့သော စိတ်စေတသိက်တို့အား။ ဩကာသ-ဒါနဝသေန၊ ဖြစ်ခွင့်ကိုပေးသည်၏အစွမ်းဖြင့်။ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သော။ အနန္တရနိရုဒ္ဓါ၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ တို့သည်။ နတ္ထိပစ္စယော၊ မည်၏။

ပဋ္ဌာန၊ ၄၊ ၃၀၆။

ပဋုပ္ပန္နာနန္တိ ပစ္စုပ္ပန္နာနံ။ ဣမိနာ နတ္ထိပစ္စယဿ ဩကာသဒါနဋ္ဌေန နတ္ထိ ပစ္စယဘာဝံ သာဓေတိ။ ပုရိမေသုဟိ နိရောဓဝသေန ပတ္တိမာနံ ပဝတ္တနောကာသံ အဒေန္တေသု တေသံ ပဋုပ္ပန္နဘာဝေါ ဒုတိယာတိ အယမေတ္ထ ပါဠိ ဝဏ္ဏနာ။ သေသံ သဗ္ဗံ အနန္တရပစ္စယေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ပစ္စယလက္ခဏမေဝ ဟေတ္ထနာနံ။ ပစ္စယာနံပန ပစ္စယုပ္ပန္နာနဉ္စ နာနာကရဏံ နတ္ထိ။

ဆဆဆဆဆဆဆဆဆဆဆ

http://www.dhammadownload.com



## ဝိဂတပစ္စည်း

ဝိဂတော ပဝတ္တော ဇောသယာတိ ဝိဂတော၊ (ဇောသ)ကို စိတ် စေတသိက်ကိုစွဲ။ ဝိဂတော်စ သောပစ္စယောသာတိ ဝိဂတပစ္စ-ယော။ (ဝိပုဒ္ဒ၊ ဂမု-ဓာတ်။ တ-ပစ္စည်း)

နေရောင်၏ ကွယ်ပျောက်ခြင်း၊ ကင်းခြင်းသည် လရောင် ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် ဝိဂတပစ္စည်းမည်ကုန်၏။

ဋီကာကျော်၊ ၂၄၅။

အတ္တနော သတာဝ ါဝိဂမေန အပဝတ္တမာနာနံ ဝိဂတာ-ဘာဝေန ဥပကာရကာယေဝ ဓမ္မာ ဝိဂတပစ္စယော။

အတ္တနော၊ မိမိ၏။ သတာဝ ါဝိဂမေန၊ ဖုသနစသောသဘောမှ ကင်းသဖြင့်။ ဝါ၊ ကင်းခြင်းကြောင့်။ အပ္ပဝတ္တမာနာနံ၊ မိမိ၏အခြား မဲ့၌ မဖြစ်ကုန်သော။ ဝိဂတာဘာဝေန၊ ကင်းသည်၏အဖြစ်ဖြင့်။ ဝတ္တ-မာနာနံ၊ ဖြစ်ကုန်သောတရားတို့အား။ ဥပကာရကာယေဝ၊ ကျေးဇူး ပြုတတ်သည်သာလျှင် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝိဂတ-ပစ္စယော၊ ၏။

အဓိပ္ပာယ်ကား....

မိမိဖုသနစသော စိတ် စေတသိက်တို့၏ သဘောမှကင်းခြင်း ကြောင့် မဖြစ်ကုန်သေးသော စိတ်စေတသိက်တို့အား ကင်းသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော တရားတို့သည်လျှင် ဝိဂတ ပစ္စည်း မည်ကုန်၏။

ပဋ္ဌာန၊ ၁၊ ၁၈၆။

ဣတိ နတ္ထိပစ္စယသဒိသ ဣမဿ ဗျဉ္ဇနမတ္တေ ယေဝ နာနာတ္တံ န အတ္ထေတိ။

ဟူ နတ္ထိနှင့် ဝိဂတပစ္စည်း သဒ္ဒါမျှသာထူး၏၊ အနက်အားဖြင့် မထူးဟု ဖွင့်ပြတော်မူသည်။ ယင်း၏ မူလဋီ၊ ၁၇၅ ၌လည်း....

http://www.dhammadownload.com



နတ္ထိတာ စ နိရောဓနိဗ္ဗာနသုညတာ ဝိဂတာ နိရောဓပစ္စတ္တ-
တာ၊ အယမေတေသံ ဝိသေသော။

ဟု အထူးကို ဖွင့်ပြတော်မူသေး၏။

ချုပ်ပြီးသည်၏အခြားမဲ့၌ ဆိတ်သည်၏အဖြစ်သည် နတ္ထိပစ္စည်းမည်၏။ ချုပ်ခါမျှအဖြစ်ဟု ဆိုအပ်သော ပစ္စုပ္ပန်သဘောသည် ဝိဂတပစ္စည်းမည်၏။ ဤသို့အထူးကိုပြသေး၏။

၃၃၃၃၃၃၃၃၃၃

## အဝိဂတပစ္စည်း

နဝိဂတော အဝိဂတော။ နတ္ထိ ဝိဂတော ဝေါသာတိ-
အဝိဂတော။ အဝိဂတော စ သော ပစ္စယော စာတိ အဝိဂတ-
ပစ္စယော။

ဘင်သို့ မရောက်သည်၏အစွမ်းအားဖြင့် ကျေးဇူးပြုတတ်ကုန်သော အတ္ထိပစ္စည်းတို့သည် အဝိဂတပစ္စည်း မည်၏။

ဋီကာကျော်၊ ၂၄၅။

နိရောဓာနုပဂမန ဝသေန ဥပကာရက အတ္ထိပစ္စယာဝ
အဝိဂတပစ္စယော။

ဤအဖွင့်အရအတ္ထိပစ္စည်းသည်လျှင် အဝိဂတပစ္စည်း မည်သည်ရှိသော် ထိုနှစ်ပါးတို့၏ အထူးမရှိသည်၏အဖြစ်ကို အသို့သိရအံ့နည်းဟူငြားအံ့။

မိမိသဘောနှင့်တကွ ဖြစ်သည်၏အဖြစ်နှင့် တစ်နည်း- မိမိသဘောနှင့် ပြည့်စုံသည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည် အတ္ထိပစ္စည်း၏ အဖြစ်မည်၏။

နိရောဓချုပ်ခြင်း ဘင်သို့မရောက်သည်၏ အစွမ်း အား ဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည် အဝိဂတပစ္စည်းအဖြစ်မည်၏။ ထို့ကြောင့်....

http://www.dhammadownload.com



ဋီကာကျော်၊ ၂၄၅။

သဘာဝတောမဂ္ဂေန ဥပကာရကတာ အတ္ထိပစ္စယတာ၊ နိရောဓာနုပဂမနဝသေန ဥပကာရကတာ အဝိဂတပစ္စယတာတိ ပစ္စယတာ ဝိသေသော နေသ ဓမ္မဝိသေသေပိ ဒဋ္ဌဗ္ဗော။

ဟု ဖွင့်ပြတော်မူ၏။

သဘာဝတောမဂ္ဂေန၊ မိမိသဘောနှင့်တကွ ဖြစ်သည်၏အဖြစ်မှု ဖြင့်သာလျှင်။ တစ်နည်းကား- မိမိသဘောနှင့်ပြည့်စုံသည်၏ အဖြစ်မှု ဖြင့်သာလျှင်။ ဥပကာရကတာ၊ သည်။ အဝိဂတပစ္စယတာ၊ အတ္ထိ ပစ္စည်း၏ သတ္တိမည်၏။

နိရောဓာနုပဂမန ဝသေန၊ ချုပ်ခြင်းသို့မရောက်ခြင်း၏ အစွမ်း အားဖြင့်။ ဥပကာရကတာ၊ သည်။ အဝိဂတပစ္စယတာ၊ မည်၏။ ဣတိ- အယံ ဝိသေသော၊ ဤဆိုအပ်ပြီးသော သတ္တိအထူးကို။ နေသံ၊ ထိုပစ္စည်း နှစ်ပါးတို့၏။ ဓမ္မဝိသေသေပိ၊ သရုပ်အထူးမရှိသော်လည်း။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

တထာ အတ္ထိတာယံ သ သဘာဝတော ဥပကာရကာ အတ္ထိပစ္စယတာ။ သဘာဝါဝိဂမေန နိရောဓဿ အပ္ပတ္တိယာ ဥပကာရကတာ အဝိဂတပစ္စယတာတိ။ ပစ္စယဘာဝဝိသေသော ဓမ္မာ ဝိသေသေပိ ဝေဒိတဗ္ဗော။

ဟု ဖွင့်ပြ၏။

ပဋ္ဌာန်-ဋ္ဌ၊ ၃၅၂-၌ကား

အတ္ထိပစ္စယာ ဓမ္မာဝ အဝိဂတဘာဝေန ဥပကာရ- ကတ္တာ အဝိဂတ ပစ္စယောတိ ဝေဒိတဗ္ဗာ။ ဒေသနာ ဝိလာ သေန ပန တထာ ဝိနေတဗ္ဗ ဝေနေယျ ဝသေန ဝါ အယံ ဒုကော ဝုတ္တော၊ သဟေတုကဒုကံ ဝတွာပိ ဟေတု သမ္ပယုတ္တ ဒုကော ဝိယာတိ။

ဟူ၍ လည်းကောင်း

http://www.dhammadownload.com



၃၇၆-ဉ်

ဣမဿ ပိ ဟိ ပစ္စယဿ အတ္ထိပစ္စယေန သဒ္ဓိံ ဗျဉ္ဇန-
မတ္တေယေဝ နာနတ္တံ န အတ္ထေတိ။

ဟူ၍ လည်းကောင်း ဖွင့်ပြတော်မူ၏။

အတ္ထိပစ္စယဓမ္မာဧဝ၊ အတ္ထိပစ္စည်းတပ်သော တရားတို့သည်ပင်လျှင်။ အဝိဂတဘာဝေန၊ မကင်းသည်၏ အဖြစ်ဖြင့်။ ဥပကာရကတ္တာ၊ ကြောင့်။ အဝိဂတပစ္စယောတိ၊ အဝိဂတပစ္စည်းမည်၏ဟူ၍။ ဝေဒိ-တဗ္ဗော၊ ကူန်၏။ ပန၊ ထိုသို့ အတ္ထိပစ္စယဒုကနှင့် အဝိဂတပစ္စယ ဒုက သည် မထူးသော်လည်း။ ဒေသနာ ဝိလာသေန ဒေသနာ၏ စံပယ်ခြင်း ဖြင့် လည်းကောင်း။ ဝါ၊ ဒေသနာကို တန်ဆာဆင်ခြင်းဖြင့် လည်း ကောင်း။ တထာ၊ ထိုသို့ ဝိဂတ ပစ္စယော၊ အဝိဂတပစ္စယောဟူ၍ ဟောတော်မူသော အခြင်းအရာအားဖြင့် လည်းကောင်း။ ဝိနေတဗ္ဗ ဝေနေယျဝသေန ဝါ၊ ဆုံးမထိုက်သော ဝေနေယျ ပုဂ္ဂိုလ်တို့၏ အစွမ်း ဖြင့် လည်းကောင်း။ အယံဒုကော၊ ဤ ဝိဂတ ပစ္စယဒုကကို။ ဘဂဝ-တာ၊ သည်။ ဝုတ္တော၊ အပ်၏။ ကေဝဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သဟေတုကဒုကံ၊ ကို။ ဝတွာပိ၊ ဟောတော်မူပြီး၍လည်း။ ဟေတုသမ္ပယုတ္တဒုကော၊ ကို။ ဝုတ္တောဝိယ၊ သို့တည်း။

ဤ အဝိဂတ ပစ္စည်း၌....

မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍ နေကုန်သော ငါး၊ လိပ်၊ မကန်း အစရှိသည်တို့၏ ပီတိ သောမနဿ ပွားများခြင်းငှာ မိမိ၏ မကင်း သော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိသဘောမှ မကင်းသော အဖြစ် ဖြင့် ကျေးဇူးပြုတတ်သော အဝိဂတ ပစ္စည်းမည်၏။

ၾကၾကၾကၾကၾကၾကၾက

http://www.dhammadownload.com



## ပဋ္ဌာဝါရ

ပဋ္ဌာဝါရသည် ၁။ ဝိဘင်္ဂဝါရ၊
၂။ သင်္ချာဝါရ ဟူ၍ ၂-မျိုးရှိ၏။

ထို ၂-ပါးတို့တွင်....

ဝိဘင်္ဂဝါရကို အောက်၌ဆိုအပ်ပြီးသော ပစ္စည်းမျိုး (ဂ) ပါး တို့တွင် သူ့အမျိုးနှင့်သူ အုပ်စုဖွဲ့၍ ရွတ်ဆိုပို့ချသင်ကြားပါက အလွန် ပင် သိလွယ်မြင်လွယ် ရှင်းလင်းကြပါလိမ့်မည်။

ထိုသို့ သူ့အမျိုးနှင့်သူ ခွဲခြား၍ ပို့ချသင်ယူကြသောအခါ....

အဓိ-နိ-ဥ၊ ပုရေ-ကမ္မာ၊ အာဟာရာ၊ ဝိပ္ပ-ဣန္ဒြိ၊
အတ္ထိ-အဝိဂ္ဂတာ၊ မိဿကာ၊ ပစ္စယာ ၁၀-ပါးရှိ။

ဟူသော လင်္ကာနှင့်အညီ-

အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ကမ္မ အာဟာရ ဝိပ္ပယုတ္တ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤမိဿက (၁၀) ပစ္စည်းတို့သည် လည်း မိမိတို့ သက်ဆိုင်ရာ အမျိုး၌ ပါဝင်သွားကြပေတော့သည်။

သို့သော်....

ပစ္စည်းပြိုင်ဆင့်နေ၍ ရောယှက်ခြင်း ရှိပေသည်။ ထိုသို့ ရောက်မှ ရောယှက်သည်တို့ကို ဖော်ပြရေးသားပါအံ့။

၂။ သင်္ချာဝါရသည်လည်း....

၁။ သုဒ္ဓသင်္ချာဝါရ၊
၂။ သဘာဂ သင်္ချာဝါရဟူ၍ ၂-ပါးရှိ၏။

ထို ၂-ပါးတို့တွင်....

သုဒ္ဓသင်္ချာဝါရဆိုသည်....

ပစ္စည်း ပစ္စယုပ္ပန်တို့၏ ပဒ ပဒါဝသာန အားလျော်စွာ ရေ တွက်အပ်သောနည်း ဖြစ်ပေသည်။

ဤ၌ သမ္ပယုတ္တပစ္စည်း ဆိုကြပါစို့။

http://www.dhammadownload.com



သမ္မယုတ္တ၌ ပစ္စည်းတရားကား အချင်းချင်းအား တပ်သော စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု။

ပစ္စယုပ္ပန် တရားကား....

အချင်းချင်းမှ ထောက်အပ်သော စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခုဖြစ်ရကား....

ပစ္စည်းဘက်၌ (က) ကုသလပဒ၊ (ခ) အကုသလပဒ၊ (ဂ) အဗျာကတပဒဖြစ်၍ ပစ္စယုပ္ပန်ဘက်၌ (က) ကုသလပဒါဝသာန၊ (ခ) အကုသလပဒါဝသာန၊ (ဂ) အဗျာကတပဒါဝသာနပင် ဖြစ်သော ကြောင့် သမ္မယုတ္တေတိကဟူ သုဒ္ဓသချာဝါရ ထုတ်ရပေသည်။

တိကဟူသော်ကား....

ကုသလော ဓမ္မော ကုသလဿဓမ္မဿ။
အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ။
အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ။

ဟူသည်တည်း။

မှတ်သားချက်။ ။ပဌမ ရှေးဦးစွာ မိမိ၏ပစ္စည်းမျိုးတွင်ပါဝင်သော ပစ္စည်းအရေအတွက် ပစ္စည်းပစ္စယုပ္ပန်တို့ကို သေချာစွာ သိထားပါရမည်။

၄င်းနောက် အလွယ်နည်းအားဖြင့်ဆိုသော် ပစ္စယနိဒ္ဒေသလာ ကရိုင်းပါဠိအရ(၁၂)ပစ္စယထုတ်ရာတွင် ဟေတုကိုမူထား၍ ကြွင်းသော (၁၁)ပစ္စယတို့ကို မူလီပြု၍ ၄င်းမူ-မူလီ ၂-ပါးစုံဖြစ်ကောင်းသော တရားတို့ကိုရှု၍ ပဒ-ပဒါဝသာနအားလျော်စွာ သချာထုတ်၍ ဟော ခြင်းပင် ဖြစ်၏။

သတောအားဖြင့် ဟေတုဖြစ်အံ့၊ ဥဒ္ဒေသနည်းအားဖြင့် စိစစ်ခဲ့ သော်....

မူဖြစ်သော ပစ္စည်းအရ ဟိတ် ၆-ပါးဖြစ်၍ ကျန်ပစ္စည်းတရား ကိုယ်အနေအားဖြင့် ဟိတ် ၆-ပါး ပါဝင်သော သဟဇာတကြီး ၄၊

http://www.dhammadownload.com



သဟဇာတလက် ၄၊ အဓိပတိ-ဣန္ဒြိယမဂ္ဂ၊ ဤ(၁၁)ပစ္စယသာလျှင် သဘောတူကြပေသည်။

ကြွင်းသော သဟဇာတကမ္မ၊ သဟဇာတအာဟာရ၊ ဈာန သုံးပစ္စည်းတို့ကား လောဘ၊ ဒေါသ၊ မောဟ။ အလောဘ၊ အဒေါသ၊ အမောဟဟုဆိုအပ်သော ဟေတုပစ္စည်းတရား မပါဝင်သောကြောင့် ဟေတုနှင့် ဝိသဘာဂ ဖြစ်ပေသည်။ ဟေတုနှင့် သဘာဂ (၁၁) ပစ္စည်း ဆိုသော်လည်း ဥက္ကဋ္ဌနည်းအားဖြင့်သာ ဆိုသည်ဟု မှတ်ကြရမည်။

ထို့ကြောင့် ပစ္စယနိဒ္ဒေသအကောက်၌ ဟေတုပစ္စယေန ဟူသော ဇာရိုဏ်းပါဠိ၏အရကား တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော (၁၂)ပစ္စယသတ္တိတို့တွင်-ဟု ယထာရဟသဒ္ဒါဖြင့် အထူးပြုန်ပြတော်မူသည်။ ယထာရဟ ဆိုပုံကို နောက်၌ သိရလတ္တံ့။

ဤအရာ၌ အလွယ်တကူသိနိုင်စေရန် ချောင်းဆုံ ဂဏ္ဍိ ဆရာတော်က....

ဆောင်ရန်လွယ်ကူ သချာတူပေါင်း ကဗျာလေ့ာင်းအုံ၊ ကောဓသ ဟေဟာရရှင့်၊ သတ် အာ သဟ၊ အညှ ဝိ ပါ၊ ပန္ဒရာဓိ၊ ဆရှိနန်နန်၊ ဝိသမ်နန်ရ၊ ဒွါဒသ် နိ မဂ်၊ ဝိပ္ပ-ဖတ်ခါ၊ တောရာဥယျ၊ ဌာ-ပူ သုံးဌာ၊ ပဉ္စာသေဝ၊ စုဒ္ဒသိန္ဒြိ၊ အဋ္ဌာရ ဝိကပ်၊ ဈာန်မှာ ဒသ၊ ပြိုင်ဖို့ပြဘည်၊ ဆိုင်ကြ ပစ္စယ သဘာဂ။

ဟု သဘာဂပစ္စည်းပြိုင်လက်ာကို ရေးသားထားတော်မူခဲ့လေသည်။

ဟေတု အာဟာရ၌ သဘာဂပစ္စည်း(၈၁)နှင့်ပြိုင်။

အာရမ္မဏ၊ သဟဇာတ၊ အညမည၊ ဝိပါကတို့၌ သဘာဂ ပစ္စည်း (၇)နှင့်ပြိုင်။

အနန္တရ၊ သမနန္တရ၊ ဝိဂတ၊ ဿမ္ပယုတ္တ၊ နတ္ထိတို့၌ သဘာဂ ပစ္စည်း (၆)နှင့်ပြိုင်။

နိဿယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တတို့၌ သဘာဂပစ္စည်း (၈၂)နှင့်ပြိုင်၊

ဥပနိဿယ၌ သဘာဂပစ္စည်း (၁၃)နှင့်ပြိုင်။

http://www.dhammadownload.com



ပုရေဇာတ၌ သဘာဂပစ္စည်း (၈)နှင့်ပြိုင်။
ပစ္ဆာဇာတ၌ သဘာဂပစ္စည်း (၃)နှင့်ပြိုင်။
အာသေဝန၌ သဘာဂပစ္စည်း (၅)နှင့်ပြိုင်။
ကမ္မဋ္ဌိယ၊ အတ္ထိ၊ အဝိဂတ၊ ကမ္မတို့၌ သဘာဂပစ္စည်း (၁၄)နှင့်ပြိုင်။

ဈာန်၌ အဘာဂပစ္စည်း (၁၀)နှင့်ပြိုင်ကြပါဟု ပြဆိုပေသည်။

အမှာ။ ။ဤလက်ာကို နှုတ်တက်ရွရွကျက်ထားပါလျှင် သဘာဂ-ပစ္စည်းပြိုင်၍ မခက်တော့ပါ။ ပစ္စည်းကိုကား ပစ္စယနိဒ္ဒေသအရ သို့မဟုတ် ပစ္စည်းမျိုးတူအရ လက်ချိုး၍ ရေတွက်ရုံပင် ဖြစ်၏။

သဘာဂသမ္ဘာဝါရကား....

ကော ဒသ ဟေ ဟာရရှင် ဟူသော မာတိကာလက်ာနှင့်အညီ သဘာဂသချာ (၁၁)ပါးတည်း။

ပါဠိတော်-၁၆၄။

ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ဝိပါကေ ဧကံ၊ ကမ္မဋ္ဌိယေ စတ္တာရိ၊ မဂ္ဂေ စတ္တာရိ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ (၁၁)။

အထူးမှာထားချက်။ ။ဟေတုနှင့် သဟဇာတာဓိပတိတို့ နှီးနှောရာ၌ (ဝါ) သဘာဂ ဖြစ်ရာ၌ သတ္တဝါရဖြစ်သင့်သော်လည်း အဓိပတိတရားလေးပါးတို့တွင် ဝီမံသတစ်ခုသာ ဟေတုပစ္စည်း ဖြစ် သော ကြောင့် သဘာဂ သချာဝါရ၌ စတ္တာရိ ဟူ၍သာ ထုတ်တော်မူသည်။

ထို့ကြောင့် ပဋ္ဌာန ဌ၊ ၄၅၂-၌

တတ္ထကိဉ္စာပိ ဟေတုပစ္စယသဿ အဓိပတိနာ သံသန္ဒနေ-ဦနတာရဂဏာ နဝသေန သတ္တဟိ ဝါရေဟိ ဘဝိတဗ္ဗံ၊

http://www.dhammadownload.com



ယဒ္ဓမ္မာ ပန အဓိပတိသု ဝီမံသာ ဝ ဟေတုပစ္စယော န လဗ္ဘတေ၊ တသ္မာ ဝီမံသာရဟိတေ ဖဿေ့ ဝိပါကဝ-သေန စတ္တာရီတိ ဝုတ္တံ။

စတ္တာရိအရကား....

၁။ ကုသလော ကုသလဿ၊

၂။ ကုသလော အဗျာကတဿ၊

၃။ ကုသလော ကုသလာဗျာကတဿ၊

၄။ အဗျာကတော အဗျာကတဿ ဟူသည်တည်း။

အမှာ။ ။အဗျာကတောအရ ဝိပါက်အဗျာကတ၌ လောကုတ္တရာဝိပါက်ကိုသာ ယူရမည်။

ထို့ကြောင့် ပဋ္ဌာန ဋ္ဌ၊ ၄၅၂-၌

ဧတ္ထစ ဝိပါကာ ဗျာကတော လောကုတ္တရဝိပါကဝသေနေဝ ဂဟေတဗ္ဗာ။

ဟု မိန့်ပြီ။

ဟေတု၌ သဘာဂပစ္စည်း (၁၀)ပစ္စည်း ရ၏ဟု ဆိုသော်လည်း အမောဟ ဟေတုပစ္စည်းသည် ဟေတုပစ္စည်း၏အဖြစ်ကို မစွန့်မူ၍သာ ၂၄ ဖောက် အဓိပတိ ။လ။ အတ္ထိ အဝိဂတတို့နှင့်စပ်သဖြင့် (၁၁)ပါး ကုန်သော အခြင်းအရာတို့ဖြင့် အနေကပစ္စယအဖြစ်သို့ ရောက်၏။

ဤ (၁၁) ပါးဆိုသော စကားကိုလည်း....

ဝိပါက်ဟိတ်တို့၌သာလျှင် ရအပ်၏။ ကုသိုလ်ကြိယာတို့၌ကား ဝိပါကပစ္စည်းကို မရအပ်။ (၁၀) ပစ္စည်းသာရ၏။

ထို့ကြောင့် ပဋ္ဌာန၊ ဋ္ဌ ၃၇၉။

အမောဟော ဟေတုပစ္စယော ဟေတုပစ္စယတ္တံ အဝိဇဟိတွာ အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက မဂ္ဂ သမ္ပ-ယုတ္တ ဝိပ္ပယုတ္တအတ္ထိ အဝိဂတာနံ ဝသေန အပရေဟိပိ

http://www.dhammadownload.com



ကောဓသော ဟာကာရေဟိ အနေ့ကပစ္စယဘာဝံ ဂစ္ဆတိ။ ကုဓမ္မိ ဝိပါက ဟေတု ကောသု ယေဝ လဗ္ဘတိ၊ ကုသလ ကြိယေသု ပန ဝိပါကပစ္စယတာ ပရိဟာယတိ။

အလောဘာ အဒေါသ ဟေတု ပစ္စည်းဖြစ်မှု....

အဓိပတိ ဣန္ဒြိယ မဂ္ဂ တို့ကို မရအပ်၊ အကြွင်း(၇)ပစ္စယတို့၏ အစွမ်းဖြင့်သာလျှင် ရအပ်၏။ လောဘ ဒေါသ မောဟ တို့ ဟေတု ပစ္စည်းဖြစ်မှုလည်း ဤနည်းအတူ (၇)ပစ္စည်းမင် ဖြစ်၏ဟု ဆိုလိုသည်။

ထို့ကြောင့် ပဋ္ဌာန၊ ၌ ၃၇၉ ၌-

> အလောဘာ ဒေါသာ တတော အဓိပတိ ဣန္ဒြိယ မဂ္ဂ-
> ပစ္စယော တတော အပနေ့တွာ သေသာနံ ဝသေန အနေက-
> ပစ္စယဘာဝံ ဂစ္ဆန္တိ၊ လောဘ ဒေါသ မောဟ တော တယော
> ဝိပါကဗ္ဗာတိ စတ္တာရော အပနေတွာ သေသာနံ ဝသေန
> အနေကပစ္စယဘာဝံ ဂစ္ဆန္တိ။

ဟု ဖွင့်ပြ၏။

အမောဟ ဝိပါက်ဟိတ်၏ ဓိမံသာဓိပတိ ပစ္စည်းအဖြစ်ကိုလည်း....

လောကုတ္တရာ ကုသိုလ်၌ ဖြိုင်ခြင်းကို မရအပ်။ လောကုတ္တရာ ဝိပါက်၌သာလျှင် ရအပ်၏။

မူလဋီ၊ ၁၉၆။

> ဝိပါက ဟေတု ကောသု ယေဝ လဗ္ဘတိဧွေ အမောဟ
> ဝိပါက ဟေတုဿ အဓိပတိ ပစ္စယဘာဝေါစ လောကုတ္တရ
> ဝိပါကေ ယေဝ လဗ္ဘတိတိ ဧဝံ သမ္ဗန္ဓော လဗ္ဘမာနာ လဗ္ဘမာနံ
> သလ္လက္ခေတဗ္ဗံ။

ဝိပါက ဟေတု ။လ။ တိတိဧွေ၊ ဟူသောပါဌ်၌။ အမောဟ ဝိပါကဟေတုဿ၊ အမောဟဝိပါက်ဟိတ်၏။ အဓိပတိပစ္စယဘာဝေါ၊ အဓိပတိပစ္စည်း၏ အဖြစ်ကိုလည်း။ လောကုတ္တရ ဝိပါကေယေဝ၊ ၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ဣတိဧဝံ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့။

http://www.dhammadownload.com



သဗ္ဗတ္ထ၊ အလုံးစုံသော သဟဇာတ မျိုး၌။ လဒ္ဓမာနာ- လဒ္ဓမာနံ၊ ရအပ် မရအပ်ကို။ သလ္လက္ခေတဗ္ဗံ။

ဆောင်ပုဒ်။

ကောဒယ ဟေ အရကား....

အဓိ သဟာ၊ အညနိစ္စက်၊ ဝိပါက် ဣန္ဒြေ၊ မဂ္ဂေ ကမ္မ၊ စိပ္ပ အတ္ထိ၊ အဝိဂတာ (၁၁)ဖြာ၊ ပြိုင်ပါ ဟေတုတည်း။

************

## ဃဋနာသင်္ချာဝါရ

ဃဋနာ ဆိုသည်....

ဃဋန် သဒ္ဒါ အစုဟူသော အနက်ကိုဟော၏။

ထို့ကြောင့်....

(က) အမျိုးတူ ဇာတ်တူ သဘာဂပစ္စည်းတို့တွင် မှတည်ထားသောပစ္စည်း ပစ္စယုပ္ပန် အများဆုံးသော ပစ္စည်းစုကို သို့မဟုတ် တူမျှသောပစ္စည်းတို့ကို စု၍။

(ခ) ထို့နောင်မှ အစဉ်အတိုင်း နည်းသောပစ္စည်း ပစ္စယုပ္ပန် တရားတို့ကို စု၍။

(ဂ) ထို့နောင်မှ အနည်းဆုံးဖြစ်သော ပစ္စည်းအားလျော်စွာ ပြိုင်ကြရပေသည်။

ထင်ရှားစေဦးအံ့။

ပဋ္ဌာန၊ ၌ ၃၅၂ လာ-

(ဓမ္မတော ကာလတောစေဝ၊ နာနာပက်ာရဘေဒတော) ဂါထာအရကို (၂၄)ပါးသော ပစ္စည်းတို့၌ ဉာဏ်အမြင် သန့်ရှင်းစေခြင်းငှာ ဖွင့်ပြအပ်သော (၁၈)ပါးသော ပကိဏ္ဏကဝိနိစ္ဆယလာ (ကေပစ္စယ အနေကစ္စယဘာဝ) ကိုပင် ဃဋနာဟု ဆိုလိုပေသည်။

http://www.dhammadownload.com



ဆိုလိုရင်းကား....

တစ်ခုသောပစ္စည်း၏ များစွာသော ပစ္စည်းအဖြစ်ကို သိအပ်သည်ဟု ဆိုလိုပေသည်။

မှာထားချက်။ ။ဤယဋ္ဌနှာ သင်္ချာဝါရကို အလွယ်တကူ သိနိုင်မှတ်သားနိုင်ကြစေရန် မာတိကာ ဆောင်တပ်ကို ရေးသားတင်ပြထားပါကြောင်း။

ၜၜၜၜၜၜၜၜၜၜ

## မာတိကာ ယဋ္ဌနှာ ဆောင်တပ်

ဟေတုမှာ ၂၄၊ ၃၄ အာဟာ၊
၅၂ ၇ မဂ္ဂါ၊ နိဿာယာ ဝိသ၊
၂၉ အတ္ထိမှာ၊ ထို့တူစွာ အဝိဂတာ။
နတ္ထိ သနာနန္တရ တို့၊ ဝိဂတ သုံးထွေ၊
ဝိပ် ဘေရာ ပုရေ ၃၊ ခုနစ်ခု ဖြစ်ပေ၊
တစ် ပဌာ အာသေဝန၊ ဆတ္တိံသ ဈာနပစ္စယော။
ကောဒသံ ကမ္မမှာ၊ ဣန္ဒြေ ၇ ၆-မို့၊
ဒသံ ကောက် သဟဇာ၊ ဓိပတ္တိ တိံသာ၊
၆ အည အာရမ္မဏာမှာ၊ ဝိ ပဋ္ဌာ သမ် ဒွေတဲ့လေး။ ။
၄ ၁ ၅ ယဋ္ဌနှာချယ်တယ်၊ ပဋ္ဌာနှာ သိကြဖို့ ရေး။ ။

ၜၜၜၜၜၜၜၜၜၜ

## ဟေတု ပစ္စယ

ဤအရာ၌ မိမိဟုဆိုအပ်သော ဟေတုသဘောကို စွန့်၍လည်းကောင်း၊ မစွန့်မူ၍လည်းကောင်း ဖြိုင်သင့်သော သဘာဂ ဝိသဘာဂ ပစ္စည်းကား (ပုရေဇာတ ကမ္မ အာဟာရ ဈာန ဤ ၄-ပစ္စည်းတို့ကို ကြဉ်၍ (၂၀)သော ပစ္စည်းတို့နှင့် ဖြိုင်သင့်၏ဟု သိကြပါကုန်။

ထို့ကြောင့် ပဋ္ဌာန၊ ၁။ ၃၀၇။

ဧကံ ဓမ္မံ သံ အနေကပစ္စယ ဘာဝတော ဟေတု ပစ္စယေ တာဝ အမောဟော ဧကောဝ မြော၊ သော ပုရေဇာတ ကမ္မာဟာရ ဈာနပစ္စယော ဝ နဟောတိ၊ သေသာနံ ဝီသတိယာ ပစ္စယာနံ ဝသေန ပစ္စယော ဟောတိ။

အလောဘာဒေါသာ ဣန္ဒြိယမဂ္ဂပစ္စယာပိ န ဟောန္တိ၊ သေသာနံ အဋ္ဌာရသန္နံ ပစ္စယာနံ ဝသေန ပစ္စယာ ဟောန္တိ။

လောဘ မောဟာ ဝိပါက ပစ္စယာပိ န ဟောန္တိ၊ သေသာနံ သတ္တရသန္နံ ပစ္စယာနံ ဝသေန ပစ္စယာ ဟောန္တိ။

ဒေါသော အဓိပတိပစ္စယော်ပိ န ဟောတိ၊ သေသာနံ သောဠသန္နံ ပစ္စယာနံ ဝသေန ပစ္စယော ဟောတိ။

အဓိပ္ပာယ်ကား....

ဟိတ် ၆-ပါး ပစ္စည်းတရား တို့တွင် အမောဟဟိတ် ပစ္စည်း တရားဖြစ်အံ့၊ ပုရေဇာတ ကမ္မ အာဟာရ ဈာန ဤ ၄ ပစ္စည်း တို့ကိုကြဉ်၍ ကြွင်းသော ပစ္စည်း(၂၀)တို့ဖြင့် ပစ္စည်းပြိုင်ရမည်။

အလောဘ အဒေါသ ဟိတ် ပစ္စည်းဖြစ်အံ့၊ ဣန္ဒြိယ မဂ္ဂကို ထပ်မံကြဉ်၍ (၁၈)ပစ္စည်းတို့ဖြင့် ပစ္စည်းပြိုင်ရမည်။

လောဘ မောဟ ဟိတ် ပစ္စည်းဖြစ်အံ့၊ ဝိပါက ကို ထပ်မံ ကြဉ်၍ (၁၇)ပစ္စည်းတို့ဖြင့် ပြိုင်ရမည်။

ဒေါသ ဟိတ် ပစ္စည်းဖြစ်အံ့၊ အဓိပတိ ကို ထပ်မံကြဉ်၍(၁၆) ပစ္စည်းတို့ဖြင့် ပစ္စည်း ပြိုင်ရမည်ဟု ဆိုလိုပေသည်။

ဆိုခဲ့ပြီးသော ဟေတုမှာ (၂၄)ဟူသော မာတိကာ လက်ာအရ....

ဟေတုပစ္စည်း၌ ဃဋနာ (၂၄)ပါးကား....

၁။ သာမညဃဋနာ၉-ပါး (အဝိပါက-၄၊သဝိပါက-၅)
၂။ သဣန္ဒြိယဃဋနာ ၉-ပါး(အဝိပါက-၄၊သဝိပါက-၅)
၃။ သာဓိပတိဣန္ဒြိယ
မဂ္ဂဃဋနာ ၆-ပါး(အဝိပါက-၃၊သဝိပါက-၃)
ပေါင်း(၂၄)ပါး တည်း။

http://www.dhammadownload.com



ထို ၃ ပါးတို့တွင်....

၁-အရ။ ။ဤ၌ ဟိတ် ၆ ပါး ပစ္စည်းတရား၊ သဟိတ်စိတ် စေတသိက်တို မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်၊ ပစ္စယုပ္ပန် တရားဖြစ်အံ့။ ထိုအလုံးစုံကို သဟဇာတပစ္စည်း ဖြစ်သည့် အားလျော်စွာ ပစ္စည်းတရား ဘက်၌ ဟိတ်တရားကိုယ် အလုံးစုံပါဝင်သော ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတ ကျေးဇူးပြုနိုင်သောကြောင့် သာမညဃဋနာကို သဗ္ဗဌာနိကဃဋနာဟူ ခေါ်ဆိုရိုးပြုကြပေသည်။

ထို့ကြောင့် ပဋ္ဌာန၊ ဋ္ဌ၊ ၃၉၃ ၌....

သဗ္ဗဋ္ဌာနိကာ သဗ္ဗဋ္ဌာနိကာတေတိ ဧတေသုစ သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စယာ သဗ္ဗဋ္ဌာနိကာနာမ၊ သဗ္ဗေသံ သင်္ခတာနံ ရူပါရူပဓမ္မာနံ ဌာနဘူတာ ကာရဏဘူတာတိ အတ္ထော။ ဧတေဟိ ဝိနာ ဥပ္ပဇ္ဇမာနော ကောစိ ဓမ္မော ပိ နတ္ထီတိ။

အဓိ။ ။အဋ္ဌကထာ၏ တိကျသော အဓိပ္ပာယ်ကို အောက်ပါ နိဿယ ကို ရှု၍ သိကြပါကုန်။

ဂုဏ်းအနက်....

သဗ္ဗဋ္ဌာနိကာ သဗ္ဗဋ္ဌာနိက တေတိ၊ ဟူသော မာတိကာပုဒ်၏။ အတ္ထော၊ ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ထိုမှတစ်ပါး။ ဧတေန၊ ဤ(၂၄)ပါးသော ပစ္စည်းတို့တွင်။သဟဇာတ နိဿယ အတ္ထိ အဝိဂတာ၊ တို့သည်။ သဗ္ဗဋ္ဌာနိကာနာမ၊ အလုံးစုံသော ရုပ်တရား နာမ်တရားတို့၏ အကြောင်း၏ အဖြစ် ရှိသည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဧတေ၊ ဤ ၄ ပစ္စည်းတို့ကို။ ဝိနာ၊ ကြဉ်၍။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သော။ ကောစိဓမ္မောပိ၊ တစ်ခုသော။ သင်္ခတ၊ တရား သည်မျှလည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့သိအပ်၏။

၂-အရ။ ။ဟေတုပစ္စည်းက အညမညကို ငဲ့၍ ဟိတ် ၆ ပါး ပစ္စည်း၊ သဟိတ်စိတ် စေတသိက် စေတသိက် ဒွေပညာသ၊ ဟဒယ

http://www.dhammadownload.com



ဝတ္ထု ပစ္စယုပ္ပန်ဖြစ်လျှင် အညမညထည့်၍ ၆ ပစ္စည်းပြိုင်။ သအညမညဃဋနာဟု ခေါ်ဆိုရသည်။

၃-အရ။ ။ဟေတုပစ္စည်းက အညမညနှင့် သမ္ပယုတ္တကို ငဲ့၍ ဟိတ် ၆ ပါးပစ္စည်း၊ သဟိတ်စိတ် စေတသိက် ပစ္စယုပ္ပန်ဖြစ်လျှင် သမ္ပယုတ္တထည့်၍ (၇)ပစ္စည်းပြိုင်။ သအညမည သမ္ပယုတ္တ ဃဋနာဟု ခေါ်ဆိုရသည်။

၄-အရ။ ။ဟေတုပစ္စည်းက သဟဇာတဝိပ္ပယုတ္တကိုငဲ့၍ ဟိတ် ၆ ပါး ပစ္စည်း၊ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်ဖြစ်လျှင် သဟဇာတကြီး ၄ ပါး၊ ဟေတု ဝိပ္ပယုတ္တ အားဖြင့် (၆)ပစ္စယပြိုင်၊ သဝိပ္ပယုတ္တ ဃဋနာဟု ခေါ်ဆို ရသည်။

မှတ်သားချက်....

ပစ္စည်းပြိုင် ဆိုရိုးအရ ဆိုလျှင် မူရင်းဖြစ်သော ဟေတု ကို ချန်လှပ်၍ ၄ ပစ္စည်း၊ ၅ ပစ္စည်း၊ ၆ ပစ္စည်း၊ ၅ ပစ္စည်း တို့နှင့် ပြိုင် ကုန်၏ဟု မှတ်သားကြရသည်။

အဝိပါက ဃဋနာဆိုသည်....

ဟေတုပစ္စည်း၌ ကုသိုလ် အကုသိုလ် အဗျာကတ အားဖြင့် ဟိတ် ၉ ပါးတို့ကို သာမညအားဖြင့် ဆိုအပ်ကုန်သည်ဖြစ်၍ မသုံး သပ် အပ်သော၊ ဝါ-မငဲ့အပ်သော ဝိပါက်ဟိတ် ရှိသောကြောင့် အဝိပါကဃဋနာဟု ခေါ်ဆိုရပေသည်။

ထိုသို့ပင် မသုံးသပ်အပ် မငဲ့အပ်သော ဝိပါက်ဟိတ် ရှိသော်လည်း ရှေးဖြစ်သော ဃဋနာ ၄ ပါးတို့၌ အဗျာကတ အရာဝယ် ဝိပါက်ဟိတ်စသည် ပါဝင်သည်တူ၍ပင် မှတ်ကြရမယ်။

ထို့ကြောင့် ပဋ္ဌာန၊ ၌၊ ၄၅၄ ၌-

ဧတေသု ပန ဃဋနေသု သဗ္ဗပဌမာနိ စတ္တာရိဃဋနာနိ သာမညတော နဝန္နမ္ပိ ဟေတူနံ ဝသေန ဝုတ္တာနိ အဝိပါကာနိ၊ အဗျာကတေန အဗျာကတ ဝိဿဇ္ဇနေ ပနေတ္ထ ဝိပါကဟေတုပိ လဗ္ဘတိ။

http://www.dhammadownload.com



ဋ္ဌင်းအနက်။

ပန၊ ထိုမှတစ်ပါး။ ဧတေသု ဈာနေသု၊ တို့တွင်။ သဗ္ဗပဌမာနိ၊ အလုံးစုံသော ဈာန်တို့၏ ရှေးဦးစွာဖြစ်ကုန်သော။ စတ္တာရိ၊ ၄-ပါးကုန်သော။ ဈာနာနိ၊ တို့ကို။ သာဓာရဏတော၊ ကုသိုလ် အကုသိုလ် အဗျာကတတို့နှင့် ဆက်ဆံသောအားဖြင့်။ နဝနမ္ပိ၊ ၉ ပါးလည်းဖြစ်ကုန်သော။ ဟောတူနံ၊ တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သည်ဖြစ်၍။ အဝိပါကာနိ၊ မသုံးသပ်အပ်သော ဝိပါက်အဖြစ်ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန တထာပိ၊ သော်လည်း။ တွေ၊ ဤ ရှေးဦးစွာသော ဈာန်တို့၌။ အဗျာကတေန၊ အဗျာကတ-ဝိသဇ္ဇနေ၊ ၌။ ဝိပါကဟေတုပိ၊ ဝိပါကဖြစ်သော ဟိတ်တို့ကိုလည်း။ လဗ္ဘတိ၊ ရအပ်၏။

ဋ္ဌင်း မူလဋီ၊ ၂၂၄-၌လည်း....

အဝိပါကနီတိ အနာမဋ္ဌဝိပါကနီတိ အတ္ထော၊န ဝိပါက-ဟေတု ရဟိတာနီတိ။

ထို့နောင်....

တတော ပရာနိ ပဉ္စဈာနာနိ ဝိပါကဟေတုဝသေန ဝုတ္တာနိ။ တတ္ထ သဗ္ဗေပိ သဟဇာတဝိပါကာစေဝ ဝိပါက-သဟဇာတရူပါစ၊ တေသု ပဌမေ ဈာနေဝိပါကာစေဝ တံ သမုဋ္ဌာနရူပါစ လဗ္ဘန္တိ။ ဒုတိယေ ဝိပါကာစေဝ ပဋိသန္ဓိယ ကဋတ္တာရူပံ။တတိယေ အရူပဓမ္မာဝ။ စတုတ္ထေဝိပါကစိတ္တသမုဋ္ဌာန နရူပမေဝ လဗ္ဘတိ၊ ပဉ္စမေ ကဋတ္တာရူပမေဝ။

ဟူသောပါဠိဖြင့် သဝိပါက ဈာန ၅-ပါးကို ပြတော်မူသည်။

အမှာ။ ။အနက်လွယ်ပြီ။ သဝိပါကဈာန ၅-ပါးလည်း သိသာလောက်ပြီ။

ဤ၌ သဝိပါကဈာနဆိုသည်....

ဝိပါက်ဟိတ် ၃ ပါးပစ္စည်း၊ ထို ဟိတ် ၃ ပါးနှင့်တကွဖြစ်သော သဟိတ်ဝိပါက်၊ နာမက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ

http://www.dhammadownload.com



ကမ္မဇရုပ်တို့ကိုသာ ရအပ်လေသောကြောင့် သဝိပါကဈာနင်္ဂဟု ခေါ် ဆိုရပေသည်။

သာမညဈာနင်္ဂဆိုသည်....

ဝိသေသဖြစ်သော သက္ကန္ဒြိယမဂ္ဂဈာနင်္ဂ သာဓိပတိကန္ဒြိယ- မဂ္ဂဈာနင်္ဂ တို့ကိုထောက်၍ သဟဇာတမတ္တ စသော ပစ္စည်းတို့ကို ဟိတ် ၆-ပါး၊ ဟိတ် ၃-ပါးတို့၌ ပေါင်းစုသောအားဖြင့် ဆိုအပ်သော ကြောင့် အညမညဈာနင်္ဂဟု ခေါ်ဆိုရပေသည်။

**အလူးမှတ်ရန်။**

သဟဇာတကြီး ၄၊ အညမည သမ္ပယုတ္တ ဝိပါက၊ ဤ (၇) ပစ္စယသတ္တိတို့ဖြစ်သော ဈာနင်္ဂပြုကြသော်လည်း သဟဇာတပစ္စည်း သည် မိမိသဘောကို မစွန့်မူ၍ မိမိအမျိုး၌ပါဝင်သော ကြွင်းသော (၁၄) ပစ္စည်းတို့၏ အစွမ်းဖြင့်လည်း အနေကပစ္စယအဖြစ်သို့ ရောက် ၏ဟု ဥက္ကဋ္ဌ နည်းအားဖြင့်....

အဋ္ဌကထာ၊ ၃၉၀-၌....

သဟဇာတပစ္စယော သဟဇာတပစ္စယတ္တံ အဝိဇဟန္တော၀ ဟေတု အဓိပတိ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ကန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတာနံ ၀သေန အပရေဟိပိ စုဒ္ဒသ ဟာကာရေဟိ အနေကပစ္စယဘာဝံ ဂစ္ဆတိ။ အယမ္ပိ ဥက္ကဋ္ဌပရိစ္ဆေဒေ။ ဧတ္ထ၊ သဟဇာတာဒီနံ ပန ၀သေနေ့တ္ထ ဟေတုပစ္စယာ ဒီနံ အဘာဝေါပိ ဝေဒိတဗ္ဗော။ ဟု မိန့်အပ်ပြီ။

**မှာထားချက်။**

ထိုသို့ပင် (၁၄) ပစ္စယ ပြိုင်သင့်သည်ဟု မြဆိုသော်လည်း ဟဒယဝတ္ထု မဟာဘုတ်ဟုဆိုအပ်သော သဟဇာတပစ္စည်းတို့နှင့် စပ် ကြသဖြင့် ဤ (၁၄) ပစ္စယသတ္တိတို့တွင် သဟဇာတငယ် (၇)ပါး တို့၏ မိမိတို့ ဆိုင်ရာဆိုင်ရာ သဘာဂလက္ခဏာတို့ဖြင့် အသီးအသီး ပြိုင်ပြီး ပြိုင်ဆဲ ပြိုင်လတ္တံ့ ဖြစ်ကြသောကြောင့် ဤ၌ (၁၄)ပစ္စယ အစွမ်းဖြင့် မရထိုက်သည်၏အဖြစ်ကို အထက်ပါ (ဝတ္ထုသဟဇာတာဒီနံ

http://www.dhammadownload.com



ပဲ့ ဝသေနေ့ထွ ပေတုပစ္စယာဇီနံ့ အဘာဂေါ်ပိ ဓဝဓိတဓွေ့ာ)ဟူသော အဋ္ဌကထာမိန့်ချက်အရ သိအပ်လေသောကြောင့် (၁၄) ပစ္စယအာစွမ်း ဖြင့် မပြိုင်ဟူ၍သာ မှတ်ကြကုန်ရာသည် အရှင်ကောင်းတို့။

ထိုမှတစ်ပါး ဥက္ကဋ္ဌနည်းဖြင့် ပြအပ်သော နိဿယ ကမ္မ ဝိပါက စသော ပစ္စည်းတို့ကိုလည်း ဤနည်းအရ သိကြပါလေ။

ဿဿဿဿဿဿဿဿ

## အာရမ္မဏ ပစ္စယ

သုဒ္ဓသင်္ချာဝါရ-

အာရမ္မဏေ နဝ ဟူသော ပါဠိတော်နှင့်အညီ သုဒ္ဓသင်္ချာ ဝါရ ၉-ပါးတည်း။

နဝ အရကား....

| | |
|---|---|
| ကုသလော | ကုသလဿ၊ |
| ကုသလော | အကုသလဿ၊ |
| ကုသလော | အဗျာကတဿ၊ |
| အကုသလော | အကုသလဿ၊ |
| အကုသလော | ကုသလဿ၊ |
| အကုသလော | အဗျာကတဿ၊ |
| အဗျာကတော | အဗျာကတဿ၊ |
| အဗျာကတော | ကုသလဿ၊ |
| အဗျာကတော | အကုသလဿ၊ |

ဟူသည်တည်း။

သဘာဂသင်္ချာဝါရ-

သတ်- အာ- သဟ ဟူသော မာတိကာ လက်္ခနှင့်အညီ သင်္ချာ ဝါရ (၇)ပါးတည်း။

http://www.dhammadownload.com



ပါဠိတော်၊ ၁၆၆။

အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ နိဿယေ တီဏိ၊ ဥပနိဿယေ သတ္တ၊ ပုရေဇာတေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။ (၇)

ဋ္ဌ၊ ၃၀၉။

အာရမ္မဏပစ္စယော တံ အာရမ္မဏ ပစ္စယတ္တံ အဝိဇဟန္တံ ယေဝ အာရမ္မဏာ ဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အဝိဂတာနံ ဝသေန အပရေပိ သတ္တာဟာကာ ရေဟိ အနေကပစ္စယဘာဝံ ဂစ္ဆတိ။

ဤအရာဝယ် သီဟိုဠ် အဋ္ဌကထာကြီး၌....

ဆာဟာကာရေဟိ သာရှိသည်။ သတ္တာ ဟာ ကာ ရေ ဟိ ကား ရှင်ဗုဒ္ဓဃောသ အဋ္ဌကထာ၌ လာရှိသည်။ ဆင်ခြင်ကြလေ ဟု ချောင်းဆုံ ဂဏ္ဍိဆရာတော် မှာထားတော်မူသည်။

ဋ္ဌ၊ ၄၁၄ ၌-

အာရမ္မဏ မူလကေပိ အဓိပတိ ပစ္စယာဒယော သတ္ထ အာရမ္မဏေန သဟာဂါ၊ သေသာ သောဠသဝိသဘာဂါတိ တေ ယောဇေတွာ သတ္တေဝ ယောဇိတာ။

ဟု ဖွင့်ပြတော်သည်။

မူလဋီ၊ ၁၉၆ ဤ၌လည်း....

ဝိပ္ပယုတ္တံ အဖနိတွာ ဆဟာကာရေဟီတိ ပုရိမပါဌော၊ တံပန ပဋ္ဌိတွာ သတ္တာဟာကာရေဟီတိ ဗဋ္ဌန္တိ၊ ဥက္ကဋ္ဌပရိစ္ဆေဒေါ ဟေတ္ထ ဝုစ္စတိ၊ န စ အာရမ္မဏံ နိဿယော ဟောတိ၊ တံ ဝိပ္ပယုတ္တံ န ဟောတိ။

ဟု ဖွင့်ပြ၏။

http://www.dhammadownload.com



ဃဋ္ဌနာသင်္ချာဝါရ-

မိမိသဘောကို စွန့်၍လည်းကောင်း၊ မစွန့်မူ၍လည်းကောင်း ဖြိုင်နိုင်သော သဘာဝ၊ ဝိသဘာဝ ကား ဖ-အည အာရမ္မဏ၊ ဝိ- ပဥ္စ- သမ်- ဓွေတွဲလေး၊ ဟူသော မာတိကာ လက်ာနှင့်အညီ ဃဋ္ဌနာ (၅)ပါးတည်း။

ဝါးပါးကား-

၁။ အဓိပတိ ဥပနိဿယ ဃဋ္ဌနာ၊
၂။ ပုရေဇာတ အတ္ထိ အဝိဂတ ဃဋ္ဌနာ၊
၃။ သနိဿယ ဃဋ္ဌနာ၊
၄။ သာဓိပတိ ဥစနိဿယ ဃဋ္ဌနာ၊
၅။ သာဓိပတိ နိဿယ ဥပနိဿယ မိဗ္ဗယုတ္တ ဃဋ္ဌနာ တည်း။

သဘောကျစေရန် ထပ်မံ ရှင်းပြပါဦးအံ့၊ အာရမ္မဏမျိုးခွဲ(၈) ပစ္စည်းရှိကြောင်း ရေးခဲ့ပြီးဖြစ်သည်။

ဇင်းအာရမ္မဏ ပစ္စည်း၏ ၂-ချက်စုံကို သတိပြုမိပါလျှင်....

၁။ သာမညအာရုံ၊
၂။ အလေးအမြတ်အာရုံ၊
၃။ ပုရေဇာတအာရုံ၊
၄။ ဝတ္ထုအာရုံ။

ဟူ၍ ၄ မျိုး အသီးသီး ခွဲခြားပြထားသည်ကို တွေ့ရပေမည်။ ထိုသို့ ခွဲခြားထားခြင်းသည်-

(က) အာရမ္မဏာဓိပတိ အာရမ္မဏူပ နိဿယ ဤ ၂ ပါး တို့၏ ပစ္စည်း ပစ္စယုပ္ပန် အလုံးစုံ ဟူသည်ကို လည်း ကောင်း။

(ခ) အာရမ္မဏ ပုရေဇာတ အာရမ္မဏ ပုရေဇာ တတ္ထိ အာရမ္မဏ ပုရေဇာတ အဝိဂတ ဤ ၃ ပါးတို့၏ ပစ္စည်းပစ္စယုပ္ပန် အလုံးစုံတည်းသည်ကိုလည်းကောင်း။

http://www.dhammadownload.com



(ဂ) ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ ဤ ၂ ပါးတို့၏ ပစ္စည်း ပစ္စယုပ္ပန် အလုံးစုံတူသည်ကိုလည်းကောင်း ခွဲခြားပြထားသည်ကို တွေ့ရှိရပေလိမ့်မည်။

ထို ၄ ပါးတို့တွင်....

သာမညအာရုံ၊ ဝါ၊ အာရမ္မဏမတ္တသည် ပြဆိုခဲ့ပြီး ၂ ချက် စု (၂-၃-၄)ပစ္စည်း မဖြစ်ထိုက်သော အာရုံတည်း။

ထိုသာမညအာရုံ ဝါ၊ အာရမ္မဏမတ္တသည် ပြိုင်ဘက်ပစ္စည်း တစ်ပါးမျှ မရှိခြင်းကြောင့် အာရမ္မဏမျိုး ပစ္စည်းပြိုင်၌ မပါဝင် နိုင်ချေ။

ဤအရာ၌ အများနားလည်အောင် ပြဆိုရလျှင်-

၁။ (က) အမှတ်အရ ယဋ္ဌနာ (သို့မဟုတ်) အဓိပတိ ဥပ-နိဿယ ယဋ္ဌနာ၊

၂။ (ခ) အမှတ်အရ ယဋ္ဌနာ (သို့မဟုတ်) ပုရေဇာတ အတ္ထိ အဝိဂတ ယဋ္ဌနာ၊

၃။ (ဂ) အမှတ်အရ ယဋ္ဌနာ (သို့မဟုတ်) သနိဿယ ဝိပ္ပ-ယုတ္တ ယဋ္ဌနာ၊

၄။ (က) အမှတ်အရနှင့် (ခ) အမှတ်အရ ရောစပ်၍ပြသော ယဋ္ဌနာ (သို့မဟုတ်) သာဓိပတိ ဥပနိဿယ ယဋ္ဌနာ၊

၅။ (က)အမှတ်အရနှင့် (ဂ)အမှတ်အရ ရောစပ်၍ပြသော ယဋ္ဌနာ၊ ဝါ၊ သာဓိပတိနိဿယ ဥပနိဿယ ဝိပ္ပယုတ္တ ယဋ္ဌနာအားဖြင့် ၅ ပါးပါးဖြစ်၏တည်း။

ဤအာရမ္မဏပစ္စည်း၌-

နာမ်တရားတို့၏လည်းကောင်း အတိတ် အနာဂတ် ဖြစ်သော ရုပ်တရားတို့၏ လည်းကောင်း အာရမ္မဏပစ္စည်း ဖြစ်လတ်သော် အာရမ္မဏာ ဓိပတိ အာရမ္မဏူပနိဿယမတ္တ ကို အလွန်အားဖြင့် ရအပ်၏ဟူ....

http://www.dhammadownload.com



ဋ္ဌ၊ ၃၀၉ ၌-

အရူပဓမ္မာနံ ပန အတီတာ နာဂတာနံ ၀ါ ရူပဓမ္မာနံ အာရမ္မဏူပပစ္စယ ဘာဝေသတိ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ မဂ္ဂဇ္ဈာနဥတ္တရိ လဗ္ဘတိ။

ဟု ဖွင့်ပြတော်မူသေး၏။

ထိုမှတစ်ပါး ခေတ် (၇)ပါးတို့ဖြင့်လည်း ဋ္ဌ၊ ၃၀၇ ၌-

အာရမ္မဏပစ္စယေ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတဝသေန စတုပစ္စယော၊ တထာ မနောဓာတုယာ အဟေတုက မနောဓာတု အဟေတုက မနောဝိညာဏ ဓာတုယာစ၊ သဟေတုကာယ ပန အာရမ္မဏာ ဓိပတိ အာရမ္မဏူပနိဿယ ဝသေနာပိ ပစ္စယော ဟောတိ။

ဣမိနာ နယေန သဗ္ဗေသံ အာရမ္မဏပစ္စယ ဓမ္မာနံ အာရမ္မဏ ပစ္စယဘာဝေါ ဝေဒိတဗ္ဗော။

ဟု ဖွင့်ပြတော်မူသေး၏။ ။

ဆဆဆဆဆဆဆဆဆဆဆ

## အဓိပတိ ပစ္စယ

သုံးခွအကျဉ်း ဝါရ

အဓိပတိယာ ဒုသ ဟူသော ပါဠိတော် ၁၆၄ နှင့် အညီ သုံးခွသင်္ချာဝါရ (၁၀)တည်း။

ဒုသ အရကား....

၁။ ကုသလော ကုသလဿ၊ သဟဇာတာဓိပတိ။
၂။ ကုသလော အကုသလဿ၊ အာရမ္မဏာ ဓိပတိ။
၃။ ကုသလော အဗျာကတဿ၊ သဟဇာတ+အာရမ္မဏာ ဓိပတိ။

http://www.dhammadownload.com



၄။ ကုသလော ကုသလာ ဗျာကတဿ၊ သဟဇာတ။
၅။ အကုသလော အကုသလဿ၊ သဟဇာတ+အာရမ္မဏာ ဓိပတိ။
၆။ အကုသလော အဗျာကတဿ၊ သဟဇာတာဓိပတိ။
၇။ အကုသလော အကုသလာ ဗျာကတဿ၊ သဟဇာတာ ဓိပတိ။
၈။ အဗျာကတော အဗျာကတဿ၊ သဟဇာတ+အာရမ္မဏာ ဓိပတိ။
၉။ အဗျာကတော ကုသလဿ၊ အာရမ္မဏာ ဓိပတိ။
၁၀။ အဗျာကတော အကုသလဿ၊ အာရမ္မဏာဓိပတိ။

သဘာဂသင်္ချာဝါရ....

ပန္နရာဓိ ဟူသော မာတိကာ လက်ာနှင့်အညီ သဘာဂသင်္ချာ (၁၅)ပါးတည်း။

ပဋ္ဌာန ပါ၊ ၁၆၆-

အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ၊ အာရမ္မဏေ သတ္တ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ အဋ္ဌ၊ ဥပနိဿယေ သတ္တ၊ ပုရေဇာတေ ဧကံ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ စတ္တာရိ၊ အတ္ထိယာ အဋ္ဌ၊ အဝိဂတေ အဋ္ဌ။ (၁၅)

ဋ္ဌ၊ ၄၆၃-ဋီကာ....

အဓိပတိပစ္စယေပိ သဟဇာတာဓိပတိ အာရမ္မဏာ ဓိပတိဝသေန ဒုဝိဓော၊ တတ္ထ သဟဇာတာဓိပတိ သဟဇာ တာနံ ယေဝ အဓိပတိပစ္စယဘာဝတော သဟဇာတပစ္စယေ သင်္ဂဟံ ဂစ္ဆတိ။ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယော ဟောတီယေဝါတိ အာရမ္မဏူပနိဿယ လက္ခဏေန ဥပနိဿယ ပစ္စယေ သင်္ဂဟံ ဂစ္ဆတိ။

http://www.dhammadownload.com



ဈာန်နှင့်ဆိုင်သည့် ဝဂ္ဂရ (?) – illegible heading

ဝီသတိ တိ'သာ ဟူသော မာတိကာ သင်္ဂဟအရ ဈာန်ဒုက် သချ်ာ(၃၀)တည်း။ ၃၀ အရကား–အာရမ္မဏာဓိပတိ သဟဇာတာဓိပတိ နှစ်ပါးတို့တွင်–

အာရမ္မဏာဓိပတိ၌ ဈာန်ဒုက်(၆)ပါး၊
သဟဇာတာဓိပတိ၌ ဈာန်ဒုက်(၂၄)ပါး အားဖြင့်(၃၀)တည်း။

ထိုတွင် အာရမ္မဏာဓိပတိ ဈာန်ဒုက် ၆–ပါးကား....

မိဿကဈာန်ဒုက် ၃–ပါး၊ ပကိဏ္ဏကဈာန်ဒုက် ၃–ပါးတည်း။
ထိုနှစ်ပါးတို့၌ မိဿကဈာန်ဒုက် ၃–ပါးကို ပဋ္ဌာန်း၌ မရင့်ကျက်သေးသော သောတုဇနတို့ကား သဘောပေါက်ရန် ခဲယဉ်းဘိ၏။ ထို့ကြောင့် ရှင်းလင်းပြပါဦးမည်။

သင်္ဂဟ၌....

သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတ မိစ္စယန္တိ။
ပဉ္စဝိဓော ဟောတိ၊ အတ္ထိ အဝိဂတပစ္စယော စ။

ဟူသောပါဠိဖြင့် အတ္ထိ ၅–မျိုး၊ အဝိဂတ ၅–မျိုးရှိကြောင်း ပြခဲ့ပေပြီ။

ထို ၅–မျိုးတို့တွင်....

ဤအရာ၌ အာရမ္မဏမျိုးထဲတွင် ပါဝင်သော အတ္ထိ အဝိဂတ။
သဟဇာတမျိုးထဲတွင် ပါဝင်သော အတ္ထိ အဝိဂတ အရ၊ အာရမ္မဏမျိုးထဲတွင် ပါဝင်သော အတ္ထိ အဝိဂတသည် သူ့ပစ္စည်း သူ့ပစ္စယုပ္ပန်ဖြင့် အာရုံ အာရမ္မဏိက သဘောအားလျော်စွာ ကျေးဇူးပြုကြပေသည်။

သဟဇာတမျိုးထဲတွင် ပါဝင်သော အတ္ထိ အဝိဂတသည်လည်း သူ့ပစ္စည်း သူ့ပစ္စယုပ္ပန်ဖြင့် သဟဇာတသဘောအားလျော်စွာ ကျေးဇူးပြုကြပေသည်။

http://www.dhammadownload.com



သို့ ကျေးဇူးပြုနေကြရာ၌....

အာရမ္မဏာဓိပတိ သဟဇာတာဓိပတိ ၂-ပါးတို့တွင် မပါဝင်သော အမှတ်မရှိ တစ်ခုခုသော ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုနိုင်သော ပစ္စယကိုစုစည်း၍ ပြသည်ကို မိဿကဃဋနာဟု ဆိုပေသည်။

ထိုမိဿကဃဋနာသည်....

၁။ အတ္ထိမိဿကဃဋနာ၊

၂။ သနိဿယဃဋနာ၊

၃။ သနိဿယဝိပ္ပယုတ္တဃဋနာ ဟူ၍ ၃-ပါးရှိပေသည်။

ထို ၃-ပါးတို့တွင်....

မူလဖြစ်သော ပစ္စည်း၏ ပစ္စယုပ္ပန်၌ သဘောတူ ကျေးဇူးပြုနိုင်သော ပစ္စယတို့ ပေါင်းစုလိုက်သောအခါ၌....

၁။ သမ္ပယုတ္တက္ခန္ဓာသဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိ တရားကိုယ် ၃-ဖါး၊ ၄-ပါးတို့တွင် တစ်ပါးပါးဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခုအား တပ်သော၊ အလေးအမြတ်ပြုအပ်သော ဩဠာရိကဖြစ်သော နိပ္ဖန္နရုပ် အဇ္ဈတ္တရသဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းဖြစ်အံ့။ အတ္ထိ အဝိဂတ ၂-ပစ္စယသတ္တိတို့သည် အဓိပတိသတ္တိနှင့် ပြိုင်ကုန်၏။

ထို့ကြောင့် ဋ္ဌ၊ ၃၇၉-၌....

ကေပစ္စယ အနေကပစ္စယဘာဝတောတိ ဟေတုပစ္စယာ-ဒီသု ယဿကဿစိ ဧကဿ ပစ္စယဿ ယေနာကာရေန ယေနဋ္ဌေန ယော ပစ္စယုပ္ပန္နာနံ ပစ္စယော ဟောတိ။ တံ အာကာရံ တံ အတ္ထံ အဝိဟိတွာဝ အညေဟိပိ ယေဟာကာ-ရေဟိ ယေဟိ အတ္ထေဟိ သော တသ္မိံယေဝ ခဏေ တေသံ ဓမ္မာနံ အနေကပစ္စယဘာဝံ ဂစ္ဆတိ။ တတော အနေကပစ္စယ-ဘာဝတော တဿ ဝိနိစ္ဆယော ဝေဒိတဗ္ဗော တိ အတ္ထော။

http://www.dhammadownload.com



ဂုဏ်းအနက်....

ကေပစ္စယအနေကပစ္စယ ဘာဝဝေတာတိ၊ဟူသော ပုဒ်၏။ ဝါ၊၌။ ဟေတုပစ္စယာဒီသု၊ တို့တွင်။ ယဿကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ခု သော။ ကေသပစ္စယဿ၊ တစ်ခုသောပစ္စည်း၏။ ယေနာကာရေန၊ အကြောင်းမူလအဖြစ် အစရှိသော အခြင်းအရာဖြင့်။ ယေန အတ္ထေန၊ အကြောင်း ကျေးဇူးပြုတတ်သည်၏အဖြစ် ဟူသော သဘောဖြင့်။ ယော၊ အကြောင်းတရားသည်။ ပစ္စယုပ္ပန္နာနံ၊ တို့အား။ ပစ္စယော၊ တတ်သည်။ ဟောတိ၊ ၏။ တံ အာကာရံ၊ ထိုမူလ၏အဖြစ် အစရှိသော အခြင်းအရာကို။ တံအတ္ထံ၊ ထိုကျေးဇူးပြုတတ်သည်၏အဖြစ် ဟူသော အနက်ကို။ ဝါ၊ သဘောကို။ အဝိဇဟိတွာဝ၊ မစွန့်မူ၍သာလျှင်။ အညေဟိပိ၊ တစ်ပါးလည်းဖြစ်ကုန်သော။ ယေဟိအာကာရေဟိ၊ အကြောင်း အာရုံ၏ အဖြစ် အစရှိသော အခြင်းအရာတို့ဖြင့်။ ယေဟိအတ္ထေဟိ၊ အကြောင်း ကျေးဇူးပြုတတ်သည်၏အဖြစ် ဟူသော သဘောတို့ဖြင့်။ သော၊ ထို ပစ္စည်းတပ်သော တရားသည်။ တသ္မိံယေဝခဏေ၊ ထိုပစ္စည်းတပ်သော ခဏာ၌သာလျှင်။ တေသံ ဓမ္မာနံ၊ ထိုတရားတို့၏။ အနေကပစ္စယဘာဝံ၊ များသော ပစ္စည်း၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ တဿ၊ ထိုတစ်ပါး သော ပစ္စည်း၏။တတော-အနေကဘာဝတော၊ ထိုများသောပစ္စည်း၏ အဖြစ်အားဖြင့်။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပာယ်ကား....

ဟေတုပစ္စည်း အစရှိသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော ပစ္စည်း၏ အကြောင်း မူလအဖြစ် အကြောင်း ကျေးဇူးပြုတတ်သည်အဖြစ်တည်း ဟူသော သဘောကို မစွန့်မူ၍သာလျှင် တစ်ပါးကုန်သော အကြောင်း အခြင်းအရာသဘော၊ အကြောင်း ကျေးဇူးပြုတတ်သော သဘောတို့ဖြင့် ထိုပစ္စည်းတရားသည် ထိုပစ္စည်းတပ်သောခဏာ၌သာလျှင် ထိုတရားတို့၏ အနေကပစ္စယအဖြစ်သို့ ရောက်၏။ ထိုမှတစ်ပါးသော ပစ္စည်း၏ ထို များသော ပစ္စည်း၏ အဖြစ်အားဖြင့် ဝိနိစ္ဆယကို သိအပ်၏ဟူလို။

တစ်ဖန် သင်္ဂဟကျမ်း၌....

တိဝိဓော ဟောတိ နိဿယပစ္စယော။

ဟူသည်နှင့်အညီ နိဿယသည်....

http://www.dhammadownload.com



၁။ သဟဇာတ နိဿယ၊
၂။ ပုရေဇာတ နိဿယ၊

ဟူ၍နှစ်ပါးရှိရာ ပုရေဇာတ နိဿယသည်....

(က) ဝတ္ထုပုရေဇာတ နိဿယ၊
(ခ) ဝတ္ထာရမ္မဏပုရေဇာတ နိဿယ၊

အားဖြင့် ၂-ပါးရှိပြန်ရာ၌ ၎င်းတို့၏ အမှတ်မရှိ တစ်ခုခုသော ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုနိုင်သော သတ္တိသဘောတူ ပစ္စည်းကို စု၍....

၂။ သမ္ပယုတ္တက္ခန္ဓာသာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိ-ပတိ တရားကိုယ် (၃)ပါး။

တစ်ပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၈၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း ဖြစ်အံ့။ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိတို့သည် အဓိပတိ သတ္တိနှင့် ပြိုင်ကြကုန်၏ဟူသော သနိဿယ ဒုတိယဆင့်နှာ ဖြစ်ပေါ် လာပေသည်။

တစ်ဖန် သင်္ဂဟ်လာ....

တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။

ဟူသော ပါဠိနှင့်အညီ ဝိပ္ပယုတ္တသည်....

၁။ သဟဇာတဝိပ္ပယုတ်၊
၂။ ပုရေဇာတဝိပ္ပယုတ်၊
၃။ ပစ္ဆာဇာတဝိပ္ပယုတ်၊

အားဖြင့် ၃-ပါးရှိရာ၌ သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတ ဝိပ္ပ-ယုတ် ၂-ပါးတို့၏ အမှတ်မရှိ တစ်ခုခုသော ပစ္စယုပ္ပန်တရားကိုကျေးဇူး ပြုနိုင်သော သတ္တိသဘောတူပစ္စည်းကို စု၍....

http://www.dhammadownload.com



၃။ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး၊ ၄-ပါးတို့တွင် တစ်ပါးပါးဟူ ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။

အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အား တပ်သော အလေးအမြတ်ပြုအပ်သော။လ။ ဟဒယဝတ္ထုဟူ ဆိုအပ်သော၊ အာရမ္မဏာဓိပတိပစ္စည်းဖြစ်အံ့။ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယသတ္တိ၊ အဓိပတိသတ္တိနှင့် ပြိုင်ကုန်၍ ဟူသော သနိဿယ၊ ဝိပ္ပယုတ္တ၊ တတိယယမကနှာ ဖြစ်ပေါ်လာပေသည်။

ဤ၌ မိဿကနှင့်စပ်၍ မိဿကဖြစ်သော ပစ္စည်းများကို ပြဆိုရလျှင်....

အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၀)ပါးသော ပစ္စည်းတို့သည် မိဿကပစ္စည်းတို့ မည်ကုန်၏။

ဆောင်။ ။အဓိ,နိ,ဥ၊ ပုရေ,ကမ္မ၊ ဟာရ,ဣန္ဒြိ၊ ဝိပ္ပယုတ္တာ၊ အတ္ထျာ, ဝိဂတ၊ ပေါင်းဒသ၊ မိဿကပစ္စည်းတည်း။

ထို (၁၀)ပါးတို့တွင်....

၁။ အဓိပတိသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ အားဖြင့် ၂ ပါး။
၂။ နိဿယသည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယအားဖြင့် ၃ ပါး။
၃။ ဥပနိဿယသည် အာရမ္မဏူပ နိဿယ၊ အနန္တရူပ-နိဿယ၊ ပကတူပနိဿယအားဖြင့် ၃ ပါး။
၄။ ပုရေဇာတသည် ဝတ္ထုပုရေဇာတ၊ အာရမ္မဏ ပုရေ-ဇာတအားဖြင့် ၂ ပါး။
၅။ ကမ္မသည် သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မအားဖြင့် ၂ ပါး။

http://www.dhammadownload.com



၆။ အာဟာရသည် ရုပ်အာဟာရ၊ နာမ်အာဟာရအားဖြင့် ၂-ပါး။

၇။ ဣန္ဒြိယသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိ-တိန္ဒြိယ အားဖြင့် ၃ ပါး။

၈။ ဝိပ္ပယုတ္တသည် သဟဇာတ ဝိပ္ပယုတ်၊ ပုရေဇာတ ဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ် အားဖြင့် ၃-ပါး။

၉။ အတ္ထိသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာ-တတ္ထိ၊ ရူပအာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ၅-ပါး။

၁၀။ အဝိဂတသည် အတ္ထိနှင့်တူ၏။

ဤ (၁၀)ပါးသော ပစ္စည်းတို့တွင် ဥပနိဿယ ကမ္မ ဤ ၂ ပစ္စည်းတို့သည် ပြိုင်ဘက်ပစ္စည်း တစ်ပါးမျှ မရှိကြကုန်။

ပြိုင်ဘက်ဖြစ်သော ပစ္စည်းတို့ကား....

၁။ အဓိပတိနှင့် ပြိုင်ဘက်ဖြစ်သော ပစ္စည်းတို့ကား နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ ၄-ပါးတို့တည်း။

၂။ နိဿယနှင့် ။လ။ တို့ကား အဓိပတိ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ ၆-ပါးတို့တည်း။

၃။ ပုရေဇာတနှင့် ။လ။ တို့ကား နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ ၄-ပါးတို့တည်း။

၄။ အာဟာရနှင့် ။လ။ တို့ကား အတ္ထိ အဝိဂတ ၂-ပါး တည်း။

၅။ ဣန္ဒြိယနှင့် လ တို့ကား နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ ၄-ပါးတို့တည်း။

၆။ ဝိပ္ပယုတ္တနှင့် ။လ။တို့ကား အဓိပတိ နိဿယ ပုရေဇာတ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤ ၆-ပါးတို့တည်း။

၇။ အတ္ထိနှင့် ။လ။ တို့သည် အဓိပတိ နိဿယ ပုရေဇာတ အာဟာရ ဣန္ဒြိယ ဝိပယုတ္တ အဝိဂတ အားဖြင့် (၇) ပါးတို့တည်း။

၈။ အဝိဂတနှင့် ။လ။ တို့သည် အတ္ထိနှင့်တူ၏ (၇)ပါးတို့ တည်း။

http://www.dhammadownload.com



ဆောင်ပုဒ်များ....

၁။ နိ ဝိပ်အတ္တျာ၊ ဝိဂတာ၊ ပြိုင်ရာ ဓိပ္ပတိ။
၂။ ဝိပ္ပယုတ် ဣန္ဒြိ၊ ပုရေ-ဓိ၊ အတ္ထိ-အဝိဂ။
၃။ အတ္ထျာဝိဂတာ၊ နိဿယ၊ ဓိပ္ပယုတ္တတည်း။
၄။ အတ္ထျာဝိဂတာ၊ ဤနှစ်ဝ၊ ဟာရပြိုင်ဘက်တည်း။
၅။ ဣန္ဒြိယာ၊ ပြိုင်ဘက်မှာ၊ အတ္ထျာဝိဂတ နိ-ဝိပ်တည်း။
၆။ ပုရေ-ဣန္ဒြိ၊ အဓိ-နိ၊ အတ္ထိ အဝိဂတာ။
၇။ ပုရေ-ဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပ-နိ-ဓိ တည်း။
၈။ အဝိဂတပြိုင်ဘက်၊ ခုနစ်ချက်၊ တူလျက် အတ္ထိတည်း။

အမှာ။ ။အထက်ပါ မိဿကပစ္စည်းပြိုင်တို့ကို ဆိုင်ရာဆိုင်ရာ ပစ္စည်းတို့၌ ထည့်သွင်း၍ ပြသွားပါမည်။

၅။ (က)အမှတ်အရနှင့် (ဂ)အမှတ်အရ ရောစပ်၍ပြသော ဃဋနာ သို့မဟုတ် သာဓိပတိနိဿယ ဥပနိဿယ ဝိပ္ပ-ယုတ္တ ဃဋနာအားဖြင့် ၅ ပါးဖြစ်လေသည်။

ထို ၅ ပါးတို့တွင် ၂ ချက်စုံ ၂ အရ-

သေဇ္ဇံ ဂါထာလာ သေဇံ တိပါက တိကြိယ စတုရူပ တိပုည ဥတ္တရ နိဗ္ဗာန။

ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်အံ့၊ အဓိပတိ ဥပနိဿယ ဤနှစ်ပစ္စယ်တို့သည် ပြိုင်ကျန်၏။

ပါ ၁၆၆။

အာရမ္မဏာဓိပတိ ဥပနိဿယန္တိ သတ္တ။

၂ ချက်စုံ၊ ၃ အရ-

ကာမစိတ် (၅၄)၊ စေတသိက် (၅၂) အဘိညာဏ်ဒွေအား တပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် ပစ္စည်းဖြစ်အံ့၊ ပုရေဇာတ အတ္ထိ အဝိဂတ ဤ ၃ ပစ္စယ်တို့သည် ပြိုင်ကုန်၏။

http://www.dhammadownload.com



ပါ၊ ၁၆၆။

အာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ။

၂ ချက်စု၊ ၃ အရ-

မနောဒွါရာဝဇ္ဇန်း ။လ။ အတူဥပါဒ်သော ဟဒယဝတ္ထု ဟူဆိုအပ်သော ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်းဖြစ်အံ့၊ နိ-ပု-ဝိပ်-တ္ထိ-အဝိ ဤ ၅-ပစ္စယတို့သည် ပြိုင်ကုန်၏။

ပါ၊ ၁၆၆။

အာရမ္မဏနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ။

၂ ချက်စု၊ ၂၊၃ မိဿက အရ-

အလေးအမြတ် ပြုတတ်သော လောဘမူစိတ် (၈)ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်းဖြစ်အံ့၊ မိ-ဥ-ပု-တ္ထိ-ဝိ ဤ ၅-ပစ္စယတို့သည် ပြိုင်ကုန်၏။

ပါ၊ ၁၆၆။

အာရမ္မဏာဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတန္တိ ဇော။

၂ ချက်စု၊ ၂၊၄ မိဿကအရ-

အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အားတပ်သော မရဏာသန္နအခါ ။လ။ ဟဒယဝတ္ထု ဟူဆိုအပ်သော ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း အဓိ-နိ-ဥ-ပု-ဝိပ်-တ္ထိ-အဝိ ဤ (၇) ပစ္စယတို့သည် ပြိုင်ကုန်၏။

ပါ၊ ၁၆၆။

